# Language: Burmese

## Book: Matthew

## Matthew

### Chapter 1

1 အာဗြဟံနှင့် ဒါဝိဒ်တို့မှဆင်းသက်တော်မူသော ယေရှုခရစ်၏ ဆွေတော်စဉ်မျိုးတော်ဆက်စာရင်း ဟူမူကား၊ 2 အာဗြဟံသား
ဣဇာတ်။ ဣဇာက်သား ယာကုပ်။ ယာကုပ်သား ယုဒမှစ၍ ညီနောင်တစု။ 3 ယုဒသည် မိမိခင်ပွန်း တာမာတွင်မြင်သော
သားဖာရက်နှင့်ဇာရ။ ဖာရက်သားဟေဇရုံ။ ဟေဇရုံသား အာရံ။ 4 အာရံသားအမိနဒပ်။ အမိနဒပ်သားနာရှုန်။ နာရှုန်သားစာလမုန်။ 5
စာလမုန်သည် မိမိခင်ပွန်း ရာခပ်တွင်မြင်သော သားဗောဇ။ ဗောဇသည် မိမိခင်ပွန်းရုသတွင် မြင်သော သားဩဗက်။
ဩဗက်သားယေရှဲ။ ယေရှဲသား ဒါဝိဒ်မင်းကြီးတည်း။ 6 ဒါဝိဒ်မင်းကြီးသည် ဥရိယ၏ခင်ပွန်းဖြစ်ဘူးသော
မိန်းမတွင်မြင်သောသားရှောလမုန်။ 7 ရှောလမုန်သား ရောဗောင်။ ရောဗောင်သား အဘိယ။ အဘိယာသား အာသ။ 8
အာသသားယောရှဖတ်။ ယောရှဖတ်သား ယဟောရံ။ ယဟောရံသား ဩဇိ။ 9 ဩဇိသားယောသံ။ ယောသံသား အာခတ်။
အာခတ်သား ဟေဇကိ။ 10 ဟေဇကိသားမနာရှေ။ မနာရှေသားအာမုန်။ အာမုန်သားယောရှိ။ 11 ယောရှိသား ယေယကိမ်။
ယေယကိမ်သည် ဗာဗုလုန်မြို့သို့ နေရာပြောင်းခါနီးတွင် မြင်သောသား ယေခေါနိမှစ၍ ညီနောင်တစုတည်း။ 12 ဗာဗုလုန်မြို့သို့
နေရာပြောင်းသည့်နောက်၊ ယေခေါနိသားရှာလသေလ။ ရှာလသေလသား ဇေရုဗဗေလ။ 13 ဇေရုဗဗလသားအဗျုဒ်။ အဗျုဒ်သား
ဧလျာကိမ်။ ဧလျာကိမ်သား အာဇော်။ 14 အာဇော်သား ဇာဒုတ်။ ဇာဒုတ်သား အာခိမ်။ အာခိမ်သားဧလုဒ်။ 15 ဧလုဒ်သား ဧလာဇာ။
ဧလာဇာသား မဿန်။ မဿန်သား ယာကုပ်။ 16 ယာကုပ်မြင်သောသားကား၊ မာရိ၏ ခင်ပွန်းယောသပ်တည်း။ ထိုမာရိသည်
ခရစ်ဟုခေါ်ဝေါ်သမုတ်သော ယေရှု၏ မယ်တော်ဖြစ်၏။ 17 ဤသို့လျှင်၊ မျိုးစဉ်နွယ်ဆက်ပေါင်းကား၊ အာဗြဟံမှသည်
ဒါဝိဒ်တိုင်အောင် တဆယ်လေးဆက်၊ ဒါဝိဒ် မှသည် ဗာဗုလုန်မြို့သို့ နေရာပြောင်းသည်တိုင်အောင် တဆယ်လေးဆက်၊ ဗာဗုလုန်မြို့သို့
ပြောင်းပြီးမှသည် ခရစ်တော်တိုင်အောင် တဆယ်လေးဆက်ဖြစ်သတည်း။ 18 ယေရှုခရစ်သည်ဘွားမြင်ခြင်းကို
ခံတော်မူသောအကြောင်းအရာဟူမူကား၊ မယ်တော်မာရိသည် ယောသပ်နှင့် ထိမ်းမြားဆောင်နှင်း၍ မရှက်တင်မှီတွင်
သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏။ 19 သူ၏ခင်ပွန်းယောသပ်သည် သူတော်ကောင်းဖြစ်၍၊ မာရိအသရေကို
မပျက်စေချင်သောကြောင့် တိတ်ဆိတ်စွာစွန့်ပယ်မည်ဟု အကြံရှိ၏။ 20 ထိုသို့ ကြံစည်၍နေစဉ်တွင် အိပ်မက်ကိုမြင်ရသည်မှာ၊
ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထင်ရှား၍၊ ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ခင်ပွန်းမာရိကို ထိန်းသိမ်းရမည်အခွင့်ကို
မစိုးရိမ်နှင့်။ ဤပဋိသန္ဓေ သည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏။ 21 သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားသည်
မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ် မည်သူဖြစ်သော ကြောင့်၊ ယေရှု ဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။ 22
ထိုအကြောင်းအရာမူကား၊ ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံ မည် အကြောင်းအတည်း။ 23
ဗျာဒိတ်တော်အချက်ဟူမူကားကြည့်ရှုလော့။ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူ၍သားယောက်ျားကို ဘွားမြင်လတံ့။ ထိုသားကို
ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟုလာသတည်း။ ဧမာနွေလအနက်ကား ငါတို့နှင့်အတူ ရှိတော်မူသောဘုရားသခင်ဟု
ဆိုလိုသတည်း။ 24 ယောသပ်သည် အိပ်ပျော်ရာမှနိုးလျှင် ထာဝရဘုရား၏ကောင်းကင်တမန်မှာထားသည့်အတိုင်းပြု၍ မိမိခင်ပွန်းကို
ထိန်းသိမ်းလေ၏။ 25 သို့သော်လည်း၊ သားဦးကို မဘွားမှီတိုင်အောင် သံဝါသမပြုဘဲနေ၏။ ထိုသားကိုလည်း ယေရှုဟူသော
အမည်ဖြင့် မှည့်လေ၏။

---

### Matthew 1:1

ယေဘုယအချက်အလက်

စာရေးသူက ယေရှုသည် အာဗြဟံနှင့်ဒါဝိဒ်ရှင်ဘုရင်မှ ဆင်းသက်သော သူ၏ ဆွေစဉ်မျိုးဆက် အကြောင်းကို ဦးစွာ ရေးသားသည်။ သူ၏ ဆွေစဉ်မျိုးဆက်ကို အခန်း ၁:၁၇ အထိ ဖော်ပြထားသည်။

ယေရှုခရစ်တော်၏ ဆွေစဉ်မျိုးဆက် စာရင်းများမှာ

အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုခရစ်တော်၏ ဘိုးဘွားစဉ်ဆက်စာရင်းများဖြစ်ပါသည်။"

အာဗြဟံနှင့် ဒါဝိဒ်၏သား

ယေရှုနှင့် ဒါဝိဒ်၊ ဒါဝိဒ်နှင့် အာဗြဟံတို့ ကြားကာလတွင် မျိုးဆက်များစွာရှိသည်။ ဤနေရာတွင် "သား" ဟု ဆိုခြင်းသည် "သားစဉ်မြေးဆက်"ကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အာဗြဟံမှ ဆင်းသက်သော ဒါဝိဒ်၏ ဆွေစဉ်မျိုးဆက်"

ဒါဝိဒ်၏သား

ဤစကားစုသည် ဘွဲ့နာမတစ်ခုအဖြစ် အသုံးပြုလေ့ရှိပြီး၊ ယေရှု မွေးဖွားလာရာ မျိုးရိုးကို ဖော်ပြချင်သော ရည်ရွယ်ချက် တစ်ခုတည်းသာ ဖြစ်ပါသည်။


generated on Tue Mar 12 16:35:02 2024

ဣဇက်၏ ဖခင်ဖြစ်သော အာဗြဟံ
"အာဗြဟံသည် ဣဇက်၏ ဖခင်" သို့မဟုတ် "အာဗြဟံ၏သားဣဇက်" သို့မဟုတ် "ဣဇက် အမည်ရှိသော အာဗြဟံ၏သား"။ ဤနေရာတွင် သင်ပြန်ဆိုသောနည်းလမ်းသည် ယေရှု၏ ဆွေစဉ်မျိုးဆက်များ ၏စာရင်းကို ဘာသာပြန်ရေးသားထားခြင်း၌ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

ဖခင်ဣဇက်၊ ဖခင်ယာကုပ်
"ဖြစ်သည်"ဟူသည့် ဤစကားလုံးကို နားလည်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣဇက်သည် ဖခင်တစ်ဦး .... ယာကုပ်သည် ဖခင်တစ်ဦးဖြစ်သည်"။

ဖာရက်နှင့်ဇာရ ... ဟေဇရုံ၊ အာရံ
သူတို့သည် လူ၏အမည်နာမများဖြစ်သည်။

ဖခင်ဖာရက်.. ဖခင် ဟေဇရုံ
"ဖြစ်သည်"ဟူသည့် ဤစကားလုံးကို နားလည်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖာရက်သည် ဖခင်တစ်ဦး .... ဟေဇရုံသည် ဖခင်တစ်ဦးဖြစ်သည်"။

## Matthew 1:4

ဖခင်အမိနဒပ် .... ဖခင်နာရှုန်
"ဖြစ်သည်"ဟူသည့် ဤစကားလုံးကို နားလည်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမိနဒပ်သည် ဖခင်တစ်ဦးဖြစ်ပြီး .... နာရှုန်သည်လည်း ဖခင်တစ်ဦးဖြစ်သည်"။

ဗောဇ၏ဖခင် စာလမုန်သည် ယာခပ်မှ မွေးဖွါးသောသူဖြစ်ပါသည်
"ဗောဇ၏ ဖခင် စာလမွန်၊ ဗောဇ၏ မိခင်သည် ယာခပ်ဖြစ်သည်" သို့မဟုတ် "စာလမွန်နှင့် ယာခပ်သည် ဗောဇ၏ မိဘများဖြစ်သည်"။

ဗောဇဖခင် ... ဩဗက်ဖခင်
"ဖြစ်သည်"ဟူသည့် ဤစကားလုံးကို နားလည်နိုင်ပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗောဇသည် ဖခင်တစ်ဦး .... ဩဗက်သည်လည်း ဖခင်တစ်ဦးဖြစ်ပါသည်"။

ဩဗက်၏ဖခင် ဗောဇသည် ရုသမှ မွေးဖွါးသောသူဖြစ်သည်။
"ဩဗက်၏ ဖခင် ဗောဇ၊ ဩဗက်၏ မိခင်သည် ရုသဖြစ်သည်" သို့မဟုတ် "ဗောဇနှင့် ရုသသည် ဩဗက်၏ မိဘများဖြစ်ကြသည်"။

ရှောလမုန်သည် ဥရိယမယားမှ မွေးဖွါးသောသူ
"ဖြစ်သည်"ဟူသည့် ဤစကားလုံးကို နားလည်နိုင်ပါသည်။ "ရှောလမုန်၏ ဖခင်ဒါဝိဒ်၊ ရှောလမုန်၏ မိခင်သည် ဥရိယမယားဖြစ်သည်" သို့မဟုတ် "ဒါဝိဒ်နှင့် ဥရိယမယားသည် ရှောလမုန်၏ မိဘဖြစ်သည်။

ဥရိယမယား
"ဥရိယမယား မုဆိုးမ"။ ရှောလမုန်သည် ဥရိယသေဆုံးပြီးနောက် မွေးဖွါးသောသူ ဖြစ်သည်။

## Matthew 1:7

အဘိယ၏ ဖခင် ရှောဗောင်၊ အာသဖခင် အဘိယ
ဤင်းစကားလုံးနှစ်လုံးတွင် "ဖြစ်သည်"ဟူသော စကားလုံးကို နားလည်နိုင်ပါသည်။ "ရှောဗောင်သည် အဘိယ၏ ဖခင်ဖြစ်ပြီး၊ အဘိယသည် အာသ၏ ဖခင် ဖြစ်သည်"။

## Matthew 1:9

အာမုန်
ရုံဖန်ရုံခါ "အာမုတ်"ဟုခေါ်သည်။

ယောရှိသည် ယေခေါနိ၏ မျိုးဆက်ဖြစ်သည်
"မျိုးဆက်"ဆိုသည့် စကားလုံးကို တိတိကျကျ ဖော်ပြနိုင်ပါသည်။ အထူးသဖြင့် မိမိ၏ အဖိုးများ မတိုင်မီ အသက်ရှင်နေထိုင်ကြသောသူများကို ဘေးများဟု ခေါ်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောရှိသည် ယေခေါနိ၏ အဖိုးဖြစ်သည်"။

ဗာဗုလုန်သို့စစ်သုံ့ပန်းဘဝရောက်စဉ်ကာလ
"ဗာဗုလုန်သို့ စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်စဉ်" သို့မဟုတ် ဗာဗုလုန်မြို့သားများမှ သူတို့အားသိမ်းပိုက် ခေါ်ဆောင်၍ ဗာဗုလုန်မြို့၌ စစ်သုံ့ပန်းအဖြစ် အတင်း အဓမ္မစေခိုင်းစဉ်"။ တိတိကျကျဖော်ပြရန်ခက်ခဲနေလျှင် "ဣသရေလလူမျိုးများ" သို့မဟုတ် "ယုဒပြည်၌ နေထိုင်ကြသော ဣသရေလလူမျိုးများ" ဟု ခေါ်ဆိုနိုင်သည်။

## Matthew 1:12

ဗာဗုလုန်သို့ စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်ပြီးနောက်
အလားတူ စကားလုံးကို ၁း၉ တွင် အသုံးပြုထားပါသည်။

ရှာလသေလသည် ဇေရုဗဗေလ၏ မျိုးဆက်ဖြစ်သည်
ရှာလသေလသည် ဇေရုဗဗေလ၏ အဖိုးဖြစ်သည်။

## Matthew 1:15

ဆက်စပ်ဖော်ပြချက်
စာရေးသူမှ အခန်း ၁း၁ တွင် အစပြုသော ယေရှု၏ မျိုးဆက်ကို အဆုံးသတ်ထားသည်။

ယေရှုကို မွေးဖွါးပေးသော မာရိ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုကို မွေးဖွားပေးသော မာရိ"။

ခရစ်တော်အဖြစ် ခေါ်ဝေါ်ခြင်း
အခြားသောဘာသာပြန်ဆိုချက်၊ "လူများသည် ခရစ်တော်ဟုခေါ်ဆိုသော ယေရှု"

တစ်ဆယ့်လေး
"၁၄"

ဗာဗုလုန်သို့ စစ်သုံ့ပန်းအဖြစ် ခေါ်ဆောင်ခြင်း
အလားတူ စကားလုံးကို ၁း၉ တွင် အသုံးပြုထားပါသည်။

## Matthew 1:18

ယေဘုယျဖော်ပြချက်
စာရေးသူမှ ယေရှု၏ မွေးဖွါးခြင်းနှင့်ဆိုင်သော ဇာတ်ဝင်ခန်းသစ်ကို အစပြုရေးသားသည်။

သူ၏ မိခင်မာရိသည် ယောသပ်နှင့် လက်ထပ်ထိမ်းမြားရန် စေ့စပ်ထားသည်။
"သူ၏ မိခင်မာရိသည် ယောသပ်နှင့် လက်ထပ်ထိမ်းမြားလိမ့်မည်"။ မိဘများသည် သားသမီးများ၏ လက်ထပ်ထိမ်းမြားခြင်းကိစ္စကို စီစဉ်ရသည်။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ယေရှု၏ မိခင် မာရိ၏

မိဘများမှ သူမသည် ယောသပ်နှင့် လက်ထပ်ထိမ်းမြှားရန် ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်"။

တစ်လုံးတစ်ဝတည်းမဖြစ်မီ
"လက်မထပ်မီ"။ ဤအကြောင်းအရာမှ မာရိနှင့်ယောသပ်သည် အတူတကွ အိပ်ခဲ့လိမ့်မည်ဟု ဆိုဖွယ်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အတူတကွ မအိပ်မီ"။

သူမသည် ကိုယ်ဝန်ဆောင်သည့်ဟု သိရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် ကလေးမွေးတော့မည်ဟု သူတို့သည် သိကြသည်" သို့မဟုတ် "သူမသည် ကိုယ်ဝန်ဆောင်ကြောင်း ထင်ရှားလျက်ရှိ၏"။

ဝိညာဉ်တော်အားဖြင့်
သူမသည် လူယောကျ်ားနှင့်မအိပ်မီ သန့်ရှင်းသောဝိညာဉ်တော်သည် သူမအား ကိုယ်ဝန်လွယ်စေသည်။

သူမခင်ပွန်း ယောသပ်
ယောသပ်သည် မာရိအား လက်မထပ်မီ၊ လူယောကျ်ားနှင့်လူမိန်းမတို့သည် တစ်ဦးနှင့်တစ်ဦး ထိမ်းမြှားလက်ထပ်ရန် ကတိသစ္စာဝတ်ပြုကြသောအခါ အတူမအိပ်ကြသော်လည်း လင်မယားအရာမြောက်ကြောင်း ယုဒလူမျိုးများမှ မှတ်ယူကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မာရိကို လက်ထပ်ထိမ်းမြှားရမည့် ယောသပ်" သို့မဟုတ် "ယောသပ်"

သူမနှင့်စေ့စပ်ခြင်းကို ဖျက်သိမ်းခြင်း
"သူတို့၏ လက်ထပ်ထိမ်းမြှားရန် ကိစ္စကို ဖျက်သိမ်းသည်"

## Matthew 1:20

သူ၏ စိတ်ကူးတွင်
"ယောသပ် ထင်ထားသည့်အတိုင်း"

သူ၏ အိမ်မက်တွင် ထင်ရှားလာခဲ့သည်။
ယောသပ်သည် အိမ်မက် မက်စဉ်တွင် သူ့ထံသို့ရောက်လာသည်။

ဒါဝိဒ်၏ သား
ဤနေရာတွင် "သား" ဆိုသည်မှာ "မျိုးဆက်"ကို ဆိုလိုသည်။

သူမလွယ်ထားသော ကိုယ်ဝန်သည် ဝိညာဉ်တော်အားဖြင့် လွယ်ထားသော ကိုယ်ဝန်ဖြစ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "သန့်ရှင်းသောဝိညာဉ်တော်သည် သူမအား သူငယ်တော်ကို ကိုယ်ဝန်ဆောင်စေတော်မူ၏"

သူမသည် သားယောကျ်ားကို မွေးဖွ◌ားမည်။
အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် ကောင်းကင်တမန်အား စေလွှတ်သဖြင့် ကောင်းကင်တမန်မှ သူငယ်တော်သည် သားယောကျ်ားဖွားမြင်မည်အကြောင်း သိ၏"။

သူ၏အမည်နာမကို သင်ခေါ်ဆိုရမည် မှာ
"သင်သည် သူ၏အမည်နာမ မှည့်ရမည်" သို့မဟုတ် "သင်သည် သူ၏ အမည်နာမကို ပေးရမည်"။ ၎င်းသည် အမိန့်ဖြစ်သည်။

ကယ်တင်မည့်သူဖြစ်သောကြောင့်
ဘာသာပြန်သူမှ "'ယေရှု" ဆိုသည့် အမည်နာမသည် " ကယ်တင်မည့်သူ'" ဟူ၍ အောက်ခြေမှတ်ချက် ပေးရပါလိမ့်မည်။

သူ၏ လူမျိုး
ဤစကားလုံးသည် ယုဒလူများကို ညွှန်းဆိုခြင်းဖြစ်သည်။

## Matthew 1:22

ယေဘုယျအချက်အလက်
စာရေးသူသည် ပရောဖက်ဟေရှာယမှ သမ္မာကျမ်းစာတွင် ဖေါ်ပြထားသော ယေရှု၏ မွေးဖွါးခြင်းကို ကိုးကားဖေါ်ပြသည်။

ထိုအမှုအရာ အလုံးစုံ ဖြစ်ခဲ့သည်
ကောင်းကင်တမန်သည် နှုတ်ဆိတ်ခဲ့သည်။ ရှင်မဿဲသည် ယခုကောင်းကင်တမန်ပြောဆိုသောအရေးပါသည့်အကြောင်းအရာကို ရှင်းပြနေသည်။

ပရောဖက်အားဖြင့် ဘုရားသခင်ပြောဆိုသောအရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးလွန်လေပြီးသောအရာများကို ရေးမှတ်ရန် ဘုရားသခင်သည် ပရောဖက်ဟေရှာယအား မိန့်မှာခြင်း"

ကြည့်လော့၊ ဧမာနွေလ
ဤနေရာတွင် ရှင်မဿဲသည် ပရောဖက် ဟေရှာယကို ကိုးကားဖေါ်ပြသည်။

ကြည့်လော့
"ကြည့်ပါ" သို့မဟုတ် "နားထောင်ပါ" သို့မဟုတ် "ခင်ဗျားကို ကျွန်တော်ပြောပြမည့် အကြောင်းကို အာရုံစိုက်ပြီး နားထောင်ပေးပါ"။ ဤစကားလုံးသည် နောက်မှ ဆက်ပြောမည့်အရေးကို အသားပေးဖော်ပြထားခြင်းဖြစ်သည်။

ဧမာနွေလ
ပုရိသ အမည်နာမဖြစ်သည်။

ဆိုလိုသည်မှာ "ဘုရားသခင်သည် ငါတို့နှင့်အတူရှိသည်"။
ဟေရှာယကျမ်းတွင် ထိုဝေါဟာရ မရှိပါ။ ရှင်မဿဲမှ "ဧမာနွေလ" အမည်နာမကို ရှင်းပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအမည်နာမ၏ ဆိုလိုရင်းမှာ 'ဘုရားသခင်သည် ငါတို့နှင့်အတူ ရှိ၏'" ဟုဆိုလိုခြင်းဖြစ်သည်။

## Matthew 1:24

ဆက်စပ်မှုဖေါ်ပြချက်
စာရေးသူသည် ယေရှု၏ မွေးဖွါးခြင်းအကြောင်းကို ဦးတည်၍ရေးသားပြီး နိဂုံးချုပ်သည်။

ဘုရားသခင်၏ ကောင်းကင်တမန်မှ မိန့်မှာသည့်အတိုင်း
ကောင်းကင်တမန်မှ ယောသပ်အား မာရိကို မိမိ၏ မယားအဖြစ် မှတ်ယူရန်နှင့် သူငယ်တော်ယေရှုအား အမည်မှည့်ရန် ပြောဆိုခြင်းဖြစ်သည်။

သူသည် သူမအား မယားအဖြစ်မှတ်ယူသည်
"သူသည် မာရိအား လက်ထပ်သည်"

ပြီးလျှင် "သူ၏ အမည်ကို ယေရှုဟု အမည်ပေးသည်"
"ယောသပ်မှ သူ၏သားကိုသားကို ယေရှုဟု အမည်ပေးသည်"

# Translation Questions

## Matthew 1:1

ဆွေစဉ်မျိုးဆက်တော်တွင် ယေရှုသည်
မည်သည့်အစိကအရေးပါသောပထမဆုံးမျိုးဆက်နှစ်ခုမှဆင်းသက်လာသနည်း။
ပထမဆုံးမျိုးဆက်နှစ်ခုဖြစ်သည့်အာဗြဟံနှင့်ဒါဝိဒ်တို့ကို
ဖေါ်ပြထားပါသည်။

## Matthew 1:15

မျိုးဆက်နောက်ဆုံးတွင်မည်သူ့ဇနီးသည်အဘယ်ကြောင့်မျိုးဆက်စာရင်း၌ပါရှိသနည်း။
အဘယ်ကြောင့်ဆိုသော် ယေရှု၏မိခင်
မာရိသည်မျိုးဆက်စာရင်းဝင်
ယောသပ်၏ဇနီးဖြစ်သောကြောင့်ဖြစ်ပါသည်။

## Matthew 1:18

မာရိသည် ယောသပ်နှင့် မထိမ်းမြားမီ မည်သို့ဖြစ်ပျက် သနည်း
မာရိသည် ယောသပ်နှင့် မထိမ်းမြားမီ
သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူခဲ့ပါသည်။

## Matthew 1:20

ယောသပ်သည်မာရိအားစွန့်ခွါရန်ဆုံးဖြတ်ပြီးနောက်မည်သို့ဖြစ်သနည်း။
မာရိသည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကိုယ်ဝန်ဆောင်ခြင်းဖြစ်ကြောင်းကော

ယောသပ်သည်အဘယ်ကြောင့်သားယောကျာ်းကိုယေရှုဟုအမည်ပေးသနည်း။
ထိုသားသည်အပြစ်သားများကိုကယ်တင်မည့်သူဖြစ်သောကြောင့်ယောသပ်သည်ေ

## Matthew 1:22

ဓမ္မဟောင်းခေတ်မှပရောဖက်တို့က ဗျာဒိတ်တော်ပြည့်စုံစေခြင်းနှင့်
ပတ်သက်ပြီးမည်သို့ပြောသနည်း။
ဓမ္မဟောင်းခေတ်မှပရောဖက်တို့က
သတို့သမီးကညာမှသားယောကျာ်းကိုဖွါးမြင်ပြီး၊
ထိုသားသည်ငါတို့နှင့်အတူရှိသောဘုရားသခင်ဖြစ်သောကြောင့်
ဧမာနွေလဟုအမည်မှည့်ရမည်ဖြစ်ကြောင်းပြောပါသည်။

## Matthew 1:24

ယောသပ်သည် မာရိသားမဖွါးမီတိုင်အောင် မည်ကဲ့သို့စောင့်ထိန်းသနည်း။
ယောသပ်သည် မာရိသားမဖွါးမီတိုင်အောင်
မာရိနှင့်ရှက်တင်ခြင်းအမှုကိုမပြုဘဲစောင့်ထိန်းခဲ့ပါသည်။

## Chapter 2

1 ယုဒပြည်ဗက်လင်မြို့၌ ဟေရုဒ်မင်းကြီးလက်ထက်၊ ယေရှုသည် ဘွားမြင်ခြင်းကိုခံတော်မူပြီးမှ၊ မာဂု ပညာရှိတို့သည် အရှေ့ပြည်က
ယေရုရှလင်မြို့သို့ ရောက်လာကြလျှင်။ 2 ယခု ဘွားမြင်သောယုဒရှင်ဘုရင်သည်၊ အဘယ်မှာရှိတော်မူသနည်း။ အရှေ့ပြည်၌
သူ၏ကြယ်ကို ငါ တို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏။ 3 ထိုစကားကိုကြားလျှင်
ဟေရုဒ်မင်းကြီးသည် ယေရုရှလင်မြို့သူမြို့သားအပေါင်းတို့နှင့်တကွ စိတ်ပူပန် ခြင်းသို့ ရောက်သဖြင့်၊ 4
ယဇ်ပုရောဟိတ်အကြီးတို့နှင့်လူတို့တွင် ကျမ်းပြုဆရာရှိသမျှတို့ကို စုဝေးစေ၍ ခရစ်တော်ကို အဘယ် အရပ်မှာ
ဘွားမြင်လိမ့်မည်နည်းဟု မေးမြန်းတော်မူ၏။ 5 ထိုဆရာတို့ကလည်း၊ ပရောဖက်တဦး ရေးထားသောအချက်ဟူမူကား၊ 6
အိုယုဒပြည်ဗက်လင်မြို့၊ အစိုးရသောယုဒမြို့တို့တွင်သင်သည် မြို့ငယ်မြို့ယုတ်မဟုတ်။ အကြောင်း မူကား၊
ငါ၏လူစုဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် သင်၏အထဲမှာပေါ်ထွန်းလတံ့ဟု ကျမ်းလာ ရှိပါ၏။ ထို့ကြောင့်
ယုဒပြည်ဗက်လင်မြို့၌ ခရစ်တော်ကိုဘွားမြင်ရပါမည်ဟု မင်းကြီးအား ပြန်ကြားလျှောက် ထားကြ၏။ 7 ထိုအခါ
ဟေရုဒ်မင်းကြီးသည်၊ မာဂုပညာရှိတို့ကိုမထင်မရှားခေါ်၍ ကြယ်ပေါ်ထွန်းသောအချိန် ကာလကို စေ့စေ့မေးမြန်းပြီးမှ၊ 8 သင်တို့သွား၍
ထိုသူငယ်ကိုကြိုးစားရှာကြပါ။ တွေ့လျှင် ငါ့ထံသို့ပြန်လာ၍ ငါလည်း ထိုသူငယ်ကို ဖူးတွေ့ပူဇော်ရအောင် ကြားပြောကြပါဟု
မှာထားတော်မူလျက်၊ ဗက်လျင်မြို့သို့ စေလွှတ်လေ၏။ 9 ထိုသူတို့သည် မင်းကြီးစကားကိုနာခံပြီးလျှင်ထွက်သွားကြ၍
အရှေ့ပြည်၌မြင်ရသောကြယ်သည် သူတို့ ရှေ့ကသွားသဖြင့် သူငယ်တော်ရှိရာအရပ်အပေါ်သို့ရောက်၍ တည်လျက်နေ၏။ 10
ထိုကြယ်ကိုမြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိ၍၊ 11 အိမ်သို့ဝင်လေသော်၊ မယ်တော်မာရိနှင့်တကွ
သူငယ်တော်ကိုတွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ ဘဏ္ဍာဥစ္စာတို့ကိုဖွင့်ပြီးမှ လောဗန်နှင့်မုရန် တည်းဟူသောနံ့သာမျိုးကိုဋင်း၊
ရွှေကိုဋင်း ဆက်ကပ်ပူဇော်ကြ၏။ 12 နောက်မှ ဟေရုဒ်မင်းကြီးထံသို့ မပြန်ရမည်အကြောင်းကိုအိပ်မက်တွင် ဗျာဒိတ်တော်ကိုရ၍
မိမိတို့ ပြည်သို့ အခြားသောလမ်းဖြင့်ပြန်သွားကြ၏။ 13 ထိုသူတို့ သွားကြသည်နောက်၊ ယောသပ်သည်အိပ်မက်ကိုမြင်သည်မှာ၊
ထာဝရဘုရား၏ ကောင်းကင် တမန်သည်ထင်ရှား၍၊ သင်ထလော့။ မယ်တော်နှင့် သူငယ်တော်ကိုဆောင်ယူပြီးလျှင်၊
အဲဂုတ္တုပြည်သို့ပြေး၍၊ တဖန် ငါပြောဆိုသည်တိုင်အောင် ထိုပြည်၌နေလော့။ ဟေရုဒ်မင်းကြီးသည် သူငယ်တော်ကို သတ်အံ့သောငှာ
ရှာလိမ့်မည်ဟုဆိုလေ၏။ 14 ထိုအခါ ယောသပ်သည် ထ၍ မယ်တော်နှင့်သူငယ်တော်ကို ညဉ့်အချိန်၌ ဆောင်ယူပြီးလျှင် အဲဂုတ္တု
ပြည်သို့ ထွက်သွား၍၊ 15 ဟေရုဒ်မင်းကြီး အနိစ္စရောက်သည်တိုင်အောင် ထိုပြည်၌နေလေ၏။ ဤအကြောင်းအရာကား၊ ငါ့သား ကို
အဲဂုတ္တုပြည်မှငါခေါ်ခဲ့ပြီဟု ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသောဗျာဒိတ်တော် ပြည့်စုံမည် အကြောင်းတည်း။ 16
ထိုအခါ ဟေရုဒ်မင်းကြီးသည် မာဂုပညာရှိတို့ လှည့်ဖြားသည်ကိုသိလျှင်၊ ပြင်းစွာအမျက်ထွက်၍ လူကို စေလွှတ်သဖြင့်၊
မာဂုပညာရှိတို့၌ စေ့စေ့မေးမြန်းပြီးသော ကြယ်၏အချိန်ကာလကိုထောက်၍၊ ဗက်လင်မြို့မှ စသော ကျေးလက်ရှိသမျှတို့၌
နှစ်နှစ်အရွယ်မှစ၍ ထိုအရွယ်အောက်ယုတ်သော သူငယ်ယောကျ်ားအပေါင်း တို့ကို သတ်စေ၏။ 17
ပရောဖက်ယေရမိဟောဘူးသည်ကား၊ 18 ရာမအရပ်၌ သည်းစွာသောညည်းတွားငိုကြွေး၊ မြည်တမ်းခြင်းအသံကိုကြားရ၍၊
ရာခေလသည် မိမိ သားတို့ မရှိသောကြောင့်ငို၍ စိတ်မပြေနိုင်ဟူသောစကားသည် ထိုအခါ၌အမှန်ကျသတည်း။ 19 ဟေရုဒ်မင်းကြီး
အနိစ္စရောက်သည်နောက်၊ ယောသပ်သည် အဲဂုတ္တုပြည်၌ အိပ်မက်ကိုမြင်ပြန်သည် မှာ၊ ထာဝရဘုရား၏
ကောင်းကင်တမန်သည်ထင်ရှား၍၊ 20 သင်ထလော့။ မယ်တော်နှင့် သူငယ်တော်ကိုဆောင်ယူပြီးလျှင် ဣသရေလတိုင်းသို့သွားလော့။
သူငယ် တော်ကိုသတ်အံ့သောငှါ ရှာသောသူတို့သည် သေကြပြီဟုဆိုလေ၏။ 21 ထိုအခါ ယောသပ်သည် ထ၍
မယ်တော်နှင့်သူငယ်တော်ကို ဆောင်ယူပြီးလျှင် ဣသရေလတိုင်းသို့ သွား၍ ရောက်သည်ရှိသော်၊ 22 ဟေရုဒ်မင်းကြီး၏ အရာ၌
သားတော်အာခေလသည် ယုဒပြည်တွင်မင်းပြုကြောင်းကို ကြားရလျှင်၊ ထိုပြည်သို့ မသွားဝံ့၍ အိပ်မက်၌ ဗျာဒိတ်တော်ကိုရပြန်ပြီးမှ
ဂါလိလဲပြည်သို့သွား၍၊ 23 ခရစ်တော်ကို နာဇရက်လူဟုခေါ်ဝေါ်ကြလတံ့ဟူသော ပရောဖက်တို့၏ နှုတ်ထွက်နှင့်အညီ၊ နာဇရက်
အမည်ရှိသောမြို့သို့ရောက်၍ အမြဲနေလေ၏။

---

---

### Matthew 2:1

ယေဘုယျအချက်အလက်

အသစ်သော ဇာတ်ကြောင်းများကို ဤနေရာတွင် အစပြုပြီး ဤအခန်း၏အဆုံးအထိ ဆက်လက်ဖေါ်ပြထားသည်။ စာရေးသူမှ ဟေရုဒ်မင်းသည်ကြီးသည် ယုဒလူမျိုးများ၏ ရှင်ဘုရင်အား အဆုံးစီရင်ရန်အတွက် ကြိုးစားပုံကို ပြောဆိုသည်။

ယုဒပြည်ရှိ ဗက်လင်

"ယုဒပြည် ဗက်လင်မြို့" (UDB)

ဟေရုဒ်မင်းကြီး အုပ်စိုးသောကာလ

"ဟေရုဒ်မင်းကြီး ထိုအရပ်၌ ရှင်ဘုရင်ဖြစ်သောအချိန်"

ဟေရုဒ်

မဟာဟေရုဒ်မင်းကြီးကို ရည်ညွှန်းသည်။

ပညာတတ်များ

"နက္ခက်ပညာတတ်ကျွမ်းသော သူများ" (UDB)

အရှေ့အရပ်မှ

"ယုဒပြည်အရှေ့အရပ် အလှမ်းဝေးသော တိုင်းနိုင်ငံမှ"

ယုဒလူမျိုးများ၏ ဘုရင်အဖြစ် မွေးဖွါးသောသူသည် အဘယ်မှာနည်း

နက္ခက်လေ့လာခြင်းအားဖြင့် ရှင်ဘုရင်တစ်ပါး မွေးဖွါးပြီကြောင်းကို သူတို့သည် သိကြ၏။ ထိုသူရှိသောအရပ်ကို သူတို့သည် စူးစမ်းလေ့လာခဲ့ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒလူမျိုးများ၏

 generated on Tue Mar 12 16:35:02 2024

ဘုရင်ဖြစ်လာမည့် သူငယ်သည် မွေးဖွါးပြီ"။
"ထိုသူအဘယ်မှာနည်း"

ထိုသူ၏ ကြယ်တာရာ
ထိုသူငယ်သည် ကြယ်တာရာ၏ အရှင်သခင်ဖြစ်ကြောင်းကို သူတို့သည် မပြောဘဲ တိတ်ဆိတ်နေကြ၏။ အခြားသောဘာသာပြန်ဆိုချက်မှာ၊ "ကြယ်တာရာသည် ထိုသူ၏ အကြောင်းကို ပြောခြင်းဖြစ်သည်"သို့မဟုတ် "ကြယ်တာရာသည် ထိုသူ၏ မွေးဖွါးခြင်းနှင့် ဆက်နွယ်နေသည်"။

အရှေ့အရပ်တွင်
"အရှေ့အရပ်မှ ထွက်ပေါ်လာစဉ်" သို့မဟုတ် "ကျွန်တော်တို့သည် မိမိဌာနေတိုင်းပြည်၌ နေစဉ်တွင်"

ကိုးကွယ်ခြင်း
လက်ခံနိုင်ဖွယ်ရှိသော အဓိပ္ပါယ်များမှာ (၁) သူတို့သည် သူငယ်တော်ကို ဘုရားအဖြစ်ကိုးကွယ်ရန်၊ သို့မဟုတ် (၂) လောကီဘုရင်တစ်ပါးအဖြစ် ဂုဏ်ပြုရန်။

သူသည် စိတ်သောက ရောက်ခဲ့သည်
"သူသည် စိတ်သောကရောက်ခဲ့သည်"။ ထိုသူငယ်သည် ဘုရင်အဖြစ် အစားထိုးနေရာယူလာမည်ကို ဟေရုဒ်မင်းကြီးသည် စိုးရိမ်ပူပန်ခဲ့သည်။

ယေရုရှလင်မြို့သားများအားလုံး
ဤနေရာတွင် "ယေရုရှလင်"သည် "လူများ"ကို ညွှန်းဆိုသည်။ ထို့ကဲ့သို့ပင် "အားလုံး"သည် "အမြောက်အမြား"ကို ဆိုလိုခြင်းဖြစ်သည်။ ရှင်မဿဲမှ လူများစွာ စိတ်သောကရောက်ကြောင်းကို အထူးအသားပေး၍ ပုံကြီးချဲ့ဖေါ်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့၌ရှိသောလူများစွာ" (UDB) (ရှု၊|Metonymy and|Hyperbole)

### Matthew 2:4

ယေဘုယျအချက်အလက်
အခန်းငယ် ၆ တွင် ခရစ်တော်သည် ဗက်လင်မြို့တွင် မွေးဖွါးလာမည့်အကြောင်း ပရောဖက်မိက္ခာမှ ဖေါ်ပြခြင်းကို ယဇ်ပုရောဟိတ်ကြီးများနှင့် ကျမ်းတတ်ဆရာများမှ ကိုးကားပြောဆိုကြသည်။

ယုဒပြည် ဗက်လင်မြို့
"ယုဒပြည် ဗက်လင်မြို့"

ဤအကြောင်းအရာကို ပရောဖက်တစ်ပါးမှ ရေးသားခဲ့သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအကြောင်းအရာကို လွန်ခဲ့ပြီးသောအချိန်တွင် ပရောဖက်တစ်ပါးမှ ရေးသားခဲ့သည်"။

ဗက်လင်မြို့ သင်သည် ယုဒခေါင်းဆောင်များတွင် အငယ်ဆုံးသောမြို့ငယ်မြို့ယုတ် မဟုတ်ပါ။
မိက္ခာမှ ဗက်လင်မြို့သားများသည် သူနှင့်အတူမရှိသော်လည်း ရှိသကဲ့သို့ စကားပြောသည်။ ထို့ကဲ့သို့ပင်၊ "အငယ်ဆုံးသောသူမဟုတ်" ဟူသော စကားစုကို ပိုမိုလှပပီပြင်သော စကားစုတစ်ခုအဖြစ် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အသင်၊ ဗက်လင်မြို့သားတို့ ... သင်တို့မြို့သည် ယုဒပြည်၌ အရေးပါအရာရောက်ဆုံးသောမြို့ဖြစ်သည်"

ကျွန်တော်၏ လူ ဣသရေလလူမျိုးကို အဘယ်သူသည် ဦးဆောင်မည်နည်း
မိက္ခာမှ သိုးထိန်းကို အုပ်ချုပ်သူအဖြစ် ပြောဆိုခြင်းကိုဆိုလိုသည်။ သူသည် သူ၏ လူများကို ဦးဆောင်၊ စောင့်ရှောက်ပြုစုသောသူဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သိုးထိန်းသည် သူ၏ သိုးစုကိုဦးဆောင်သကဲ့သို့ အဘယ်သူသည် ငါ့လူများကို ဦးဆောင်မည်နည်း"

### Matthew 2:7

ဟေရုဒ်မင်းကြီးမှ ပညာရှိများကို တိတ်တဆိတ်ခေါ်တွေ့ခြင်း
မည်သူ့ကိုမျှ အသိမပေးဘဲ ပညာရှိများကို တွေ့ဆုံစကားပြောခြင်းကို ဆိုလိုသည်။

ထိုကြယ်ပေါ်ထွန်းသည့် အချိန်တွင် ထင်ရှားပေါ်ထွက်လာသည်ကို အတိအကျမေးမြန်းရန်အလို့ငှာ
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုနောက် 'မည်သည့်အချိန်တွင် ကြယ်သည် ပေါ်ထွက်လာခဲ့ပါသနည်း' ဟု ထိုသူတို့ကို မေးမြန်းတော်မူ၏"။

ကြယ်ပေါ်ထွက်လာသောအချိန်
ပညာရှိများမှ ပေါ်ထွက်လာသောကြယ်နှင့် ဆက်စပ်သောအကြောင်းအရာကို ထိုသူအားပြောပြကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်အချိန်တွင် ကြယ်ပေါ်ထွက်လာပါသနည်း။ ပညာရှိများမှ ကြယ်၏ ဦးစွာပေါ်ထွက်လာသော အချိန်နာရီကို ဟေရုဒ်မင်းကြီးအားပြောပြကြသည်"။

သူငယ်
ယေရှုကို ညွှန်းဆိုသည်။

ပြန်လာပြောပြကြပါ
ဤနေရာ "စကား" ဟုရေးသားခြင်းသည် "သတင်းစကား" သို့မဟုတ် "သတင်း"ဟူသော ဝေါဟာရနှင့် တစ်ထပ်တည်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သိပါရစေ" သို့မဟုတ် "ပြောပြပါ" သို့မဟုတ် "ပြန်ပြီး သတင်းပို့ပေးပါ"

သူ့ကို ကိုးကွယ်ပါ
ဤအရာကို အခန်း ၂း၁ တွင် ဘာသာပြန်ဆိုပြီးဖြစ်ပါသည်။

### Matthew 2:9

သူတို့ ...ပြီးနောက်
ပညာရှိများ ...ပြီးနောက်

အရှေ့အရပ်တွင် မြင်ခဲ့ကြပြီးနောက်
"အရှေ့အရပ်မှ ထွက်ပေါ်လာခြင်းကို မြင်ခဲ့ကြသည်" သို့မဟုတ် "သူတို့တိုင်းပြည်တွင် မြင်ခဲ့ကြသည်"။

သူတို့ ရှေ့၌ သွားသည်
"သူတို့အား လမ်းညွှန်သည်" သို့မဟုတ် "သူတို့အား လမ်းပြသည်"။

ရပ်တန့်နေသည်
"အထက်၌ ရပ်နေသည်"

သူငယ်တော်ရှိသော အရပ်
"သူငယ်တော်ရှိသော အရပ်တွင်"


generated on Tue Mar 12 16:35:02 2024

## Matthew 2:11

ဆက်စပ်မှုဖေါ်ပြချက်
ဤနေရာတွင် မာရိ၊ ယောသပ်နှင့် သူငယ်တော်ရှိသောနေအိမ်ဟု ဇာတ်အိမ်ပြောင်းသွားသည်။

သူတို့ထွက်သွားသည်
ပညာရှိများ ထွက်သွားကြသည်။

သူတို့၏ ဘဏ္ဍာများ
ဤနေရာတွင် "ဘဏ္ဍာများ"ဟုဆိုခြင်းသည် ဘဏ္ဍာများထည့်ထားသော သေတ္တာများ သို့မဟုတ် အိတ်များဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘဏ္ဍာများထည့်ထားသော သေတ္တာ

ဘုရားသခင်သည် သူတို့အား သတိပေးသည်
"နောက်မှ ဘုရားသခင်သည် သူတို့အား သတိပေးတော်မူသည်"။ ဟေရုဒ်မင်းကြီးမှ သူငယ်အား အန္တရာယ်ပေးလိုသည်ကို ဘုရားသခင်သည် သိတော်မူ၏။

ဟေရှုတ်မင်းကြီးထံသို့ ပြန်မသွားရန်
အခြားသောဘာသာပြန်ဆိုချက် - "ထိုသို့ဆိုသည်မှာ၊ ဟေရုဒ်ဘုရင်ထံသို့ ပြန်မသွားပါနဲ့ "။

## Matthew 2:13

ယေဘုယျအချက်အလက်
အခန်းငယ် ၁၅ တွင် ခရစ်တော်သည် အဲဂုတ္တုပြည်တွင် အခြေချနေထိုင်မည်အကြောင်း စာရေးသူမှ ပရောဖက် ဟောရှေကို ကိုးကားဖေါ်ပြသည်။

သူတို့ထွက်ခွါသွားခဲ့သည်
"ပညာရှိများ ထွက်ခွါသွားသည်"

ထလော့။ ယူ၍ ... ပြေးလော့ ... နေထိုင်လော့။
ဘုရားသခင်သည် ယောသပ်အား စကားပြောတော်မူသည်ဟု ဆိုရာတွင် တစ်ခုကိန်းများကို အသုံးပြု ရေးသားသည်။

ယောသပ်၏ အိမ်မက်တွင် ထင်ရှားလာသည့်ကား
"အိမ်မက် မက်နေစဉ်တွင် ယောသပ်ထံသို့ ရောက်လာခဲ့သည်"

ငါပြောဆိုသည်တိုင်အောင်
ဖေါ်ပြထားသောအချက်အလက်များသည် တိကျရှင်းလင်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "တဖန်ငါပြောဆိုသည့်တိုင်အောင် သင်သည် လုံခြုံစွာပြန်လာရမည်

ငါပြောဆိုသည်
ဤနေရာတွင် "ငါ"ဟုပြောဆိုခြင်းသည် ဘုရားသခင်ကို ရည်ညွှန်းသည်။ ကောင်းကင်တမန်မှ ဘုရားသခင်အား ပြောဆိုခြင်းဖြစ်သည်။

ထိုပြည်၌ နေ၏
ယောသပ်၊ မာရိနှင့်ယေရှုသည် အဲဂုတ္တု၌ နေထိုင်ကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုပြည်၌ နေထိုင်ကြသည်"

ဟေရုဒ်မင်းကြီး အနိစ္စရောက်သည်တိုင်အောင်
အခန်း ၂း၁၉ တိုင်အောင် ဟေရုဒ်မင်းကြီးသည် အနိစ္စ မရောက်သေးပါ။ ဤအကြောင်းအရာမှ အဲဂုတ္တုတွင် သူတို့နေထိုင်သည့် အချိန်ကာလကို ဖေါ်ပြသော်လည်း၊ ထိုအချိန်ကာလတွင် ဟေရုဒ်မင်းကြီးအနိစ္စရောက်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။

အဲဂုတ္တုပြည်မှ ငါ့သားကို ငါခေါ်ခဲ့ပြီ
"ငါ့သားကို အဲဂုတ္တုပြည်မှ ငါခေါ်ခဲ့ပြီ"

ငါ့သား
ဟောရှေကျမ်းတွင် ထိုစကားလုံးသည် ဣသရေလလူများကို ရည်ညွှန်းသည်။ ရှင်မဿဲမှ ထိုစကားလုံးကို ကိုးကားပြီး ဘုရားသခင်၏သား အစစ်အမှန်ဖြစ်သော ယေရှု ဟုပြောဆိုသည်။ သားဟူသည့် အမည်နာမကို တစ်ပါးတည်းသောသားတော် သို့မဟုတ် သားဦးအဖြစ် ဘာသာပြန်ဆိုနိုင်သည်။

## Matthew 2:16

ဆက်စပ်မှုဖော်ပြချက်အရ
ရှင်မဿဲ ၂း၁၃ တွင်ဖော်ပြထားသာ အကြောင်းအရာများသည် ဟေရုဒ်မင်းကြီး အနိစ္စမရောက်မီ ဖြစ်ပျက်သော အကြောင်းအရာများ ဖြစ်သည်။

သူငယ်ယောကျာ်း အပေါင်းတို့ကို သတ်စေသည်။
ဟေရုဒ်မှ သူငယ်ယောကျာ်းများအား သူကိုယ်တိုင် မသတ်ပါ။ အခြားသောဘာသာပြန်ဆိုချက် - "သူငယ်ယောကျာ်းအားလုံးကို သတ်ရန် သူ၏ စစ်သည်တော်များအား အမိန့်ပေးခဲ့သည်" သို့မဟုတ် "သူငယ်ယောကျာ်း အားလုံးကို သတ်ရန် စစ်သားများကို စေလွှတ်သည်"

နှစ်နှစ် အရွယ်မှစ၍၊ ထိုအရွယ်အောက်
"နှစ်နှစ်အရွယ်နှင့် ထိုအရွယ်ထက် ငယ်သောသူ"

အချိန်ကာလကို ထောက်၍
"အချိန်ကာလတွင် အခြေပြုပြီး"

## Matthew 2:17

ယေဘုယျအချက်အလက်
စာရေးသူသည် သမ္မာကျမ်းစာတွင် ပရောဖက်ယေရမိမှ ဗက်လင်မြို့ြအရပ်ရှိ သူငယ်ယောကျာ်းအားလုံးသေရမည်ဟု ရေးသားထားခြင်းကို ကိုးကားဖေါ်ပြထားသည်။

ထိုအခါ၌ အမှန်ကျသတည်း
အခြားသောဘာသာပြန်ဆိုချက် - "ပြည့်စုံပြီ" သို့မဟုတ် "ဟေရုဒ်မင်းကြီး၏လုပ်ဆောင်ခြင်း ပြည့်စုံပြီ"

ပရောဖက် ယေရမိဟောဘူးသည်ကား
အခြားသောဘာသာပြန်ဆိုချက် - "လွန်လေပြီးသောအချိန်အခါက ပရောဖက်ယေရမိအားဖြင့် ဘုရားသခင်မှ ပြောခဲ့သောစကား"

အသံကိုကြားရ၍ ... သူတို့မရှိတော့ပြီ
မဿဲသည် ပရောဖက်ယေရမိကျမ်းကို ကိုးကားဖေါ်ပြသည်။


generated on Tue Mar 12 16:35:02 2024

အသံကိုကြားရ၍
အခြားသောဘာသာပြန်ဆိုချက် - "လူတွေက အသံကြားသည်" သို့မဟုတ် "ကျ ျယ်လောင်သောအသံ ကြားနေရသည်"

ရာခေလသည် သူမ၏ကလေးများအတွက် ငိုကြွေးသည်။
ထိုကာလမတိုင်မီ ရာခေလသည် နှစ်ပေါင်းများစွာ ကတည်းက အသက်ရှင်ခဲ့သည်။ ရာခေလသည် သူမ၏ မျိုးဆက်များအတွက် ငိုကြွေးရင်း သေဆုံးခဲ့ကြောင်း ပရောဖက်ပြုချက်ရှိခဲ့သည်။

သူမ စိတ်မပြေနိုင်
အခြားသောဘာသာပြန်ဆိုချက် - "မည်သူမျှ သူမအား နှိမ့်သိမ့်မှု မပေးနိုင်ပေ"

မိမိသားတို့ မရှိသောကြောင့်
"အဘယ်ကြောင့်ဆိုသော် သူငယ်များသည် အပြန်မရှိသော အရပ်သို့ ထွက်သွားကြပြီ"။ ဤနေရာတွင် "အပြန်မရှိ"ဟုသုံးနှုန်းထားခြင်းသည် သေသည်ဟူသော စကားကို သိမ်မွေ့စွာ အသုံးပြုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုခြင်း - "အဘယ်ကြောင့်ဆိုသော် သူတို့သေသည်"

## Matthew 2:19

ဆက်စပ်အကြောင်းအရာ
ဤနေရာတွင် ယောသပ်၊ မာရိနှင့် သူငယ်တော်နေထိုင်ရာ အဲဂုတ္တုအဖြစ် ဇာတ်အိမ်တဖန် ပြောင်းသည်။

သင်ထလော့
ဤစကားလုံးမှ ကြီးမားသောဇာတ်အိမ်ကြီးတစ်ခုတွင် အခြားသောအကြောင်းအရာ စတင်ဖေါ် ပြကြောင်း အချက်ပြသည်။ ယခင်အကြောင်းအရာများတွင် မပါဝင်သော လူပုဂ္ဂိုလ်များ ပါဝင်လာကြသည်။

သူငယ်တော်၏ အသက်ကို ရှာသောသူများ
ဤနေရာတွင် "သူငယ်အသက်ကို ရှာသည်"ဟုပြောဆိုခြင်းသည် သူငယ်ကို သတ်လိုကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက် - "ထိုသူတို့သည် သူငယ်တော်ကို သတ်ရန် ရှာဖွေကြသည်"

ရှာသောသူများ
ဤစကားလုံးသည် ဟေရုဒ်မင်းကြီးနှင့် သူ၏အကြံပေးများကို ရည်ညွှန်းသည်။

## Matthew 2:22

ဆက်စပ်မှုဖေါ်ပြချက်
ဤအကြောင်းအရာသည် ဟေရုဒ်မင်းကြီးမှ ယုဒရှင်ဘုရင်သစ်ကို သတ်ဖြတ်ရန်ကြိုးစားခြင်းကို အခန်း ၂းဲ၁တွင် အစပြုရေးသားသော ဇာတ်ကြောင်း၏ နိဂုံးဖြစ်သည်။

သို့သော် သူသည် ကြားသောအချိန်
"သို့သော် ယောသပ်သည် ကြားသောအချိန်တွင်"

အာခေလ
ဟေရုဒ်၏အမည် ဖြစ်သည်

သူသည် ထိတ်လန့်သည်
"ယောသပ်သည် ထိတ်လန့်သည်"

ပရောဖက်တို့၏ နှုတ်ထွက်နှင့်အညီ
အခြားသောဘာသာပြန်ဆိုချက် - "လွန်လေပြီးသောအချိန်အခါက ပရောဖက်များအားဖြင့် ဘုရားသခင်မှ ပြောခဲ့သောစကား"

ထိုသူကို နာဇရက်မြို့သားဟု ခေါ်ဝေါ်ကြလတ္တံ့ ့
ဤနေရာတွင် "သူ"သည် ခရစ်တော်ကို ရည်ညွှန်းသည်။ ယေရှုမတိုင်မီ ပရောဖက်များမှ ထိုသူကို မေရှိယ သို့မဟုတ် ခရစ်တော်ဟု ပြောဆိုကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "လူများမှ ခရစ်တော်ကို နာဇရက်မြို့သားဟု ပြောကြလိမ့်မည်"။

---

# Translation Questions

## Matthew 2:1

ယေရှုမည်သည့်အရပ်၌မွေးဖွါးသနည်း။
ယေရှုသည်ယုဒပြည်၊ ဗက်လင်မြို့၌မွေးဖွါးပါသည်။

အရှေ့ပြည်မှပညာရှိများကယေရှုကိုမည်သို့ဘွဲ့နာမပေးသနည်း။
အရှေ့ပြည်မှပညာရှိများက ယေရှုအား ယုဒရှင်ဘုရင်ဟု ဘွဲ့နာမပေးပါသည်။

ယုဒတို့၏ရှင်ဘုရင် ဖွါးမြင်ကြောင်းပညာရှိများက မည်သို့သိသနည်း။
ယုဒတို့၏ရှင်ဘုရင်ဖွါးမြင်ကြောင်းကိုအရှေ့ပြည်၌ သူ၏ကြယ်ကိုမြင်ရခြင်းအားဖြင့်သိပါသည်။

ပညာရှိများထံမှသတင်းကြားသိရသည့်အခါဟေရုဒ်မင်းကမည်သို့ခံစားရသနည်း။
ပညာရှိများထံမှသတင်းကြားသိရသည့်အခါဟေရုဒ်မင်းသည်စိတ်ညိုးငယ်ပါသည်။

## Matthew 2:4

ယဇ်ပုရောဟိတ်နှင့်ကျမ်းပြုဆရာတို့သည် ခရစ်တော်မည်သည့်အရပ်၌ ဖွါးမြင်မည်ဖြစ်ကြောင်း မည်သို့သိသနည်း။
ယဇ်ပုရောဟိတ်နှင့်ကျမ်းပြုဆရာတို့သည် ပရောဖက်တဦး၏အဆိုအရဗက်လင်မြို့၌ဖွါးမြင်မည်ဖြစ်ကြောင်းသိပါသည်။

## Matthew 2:9

ပညာရှိများယေရှုမွေးဖွါးသည့်နေရာကိုမည်သို့အတိအကျရှာဖွေတွေ့ရှိသနည်း။
အရှေ့ပြည်မှလမ်းပြကြယ်နောက်သို့လိုက်သွားပြီး၊ ထိုကြယ်သည်သူငယ်မွေးဖွားရာအရပ်၌ရပ်တန့်သွားခြင်း ဖြင့်ပညာရှိများသည်သူငယ်မွေးဖွါးသည့်နေရာကိုအတိအကျရှာဖွေတွေ့ရှိခဲ့ပါသည်၊


generated on Tue Mar 12 16:35:02 2024

## Matthew 2:11

ပညာရှိများလာရောက်ဖူးမျှော်ချိန်၌ယေရှုအသက်ဘယ်လောက်ရှိသနည်း။
ပညာရှိများလာရောက်ဖူးမျှော်ချိန်၌ယေရှုသည်မွေးဖွါးစသူငယ်တော် [illegible]

ပညာရှိများက မည်သည့်လက်ဆောင်များပေးသနည်း။
ပညာရှိများသည်ရွှေ၊
လော်ဗန်နှင့်မုရန်အမွှေးနံ့သာများကိုလက်ဆောင်အဖြစ်ပေးကြပါသည်။

ပညာရှိများမိမိတို့နေရပ်သို့ အဘယ်ကြောင့်အခြားလမ်းမှပြန်ကြသနည်း။
ပညာရှိများသည်ဟေရှုဒ်မင်းထံပြန်မသွားစေရန်ဗျာဒိတ်ရသဖြင့်အခြား [illegible]
မိမိတို့နေရပ်သို့ပြန်ခြင်းဖြစ်ပါသည်။

## Matthew 2:13

ယောသပ်သည်မည်သည့်အိပ်မက်ကိုမြင်မက်သနည်း။
ဟေရုဒ်မင်းသည်သူငယ်တော်ကိုသတ်ရန်ရှာဖွေမည်ဖြစ်သောကြောင့်
မာရိနှင့်သူငယ်တော်ကိုခေါ်ဆောင်ပြီး၊
အဲဂုတ္တုပြည်သို့ပြေးရန်ယောသပ်အိပ်မက်ပါသည်။

ယေရှုအဲဂုတ္တုပြည်မှပြန်လာခြင်းအတွက်ပရောဖက်ရေးသားထားသောဗျာဒိတ်တော်မည်သို့ပြည့်စုံသနည်း။
ငါ့သားကိုအဲဂုတ္တုပြည်မှပြန်ခေါ်ခဲ့ပြီဟုထာဝရဘုရားသည်ပရောဖက် [illegible] ပြည့်စုံစေပါသည်။

## Matthew 2:16

ပညာရှိများမိမိထံပြန်မလာသဖြင့်ဟေရုဒ်မင်းသည်မည်သို့ပြုလုပ်သနည်း။
[illegible] လင်မြို့တခွင်လုံး၌ရှိသော
အသက်နှစ်နှစ်နှင့်အောက်
ယောကျ်ားလေးအားလုံးကိုသတ်စေပါသည်။

## Matthew 2:19

ဟေရုဒ်မင်းသေဆုံးပြီးနောက်ယောသပ်
[illegible] အိပ်မက်ညွှန်ကြားချက်ကိုမြင်မက်သနည်း။
ယောသပ်၏အိပ်မက်တွင်သူတို့အား
ဣသရေလပြည်သို့ပြန်သွားရန်ညွှန်ကြားချက်ကိုမြင်မက်ပါသည်။

## Matthew 2:22

ယောသပ်သည်မာရိ၊
ယေရှုတို့နှင့်အတူမည်သည့်အရပ်၌အခြေချနေထိုင်သနည်း။
ယောသပ်သည်မာရိ၊ ယေရှုတို့နှင့်အတူဂါလိလဲပြည်၊
နာဇရက်မြို့၌အခြေချနေထိုင်ပါသည်။

[illegible]
ပရောဖက်တို့၏ရေးသားချက်မည်သို့ပြည့်စုံသနည်း။
ခရစ်တော်အားနာဇရက်မြို့သားဟုခေါ်ရန်
ပရောဖက်တို့၏ရေးသားချက်ပြည့်စုံစေပါသည်။

## Chapter 3

1 ထိုကာလအခါ ဗတ္တိဇံဆရာယောဟန်သည် ပေါ်ထွန်းလျှင်၊ ကောင်းကင်နိုင်ငံတော်သည် တည်လုနီး ပြီ။ 2 ထို့ကြောင့်
နောင်တရကြလော့ဟု ယုဒတော၌ဟောလေ၏။ 3 ပရောဖက်ဟေရှာယဟောဘူးသည်ကား၊ တော၌ဟစ်ကျော်သောသူ၏အသံမှာ၊
ထာဝရဘုရား ကြွ တော်မူရာလမ်းကို ပြင်ကြလော့။ လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟူသောအချက်၌ ထိုယောဟန်ကို ဆိုလို
သတည်း။ 4 ယောဟန်သည် ကုလားအုပ်အမွေးနှင့်ရက်သော အဝတ်ကိုဝတ်လျက်၊ ခါး၌သားရေခါးပန်းကို စည်း လျက်၊
ကျိုင်းကောင်နှင့် တော၌ဖြစ်သော ပျားရည်ကို စားလျက်နေ၏။ 5 ထိုအခါ ယေရုရှလင်မြို့မှစ၍ ယုဒပြည်သူပြည်သား၊
ယော်ဒန်မြစ်နားမှာနေသောသူအပေါင်းတို့သည် ယောဟန်ထံသို့ ထွက်သွား၍၊ 6 မိမိတို့အပြစ်များကို ဘော်ပြလျက်ယော်ဒန်မြစ်၌
ဗတ္တိဇံကို ခံကြ၏။ 7 ဖာရိရှဲနှင့် ဇဒ္ဒုကဲအများတို့သည် ဗတ္တိဇံကို ခံအံ့သောငှာလာကြသည်ကို ယောဟန်သည်မြင်လျှင်၊
အချင်းမြွေဆိုးအမျိုးတို့၊ ရောက်လုသောသေဒဏ်မှ ပြေးသွားစိမ့်သောငှာ၊ အဘယ်သူသည် သင်တို့ကိုသတိပေး ဘိသနည်း။ 8
နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကို ကျင့်ကြလော့။ 9 အာဗြဟံသည် ငါတို့အဘဖြစ်သည်ဟူ၍ စိတ်ထဲ၌မအောက်မေ့ကြနှင့်။
ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံတို့ကို ထုတ်ဘော်ဖန်ဆင်းနိုင်တော်မူသည်ဟု ငါအမှန်ဆို၏။ 10 သစ်ပင်အမြစ်နားမှာ
ပုဆိန်ထားလျက်ရှိသည်ဖြစ်၍၊ ကောင်းသောအသီးမသီးသောအပင် ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်ရ၏။ 11
ငါသည်နောင်တအဘို့အလိုငှါ သင်တို့ကို ရေနှင့်ဗတ္တိဇံပေး၏။ ငါ့နောက်ကြွလာသောသူသည် ငါ့ထက် တတ်စွမ်းနိုင်၏။
ထိုသူ၏ခြေနင်းတော်ကိုမျှဆောင်ခြင်းငှာ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော် နှင့်၎င်း၊ မီးနှင့်၎င်း၊ သင်တို့ကို
ဗတ္တိဇံပေးမည်။ 12 လက်တော်တွင် စံကောပါလျက်၊ မိမိကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့်၊ မိမိဂျုံစပါးကို ကျီ၌
စုသိမ်းသွင်းထား၍၊ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့် ရှိတော်မူလတံ့ဟု ယောဟန်ဟောပြော၏။ 13 ထိုအခါ ယေရှုသည် ဗတ္တိဇံကို
ခံအံ့သောငှါ ဂါလိလဲပြည်မှ ယော်ဒန်မြစ်နား ယောဟန်ထံသို့ ကြွတော် မူ၏။ 14 ယောဟန်ကလည်း၊ အကျွန်ုပ်သည် ကိုယ်တော်ထံ၌
ဗတ္တိဇံကိုခံရမည် အကြောင်းရှိပါသည်ဖြစ်၍၊ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသလောဟု ယေရှုကိုဆီးတားလေ၏။ 15
ယေရှုကလည်း အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟု ပြန်ပြောတော်မူ၏။ ထိုအခါ
ယောဟန်သည် ဝန်ခံလေ၏။ 16 ယေရှုသည်ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊
ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကိုမြင်ရ၍၊ 17 ဤသူကား
ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သား ပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။

---

---

### Matthew 3:1

ယေဘုယျအချက်အလက်
ဤနေရာတွင် စာရေးသူက နှစ်ခြင်းဆရာယောဟန်၏ အမှုဆောင်ခြင်း ကဏ္ဍသစ်ကို အစပြုသည်။ အခန်းငယ် ၃ တွင် နှစ်ခြင်းဆရာယောဟန်သည် ယေရှု၏ အမှုဆောင်ခြင်းအတွက် ကြိုတင်ပြင်ဆင်ရန်အလို့ငှာ ဘိသိက်ပေးထားသော တမန်တော်ဖြစ်ကြောင်း ပရောဖက်ဟေရှာယမှ ဖေါ်ပြခြင်းကို ကိုးကားရေးသားသည်။

ထိုကာလအခါ
ဤအချိန်ကာလသည် ယောသပ်နှင့် သူ၏ မိသားစုများမှ အဲဂုတ္တုပြည်ကို စွန့်ခွါပြီး နာဇရက်မြို့သို့ ထွက်ခွါသွားသော နှစ်ကာလများစွာကို ပြောဆိုခြင်းဖြစ်သည်။ ထိုအချိန်ကာလသည် ယေရှုမှ အမှုတော်မြတ် စတင်ဆောင်ရွက်သော အချိန်ကာလနှင့် အနီးစပ်ဆုံးဖြစ်ပါလိမ့်မည်။ အခြားသောဘာသာပြန်ဆိုချက် - "လွန်လေပြီးသော အချိန်ကာလတွင်" သို့မဟုတ် "လွန်လေပြီးသော နှစ်ကာလတွင်"။

နောင်တ
ဤစကားလုံးသည် ဗဟုဝုစ်ကိန်းဖြစ်သည်။ ယောဟန်မှ လူစုကို ပြောခြင်းဖြစ်သည်။

ကောင်းကင်နိုင်ငံတော် တည်လုနီးပြီ
"ကောင်းကင်နိုင်ငံတော်"ဟူသော ဝေါဟာရသည် ဘုရားသခင် အုပ်စိုးသော အရပ်ကို ဆိုလိုခြင်းဖြစ်သည်။ ဤဝေါဟာရကို ရှင်မဿဲကျမ်းတွင်သာ ဖေါ်ပြထားသည်။ ဖြစ်နိုင်လျှင် ထိုဝေါဟာရကို သင်၏ ဘာသာပြန်ဆိုခြင်းတွင် "ကောင်းကင်"ဟူ၍ ပြန်ဆိုပါ။ အခြားသောဘာသာပြန်ဆိုချက် "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်တော်တို့ ဘုရားသခင်သည် သူ့ကိုယ်သူ ဘုရင်အဖြစ် ပြန်လာမည်"

ပရောဖက်ဟေရှာယ ဟောဘူးသည်ကား
အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်ဟေရှာယက နှစ်ခြင်းဆရာ ယောဟန်အကြောင်းကို ဟောပြောခဲ့သည်" (ရှု၊ Active or Passive)

တော၌ ဟစ်ကြော်သော သူ၏အသံမှာ
အခြားသောဘာသာပြန်ဆိုချက်၊ "တော၌ ဟစ်အော်သော အသံကို ကြားရ၏" သို့မဟုတ် "တော၌ ဟစ်အော်သောသူ၏ အသံကို သူတို့သည် ကြားကြ၏"။

ထာဝရဘုရား ကြွတော်မူရာလမ်းကို ပြင်ကြလော့။ လမ်းခရီးတော်ကို ဖြောင့်စေကြလော့။
ဤစကားစု နှစ်ခုတွင် တူညီသော အဓိပ္ပါယ်ရှိသည်။

ထာဝရဘုရား ကြွတော်မူရာလမ်းကို ပြင်ကြလော့။
"သခင်ဘုရားအတွက် လမ်းကို အသင့်ပြင်ကြလော့"။ ဤအရာကို လုပ်ဆောင်ခြင်းသည် သခင်လာသော ချိန်တွင် သူ၏ သတင်းစကားကို ကြားနားရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း ဖြစ်သည်။ လူများသည် ဒုစရိုက်အပြစ်မှ နောင်တရခြင်းအားဖြင့် ထိုအမှုအရာကို လုပ်ဆောင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက် - "သခင်လာသောအချိန် သူ၏ သတင်းစကားကို ကြားနာရန်အတွက် ကြိုတင်ပြင်ဆင်ကြလော့" သို့မဟုတ် "နောင်တရ၍ သခင်လာသော အချိန်နာရီအတွက် အဆင်သင့် ဖြစ်ကြလော့"

 generated on Tue Mar 12 16:35:02 2024

## Matthew 3:4

တော၌ဖြစ်သောပျားရည် ... လျက်
အဝိက ဇာတ်အိမ်တစ်ခုကို ခေတ္တရပ်နားခြင်းတွင် "လျက်"ဟူသော စကားလုံးကို အသုံးပြုသည်။ ဤနေရာတွင် ရှင်မဿဲမှ နှစ်ခြင်းဆရာယောဟန်၏ နောက်ခံသမိုင်းကြောင်း အချက်အလက်ကို ပြောပြသည်။

ကုလားအုပ်အမွေးနှင့်ရက်သော အဝတ်ကိုဝတ်လျက်၊ ခါး၌သားရေခါးပန်းကို စည်းလျက်
အထူးသဖြင့် ပရောဖက် ဧလိယကဲ့သို့သော ရှေးလွန်လေပြီးသော ပရောဖက်များနည်းတူ ယောဟန်သည် ပရောဖက်တစ်ဦးဖြစ်ကြောင်း ၎င်းအဝတ်အစားမှ လက္ခဏာပြသည်

ထိုအခါ ယေရုရှလင်မြို့မှစ၍ ယုဒပြည်သူပြည်သား၊ ယော်ဒန်မြစ်နားမှာနေသောသူအပေါင်း
ဤအရာသည် ထိုအရပ်ဒေသများတွင် နေထိုင်သောသူများကို ညွှန်းသည်။ ဤနေရာတွင် "အားလုံး"ဟု ဆိုလိုခြင်းသည် "အများ"ကို ဆိုလိုသည်။ အဘယ်မျှလောက်သောသူသည် နှစ်ခြင်းဆရာယောဟန်ထံ သွားသနည်း ဆိုသည့်အရာကို ရှင်မဿဲမှ အထူးအလေးထားသည်

ဗတ္တိဇံကို ခံကြ၏
အခြားသောဘာသာပြန်ဆိုချက် - "ယောဟန်မှ သူတို့အား နှစ်ခြင်းမင်္ဂလာပေးသည်"

သူတို့
၎င်းစကားလုံးသည် ယောဒန်မြစ် ပတ်ဝန်းကျင်ရှိ ယေရုရှလင်မြို့၊ ယုဒပြည်နှင့် အခြားသောအရပ်ဒေသများမှ လာသောသူများကို ရည်ညွှန်းသည်။

## Matthew 3:7

ယေဘုယျအချက်အလက်
နှစ်ခြင်းဆရာယောဟန်မှ ဖာရိရှဲနှင့် ဇဒ္ဒုကဲများကို စတင်ရှုတ်ချသည်။

အချင်းမြွေဆိုးအမျိုးတို့
ခိုင်းနှိုင်းပြောဆိုသော စကားဖြစ်သည်။ "အမျိုး"ဟုပြောဆိုခြင်းသည် "ထိုလက္ခဏာရှိခြင်း"ကို ဆိုလိုသည်။ အဆိပ်ရှိသောမြွေများသည် အန္တရာယ်ရှိသကဲ့သို့ မကောင်းဆိုးဝါးကို ဆိုလိုခြင်းဖြစ်သည်။ ဤအရာကို သီးခြားဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အဆိပ်ရှိသော မကောင်းဆိုးဝါး မြွေဆိုးများ" သို့မဟုတ် "သင်တို့သည် အဆိပ်ရှိသောမြွေဆိုးများကဲ့သို့ မကောင်းဆိုးဝါးများဖြစ်ကြသည်"

ရောက်လုသောသေဒဏ်မှ ပြေးသွားစိမ့်သောငှာ၊ အဘယ်သူသည် သင်တို့ကို သတိပေး ဘိသနည်း။
အပြစ်ပြုလုပ်ခြင်းကို ရပ်နားလိုခြင်းဆန္ဒတစ်စိုးတစ်စင်မျှမရှိဘဲ ဘုရားသခင်၏အပြစ်ပေးခြင်းမှ လွတ်မြောက်ရန်အလို့ငှာ ယောဟန်ထံသို့ နှစ်ခြင်းမင်္ဂလာခံယူခြင်းကို တောင်းခံကြသော ဖာရိရှဲနှင့်ကျမ်းတတ်ပုဂ္ဂိုလ်များကို ရှုတ်ချပြစ်တင်သော ယောဟန်၏မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဤနည်းဖြင့် သင်တို့သည် ဘုရားသခင်၏အမျက်တော်မှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး" သို့ "သင်တို့ကို ငါနှစ်ခြင်းမင်္ဂလာပေးခြင်းသက်သက်အားဖြင့် လွတ်မြောက်ခြင်းရမည်ဟု မထင်ကြနှင့်"။

ရောက်လုသောသေဒဏ်မှ ပြေးသွားစိမ့်သောငှာ၊
"အမျက်ဒေါသ"ဟူသော စကားလုံးအသုံးပြုခြင်းသည် ဘုရားသခင်၏ အပြစ်ပေးခြင်းကို ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော်၊ အမျက်ဒေါသနောက်တွင် အပြစ်ပေးခြင်းသည် တဆက်တည်းဖြစ်လာသည်။ အခြားသော ဘာသာပြန်ဆိုချက် - "ရောက်လုသော အပြစ်ပေးခြင်းမှ အဝေးသို့ ပြေးရှောင် ကြလော့" သို့မဟုတ် "ဘုရားသခင်သည် သင်တို့ကို အပြစ်ပေးလုပြီဖြစ်၍ လွတ်ရာသို့ ထွက်သွားကြပါ"

နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကို ကျင့်ကြလော့
ဤနေရာတွင် "ထိုက်တန်သော အကျင့် ကျင့်ခြင်း"ဟု ခိုင်းနှိုင်းဖော်ပြခြင်းသည် လူတစ်ဦး၏ လုပ်ဆောင်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အမှန်တကယ် နောင်တရခြင်းကို သင်၏ လုပ်ဆောင်ခြင်းအားဖြင့် ထင်ရှားပါစေ"

အာဗြဟံသည် ငါတို့အဘဖြစ်သည်
"အာဗြဟံသည် ငါတို့ ဘိုးဘေးများဖြစ်သည်" သို့မဟုတ် "ကျွန်ုပ်တော်တို့သည် အာဗြဟံမှ ဆင်းသက်သော အမျိုးများဖြစ်သည်"။ ယုဒခေါင်းဆောင်များမှ အာဗြဟံ၏အမျိုးအနွယ်ကို ဘုရားသခင်သည် အပြစ်ပေးလိမ့်မည် မဟုတ်ဟု ထင်မှတ်ကြသည်။

ငါအမှန်ဆို၏
ဤဖြည့်စွက်ချက်သည် ယောဟန်ပြောလိုသော အရာကို အသားပေးကြောင်း ဖော်ပြချက်ဖြစ်သည်။

ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံတို့ကို ထုတ်ဖော် ဖန်ဆင်းနိုင်တော်မူသည်။
"ဘုရားသခင်သည် ဤကျောက်ခဲများမှ မျက်မြင်ရသော မျိုးဆက်များကို ဖန်ဆင်းပြီး အာဗြဟံအား ပေးနိုင်စွမ်းရှိသည်"

## Matthew 3:10

ယေဘုယျအချက်အလက်
နှစ်ခြင်းဆရာယောဟန်သည် ဖာရိရှဲနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များကို ဆက်လက် ရှုတ်ချသည်။

သစ်ပင်အမြစ်နားမှာ ပုဆိန်ထားလျက်ရှိသည်ဖြစ်၍၊ ကောင်းသောအသီးမသီးသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်ရ၏။
ဤပုံဥပမာမှ ဘုရားသခင်သည် အပြစ်သားများအား ပြစ်ဒဏ်ပေးရန် အဆင်သင့်ဖြစ်နေကြောင်း ဖော်ပြသည်။ ဤဝေါဟာရကို ပြုလုပ်သူဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "မကောင်းသောအသီး သီးနေသောအပင်မှန်သမျှကို ခုတ်ဖြတ်၍ မီးရှို့ရန်အတွက် ဘုရားသခင်သည် မိမိ၏အနားတွင် အရန်သင့် ပုဆိန်ကို ထားသည်" သို့မဟုတ် "မကောင်းသောအသီး သီးနေသောအပင်များကို ခုတ်ဖြတ်ရန်အတွက် လူတစ်ဦးသည် မိမိ၏အနီးတွင် ပုဆိန်ကို အရန်သင့်ထားသကဲ့သို့ ဘုရားသခင်သည် သင်၏အပြစ်အတွင် အပြစ်ဒဏ်ပေးရန် အဆင်သင့် အရန်သင့် ဖြစ်နေသည်"

နောင်တအဖို့အဘို့အလိုငှါ
"သင် နောင်တရရန် ဖော်ပြခြင်း"


generated on Tue Mar 12 16:35:02 2024

မိမိကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့်
ခရစ်တော်သည် မိမိကောက်နယ်တလင်းကို ရှင်းလင်းရန်အတွက် ခက်ရင်းခွကို ကိုင်နေသော သူနှင့်တူသည်။

မိမိကောက်နယ်တလင်း
"သူ၏ မြေကွက်" သို့မဟုတ် "အဖျင်းမှ ဆန်ရရန်အတွက် လုပ်ဆောင်ရသော မြေကွက်"

မိမိဂျုံစပါးကို ကျီ၌ စုသိမ်းသွင်းထား၍၊ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့် ရှို့တော်မူလတံ့။
ဆိုးသွမ်းသော သူများအထဲမှ ဖြောင့်မတ်သောသူများကို ဘုရားသခင်မှ ရွေးနုတ်မည့်အကြောင်းကို ပုံပမာဖော်ပြခြင်းဖြစ်သည်။ လယ်သမားမှ သူ၏ စပါးကို စပါးကျီတွင် သိုထားသကဲ့သို့ ဖြောင့်မတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ ချီးမြှောက်ခြင်းခံရမည်ဖြစ်ပြီး၊ အဖျင်းကဲ့သို့သောသူများကို မငြိမ်းနိုင်သောမီးဖြင့် ဘုရားသခင်မှ စီရင်မည်အကြောင်း ဖော်ပြသည်။

မငြိမ်းနိုင်သောမီး
အခြားသောဘာသာပြန်ဆိုချက် - "မငြိမ်းနိုင်သောမီး"

**Matthew 3:13**

ဆက်စပ်အကြောင်းအရာ
နှစ်ခြင်းဆရာယောဟန်မှ ယေရှုကို နှစ်ခြင်းပေးသောအချိန်ကာလသို့ ဇာတ်အိမ်သည် ဤနေရာတွင် ပြောင်းသွားသည်။

ယောဟန်မှ ဗတ္တိဇံပေးသည်
ဤဝါဟာရကို ပြုလုပ်သူဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုကြောင့် ယောဟန်မှ သူ့အား ဗတ္တိဇံကိုပေးသည်"

အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည် အကြောင်းရှိပါသည်ဖြစ်၍၊ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသလော။
သူမျှော်လင့်မထားသော ယေရှု၏ တောင်းဆိုမှုသည် ယောဟန်အတွက် အံ့အားသင့်စရာ မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်တော်ထက် ကိုယ်တော်သည် သာ၍မြတ်ပါသည်။ ကျွန်တော်သည် ကိုယ်တော်အား နှစ်ခြင်းပေးရန် မဖြစ်ထိုက်ပါ။ ကိုယ်တော်သာ ကျွန်တော်အား နှစ်ခြင်းမင်္ဂလာပေးရန် သင့်မြတ်ပါသည်"။

ကျွန်တော်တို့သည်
ဤနေရာတွင် "ကျွန်တော်တို့" ဟူသည့် စကားလုံးသည် ယေရှုနှင့် ယောဟန်ကို ဆိုလိုသည်။

**Matthew 3:16**

ဆက်စပ်မှုဖော်ပြချက်
ဤနေရာတွင် နှစ်ခြင်းဆရာယောဟန်၏ အကြောင်းအချို့နှင့် ယေရှုခရစ်ကို နှစ်ခြင်းမင်္ဂလာပေးပြီး ဖြစ်ပျက်သောအကြောင်းအရာများကို နိဂုံးချုပ်သည်။

ယေရှုသည် ဗတ္တိဇံကို ခံတော်မူပြီးလျှင်
အခြားသောဘာသာပြန်ဆိုချက် - "ထိုကြောင့် ယောဟန်မှ ယေရှုအား ဗတ္တိဇံကိုပေးပြီးနောက်"

ကြည့်ကြပါ
ဤနေရာတွင် ဖော်ပြထားသော "ကြည့်ကြလော့" ဆိုသည့် စကားလုံးသည် အံ့အားသင့်စရာဖြစ်သော အဖြစ်အပျက်တစ်ခုကို အာရုံစိုက်ရန် သတိပေးခြင်းဖြစ်သည်။

ကောင်းကင် ဖွင့်လှစ်သဖြင့်
အခြားသောဘာသာပြန်ဆိုချက် - "ယေရှုက ကောင်းကင်ဖွင့်လှစ်ခြင်းကို မြင်တယ်" သို့မဟုတ် "ဘုရားသခင်မှ ကောင်းကင်များကို ခရစ်တော်မြင်စေရန် ဖွင့်လှစ်ပေးတယ်"

ချိုးငှက်ကဲ့သို့ ဆင်းသက်၍
ဆိုလိုသည့် အဓိပ္ပါယ်များမှာ - 1) သန့်ရှင်းသော ဝိညာဉ်သည် ချိုးငှက်ကဲ့သို့ အသွင်ဆောင်ခြင်းကို ရိုးရှင်းစွာ ဖော်ပြခြင်းဖြစ်သည်။ 2) ချိုးငှက်သည် ညင်သာစွာ ဆင်းသက်သကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှုထံ ညင်သာစွာ ဆင်းသက်ခြင်းကို ခိုင်းနှိုင်းဖော်ပြခြင်း ဖြစ်သည်။

ကောင်းကင်က အသံတော်ကား
"ယေရှုသည် ကောင်းကင်က အသံတော်ကို ကြားသည်"။ "အသံ"ဟုပြောဆိုခြင်းသည် ဘုရားသခင်မှ စကားပြောခြင်းကို ဆိုလိုသည်"။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် ကောင်းကင်မှ စကားပြောတော်မူသည်"

သား
ဤစကားလုံးသည် အရေးကြီးသောအမည်နာမဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းဖော်ပြခြင်းဖြစ်သည်။

---

## Translation Questions

**Matthew 3:1**

တောအရပ်၌နှစ်ခြင်းဆရာယောဟန်သည်မည်သည့်သတင်းတရားကိုဟောသနည်း။
နှစ်ခြင်းဆရာယောဟန်သည်ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဖြစ် [illegible]

ပရောဖက်ဟေရှာယသည်နှစ်ခြင်းဆရာနှင့်ပတ်သက်ပြီးမည်သို့ပြောသနည်း။
ပရောဖက်ဟေရှာယကနှစ်ခြင်းဆရာယောဟန်သည်ထာဝရဘုရားလာကြွလာရာလမ်းကိုပြင်ဆင်သူအဖြစ်ပြောပါသည်။

**Matthew 3:4**

နှစ်ခြင်းဆရာယောဟန်လက်၌နှစ်ခြင်းခံယူမည့်သူများသည်မည်သို့ပြုကြသနည်း။
[illegible] တို့၏အပြစ်များကိုဝန်ချခြင်းပြုကြပါသည်။

**Matthew 3:7**

နှစ်ခြင်းဆရာယောဟန်ကဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အားမည်သို့ပြောသနည်း။
နှစ်ခြင်းဆရာယောဟန်ကဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အားနောင်တတရားနှင့်ဆိုင်သောအကျ

နှစ်ခြင်းဆရာယောဟန်ကဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အားမည်သည့်အရာတို့ကိုမတွေးဆရန်သတိပေးပြောသနည်း။

နှစ်ခြင်းဆရာယောဟန်ကဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အား အာဗြဟံသည်ငါတို့အဘဖြစ်သည်ဟုမထင်မှတ်ကြရန်သတိပေးပြောပါသည်။

## Matthew 3:10

ယောဟန်၏အဆိုအရ၊ ကောင်းသောအသီးကိုမသီးသောအပင်များအားမည်သို့ဖြစ်စေလိုသနည်း။

ယောဟန်ကကောင်းသောအသီးကိုမသီးသောအပင်များအားခုတ်လှဲ၍မီးထဲသို့ပစ်ချလိုက်ရန်ပြောပါသည်။

နှစ်ခြင်းဆရာယောဟန်နောက်မှကြွလာသူသည်မည်သို့တတ်စွမ်းသနည်း။

နှစ်ခြင်းဆရာယောဟန်နောက်မှကြွလာသူသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ မီးနှင့်၎င်း ဗတ္တိဇံနှစ်ခြင်းပေးခြင်းငှာတတ်စွမ်းပါသည်။

## Matthew 3:13

ယေရှုကယောဟန်အားသူ့ကိုနှစ်ခြင်းပေးရန်လက်ခံယုံကြည်အောင်မည်သို့ပြောသနည်း။

ယေရှုကအလုံးစုံသောတရားတော်တို့ကိုအကုန်အစင်ကျင့်သည်ဖြစ်၍ သူ့အားနှစ်ခြင်းပေးရန်ပြောပါသည်။

## Matthew 3:16

ယေရှုသည်ရေထဲမှထစဉ်မည်သည့်အရာကိုမြင်သနည်း။

ယေရှုသည်ရေထဲမှတက်သည့်အခါ၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်ပြီး ကိုယ်တော်အပေါ်မှာနားနေသည်ကိုမြင်ရပါသည်။

ယေရှုနှစ်ခြင်းကိုခံပြီးနောက်ကောင်းကင်မှမည်သို့ပြောသည့်အသံကိုကြားရသနည်း။

ဤသူကားငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း ဟုကောင်းကင်ကအသံတော်ကိုကြားရပါသည်။


generated on Tue Mar 12 16:35:02 2024

## Chapter 4

1 ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍၊ 2
ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ 3 ထိုအခါ
စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော် မှန်လျှင်၊ ဤကျောက်ခဲတို့ကို
မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။ 4 ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။
ဘုရားသခင် မိန့်တော်မူ သမျှ အားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ 5 ထိုအခါ မာရ်နတ်သည်
ယေရှုကို သန့်ရှင်းသောမြို့တော်သို့ဆောင်သွား၍ ဗိမာန်တော်၏အထွဋ်၌ တင်ထားပြီးလျှင်၊ 6 ကျမ်းစာလာသည်ကား၊
ကောင်းကင်တမန်တို့အားသင့်အဘို့ မှာထားတော်မူသည်ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကို
လက်နှင့်မစချီပင့်ကြလိမ့်မည်ဟုလာ၏။ ထိုကြောင့် ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကို အောက်သို့ချလိုက်တော်မူပါဟု
လျှောက်လေ၏။ 7 ယေရှုကလည်း သင်၏ဘုရားသခင်ထာဝရဘုရားကို သင်သည် အစုံအစမ်းမပြုရဟု ကျမ်းစာလာ ပြန်သည်ဟု
မိန့်တော်မူ၏။ 8 တဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ ရှိသမျှသော
တိုင်းနိုင်ငံတို့ကိုငှင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငှင်း ပြည့်နှန်၍၊ 9 ကိုယ်တော်သည် ငါ့ကို ညွတ်ပြပ်ကိုးကွယ်လျှင်
ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏။ 10 ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင်
ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။ 11 ထိုအခါ မာရ်နတ်သည်
အထံတော်မှထွက်သွား၍ ကောင်းကင်တမန်တို့သည် ချဉ်းကပ်လျက် လုပ် ကျွေးကြ၏။ 12 ယောဟန်သည်
ထောင်ထဲသို့ရောက်ကြောင်းကို ယေရှုသည်ကြားလျှင်၊ ဂါလိလဲပြည်သို့ ကြွတော်မူ၍၊ 13 နာဇရက်မြို့ကို စွန့်သွားလျက်၊ ဇာဗုလုန်ခရိုင်၊
နဿလိခရိုင်စပ်ကြားတွင် အိုင်နှင့်နီးစပ်သော ကပေရနောင်မြို့သို့ ရောက်၍ နေတော်မူ၏။ 14 ဤအကြောင်းအရာကား၊
ပရောဖက်ဟေရှာယ၏ နှုတ်ထွက်ပြည့်စုံမည်အကြောင်းတည်း။ 15 နှုတ်ထွက်အချက်ဟူမူကား၊ ဇာဗုလုန်ခရိုင်နှင့်
နဿလိခရိုင်တည်းဟူသော အိုင်နားရှောက်သောလမ်း၊ ယော်ဒန်မြစ်တဘက်၊ တပါးအမျိုးသားနေရာဂါလိလဲပြည်၊ 16
မှောင်မိုက်ထဲမှာရှိနေသော လူများတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍၊ သေမင်း၏နိုင်ငံအရိပ် တွင်ရှိနေသော သူတို့၌
အလင်းပေါ်ထွန်းလျက်ရှိ၏ဟု ဟောထားသတည်း။ 17 ထိုအခါမှစ၍ ယေရှုက၊ နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည်
တည်လုနီးပြီဟူသော တရားကို ဟောစပြုတော်မူ၏။ 18 ဂါလိလဲအိုင်နားမှာ ကြွတော်မူစဉ်၊ ပေတရုဟူ၍ခေါ်ဝေါ်သော ရှိမုန်နှင့်အန္ဒြေ၊
ညီအစ်ကို နှစ်ယောက်တို့သည် တံငါဖြစ်၍၊ အိုင်တွင် ပိုက်ကွန်ဖြန့်ချသည်ကို မြင်တော်မူလျှင်၊ 19 ထိုသူတို့အား
ငါ့နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကို မျှားသောတံငါဖြစ်စေခြင်းငှါ ငါပြု မည်ဟု အမိန့်တော်ရှိလေသော်၊ 20 ထိုသူတို့သည်
ချက်ခြင်း ပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော်သို့ လိုက်ကြ၏။ 21 ထိုမှလွန်လျှင် အခြားသောညီအစ်ကိုနှစ်ယောက်၊ ဇေဗေဒဲ၏သား
ယာကုပ်နှင့် ယောဟန်တို့သည် သူတို့အဘနှင့်အတူ လှေပေါ်မှာ ပိုက်ကွန်ပြင်နေသည်ကို မြင်၍ ခေါ်တော်မူ၏။ 22 ထိုသူတို့သည်လည်း
ချက်ခြင်းအဘနှင့်လှေကို စွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။ 23 ယေရှုသည် တရားစရပ်တို့၌ ဆုံးမဩဝါဒပေးလျက်၊
နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်၊ လူတို့တွင်အနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊ ဂါလိလဲပြည်
တပြည်လုံးကို ဒေသစာရီ လှည့်လည်တော်မူ၏။ 24 သိတင်းတော်သည်လည်း ရှုရိပြည်၌ အနှံ့အပြားကျော်စောသည်ဖြစ်၍
နတ်ဝင်သောသူ ဝက်ရူးစွဲသော သူ၊ လက်ခြေသေသောသူမှစသော အထူးထူးအပြားပြားသော အနာရောဂါစွဲ၍ မကျန်းမမာသောသူ
ရှိသမျှတို့ကို အထံတော်သို့ဆောင်ခဲ့ကြ၍၊ သူတို့၏ အနာရောဂါကို ငြိမ်းစေတော်မူ၏။ 25 ဂါလိလဲပြည်၊ ဒေကပေါလိပြည်၊
ယေရှုရှလင်မြို့မှစသော ယုဒပြည်၊ ယော်ဒန်မြစ်တဘက်မှ လာသော လူများအပေါင်းတို့သည် နောက်တော်သို့လိုက်ကြ၏။

---

### Matthew 4:1

ယေဘုယျအချက်အလက်

မာရ်နတ် သွေးဆောင်ဖြားယောင်းသော ကန္တာရတောထဲမှာ ယေရှုသည် ရက်ပေါင်း လေးဆယ် အချိန်ယူသော ဇာတ်ဝင်ခန်းအသစ်ကို ဤနေရာတွင် ပြန်လည်စတင်သည်။ အခန်းငယ် ၄တွင်၊ တရားဟောရာကျမ်းကို ကိုးကားပြီး ယေရှုသည် မာရ်နတ်အား ရှုတ်ချသည်။

ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍

အခြားသောဘာသာပြန်ဆိုချက် - "ဝိညာဉ်တော်မှ ယေရှုအား ခေါ်ဆောင်သည်"

မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း

အခြားသောဘာသာပြန်ဆိုချက် - "ထိုကြောင့် မာရ်နတ်သည် ယေရှုအား သွေးဆောင်ခြင်းအခွင့် ရသည်"

မာရ်နတ် ... စုံးစမ်းသွေးဆောင်သူ

ပုဂ္ဂိုလ်တစ်ဦးကို ရည်ညွှန်းသည်။ ထိုကြောင့် ထိုအမည်နာမနှစ်ခုတွင် မိမိနှစ်သက်ရာကို ရွေးချယ်ဘာသာပြန်ဆိုနိုင်သည်။

သူသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။

ယေရှုကို ရည်ညွှန်းသည်။

အရက်လေးဆယ်ပတ်လုံး

"နေ့ပေါင်းလေးဆယ်နှင့် ညပေါင်းလေးဆယ်"။ ၂၄ နာရီသောအချိန်ကာလကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ရက် ၄၀"

ကိုယ်တော်သည် ဘုရားသခင်၏သားတော် မှန်လျှင် ... အမိန့်ရှိတော်မူပါ။

ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို စာတန်သည် သိသည်။ ဖြစ်နိုင်ခြေများသောအဓိပ္ပါယ်များမှာ -

 generated on Tue Mar 12 16:35:02 2024

(၁) ယေရှုသည် မိမိကိုယ်ကျိုးအတွက် နိမိတ်လက္ခဏာပြစေခြင်းငှာ သွေးဆောင်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်သည် ဘုရားသခင်၏သားတော် ဖြစ်သောကြောင့် အမိန့်ပေးနိုင်တယ်" သို့မဟုတ် (၂) စိန်ခေါ်ချက် သို့မဟုတ် စွပ်စွဲချက် ဖြစ်သည်။ အခြားသောပြန်ဆိုချက် - "အမိန့်ပေးခြင်းအားဖြင့် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း သက်သေပြပါ"။

ဘုရားသခင်၏ သားတော်
ယေရှုနှင့် ဘုရားသခင်၏ စပ်ကြားတွင် အရေးကြီးသော ဆက်စပ်မှုကို ဖေါ်ပြခြင်းဖြစ်သည်။

ဘုရားသခင်၏ သားတော်
ယေရှု၏ အရေးပါသော ဘွဲ့နာမ ဖြစ်သည်။

ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါ
သင်သည် ဤစကားလုံးကို တိုက်ရိုက် ဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "'မုန့်ဖြစ်လာပါ'လို့ 'ကျောက်ခဲကို ပြောလိုက်ပါ"။

မုန့်
ဤနေရာတွင် "အစာ"ဟုပြောသော အရာသည် အစာဟူသမျှကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် -

ကျမ်းစာလာသည်
အခြားသောဘာသာပြန်ဆိုချက် - "ထိုအကြောင်းအရာကို မောရှေမှ လွန်လေပြီးသောအချိန်တွင် ရေးသားခဲ့သည်"

လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။
ဤအချက်မှ အစာထက် အသက်မြတ်ကြောင်း ဖေါ်ပြသည်။

ဘုရားသခင် မိန့်တော်မူ သမျှ အားဖြင့် အသက်ကိုမွေးရမည်။
ဤနေရာတွင် "စကား"နှင့် "ပါးစပ်"သည် ဘုရားပြောသောစကားကို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရား ပြောဆိုသောအရာကို နားထောင်ခြင်းအားဖြင့်"။

## Matthew 4:5

ယေဘုယျအချက်အလက်
အခန်းငယ် ၆တွင် စာတန်သည် ယေရှုကို သွေးဆောင် ဖြားယောင်းခြင်းငှာ ဆာလံကျမ်းကို ကိုးကားသည်။

ဘုရားသခင်၏ သားတော်မှန်လျှင် ကိုယ်ကို အောက်သို့ချလိုက်တော်မူပါ
စာတန်သည် ယေရှုကို ဘုရားသားတော်ဖြစ်ကြောင်းကို သိသည်။ ဖြစ်နိုင်ခြေများသောအဓိပ္ပါယ်များမှာ - (၁) ယေရှုသည် မိမိကိုယ်ကျိုးအတွက် နိမိတ်လက္ခဏာပြစေခြင်းငှာ သွေးဆောင်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "သင်သည် ဘုရားသခင်၏သားတော် အမှန်ဖြစ်လျှင် အောက်သို့ ခုန်ဆင်းပါ" သို့မဟုတ် (၂) စိန်ခေါ်ချက် သို့မဟုတ် စွပ်စွဲချက် ဖြစ်သည်။ အခြားသောပြန်ဆိုချက် - "ကိုယ်ကို အောက်သို့ ခုန်ဆင်းခြင်းအားဖြင့် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေပြပါ" (UDB)။

ဘုရားသခင်၏ သားတော်
ယေရှုနှင့် ဘုရားသခင်၏ စပ်ကြားတွင် အရေးကြီးသော ဆက်စပ်မှုကို ဖေါ်ပြခြင်းဖြစ်သည်။

ကိုယ်ကို အောက်သို့ချလိုက်တော်မူပါ
"ကိုယ်တိုင် အောက်သို့ ခုန်ဆင်းပါ" သို့မဟုတ် "ခုန်ချပါ"

ကျမ်းစာလာသည်
ဤဝေါဟာရကို ပြုလုပ်သူဖြင့် ဖေါ်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုအကြောင်းအရာကို ကျမ်းစာ၌ ရေးသားထားခဲ့ပြီ" သို့မဟုတ် "ထိုအကြောင်းအရာကို ကျမ်းစာတွင် မိန့်ဆိုခဲ့သည်"

ကောင်းကင်တမန်တို့အားသင့်အဘို့ မှာထားတော်မူသည်
"ကောင်းကင်တမန်တို့အား သင့်အဘို့ မှာထားတော်မူသည်"။ အခြားသောဘာသာပြန်ဆိုချက် - "'သူ့ကို ဂရုစိုက်ပါ' လို့ ဘုရားသခင်မှ ကောင်းကင်တမန်များကို ပြောမည်"

သူတို့သည်သင့်ကို လက်နှင့်မစ ချီပင့်ကြလိမ့်မည်။
"ကောင်းကင်တမန်များသည် သင့်ကို ဆုပ်ကိုင်ထားမည်"

## Matthew 4:7

ယေဘုယျအချက်အလက်
အခန်းငယ် ၇ တွင် တရားဟောရာကျမ်းမှ အခြားသောကျမ်းချက်ကို ကိုးကားပြီး ယေရှုသည် စာတန်အား ရှုတ်ချသည်။

ကျမ်းစာလာ ပြန်သည်ဟု မိန့်တော်မူသည်
ယေရှုသည် ကျမ်းစာကို ထပ်မံကိုးကားပြန်သည်ဟု နားလည်ရသည်။ အခြားသောဘာသာပြန်ဆိုချက် - "မောရှေ ရေးသားထားသော ကျမ်းကို မင်းကို ငါထပ်ပြောပြမယ်"

သင်သည် အစုံအစမ်းမပြုရ
ဤနေရာတွင် "သင်"ဟူသော စကားလုံးသည် လူသားအားလုံးကို ဆိုလိုခြင်းဖြစ်သည်။ "စုံစမ်းခြင်း မပြုသင့်ဘူး" သို့မဟုတ် "မည်သူကမျှ မစုံစမ်းသင့်ဘူး"

တဖန်မာရ်နတ်သည်
"ပြီးနောက် မာရ်နတ်သည်"

သူသည် ချဉ်းကပ်၍၊
"မာရ်နတ်သည် ယေရှုအား ပြောသည်"

ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏
"ထိုအရာအားလုံးကို သင့်ကို ငါပေးမယ်"။ ဖျားယောင်းသောသူမှ ချို့သောအရာမဟုတ်ဘဲ "ထိုအရာအားလုံး" ကို ပေးမည်ဟု အသားပေးဆိုခြင်းဖြစ်သည်။

## Matthew 4:10

ဆက်စပ်အကြောင်းအရာ
စာတန်မှ ယေရှုအား သွေးဆောင်ဖျားယောင်းသော ဇာတ်ဝင်ခန်း၏ နိဂုံးဖြစ်သည်။

ယေဘုယျအချက်အလက်
အခန်းငယ် ၁၀ တွင် တရားဟောရာကျမ်းမှ အခြားသောကျမ်းချက်ကို ကိုးကားပြီး ယေရှုသည် စာတန်အား ရှုတ်ချသည်။

ကျမ်းစာလာသည်
အခြားသောဘာသာပြန်ဆိုချက် - "ထိုအကြောင်းအရာကို ကျမ်းစာ၌ မောရှေ ရေးသားထားခဲ့ပြီ"

သင်၏
ဤနေရာတွင် "သင်" ဟူသည့် စကားလုံးသည် အားလုံးကို ဆိုလိုသည်။

ကြည့်ကြပါ
ဤနေရာတွင် ဖေါ်ပြထားသော "ကြည့်ကြလော့" ဆိုသည့် စကားလုံးသည် အံ့အားသင့်စရာဖြစ်သော သတင်းအချက်အလက် အသစ်တစ်ခုကို အာရုံစိုက်ရန် သတိပေးခြင်းဖြစ်သည်။

### Matthew 4:12

ယေဘုယျအချက်အလက်
ဂါလိလဲတွင် ယေရှုအမှုတော်မြတ် စတင်ခြင်းကို စာရေးသူမှ ဖေါ်ပြထားသော ဇာတ်ဝင်ခန်းအသစ် ဖြစ်သည်။ ဤကျမ်းပိုဒ်များမှ ယေရှုသည် ဂါလိလဲသို့ သွားရောက်ခဲ့ခြင်းကို ဖေါ်ပြသည်။

ယခု
ဇာတ်ကြောင်းကို ခေတ္တရပ်နားစေခြင်းအနေဖြင့် ထိုစကားလုံးကို အသုံးပြုခြင်းဖြစ်သည်။ ဤနေရာတွင် ရှင်မဿဲမှ ဇာတ်ဝင်ခန်းအသစ်ကို စတင်မိတ်ဆက်ပေးခြင်းဖြစ်သည်။

ယောဟန်သည် ထောင်ထဲသို့
ဤဝေါဟာရကို ပြုလုပ်သူဖြင့် ဖေါ်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ထိုရှင်ဘုရင်မှ ယောဟန်အား ထောင်ချသည်"

ဇာဗုလုန်ခရိုင်၊ နဿလိခရိုင်စပ်ကြားတွင်
တိုင်းတပါးသားများမှ ကြာသရေလတိုင်းပြည်အား မသိမ်းပိုက်မီ အစောပိုင်း နှစ်များစွာတွင် ထိုဒေသတွင် နေထိုင်ကြသော လူမျိုးနွယ်စုများ၏ အမည်နာမများဖြစ်သည်။

### Matthew 4:14

ယေဘုယျအချက်အလက်
အခန်းငယ် ၁၅၊ ၁၆ တွင် ယေရှုသည် ဂါလိလဲပြည်တွင် အမှုဆောင်မည့် ပရောဖက်ပြုချက်ပြည့်စုံမည် အကြောင်း ပရောဖက်ဟေရှာယ ရေးသားထားချက်ကို စာရေးသူမှ ကိုးကားဖေါ်ပြသည်။

ဤအကြောင်းအရာကား
ကပေရနောင်တွင် ယေရှုနေထိုင်မည့်အကြောင်းကို ရည်ညွှန်းသည်။

နှုတ်ထွက်အချက်ဟူမူကား
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်ပြောသောစကားသည်"

ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင် ... တပါးအမျိုးသားနေရာဂါလိလဲပြည်၊
ထိုနယ်မြေများအားလုံးသည် နေရာတစ်ခုတည်းဖြစ်သည်။ ပြည့်စုံသော ဝါကျတစ်ခုတည်းဖြင့် ဘာသာပြန် နိုင်သည်။ အခြားဘာသာပြန်ဆိုချက် - "ဇာဗုလုန်နှင့် နဿလိနယ်မြေ ... ဂါလိလဲပြည်တွင် တပါးအမျိုးသားများ နေထိုင်ကြသည်"။

အိုင်နားရောက်သောလမ်း
ဂါလိလဲအိုင်ကို ဆိုလိုသည်။

မှောင်မိုက်ထဲမှာရှိနေသော လူများတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍
ဤနေရာတွင် "အမှောင်"ဟု ဆိုခြင်းသည် ဘုရားသခင်နှင့်ကင်းကွာစေသော ကိုယ်ကျင့်တရား အမိုက်မှောင်ဖုံးခြင်း သို့မဟုတ် အပြစ်ကို ဆိုလိုသည်။

သေမင်း၏နိုင်ငံအရိပ် တွင်ရှိနေသော သူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏ဟု ဟောထားသတည်း
ဝါကျ၏ပထမအပိုင်းနှင့်အဓိပ္ပါယ်တူညီသည်။ ဤနေရာတွင် "နယ်ပယ်နှင့် သေမင်းအရိပ်"ဆိုသည်မှာ ဝိညာဉ်ရေးရာသေခြင်း သို့မဟုတ် ဘုရားနှင့် ကွဲကွာခြင်းကို ဆိုလိုသည်။

### Matthew 4:17

နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ
"ကောင်းကင်နိုင်ငံတော်"ဆိုသည် စကားစုသည် ဘုရင်အဖြစ် ဘုရားသခင်၏ အုပ်စိုးခြင်းကို ဆိုလိုသည်။ ဤစကားစုသည် ရှင်မဿဲခရစ်ဝင်ကျမ်းတွင်သာ ဖေါ်ပြထားသည်။ ဖြစ်နိုင်လျှင် "ကောင်းကင်"ဟု သင်၏ ဘာသာပြန်ဆိုခြင်းတွင် အသုံးပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်တော်တို့၏ ဘုရားသခင်သည် များမကြာမီ ရှင်ဘုရင်ဖြစ်ကြောင်း ဖေါ်ပြလာလိမ့်မည်"။

### Matthew 4:18

ယေဘုယျအချက်အလက်
ယေရှု၏ ဂါလိလဲပြည်တွင် အမှုတော်ဆောင်ခြင်း ဇာတ်ဝင်သစ်ကို အစပြုဖေါ်ပြသည်။ လူများကို သူ၏ တပည့်တော်ဖြစ်စေခြင်းငှာ စတင်စုစည်းသည်။

အိုင်တွင် ပိုက်ကွန်ဖြန့်ချသည်
ထုတ်ဖေါ်ပြောဆိုချက်ကို ပြီးပြည့်စုံသော အဓိပ္ပါယ်ဖြင့် ဖေါ်ပြသည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါးကိုဖမ်းကို ပိုက်ကွန်ကို ရေထဲသို့ ပစ်လိုက်ပါ"

ငါ့နောက်သို့လိုက်ကြလော့
ယေရှုမှ ရှိမုန်နှင့် အန္ဒြေအား ငါ့နောက်သို့လိုက်၍ ငါနှင့်အတူနေထိုင်လျက် ငါ့တပည့်ဖြစ်ကြလော့ဟု ဖိတ်ခေါ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါတပည့်ဖြစ်ကြလော့"။

သင်တို့သည် လူကို မျှားသောတံငါဖြစ်စေခြင်းငှါ ငါပြု မည်
ရှိမုန်နှင့် အန္ဒြေမှ ဘုရားသခင်၏သတင်းစကားအမှန်ကို လူများအား သွန်သင်ခြင်းဖြင့် လူများစွာသည် ယေရှုနောက်တော်သို့ လိုက်မည့်အကြောင်း ခိုင်းနိုင်းပြောဆိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ငါးများကို သင်စုသိမ်းသကဲ့သို့ လူများကိုလည်း ငါ့ထံသို့ စုသိမ်းရန်အလို့ငှာ သင့်ကို ငါသွန်သင်မည်"။

### Matthew 4:21

ဆက်စပ်အကြောင်းအရာ
ယေရှုမှ သာ၍ များစွာသော သူများကို တပည့်တော်ဖြစ်စေခြင်းငှာ ဖိတ်ခေါ်သည်။

ထိုသူတို့ကို ခေါ်တော်မူ၏
"ယေရှုမှ ယောဟန်နှင့်ယာကုပ်အား ခေါ်တော်မူသည်"။ ဤစကားစုသည် ယေရှုမှ ထိုသူတို့ကို နောက်သို့လိုက်၍ သူနှင့်အတူ နေထိုင်ပြီး သူ၏ တပည့်တော်ဖြစ်ရန် ဖိတ်ခေါ် ခြင်းကို ဆိုလိုသည်။


generated on Tue Mar 12 16:35:02 2024

ချက်ခြင်း
ထိုအချိန်မှာပင်

လှေကို စွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏
ဘဝနှင့်ဆိုင်သော ပြောင်းလဲခြင်းဖြစ်ကြောင်း သေချာသည်။ ထိုသူများသည် ကျန်ရှိနေသော လူ့ဘဝတွင် မိသားစုအရေးကို စွန့်လျှက် ယေရှုနောက်လိုက်သောသူများဖြစ်သောကြောင့် သူတို့သည် ဘယ်တော့မှ ငါးဖမ်းသောသူများ ဖြစ်တော့မည် မဟုတ်ပေ။

**Matthew 4:23**

ဆက်စပ်အကြောင်းအရာ
ယေရှုသည် ဂါလိလဲပြည်တွင် အမှုဆောင်ခြင်း၏အစကို ဖေါ်ပြထားသော အကြောင်းအရာ၏ အဆုံးဖြစ်သည်။ ဤအခန်းငယ်များတွင် သူ၏လုပ်ဆောင်မှုနှင့် လူများ၏ တုန့်ပြန်မှုကို အကျဉ်းချုံးပြီး ဖေါ်ပြထားသည်။

တရားစရပ်တို့၌ ဆုံးမသြဝါဒပေးလျက်
"ဂါလိလဲမြို့သားများ၏ တရားဇရပ်များတွင် သွန်သင်ခြင်း" သို့မဟုတ် "ထိုသူများ၏ တရားဇရပ်များတွင် သွန်သင်ခြင်း"

နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်
ဤနေရာတွင် "နိုင်ငံတော်"ဟု ဆိုခြင်းသည် ရှင်ဘုရင်ကဲ့သို့ ဘုရား၏ အုပ်စိုးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် သူ့ကိုယ်သူ ရှင်ဘုရင်ဖြစ်ကြောင်းဖေါ်ပြမည့် သတင်းကောင်းကို ဟောကြားခြင်းဖြစ်သည်"

အနာရောဂါအမျိုးမျိုး
"ရောဂါ"နှင့် "နာမကျန်းဖြစ်ခြင်း"သည် ဆင်တူရိုးမှား စကားလုံးဖြစ်သော်လည်း ဖြစ်နိုင်လျှင် ဤနေရာတွင် သီးခြားစီ ဘာသာပြန်ဆိုသင့်သည်။ "ရောဂါ"သည် လူတစ်ဦးအား နာမကျန်းဖြစ်စေသော အရာဖြစ်သည်။

မကျန်းမာခြင်း
ရောဂါကြောင့် ခန္ဓာကိုယ်အားနည်းခြင်း သို့မဟုတ် ဝေဒနာဖြစ်လာသည်။

နတ်ဝင်သောသူ
အခြားသောဘာသာပြန်ဆိုချက် - "နတ်၏ပိုင်ဆိုင်မှုကို ခံရသူ" သို့မဟုတ် "နတ်၏ ထိန်းချုပ်မှုကို ခံရသူ"

ဝက်ရူးစွဲသောသူ
"ဖမ်းချုပ်ခြင်းခံရသူများ" သို့မဟုတ် "ဝတ်ရူးပြန်ရောဂါရှိသူများ"

လက်ခြေသေသောသူ
"လမ်းမလျှောက်နိုင်သော သူများ"

ဒေကပေါလိပြည်
"မြို့ဆယ်မြို့"ကို ဆိုလိုသည်

## Translation Questions

**Matthew 4:1**

စာတန်၏စုံစမ်းခြင်းကိုခံစေရန်ယေရှုအားမည်သူကတောသို့ပို့ဆောင်သနည်း။
တော၌စာတန်၏စုံစမ်းခြင်းကိုခံစေရရန်ယေရှုအားသန့်ရှင်းသောဝိညာဉ်တော်ကပို့ဆောင်ပါသည်။

ယေရှုသည်တောထဲ၌အစာမစားဘဲမည်မျှကြာအောင်နေသနည်း။
ယေရှုသည်တောထဲ၌နေ့၊
ညရက်ပေါင်းလေးဆယ်အစာမစားဘဲနေပါသည်။

ပထမစုံစမ်းခြင်းကိုယေရှုကမည်သို့ဖြေသနည်း။
ယေရှုကလူသည်မုန့်အားဖြင့်သာအသက်ရှင်ရမည်မဟုတ်။
ဘုရားသခင်မိန့်မြွက်သမျှအားဖြင့်အသက်ရှင်ရမည်ဟုဖြေပါသည်။

စာတန်ကယေရှုအားပထမအကြိမ်မည်ကဲ့သို့ဖြားယောင်းသွေးဆောင်သနည်း။
စာတန်ကယေရှုအားပထမအကြိမ်ကျောက်ခဲမှမုန့်ဖြစ်စေရန်ဖြားယောင်းသွေးဆောင်ပါသည်။

**Matthew 4:5**

စာတန်ကယေရှုအားဒုတိယအကြိမ်မည်သို့သွေးဆောင်သနည်း။
စာတန်ကယေရှုအားဒုတိယအကြိမ်အဖြစ်ဗိမာန်တော်အပေါ်မှအောက်သို့ခုန်ချရန်သွေးဆောင်ပါသည်။

**Matthew 4:7**

ဒုတိယစုံစမ်းခြင်းအတွက်ယေရှုကမည်သို့ဖြေကြားသနည်း။
ဒုတိယစုံစမ်းခြင်းအတွက် ယေရှုက
သင်၏ဘုရားသခင်ထာဝရဘုရားအားစုံစမ်းခြင်းမပြုရဟုဖြေကြားပါသည်။

စာတန်ကယေရှုအားတတိယအကြိမ်မည်သို့သွေးဆောင်သနည်း။
စာတန်ကယေရှုအားသူ့ကိုပြပ်ဝပ်ကိုးကွယ်လျှင်တိုင်းနိုင်ငံတို့နှင့်တကွ
ထိုတိုင်းပြည်တို့၏ဘုန်းစည်းစိမ်တို့ကိုပါပေးမည်ဟုသွေးဆောင်ပါသည်။

**Matthew 4:10**

ယေရှုကတတိယသွေးဆောင်ခြင်းကိုမည်သို့တုံ့ပြန်သနည်း။
ယေရှုကသင်၏ဘုရားသခင်ထာဝရဘုရားကိုသာကိုးကွယ်ဝတ်ပြုရမည်ဟုတတိယ

**Matthew 4:14**

ယေရှုသည်ဂါလိလဲပြည်၊
ကပေရနောင်မြို့သို့ပြောင်းရွှေ့ခြင်းသည်မည်ကဲ့သို့ပြည့်စုံစေသနည်း။
ပရောဖက်ဟေရှာယ၏နှုတ်ထွက်ပြည့်စုံစေခြင်းမှာဂါလိလဲပြည်သားတို့သည်ကြီးစွ

**Matthew 4:17**

ယေရှုသည်မည်သည့်တရားကိုစ၍ဟောကြားသနည်း။
ယေရှုကနောင်တရကြရန်နှင့်ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဖြစ်ကြောင်းဤတ

**Matthew 4:18**

ပေတရုနှင့်အန္ဒြေတို့သည်မည်ကဲ့သို့သက်မွေးကျောင်းကြသနည်း။
ပေတရုနှင့်အန္ဒြေတို့သည်တံငါလုပ်ငန်းဖြင့်သက်မွေးဝမ်းကျောင်းပြုကြပါသည်။

ယေရှုကပေတရုနှင့်အန္ဒြေတို့အားဘာလုပ်ရန်ပြောသနည်း။
ယေရှုကပေတရုနှင့်အန္ဒြေတို့အားလူကိုမျှားသောတံငါဖြစ်စေရန်ပြောပါသည်။


generated on Tue Mar 12 16:35:02 2024

### Matthew 4:21

ယာကုပ်နှင့်ယောဟန်တို့သည်မည်သို့သက်မွေးဝမ်းကျောင်းပြုကြသနည်း။
ယာကုပ်နှင့်ယောဟန်တို့သည်တံငါသည်များအဖြစ်သက်မွေးဝမ်းကျောင်းပြုကြပါသည်။

### Matthew 4:23

ထိုအချိန်ကယေရှုသည်မည်သည့်အရပ်၌ဟောပြောသွန်သင်နေသနည်း။
ထိုအချိန်ကယေရှုသည်တရားစရပ်တို့၌ဟောပြောသွန်သင်နေပါသည်။

မည်သို့သောသူများကိုယေရှုထံသို့ဆောင်ခဲ့ကြပြီး၊ ယေရှုကထိုသူတို့ကိုမည်သို့လုပ်ပေးသနည်း။
ဖျားနာသောသူများနှင့်နတ်ဆိုးစွဲသောသူများကိုယေရှုထံသို့ဆောင်ခဲ့ကြပြီး၊ ယေရှုကထိုသူတို့အားပျောက်ကင်းကျန်းမာခြင်းအခွင့်ကိုပေးပါသည်။

ထိုအချိန်၌ယေရှုနောက်တော်သို့လိုက်သောသူမည်မျှရှိသနည်း။
လူစုလူဝေးအပေါင်းတို့သည်ယေရှုနောက်တော်သို့လိုက်ကြပါသည်။


generated on Tue Mar 12 16:35:02 2024

## Chapter 5

1 ထိုလူအပေါင်းတို့ကို မြင်လျှင်၊ ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ ထိုင်တော်မူသောအခါ၊ တပည့် တော်တို့သည်
ကိုယ်တော်ရင်းသို့ ချဉ်းကပ်ကြ၏။ 2 ထိုအခါ နှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား ဆုံးမဩဝါဒပေးတော်မူသည်မှာ၊ 3
စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူ တို့၏ နိုင်ငံဖြစ်၏။ 4
စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်း သို့ ရောက်ကြလတံ့။ 5
စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။ 6
ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့ သည် ဝပြောခြင်းသို့
ရောက်ကြလတံ့။ 7 သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်း ကို
ခံကြလတံ့။ 8 စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။ 9
သူတပါးချင်း ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည်
ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။ 10 ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှဥ်းဆဲခြင်းကို
ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။ 11 ငါ့ကြောင့် သင်တို့ကို
ကဲ့ရဲ့ညှဥ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ 12 ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။
အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှ ပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို
ထိုနည်းတူညှဥ်းဆဲကြပြီ။ 13 သင်တို့သည် ဤလောက၏ ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို
အဘယ်သို့ ရပြန်မည်နည်း။ ပြင်သို့ ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။ 14 သင်တို့သည် ဤလောက၏
အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သော မြို့ကို မကွယ်နိုင်။ 15 ဆီမီးထွန်း၍ တောင်းဇလားအောက်၌ ဖုံးထားလေ့မရှိ။
အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှါ ဆီမီးခုံပေါ်မှာ တင်ထားလေ့ရှိ၏။ 16 ထိုနည်းတူ၊ သူတပါးတို့သည်
သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါး
ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။ 17 ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။
ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။ 18 ငါအမှန်ဆိုသည်ကား၊ ကောင်းကင်နှင့်
မြေကြီးမပျက်စီးမှီတိုင်အောင်၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံးဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ။ 19
ထိုကြောင့် အကြင်သူသည်၊ အငယ်ဆုံးသောပညတ်တခုကို ကိုယ်တိုင်လွန်ကျူး၍ သူတပါးတို့အား လည်း ထိုအတူသွန်သင်၏။
ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူဖြစ်လိမ့်မည်။ အကြင်သူ သည် ကိုယ်တိုင်ကျင့်၍ သူတပါးတို့အားလည်း
သွန်သင်၏။ 20 ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီးသောသူဖြစ်လိမ့်မည်။ သင်တို့ ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့်
ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက် မလွန်မသာလျှင်၊ သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရကြဟု ငါအမှန်ဆို၏။ 21
လူအသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ် စကားကို သင်တို့ကြားရပြီ။
22 ငါပညတ်သည်ကား၊ ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်း ကို ခံထိုက်ပေ၏။
ညီအစ်ကိုကို ကဲ့ရဲ့သောသူသည် လွှတ်တော်၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟန္နာအရပ်၌
မီးရှို့ခြင်းကို ခံထိုက်ပေ၏။ 23 ထိုကြောင့် သင်သည်ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌
အပြစ်တင်ခွင့် တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ 24 ညီအစ်ကိုနှင့်
သင့်တင့်ပြီးမှ ပြန်၍ ပူဇော်သက္ကာကို တင်လော့။ 25 တရားတွေ့ဘက်နှင့်အတူ လမ်း၌သွားစဉ်တွင်ပင်၊ သူ၏စိတ်ကို ပြေစေခြင်းငှါ
အလျင်အမြန်ပြုလော့။ သို့မဟုတ် တရားတွေ့ဘက်သည် တရားသူကြီး၌ အပ်မည်။ တရားသူကြီးသည်လည်း လုလင်ခေါင်း၌အပ်၍
ထောင်ထဲ၌ လှောင်ထားမည်။ 26 လျော်ပြစ်ငွေ ရှိသမျှကို မလျော်မှီတိုင်အောင် ထောင်ထဲကမထွက်ရဟု ငါအမှန်ဆို၏။ 27
သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ 28 ငါပညတ်သည်ကား ကိလေသာစိတ်နှင့်
သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။ 29 ထိုကြောင့် လက်ျာမျက်စိဖြစ်သော်လည်း
သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကိုထုတ်ပစ်လော့။ တကိုယ်လုံး ငရဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါတခုပျက်သော်
သာ၍ကောင်း၏။ 30 ထိုနည်းတူ လက်ျာလက်ဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုလက်ကိုဖြတ်ပစ်လော့။ တကိုယ်လုံး
ငရဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါတခုသာ ပျက်သော်သာ၍ကောင်း၏။ 31 တဖန်တုံ၊ မယားနှင့်ကွာလိုလျှင် ဖြတ်စာကို
အပ်ပေးစေဟူသော ပညတ်စကားရှိပြီ။ 32 ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့်
မိမိမယားနှင့် ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏။ ကွာသောမိန်းမနှင့် စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကို
ပြစ်မှား၏။ 33 တဖန်တုံ၊ မဟုတ်မမှန်ဘဲလျက် ကျိန်ဆိုခြင်းကိုမပြုရ။ ကျိန်ဆိုခြင်းကို ပြုသည်အတိုင်း ထာဝရဘုရား ရှေ့တော်၌
တည်စေလော့ဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ 34 ငါပညတ်သည်ကား၊ ကျိန်ဆိုခြင်းကို အလျင်းမပြုရ။
ကောင်းကင်ဘုံကို တိုင်တည်၍မကျိန်ရ။ ကောင်းကင်ဘုံကား ဘုရားသခင်၏ ပလ္လင်တော်ဖြစ်သတည်း။ 35 မြေကြီးကို
တိုင်တည်၍မကျိန်ရ။ မြေကြီးကား ဘုရားသခင်၏ ခြေတော်တင်ရာ ခုံဖြစ်သတည်း။ ယေရုရှလင်မြို့ကို တိုင်တည်၍မကျိန်ရ။
မဟာမင်းကြီး၏မြို့တော် ဖြစ်သတည်း။ 36 ဆံခြည်တပင်ကိုမျှ ဖြူစေခြင်း၊ မည်းစေခြင်းငှါမတတ်နိုင်သော်၊
ကိုယ်ဦးခေါင်းကိုတိုင်တည်၍ မကျိန်ရ။ 37 သင်၏စကားမှာ ဟုတ်သည်ကိုအဟုတ်၊ မဟုတ်သည်ကို မဟုတ်ဖြစ်စေလော့။ ဤထက်
လွန်သော စကားသည် မကောင်းသောအရာနှင့် စပ်ဆိုင်ပေ၏။ 38 သူ့မျက်စိကို ဖျက်လျှင် ကိုယ်မျက်စိဖျက်ခြင်းကိုခံစေ။
သူ့သွားကိုချိုးလျှင် ကိုယ်သွားချိုးခြင်းကို ခံစေ ဟူသော ပညတ်စကားကို သင်တို့ကြားရပြီ။ 39 ငါပညတ်သည်ကား၊
နှောင့်ရှက်သောသူကို မဆီးမတားနှင့်။ သင်၏ ပါးတဘက်ကို သူတပါးပုတ်လျှင် ပါးတဘက်ကို လှည့်၍ပေးဦးလော့။ 40 သင့်အင်္ကျီကို

 generated on Tue Mar 12 16:35:02 2024

ယူလို၍ တရားတွေ့သောသူအား သင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။ 41 အကြင်သူသည် သင့်ကို အနိုင်ပြု၍
ခရီးတတိုင်သွားစေ၏။ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။ 42 တောင်းသောသူအားပေးလော့။ ချေးငှါးလိုသောသူကိုလည်း
မငြင်းမပယ်နှင့်။ 43 ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကို မုန်းလော့ဟူသောပညတ်စကားကို သင်တို့ ကြား ရပြီ။ 44
ငါပြညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသော ငှါ။ သင်တို့၏ရန်သူတို့ကို
ချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်း သောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို
နှောင့်ရှက်ညှဥ်းဆဲသောသူတို့အတို့ ဘုရားသခင်ကို ဆုတောင်း ကြလော့။ 45 အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော
သင်တို့အဘသည်၊ ကောင်းသောသူမကောင်း သောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ
မဖြောင့်မတ်သောသူတို့ အပေါ်၌ မိုဃ်းကို ရွာစေတော်မူ၏။ 46 သင်တို့ကို ချစ်သောသူတို့အားသာ ချစ်တုံ့ပြုလျှင်
အဘယ်ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင် ဤ မျှလောက်ပြုကြသည် မဟုတ်လော။ 47 အဆွေအမျိုးတို့အားသာ
လောကဝတ်ပြုလျှင် အဘယ်သို့ထူးမြတ်သနည်း။ သာသနာပလူတို့ပင် ထို အတူ ပြုကြသည်မဟုတ်လော။ 48 ထို့ကြောင့်
ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့ သည်လည်း စုံလင်ခြင်းရှိကြလော့။

---

### Matthew 5:1

ဆက်စပ်အကြောင်းအရာ
ဤအပိုင်းတွင် ယေရှုမှ သူ၏ တပည့်တော်များကို စတင်သွန်သင်ခြင်း ဇာတ်ဝင်သစ်ကို ဖေါ်ပြသည်။ အခန်း ၇ အဆုံးပိုင်းအထိ ထိုအကြောင်းအရာကို ဖေါ် ပြပြီး ထိုအရာကို တောင်ပေါ်ဒေသနာဟု ခေါ်သည်။

ယေဘုယျ အချက်အလက်
အခန်းငယ် ၃ တွင် မင်္ဂလာရှိသော သူများ၏ ဂုဏ်အင်္ဂါ လက္ခဏာကို အစပြုဖေါ် ပြသည်။

နှုတ်တော်ကိုဖွင့်၍
ထူးခြားသော ဝေါဟာရအသုံးအနှုံးကို အသုံးပြုထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ယေရှုသည် စကား စတင်ပြောဆိုခဲ့သည်"

ဆုံးမဩဝါဒပေးတော်မူသည်
"သူတို့"ဆိုသည့် ဝေါဟာရသည် တပည့်တော်များကို ရည်ညွှန်းခြင်းသည်။

စိတ်နှလုံးနှိမ့်ချသောသူတို့
စိတ်နှိမ့်ချသော သူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "မိမိကိုယ်ကိုယ်မိမိ ဘုရားသခင်လိုအပ်ကြောင်း သိသောသူများ"

အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူ တို့၏ နိုင်ငံဖြစ်၏
ဤနေရာတွင် "ကောင်းကင်နိုင်ငံတော်"ဟု ဆိုခြင်းသည် ဘုရားသခင်မှ ရှင်ဘုရင်ကဲ့သို့ အုပ်စိုးခြင်းကို ဆိုလိုသည်။ ထိုစကားစုကို ရှင်မဿဲခရစ်ဝင်ကျမ်းတွင်သာ တွေ့ရှိရသည်။ ဖြစ်နိုင်လျှင် သင်၏ဘာသာပြန်ဆိုခြင်းတွင် "ကောင်းကင်ဘုံ"ဟု ဘာသာပြန်ဆိုပါ။ အခြားသောဘာသာပြန်ဆိုချက် - "အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင်သည် သူတို့၏ရှင်ဘုရင်ဖြစ်လာလိမ့်မည်"

စိတ်မသာညည်းတွားသောသူတို့
သူတို့ဝမ်းနည်းရသော ဖြစ်နိုင်ခြေ အကြောင်းတရားများကတော့ - (၁) အပြစ်တရားနှင့် ပြည့်နှက်နေသောလောက။ (၂) သူတို့ပြုလုပ်သော အပြစ် သို့မဟုတ် (၃) တစ်စုံတစ်ဦး၏ သေဆုံးခြင်း။

သူတို့သည် သက်သာခြင်းသို့ ရောက်ကြလတံ့
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် သူတို့အား နှစ်သိမ့်ခြင်းကို ပေးမည်"

### Matthew 5:5

စိတ်နူးညံ့သိမ်မွေ့သောသူတို့
"နူးညံ့သောသူများ" သို့မဟုတ် "မိမိအစွမ်းသတ္တိကို အားထားသောသူ မဟုတ်သူများ"

သူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့
"ဘုရားသခင်သည် ထိုသူတို့အား လောကတစ်ခွင်လုံးကို ပေးမည်"

ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်မွတ်သောသူများ
အမှန်တရားကို လုပ်ဆောင်ရန် ဆန္ဒပြင်းပြသောသူကို ခိုင်းနှိုင်းဖေါ် ပြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အစာနှင့်ရေကို ဆာငတ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ အသက်ရှင်နေထိုင်ရန် ဆာငတ်ခြင်း"

သူတို့ သည် ဝပြောခြင်းသို့ ရောက်ကြလတံ့
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်သည် သူတို့အား ဖြည့်ဆည်း ပေးမည်" သို့မဟုတ် "ဘုရားသခင်သည် သူတို့အား ကျေနပ်စေမည်"

စိတ်နှလုံးဖြူစင်သောသူတို့
"စိတ်နှလုံးဖြူစင်သော သူတို့"ဟု ဤနေရာတွင် ပြောဆိုခြင်းတွင် "စိတ်နှလုံး" ဆိုသည့် ဝေါဟာရသည် လူတစ်ဦး၏ ဆန္ဒကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်တစ်ပါးတည်းကိုသာ အစေခံရန် ဆန္ဒရှိသူများ"

သူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့
ဤနေရာတွင် "မြင်သည်"ဟု သုံးနှုံးခြင်းသည် ဘုရား သခင်၏မျက်မှောက်တော်တွင် အသက်ရှင်ခြင်းအခွင့်ရရှိခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "သူတို့အား ဘုရားသခင်သည် သူနှင့်အတူ အသက်ရှင် နေထိုင်ခွင့်ကို ပေးသည်"

### Matthew 5:9

ခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူ
တစ်ဦးနှင့် တစ်ဦး ငြိမ်းချမ်းစွာ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် ကူညီသောသူကို ဆိုလိုသည်။

ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့
အခြားသောဘာသာပြန်ဆိုချက် - "အကြောင်းမူကား ဘုရားသခင်သည် သူတို့အား သားသမီးဟု ခေါ်ဆိုလိမ့်မည်" သို့မဟုတ် "သူတို့သည် ဘုရား သားသမီးများ ဖြစ်ကြလိမ့်မည်"

ဘုရားသခင်၏သားတော်
"သားတော်"ဟူသော စကားလုံးကို မိမိဘာသာစကားဖြင့် လူသား၏သား သို့မဟုတ် သားဟု အရှိကို အရှိအတိုင်း ဘာသာပြန်လျှင် ပိုမိုသင့်တော်မည်။

နှောင့်ရှက်ညှဥ်းဆဲခြင်းကို ခံရသောသူတို့
အခြားသောဘာသာပြန်ဆိုချက် - "သူတပါးမှ တရားမျှမှုကင်းမဲ့စွာ ဆက်ဆံခြင်းခံရသူများ"

ဖြောင့်မတ်ခြင်းတရားကြောင့်
"အဘယ်ကြောင့်ဆိုသော် ဘုရားသခင်လုပ်စေချင်သောအရာကို သူတို့သည် လုပ်ဆောင်ကြသည်"

ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏
ဤနေရာတွင် "ကောင်းကင်နိုင်ငံတော်"ဟု ဆိုခြင်းသည် ဘုရားသခင်မှ ရှင်ဘုရင်ကဲ့သို့ အုပ်စိုးခြင်းကို ဆိုလိုသည်။ ထိုစကားစုကို ရှင်မဿဲခရစ်ဝင်ကျမ်းတွင်သာ တွေ့ရှိရသည်။ ဖြစ်နိုင်လျှင် သင်၏ဘာသာပြန်ဆိုခြင်းတွင် "ကောင်းကင်ဘုံ"ဟု ဘာသာပြန်ဆိုပါ။ အခြားသောဘာသာပြန်ဆိုချက် - "အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင်သည် သူတို့၏ ရှင်ဘုရင်ဖြစ်လာလိမ့်မည်"။

## Matthew 5:11

ဆက်စပ်အကြောင်းအရာ
ယေရှုမှ မင်္ဂလာရှိသော သူများ၏ ဂုဏ်အင်္ဂါလက္ခဏာကို ဖေါ်ပြခြင်း ပြီးဆုံးသည်။

သင်တို့သည် မင်္ဂလာရှိကြ၏
"သင်"ဆိုသည့် စကားလုံးသည် အများကိန်းဖြစ်သည်။

သင်တို့ကို ကဲ့ရဲ့ညှဥ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ
"ဆိုးဝါးသော လိမ်ညာမှုများဖြင့် သင့်ကို ပြောဆိုကြသောအခါ" သို့မဟုတ် "မမှန်သော အမှုအရာများဖြင့် သင့်အကြောင်းပြောသောအခါ"

ငါ့ကြောင့်
"ငါ့နောက်သို့ လိုက်သောကြောင့်" သို့မဟုတ် "ငါ့ကို ယုံကြည်သောကြောင့်"

ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့
"ပျော်ရွှင်ပါ"၊ "ဝမ်းမြောက်ပါ" ဆိုသောစကားလုံးသည် အဓိပ္ပါယ်နီးစပ်သည်။ ယေရှုသည် ကြားနာသောသူများသည် ဖြစ်နိုင်လျှင် ပျော်ရွှင်ခြင်းထက် သာလွန်သော ဝမ်းမြောက်ခြင်းကို ခံစားစေလိုသည်။

## Matthew 5:13

ဆက်စပ်အကြောင်းအရာ
ယေရှုမှ တပည့်တော်များသည် ဆားကဲ့သို့၊ အလင်းကဲ့သို့ဖြစ်ရန် သွန်သင်ခြင်းကို အစပြုသည်။

သင်တို့သည် ဤလောက၏ ဆားဖြစ်ကြ၏
ဆိုလိုရင်းအဓိပ္ပါယ်များမှာ - (၁) ဆားသည် အစာကို အရသာရှိစေသကဲ့သို့ ယေရှု၏ တပည့်တော်သည် လောကီသားများကောင်းမွန်စေခြင်းအလို့ငှာ သူတို့အား လွှမ်းမိုးရမည်။ အခြားသောဘာသာပြန်ဆိုချက် - "လောကီလူသားများအဖို့အလို့ငှာ သင်တို့သည် ဆားဖြစ်ရမည်"။ သို့မဟုတ်

ဆားမူကား၊ အငန်ကင်းပျောက်လျှင်
ဆိုလိုရင်းအဓိပ္ပါယ်များမှာ - (၁) "ဆားသည် သူ၏ ဂုဏ်သတ္တိ ကင်းမဲ့လျှင်" (UDB) သို့မဟုတ်

ငန်သောအရသာကို အဘယ်သို့ ရပြန်မည်နည်း
"အဘယ်ကဲ့သို့ အသုံးဝင်နိုင်ပါမည်နည်း"။ ယေရှုသည် တပည့်တော်များကို မေးခွန်းမေးခြင်းဖြင့် သွန်သင်သည်"။ အခြားသောဘာသာပြန်ဆိုချက် - "ပြန်၍ အသုံးဝင်နိုင်သော အခြားနည်းလမ်း မရှိပါ"

ပြင်သို့ ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး
အခြားသောဘာသာပြန်ဆိုချက် - "လမ်းပေါ်သို့ လွှင့်ပစ်၍ လူများမှ ခြေဖြင့် နင်းခြင်းမှတပါး"

သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏
ယေရှု၏ နောက်လိုက်များမှ ဘုရားသခင်၏ သမ္မာတရား သတင်းစကားကို ဘုရားမသိသော သူများထံသို့ သယ်ဆောင်ခြင်းအား ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် - "လောကီလူသားများအတွက် သင်သည် အလင်းကဲ့သို့ ဖြစ်သည်"

တောင်ထိပ်၌တည်သော မြို့ကို မကွယ်နိုင်
မဲမှောင်နေသော ညအချိန်တွင် လင်းထိန်နေသောမြို့ကို လူများ မြင်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ညအချိန်တွင် တောင်ထိပ်၌ တည်ထားသောမြို့၏ထိန်ညီးနေသောအလင်းကို အဘယ်သူမျှ ဖုံးကွယ် မထားနိုင်ဘူး" သို့မဟုတ် "တောင်ထိပ်ပေါ်၌ တည်ထားသောမြို့၏အလင်းရောင်များကို လူတိုင်း မြင်တွေ့နိုင်တယ်"

## Matthew 5:15

ဆီမီးထွန်း လေ့မရှိ
"လူတို့သည် မီးအိမ် မထွန်းကြပါ"

တောင်းဇလားအောက်၌
"မီးအိမ်ကို ခြင်းတောင်းထဲ၌ ထားသည်"။ လူတွေက မီးအိမ်၏ အလင်းကို မမြင်စေရန်အလို့ငှာ အလင်းကို ဖုံးကွယ်ထားသောသူကို လူမိုက်ဟု ပြောစမှတ်ပြုကြသည်။

သူတပါး ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့
ဘုရားသခင်၏ သမ္မာတရားကို သူတပါးမှသင်ယူနိုင်ရန်အတွက် ယေရှု၏ နောက်လိုက်များသည် ထိုကဲ့သို့ အသက်ရှင်နေထိုင်ရန် ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "လူများရှေ့တွင် လင်းသောအလင်းများကဲ့သို့ သင်တို့သည် အသက်တာဖြစ်ပါစေ"။

ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ
"အဘ"ဟူသော စကားလုံးကို မိမိဘာသာစကားဖြင့် လူသား၏ ဖခင် သို့မဟုတ် အဖေဟု အရှိကို အရှိအတိုင်း ဘာသာပြန်လျှင် ပိုမိုသင့်တော်မည်။

### Matthew 5:17

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းပညတ်တရားများကို ပြည့်စုံစေခြင်းအလို့ငှာ ယေရှု လာရောက်ရခြင်းဖြစ်ကြောင်းကို အစပြုသွန်သင်သည်။

အနာဂတ္တိကျမ်းများ
သမ္မာကျမ်းစာတွင် ပရောဖက်များ ရေးသားထားခဲ့သောအကြောင်းအရာများကို ရည်ညွှန်းသည်။

ငါအမှန်အကန်ဆိုသည်ကား
"မင်းတို့ကို ငါအမှန်ပြောတာ"။ ဤစကားစုသည် ယေရှု ရှေ့ဆက်ပြောဆိုမည့် အကြောင်းကို အသားပေးခြင်းဖြစ်သည်။

ကောင်းကင်နှင့် မြေကြီး မပျက်စီးမှီတိုင်အောင်
ဤနေရာတွင် "ကောင်းကင်"နှင့် "မြေကြီး"ဟုပြောဆိုခြင်းသည် စကြာဝဠာကို ရည်ညွှန်းခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "စကြာဝဠာကြီး တည်တံ့နေသ၍"

အငယ်ဆုံးသော စာလုံးဗိန္ဒုတလုံးမျှ
"အငယ်ဆုံးသောအက္ခရာပင်လျှင် သို့မဟုတ် အက္ခရာ၏ အသေးငယ်ဆုံးသော အစိတ်အပိုင်းပင်လျှင်။ သမ္မာကျမ်းတွင် ရေးသားထားသမျှသည် အရေးမကြီးသောအကြောင်းအရာမရှိကြောင်း ခိုင်နိုင်းဖော်ပြခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "အရေးမပါဘူးဟု ထင်ရသောပညတ်တရားပင်လျှင်"

ပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ။
အခြားသောဘာသာပြန်ဆိုချက် - "အရာခပ်သိမ်း ပြည့်စုံလာပြီ" သို့မဟုတ် "ဘုရားသခင်သည် အရာခပ်သိမ်းကို ပြည့်စုံစေသည်"

အရာခပ်သိမ်း
"အရာခပ်သိမ်း"ဟူသောစကားစုသည် ပညတ်တရားနှင့်ဆိုင်သောအကြောင်းအရာ အားလုံးကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - ပညတ်တရားအထဲရှိ အကြောင်းအရာအလုံးစုံ" သို့မဟုတ် "ပညတ်တရားတွင် ရေးသားသမျှသော အကြောင်းအရာအားလုံး"

### Matthew 5:19

ကိုယ်တိုင်လွန်ကျူး၍
"နားမထောင်သောသူများ" သို့မဟုတ် "လျစ်လျူရှုသောသူများ"

အငယ်ဆုံးသောပညတ်တခု
"ပညတ်တရားများမှ တစ်စုံတစ်ခု၊ အငယ်ဆုံးဖြစ်သော်လည်း အရေးပါသောအရာတစ်ခုပင်လျှင်"

သောသူဖြစ်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက် - "ဘုရားသခင်မှ ထိုသူကို ခေါ်ဝေါ်သမုတ်လိမ့်မည်"

ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူ
ဤနေရာတွင် "ကောင်းကင်နိုင်ငံတော်"ဟု ဆိုခြင်းသည် ဘုရားသခင်မှ ရှင်ဘုရင်ကဲ့သို့ အုပ်စိုးခြင်းကို ဆိုလိုသည်။ ထိုစကားစုကို ရှင်မဿဲခရစ်ဝင်ကျမ်းတွင်သာ တွေ့ရှိရသည်။ ဖြစ်နိုင်လျှင် သင်၏ဘာသာပြန်ဆိုခြင်းတွင် "ကောင်းကင်ဘုံ"ဟု ဘာသာပြန်ဆိုပါ။ အခြားသောဘာသာပြန်ဆိုချက် - "သူ၏နိုင်ငံတော်၌ အရေးပါအရာရောက်မှု အနည်းဆုံးသောသူ"

ကိုယ်တိုင်ကျင့်၍ သူတပါးတို့အားလည်း သွန်သင်၏
"ထိုပညတ်တရားများကို ကိုယ်တိုင်နာခံ၍ အခြားသောသူများသည်လည်း ထိုကဲ့သို့ နာခံရန် သွန်သင်သည်"

ကြီးသောသူ
"အရေးပါ အရာရောက်ဆုံးသော"

ငါအမှန်ဆို၏
ယေရှုမှ ရှေ့ဆက် ပြောဆိုမည့် အကြောင်းကို အသားပေးသည်။

သင်တို့ ... သင်တို့ ... သင်တို့
အများကို ဆိုလိုခြင်း ဖြစ်သည်။

သင်တို့ ကျင့်သောအကျင့်သည် ... သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရကြ။
ဤဝေါဟာရကို တိကျပြတ်သားသော အသွင်ဖြင့် ဖော်ပြထားသည်။ အခြားသောဘာသာပြန်ဆိုချက် - "ဝင်ရောက်ရန်အလို့ငှာ သင်တို့ဖြောင့်မတ်ခြင်းတရားသည် ...ထက်သာလွန်ရမည်"

### Matthew 5:21

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းကျမ်းရှိ ပညတ်တရားများကို ပြည့်စုံစေခြင်းငှာ လာရောက်ရခြင်းဖြစ်ကြောင်း ယေရှုက ဆက်လက်သွန်သင်သည်။

ယေဘုယျအချက်အလက်
ယေရှုသည် လူအုပ်ကြီးအား သူတို့၌ ဖြစ်ပျက်မည့် အကြောင်းကို ပြောဆိုသည်။ "သင်တို့ကြားရပြီ"၊ "သင်တို့ကို ငါပညတ်သည်ကား" ဆိုသည့် ဝါကျတွင် "သင်"ဟု ဆိုခြင်းသည် အများကိန်းဖြစ်သည်။ "သင်တို့သည် လူအသက်ကို မသတ်ရ"ဆိုသည့် အမိန့်ပေးခြင်းတွင် အနည်းကိန်းကို အသုံးပြုထားသော်လည်း အများကိန်းဖြင့် ဘာသာပြန်ဆိုရန် ပိုမိုဆီလျော်သည်။

ရှေးပညတ် စကား
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ကျွန်တော်တို့ ဘိုးဘေးများကို ရှေးလွန်လေပြီးသော နှစ်များစွာက ပြောဆိုခဲ့သည်"

သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏
ဤနေရာတွင် တရားသူကြီးတစ်ဦးသည် လူတစ်ဦးကို သေစေဟု "တရားစီရင်ခြင်း"ပြုလုပ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသတ်သော သူကို တရားသူကြီးမှ ပြစ်ဒဏ်ချမှတ်မည်"

သတ်သည် ... သတ်သည်
ဤစကားလုံးသည် သတ်သည်ဟု ခြုံငုံသုံးခြင်း မဟုတ်ဘဲ လူသတ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ငါပညတ်သည်ကား
"ငါ"ဆိုသည့် စကားလုံးကို အသားပေးခြင်းဖြစ်သည်။ ယေရှုပြောဆိုသော စကားသည် ဘုရားသခင်မှ မိန့်ဆိုခဲ့သောစကားနှင့် ထပ်တူကျခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ညီအစ်ကို
ဤစကားလုံးသည် မွေးချင်းညီအစ်ကို သို့မဟုတ် အိမ်နီးချင်းကို ဆိုလိုခြင်းမဟုတ်ဘဲ ယုံကြည်သူညီအစ်ကိုအား ဆိုလိုခြင်း ဖြစ်သည်။

ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏
ယေရှုသည် လောကီတရားစီရင်သူ မဟုတ်ဘဲ၊ ဘုရားသခင်သာလျှင် ညီအစ်ကိုအား အမျက်ထွက်သူကို စီရင်မည့်အကြောင်း ဆိုဟန်ရှိသည်။

ကဲ့ရဲ့သောသူ … ကျိန်ဆဲသောသူ
မှန်ကန်စွာ စဉ်းစားတွေးခေါ်မှု မရှိသော သူအား စော်ကားသောစကားလုံးများ ဖြစ်သည်။ "အသုံးမဝင်သောသူ"ဟုဆိုခြင်းသည် "ဦးနှောက်မရှိသူ"ဟုဆိုခြင်းဖြစ်ပြီး၊ "လူမိုက်"ဟုပြောဆိုခြင်းသည် ဘုရားစကားကို နားမထောင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

လွှတ်တော်
ဤစကားလုံးသည် ယေရှုရှလင်မြို့ လွှတ်တော်ချုပ်ရုံးအားဆိုလိုခြင်းမဟုတ်ဘဲ ဒေသန္တရလွှတ်တော်ရုံးကို ဆိုလိုဟန်ရှိသည်။

**Matthew 5:23**

သင်
ယေရှုသည် လူအုပ်ကြီးအား တစ်ဦးချင်း သူတို့၌ ဖြစ်ပျက်မည့် အကြောင်းကို ပြောဆိုသည်။ "သင်"၊ "သင်၏"ဟူသော အသုံးအနှုန်းအားလုံးသည် အနည်းကိန်းကိုသုံးသော်လည်း မိမိ၏ဘာသာစကားဖြင့် ဘာသာပြန်ဆိုရာတွင် အများကိန်းသုံးရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။

သင်သည် ပူဇော်သက္ကာကို
"သင်၏ လက်ဆောင်ပေးခြင်း" သို့မဟုတ် "သင်၏ လက်ဆောင် ယူဆောင်လာခြင်း"

ယဇ်ပလ္လင်သို့
ယေရှုရှလင် ဗိမာန်တော်၌ရှိသော ဘုရားသခင်၏ ယဇ်ပလ္လင်ကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက် - "ဗိမာန်တော်ရှိ ယဇ်ပလ္လင်၌ ဘုရားခင်ထံတော်သို့"

အောက်မေ့သတိရလျှင်
"ယဇ်ပလ္လင်၌ သင်မတ်တပ်ရပ်စဉ် သင်သတိရသည်"

သင်၏ ညီအစ်ကိုသည် သင်၌ အပြစ်တင်ခွင့် တစုံတခုရှိသည်
"သင်ပြုလုပ်သော တစ်စုံတစ်ခုသောအကြောင်းကြောင့် အခြားသောသူသည် သင်အား အမျက်ဒေါသဖြစ်နေသည်"

ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ
အခြားသောဘာသာပြန်ဆိုချက် - "ဦးစွာ ထိုသူနှင့် ငြိမ်းချမ်းရေးကို အရယူပါ"

**Matthew 5:25**

သူ၏စိတ်ကိုပြေစေခြင်းငှာ
ယေရှုက လူအုပ်ကြီးဆီကို စကားပြောပြီး သူတို့တစ်ယောက်ချင်းအပေါ်မှာ ဖြစ်ပျက်လာမည့်အကြောင်းကို ပြောသည်။ "သင်" နှင့် "သင်၏" သည် အနည်းကိန်းများဖြစ်သည်။ သင်၏ဘာသာစကား၌ အများကိန်းဖြင့် ညွှန်းသုံးရန် လိုအပ်နိုင်သည်။

တရားတွေ့ဖက်
တခြားသူကို အပြစ်လုပ်သည်ဟု စွပ်စွဲသူဖြစ်သည်။ သူက တရားသူကြီးရှေ့တွင် အပြစ်လုပ်သူအဖြစ် သူ့ကိုစွပ်စွဲသည်။

တရားသူကြီးလက်ထဲသို့ သင့်ကို အပ်နိုင်သည်
"သင့်ကိုလက်ထဲသို့" သည် တစ်စုံတစ်ယောက်ကို တခြားသူတစ်ယောက်၏ထိန်းချုပ်မှုအောက်သို့ ပေးခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားသူကြီးက သင့်ကို ဆက်ဆံလိမ့်မည်"

တရားသူကြီးက သင့်ကို အရာရှိထံသို့ လွှဲပြောင်းနိုင်သည်
"သင့်ကိုလက်ထဲသို့" သည် တစ်စုံတစ်ယောက်ကို တခြားသူတစ်ယောက်၏ထိန်းချုပ်မှုအောက်သို့ ပေးခြင်းကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားသူကြီးက သင့်ကို အရာရှိလက်ထဲသို့ပေးနိုင်သည်"

အရာရှိ
တရားသူကြီး၏ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ရန် လုပ်ပိုင်ခွင့်အာဏာရှိသူ

သင့်ကိုထောင်ထဲ၌ လှောင်ထားရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "အရာရှိက သင့်ကိုထောင်ထဲသို့ ထားနိုင်သည်"

ငါအမှန်ဆိုသည်ကား
"သင့်ကို အမှန်ငါပြောသည်" ယေရှု နောက်ပြောမည့်အရာကို အလေးနက်ပေးသည့် စကားစုဖြစ်သည်။

ထိုအထဲမှ
"ထောင်ထဲမှ"

**Matthew 5:27**

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် ယေရှုလာသည့်အကြောင်းကို ယေရှုက ဆက်ပြောသည်။ သူမယားနှင့်ပြစ်မှားမှုနှင့် တပ်မက်သောစိတ်ရှိခြင်းကို ဤနေရာတွင် ပြောခဲ့သည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကို ပြောသည့်အရာ၊ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ သုံးသွားသည့် "သင်" သည် အများကိန်းဖြစ်သည်။ "သူမယားနှင့် မပြစ်မှားရ" သည် အနည်းကိန်း "သင်" ကို ဆိုလိုပြီး၊ သင့်ဘာသာစကား၌ အများကိန်းဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

ပြောခဲ့သည့်အတိုင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပြောခဲ့သည့်အရာ"

ပြစ်မှားသည်
တစ်ခုခု လုပ်ခြင်း၊ ပြုမူခြင်းကို ဆိုလိုသည်။

သို့သော် ငါပြောသည်
"ငါ" သည် အလေးနက်ပေးသည့်စကားလုံးဖြစ်သည်။ ယေရှုခရစ်တော် ပြောသည့်အရာသည် ဘုရားသခင် မူလက

မိန့်တော်မူခဲ့သည့်အရာများနှင့် တန်းတူ အရေးကြီးကြောင်းကို ရည်ညွှန်းသည်။ အလေးနက်ပေးသည့်စကားစုဖြင့် ဘာသာပြန်ရန်လိုအပ်သည်။ 5:21. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။
ဤတင်စားချက်က သူမကို တပ်မက်သည့် စိတ်ရှိသူသည် သူမနှင့် အမှန်တကယ် လက်တွေ့ပြစ်မှားသူကဲ့သို့ အပြစ်ရှိကြောင်းကို ရည်ညွှန်းသည်။

သူမကိုတောင့်တလျက်
"သူမကို တပ်မက်သည်" သို့မဟုတ် "သူမနှင့် အိပ်ရန် ဆန္ဒရှိသည်"

စိတ်နှလုံးထဲ၌
"နှလုံး" သည် လူပုဂ္ဂိုလ်၏ အတွေးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ စိတ်ထဲ၌" သို့မဟုတ် "သူ၏ စဉ်းစားတွေးခေါ်မှု၌"

**Matthew 5:29**

သင်၏
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာ၊ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် "သင်၏" သည် အနည်းကိန်းများဖြစ်ပြီး၊ သင့်ဘာသာစကား၌ အများကိန်းဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

လက်ျာမျက်စိက သင့်ကို မှားယွင်းစေလျှင်
"မျက်စိ" သည် လူတစ်ယောက်၏ မြင်နိုင်မှုကို ဆိုလိုသည်။ "ခလုတ်တိုက်သည်" သည် "အပြစ်" အတွက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်မြင်သည့်အရာက သင့်ကို ခလုတ်တိုက်စေလျှင်" သို့မဟုတ် "သင်မြင်သည့်အရာကြောင့် သင် အပြစ်လုပ်လိုလျှင်"

လက်ျာမျက်စိ...လက်ျာလက်
အရေးကြီးဆုံးဖြစ်သည့် မျက်စိ၊ လက်ကို ဆိုလိုသည်။ "လက်ျာဖက်" သို့မဟုတ် "ပိုကောင်းသော" သို့မဟုတ် "ပိုသန်မာသော" ဟု ဘာသာပြန်ရန်သင့်သည်။

ထုတ်ပစ်ပါ
"ရက်စက်စွာ ဖယ်ရှားပါ" သို့မဟုတ် "ဖျက်ဆီးပါ" လက်ယာဖက်မျက်စိကို မဆိုလိုပါက၊ ဘာသာပြန်သည့်အခါ "သင့်မျက်စိများကို ဖျက်ဆီးပါ" ဟု ဘာသာပြန်ရန်လိုအပ်သည်။ မျက်စိကို ရည်ညွှန်းပါက "သူတို့ကို ဖျက်ဆီးပါ" ဟုဘာသာပြန်သင့်သည်။

ထုတ်ပစ်ပါ...ဖြတ်ပစ်ပါ
လူတစ်ယောက်သည် အပြစ်လုပ်ခြင်းအတွက် မည်မျှလောက်အပြစ်ရှိကြောင်း၊ သူတို့အပြစ်အတွက် တာဝန်ယူသင့်ကြောင်းကို ယေရှုက ပုံကြီးချဲ့ပြီးပြောခြင်းဖြစ်သည်။

သင့်ထံမှ ပစ်လိုက်ပါ
"ဖျောက်ဖျက်လိုက်ပါ"

သင့်ခန္ဓာကိုယ်၏ အပိုင်းတစ်ခုခုကို ဖျက်ဆီးသင့်သည်
"သင့်ခန္ဓာကိုယ်၏ အပိုင်းတစ်ခုခုကို သင်ဆုံးရှုံးသင့်သည်"

သင်၏ တကိုယ်လုံး ငရဲသို့ ချပစ်သင့်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အတွက် သင့်တကိုယ်လုံးကို ငရဲထဲသို့ ချပစ်ရန်"

သင့်လက်ျာဖက်က ဖြစ်စေလျှင်
ဤဥပစာတင်စားချက်၌ လက်သည် လူတစ်ကိုယ်လုံး၏ ပြုမူချက်ကို ကိုယ်စားပြုသည်။

**Matthew 5:31**

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် ယေရှုလာသည့်အကြောင်းကို ယေရှုက ဆက်ပြောသည်။ ဤနေရာ၌ လင်မယားကွာရှင်းခြင်းအကြောင်းကို သူစပြောခဲ့သည်။

တဖန်တုံ ပြောသည်
စကားပြောသူသည် ဘုရားသခင်ဖြစ်သည်။ ယေရှုက ဘုရားသခင်

သူ့မယားကို အဝေးသို့ပို့ပါ
ကွာစဲခြင်းအတွက် ယဉ်ကျေးသည့် အသုံးနှုန်းဖြစ်သည်။

သူ့ကို ပေးခိုင်းပါ
"သူက ပေးရမည်"

သို့သော် ငါပြောသည်
"ငါ" သည် အလေးနက်ပြုသည့် စကားလုံးဖြစ်သည်။ ယေရှုခရစ်တော် ပြောသည့် အရာသည် ဘုရားသခင်မှလကမိန့်တော်မူခဲ့သည့်အရာများနှင့်တန်းတူ အရေးကြီး ကြောင်းကို ရည်ညွှန်းသည်။ အလေးနက်ပေးသည့်စကားစုဖြင့် ဘာသာပြန်ရန်လိုအပ်သည်။ 5:21. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သူမကို ပြစ်မှားစေသည်
သူ့အမျိုးသမီးကို တရားဝင်မကွာရှင်းသည့် ယောကျ်ားက သူ့မိန်းမကို အပြစ်ဖြစ်စေသည်။ တခြားသော ယဉ်ကျေးမှုများတွင်မူ တရားဝင် မကွာရှင်းသော်လည်း ပြန်၍ လက်ထပ်ခြင်းသည် အပြစ်ဟု မသတ်မှတ်ကြပါ။

ကွာပြီးသောမိန်းမ
အခြားသောဘာသာပြန်ဆိုချက်၊ "သူမယောကျ်ားက သူမကို ခွဲပြီးနောက်" သို့မဟုတ် "ကွာပြီးသော မိန်းမ"

**Matthew 5:33**

ဆက်စပ်မှုဖော်ပြချက်၊
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် ယေရှုလာသည့် အကြောင်းကို ယေရှုက ဆက်၍ သင်ကြားပေး သည်။ ကျိန်ဆိုခြင်းအကြောင်းကို ဤနေရာတွင် စပြောခဲ့သည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာ၊ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်ကြားခဲ့ပြီ" ထဲရှိ "သင်" သည် "သင့်ကိုငါပြောသည်" သည် အများကိန်းဖြစ်သည်။ "သင်မကျိန်ဆိုရ" ထဲက "သင်" နှင့် "သင်တည်စေရမည်" ထဲက "သင်" တို့သည် အနည်းကိန်းများဖြစ်ကြသည်။

တဖန်၊ သင်
"သင်တို့ လည်းပဲ" သို့မဟုတ် "အခြားသော ဥပမာကား၊ သင်တို့"

ရှေးပညတ်စကားကို သင်တို့ကြားရပြီ..မှားယွင်းသောသစ္စာ
ယေရှုက ဘုရားသခင်နှင့် သူ့စကားတော်ကို ထောက်ခံသည့်အကြောင်း ရှင်းလင်းစွာ ပြောသည်။ လူများက သူတို့စကားကို ယုံလာကြရန်အတွက် သူတို့နှင့်မသက်ဆိုင်ဘဲ မသုံးသင့်ကြောင်းကို ယေရှုက ပရိသတ်တို့အားပြောပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ပြောသည့်အရာကို သင်တို့ ဘာသာရေးခေါင်းဆောင်များက ပြောခဲ့ကြပြီ...မှားယွင်းသောသစ္စာ"

မှားယွင်းသော သစ္စာမကျိန်ဆိုရ၊ သို့သော် သင်တို့၏ကျိန်ဆိုခြင်းကို တည်စေကြလော့။
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) သခင်ဆီ၌ သင်လုပ်ရန်ကျိန်ဆိုပြီး မလုပ်ဘဲမနေပါနှင့်။ သို့မဟုတ် (၂) "မမှန်ကန်သည့်အရာ သင်သိရှိလျက်နှင့် သခင်ဘုရားရှေ့၌ မှန်ကန်သည်ဟု မကျိန်ဆိုရ။

သို့သော် ငါပြောသည်
"ငါ" သည် အလေးနက်ပေးသည့်စကားလုံးဖြစ်သည်။ ယေရှုခရစ်တော်ပြောသည့်အရာသည် ဘုရားသခင်မူလက မိန့်တော်မူခဲ့သည့်အရာများနှင့် တန်းတူ အရေးကြီးကြောင်းကို ရည်ညွှန်းသည်။ အလေးနက်ပေးသည့် စကားစုဖြင့် ဘာသာပြန်ရန်လိုအပ်သည်။ 5:21. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

လုံးဝ မကျိန်ဆိုရ......ကြီးမြတ်သောရှင်ဘုရင်
လူတစ်ဦးသည် မည်သည့်အကြောင်းကြောင့်မျှ ကျိန်ဆိုခြင်းမပြုရန် ယေရှုက ဆိုလိုခြင်းဖြစ်သည်။ လူတစ်ဦးသည် ကျိန်ဆိုမှုမပြုလျှင် သူ၌အပြစ်ရှိကြောင်း လူတစ်စုကသင်ကြားပေးကြသည့်အတွက် ဘုရားသခင်အစား ကောင်းကင်၊ မြေကြီး၊ ယေရုရှလင်တို့ကို ရည်ညွှန်းပြီး ကျိန်ဆိုလေ့ရှိကြသည်။ ယေရှုက ဤအရာအားလုံးသည် ဘုရားသခင်နှင့်သက်ဆိုင်ကြသည့်အတွက် မကောင်းကြောင်းကိုပြောသည်။

ဘယ်တော့မျှ မကျိန်ဆိုရ
သင့်ဘာသာစကား၌ အမိန့်တော်အတွက် အများကိန်းပုံစံ ရှိပါက သုံးနိုင်သည်။ "မှားယွင်းသော သစ္စာဆိုချက်ကို သင်မကျိန်ဆိုရ" က ကြားနာသူများကို ကျိန်ဆိုခွင့်ပြုပြီး၊ မှားယွင်းသည့် သစ္စာမျိုး မကျိန်ဆိုရန် တားမြစ်ထားသည်။ "လုံးဝ မကျိန်ဆိုရ" သည် သစ္စာဆိုခြင်းမျိုးအားလုံးကို တားမြစ်ထားသည်။

ဘုရားသခင်၏ နန်းတော်ဖြစ်သည်။
"နန်းတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် အုပ်ချုပ်သည့်နေရာမှ"

ဘုရားသခင်၏ ခြေတော်တင်ရာခုံ
ကမ္ဘာကြီးသည် ဘုရားသခင် ပိုင်ကြောင်းကို တင်စားချက်ဖြင့် ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်က သူနားချိန်တွင် သူ့ခြေထောက်တင်သည့် ခြေတင်ခုံကဲ့သို့ ဖြစ်သည်"

ဤမြို့သည် မဟာမင်းကြီး၏မြို့ဖြစ်သည်
"ဤမြို့သည် ကြီးမြတ်သောဘုရင် ဘုရားသခင် ပိုင်ဆိုင်သော မြို့ဖြစ်သည်"

## Matthew 5:36

ယေဘုယျအချက်အလက်
ဘုရားသခင်၏ ခြေတင်ခုံ၊ နန်းတော် နှင့် ကမ္ဘာကြီးတို့သည် လူတို့ရည်ညွှန်းပြီး ကျိန်ဆိုရန်မဟုတ်ကြောင်း ယေရှုက ပြောခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် သူတို့၏ ခေါင်းကို တိုင်တည်ပြီး မကျိန်ဆိုသင့်ကြောင်း ယေရှုက ပြောသည်။

သင်၏.....သင်
ယေရှုက လူအုပ်ဆီကို သူတို့အပေါ်၌ ဖြစ်ပျက်လာမည့်အရာကို ပြောပြသည်။ "သင်... သင်၏" အသုံးအနှုန်းအားလုံးသည် အနည်းကိန်းသာဖြစ်သည်။ သင့်ဘာသာစကား၌ အများကိန်းဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

ကျိန်ဆိုသည်
သစ္စာဆိုခြင်းကို ဆိုလိုသည်။ 5:33 ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်ပါ။

သင်၏ စကားမှာ "ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ်" ဖြစ်စေလော့။
"ဟုတ်ကဲ့ဟု သင်ဆိုလိုလျှင်၊ 'ဟုတ်ကဲ့' ပြောပါ၊ မဟုတ်ဆိုလျှင် 'မဟုတ်' ဟု ပြောပါ"

## Matthew 5:38

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် ယေရှုလာသည့်အကြောင်းကို ယေရှုက ဆက်၍ သင်ကြားပေးသည်။ ရန်သူကို လက်စားချေသည့်အကြောင်းကို ဤနေရာတွင် စပြောခဲ့သည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်သည် လူအုပ်ဆီကို စကားပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်ကြားခဲ့ပြီ" ထဲရှိ "သင်" သည် "သင့်ကိုငါပြောသည်" သည် အများကိန်းဖြစ်သည်။ "သင့်ကိုရိုက်သူ" ထဲက "သင်" သည် အနည်းကိန်းဖြစ်သည်။ သင့်ဘာသာစကား၌ အများကိန်းဖြင့် ပြန်ရန်လိုအပ်နိုင်သည်။

သင်တို့ကြားရသည့် စကားအတိုင်း
ယေရှုက ဘုရားသခင်နှင့် သူ့စကားတော်ကို သဘောတူသည်။ သို့သော် ဘာသာရေး ခေါင်းဆောင်များ၏ ဘုရားစကားတော် ပြန်ပြောပြချက်များကို ယေရှုက သဘောမတူပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ပြောခဲ့သည့်စကားကို သင်တို့ ဘာသာသာရေးခေါင်းဆောင်များက ပြောပြခဲ့ကြပြီးပြီ" 5:33. ၌ မည်သို့ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

မျက်စိအတွက် မျက်စိ၊ သွားအတွက် သွား
မောရှေ၏ ဥပဒေက လူတစ်ဦးက လူတစ်ဦးအား အန္တရာယ် ဖြစ်စေလျှင် ဖြစ်စေသည့် အတိုင်းအတာဖြင့်သာ ပြန်တုံ့ပြန်ရန်၊ ထိုထက်ဆိုးရွားစွာ မတုံ့ပြန်ရန် ခွင့်ပြုထားသည်။

သို့သော် ငါပြောသည်
"ငါ" သည် အလေးနက်ပေးသည့်စကားလုံးဖြစ်သည်။ ယေရှုခရစ်တော် ပြောသည့်အရာသည် ဘုရားသခင်မူလက မိန့်တော်မူခဲ့သည့်အရာများနှင့် တန်းတူ အရေးကြီးကြောင်းကို ရည်ညွှန်းသည်။ အလေးနက်ပေးသည့် စကားစုဖြင့်

ဘာသာပြန်ရန်လိုအပ်သည်။ 5:21. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

အပြစ်ရှိသောသူ
"အပြစ်ရှိသူ" သို့မဟုတ် "သင့်ကို အနာတရဖြစ်စေသူ" (UDB)

ရိုက်သည်....သင့်ညာဘက်ပါး
လူတစ်ဦး၏ မျက်နှာရိုက်ခြင်းသည် ယေရှု ချိန်ခါ၌ စော်ကားခြင်းမည်၏။ မျက်စိနှင့် လက်နည်းတူ ညာဘက်ပါးသည် အရေးကြီးသည့်အပိုင်းဖြစ်သည်။ ထိုပါးရိုက်ခြင်းသည် ရုပ်အဆိုးဆုံးသော စော်ကားခြင်းဖြစ်သည်။

ရိုက်သည်
"ပါးရိုက်သည်" လက်ဖဝါးဖြင့် တစ်စုံတစ်ယောက်အား ရိုက်ခြင်းကို ဆိုလိုသည်။

ပါးတဘက်ကိုလည်း လှည့်ပေးပါ
"သင်၏ ပါးတဘက်ကိုလည်း သူ့ကို ရိုက်ခိုင်းပါ"

**Matthew 5:40**

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် "သင်၏" သည် "အနည်းကိန်းများဖြစ်သည်။ အမိန့်၌ "ကြစို့၊ သွားပါ၊ ပေးပါ၊ ပြန်မတို့ပြန်နှင့်" တို့ကို အများကိန်းဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

အင်္ကျီ....ဝတ်လုံ
"အင်္ကျီ" သည် လေးလံသည့် အဝတ်အစား၊ ဆွယ်တာမျိုးဖြစ်သည်။ "ဝတ်လုံ" သည် "အင်္ကျီ" ထက် နှစ်ဆ တန်ဖိုးကြီးပြီး ပို၍ နွေးစေသည်။

ထိုသူကိုလည်း ပေးပါ
"ထိုသူကိုလည်း ပေးပါ"

မည်သူမဆို
"တစ်စုံတစ်ယောက်" ရောမစစ်သားကို ရည်ညွှန်းသည်။

တစ်မိုင်
ရောမစစ်သားများ၏ ခြေလှမ်းအရာ ခြေလှမ်းပေါင်းတစ်ထောင်သည် တစ်မိုင်ဖြစ်သည်။ "မိုင်" သည် သင့်ကိုရှုပ်ထွေးစေပါက "တစ်ကီလိုမီတာ" ကွာဝေးသောအရာဟု သုံးနိုင်သည်။

သူနှင့်
သင့်ကို သွားရန် ခိုင်းစေသော သူကို ဆိုလိုသည်။

သူနှင့်အတူသွားလော့
"သင့်ကို သူသွားခိုင်းစေသည့် မိုင်ကိုသွားပြီး၊ နောက်ထပ်တစ်မိုင်သွားပါ" "မိုင်" သည် သင့်ကိုရှုပ်ထွေးစေလျှင် "နှစ်ကီလိုမီတာ" ဟု သုံးနိုင်သည်။

အဝေးသို့ လှည့်မသွားစေပါနှင့်
"ချေးငှားရန် မငြင်းဆိုပါနှင့်" အဆိုဝါကျဖြင့် ပြန်ရေးနိုင် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ချေးငှားဖို့"

**Matthew 5:43**

ဆက်စပ်အကြောင်းအရာ
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် လာသည့်အကြောင်းကို ယေရှုက ဆက်၍ သင်ကြားပေး သည်။ ရန်သူကိုချစ်ရန် အကြောင်းကို ဤနေရာတွင်စပြောခဲ့သည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်ချစ်ရမည်...နှင့် သင့်ရန်သူကို မုန်း" ထဲရှိ "သင်" သည် အနည်းကိန်းဖြစ်သည်။ အများကိန်းဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။ တခြားသော "သင်တို့" နှင့် "ချစ်ပါ၊ ဆုတောင်းပါ" တို့သည် အများကိန်းများဖြစ်ကြသည်။

သင်တို့ကြားရသည့် စကားအတိုင်း
ယေရှုက ဘုရားသခင်နှင့် သူစကားကို သဘောတူသည်။ သို့သော် ဘာသာရေးခေါင်းဆောင်များ၏ ဘုရားသခင်စကားတော် ပြန်ပြောပြချက်များကို ယေရှုက သဘောမတူပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ပြောခဲ့သည့်စကားကို သင်တို့ ဘာသာသာရေးခေါင်းဆောင်များက ပြောပြခဲ့ကြပြီးပြီ" 5:33. ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

ကိုယ်နှင့်စပ်ဆိုင်သူ
"အိမ်နီးနားချင်း" သည် လူတစ်ယောက်က တန်းတူဆက်ဆံ ကူးလူးသည့် အဖွဲ့အစည်းထဲက လူကိုဆိုလိုသည်။ သူတို့နီးနားက လူများကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ အများကိန်းဖြင့် သင်ဘာသာပြန်ရန် လိုအပ်နိုင်သည်။

သို့သော် ငါပြောသည်
"ငါ" သည် အလေးနက်ပေးသည့်စကားလုံးဖြစ်သည်။ ယေရှုခရစ်တော် ပြောသည့်အရာသည် ဘုရားသခင်မူလက မိန့်တော်မူခဲ့သည့်အရာများနှင့် တန်းတူ အရေးကြီးကြောင်းကို ရည်ညွှန်းသည်။ အလေးနက်ပေးသည့် စကားစုဖြင့် ဘာသာပြန်ရန်လိုအပ်သည်။ 5:21. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သင်တို့သည် သင်တို့ အဘတို့၏ သားများ ဖြစ်နိုင်သည်။
"သားများ" ကို လူသားများ၊ ကလေးများဟု သင့်ဘာသာစကား၌ သုံးရန် လိုအပ်နိုင်သည်။

အဘ
ဘုရားသခင်အတွက် အရေးကြီးသည့် အမည်ဖြစ်သည်။

**Matthew 5:46**

ဆက်စပ်မှုဖော်ပြချက်၊
ဓမ္မဟောင်းကျမ်းရှိ ပညတ်တော်ကို ပြည့်စုံစေရန် ယေရှုလာသည့် အကြောင်းကို ဤနေရာ၌ အဆုံးသတ်သည်။ ဤအပိုင်းသည် 5:17 တွင် စသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာ၊ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် "သင်၏" များသည် " အများကိန်းဖြစ်သည်။ ဤဝါကျရှိ မေးခွန်းများသည် အဖြေမလိုအသော မေးခွန်းများဖြစ်ကြသည်။

နှုတ်ဆက်သည်
ကြားနာသူများကို နှုတ်ဆက်လေ့ရှိသည့်
စကားပြောဟန်ဖြစ်သည်။

အဘ
ဘုရားသခင်အတွက် အရေးကြီးသည့် အမည်နာမဖြစ်သည်။

---

## Translation Questions

### Matthew 5:1

အဘယ်ကြောင့်စိတ်နှိမ့်ချသူတို့သည်မင်္ဂလာရှိသနည်း။
အဘယ်ကြောင့်ဆိုသော်ကောင်းကင်နိုင်ငံတော်သည်စိတ်နှိမ့်ချသူတို့၏နိုင်ငံဖြစ်ပါသည်။

အဘယ်ကြောင့်စိတ်မသာညည်းတွားသူတို့သည်မင်္ဂလာရှိသနည်း။
အဘယ်ကြောင့်ဆိုသော်ထိုသူတို့သည်စိတ်သက်သာခြင်းသို့ရောက်ကြလိမ့်မည်။

### Matthew 5:5

အဘယ်ကြောင့်စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာရှိသနည်း။
အဘယ်ကြောင့်ဆိုသော်၊
စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်ပြည်တော်ကိုအမွေခံရကြလိမ့်မည်။

အဘယ်ကြောင့်ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သောသူတို့သည်မင်္ဂလာရှိသနည်း။
အဘယ်ကြောင့်ဆိုသော်၊
ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သောသူတို့သည်၊
ဝပြောခြင်းသို့ရောက်ကြလိမ့် မည်။

### Matthew 5:11

အဘယ်ကြောင့်သခင်ယေရှုအတွက်ကြောင့်ကဲ့ရဲ့ညှင်းဆဲ၍၊
မမှန်ဘဲလျက်အပြစ်တကာတင်ခံရသောသူတို့သည်မင်္ဂလာရှိသနည်း။
အဘယ်ကြောင့်ဆိုသော်၊
သခင်ယေရှုအတွက်ကြောင့်ကဲ့ရဲ့ညှင်းဆဲ၍အပြစ်တကာတင်ခံရသော
သူတို့အတွက်ကောင်းကင်ဘုံ၌ကြီးသောအကျိုး
ရှိသောကြောင့်ဖြစ်သည်။

### Matthew 5:15

ယုံကြည်သောသူတို့သည်မိမိတို့၏အလင်းကိုလူတို့ရှေ့မှာမည်ကဲ့သို့ထွန်းလင်းရမည်နည်း။
ယုံကြည်သောသူတို့သည်၊
ကောင်းသောအကျင့်အားဖြင့်မိမိတို့၏အလင်းကိုလူတို့ရှေ့မှာထွန်းလင်းပြရပါမည်။

### Matthew 5:17

ဓမ္မဟောင်းကာလမှပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းများအတွက်၊
ယေရှုသည်ဘာလုပ်ရန်ကြွလာသနည်း။
ဓမ္မဟောင်းကျမ်းမှပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းများကိုပြည့်စုံစေခြင်းငှာ
ယေရှုသည်ကြွလာခဲ့ပါသည်။

### Matthew 5:19

အဘယ်သို့သောသူသည်ကောင်းကင်နိုင်ငံတော်၌ကြီးသောသူဖြစ်မည်နည်း။
ဘုရားသခင်၏ပညတ်တရားတော်ကိုကိုယ်တိုင်ကျင့်၍သူတပါးတို့အားလည်းသွန်သင်သောသူတို့သည်ကောင်းကင်နိုင်ငံတော်၌ကြီးသောသူဖြစ်မည်။

### Matthew 5:21

ယေရှုက၊
လူသတ်သောသူသည်ရုံး၌အပြစ်စီရင်ခြင်းကိုခံရမည်ဟုဆိုသည်သာမက၊
မည်သို့သောအရာကိုပြုသောသူများတို့သည်လည်းအပြစ်စီရင်ခြင်းကိုခံရမည်ဟုသွန်သင်ခဲ့သနည်း။
ယေရှုက၊လူအသက်ကိုသတ်သောသူများသာမက၊
ညီအစ်ကိုတို့ကိုအမျက်ထွက်သောသူများတို့သည်လည်းရုံး၌အပြစ်စီရင်ခြင်းကိုခံထို

### Matthew 5:23

ယေရှုက၊ညီအစ်ကိုသည်ကျွန်ုပ်တို့၌အပြစ်တင်ခွင့်တစုံတခုရှိလျှင်၊
အဘယ်ကဲ့သို့ပြုရမည်ဟုသွန်သင်ခဲ့သနည်း။
ယေရှုက၊
ညီအစ်ကိုသည်ကျွန်ုပ်တို့၌အပြစ်တင်ခွင့်တစုံတခုရှိလျှင်၊
ညီအစ်ကိုနှင့်သင့်မြတ်အောင်သွား၍ပြုရန်သွန်သင်ခဲ့ပါသည်။

### Matthew 5:25

တရားရုံးသို့မရောက်မှီ၊
မိမိအားအပြစ်တင်သောသူကိုမည်သို့ပြုရမည်ဟုကျွန်ုပ်တို့အားယေရှုကသွန်သင်ခဲ့သနည်း။
တရားရုံးသို့မရောက်မှီ၊မိမိအားအပြစ်တင်သောသူနှင့်
သဘောတူညီမှုရအောင်ညှိနှိုင်းမှုပြုရန်၊
ကျွန်ုပ်တို့အားယေရှုကသွန်သင်ခဲ့ပါသည်။

### Matthew 5:27

ယေရှုက၊သူ့မယားကိုပြစ်မှားခြင်းသာမက၊
မည်သည့်အရာသည်မှားယွင်းသည်ဟုသွန်သင်ခဲ့ပါသနည်း။
ယေရှုက၊သူ့မယားကိုပြစ်မှားခြင်းသာမက၊
ကိလေသာစိတ်နှင့်သူ့မယားကိုကြည့်ရှုသောသူသည်လည်းမှားယွင်းသည်ဟုသွန်သ

### Matthew 5:29

ယေရှုက၊
ကျွန်ုပ်တို့အားအပြစ်မှကင်းလွတ်ရန်မည်သို့ပြုရမည်ဟုပြောကြားခဲ့သနည်း။
ယေရှုက ကျွန်ုပ်တို့အား
အပြစ်ဖြစ်စေသောအရာအားလုံးမှကင်းလွတ်ရန်
ရှောင်ရှားရမည်ဟု မိန့်ကြားခဲ့ပါသည်။

### Matthew 5:31

မည်သည့်အကြောင်းအတွက်ကွာရှင်းခြင်းကိုပြုနိုင်သည်ဟုယေရှုကခွင့်ပြုခဲ့သနည်း။
တယောက်ယောက်က မတရားသောမေထုန်ဖြင့်ပြစ်မှားခဲ့ပါက၊
ကွာရှင်းနိုင်သည်ဟုယေရှုကခွင့်ပြုခဲ့ပါသည်။

မိမိမယားအားကွာရှင်းသဖြင့်၊ထိုမိန်းမမှနောက်တဖန်
မင်္ဂလာဆောင်ခြင်းကိုပြုခဲ့ပါလျှင်၊
ခင်ပွန်းဖြစ်သူသည်မိမိမယားအားမည်သို့ဖြစ်စေသနည်း။
မိမိမယားအား မမှန်သောနည်းလမ်းဖြင့်ကွာရှင်းပြီးမှ
ထိုမိန်းမကအခြားသူနှင့်မင်္ဂလာဆောင်ခြင်းကိုပြုခဲ့ပါလျှင်၊
ခင်ပွန်းဖြစ်သူသည် မိမိမယားကို အပြစ်ပြုသော
ပြစ်မှားသူအဖြစ်သို့ရောက်စေသည်။

### Matthew 5:36

ယေရှုက လောကနှင့်စပ်ဆိုင်သောကျိန်ဆိုခြင်းများကိုပြုခြင်းထက်၊ ကျွန်ုပ်တို့ပြောသောစကားသည်မည်သို့ဖြစ်သင့်သည်ဟုပြောသနည်း။
ယေရှုက၊ ကျွန်ုပ်တို့ပြောသောစကားမှာ၊
ဤအရာများအားလုံးတို့၌ကျိန်ဆိုခြင်းကိုပြုသည်ထက်၊
ဟုတ်သည်ကိုအဟုတ်၊
မဟုတ်သည်ကိုမဟုတ်ဖြစ်စေရမည်ဟုဆိုပါသည်။

### Matthew 5:38

ကျွန်ုပ်တို့အားနှောင့်ရှက်သောသူတို့ကိုမည်သို့ပြုရမည်ဟုယေရှုကသွန်သင်ခဲ့သနည်း။
ကျွန်ုပ်တို့အားနှောင့်ရှက်သောသူတို့ကို
ပြန်မခုခံရန်ယေရှုကသွန်သင်ခဲ့ပါသည်။

### Matthew 5:43

ယေရှုက၊
ကျွန်ုပ်တို့၏ရန်သူနှင့်ကျွန်ုပ်တို့အားညှင်းဆဲသောသူများကိုမည်သို့ပြုရမည်ဟု
သွန်သင်ခဲ့သနည်း။
ယေရှုက၊ကျွန်ုပ်တို့၏ရန်သူကိုချစ်ရန်နှင့်
ကျွန်ုပ်တို့အားညှင်းဆဲသောသူများကိုချစ်၍
ထိုသူတို့အတွက်ဆုတောင်းပေးရန် သွန်သင်ခဲ့ပါသည်။

### Matthew 5:46

ယေရှုက၊
ကျွန်ုပ်တို့အားမိမိတို့ကိုချစ်သောသူကိုသာပြန်ချစ်ရန်မဟုတ်မိမိရန်သူကိုလည်းချစ်ရမည်ဟုအဘယ်
ယေရှုကကျွန်ုပ်တို့အားမိမိတို့ကိုချစ်သောသူကိုသာပြန်ချစ်လျှင်ဆုကျေးဇူးမင်္ဂလာ
အဘယ်ကြောင့်ဆိုသော်ထိုအမှုအရာကိုလူတိုင်းပြုလုပ်နိုင်သောကြောင့်ဖြစ်ပါသည်


generated on Tue Mar 12 16:35:02 2024

## Chapter 6

1 လူများတို့ မြင်စေခြင်းငှါ ကိုယ်သီလအကျင့်ကို သူ့ရှေ့မှောက်၌ မကျင့်မည်အကြောင်း သတိပြုကြ လော့။ သို့မဟုတ်
ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘထံမှ အကျိုးကိုမခံမရကြ။ 2 ထိုကြောင့် သင်သည် အလှူဒါနကို ပေးသောအခါ
လျှို့ဝှက်သောသူတို့သည် လူများအချီးအမွမ်းကို ခံလို၍ ပွဲသဘင်လမ်းခရီး၌ မိမိတို့ရှေ့မှာ တံပိုးခရာမှုတ်စေသည်နည်းတူမပြုနှင့်။
ငါအမှန်ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့အကျိုးကိုရကြပြီ။ 3 သင်သည် အလှူဒါနကိုပေးသောအခါ ပေးကြောင်းကို
မထင်ရှားစေခြင်းငှါ၊ လက်ျာလက်ပြုသည် အမှုကို လက်ဝဲလက်မျှမသိစေနှင့်။ 4 မထင်ရှားသောအရာကို မြင်တော်မူသော
သင်၏အဘသည် အကျိုးကိုထင်ရှားစွာ ပေးတော်မူလတံ့။ 5 သင်သည် ဆုတောင်းပဌနာပြုသောအခါ
လျှို့ဝှက်သောသူတို့နည်းတူမပြုနှင့်။ ထိုသူတို့သည် လူများ တို့ရှေ့မှာထင်ရှားစေခြင်းငှါ၊ ပွဲသဘင်လမ်းဆုံလမ်းဝတို့၌
ရပ်လျက်ဆုတောင်းခြင်းငှါအလိုရှိကြ၏။ ငါအမှန်ဆို သည်ကား၊ ထိုသူတို့သည် မိမိတို့အကျိုးကိုခံရကြ၏။ 6 သင်သည်
ဆုတောင်းသောအခါ ဆိတ်ညံရာအခန်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ၊ မထင်ရှားသောအရပ်၌ ရှိတော်မူသော
သင်၏အဘကိုဆုတောင်းလော့။ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာပေးတော်မူလတံ့။
7 သင်တို့သည် ဆုတောင်းသောအခါ သာသနာပလူနည်းတူ အချည်းနှီးသောစကားဖြင့် အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည်
များစွာသောစကားအားဖြင့် မိမိတို့အလို ပြည့်စုံမည်ဟု ထင်မှတ်ကြ၏။ 8 ထိုသူတို့နည်းတူမပြုကြနှင့်။ အကြောင်းမူကား၊ သင်တို့
အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ သင်တို့ အဘသိတော်မူ၏။ 9 ထိုကြောင့် သင်တို့ဆုတောင်းရမည်မှာ
ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့အဘ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ 10
နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ 11
အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ။ 12 သူတပါးသည် အကျွန်ုပ်တို့ကို
ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ် တို့၏အပြစ်များကို လွှတ်တော်မူပါ။ 13
အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့်
ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။ အာမင်ဟု ဆုတောင်းကြလော့။ 14 သင်တို့သည် သူတပါးတို့၏
အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။ 15 သင်တို့သည်
သူတပါးတို့၏အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော် မမူ။ 16 သင်တို့သည်
အစာရှောင်ခြင်းအကျင့်ကိုကျင့်သောအခါ လျှို့ဝှက်သောသူတို့နည်းတူ မျက်နှာညှိုးငယ် ခြင်းမရှိကြနှင့်။ ထိုသူတို့သည်
မိမိတို့အစာရှောင်သည်ကို လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှါ မိမိတို့မျက်နှာကို ဖျက်တတ်ကြ၏။ 17 ငါအမှန်အကန်ဆိုသည်ကား၊
ထိုသူတို့သည် မိမိတို့အကျိုးကို ခံရကြ၏။ 18 သင်သည်အစာရှောင်သောအခါ အစာရှောင်သည်ကိုလူများတို့ရှေ့မှာမထင်ရှားစေဘဲ၊
မထင်ရှားသော အရပ်၌ရှိတော်မူသော သင်တို့အဘရှေ့တော်၌သာထင်ရှားစေခြင်းငှါ၊ ခေါင်းကိုလိမ်းကျံလော့။ မျက်နှာကို
လည်းသစ်လော့။ မထင်ရှားသောအရာကိုမြင်တော်မူသော သင်တို့အဘသည် အကျိုးကို ထင်ရှားစွာပေးတော် မူလတံ့။ 19 သံချေး၊
ပိုးရွဖျက်ဆီး၍ သူခိုးထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကို မဆည်းဖူးကြနှင့်။ 20 သံချေး၊ ပိုးရွ မဖျက်ဆီး၍
သူခိုးမထွင်းမဖောက် မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းဖူး ကြလော့။ 21 အကြောင်းမူကား၊ အကြင်အရပ်၌
သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံးရောက် တတ်၏။ 22 မျက်စိကား ကိုယ်၏ ဆီမီးဖြစ်၏။ ထိုကြောင့်
မျက်စိကြည်လင်လျှင် တကိုယ်လုံးလင်းလိမ့်မည်။ 23 မျက်စိမြေးရှက်လျှင် တကိုယ်လုံးမိုက်လိမ့်မည်။ သင်၏ အလင်းသော်ကား၊
မှောင်မိုက်ဖြစ်လျှင် ထို အမိုက်သည် အလွန်မိုက်စွတကား။ 24 အဘယ်သူမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တဦးကိုမုန်း၍
တဦးကိုချစ်မည်။ သခင်တဦးကို မှီခို၍ တဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရားသခင်၏အစေကိုငင်း၊
လောကီစည်းစိမ်၏အစေကိုငင်း မခံနိုင်ကြ။ 25 ထိုကြောင့် ငါဆိုသည်ကား၊ အဘယ်သို့ စားသောက်ရမည်ဟု
အသက်အဘို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ ဝတ်ရမည်ဟု ကိုယ်အဘို့မစိုးရိမ်ကြနှင့်။ အစာထက် အသက်မြတ်သည်မဟုတ်လော။
အဝတ်ထက် ကိုယ်မြတ် သည်မဟုတ်လော။ 26 မိုဃ်းကောင်းကင်၌ ကျင်လည်သော ငှက်များကို ကြည့်ရှုဆင်ခြင်ကြလော့။
ထိုငှက်တို့သည် မျိုးစေ့ကို မစိုက်မကြဲ၊ စပါးကိုမရိတ်၊ ကျီ၌မစုမသွင်း။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသော
သင်တို့အဘသည် သူတို့ကို ကျွေးမွေးတော်မူ၏။ ထိုငှက်တို့ထက် သင်တို့သည် အလွန်မြတ်သည်မဟုတ်လော။ 27 အဘယ်သူသည်
စိုးရိမ်ခြင်းအားဖြင့် မိမိအသက်တာကို တတောင်ခန့်မျှ တိုးပွားစေနိုင်သနည်း။ 28 အဝတ်အဘို့၌ အဘယ်ကြောင့်စိုးရိမ်ရသနည်း။
တောနှင်းပင်တို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊
ချည်ဖြစ်စေခြင်းငှါ မငင်မဝင့်။ 29 သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တပင်မျှ၏ အဝတ်ကို
မမှီဟု ငါဆို၏။ 30 ယုံကြည်အားနည်းသော သူတို့၊ ယနေ့ အသက်ရှင်လျက် နက်ဖြန် မီးဖိုထဲသို့ရောက်သော တောမြက် ပင်ကို
ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့် ဖုံးလွှမ်းတော်မူလျှင်၊ ထိုမျှမက သင်တို့ကိုအဝတ်နှင့် ဖုံးလွှမ်း တော်မူမည် မဟုတ်လော။ 31
ထိုကြောင့် အဘယ်သို့ စားသောက်ရအံ့နည်း။ အဘယ်သို့ ဝတ်ရအံ့နည်းဟူ၍မစိုးရိမ်ကြနှင့်။ ထို အရာများကို သာသနာပလူတို့သည်
ရှာဖွေတတ်ကြ၏။ 32 ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်
သိတော်မူ၏။ 33 ဘုရားသခင်၏ နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာ များကို
ထပ်၍ပေးတော်မူလတံ့။ 34 ထို့ကြောင့် နက်ဖြန်အဘို့ မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့စိုးရိမ်လိမ့်မည်။ ယခုနေ့၌ရှိသော
မကောင်းမသင့်သောအရာသည် ယခုနေ့အဘို့ လောက်ပေ၏။

**Matthew 6:1**

ဆက်စပ်မှုဖော်ပြချက်၊
5:1 ၌ အစပြုခဲ့သည့် တောင်ပေါ်ဒေသနာကို ယေရှုက သူ့တပည့်များအား ဆက်ပြီး သင်ပြနေသည်။ ဤအပိုင်း၌ "အလှူဒါန၊ ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းများနှင့်ပတ်သက်သည့် ဖြောင့်မတ်စွာ ကျင့်ခြင်း" အကြောင်းကို ယေရှုက ပြောသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် "သင်၏" များသည် အများကိန်းဖြစ်သည်။

သူတို့က တွေ့သည့် လူတို့ရှေ့တွင်
လူပုဂ္ဂိုလ် တွေ့သူကိုသာ လေးစားမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ဘာလုပ်သည်ကို သူတို့ကတွေ့ပြီး သင့်ကို လေးစားကြဖို့ရန် လူတို့ရှေ့တွင်"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် နာမည်ဖြစ်သည်။

မိမိတို့ရှေ့မှာ တံပိုးခရာ မမှုတ်ပါနှင့်
လူတို့၏ အာရုံကို ရချင်သည့်အတွက ရည်ရွယ်ချက်ရှိရှိတစ်ခုခုလုပ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူထုကြား၌ တံပိုးကို ကျယ်လောင်စွာ မှုတ်သူကဲ့သို့ သင်တို့ဆီ အာရုံကို မဆွဲခေါ်ပါနှင့်"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည့်အရာ ဖြစ်သည်။

**Matthew 6:3**

ဆက်စပ်မှုဖော်ပြချက်
အလှူဒါနနှင့်သက်ဆိုင်သည့်အကြောင်းကို သူ့တပည့်များအား ယေရှုက ဆက်၍ပြောပြနေသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် "သင်၏" များသည် အများကိန်းဖြစ်သည်။

သင့်လက်ဝဲဘက်ကပေးသည့်အရာကို သင့်လက်ျာဘက်ကမသိစေနှင့်။
လုံးဝလျှို့ဝှက်ရန် ဆိုလိုခြင်းဖြစ်သည်။ လက်များကို အတူတကွ သုံးပြီး ပုံမှန်အလုပ်လုပ်ရသည်။ သို့သော် ဆင်းရဲသူများအား အလှူဒါနပေးသည့်အခါတွင် လက်များကို နီးကပ်စွာ မထားသင့်ကြောင်းဖြစ်သည်။

သင်၏အလှူဒါနကို လျှို့ဝှက်စွာပေးပါ
အခြားသောဘာသာပြန်ဆိုချက်၊ "တခြားသူများ မရိပ်မိအောင် ဆင်းရဲသားတို့ကို ပေးကမ်းပါ"

**Matthew 6:5**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဆုတောင်းခြင်းနှင့် ပတ်သက်၍ သင်ကြားပေးနေသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ အပိုဒ်

လူများက သူတို့ကိုတွေ့ဖို့ရန်အတွက်
သူတို့ကို တွေ့သည့်လူများက သူတို့က လေးစားမှုပေးကြမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် လူတို့က သူတို့ကိုတွေ့ပြီး သူတို့ကိုလေးစားရန်"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှု ပြောသည့်အရာကို အလေးအနက် ပြုသည့်အရာဖြစ်သည်။

သင့်အခန်းထဲဝင်ပါ၊ တံခါးပိတ်ပါ
"သီးသန့်အခန်းကို သွားပါ" သို့မဟုတ် "သင်တစ်ယောက်တည်း ရှိနိုင်သည့်နေရာကို သွားပါ"

မထင်ရှားသောအရပ်၌ရှိသော အဘ
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "မည်သူမျှ ဘုရားသခင်ကိုမမြင်ပါ" သို့မဟုတ် (၂) "ဆုတောင်းနေသည့်ပုဂ္ဂိုလ်နှင့်အတူ ဘုရားသခင်သည်ရှိတော်မူသည်။"

အဘ
ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

မထင်ရှားသည့်အရာကို မြင်တော်မူသော သင်တို့အဘ
"တိတ်တဆိတ် လုပ်သည့်အရာများကို သင်တို့ အဘက မြင်သည်"

အသုံးမဝင်သောအရာကို ထပ်ခါထပ်ခါပြောခြင်း
"အချည်းနှီးသော စကားများကို ထပ်ခါထပ်ခါပြောခြင်း"

သူတို့က ကြားကြလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့၏ မှားယွင်းသောဘုရားများက ကြားကြလိမ့်မည်"

**Matthew 6:8**

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ သူတို့ကို လူအုပ်ကဲ့သို့ သူကစကားပြောသည်။ "ကောင်းကင်ဘုံအဘ" ၏ နောက်က "သင်" စာလုံးအားလုံးသည် အနည်းကိန်းများဖြစ်ကြသည်။

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမ ဖြစ်သည်။

သင်၏နာမသည် သန့်ရှင်းပါစေ
"နာမ" သည် ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်းက သင့်ကို လေးစားကြပါစေ"

နိုင်ငံတော်တည်ထောင်ပါစေသော်
"နိုင်ငံတော်" သည် ဘုရားသခင်က ရှင်ဘုရင်ကဲ့သို့အုပ်ချုပ်မှုကို ဆိုလိုသည်။ အခြားသောသာပြန်ဆိုချက်၊ "အရာအားလုံးနှင့်

တစ်ယောက်တိုင်းအပေါ်မှာ သင်၏ အုပ်ချုပ်မှု သက်ရောက်ပါစေ"

အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော
အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံ၌ အလိုတော်အတိုင်း အရာအားလုံး လုပ်သကဲ့သို့ မြေကြီးပေါ်မှာလည်း အရာအားလုံးကို လုပ်ကြပါစေ"

**Matthew 6:11**

ယေဘုယျအချက်အခက်
"ငါတို့၊ ငါတို့ကို၊ ငါတို့၏" တို့အားလုံးက ယေရှု၏ ပရိသတ်များဖြစ်သည့် လူအုပ်ကို ရည်ညွှန်းသည်။

နေ့စဉ်အစာ
"မုန့်" သည် သာမန် အစားအစာကို ဆိုလိုသည်။

အကြွေးများ
လူတစ်ဦးဆီတွင် အကြွေးရယူထားသည့်အရာဖြစ်သည်။ အပြစ်များကို ခိုင်းနှိုင်းသည့် အသုံးနှုန်းဖြစ်သည်။

အကြွေးရှင်များ
အကြွေးရှင်သည် တခြားသူထံ၌ အကြွေးများကို ပိုင်ဆိုင်သူဖြစ်သည်။ အပြစ်သားများကို ခိုင်းနှိုင်းသည့် အသုံးနှုန်းဖြစ်သည်။

အပြစ်သွေးဆောင်ရာသို့ မလိုက်ပါစေနှင့်
"သွေးဆောင်ခြင်း" စိတ္တဇနာမ်ကို ကြိယာဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို မည်သည့်အရာကမျှ မသွေးဆောင်ပါစေနှင့်" သို့မဟုတ် "မည်သည့်အရာကမျှ ငါတို့ကို အပြစ်လုပ်ချင်ရာသို့ မခေါ်သွားပါစေနှင့်"

**Matthew 6:14**

ယေဘုယျအချက်အလက်
"သင်၊ သင်" စကားလုံးများသည် အများကိန်းများဖြစ်သည်။ သို့သော် ယေရှုက သူတို့ကို တပါးသူများအားခွင့်လွှတ်ပါက သူတို့အပေါ် ဖြစ်လာမည့်အရာများကို ပြောပြသည်။ (ရှု

အပြစ်များ
"အမှားများ" သို့မဟုတ် "အပြစ်များ"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမဖြစ်သည်။

**Matthew 6:16**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက အစာရှောင်ခြင်းနှင့် ပတ်သက်၍ သင်ကြားပေးနေသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ အပိုဒ်

ထို့ပြင်
"လည်းပဲ"

သူတို့မျက်နှာကို ဖျက်တတ်ကြသည်
လျှို့ဝှက်သော သူတို့က သူတို့မျက်နှာမသစ်၊ ဆံပင်မဖီးဘဲ နေတတ်ကြသည်။ သူတို့အစာရှောင်ကြောင်း လူတို့က သိပြီး သူတို့ကို လေးစားကြရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ခြင်းဖြစ်သည်။

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်ပြောပြီ" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည့် စာလုံးဖြစ်သည်။

သင့်ခေါင်းကို ကောင်းကြီးပေးပါ
"သင့်ခေါင်းကို ဆီလိမ်းပါ" သို့မဟုတ် "ဆံပင်ကို ဖီးလိမ်းပါ"။ ခေါင်းကို ဆီလိမ်းခြင်းသည် တစ်စုံတစ်ယောက်၏ ဆံပင်ကို ဂရုစိုက်ပေးခြင်းဖြစ်သည်။ "ဘိသိက်ခံသောသူ" ဆိုလိုသည့် "ခရစ်တော်" နှင့် သက်ဆိုင်ခြင်းမရှိပါ။ ယေရှုဆိုလိုရင်းမှာ သူတို့ အစာရှောင်သည်၊ မရှောင်သည်ကို လူတို့က တန်းတူသာ မြင်စေချင်သည်။

မထင်ရှားသည့်အရပ်၌ ရှိသည့် အဘ
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) မည်သူမျှ ဘုရားကို မမြင်ပါ၊ သို့မဟုတ် (၂) ဆုတောင်းနေသည့် သူနှင့် ဘုရားသခင်သည်ရှိသည်။ 6:5. ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမ ဖြစ်သည်။

မထင်ရှားသည့် အရာကို မြင်သူ
"လျှို့ဝှက်ထားသည့် အရာကို မြင်သူ" 6:5. ၌ မည်သို့ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

**Matthew 6:19**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ငွေနှင့် ပိုင်ဆိုင်မှုများ အကြောင်းကို သင်ကြားပေးသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ အပိုဒ်

ဘဏ္ဍာများ
"ချမ်းသာမှု"

ပိုးရွနှင့် သံချေးဖျက်ဆီးသည့် နေရာ
"ပိုးရွနှင့် သံချေးတို့က ဖျက်ဆီးသည့်ဘဏ္ဍာများ"

ပိုးရွ
အဝတ်အစားများကို ဖျက်ဆီးသည့် သေးငယ်သော အင်းဆက်ပိုးမွှား

သံချေး
သတ္တုပေါ်ရှိ အညိုရောင်ဖြင့် စုဝိုင်းလာသည့်အရာများဖြစ်သည်။

ကောင်းကင်၌ သင်တို့အတွက် ဘဏ္ဍာသိုထားသည်
မြေကြီးပေါ်၌ ကောင်းသည့်အရာများကို လုပ်ခြင်းကြောင့် ဘုရားသခင်က ကောင်းကင်၌ ဆုချမည်ကို ခိုင်းနှိုင်းခြင်းဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

စိတ်နှလုံးရှိလိမ့်မည်
"နှလုံး" သည် လူတစ်ယောက်၏ စဉ်းစားတွေးခေါ်မှုကို ဆိုလိုသည်။

**Matthew 6:22**

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်၊ သင်၏" များသည် အနည်းကိန်းများဖြစ်ကြသည်။ သို့သော် အများကိန်းများအဖြစ် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

မျက်စိသည် ခန္ဓာ၏ ဆီမီးဖြစ်သည်... မည်မျှလောက်မှောင်နေသော်လည်း
လူတစ်ယောက်ကို မျက်ကန်းစေသည့် ပိုးမွှားများကို မြင်နိုင်သည့် မျက်စိများဖြင့် ခိုင်းနှိုင်းထားသည်။ ဝိညာဉ်ရေးရာကျန်းမာမှုကို ဆိုလိုခြင်းဖြစ်သည်။ "ဆိုးသောမျက်စိ" ကို ယုဒတို့က လောဘကြီးသူကို ဆိုလိုသည့်အခါ သုံးလေ့ရှိကြသည်။ အဓိပ္ပါယ်မှာ လူတစ်ဦးက ဘုရားသခင်ကို ကိုးစားပြီး သူလုပ်သည့်အရာများကို မြင်တွေ့ပြီး မှန်သည့်အရာလုပ်ခြင်းကို ဆိုလိုသည်။ လူတဦးသည် ပို၍ လောဘကြီးပါက အပြစ်ဖြစ်သည့် အရာကိုသာလုပ်နေသည်။

မျက်စိသည် ခန္ဓာ၏ ဆီမီးဖြစ်သည်
မှောင်နေသည့်အရပ်တွင် မီးအိမ်က လူကိုအကူညီပေးသည့်အတိုင်း မျက်စိကလည်း လူကို မြင်စေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မီးအိမ်ကဲ့သို့ သင်၏ မျက်စိများက အရာဝတ္ထုများကို ရှင်းလင်းစွာ မြင်နိုင်အောင် ခွင့်ပြုသည်"

မျက်စိ
အများကိန်း "မျက်စိများ" ဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

သင်၏မျက်စိသည် ဆိုးသောကြောင့်
မျက်လှည့်ပညာကို ဆိုလိုခြင်းမဟုတ်ပါ။ လောဘကြီးသူကို ခိုင်းနှိုင်းသည့်အခါ ယုဒလူမျိုးတို့က တခါတရံ သုံးကြသည်။

တဦးကို မုန်းပြီး တဦးကို ချစ်မည်၊ သို့မဟုတ် တဦးကို မှီခို၍ တဦးကို မခန့်မညားပြုမည်။
ဤစကားစု နှစ်ခုစလုံးက ဆိုလိုရင်း အတူတူဖြစ်သည်။ လူတဦးက ငွေနှင့် ဘုရားသခင် နှစ်ခုစလုံးကို တချိန်တည်း၌ မချစ်ခင်၊ မကိုးကွယ်နိုင်ကြောင်းကို အလေးအနက်ပေးထားခြင်းဖြစ်သည်။

သင်တို့သည် ချမ်းသာမှုနှင့် ဘုရားသခင်အမှုကို မထမ်းနိုင်ကြ
"တချိန်တည်းတွင် ငွေနှင့် ဘုရားသခင်ကို သင်တို့မချစ်နိုင်ကြပါ"

**Matthew 6:25**

ယေဘုယျအချက်အလက်
"သင်၊ သင်၏" စကားလုံးများသည် အများကိန်းများဖြစ်ကြသည်။

သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးအနက်ပြုသည်။

သင်တို့ဆီ
ယေရှုက လူအုပ်ဆီကို ဖြစ်ပျက်လာမည့်အကြောင်းအရာများကို ပြောပြသည်။

အသက်သည် အစာထက်၊ ခန္ဓာကိုယ်သည် အဝတ်များထက် ပိုအရေးကြီးသည် မဟုတ်လော။
ယေရှုက ဤမေးခွန်းကို သုံး၍ လူများကို သင်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမှန်တကယ် သင်တို့စားနေသည့်အရာများထက် အသက်မှာပို၍အရေးကြီးသည်၊ သင်တို့ဝတ်စားသည့်အရာများထက် သင့်တို့ခန္ဓာပိုအရေးကြီးသည်"

စပါးကျီများ
အသီးနှံများ သိမ်းဆီးသည့်နေရာများ

အဘ
ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

ထိုအရာများထက် သင်ပို၍ တန်ဖိုးမရှိသလော။
ယေရှုက ဤမေးခွန်းကို သုံး၍ လူများကို သင်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် အမှန်တကယ် ငှက်များထက် တန်ဖိုးကြီးကြသည်"

**Matthew 6:27**

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်၊ သင်၏" များသည် အများကိန်းများဖြစ်ကြသည်။

စိုးရိမ်မှုကြောင့် မည်သူကသူ့အသက်တတောင်ရှည်သွားအောင် လုပ်နိုင်သနည်း။
ယေရှုက လူများသင်ကြားရာတွင် မေးခွန်းသုံးလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စိုးရိမ်မှုဖြင့် မည်သူကမျှ သင်တို့အသက်ရှည်လာဖို့ မလုပ်နိုင်ဘူး။ သင်တို့အသက် တစ်မိနစ်တောင်မှ သင်တို့ပေါင်းနိုင်ကြမည်မဟုတ်။ ထို့ကြောင့် သင်တို့ လိုအပ်ချက်ကြောင့် သင်တို့ စိုးရိမ်စရာမလိုအပ်ပါ"

တတောင်
တတောင်သည် မီတာဝက်ရှိသည့် အလျားဖြစ်သည်။ မည်မျှလောက် လူတဦးကအသက်ရှင်ရန် အချိန်ထပ်ပေါင်းနိုင်သည်ကို ခိုင်းနှိုင်းသည့် အသုံးအနှုန်းဖြစ်သည်။

အဝတ်အစားအတွက် ဘာ့ကြောင့်သင်တို့ စိုးရိမ်နေကြသလဲ။
ယေရှုက လူများသင်ကြားရာတွင် မေးခွန်းသုံးလေ့ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဘာဝတ်ရမည်အကြောင်း သင်တို့မစိုးရိမ်သင့်ပေ"

ဆင်ခြင်အောက်မေ့ကြပါ
"စဉ်းစားကြပါ"

တောနှင်းပင်
တောပန်းအမျိုးဖြစ်သည်။

သင့်ကို ငါပြောသည်
ယေရှုပြောသည့်အရာကို အလေးအနက်ပြုသည်။

ဤအရာများမှ တစ်ခုနှင့်လည်း အဝတ်သည်မတူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဤတောနှင်းပန်းများလောက် လှပသည့် အဝတ်အစားများကို မဝတ်ဆင်ပါ"

### Matthew 6:30

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်၊ သင်၏" များသည် အများကိန်းများဖြစ်ကြသည်။

မြက်ကို အဝတ်ဖုံးသည့်
ဘုရားသခင်က ပန်းပင်များကို လှပစေသည်ကို တင်စားသည့် အသုံးအနှုန်းဖြစ်သည်။

မြက်
သင့်ဘာသာစကား၌ တောနှင့်ပန်းအတွက် ရှေ့ပိုဒ်တွင် မြက်ကို လွှမ်းခြုံနိုင်သည့် စကားလုံးရှိပါက သုံးနိုင်သည်။

မီးဖိုထဲသို့ ပစ်ချသည်
ထိုခေတ်ယုဒလူများက အစားစာချက်ပြုတ်ရန် မြက်များကို မီးရှို့လေ့ရှိကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဦးဦးက မီးထဲသို့ပစ်ချသည်" သို့မဟုတ် "တစ်ဦးဦးက မီးရှို့သည်"

သင်တို့ကို အဝတ်နှင့်ဖုံးလွှမ်းမှုမည် မဟုတ်လော။
ယေရှုက လူများကို သင်ကြားရာတွင် မေးခွန်းသုံးလေ့ရှိ သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကိုအမှန် အဝတ်ဖြင့် ဖုံးလွှမ်းမည်... ယုံကြည်ပါ"

သင်တို့၏ အနည်းငယ်သော ယုံကြည်ခြင်း
"အနည်းငယ်သော ယုံကြည်ခြင်းရှိသည့် သင်တို့" လူတို့က ဘုရားသခင်ကို ယုံကြည်ခြင်းအနည်းငယ်သာ ရှိကြသည့် အတွက် ယေရှုက လူတို့ကို ဆိုဆုံးခြင်းဖြစ်သည်။

ထို့ကြောင့်
"ဤအရာအားလုံးကြောင့်"

### Matthew 6:32

တပါးအမျိုးသားတို့သည် ဤအရာများကို ရှာဖွေကြသည်
"တပါးအမျိုးသားများသည် သူတို့ ဘာစားမည်၊ ဘာဝတ်မည်၊ ဘာသောက်မည့်အကြောင်းများကိုသာ စိုးရိမ်လေ့ရှိကြသည်"

သင်၏ ကောင်းကင်အဖက သင်၏လိုအပ်ချက်များကို သိသည်။
သူတို့၏ လိုအပ်ချက်များကို ဘုရားသခင်က အမှန်တကယ် ဖြည့်ဆည်းမည်ဖြစ်ကြောင်း ယေရှုက ပြောခြင်းဖြစ်သည်။

အဘ
ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေ့ဦးစွာရှာပါ
"နိုင်ငံတော်" သည် ဘုရားသခင်၏ ဘုရင်ကဲ့သို့အုပ်ချုပ်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ရှင်ဘုရင် ဘုရားသခင်၏ အမှုကိုဆောင်ရွက်ပြီး သင့်ကိုသင်သာ ဂရုစိုက်ပြီး၊ မှန်ကန်သည့်အရာကိုသာ လုပ်ဆောင်ပါ"

ဤအရာအားလုံးကို သင့်ကိုပေးမည်
အခြားသောဘာသာပြန် ဆိုချက်၊ "ဘုရားသခင်က ဤအရာအားလုံးကို သင့်အတွက် ပြင်ဆင်ပေးမည်"

ထို့ကြောင့်
"ဤအရာအားလုံးကြောင့်"

နက်ဖြန်သည် သင်တို့အတွက် စိုးရိမ်မည်
"နက်ဖြန်" ကို လူပုဂ္ဂိုလ်ကဲ့သို့ စိုးရိမ်နိုင်သည့်ဟန်ဖြင့် ယေရှုက ပုံဖော်ခြင်းဖြစ်သည်။ လူတဦးသည် မနက်ဖြန်ရောက်လာမည့်အချိန်ကိုသာ စိုးရိမ်သင့်ကြောင်း ယေရှုက ဆိုလိုခြင်းဖြစ်သည်။

## Translation Questions

### Matthew 6:1

လူအများမြင်စေရန်မိမိ၏အကျင့်သီလကောင်းမွန်ကြောင်းလုပ်ဆောင်ပြသူများသည်...
လူအများမြင်စေရန်မိမိ၏အကျင့်သီလကောင်းမွန်ကြောင်းလုပ်ဆော...
လူများထံမှချီးမွမ်းခြင်း ဆုလာဒ်ကိုသာရရှိမည်ဖြစ်ပါသည်။

### Matthew 6:3

အဘဘုရားသခင်ထံမှဆုလာဘ်ခံစားရရှိရန်မည်ကဲ့သို့အကျင့်သီလဆောက်တည်ရမည်နည်း။
မိမိကျင့်သောအကျင့်သီလကို
မိမိကိုယ်တိုင်လျှို့ဝှက်စွာဖြင့်ကျင့်ကြံရပါမည်။

### Matthew 6:5

လူများတို့ရှေ့မှာသူတော်ကောင်းကဲ့သို့ဟန်ဆောင်ဆုတောင်းသောသူများအတွက်မည်သည့်ဆုလာဒ်ရရှိမည်နည်း။
သူတော်ကောင်းကဲ့သို့လူအများရှေ့မှာဟန်ဆောင်ဆုတောင်းကြသူများ...
လူများထံမှသာရရှိမည်ဖြစ်ပါသည်။

မိမိကိုယ်တိုင်လျှို့ဝှက်စွာဆုတောင်းသူတို့အတွက်မည်သူ့ထံမှဆုကျေးဇူးခံရမည်နည်း။
မိမိကိုယ်တိုင်လျှို့ဝှက်စွာဆုတောင်းသူတို့အတွက်အဘဘုရားသခင်ထံမှဆုကျေးဇူးခံစားရမည်ဖြစ်ပါသည်။

အကျိုးမရှိသောဆုတောင်းခြင်းကိုထပ်တလဲလဲမပြုလုပ်ရန်ယေရှုကအဘယ်ကြောင့်ပြောသနည်း။
အကျိုးမရှိသောဆုတောင်းခြင်းကိုထပ်တလဲလဲမပြုလုပ်ရန်ယေရှုပြောရခြင်းအကြောင်းမှာ...
...ကျွန်ုပ်တို့မတောင်းမီ အဘဘုရားသခင်ကသိရှိပြီးဖြစ်ပါသည်။

### Matthew 6:8

အဘဘုရားသခင်၏အလိုတော်သည်မည်သည့်နေရာ၌
ပြည့်စုံရန်ကျွန်ုပ်တို့တောင်းလျှောက်ကြသနည်း။
အဘဘုရားသခင်၏အလိုတော်သည်ကောင်းကင်ဘုံ၌
ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာလည်းပြည့်စုံစေရန်တောင်းလျှောက်ကြပါသည်။

### Matthew 6:14

...တို့၏အပြစ်ကိုကျွန်ုပ်တို့ခွင့်မလွှတ်လျှင်အဘဘုရားသခင်ကမည်သို့ပြု...
...သောသူတို့၏အပြစ်ကိုကျွန်ုပ်တို့ခွင့်မလွှတ်လျှင်၊
ကျွန်ုပ်တို့၏အပြစ်ကိုလည်းအဘဘုရားသခင်ကခွင့်လွှတ်မည်မဟုတ်ပါ။


generated on Tue Mar 12 16:35:02 2024

### Matthew 6:16

ကျွန်တို့သည်မည်ကဲ့သို့အစာရှောင်ခြင်းဖြင့်အဘဘုရား
ထံမှဆုကျေးဇူးခံစားရမည်နည်း။
လူများတို့ရှေ့မှာမိမိအစာရှောင်ခြင်းအမှုကို မထင်ရှား
စေခြင်းဖြင့်အဘဘုရားထံတော်မှ
ဆုကျေးဇူးကိုခံစားရမည်ဖြစ်ပါသည်။

### Matthew 6:19

ကျွန်ုပ်တို့၏ဘဏ္ဍာသည်အဘယ်အရာဖြစ်လိမ့်မည်နည်း။
ကျွန်ုပ်တို့၏ဘဏ္ဍာသည် ကျွန်ုပ်တို့၏စိတ်နှလုံးဖြစ်လိမ့်မည်။

ကျွန်ုပ်တိုသည်မည်သည့်နေရာ၌ဘဏ္ဍာကိုဆည်းဖူးရမည်နည်း။
အဘယ်ကြောင့်နည်း။
ကျွန်ုပ်တို့သည်ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးရမည်ဖြစ်ပါသည်။
အဘယ်ကြောင့်ဆိုသော်ထိုနေရာ၌မည်သူမျှ
ခိုးယူ၍မရဖျက်ဆီးမရနိုင်သောကြောင့်ဖြစ်ပါသည်။

### Matthew 6:22

ကျွန်ုပ်တို့သည်မိမိသခင်အဖြစ်မည်သည့်နှစ်ဦးထဲမှရွေးချယ်ရမည်နည်း။
ကျွန်ုပ်တို့သည်မိမိသခင်အဖြစ်ဘုရားသခင်နှင့်လောကီစည်းစိမ်နှစ်ဦးထဲမှရွေးချယ်ရမည်ဖြစ်ပါသည်။

### Matthew 6:25

ကျွန်ုပ်တို့သည်အဘယ်ကြောင့်အစား၊ အသောက်
နှင့်အဝတ်အတွက်စိုးရိမ်စရာမရှိသနည်း။
လူတို့သည်ငှက်များထက်များစွာကောင်းမြတ်သဖြင့်၊
ငှက်များဝလင်စွာစားရသကဲ့သို့
ကျွန်ုပ်တို့ကိုလည်းကျွေးမွေးမည်ဖြစ်သောကြောင့်
အစားအသောက်နှင့် အဝတ်တို့အတွက်စိုးရိမ်စရာမရှိပါ။

### Matthew 6:27

ကျွန်ုပ်တို့သည်စိုးရိမ်ပူပန်ခြင်းမရှိစေရန်ယေရှုကမည်သို့သတိပေးသနည်း။
ကျွန်ုပ်တို့သည်စိုးရိမ်ပူပန်ခြင်းအားဖြင့်မိမိအသက်တာကိုပို၍တာရှည်နိုင်မည်မဟုတ

### Matthew 6:32

ကျွန်ုပ်တို့သည်မည်သည့်အရာကိုရှေးဦးစွာရှာဖွေရန်နှင့်လိုအပ်သောလောကီအရာများကိုနောက်မှထ
ကျွန်ုပ်တို့သည်ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတို့ကိုရှေးဦးစွာရှ
လိုအပ်သောလောကီအရာများကိုနောက်မှထပ်မံ၍ပေးမည်ဟုပြောပါသည်။

---


generated on Tue Mar 12 16:35:02 2024

## Chapter 7

1 သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတပါး၏အမှု၌ စစ်ကြော ဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ 2
သင်တို့သည် အကြင်တရားအတိုင်း သူတပါးကိုစီရင်ကြ၏ ထိုတရားအတိုင်းစီရင်ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့်
သူတပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။ 3 ကိုယ်မျက်စိ၌ရှိသော တံကျင်ကို မအောက်မေ့ဘဲ
ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို အဘယ် ကြောင့် ကြည့်ရှုသနည်း။ 4 ကိုယ်မျက်စိ၌ တံကျင်ရှိလျက်ပင် ညီအစ်ကိုအား
သင်၏မျက်စိ၌ရှိသောငြောင့်ငယ်ကို ထုတ်ပါရစေ ဟု အဘယ်သို့ဆိုသနည်း။ 5 လျှို့ဝှက်သောသူ၊
ကိုယ်မျက်စိ၌ရှိသောတံကျင်ကိုရှေးဦးစွာထုတ်ပစ်လော့။ နောက်မှညီအစ်ကို မျက်စိ၌ ရှိသော ငြောင့်ငယ်ကို ထုတ်ပစ်ခြင်းငှါ
ရှင်းလင်းစွာမြင်လိမ့်မည်။ 6 ဖြူစင်သောအရာကို ခွေးတို့အား မပေးကြနှင့်။ ပုလဲရတနာတို့ကို ဝက်တို့ရှေ့မှာ မချမထားကြနှင့်။
သို့ပြုလျှင် ထိုအရာတို့ကို ကျော်နင်း၍ သင်တို့ကိုလှည့်လျက် ကိုက်ဖြတ်ကြလိမ့်မည်။ 7 တောင်းကြလော့။ တောင်းလျှင်ရမည်။
ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ 8 တောင်းသောသူမည်သည်ကား ရ၏။
ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကို ဖွင့်၏။ 9 သားသည် မုန့်ကိုတောင်းလျှင် မိမိသားအား
ကျောက်ကိုပေးမည်သူ၊ 10 ငါးကို တောင်းလျှင် မြွေကို ပေးမည်သူ တစုံတယောက်မျှသင်တို့တွင် ရှိသလော။ 11 သင်တို့သည်
အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော
သင်တို့အဘသည် ဆုတောင်းသောသူတို့အား ကောင်းသောအရာကိုသာ၍ ပေးတော်မူမည် မဟုတ်လော။ 12 သင်တို့သည်
ကိုယ်၌သူတပါးပြုစေလိုသမျှအတိုင်းသူတပါး၌ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်း နှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင်
ဖြစ်သတည်း။ 13 ကျဉ်းသောတံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည် ဖြစ်၍
ဝင်သောသူတို့သည်များကြ၏။ 14 အသက်ရှင်ခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊
တွေ့ဝင်သော သူတို့သည် နည်းကြ၏။ 15 အတွင်း၌ကြမ်းတမ်းသော တောခွေးဖြစ်လျက် သိုးရေကိုခြုံ၍သင်တို့ရှိရာသို့လာသော
မိစ္ဆာပရောဖက် တို့ကို သတိနှင့် ရှောင်ကြလော့။ 16 ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကို သိကြလိမ့်မည်။ ဆူးပင်၌
စပျစ်သီးကို ဆွတ်တတ် သလော။ ဆူးလေပင်၌ သင်္ဘောသဖန်းသီးကို ဆွတ်တတ်သလော။ 17 ကောင်းသောအပင်သည်
ကောင်းသောအသီး၊ မကောင်းသောအပင်သည် မကောင်းသောအသီးကို သီးတတ်၏။ 18 ကောင်းသောအပင်သည်
မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအသီးကို မသီးနိုင်။ 19 ကောင်းသောအသီး
မသီးသောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်တတ်၏။ 20 သို့ဖြစ်လျှင် ထိုပရောဖက်တို့၏ အကျင့်ကို ထောက်သော်
သူတို့၏ သဘောကို သိရကြလိမ့်မည်။ 21 သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့
ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ 22
ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီ မဟုတ် လော။ ကိုယ်တော်အခွင့်နှင့်
နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသော တန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု အများသော
သူတို့သည် လျှောက်ကြလိမ့်မည်။ 23 ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအလျင်းမသိ၊ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ
ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်။ 24 အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍နားထောင်၏။
ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့် တူကြောင်းကို ငါပုံပြမည်။ 25 မိုဃ်းရွာ၍ ရေစီးသည်နှင့် လေလာ၍
ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာ တည်သော ကြောင့် မပြိုမလဲနေ၏။ 26 အကြင်သူသည် ငါဟောပြောသော
ဤစကားကိုကြား၍ နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။ 27
မိုဃ်းရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကို တိုက်သောအခါ၊ ကြီးစွာသော ပြိုလဲခြင်းသို့ ရောက် လေသည်ဟုဟောတော်မူ၏။ 28
ထိုဒေသနာတော်ကို ယေရှုဟောတော်မူသည် အဆုံး၌ ပရိသတ်အပေါင်းတို့သည် ဆုံးမဩဝါဒ ပေးတော်မူခြင်းကို အလွန်အံ့သြကြ၏။
29 အကြောင်းမူကား၊ ကျမ်းပြုဆရာနည်းတူမဟုတ်၊ အစိုးရသော သူနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏။

---

### Matthew 7:1

ဆက်စပ်မှုဖော်ပြချက်
ယေရှုက 5:1 ၌အစပြုခဲ့သည့် သူ၏ တောင်ပေါ်ဒေသနာအကြောင်းကို လူများအား ဆက်သင်ကြားပေးနေသည်။

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ "သင်" နှင့် အမိန့်များသည် အများကိန်းများဖြစ်ကြသည်။

တရားမစီရင်နှင့်
"တရားစီရင်ခြင်း" သည် "ရက်စက်သည့် အပြစ်ပေးခြင်း" သို့မဟုတ် "အပြစ်ရှိကြောင်းကြေငြာခြင်း" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများကို ရက်စက်စွာ အပြစ်မပေးပါနှင့်"

သင်တို့ စီရင်ခြင်း ခံရမည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်တို့ကို ရက်စက်စွာ အပြစ်ပေးမည်မဟုတ်"

ထို့ကြောင့်
7:2 ရှိအကြောင်းအရာသည် 7:1 ၌ ယေရှုပြောခဲ့သည့်အရာပေါ်အခြေခံကြောင်း စာဖတ်သူများ နားလည်ရန် လိုအပ်သည်။


generated on Tue Mar 12 16:35:02 2024

သူတပါးကို စီရင်သည့်အတိုင်း သင်တို့ကို တရားအစီရင်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "တပါးသူများကို သင်တို့အပြစ်ပေးသည့်အတိုင်း ဘုရားသခင်က သင်တို့ကို အပြစ်ပေးမည်"

စီရင်သည်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "ပြစ်ဒဏ်ခတ်မှု ပေးမည့် အတိုင်းအတာဖြစ်သည်" သို့မဟုတ် (၂) တရားစီရင်ရာ၌ သုံးသည် အတိုင်းအတာဖြစ်သည်"

သင်တို့ကို စီရင်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်တို့ကို စီရင်မည်"

## Matthew 7:3

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့် အရာကို ပြောသည်။ "သင်" နှင့် "သင်၏" များသည် အနည်းကိန်းဖြစ်ကြသည်၊ သို့သော် အများကိန်းများဖြင့် ဘာသာပြန်ရန် လိုအပ်နိုင်သည်။

သင့်မျက်စိထဲရှိ သစ်တုံးကြီးကို သင်သတိမပြုမိဘဲ.....ဘာ့ကြောင့်ကြည့်သည့်သနည်း။
ယေရှုက လူများကို တပါးသူတို့၏ အပြစ်ကို အာရုံစိုက်တာထက် သူတို့ကိုယ်တိုင်၏ အပြစ်များကို အာရုံစိုက်ရန် ဤမေးခွန်းဖြင့် စိန်ခေါ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့မျက်စိထဲရှိ သစ်တုံးကို လျစ်လျူရှုပြီး....မကြည့်ပါနှင့်"

သင့်ညီအစ်ကို မျက်စိထဲရှိ သေးငယ်သော ပြောင့်ငယ်
ဓမ္မမိတ်ဆွေများ ပြုမိသည့် အရေးမပါသော အပြစ်ကို ဆိုလိုသည်။

သေးငယ်သော ပြောင့်ငယ်
"အမှိုက်" (UDB) သို့မဟုတ် "အစအန" သို့မဟုတ် "ဖုန်မှုန့်" လူ၏ မျက်စိထဲသို့ ဝင်နိုင်သည့် အသေးငယ်ဆုံးသောအရာအတွက် သုံးခြင်းဖြစ်သည်။

ညီအစ်ကို
7:3-5 ထဲရှိ "ညီအစ်ကို" အားလုံးသည် ယုံကြည်သူအဖော်ကို ဆိုလိုသည်။ အိမ်နီးနား၊ သွေးသားအရ ညီအစ်ကိုကိုဆိုလိုခြင်း မဟုတ်ပေ။

သင်တို့မျက်စိထဲရှိ သစ်တုံး
လူတစ်ဦး၏ အရေးကြီးဆုံး ပြစ်ချက်များကို ခိုင်းနှိုင်းထားခြင်းဖြစ်သည်။ သစ်တုံးသည် လူ၏ မျက်စိထဲသို့ ဝင်နိုင်မည်မဟုတ်ပေ။ ယေရှုက သူတပါး၏ အနည်းငယ်သောအပြစ်ကို ပြောသည်ထက် ကိုယ့်မှာ ကြီးမားသည့်အပြစ်ရှိကြောင်း အာရုံစိုက်ရန် ပြောထားခြင်းဖြစ်သည်။

သစ်တုံး
တစ်စုံတစ်ယောက်က ဖြတ်ပစ်သည့် အကြီးမားဆုံးသော သစ်ပင်၏ အပိုင်းဖြစ်သည်။

သင့်မျက်စိကို....သင်ဘာပြောမည်နည်း။
ယေရှုက လူများကို တပါးသူတို့၏ အပြစ်ကို အာရုံစိုက်တာထက် သူတို့ကိုယ်တိုင်၏ အပြစ်များကို အာရုံစိုက်ရန် ဤမေးခွန်းဖြင့် စိန်ခေါ်ခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့မျက်စိကို....သင်တို့မပြောသင့်ပေ"

## Matthew 7:6

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကို ပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့် အရာကို ပြောသည်။ "သင်၊ သင်၏" စကားလုံးများသည် အများကိန်းများဖြစ်ကြသည်။

ခွေးများ.....ဝက်ထီးများ
ယုဒလူများက ဤတိရစ္ဆာန်များကို ညစ်ပတ်သည်၊ သူတို့ကိုမစားရန် ဘုရားသခင်က သူတို့ကိုတားမြစ်သည်။ သန့်ရှင်းသောအရာများကို တန်ဖိုးမထားသော လူဆိုးများဖြစ်ကြောင်း ခိုင်းနှိုင်းထားခြင်းဖြစ်သည်။ ဤစကားလုံးများကို လုံးကောက်အဓိပ္ပါယ်ဖြင့် ဘာသာပြန်က ပိုကောင်းမည်။

ပုလဲ
တန်ဖိုးရှိသည့်ကျောက်၊ ပုတီးဖြစ်ပြီး လုံးဝန်းသော ပုံသဏ္ဍာန်ရှိသည်။ ဘုရားသခင်ကို သိရှိခြင်းသည် ထိုအရာများထက် တန်ဖိုးရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။

သူတို့ နင်းချေနိုင်သည်
"ဝက်များက နင်းချေနိုင်ကြသည်"

လှည့်လျက် ကိုက်ဖြတ်လိမ့်မည်
"ခွေးများက လှည့်လျက် ကိုက်ဖြတ်လိမ့်မည်"

## Matthew 7:7

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့် အရာကို ပြောသည်။ "သင်" နှင့် "သင်၏" များသည် အများကိန်းများဖြစ်ကြသည်။

တောင်းပါ ... ရှာပါ ... ခေါက်ပါ
ဘုရားသခင်ဆီ ဆုတောင်းခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ငါတို့ဆုတောင်းပြီး သူက အဖြေပေးသည်အထိ ဆက်တောင်းရန် ဆိုလိုသည်။

တောင်းပါ
ဘုရားသခင်ဆီမှ လိုအပ်သည့်အရာများ တောင်းဆိုသည်ကို ဆိုလိုသည်။ (UDB)

သင့်ကို ပေးမည်ဖြစ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့လို အပ်ချက်များကို ဘုရားသခင်က ပေးမည်"

ရှာဖွေပါ
"သင်လိုအပ်သည့်အရာကို ဘုရားသခင်ဆီ ရှာဖွေပါ"

ခေါက်သည်
တံခါးခေါက်ခြင်းသည် ယဉ်ကျေးသည့် အပြုအမူဖြစ်သည်။ အိမ်ထဲ၊ အခန်းထဲ၌ ရှိသည့် လူက တံခါးလာဖွင့်ပေးရန် ခေါက်ခြင်းဖြစ်သည်။ တံခါးခေါက်ခြင်းသည် သင့်ယဉ်ကျေးမှု၌ မယဉ်ကျေးပါက မည်ကဲ့သို့ တံခါးဖွင့်ပေးရန် ယဉ်ကျေးစွာ


generated on Tue Mar 12 16:35:02 2024

တောင်းဆိုကြသနည်း။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို တံခါးဖွင့် ပေးစေချင်သည့် ဘုရားကို ပြောပါ"

သင်တို့ကို ဖွင့်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်တို့အတွက် ဖွင့်ပေးမည်"

သင်တို့ထဲက မည်သူ...ကျောက်။
ယေရှုက လူများသင်ကြားရန် မေးခွန်းမေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ထဲ၌ မည်သူမျှမရှိ...ကျောက်"

မုန့်
ယေဘုယျအစားအစာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစာတချို့"

ကျောက်...ငါး...မြွေ
ဤစကားလုံးများကို လုံးကောက်ဖြင့် ဘာသာပြန်သင့်သည်။

သူကငါးတောင်းလျှင် မြွေကိုပေးမည်လော။
ယေရှုက လူများသင်ကြားရန် အခြားမေးခွန်းမေးပြန်သည်။ ယေရှုက လူနှင့် သူ့သားကို ဆိုလိုကြောင်း နားလည်ရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့သားက ငါးတောင်းလျှင် သူ့ကို မြွေပေးမည့်သူ သင်တို့ထဲတွင် ရှိသလော"

## Matthew 7:11

ယေဘုယျအချက်အလက်
ယေရှုခရစ်တော်က လူအုပ်ဆီကိုပြောသည့်အရာမှာ သူတို့တစ်ယောက်ချင်းစီထံသို့ ဖြစ်ပျက်လာမည့် အရာကို ပြောသည်။ "သင်၊ သင်၏" စကားလုံးများသည် အများကိန်းများဖြစ်ကြသည်။

ကောင်းကင်ဘုံရှိ သင်တို့အဘက သူ့ကို မည်မျှလောက်ပေးမည်နည်း။
ယေရှုက လူများကိုသင်ကြားရာတွင် မေးခွန်းကို အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ သင်တို့အဘက သူ့ကို အမှန်ပေးမည်"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမ ဖြစ်သည်။

လူများအား မည်သည့်အရာမဆို သင်လုပ်စေချင်သည့်အရာ။
"သင့်ထံသို့ တပါးသူများအား သင်လုပ်စေချင်သည့်အရာ ဘာမဆို" (UDB)

ဤဟာသည် ပညတ်တိကျမ်းနှင့် အနာဂတ္တိကျမ်းဖြစ်သည်
"ပညတ္တိကျမ်း" နှင့် "အနာဂတ္တိကျမ်း" သည် မောရှေနှင့် ပရောဖက်များ ရေးထားသည့် စာများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် မောရှေနှင့် ပရောဖက်များက ကျမ်းစာ၌ရေးထားသည့် အရာများဖြစ်သည်"

## Matthew 7:13

ယေဘုယျအချက်အလက်
"ကျယ်သည်" ကို ဘာသာပြန်သည့်အခါ သင့်လျော်သော စကားလုံးကို သုံးနိုင်သည်။ "ကျဉ်းသော" နှင့် ဆန့်ကျင်သည့် စာလုံးဖြစ်ရန် လိုသည်။

ကျဉ်းသော တံခါးဖြင့် ဝင်ပါ...လူနည်းစုကသာတွေ့ကြသည်
လူတဦးခရီးသွားသည့်ဟန်ဖြင့် လမ်းသွားပြီး နိုင်ငံတော်ထဲသို့ ဝင်ခြင်းကို မြင်ယောင်စေသည်။ နိုင်ငံတော်တစ်ခုဝင်ရန်မှာ လွယ်ကူသည်။ အခြားတစ်ခုမှာ ဝင်ရန်ခက်သည်။ ဘုရားသခင်ကို နာခံပြီး ထာဝရအသက်ရရှိရန်အသက်ရှင်ခြင်းမှာ ခက်ခဲသည့်အရာဖြစ်သည်။ သူတို့က လွယ်ကူသည့်လမ်းကို ရွေးပြီး ဘုရားသခင်ကို နာမခံပါက ငရဲပြည်ကို ဝင်မည်ဖြစ်သည်။

ကျဉ်းသော တံခါးဖြင့် ဝင်ပါ
ဤစာလုံးကို စာပိုဒ်၏အဆုံး အပိုဒ် 14 တွင် ထားရန် လိုအပ်နိုင်သည်။ "ထို့ကြောင့် ကျဉ်းသော တံခါးဖြင့် ဝင်ပါ"

ဂိတ်...လမ်း
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) နိုင်ငံတော်ထဲသို့ဝင်ရန် ဂိတ်နှင့် ထိုဂိတ်ဆီသို့ သွားသည့် လမ်းကို ဆိုလိုသည်။ UDB ၌ လုပ်ထားသည့် ကြိယာအစဉ်အတိုင်း ရှေ့နောက်ပြန်ပြောင်းရန် လိုအပ်နိုင်သည်။ သို့မဟုတ် (၂) "ဂိတ်" နှင့် "လမ်း" နှစ်ခုစလုံးက နိုင်ငံတော်ဝင်ပေါက်ကို ဆိုလိုကြသည်။ ဤသို့ဆိုလျှင် ကြိယာအစဉ်ကို နေရာပြောင်းစရာမလိုအပ်ပါ။

ဖျက်ဆီးရန်...အသက်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သေမည့်နေရာ...သင်တို့နေထိုင်မည့်နေရာ"

## Matthew 7:15

သတိနှင့် ရှောင်ကြလော့
"သတိထားပါ"

တောခွေးဖြစ်လျက် သိုးရေကို ခြုံ၍ သင်တို့ဆီသို့ လာသူ
မှားယွင်းသောပရောဖက်များသည် သင်တို့ကို ကူညီရန်နှင့် သူတို့ကောင်းသလိုလိုနဲ့ ဟန်ဆောင်ကြမည်ကို ခိုင်းနှိုင်းခြင်းဖြစ်သည်။ သို့သော် သူတို့သည် မကောင်းသူ၊ သင်တို့ကို အနာတရဖြစ်စေချင်သူများ အမှန်တကယ်ဖြစ်ကြသည်။

သူတို့ကို သူတို့၏အသီးများဖြင့် သိမည်
ခိုင်းနှိုင်းချက်က လူတဦး၏ အပြုအမူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ်ပင်အပေါ် သီးလာသည့် အသီးဖြင့် သစ်ပင်ကို သင်တို့ သိကြသည်၊ ပရောဖက်များကိုလည်း သူတို့၏ အလုပ်များဖြင့် သင်တို့သိကြမည်ဖြစ်သည်။"

လူများက စုကြသလော...ဆူးပင်များ။
ယေရှုက လူများကို သင်ကြားရာတွင် မေးခွန်းသုံးသည်။ အဖြေဟာ မဟုတ်မှန်း လူများက နားလည်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများက မစုကြသော....ဆူးပင်များ"

အပင်ကောင်းတိုင်းက ကောင်းသည့်သစ်သီးကိုသာ သီးသည်
ယေရှုက ကောင်းသည့် ပရောဖက်များက ကောင်းသည့်အလုပ်များကိုသာ ဖြစ်စေကြကြောင်း သစ်သီးများဖြင့် ခိုင်းနှိုင်းပြီး ပြောခြင်းဖြစ်သည်။

မကောင်းသည့်အပင်က မကောင်းသည့်အသီးကိုသာ သီးသည်
ယေရှုက မကောင်းသည့်ပရောဖက်များက မကောင်းသည့် အလုပ်များကိုသာ ဖြစ်စေကြကြောင်း သစ်သီးများဖြင့် ခိုင်းနှိုင်းပြီးပြောခြင်း ဖြစ်သည်။

### Matthew 7:18

ကောင်းသောအသီးမသီးသည့် အပင်တိုင်းကို ဖြတ်ပစ်၍ မီးထဲသို့ပစ်ရသည်။
ယေရှုက သစ်သီးများကိုသုံးပြီး မှားယွင်းသောပရောဖက်များကို ဆက်၍ ခိုင်းနှိုင်းသည်။ မကောင်းသည့်သစ်ပင်အပေါ် ဖြစ်ပျက်လာမည့်အရာကို ပြောသည်။ ထိုနည်းတူ မှားယွင်းသည့် ပရောဖက်များအပေါ်တွင်လည်း ကျရောက်လာမည် ဖြစ်သည်။

ဖြတ်ပစ်၍ မီးထဲသို့ပစ်ရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတဦးက ဖြတ်ပြီး မီးရှို့မည်ဖြစ်သည်။"

သူတို့အသီးများဖြင့် သူတို့ကို သင်တို့သိကြမည်
"သူတို့" သည် သစ်ပင်များ သို့မဟုတ် ပရောဖက်များ တစ်ခုခုကို ရည်ညွှန်းနိုင်သည်။ ခိုင်းနှိုင်းချက်က သစ်ပင်၏ အသီးနှင့် ပရောဖက်များ၏ လုပ်ဆောင်မှုများ ကောင်းသည်၊ မကောင်းသည်ကို ဖော်ပြသည်။ ပရောဖက်များနှင့် သစ်ပင် နှစ်ခုစလုံးကို ရည်ညွှန်းသည့် စကားလုံးရှိပါက သုံးနိုင်သည်။

### Matthew 7:21

ကောင်းကင်နိုင်ငံကို ဝင်လိမ့်မည်
"ကောင်းကင်နိုင်ငံ" ကို ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံတော်" သည် မဿဲခရစ်ဝင် ကျမ်းထဲတွင်သာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ကို ပါအောင် ဘာသာပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုယ်သူ ဘုရင်အဖြစ်ဖော်ပြသည့်အချိန်တွင် ဘုရားသခင်နှင့်အတူ ကောင်းကင်၌ နေမည်"

ကောင်းကင်ဘုံ၌ ရှိသည့် ငါ၏ အဘ၏ အလိုတော်ကို လုပ်ဆောင်သောသူ
"ကောင်းကင်ဘုံရှိငါ့အဘ၏ အလိုတော်ကို လုပ်သူတိုင်း"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမ ဖြစ်သည်။

ထိုနေ့၌
ယေရှုပြောသည် "ထိုနေ့" သည် တရားစီရင်မည့်နေ့ကို ဆိုလိုကြောင်း သူ့ပရိသတ်များက နားလည်ကြသည်။ စာရှုသူများ နားလည်လွယ်ရန် "တရားစီရင်သောနေ့" ဟုထပ်ပေါင်းရန် လိုအပ်နိုင်သည်။

ငါတို့ ပရောဖက် မဟောသလော...နတ်ဆိုးများနှင်ထုတ်...နမိတ်လက္ခဏာများ များစွာပြုလုပ်သည် မဟုတ်လော။
ဤအရာများကို သူတို့လုပ်ကြောင်း အလေးအနက်ပေးရန် မေးခွန်းကို လူတို့က သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ပရောဖက်ပြုသည်..နတ်ဆိုးများ နှင်ထုတ်ပြီး...နမိတ်လက္ခဏာများ များစွာပြုလုပ်သည်"

ငါတို့
"ငါတို့" တွင် ယေရှု မပါဝင်ပါ"

သင်၏နာမည်ဖြင့်
"နာမည်" က ယေရှု၏ တန်ခိုးနှင့် အာဏာကို ဆိုလိုသည်။

မြင့်မြတ်သောအလုပ်
"နမိတ်လက္ခဏာများ"

သင့်ကို ငါမသိဖူးပါ
လူတစ်ဦးသည် ယေရှုနှင့် မသက်ဆိုင်ကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့နောက်လိုက်မဟုတ်ပါ" သို့မဟုတ် "သင့်အပေါ် ငါဘာမှလုပ်စရာမရှိပါ"

### Matthew 7:24

ထို့ကြောင့်
"ထိုအကြောင်းကြောင့်"

ငါ့စကားများ
"စကားများ" သည် ယေရှုပြောသည့် အရာများကို ဆိုလိုသည်။

ကျောက်ဆောင်ပေါ်မှာသူ့အိမ်ဆောက်သည့် ပညာရှိကဲ့သို့
ယေရှုက သူ့စကားနားထောင်သူများသည် မည်သည့်အရာကမျှ မဖြိုဖျက်နိုင်သည့်နေရာတွင် အိမ်ဆောက်သူအဖြစ် ခိုင်းနှိုင်းထားသည်။

ကျောက်ဆောင်
ရွှံ့စေးနှင့် မြေဆီလွှာအောက် မြေလွှာအောက်ရှိ ကျောက်သား၊ မြေပေါ်၌ရှိပြီး လေနှင့်ရေတို့က တိုက်စားသည့်ကျောက်ယံဖြစ်သည်။

တည်ဆောက်ထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူကတည်ဆောက်သည်"

### Matthew 7:26

ဆက်စပ်မှုဖော်ပြချက်
5:1 ၌ စသည့် ယေရှု၏ တောင်ပေါ်ဒေသနာ၏ အဆုံးဖြစ်သည်။

သဲပေါ်သို့ သူ့အိမ်ဆောက်သည့် မိုက်မဲသောလူ
ယေရှုက ရှေ့က အပိုဒ်မှ စ၍ ဥပစာများဖြင့် ခိုင်းနှိုင်းသည်။ သူ့စကား နားမထောင်သူများသည် မိုက်မဲသည့် အိမ်ဆောက်သမားနှင့်တူသည်။ မိုက်မဲသည့် လူကသာ ရေ၊ လေ၊ မိုးရေများက ဖျက်ဆီးနိုင်သည့် နေရာ သဲပေါ်တွင် အိမ်ဆောက်နိုင်သည်။

ပြိုလဲသည်
အိမ်ပြိုလဲသည့်အခါသုံးသည့် ယေဘုယျစကားလုံးကို သုံးနိုင်သည်။

လုံးဝပျက်စီးသည်
မိုးရေ၊ ရေကြီးမှုနှင့် လေတို့က အိမ်ကို လုံးဝဖျက်ဆီးကြသည်။

### Matthew 7:28

ယေဘုယျအချက်အလက်
ယေရှု၏ တောင်ပေါ်ဒေသနာအပေါ် လူတို့က မည်သို့တုံ့ပြန်ကြသည်ကို ဤအပိုဒ်က ဖော်ပြသည်။

ဖြစ်ပျက်လာသည်
ယေရှု၏ သင်ကြားမှုမှ နောက်ဘာဖြစ်လာမည့်အကြောင်းအရာသို့ ကူးပြောင်းသွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်" သို့မဟုတ် "ပြီးနောက်"


generated on Tue Mar 12 16:35:02 2024

သူ့သင်ကြားချက်များကို အံ့သြကြသည်
ယေရှုသင်ကြားပေးခဲ့သည့် အရာများကြောင့် သာမက သူပြောခဲ့သည့်အရာများကြောင့် အံ့သြကြသည်မှာ 7:29 မှ စသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ သင်ကြားနည်းကြောင့် အံ့သြကြသည်"

## Translation Questions

### Matthew 7:3

ကျွန်ုပ်တို့သည် အမြင်ရှင်းလင်းစွာဖြင့် မိမိညီအစ်ကိုချင်းကိုကူညီရန် ပထမဆုံးမည်သို့လုပ်ရမည်နည်း။
ကျွန်ုပ်တို့သည် အမြင်ရှင်းလင်းစွာဖြင့် မိမိညီအစ်ကိုချင်းကိုကူညီရန်အတွက် ပထမဆုံးမိမိကိုယ်မိမိ ပထမဦးစွာစစ်ဆေးပြီး မိမိမျက်စိ၌ရှိနေသော အမှိုက်ကိုဖယ်ထုတ်ရမည်ဖြစ်ပါသည်။

### Matthew 7:6

သင်သည် ဖြူစင်သောအရာ ပုလဲကို ခွေးအားပေးလျှင်မည်သို့ဖြစ်မည်နည်း။
သင်သည် ဖြူစင်သောအရာ ပုလဲကိုခွေးအားပေးလျှင် ခွေးသည်ထိုအရာကိုကျော်နင်း၍ သင့်အားလှည့်ကိုက်မည်ဖြစ်သည်။

### Matthew 7:7

ကျွန်ုပ်တို့သည်အဘဘုရားထံမှရရှိရန်ဘာလုပ်ရမည်နည်း။
ကျွန်ုပ်တို့သည်အဘဘုရားထံမှရရှိရန် တောင်းလျှောက်ခြင်း၊ ရှာဖွေခြင်း၊ တံခါးခေါက်ခြင်း တို့ကိုပြုလုပ်ရမည်ဖြစ်ပါသည်။

### Matthew 7:11

တောင်းသောသူတို့အားအဘဘုရားသည် မည်သည့်အရာကိုပေးမည်နည်း။
တောင်းသောသူတို့အားအဘဘုရားသည် ကောင်းသောအရာကိုပေးပါမည်။

ပညတ်တော်ကျမ်းနှင့် အနာဂတ္တိကျမ်းတို့တွင် သူတပါးတို့အားဘာလုပ်ရမည်နည်း။
ပညတ်တော်ကျမ်းနှင့်အနာဂတ္တိကျမ်းတို့တွင် ကိုယ်၌သူတပါးပြုစေလိုသည့်အတိုင်း သူတပါးအားပြုလုပ်ရမည်ဖြစ်ပါသည်။

### Matthew 7:13

ကျယ်သောလမ်းသည် လူတို့ကိုမည်သို့ ပို့ဆောင်သနည်း။
ကျယ်သောလမ်းသည် လူတို့ကို ပျက်ဆီးခြင်းလမ်းသို့ ပို့ဆောင်ပါသည်။

ကျဉ်းသောလမ်းသည် လူတို့ကိုမည်သို့ ပို့ဆောင်သနည်း။
ကျဉ်းသောလမ်းသည် လူတို့ကို အသက်ရှင်ခြင်းလမ်းသို့ဦးပို့ဆောင်ပါသည်။

### Matthew 7:15

မှားယွင်းသောပရောဖက်ဖြစ်ကြောင်း ကျွန်ုပ်တို့မည်သို့သိရမည်နည်း။
ကျွန်ုပ်တို့သည် ပရောဖက်တို့အသက်တာ၌ ကျင့်သောအကျင့် အသီးအားဖြင့် သိရမည်ဖြစ်ပါသည်။

### Matthew 7:21

မည်သူသည်ကောင်းကင်နိုင်ငံတော်သို့ဝင်ရမည်နည်း။
အဘဘုရား၏အလိုတော်ကိုဆောင်သောသူသည်ကောင်းကင်နိုင်ငံတော်သို့ဝင်ရပါမ

နတ်ဆိုးနှင်ထုတ်ခြင်းနှင့်ယေရှုနာမအားဖြင့်တန်ခိုးပြ ခြင်းပြုလုပ်ကြသည့်ပရောဖက်ပြုသူများအားယေရှုကဘာပြောသနည်း။
ယေရှုကထိုသူတို့အားသင်တို့ကိုငါအလျှင်းမသိ၊ အဓမ္မပြုသောသူတို့ငါ့ထံမှဖယ်သွားကြလော့ဟုပြောပါသည်။

### Matthew 7:24

ယေရှု၏ဥပမာ၌ အိမ်နှစ်လုံးဆောက်ကြသူတို့တွင်မည်သူသည်ပညာရှိဖြစ်သနည်း။
ယေရှု၏နှုတ်ကပတ်တော်ကို ကြားနာပြီးနားထောင်သောသူသည်ပညာရှိဖြစ်ပါသည်။

### Matthew 7:26

ယေရှုဘုရား၏ဥပမာ၌ အိမ်နှစ်လုံးဆောက်ကြသူတို့တွင်မည်သူသည် လူမိုက်ဖြစ်သနည်း။
ယေရှုဘုရား၏နှုတ်ကပတ်တော်ကို ကြားနာပြီး နားမထောင်သောသူသည် လူမိုက်ဖြစ်ပါသည်။

### Matthew 7:28

ယေရှုသည်လူများတို့အား ကျမ်းပြုဆရာများကဲ့သို့မဟုတ်ဘဲ မည်ကဲ့သို့ ဟောပြောသွန်သင်သနည်း။
ယေရှုသည်လူများတို့အား ကျမ်းပြုဆရာများကဲ့သို့မဟုတ်ဘဲ၊ အစိုးရသောသူကဲ့သို့ ဟောပြောသွန်သင်ပါသည်။


generated on Tue Mar 12 16:35:02 2024

## Chapter 8

1 ကိုယ်တော်သည် တောင်ပေါ်မှဆင်းကြွတော်မူလျှင်၊ များစွာသောလူအပေါင်းတို့သည် နောက်တော်သို့ လိုက်ကြ၏။ 2 ထိုအခါ
နူနာစွဲသောသူတယောက်သည် ညွတ်ပြပ်လျက်၊ သခင်အလိုတော်ရှိလျှင် ကျွန်တော်ကို သန့်ရှင်းစေနိုင်တော်မူသည်ဟု လျှောက်လေ၏။
3 ယေရှုကလည်း ငါအလိုရှိ၏။ သန့်ရှင်းခြင်းသို့ ရောက်စေဟု မိန့်တော်မူလျက် လက်တော်ကိုဆန့်၍ ထိုသူကို တို့တော်မူ၏။
ထိုခဏခြင်းတွင် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ရောက်လေ၏။ 4 ယေရှုကလည်း သင်သတိပြု။ ဤအကြောင်းကို
အဘယ်သူအားမျှမပြောနှင့်။ ယဇ်ပုရောဟိတ်ထံသို့ သွား၍ ကိုယ်ကိုပြလော့။ သူတပါး၌ သက်သေဖြစ်စေခြင်းငှါ
မောရှေစီရင်မှာထားသော ပူဇော်သက္ကာကို ဆက်လော့ဟု မိန့်တော်မူ၏။ 5 ထိုနောက်မှ ကပေရနောင်မြို့သို့ ကြွဝင်တော်မူလျှင်၊
တပ်မှူးတယောက်သည် အထံတော်သို့လာ၍၊ 6 သခင်၊ ကျွန်တော်၏ ငယ်သားတယောက်သည် လက်ခြေသေသည်အနာနှင့်
ပြင်းစွာခံရ၍ အိမ်တွင် တုံးလုံးနေပါသည်ဟု တောင်းပန်လေ၏။ 7 ယေရှုကလည်း ငါလာ၍ ချမ်းသာပေးမည်ဟု မိန့်တော်မူလျှင်၊ 8
တပ်မှူးက၊ သခင်၊ ကျွန်တော်၏ အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်း ကျေးဇူးတော်ကို ကျွန်တော်မခံ ထိုက်ပါ။ အမိန့်တော်
တခွန်းရှိလျှင် ကျွန်တော်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်။ 9 ဥပမာကား၊ ကျွန်တော်သည်
မင်းအောက်၌ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍ တဦးကိုသွားချေဟုဆိုလျှင် သွားပါ၏။ တဦးကို
လာခဲ့ဟုဆိုလျှင်လာပါ၏။ ကျွန်ကိုလည်း ဤအမှုကို လုပ်တော့ ဟုဆိုလျှင် လုပ်ပါ၏ဟု တပ်မှူးလျှောက်လေ၏။ 10 ထိုစကားကို
ယေရှုသည်ကြားလျှင် အံ့သြခြင်းရှိ၍၊ ငါအမှန်ဆိုသည်ကား၊ ဤမျှလောက်သော ယုံကြည် ခြင်းကို ဣသရေလအမျိုး၌ပင်
ငါမတွေ့ဘူးသေး။ 11 ငါဆိုပြန်သည်ကား၊ လူများတို့သည်၊ အရှေ့အရပ်၊ အနောက်အရပ်မှလာ၍၊ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊
ဣဇာက်၊ ယာကုပ်တို့နှင့်တကွ လျောင်းရကြလတံ့၊ 12 နိုင်ငံတော်သားတို့သည်လည်း ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊
ပြင်အရပ်မှောင်မိုက်ထဲသို့ နှင်ချ ခြင်းကို ခံရကြလတံ့ဟု နောက်တော်သို့ လိုက်သောသူတို့အား မိန့်တော်မူပြီးမှ၊ 13
တပ်မှူးအားသင်သွားလော့။ ယုံကြည်သည်နှင့်အညီ သင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုခဏခြင်းတွင် သူ၏ငယ်သားသည်
အနာရောဂါကင်း၍ သက်သာခြင်းသို့ ရောက်လေ၏။ 14 ထိုနောက်မှ ယေရှုသည် ပေတရုအိမ်သို့ကြွ၍ ပေတရု၏ ယောက္ခမသည်
ဖျားနာစွဲလျက် တုံးလုံးနေ သည်ကို တွေ့မြင်တော်မူ၏။ 15 ထိုမိန်းမ၏လက်ကို တို့တော်မူလျှင်၊ သူသည် အဖျားပျောက်သဖြင့် ထ၍
ဧည့်သည်ဝတ်ကို ပြုလေ၏။ 16 ညဦးယံ၌ နတ်ဆိုးစွဲသောသူအများတို့ကို အထံတော်သို့ ဆောင်ခဲ့၍ နှုတ်တော်မြွက်ကာမျှနှင့် ထိုနတ်
တို့ကို နှင်ထုတ်တော်မူ၏။ နာသောသူရှိသမျှတို့ကို သက်သာစေတော်မူ၏။ 17 ထိုအကြောင်းအရာမူကား၊ သူသည် အကျွန်ုပ်တို့
အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ သည်ဟု ပရောဖက်ဟေရှာယ ဟောဘူးသောစကား ပြည့်စုံမည်အကြောင်း
ဖြစ်သတည်း။ 18 များစွာသော လူအပေါင်းတို့သည် ကိုယ်တော်ကိုဝန်းရံလျက် နေကြသည်ကို မြင်တော်မူလျှင်၊ ကမ်း တဘက်သို့
ကူးမည့်အကြောင်း အမိန့်တော်ရှိ၏။ 19 ထိုအခါ ကျမ်းပြုဆရာတယောက်သည်လာ၍ အရှင်ဘုရား၊
ကိုယ်တော်ကြွတော်မူရာအရပ်ရပ်သို့ အကျွန်ုပ်လိုက်ပါမည်ဟု လျှောက်လေ၏။ 20 ယေရှုကလည်း မြေခွေးသည် မြေတွင်းရှိ၏။
မိုဃ်းကောင်းကင်၌ ကျင်လည်သောငှက်သည် နားနေရာ အရပ်ရှိ၏။ လူသားမူကား၊ ခေါင်းချရာမျှ မရှိဟု မိန့်တော်မူ၏။ 21
အခြားသော တပည့်တော်ကလည်း၊ သခင်၊ အကျွန်ုပ်အဘကို ရှေ့ဦးစွာသွား၍ သင်္ဂြိုဟ်ရသော အခွင့်ကို ပေးတော်မူပါဟု
လျှောက်လေ၏။ 22 ယေရှုကလည်း၊ ငါ့နောက်သို့လိုက်လော့။ လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုဟ်ပါလေစေဟု မိန့်တော်မူ၏။
23 ထိုအခါ လှေထဲသို့ ဝင်တော်မူ၍ တပည့်တော်တို့သည် လိုက်ကြ၏။ အိုင်၌ လှိုင်းတံပိုးပြင်းစွာထ၍ လှေကို လွှမ်းလေ၏။ 24
ကိုယ်တော်သည် ကျိန်းစက်၍ နေတော်မူ၏။ 25 တပည့်တော်တို့သည် ချဉ်းကပ်၍ ကိုယ်တော်ကို နှိုးပြီးလျှင်၊ သခင်၊ အကျွန်ုပ်တို့သည်
ပျက်စီးခြင်းသို့ ရောက်ပါ၏။ ကယ်မတော်မူပါဟု လျှောက်ကြသော်၊ 26 ကိုယ်တော်က၊ ယုံကြည်အားနည်းသော သူတို့၊
အဘယ်ကြောင့် ကြောက်တတ်သနည်းဟု မေးတော်မူ ပြီးလျှင်၊ ထ၍ လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။
27 ထိုလူတို့ကလည်း၊ ဤသူကားအဘယ်သို့သောသူနည်း။ လေနှင့်ပင်လယ်သည် သူ၏စကားကို နား ထောင်ပါသည်တကားဟု
အံ့သြကြ၏။ 28 ကမ်းတဘက် ဂါဒရပြည်သို့ ရောက်တော်မူသောအခါ နတ်ဆိုးစွဲသောလူနှစ်ယောက်တို့သည် ထိုလမ်းကို အဘယ်သူမျှ
မသွားနိုင်အောင် အလွန်ကြမ်းကြုတ်စွာပြုလျက်၊ သင်္ချိုင်းတစပြင်မှ ထွက်လာ၍ ကိုယ်တော်ကို ခရီးဦးကြိုပြုပြီးလျှင်၊ 29
ဘုရားသခင်၏ သားတော်ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့် အဘယ်သို့ဆိုင်သနည်း။ အချိန် မရောက်မှီ အကျွန်ုပ်တို့ကို
ညှဉ်းဆဲခြင်းငှါ ကြွလာတော်မူသလောဟု အော်ဟစ်၍လျှောက်ကြ၏။ 30 ထိုသူတို့နှင့် မနီးမဝေးသောအရပ်၌ များစွာသော
ဝက်အစုသည် ကျက်စားလျက်ရှိ၏။ 31 နတ်ဆိုးတို့လည်း ကိုယ်တော်သည် အကျွန်ုပ်တို့ကိုနှင်ထုတ်လျှင်၊ ထိုဝက်အစုထဲသို့
ဝင်ရပါမည် အကြောင်း အခွင့်ပေးတော်မူပါဟု တောင်းပန်ကြသော်၊ 32 သွားကြဟု မိန့်တော်မူ၏။ နတ်ဆိုးတို့သည် ထွက်၍
ဝက်ထဲသို့ဝင်သဖြင့် ဝက်အစုရှိသမျှသည် အိုင်ကမ်းစောက်ကို တဟုန်တည်းပြေးဆင်း၍ ရေ၌သေကြ၏။ 33
ဝက်ကျောင်းသောသူတို့သည်လည်း ပြေး၍ မြို့ထဲသို့ဝင်ပြီးလျှင်၊ နတ်ဆိုးစွဲသော သူတို့၏အကြောင်း မှစ၍ ဖြစ်လေသမျှတို့ကို
ကြားပြောကြသော်၊ 34 တမြို့လုံးလည်း ယေရှုကိုတွေ့အံ့သောငှါ ထွက်လာကြ၏။ ကိုယ်တော်ကိုတွေ့မြင်လျှင် မိမိတို့ ပြည်က
ထွက်သွားတော်မူမည်အကြောင်း တောင်းပန်ကြ၏။


generated on Tue Mar 12 16:35:02 2024

### Matthew 8:1

ယေဘုယျအချက်အလက်
ယေရှုက လူများကို ကုသသည့် အကြောင်းများစွာ၏ အစဖြစ်သည်။ ခေါင်းစဉ်က 9:35 ထိဆက်သွားသည်။

ယေရှုသည် တောင်ပေါ်မှ ဆင်းကြွလာလျှင် လူအုပ်ကြီးက သူ့နောက်လိုက်ကြသည်
"ယေရှုသည် တောင်ပေါ်မှ ဆင်းကြွလာပြီးနောက် လူအုပ်ကြီးက သူ့နောက်လိုက်ကြသည်" လူအုပ်တွင် တောင်ပေါ်၌ သူနှင့်အတူနေသည့် လူများနှင့် သူနှင့်အတူ မနေသည့်လူများ နှစ်ခုစလုံးကို ဆိုလိုနိုင်သည်။

ကြည့်ပါ
"ကြည့်ပါ" သည် ဇတ်ဝင်တွင် လူသစ်ဝင်လာကြောင်း အချက်ပြသည့် စာလုံးဖြစ်သည်။ သင့်ဘာသာစကား၌ ထိုသို့ဖော်ပြနိုင်သည့် စာလုံးရှိနိုင်သည်။

နူနာစွဲသူ
"နူနာစွဲသည့်လူ" သို့မဟုတ် "အရေပြားရောဂါရှိသူ" (UDB)

သူ့ရှေ့တွင် ပြပ်ဝပ်လျက်
ယေရှုကို လေးစားသည့် အပြုအမူဖြစ်သည်။

သင်ဆန္ဒရှိလျှင်
"သင်လိုချင်လျှင်" သို့မဟုတ် "သင်ဆန္ဒရှိလျှင်" နူနာစွဲသူက ယေရှုက သူ့ကို ကုသနိုင်သည့် တန်ခိုးရှိကြောင်းသိသည်။ သို့သော် ယေရှုက သူ့ကို ထိချင်ကြောင်းကို မသိခဲ့ပေ။

သင်ငါ့ကို သန့်ရှင်းစေနိုင်သည်
"သန့်ရှင်း" သည် ပြန်ကုသပြီး လူများကြားတွင်ပြန်၍နေထိုင်သွားလာနိုင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ငါ့ကို ကုသနိုင်သည်" သို့မဟုတ် "ကျေး ဇူးပြု၍ ကျွန်ုပ်ကို ကုသပါ"

သန့်ရှင်းပါစေ
ဤသို့ပြောပြီး ယေရှုက ထိုလူကို ကုသသည်။

ရုတ်တရက်
"ချက်ခြင်း"

သူ၏နူနာကို သန့်ရှင်းစေသည်
"သန့်ရှင်းပါစေ" ဟုယေရှုပြောခြင်းကြောင့် ထိုလူသည့် ကျန်းမာခြင်းကို ပြန်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် နေပြန်ကောင်းသည်" သို့မဟုတ် "နူနာရောဂါက သူ့ကို ထားခဲ့သည်" သို့မဟုတ် "နူနာရောဂါမရှိတော့ပေ"

### Matthew 8:4

သူ့ကို
ယေရှု ကုသသည့် လူကို ဆိုလိုသည်။

မည်သူ့ကိုမျှ မည်သည့်အကြောင်းမျှ မပြောနှင့်
"မည်သူ့ကိုမျှ မည်သည့်အကြောင်းမျှ မပြောနှင့်" သို့မဟုတ် "သင့်ကို ငါကုသကြောင်း မည်သူ့ကိုမျှ မပြောနှင့်"

ယဇ်ပုရောဟိတ်ကို သင့်ကိုယ်သင်ပြပါ
ယုဒတို့ဓလေ့တွင် အရေပြားရောဂါ စွဲသူသည် ပြန်၍နေကောင်းကြောင်းကို ယဇ်ပုရောဟိတ်အား ပြသပြီးမှသာ လူ့အသိုင်းအဝိုင်းအတွင်း သွားလာနိုင်သည်။

မောရှေစီရင်မှာထားသော ပူဇော်သက္ကာကို ဆက်လော့ဟု မိန့်တော်မူသည်
မောရှေ၏ ပညတ်တော်က လူတစ်ဦး နူနာရောဂါမှ ပြန်ကျန်းမာလျှင် ယဇ်ပုရောဟိတ်ထံသို့ ကျေးဇူးတင်ပူဇော်သက္ကာပြုလုပ်ရန် ဆိုထားသည်။ ယဇ်ပုရောဟိတ်က ပူဇော် သက္ကာကို လက်ခံလျှင် ထိုလူသည် ကျန်းမာခြင်းရကြောင်း လူတို့က သိကြသည်။ နူနာရောဂါသည်များသည် သူတို့ပြန်၍ နေကောင်းကြောင်း သက်သေမပြလျှင် လူမှုအသိုင်းအဝိုင်းမှ ပယ်ထားခြင်း ခံရကြသည်။

သူတို့ကို
ဖြစ်နိုင်သည့် ဆိုလိုရင်းမှာ

### Matthew 8:5

ဆက်စပ်မှုဖော်ပြချက်
ဇာတ်ကြောင်းသည် သီးခြားအချိန်နှင့် နေရာကို ပြောင်းသွားပြီး ယေရှုက အခြားလူတစ်ယောက် ကုသသည်ကို ပြောပြသည်။

သူ့ဆီလာ၍ သူ့ကိုမေးပါ
"သူ့ကို" သည် ယေရှုကို ဆိုလိုသည်။

လက်ခြေသေသည်
ရောဂါကြောင့်လည်းကောင်း၊ အရိုးကျိုး၍လည်းကောင်း မသွားလာနိုင်သူ ဖြစ်သည်။

ယေရှုက သူ့ကို ပြောသည်
"ယေရှုက တပ်မှူးကို ပြောသည်"

ငါလာ၍ သူ့ကို ကုသမည်
"သင့်အိမ်သို့ ငါလာ၍ သင့်ကျွန်ကို ပြန်ကောင်းစေမည်"

### Matthew 8:8

ငါ၏ ခေါင်မိုးအောက်တွင်
"ငါ့ အိမ်တွင်"

စကားပြောပါ
"စကား" သည် အမိန့်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမိန့်ပေးပါ"

ကုသခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "နေပြန်ကောင်းလာမည်"

အာဏာအောက်တွင်ထားခြင်းခံရသူ
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်၏ အာဏာအောက်တွင် နေသူ"

အာဏာအောက်တွင်...ငါ့အောက်တွင်
"အောက်" တွင် ရှိခြင်းသည် ပိုအရေးကြီးသူ၏ အမိန့်များကို လိုက်နာရန် သိပ်အရေးမကြီးသူကို ဆိုလိုသည်။

စစ်သားများ
"ကျွမ်းကျင်သည့် တိုက်ခိုက်ရေးသမားများ"

သင့်ကိုငါအမှန်ဆိုသည်မှာ
"သင့်ကို ငါအမှန်ပြောသည်" ယေရှုပြောသည့် အရာကို အလေးနက်ပေးသည်။

ဣသရေလတို့၌ ထိုသို့ယုံကြည်ခြင်းရှိသူ ငါမတွေ့ဖူးသေး
ယေရှု၏ ပရိသတ်များက ဘုရားသခင်၏ လူများ ဣသရေလနိုင်ငံရှိ ယုဒလူများသည် တခြားလူများထက် ယုံကြည်ခြင်း ပိုကြီးကြမည်ဟု ထင်ကြသည်။ ယေရှုက သူတို့အထင်မှားပြီး တပ်မှူး၏ ယုံကြည်ခြင်းသာ ကြီးမြတ်ကြောင်းကို ပြောသည်။

### Matthew 8:11

သင်
"သင်" သည် အများကိန်းဖြစ်ပြီး 8:8 ၌ "သူ့နောက်လိုက်သူများ" ကို ဆိုလိုသည်။ (ရှု)

အရှေ့အရပ်နှင့် အနောက်အရပ်မှ
ဆန့်ကျင်ဘက်စာလုံး "အရှေ့" နှင့် "အနောက်" သည် နေရာတိုင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေရာတိုင်းမှ" သို့မဟုတ် "မည်သည့်နေရာ အရပ်မှ"

စားပွဲ၌ လဲလျောင်းသည်
ထိုလူတို့၏ ယဉ်ကျေးမှုတွင် ထမင်းစားနေစဉ် စားပွဲဘေး ၌ လဲလျောင်းနိုင်သည်။ ထိုစားပွဲနီးနားမှာ ရှိသူများသည် အိမ်သူသားများ၊ နီးစပ်သည့်သူငယ်ချင်းများဖြစ် ကြောင်း နားလည်ရန်လိုသည်။ ဘုရားသခင်၏ နိုင်ငံတော်၌ ဝမ်းမြောက်ခြင်းသည် စားပွဲ၌ လူတို့နှင့် ခိုင်နှိုင်းပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိသားစုဝင်များနှင့် သူငယ်ချင်းများနှင့်အတူ နေထိုင်သည်"

ကောင်းကင်နိုင်ငံတော်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံတော်" ဟူသောစကားလုံးကို မဿဲခရစ်ဝင်ကျမ်းတွင်သာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" အတိုင်းသုံးနိုင်က ကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့ ဘုရားသခင်က ဘုရင်အဖြစ် ပြန်လာသည့် အချိန်တွင်"

နိုင်ငံတော်၏ သားများကို ပစ်ချခြင်းခံရကြမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နိုင်ငံသားများကို ပစ်ချမည်ဖြစ်သည်"

နိုင်ငံသားများ
"သားများ" သည် ဘုရားသခင်၏ နိုင်ငံတော်နှင့်သက်ဆိုင်သူများကိုသာ ဆိုလိုသည်။ "သားများ" ကို ပစ်ချ၍ သူစိမ်းများကို ဝင်စေမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခွင့်ပြုချက်ခံရသူများကို ဘုရားသခင်က အုပ်ချုပ်မည်"

ပြင်အရပ်မှောင်မိုက်
ဘုရားသခင်ကို ငြင်းဆန်သူများသည် ထာဝရကံဆိုးခြင်းကြုံကြမည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်မှ မှောင်မိုက်သည့်နေရာ" သို့မဟုတ် "ငရဲ"(UDB)

ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ
အလွန်ဝမ်းနည်းခြင်းနှင့် ခံစားသည်ကို ကိုယ်စားပြုသည်။

သင့်အတွက် လုပ်ရမည်
အခြားသောဘာသာပြန် ဆိုချက်၊ "သင့်အတွက် ငါလုပ်မည်"

ကျွန်သည် ကုသခြင်းခံသည်
အခြားသောဘာသာပြန် ဆိုချက်၊ "ယေရှုက ကျွန်ကို ကုသသည်"

ထိုခဏခြင်းတွင်
"ကျွန်နေပြန်ကောင်းရန် ယေရှုပြောသည့် အချိန်တွင်"

### Matthew 8:14

ဆက်စပ်မှုဖော်ပြချက်
ဇာတ်ကြောင်းသည် သီးခြားအချိန်နှင့်နေရာကို ပြောင်းသွားပြီး ယေရှုက အခြားလူတစ်ယောက် ကုသသည်ကို ပြောပြသည်။

ယေရှုလာသည်
တပည့်တော်များသည် ယေရှုနှင့်အတူ နေကြသည်။ သို့သော် ယေရှုက ဘာလုပ်သည်၊ ဘာပြောသည်ကိုသာ ပုံပြင်က ဦးတည်သည်။ ထို့ကြောင့် အဓိပ္ပါယ်နားလည်မှု မလွဲချော်အောင် တပည့်တော်များကို ဖော်ပြနိုင်သည်။

ပေတရု၏ ယောက္ခမ
"ပေတရု မိန်းမ၏ အမေ"

အဖျားက သူ့ကို ထားခဲ့သည်
အခြားဘာသာပြန်ဆိုချက်၊ "သူမနေပြန်ကောင်းလာသည်" သို့မဟုတ် "ယေရှုကသူမကို ကုသသည်"

ထ၍
"ကုတင်မှ ထလာသည်"

### Matthew 8:16

ဆက်စပ်မှု ဖော်ပြချက်
ဇာတ်လမ်းသည် ညနေခင်းသို့ ပြောင်းသွားပြီး ယေရှုက လူများနောက်ထပ်ကုသ၍ နတ်ဆိုးများ နှင်ထုတ်သည်ကို ပြောပြသည်။

ယေဘုယျအချက်အလက်
အပိုဒ် (၁၇) ၌ ယေရှု၏ အနာငြိမ်းခြင်း သာသနာသည် ပရောဖက် ဟေရှာယဟောခဲ့သည့်အရာ ပြည့်စုံစေရန်ဖြစ် ကြောင်း ပြန်ကိုးကားသည်။

ညနေရောက်လာသည့်အခါ
ဥပုဒ်နေ့၌ ဂျူးများက အလုပ်မလုပ်၊ ခရီးမသွားကြပါ။ "ညနေခင်း" သည် ဥပုဒ်နေ့နောက်ဖြစ်နိုင်သည်။ ယေရှုထံသို့ လူခေါ်လာရန် လူများကို ညနေခင်းထိစောင့်ကြရသည်။ နားလည်မှု မလွဲချော်သွားမည်ဆိုလျှင် ဥပုဒ်နေ့ကို ရည်ညွှန်းရန် မလိုအပ်ပေ။

နတ်ဆိုးကဖမ်းထားသောသူများ
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးက ထိန်းချုပ်သည့်သူများ"

ဝိညာဉ်များကို စကားဖြင့် နှင်ထုတ်သည်
"စကား" သည် အမိန့်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူက ဝိညာဉ်များ ထွက်သွားရန် အမိန့်ပေးသည်"


generated on Tue Mar 12 16:35:02 2024

ပရောဖက်ဟေရှာယပြောခဲ့သည့်အရာသည် ပြည့်စုံခဲ့သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဤသရေလလူများအား ပရောဖက်ဟေရှာယ ပြောခဲ့သည့် အရာကို ယေရှုက ပြည့်စုံစေသည်"

ငါတို့၏အနာများနှင့် ဝေဒနာများကို ယူလျက်
မသဲက ပရောဖက်ဟေရှာယကို ပြန်ကိုးကားသည်။ ဤစကားစုနှစ်ခုလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ငါတို့၏ ရောဂါအားလုံးကို သူကကုသပေးသည်ကို အလေးနက်ပေးချင်သည့် အတွက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖျားနာသူများကို ကုလျက် သူတို့ကို နေပြန်ကောင်းစေသည်"

**Matthew 8:18**

မြေခွေးများတွင် တွင်းရှိကြသည်။ ငှက်များတွက် ကောင်းကင်၌ အသိုက်များရှိကြသည်။
ဤစကားပုံဖြင့် ယေရှုက ပြန်ဖြေသည်။ တိရိစ္ဆာန်ရိုင်းများပင်လျှင် သူတို့နားခိုရန် နေရာရှိကြသည်။

မြေခွေးများ
မြေခွေးများသည် ခွေးနှင့်တူသည့် တိရိစ္ဆာန်များဖြစ်သည်။ အသိုက်ရှိငှက်များနှင့် တခြားသော အရှယ်အစားငယ်သည့် တိရိစ္ဆာန်များကို စားကြသည်။ သင့်ပတ်ဝန်းကျင်၌ မြေခွေးကို မသိကြလျှင် အမွေးထူပြီး ခွေးနဲ့တူသည့် တိရိစ္ဆာန်ဟု ယေဘုယျစာလုံးကို သုံးနိုင်သည်။

အခေါင်းပေါက်များ
မြေခွေးများတွင် အသက်ရှင်ရန် မြေတွင်းများရှိသည်။ "မြေခွေးများ" အသက်ရှင်သည့်နေရာ သင့်လျော်သည့်စာလုံးကို သုံးနိုင်သည်။

လူသား
ယေရှုက သူ့ကိုယ်သူ ပြန်ရည်ညွှန်းသည်။

သူခေါင်းချရန် နေရာမရှိ
သူအိပ်မည့်နေရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူအိပ်မည့်နေရာမရှိ"

**Matthew 8:21**

ကျွန်ုပ်အဘကို သွား၍ ရှေးဦးစွာ မြှုပ်နှံခွင့်ပြုပါ
ထိုလူ၏ ဖခင်သည် သေပြီး ရှုတ်တရက် မြှုပ်နှံရန်ဆိုလိုခြင်းလော၊ ထိုသူသည် သူသေသည့်အထိ သူ့အဖေနှင့်ခဏနေပြီး သူ့ကို မြှုပ်နှံချင်သည့်အတွက်လော ဆိုတာ မရှင်းလင်းပါ။ အဓိကဆိုလိုရင်းမှာ ထိုသူက ယေရှုနောက်မလိုက်ခင် တစ်ခုခုလုပ်ချင်နေသည်ကို ဆိုလိုသည်။

လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုလ်ကြပါစေ
သေသူများက အခြားသောအသေကောင်များကို မြှုပ်နှံရန် ယေရှုက ဆိုလိုခြင်းမဟုတ်ပါ။ ဖြစ်နိုင်သည့် အဓိပ္ပါယ်များ

**Matthew 8:23**

ဆက်စပ်မှုဖော်ပြချက်
ဤအခန်းတွင် ယေရှုက သူနှင့် သူ့တပည့်များက ဂါလိလဲရေအိုင်ကို ဖြတ်သန်းသွားကြစဉ် မုန်တိုင်းအား ရပ်တန့်စေသည့် အကြောင်းသို့ ကူးပြောင်းသွားသည်။

လှေပေါ်သို့တက်သည်
"လှေပေါ်သို့ တက်သည်"

သူ့တပည့်တော်များက သူ့ကိုလိုက်ကြသည်
(8:21) ၌ သုံးထားသည့် "တပည့်တော်" နှင့် "လိုက်သည်" ကို ဤအတိုင်းသုံးနိုင်အောင် ကြိုးစားပါ"

ကြည့်ပါ
အခြားဇာတ်လမ်းကို စတင်သည့် အမှတ်အသားဖြစ်သည်။ သင့်ဘာသာစကားက ထိုသို့ပြသည့်စကားလုံးရှိနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှုတ်တရက်" (UDB) သို့မဟုတ် "သတိမပေးဘဲ"

ပင်လယ်တွင် ပြင်းထန်သည့် မုန်တိုင်းဖြစ်လာသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ပြင်းထန်သည့် မုန်တိုင်းသည် ပင်လယ်တွင် ဖြစ်လာသည်"

လှေကို လှိုင်းတို့က ဖုံးအုပ်လာကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက် လှေကို လှိုင်းများကို ဖုံးအုပ်လာသည့်အခါ"

သူ့ကိုနှိုးပြီးလျှင် "ငါတို့ကို ကယ်တင်ပါ" ဟုပြောကြလျက်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ယေရှုကို အရင်နှိုးကြပြီးမှ "ငါတို့ကိုကယ်ပါ" ဟုပြောကြသည်" သို့မဟုတ် (၂) သူတို့က ယေရှုကို နှိုးကြပြီး "ငါတို့ကိုကယ်ပါ" ဟုပြောကြသည်"

ငါတို့ကို...ငါတို့
ဤစကားလုံးများကို စကားပြောသူပါသည့် နာမ်စားဖြင့်

အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်ပါ၏
"ငါတို့သည် သေကြတော့မည်"

**Matthew 8:26**

သူတို့ကို
"တပည့်တော်များကို"

ဘာ့ကြောင့် သင်ကြောက်သနည်း...ယုံကြည်ခြင်း။
ယေရှုက ဤမေးခွန်းမျိုးဖြင့် တပည့်တော်များကို အပြစ်တင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ မကြောက်ရွံ့ကြသင့်...ယုံကြည်ခြင်း" သို့မဟုတ် "သင်တို့ ကြောက်စရာဘာမှမရှိ...ယုံကြည်ခြင်း"

ယုံကြည်ခြင်းအားနည်းသောသူ သင်တို့
"ထိုကဲ့သို့နည်းသည့် ယုံကြည်ခြင်း ရှိသောသူ" လူတို့က ဘုရားသခင် ယုံကြည်ခြင်း၌ အားနည်းကြခြင်းကြောင့် ကြိမ်းမောင်းခြင်းဖြစ်သည်။ 6:30 ၌ မည်သို့ ဘာသာပြန် သည်ကို ပြန်ကြည့်နိုင်သည်။

မုန်တိုင်းနှင့် ပင်လယ်ကတောင်မှ သူ့ကို နာခံကြသည့်လူမှာ မည်သို့သောလူစားမျိုးနည်း။
"မုန်တိုင်းနှင့် ပင်လယ်ကတောင်မှ သူ့ကို နာခံကြသည့် လူမှာ မည်သို့သောလူစားမျိုးနည်း။" အဖြေမလိုသောမေးခွန်းက တပည့်တော်များ အံ့သြကြသည်ကို ဖော်ပြ သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုလူသည် ငါတို့ တွေ့ဖူးသည့်လူနှင့် မတူပေ။ မုန်တိုင်းနှင့် လှိုင်းတို့ ကတောင် သူ့စကား နာခံကြသည်"

မုန်တိုင်းနှင့် ပင်လယ်တောင်မှ သူ့ကို နာခံကြသည်
လူများနှင့် တိရိ စ္ဆာန်များအတွက် နာခံခြင်း၊ နာမခံခြင်းသည် အံ့သြစရာမဟုတ်ပေ။ မုန်တိုင်းနှင့် ပင်လယ်တို့၏ နာခံခြင်းကသာ အံ့သြစရာကောင်းသည်။ သဘာဝတရားများက လူတို့နည်းတူ ကြားနိုင်၊ မြင်နိုင်သည့်ဟန်ဖြင့် ပုဂ္ဂိုလ်ဖြစ်တင်စားချက်များကို ဖော်ပြသည်။

**Matthew 8:28**

ဆက်စပ်မှုဖော်ပြချက်
စာရေးသူသည် ယေရှု၏ လူများ အနာငြိမ်းပေးခြင်းအကြောင်းသို့ ကူးပြောင်းလာသည်။ နတ်ဆိုးစွဲသည့် လူနှစ်ဦးကို အနာငြိမ်းစေခြင်းဖြင့် အစပြုသည်။

ကမ်းတဘက်၌
"ဂါလိလဲပင်လယ် ကမ်းတဘက်၌"

ဂါဒရပြည် ကမ်းတဘက်
ဂါဒရပြည်သည် ဂါဒရမြို့ဖြစ်ပြီးနောက်မှည့်သည့် နာမည်ဖြစ်သည်။

နတ်ဆိုးများကဖမ်းချုပ်ထားသည့်လူနှစ်ဦး
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးများက ဖမ်းချုပ်ထားသည့် လူနှစ်ဦး"

သူတို့သည် အလွန်ကြမ်းကြုတ်ကြသဖြင့် မည်သည့် ခရီးသွားမျှ မဖြတ်သန်းသွားလာကြပါ
နတ်ဆိုးများက ဖမ်းပြီးထိန်းချုပ်ထားသည့် ထိုသူနှစ်ဦးမှာ အလွန်ဆိုးရွားကြပြီး ထိုဒေသသို့ မည်သူမျှ မသွားဝင့်ကြပါ။

ကြည့်ပါ
အခြားသော ဇတ်လမ်းစတင်ကြောင်း ပြသည့်အမှတ်အသားဖြစ်သည်။ ထိုသို့ပြသည့် စာလုံး သင့်ဘာသာစကား၌ ရှိပါက သုံးနိုင်သည်။

ဘုရားသား၊ သင်နှင့်အတူ ငါတို့ဘာလုပ်ကြရမည်နည်း။
နတ်ဆိုးများက မေးခွန်းမေးပြီး ယေရှုကို ရန်ငြိုးထားကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသား၊ ငါတို့ကို မနှောက်ယှက်ပါနှင့်"

ဘုရားသား
ယေရှု၏ ဘုရားသခင်နှင့် စပ်ဆိုင်သော အရေးကြီးသည့် အမည်နာမ ဖြစ်သည်။

အချိန်မရောက်မှီ ငါတို့ကို ညှဉ်းဆဲခြင်းငှာ ကြွလာမူသလော။
နတ်ဆိုးများက သူ့ကို ရန်ငြိုးထားသည့်ဟန်ဖြင့် ထပ်မေးကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါတို့ကို အပြစ်ပေးရန် သတ်မှတ်ထားသည့် အချိန်မတိုင်ခင် ငါတို့ကိုအပြစ်ပေးခြင်းအားဖြင့် ဘုရားသခင်ကို မလွန်ဆန် သင့်ဘူး"

**Matthew 8:30**

သို့ရာတွင်
အဓိကဇာတ်ကြောင်းမှ လွဲသွားကြောင်းပြသည့် အမှတ် အသား ဖြစ်သည်။ မဿဲက ယေရှုရောက် မလာခင် ထိုနေရာ၌ ဝက်အုပ်စုရှိနေကြောင်း အချက်ပေးသည်။

ငါတို့ကို သင်က နှင်ထုတ်လျှင်
ယေရှုက သူတို့ကို နှင်ထုတ်မည်ကို နတ်ဆိုးများက သိကြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့ကို နှင်ထုတ်မည် ဖြစ်သောကြောင့်"

ငါတို့ကို
နတ်ဆိုးများကိုသာ ရည်ညွှန်းသည့် နာမ်စားဖြစ်သည်။

သူတို့ကို
အထဲ၌ နတ်ဆိုးများရှိသည့် လူများကို ဆိုလိုသည်။

နတ်ဆိုးများထွက်လာကြပြီး ဝက်များထဲသို့ဝင်ကြသည်
"နတ်ဆိုးများက လူကို ထားခဲ့ကြပြီး ဝက်များထဲသို့ ဝင်ကြသည်"

ကြည့်ပါ
အံ့သြစရာ ကောင်းသည့်အကြောင်းကို အာရုံစိုက်ရန် ငါတို့ကို အချက်ပြသည်။

ကမ်းစောက်သို့တဟုန်ထိုးပြေး၍
"ကမ်းစောက်သို့ လျှင်မြန်စွာပြေး၍"

ရေထဲ၌သေသည်
"ရေထဲသို့ကျသွားပြီး ရေနစ်သေဆုံးသည်"

**Matthew 8:33**

ဆက်စပ်မှုဖော်ပြချက်
နတ်ဆိုးပိုင်ဆိုင်သည့် လူနှစ်ဦးကို ယေရှုက အနာငြိမ်းခြင်းပေးသည့် အကြောင်းအရာဖြင့် အဆုံးသတ်သည်။

ဝက်များကို ကျောင်းသူ
"ဝက်များကို ဂရုစိုက်သူ"

နတ်ဆိုးစွဲသောသူတို့ထံသို့ ဖြစ်ပျက်သည့်အကြောင်းများ
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးက ပိုင်ဆိုင်သည့်လူများကို ကူညီရန် ယေရှု လုပ်ခဲ့သည့်အရာ"

ကြည့်ပါ
အဓိကဇာတ်ကြောင်းမှ အခြားအကြောင်းအရာကို စတင်သည့်အမှတ်အသားဖြစ်သည်။ ရှေ့အဖြစ်အပျက်တွင် လူအမျိုးမျိုး ပါဝင်နိုင်ကြသည်။

မြို့အားလုံး
မြို့ထဲရှိ လူများကို ဆိုလိုသည်။ လူအများစုက ယေရှုကိုတွေ့ရန်လာကြသည်။ လူတိုင်းလာကြသည် မဟုတ်ပါ။

မိမိတို့ ပြည်က
"သူတို့၏ ဒေသ"

# Translation Questions

### Matthew 8:4

နူနာရောဂါပျောက်ကင်းသွားသူအား ယဇ်ပုရောဟိတ်ထံသွားရန်နှင့် မောရှေ၏ ပညတ်တော်အတိုင်း ပူဇော်ဆက်သရန် ယေရှုဘုရားသည်အဘယ်ကြောင့်ပြောသနည်း။

ယေရှုဘုရားသည်နူနာရောဂါပျောက်ကင်းသွားသူအားမိမိကိုယ်ကိုပြ[illegible] ယဇ်ပုရောဟိတ်ထံသို့သွားခိုင်းခြင်းဖြစ်ပါသည်။

### Matthew 8:5

ကိုယ်လက်သေနေသောငယ်သားနှင့် ပတ်သက်၍တပ်မှူးသည်ယေရှုအားပြောသောအခါ ယေရှုကဘာလုပ်ပေးမည်ဟုပြောသနည်း။

ယေရှုကတပ်မှူးအိမ်သို့သွား၍ လူနာကိုရောဂါပျောက်ကင်းအောင် ချမ်းသာပေးမည်ဟုပြောပါသည်။

### Matthew 8:8

ယေရှုအားသူ၏နေအိမ်သို့လာရန်မလိုကြောင်းတပ်မှူးကအဘယ်ကြောင့်ပြောသနည်း။

အဘယ်ကြောင့်ဆိုသော်တပ်မှူးကသူ၏နေအိမ်သို့ယေရှုကြွလာခြင်း[illegible]

ယေရှုကတပ်မှူးအားမည်သို့ချီးမွမ်းသနည်း။

ယေရှုကတပ်မှူး၏ ယုံကြည်ခြင်းကြီးမားသည်ကို ဣသရေလလူမျိုး၌ပင် မတွေ့ဘူးသေးဟု ပြောဆိုချီးမွမ်းပါသည်။

### Matthew 8:11

ယေရှုကမည်သူသည် ကောင်းကင်နိုင်ငံတော်၏စားပွဲ၌ လဲလျောင်းရမည်ဟုပြောသနည်း

ယေရှုကလူများတို့သည်အရှေ့အရပ်၊ အနောက်အရပ်တို့မှလာ၍ကောင်းကင်နိုင်ငံတော်၏စားပွဲ၌လဲလျောင်း[illegible]

ယေရှုကမည်သူတို့သည်ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအပြင်မှောင်မိုက်ထဲသို့လွှင့်ပစ်ခြင်းခံရမည်ဟုပြောသနည်း။

ယေရှုကနိုင်ငံတော်သားတို့သည်ငိုကြွေးခြင်း၊ အဲသွားခဲကြိတ်ခြင်းရှိရာအပြင်မှောင်မိုက်ထဲသို့လွှင့်ပစ်ခြင်းခံရမည်[illegible]

### Matthew 8:14

ယေရှုသည် ပေတရုအိမ်သို့ဝင်ပြီးလျှင် မည်သူကိုကျန်းမာစေသနည်း။

ယေရှုသည် ပေတရုအိမ်သို့ဝင်ပြီးလျှင် ပေတရု၏ ယောက္ခမအားကျန်းမာစေပါသည်။

### Matthew 8:16

ယေရှုသည်နတ်ဆိုးစွဲသူ၊ မကျန်းမာသူများကိုကျန်းမာစေခြင်းသည်မည်ကဲ့သို့ပရောဖက်ဟေရှာယ၏စကားကို ပြည့်စုံစေသနည်း။

ယေရှုသည်ကျွန်ုပ်တို့၏အနာရောဂါဝေဒနာများကိုမိမိကိုယ်တိုင်ယူ[illegible]ပရောဖက်ဟေရှာယ၏စကားကိုပြည့်စုံစေပါသည်။

### Matthew 8:18

ကျမ်းပြုဆရာတယောက်သည် ယေရှုနောက်တော်သို့လိုက်မည်ဟုပြောသောအခါ ယေရှုကမည်သည့်အရပ်၌သူနေကြောင်းပြောသနည်း။

ယေရှုက မိမိနေထိုင်သောအရပ် အတည်တကျမရှိကြောင်းပြောပါသည်။

### Matthew 8:21

ယေရှု၏တပည့်တော်တဦးက ယေရှုနောက်သို့မလိုက်မီမိမိဖခင်အားသင်္ဂြိုလ်ခွင့် တောင်းသည့်အခါယေရှုက မည်သို့ ပြောသနည်း။

ယေရှုကထိုတပည့်တော်အား မိမိနောက်သို့လိုက်ရန်နှင့်လူသေတို့သည် မိမိလူသေကိုသင်္ဂြိုလ်ပါစေဟု ပြောပါသည်။

### Matthew 8:23

ပင်လယ်ပြင်တွင် လှိုင်းတံပိုးပြင်းထန်စွာကျရောက်ချိန်၌ယေရှုသည်လှေထဲတွင် မည်သို့လုပ်ဆောင်နေသနည်း။

ပင်လယ်ပြင်တွင် လှိုင်းတံပိုးပြင်းထန်စွာ ကျရောက်ချိန်၌ယေရှုသည်လှေထဲတွင် အိပ်စက်နေပါသည်။

### Matthew 8:26

တပည့်တော်တို့သည်သေခါနီးကြောက်ရွံ့သဖြင့်ယေရှုအားနှိုးသည့်အခါယေရှုကသူတို့အားဘာပြော[illegible]

[illegible] သင်တို့သည်ယုံကြည်ခြင်းနည်းပါးကြသည်ဟုပြောပါသည်။

ယေရှုသည်လှိုင်းတံပိုးကိုငြိမ်သက်စေပြီးနောက်တပည့်တော်တို့သည် အဘယ်ကြောင့်အံ့သြကြသနည်း။

လေနှင့်ပင်လယ်သည်ယေရှု၏စကားကိုနားထောင်ခြင်းအတွက်တပည့်တော်တို့သည[illegible] အံ့သြခြင်းဖြစ်ပါသည်။

### Matthew 8:28

ဂါဒရပြည်၌ယေရှုသည် မည်ကဲ့သို့သောသူတို့နှင့်တွေ့သနည်း။

ဂါဒရပြည်၌ယေရှုသည် [illegible]စွဲသူနှစ်ယောက်နှင့်တွေ့ပါသည်။

နတ်ဆိုးသည်ထိုသူနှစ်ယောက်အား မည်သို့သက်ဆိုင်ကြောင်းယေရှုအား [illegible]ပြောခိုင်းသနည်း။

နတ်ဆိုးတို့ကကိုယ်တော်သည် [illegible]သို့သက်ဆိုင်သနည်း။ အချိန်မတိုင်မှီ မိမိတို့ကိုညှဥ်းဆဲရန်လာသလောဟု ဆိုကြပါသည်။

### Matthew 8:30

ယေရှုသည် နတ်ဆိုးတို့အားနှင်ထုတ်သည့်အခါ မည်သို့ဖြစ်သနည်း။

ယေရှုသည် နတ်ဆိုးတို့အားနှင်ထုတ်သည့်အခါ ထိုနတ်ဆိုးတို့သည် ဝက်အုပ်ထဲရှိဝက်များထဲသို့ဝင်သဖြင့် ထိုဝက်အပေါင်းတို့သည်ပင်လယ်ထဲသို့ဆင်းပြေးလျက်သေကုန်ပါသည်။

### Matthew 8:33

မြို့သားအပေါင်းတို့သည် မြို့ထဲကထွက်လာပြီးယေရှုအား [illegible] ဘာလုပ်ရန်[illegible]ပြောသနည်း။

မြို့သားအပေါင်းတို့က ယေရှုအားမိမိတို့ပြည်မှ ထွက်သွားရန်တောင်းပန်ကြပါသည်။



generated on Tue Mar 12 16:35:02 2024

## Chapter 9

1 ထိုအခါ ကိုယ်တော်သည် လှေစီး၍ ကူးပြန်သဖြင့်၊ မိမိမြို့သို့ ရောက်တော်မူ၏။ 2 လက်ခြေသေ၍ အိပ်ရာပေါ်မှာ တုံးလုံးနေသော
သူတယောက်ကို အထံတော်သို့ဆောင်ခဲ့ကြ၏။ ယေရှုသည် ထိုသူတို့၏ ယုံကြည်ခြင်းကိုမြင်လျှင် လက်ခြေသေသောသူအား၊
ငါ့သားမစိုးရိမ်နှင့်။ သင်၏အပြစ် ကို လွှတ်စေပြီဟု မိန့်တော်မူ၏။ 3 ကျမ်းပြုဆရာအချို့တို့က၊ ဤသူသည် ဘုရားကိုလွန်ကျူး၍
ပြောသည်ဟု ထင်ကြ၏။ 4 ယေရှုသည် ထိုသူတို့၏စိတ်ကို သိမြင်တော်မူလျှင်၊ သင်တို့သည် အဘယ်ကြောင့်ငြူစူသောစိတ်
ရှိကြသနည်း။ 5 အဘယ်စကားကိုသာ၍ ပြောလွယ်သနည်း။ သင်၏အပြစ်ကို လွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထ၍
လှမ်းသွားလော့ဟု ပြောလွယ်သလော။ 6 လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ ထလော့။
ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။ 7 ထိုသူသည်လည်း ထ၍ မိမိအိမ်သို့
သွားလေ၏။ 8 လူအစုအဝေးတို့သည်မြင်လျှင် အံ့သြခြင်းရှိ၍၊ လူတို့အား ဤသို့သောအခွင့်ကို အပ်ပေးတော်မူသော ဘုရားသခင်၏
ဂုဏ်တော်ကိုချီးမွမ်းကြ၏။ 9 ယေရှုသည် ထိုအရပ်မှ ကြွတော်မူလျှင်၊ မဿဲအမည်ရှိသော သူတယောက်သည် အခွန်ခံရာတဲ၌ ထိုင်
နေသည်ကို မြင်သော်၊ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူသည်လည်း ထ၍ နောက်တော်သို့ လိုက်လေ၏။ 10 ထိုနောက်မှ
အိမ်တွင် စားပွဲ၌ လျောင်းတော်မူစဉ်၊ အခွန်ခံသောသူများနှင့် ဆိုးသောသူများတို့သည် လာ၍ ကိုယ်တော်မှစသော
တပည့်တော်တို့နှင့်တကွ စားပွဲ၌လျောင်းကြ၏။ 11 ဖာရိရှဲတို့သည် မြင်လျှင် တပည့်တော်တို့အား၊ သင်တို့ဆရာသည် အခွန်ခံသောသူ၊
ဆိုးသောသူတို့နှင့် အတူ အဘယ်ကြောင့် စားသနည်းဟုဆိုကြ၏။ 12 ယေရှုသည် ကြားတော်မူလျှင်၊ ကျန်းမာသောသူတို့သည်
ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့ သာလျှင် အလိုရှိကြ၏။ 13 ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကို
ငါနှစ်သက်၏ဟူသော ကျမ်းစကားကို နားလည်ခြင်းငှါ သင်တို့သွား၍ သင်ကြလော့။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့
ခေါ်ခြင်းငှါ၊ ငါလာသည် မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ၊ ငါလာသတည်းဟု မိန့်တော်မူ၏။ 14 ထိုအခါ ယောဟန်၏
တပည့်တို့သည် အထံတော်သို့ ချဉ်းကပ်၍၊ အကျွန်ုပ်တို့နှင့် ဖာရိရှဲတို့သည် အဖန် တလဲလဲအစာရှောင်ကြသည်ဖြစ်၍၊ အဘယ်ကြောင့်
ကိုယ်တော်၏တပည့်တို့သည် အစာမရှောင်ဘဲ နေကြပါသနည်းဟု လျှောက်ကြ၏။ 15 ယေရှုကလည်း မင်္ဂလာဆောင်လုလင်သည်
မိမိအပေါင်းအဘော်တို့နှင့်အတူ ရှိစဉ်အခါ သူတို့သည် စိတ်မသာ ညည်းတွားတတ်ကြသလော။ မင်္ဂလာဆောင် လုလင်ကို
သူ၏အပေါင်းအဘော်တို့နှင့် ခွာ၍ ယူသွား သော အချိန်ကာလရောက်လိမ့်မည်။ ထိုအခါ သူတို့သည် အစာရှောင်ကြလိမ့်မည်။ 16
အဝတ်ဟောင်းကို အထည်သစ်နှင့်ဖာလေ့မရှိ။ ထိုသို့ဖာလျှင် ဖာသောအထည်သည် အဝတ်ဟောင်းကို စား၍ အပေါက်ကျယ်တတ်၏။
17 ဇင်းနည်းဟောင်းသော သားရေဘူး၌ အသစ်သောစပျစ်ရည်ကို ထည့်လေ့မရှိ။ ထိုသို့ထည့်လျှင်၊ သားရေဘူးသည် စုတ်ကွဲသဖြင့်၊
စပျစ်ရည်သည် ယို၍ သားရေဘူးလည်း ပျက်စီးတတ်၏။ အသစ်သော စပျစ်ရည်ကို အသစ်သောသားရေဘူး၌ထည့်လေ့ရှိ၏။
ထိုသို့ထည့်လျှင် နှစ်ပါးစလုံး မပျက်စီးဟု မိန့်တော်မူ၏။ 18 ထိုစကားကို မိန့်တော်မူစဉ် အရာရှိတယောက်သည် လာ၍ ပြပ်ဝပ်လျက်၊
အကျွန်ုပ်၏ သမီးသည် ယခုပင် သေဆုံရှိပါ၏။ သို့သော်လည်း၊ ကိုယ်တော်သည်ကြွ၍ သူ့အပေါ်၌ လက်ကိုတင်တော်မူလျှင် အသက်
ရှင် ပါလိမ့်မည်ဟု လျှောက်၏။ 19 ယေရှုသည် ထ၍ တပည့်တော်နှင့်အတူ ထိုသူ နောက်သို့လိုက်တော်မူ၏။ 20 ထိုအခါ
တဆယ်နှစ်နှစ်ပတ်လုံး သွေးသွန်အနာစွဲသော မိန်းမတယောက်က၊ 21 ငါသည် အဝတ်တော်ကိုသာ တို့လျှင် ချမ်းသာရမည်ဟု
စိတ်ထင်နှင့် နောက်တော်သို့ချဉ်းကပ်၍ အဝတ်တော်၏ ပန်းပွားကို တို့လေ၏။ 22 ယေရှုသည် လှည့်၍ ထိုမိန်းမကို မြင်တော်မူလျှင်၊
ငါ့သမီး၊ မစိုးရိမ်နှင့်။ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီဟု မိန့်တော်မူ၏။ ထိုခဏမှစ၍ ထိုမိန်းမသည်
အနာကင်းပျောက်လေ၏။ 23 အရာရှိအိမ်သို့ ရောက်တော်မူ၍ တီးမှုတ်သော သူတို့နှင့် များစွာသောလူတို့သည် အုန်းအုန်းသဲသဲ ပြု
ကြသည်ကိုမြင်လျှင်၊ 24 ဖယ်ရှားကြလော့။ မိန်းမငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်ဟု မိန့်တော်မူသော်၊ ထိုသူတို့သည်
ပြက်ယယ်ပြုကြ၏။ 25 ထိုလူများကို ပြင်သို့ထွက်စေပြီးမှ အတွင်းသို့ဝင်၍၊ မိန်းမငယ်၏လက်ကို ကိုင်တော်မူသည်တွင် သူသည်
ထလေ၏။ 26 ထိုသိတင်းစကားသည် တပြည်လုံး၌ နှံ့ပြားကျော်စောလေ၏။ 27 ထိုအရပ်မှ ယေရှုသည် ကြွတော်မူစဉ်၊
မျက်စိကန်းသောသူနှစ်ယောက်တို့သည် နောက်တော်သို့ လိုက်၍ ဒါဝိဒ်၏သားတော်၊ ကျွန်တော်တို့ကို သနားတော်မူပါဟု
ဟစ်ကြော်ကြ၏။ 28 အိမ်သို့ ဝင်တော်မူလျှင်၊ မျက်စိကန်းသောသူတို့သည် အထံတော်သို့ ချဉ်းကပ်ကြ၏။ ကိုယ်တော်က လည်း၊
ဤအမှုကို ငါတတ်နိုင်သည်ကို ယုံသလောဟု မေးတော်မူလျှင်၊ ယုံပါ၏သခင်ဟု လျှောက်ကြ၏။ 29 ထိုအခါ သူတို့၏ မျက်စိကို
တို့တော်မူ၍၊ သင်တို့ ယုံခြင်းရှိသည်အတိုင်း သင်တို့၌ဖြစ်စေဟု မိန့်တော် မူလျှင်၊ 30 သူတို့သည် မျက်စိပွင့်လင်းလေ၏။
ယေရှုကလည်း၊ အဘယ်သူမျှ မသိစေခြင်းငှါ သတိပြုကြလော့ဟု မြစ်တားတော်မူ၏။ 31 သို့သော်လည်း ထိုသူတို့သည် သွား၍
သိတင်းတော်ကို တပြည်လုံး၌ နှံ့ပြားကျော်စောစေ၏။ 32 ထိုသူတို့သည် ထွက်သွားကြသည်နောက်၊ နတ်ဆိုးစွဲသော လူအ
တယောက်ကို အထံတော်သို့ ဆောင်ခဲ့ကြ၏။ 33 နတ်ဆိုးကို နှင်ထုတ်တော်မူပြီးမှ ထိုအသောသူသည် စကားပြော၏။
လူအစုအဝေးတို့သည်လည်း အံ့သြ၍၊ ဣသရေလအမျိုး၌ ဤကဲ့သို့ မမြင်ရစဖူးဟု ပြောဆိုကြ၏။ 34 ဖာရိရှဲတို့ကလည်း၊
နတ်ဆိုးအကြီးကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သည်ဟု ပြောဆိုကြ၏။ 35 ယေရှုသည် တရားစရပ်တို့၌ ဆုံးမသြဝါဒပေးလျက်၊
နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောလျက်၊ လူများခံရသောအနာရောဂါအမျိုးမျိုးတို့ကို ငြိမ်းစေလျက်၊
မြို့ရွာရှိသမျှတို့ကို ဒေသစာရီ လှည့် လည်တော်မူ၏။ လူအစုအဝေးတို့ကို မြင်တော်မူလျှင် သနားခြင်းစိတ်ရှိတော်မူ၏။ 36
အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲ ပစ်ထားသောသိုးကဲ့သို့ ဖြစ်ကြ၏။ 37 ထိုအခါ ကိုယ်တော်က၊
စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ 38 ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ
စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

 generated on Tue Mar 12 16:35:02 2024

## Matthew 9:1

ဆက်စပ်မှုဖော်ပြချက်
ယေရှုက လူများ အနာငြိမ်းခြင်းပေးသည့် ခေါင်းစည်းပိုင်းကို စားရေးသူ ပြန်လှည့်လာသည်။ ယေရှုက လက်ခြေသေနေသောသူကို ပြန်ကုသသည့်အကြောင်းနှင့် အစပြုသည်။

ယေရှုက လှေထဲသို့ဝင်လာသည်
တပည့်တော်များသည် ယေရှုနှင့် နေကြသည်ကို ဆိုလိုသည်။

လှေ
8:23 ထဲရှိ လှေဖြစ်သည်။ ရှုပ်ထွေးမှု ရှောင်ရှားနိုင်ရန်အတွက် တိကျစွာ ရည်ညွှန်းရန်လိုသည်။

သူ၏မြို့၌
"သူနေထိုင်သည့်မြို့" ကပေရနောင်မြို့ကို ဆိုလိုသည်။

ကြည့်ပါ
အဓိကဇာတ်ကြောင်းမှ အခြားအကြောင်းအရာကို စတင်သည့် အမှတ်အသားဖြစ်သည်။ ရှေ့အဖြစ်အပျက်တွင် လူအမျိုးမျိုး ပါဝင်နိုင်ကြသည်။ သင့်ဘာသာစကား၌ ထိုသို့ပြသည့် စကားလုံးရှိနိုင်သည်။

သူတို့ ယူလာသည်
"မြို့ထဲမှ လူတချို့"

သူတို့၏ ယုံကြည်ခြင်း
လူတို့၏ ယုံကြည်ခြင်းကိုဆိုလိုသည်။ ထို့ပြင် လက်ခြေသေသော သူ၏ ယုံကြည်ခြင်းလည်း ပါနိုင်သည်။

သား
ထိုသူသည် ယေရှု၏ သားအမှန် မဟုတ်ပါ။ ယေရှုက ယဉ်ကျေးသည့် နည်းဖြင့်သာ ပြောလိုက်ခြင်းဖြစ်သည်။ ရှုပ်ထွေးမည်ဆိုပါက "သူငယ်ချင်း" သို့မဟုတ် "လုလင်" ဟု ရေးနိုင်သည်။

သင်၏အပြစ်များသည် လွှတ်ခြင်းခံကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အပြစ်များကို ငါလွှတ်လိုက်ပြီ"

## Matthew 9:3

ကြည့်ပါ
အဓိကဇာတ်ကြောင်းမှ အခြားအကြောင်းအရာကို စတင်သည့်အမှတ်အသားဖြစ်သည်။ ရှေ့အဖြစ်အပျက်တွင် လူအမျိုးမျိုး ပါဝင်နိုင်ကြသည်။ သင့်ဘာသာစကား၌ ထိုသို့ပြသည့် စကားလုံးရှိနိုင်သည်။

သူတို့ကြား၌
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) တစ်ယောက်ချင်းစီက သူ့ကို သူစဉ်းစားနေကြသည်" သို့မဟုတ် (၂) သူတို့ကြား၌ စကားပြောနေကြသည်။

ဘုရားကိုစော်ကားသည်
ကျမ်းပြုဆရာများက ဘုရားသခင် တစ်ပါးတည်းကသာလျှင် ထိုအရာများကို လုပ်နိုင်ပြီး ယေရှုက လုပ်နိုင်မည်ဟု မထင်ကြပါ။

သူတို့စဉ်းစားမှုများကို သိသည်
ယေရှုက သူတို့ အချင်းချင်း စကားပြော နေကြသည်ကို သိသည်။

သင်တို့စိတ်နှလုံး၌ အပြစ်များကို အဘယ့်ကြောင့် စဉ်းစားနေကြသနည်း။
ကျမ်းတတ်များကို ပုတ်ခတ်သည့်အနေဖြင့် ဤမေးခွန်းကို ယေရှုက သုံးခြင်းဖြစ်သည်။

အပြစ်
အကျင့်စရိုက်အရ အပြစ်ဖြစ်သည်။

သင်၏နှလုံး၌
"နှလုံး" သည် သူတို့၏ စိတ်နှင့် စဉ်းစားမှုများကို ဆိုလို သည်။

"သင့်အပြစ်များကိုလွှတ်လိုက်ပြီ" နှင့် "သင်ထပြီးသွားပါ" တို့တွင် မည်သည့်အရာသည် ပြောရန်ပိုလွယ်သနည်း။
ကျမ်းပြုဆရာများကို စိန်ခေါ်သည့်အနေဖြင့် ယေရှုက မေးခွန်းကိုသုံးခြင်းဖြစ်သည်။ အပြုမှုတစ်ခုသည် အခြားတစ်ခုထက် ပိုခက်ကြောင်းကို မဆိုလိုပေ။ ဘုရားသခင်က လူတစ်ဦးအားအနာငြိမ်းခြင်းပေးလျှင် ထိုလူ၏အပြစ်များကို ခွင့်လွှတ်ကြောင်း ဆိုလိုသည့်အနေဖြင့် ကျမ်းပြုဆရာများကို သတိပေးသည့်အချက်ဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အပြစ်များလွှတ်လိုက်ပြီဟု ပြောရန်မှာ လွယ်ကူသည့်အတိုင်း 'ထပြီးသွားပါ' ဟုပြောရန်မှာလည်း လွယ်ကူသည် ကိုသင်တို့သိသည်"

"သင့်အပြစ်များကိုလွှတ်လိုက်ပြီ" နှင့် "သင်ထပြီးသွားပါ" တို့တွင် မည်သည့်အရာသည် ပြောရန်ပိုလွယ်သနည်း။
သွယ်ဝိုက်စကားပြောနည်းဖြင့် ပြန်ရေးပါက ပိုကောင်းမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုလူ၏အပြစ်များ လွှတ်သည်ဟု ပြောရန် လွယ်ကူသကဲ့သို့ ထပြီးသွားပါဟုပြောရန်လည်း လွယ်ကူသည်"

သင့်အပြစ်များကို ခွင့်လွှတ်ပါသည်
"သင်၏" သည် အနည်းကိန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်၏ အပြစ်များကို ငါ ခွင့်လွှတ်ပြီးပြီ"

သင်သိနိုင်သည်
"သင်တို့ကို ငါသက်သေပြမည်" "သင်တို့" သည် အများကိန်းဖြစ်သည်။

သင့်ဖျာ...သင့်အိမ်
"သင်" သည် အနည်းကိန်းဖြစ်သည်။

သင့်အိမ်ကိုသွားပါ
တခြားနေရာကို သွားဖို့ ထိုလူကို ယေရှုက မတားမြစ်ပါ။ အိမ်ပြန်ရန် အခွင့်ကို ထိုလူအား ပေးသည်။

## Matthew 9:7

ဆက်စပ်မှုဖော်ပြချက်
လက်ခြေသေသူကို ယေရှုက အနာငြိမ်းခြင်းပေးသည့် အကြောင်းဖြင့် နိဂုံးချုပ်သည်။ အခွန်ခံတစ်ယောက်ကို သူ့တပည့်တော်တစ်ယောက်အဖြစ် ယေရှုက ခေါ်သည်။

ပေးသည်
"သူ့ကို ပေးသည့်အတွက်"

 

ထိုကဲ့သို့သော အာဏာ
အပြစ်များလွှတ်သည်ဟု ကြေငြာနိုင်သည့် အာဏာကိုဆိုလိုသည်။

ယေရှုက ထိုနေရာမှ ဖြတ်သန်းသွားလျှင်
ဇတ်လမ်းသစ်ဝင်လာသည့်အချက်ပြသည့် စာလုံးဖြစ်သည်။ ထိုကဲ့သို့သော စာလုံးရှိပါက သုံးနိုင်သည်။

ဖြတ်သန်းလျက်
"ထွက်သွားသည်" သို့မဟုတ် "သွားသည်"

မဿဲ...သူ့ကို...သူ
အသင်းတော်သမိုင်းတွင် မဿဲသည် ဤခရစ်ဝင်ကျမ်း၏ စာရေးသူဟု ယူဆသည်။ သို့သော် နာမ်စားများသည် "သူ့ကို၊ သူ" မှ "ငါ့ကို၊ ငါ" သို့ပြောင်းလဲသည့် အချက်လုံးဝမတွေ့ရပါ။

သူက သူ့ကိုပြောသည်
"ယေရှုက မဿဲကိုပြောသည်"

သူထ၍ သူ့ကိုလိုက်သည်
"မဿဲက ထ၍ ယေရှုနောက်ကို လိုက်သည်" မဿဲသည် ယေရှုနောက်လိုက်ဖြစ်လာကြောင်းကို ပြောသည်။

**Matthew 9:10**

ယေဘုယျအချက်အလက်
ဤအမှုများသည် အခွန်ခံ မဿဲအိမ်၌ ဖြစ်ပျက်သည့်အရာများဖြစ်သည်။

အိမ်
မဿဲ၏ အိမ်ကို ဆိုလိုသည်။ ယေရှု၏ အိမ်လည်းဖြစ်နိုင်သည်။ ရှုပ်ထွေးမှုမရှိရန် တစ်ခုခုကို တိကျစွာ ဖော်ပြပါ။

ကြည့်ပါ
အဓိကဇာတ်ကြောင်းမှ အခြားအကြောင်းအရာကို စတင်သည့် အမှတ်အသားဖြစ်သည်။ ရှေ့အဖြစ်အပျက်တွင် လူအမျိုးမျိုး ပါဝင်နိုင်ကြသည်။ သင့်ဘာသာစကား၌ ထိုသို့ပြသည့် စကားလုံးရှိနိုင်သည်။

ဖာရိရှဲတို့က တွေ့သည့်အခါ
"ယေရှုသည် အပြစ်သားများနှင့် အခွန်ခံများနှင့်အတူ ထမင်းစားနေသည်ကို ဖာရိရှဲတို့က တွေ့ကြသည့်အခါ"

သင်တို့ဆရာသည် အပြစ်သားများနှင့် အခွန်ခံများနှင့်အတူ ဘာကြောင့်အစာစားသနည်း။
ဖာရိရှဲတို့က ယေရှုလုပ်ဆောင်သည့်အရာကို ဝေဖန်သည့်အနေဖြင့် ဤမေးခွန်းကို သုံးကြခြင်းဖြစ်သည်။

**Matthew 9:12**

ယေဘုယျအချက်အလက်
ဤအဖြစ်အပျက်သည် အခွန်ခံမဿဲအိမ်တွင် ဖြစ်ပျက်သည့်အရာများဖြစ်သည်။

ယေရှုက ကြားသည့်အခါ
"ဤဟာ" သည် ယေရှု အပြစ်သားများနှင့် အခွန်ခံများနှင့်အတူ အစာစားသည့်အတွက်မေးသည့် မေးခွန်းကိုဆိုလိုသည်။

ခန္ဓာကိုယ်ကျန်းမာသူများက ဆေးသမားအလိုမရှိကြ။ ဖျားနာသူများကသာ အလိုရှိကြသည်။
ယေရှုက ဆိုရိုးစကားနှင့် ဖြေပေးသည်။ သူသည် သူတို့နှင့်အတူ အစာစားခြင်းသည် အပြစ်သားများကို ကူညီရန် သူလာခြင်းကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်ကျန်းမာသူများ
"ကျန်းမာသောလူများ"

ဆေးသမား
"ဒေါက်တာ" (UDB)

ဖျားနာသူများ
"ဆေးသမားအလိုရှိသည်" သည် နားလည်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖျားနာပြီး ဆေးသမားအလိုရှိသော လူများ"

ဘာဆိုလိုသည်ကို သင်သွား၍သင်ယူသင့်သည်
ယေရှုက ကျမ်းစာကို ပြန်ကိုးကားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းစာ၌ဘုရားသခင်ဘာဆိုလိုပြီးပြောသည်ကို သင်သင်ယူလေ့လာသင့်သည်"

သင်သွားသင့်သည်
"သင်" သည် အများကိန်း၊ ဖာရိရှဲများကို ဆိုလိုသည်။

ယဇ်ပူဇော်ခြင်းထက် သနားခြင်းကို ငါအလိုရှိသည်။
ကျမ်းစာ၌ ပရောဖက် ဟောရှေရေးထားသည့် အရာကိုယေရှုက ပြန်ကိုးကားသည်။ "ငါ" သည် ဘုရားသခင်ကို ဆိုလိုသည်။

ငါလာသည့်အတွက်
"ငါ" သည် ယေရှုကိုဆိုလိုသည်။

ဖြောင့်မတ်သူ
ယေရှု၏ အသုံးနှုန်းဖြစ်သည်။ ဖြောင့်မတ်ပြီး နောင်တရရန် မလိုအပ်သည့် ပုဂ္ဂိုလ်ရှိနိုင်သည်ကို မစဉ်းစားခဲ့ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သူများဟု သူတို့ကို သူတို့ ထင်သူများ"

**Matthew 9:14**

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ နောက်လိုက်များ အစာမရှောင်ကြသဖြင့် ဗတ္တိဇံဆရာ ယောဟန်တပည့်များက မေးသည့်မေးခွန်းဖြစ်သည်။

အစာမရှောင်
"ပုံမှန်အစာ ဆက်စားသည်"

သတို့သားသည် သူတို့နှင့်အတူရှိနေချိန်တွင် လက်ထပ်ပွဲတက်ရောက်သူများသည် ဝမ်းနည်းကြမည်လော။
ယောဟန်၏ တပည့်တော်ကို အဖြေပေးရန် ဤမေးခွန်းကို ယေရှုက သုံးသည်။ လက်ထပ်ပွဲ၌ အစာရှောင်ပြီး ဝမ်းမနည်းကြကြောင်းကို သူတို့အားလုံးက သိကြသည်။ ယေရှုသည် သူ့တပည့်များနှင့်အတူ နေစဉ် သူ့တပည့်များ ဝမ်းမနည်းကြသည်ကို ယေရှုကို ဆိုလိုခြင်းဖြစ်သည်။

နေ့ရက်များ
"အချိန်" (ရှု၊ [[rc://*/tw/bible/other/biblicaltimeday]])

သတို့သားသည် သူတို့ထံမှ ယူသွားခြင်းခံမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သတို့သားသည် သူတို့နှင့်အတူ မနေနိုင်တော့ကြောင်း" သို့မဟုတ် "တစ်ယောက်ယောက်က သူတို့ထံမှ သတို့သားကို ယူဆောင်သွားမည်"

ယူသွားခြင်းခံမည်
သူကိုယ်တိုင် သေခြင်းကို ယေရှုက ဆိုလိုသည်။ သို့သော် ဤအကြောင်းကို ဖော်ပြရန် မလိုအပ်ပါ။ လက်ထပ်ခြင်း၏ ပုံရိပ်ကို ထိန်းသိမ်းနိုင်ရန် သတို့သားသည် ထိုနေရာ၌ ဆက်မရှိနိုင်သည်ကို ဖော်ပြရန်လိုသည်။

### Matthew 9:16

ဆက်စပ်မှုဖော်ပြချက်
ယောဟန်၏ တပည့်တော်များ မေးသည့်မေးခွန်းကို ယေရှုက ဆက်၍ဖြေသည်။

အထည်သစ်ကို အဝတ်ဟောင်းတွင် မည်သူမျှ မဖာဖူး။
ဤစကားပုံက ဓလေ့ဟောင်းများ သိသူများက အသစ်သောအရာများကို လက်ခံရန် စိတ်မဝင်စားကြပါ ဆိုလိုခြင်းဖြစ်သည်။

အဝတ်
"အဝတ်အစား"

အထည်သစ်
"အထည်သစ်အစ" အဝတ်ဟောင်းရှိ အပေါက်ကို ဖာထေးရန် အသုံးပြုသည့် အဝတ်အစဖြစ်သည်။

အဝတ်ဟောင်းကို စား၍အပေါက်ကျယ်တတ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းက စား၍ အပေါက်ကျယ်တတ်သည်"

### Matthew 9:17

ဆက်စပ်မှုဖော်ပြချက်
ယောဟန် တပည့်များ၏ မေးခွန်းကို ယေရှုက ဆက်လက်ဖြေနေသည်။

သားရေဖူးဟောင်းထဲသို့ ဝိုင်အသစ်ကို ထည့်လေ့မရှိ။
ယောဟန်၏ တပည့်များ၏ မေးခွန်းကို ယေရှုက အခြားသော ပုံဥပမာဖြင့် ဖြေလေ့ရှိသည်။ 9:16 ရှိ ပုံဥပမာနှင့် အတူတူဖြစ်သည်။

မည်သူကမျှ မထား
"မည်သူကမျှ မလောင်းထည့်" (UDB) သို့မဟုတ် "လူတို့က ထားလေ့မရှိကြ"

ဝိုင်အသစ်
မဖောက်ရသေးသည့် ဝိုင်ကို ဆိုလိုသည်။ စပျစ်သီးကို သင့်ပတ်ဝန်းကျင်၌ မရင်းနှီးကြပါက အသီးနှင့်ဆိုင်သည့် ယေဘုယျ စာလုံးသုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စပျစ်အဖျော်ရည်"

ဖူးအဟောင်း
အကြိမ်ပေါင်းများစွာ အသုံးပြုထားပြီးသော ဖူးကိုဆိုလိုသည်။

ဝိုင်ဘူး
"ဝိုင်အိတ်" သို့မဟုတ် "သားရေအိတ်များ" (UDB)တိရိစ္ဆာန်သားရေများဖြင့် ပြုလုပ်ထားသည့် အိတ်များဖြစ်သည်။

ဝိုင်သည် ယို၍၊ သားရေဘူးသည် ပျက်စီးလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ဝိုင်ဘူးကို ဖျက်ဆီးပြီး ဝိုင်ယိုလိမ့်မည်"

အရေပြားများ စုတ်ကွဲမည်
ဝိုင်အသစ်သည် ကစော်ဖောက်ပြီး ပြန့်နှံ့လာလျှင် မပြန့်နိုင်တော့သည့်အတွက် အရေပြားသည် စုတ်ပြဲလာသည်။

သားရေဘူးအသစ်
"အသစ်သော ဘူး" သို့မဟုတ် "ဝိုင်အိတ်အသစ်" မည်သူကမျှ မသုံးဖူးသေးသည့် ဗူးကို ဆိုလိုသည်။

နှစ်ခုစလုံးကို ထိန်းသိမ်းရမည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာက သားရေဘူးနှင့် ဝိုင် နှစ်ခုစလုံးအတွက် ကောင်းသည်"

### Matthew 9:18

ဆက်စပ်မှုဖော်ပြချက်
ယုဒအရာရှိတစ်ယောက်၏ သမီး သေပြီးနောက် ယေရှုက အသက်ပြန်ရှင်ခိုင်းသည့် အကြောင်းနဲ့စသည်။

ထိုအရာများ
အစာရှောင်ခြင်းနှင့် ပတ်သက်၍ ယောဟန် တပည့်များအားပေးသည့် ယေရှု၏ အဖြေကို ဆိုလိုသည်။

ကြည့်ပါ
"ကြည့်ပါ" စာလုံးက ဇတ်လမ်းထဲတွင် လူသစ်ရောက်လာကြောင်း အချက်ပြသည့်စာလုံးဖြစ်သည်။ သင့်ဘာသာစကား၌ ထိုသို့ပြသည့် စာလုံးရှိနိုင်သည်။

သူ့ရှေ့တွင် ပြပ်ဝပ်ပါ
ယုဒယဉ်ကျေးမှု၌ တစ်ယောက်ယောက်ကိုလေးစားသည့် အပြုအမူဖြစ်သည်။

လာပြီး သူမပေါ်သို့ သင့်လက်ကိုတင်ပါ၊ သူမ အသက်ရှင်လာမည်
ယုဒအရာရှိများက ယေရှုက သူ့သမီးအသက်ပြန်ရှင်စေနိုင်ကြောင်းကို သူတို့ ယုံကြည်ကြကြောင်း ပြနေသည်။

သူ့တပည့်တော်များ
"ယေရှု၏ တပည့်တော်များ"

### Matthew 9:20

ဆက်စပ်မှု ဖော်ပြချက်
ယုဒအရာရှိ အိမ်သို့အသွားလမ်းတွင် တခြားအမျိုးသမီး ယေရှုက အနာငြိမ်းစေသည်ကို ဖော်ပြသည်။

ကြည့်ပါ
"ကြည့်ပါ" က ဇတ်လမ်းတွင် ဇတ်ကောင်သစ်ဝင်လာကြောင်းကို အချက်ပြသည့်စာလုံးဖြစ်သည်။ သင့်ဘာသာစကားတွင် ထိုသို့ပြသည့် စာလုံးရှိနိုင်သည်။

သွေးသွန်အနာစွဲသော
"အမြဲသွေးသွန်သည်" ပုံမှန်အချိန်မဟုတ်သည့်အချိန်တွင်လည်း သူမသားအိမ်မှ သွေးဆင်းနေသည်။ ဤအခြေနေမျိုးကို ယဉ်ကျေးစွာ ပြောဆိုနိုင်သည့်စာလုံးတချို့ယဉ်ကျေးမှုတွင် ရှိနိုင်သည်။

ဆယ့်နှစ်နှစ်
"၁၂ နှစ်"

အဝတ်တော်
"ဝတ်လုံ"

ငါသည် အဝတ်တော်ကိုသာ တို့လျှင် ချမ်းသာရမည်ဟု သူမကိုသူမထင်သည်။
ယေရှုကို မထိခင် သူမက ဤကဲ့သို့ စဉ်းစားသည်။ UDB ၌ ထားသကဲ့သို့ ရှေ့ဆုံး၌ထားပါက ကောင်းမည်။

သူ့အဝတ်ကို ငါသည် ထိရုံလေးထိပါက
ယုဒတို့ ပညတ်တော်အရ သူမသည် သွေးစွန်းနေသူဖြစ်သောကြောင့် မည်သူ့ကိုမျှ ထိရန်မသင့်တော်ပေ။ သူ့အဝတ်များကို ထိရုံလေးထိသဖြင့် ယေရှု၏ တန်ခိုးသည်ထွက်သွားပြီး သူမကို အနာငြိမ်းစေသည်။ သူမထိသည်ကို ယေရှုက သိမည်ဟုလည်း မထင်ခဲ့ပါ။

သို့သော်
"အစား" အမျိုးသမီးက ဖြစ်ပျက်လာမည်ဟုမျှော်လင့်ထားသည့်အရာက မဖြစ်ပျက်လာခဲ့ပါ။

သမီး
မိန်းမသည် ယေရှု၏ သမီးအမှန်မဟုတ်ပါ။ ယဉ်ကျေးသည့်အနေဖြင့်သာ ခေါ်ခြင်းဖြစ်သည်။ ရှုပ်ထွေးမည်ဆိုပါက "မိန်းမပျို" စသည်ဖြင့် ရေးနိုင်သည်။

သင့်ယုံကြည်ခြင်းက သင့်ကို ပြန်ကောင်းစေသည်
"သင်သည် ငါ့ကိုယုံသောကြောင့်၊ သင့်ကို ငါအနာငြိမ်းစေမည်"

ထိုခဏမှစ၍ ထိုမိန်းမသည် အနာကင်းပျောက်လေ၏
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုခဏတွင် သူမကို ယေရှုက အနာငြိမ်းစေသည်"

## Matthew 9:23

ဆက်စပ်မှုဖော်ပြချက်
ယုဒအရာရှိ၏ သမီး အသက်ပြန်ရှင်စေသည့် အကြောင်းကို ပြန်ပြောသည်။

အရာရှိ၏အိမ်
ယုဒခေါင်းဆောင်၏ အိမ်ဖြစ်သည်။

ပုလွေမှုတ်သူများနှင့် လူအုပ်ကြီးတို့က ဆူညံကြသည်
သေဆုံးသူတစ်ယောက်အတွက် ဝမ်းနည်းမှုပြသည့် အပြုအမူဖြစ်သည်။

ပုလွေမှုတ်သူများ
"ပုလွေကို မှုတ်သည့် လူများ"

ထွက်သွားပါ
ယေရှုက လူအများကြီးကို စကားပြောနေသည်။ အများကို အမိန့်ပေးသည့် စာလုံးရှိပါက သုံးနိုင်သည်။

မိန်းမငယ်သည် သေသည်မဟုတ်၊ အိပ်ပျော်သည်သာဖြစ်သည်။
ယေရှု၏ အချိန်အခါတွင် သေနေသူသည် အိပ်ပျော်နေသည်ဟု သုံးနှုန်းကြသည်။ သေနေသည့် မိန်းမငယ် သည် အိပ်ပျော်သည်သာ ဖြစ်သည့်အတွက် ထလာမည်ဖြစ် သည်။

## Matthew 9:25

ဆက်စပ်မှုဖော်ပြချက်
ယုဒအရာရှိ၏သမီးကို ယေရှုက ပြန်ရှင်စေသည့်အကြောင်းဖြင့် အဆုံးသတ်သည်။

ယေဘုယျအချက်အလက်
ယေရှုက သေနေသည့်မိန်းမငယ်ကို ပြန်ထစေသည့်အကြောင်း အကျဉ်းချုံးဖြင့် အပိုဒ် ၄ယ်(၂၆) တွင်ဖော်ပြသည်။

လူအုပ်ကို အပြင်သို့ထုတ်ပြီးမှ
အခြားသောဘာသာပြန် ဆိုချက်၊ "ယေရှုက လူအုပ်ကို အပြင်သို့ ပို့ပြီးနောက်" သို့မဟုတ် "မိသားစုဝင်များကို လူတို့ကို အပြင်သို့ ပို့ကြပြီးနောက်"

ထလာလျက်
"ကုတင်မှ ထလာသည်" 8:14 ရှိသည့်အရာနှင့် အတူတူဖြစ်သည်။

ထိုသိတင်းစကားသည် တပြည်လုံး၌ နံ့ပြားလေသည်
"ထိုဒေသရှိလူအားလုံးက ထိုအကြောင်းကို ကြားကြသည်" (UDB) သို့မဟုတ် "ထိုမိန်းမငယ်သည် အသက်ရှင်လျက် ထိုဒေသရှိ လူအားလုံးကို ပြောပြနေသည်ကို လူများက တွေ့ကြသည်"

## Matthew 9:27

ဆက်စပ်မှုဖော်ပြချက်
ယေရှုက မျက်ကန်း နှစ်ယောက် ပြန်မြင်စေသည့်အကြောင်းဖြင့် အစပြုသည်။

ယေရှုက ထိုနေရာမှဖြတ်သွားသည့်အခါ
ယေရှုက ထိုဒေသမှ ထွက်သွားသည့်အခါ

ဖြတ်သန်းလျက်
"ထွက်သွားသည်" သို့မဟုတ် "သွားသည်"

သူ့ကိုလိုက်ပါ
ယေရှု၏ တပည့်တော်များ ဖြစ်လာရန်မလိုဘဲ၊ သူ၏ နောက်လိုက်ခြင်းကို ဆိုလိုသည်။

ငါတို့ကို သနားပါ
ယေရှုက သူတို့ကို အနာငြိမ်းစေရန် သူတို့ အလိုရှိသည်။

ဒါဝိဒ်၏ သား
ယေရှုသည် ဒါဝိဒ်၏ သားအမှန် မဟုတ်ပါ။ ထို့ကြောင့် "ဒါဝိဒ်၏ မျိုးဆက်" (UDB) ဟုဘာသာပြန်သင့်သည်။ သို့သော် "ဒါဝိဒ်၏ သား" သည် မေရှိယ၏ နာမည်၊ လူများက ယေရှုကို ထိုသို့ခေါ်ကြသည့် နာမည်ဖြစ်သည်။

ယေရှုသည် အိမ်သို့လာသည့်အခါတွင်
ဤအိမ်သည် ယေရှု၏ အိမ် (သို့) 9:10 ရှိ အိမ် တစ်ခုခုဖြစ်နိုင်သည်။

 generated on Tue Mar 12 16:35:02 2024

ဟုတ်၊ သခင်
ဤအဖြေအပြည့်အစုံကို မဖော်ပြထားသော်လည်း နားလည်ရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဟုတ်ကဲ့၊ သခင် သင်က ငါတို့ကို အနာငြိမ်းစေနိုင်မည်ဟု ငါတို့ယုံကြည်ကြသည်"

**Matthew 9:29**

သူတို့ မျက်စိတို့ကိုထိပြီးပြောသည်
သူတို့နှစ်ယောက်စလုံး၏ မျက်စိများကို တချိန်တည်းထိသည်လော၊ တယောက်ပြီးမှ နောက်တစ်ယောက်၏ မျက်စိကို ညာလက်ဖြင့် ထိသည်လော မရှင်းလင်းပါ။ ဘယ်လက်သည် မသန့်ရှင်းသည်ဟု သတ်မှတ်ကြပြီး၊ ညာလက်ဖြင့်သာ ထိမည်ဖြစ်သည်။ သူပြောသည်နှင့် သူတို့ကို ထိသည်လော၊ သူတို့ကို အရင်ထိပြီးမှ ပြောသလောဆိုတာ မရှင်းလင်းပါ။

သင်တို့ယုံခြင်းရှိသည့်အတိုင်း သင်တို့၌ဖြစ်စေ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ယုံကြည်သည့်အတိုင်း ငါလုပ်မည်" သို့မဟုတ် "သင်တို့ယုံကြည်သည့်အတွက် သင်တို့ကို ငါအနာငြိမ်းစေမည်"

သူတို့မျက်စိပွင့်လျက်နေကြ၏
သူတို့ မြင်နိုင်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူတို့မျက်စိများကို အနာငြိမ်းစေသည်" သို့မဟုတ် "မျက်ကန်း နှစ်ယောက်တို့က ပြန်မြင်လာနိုင်ကြသည်"

ဤအကြောင်းကို မည်သူ့ကိုမျှ မသိစေနှင့်
"ကြည့်ပါ" သည် "သေချာစေပါ" ကိုဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအကြောင်းကို မည်သူမျှ မသိအောင်သတိပြုလော့" သို့မဟုတ် "သင့်ကို ငါအနာငြိမ်းစေကြောင်းကို မည်သူ့ကိုမျှ မပြောနှင့်"

သို့သော်
"အစား" ယေရှုက လုပ်ရန်ပြောသည့်အရာကို ထိုလူများက မလုပ်ခဲ့ကြပါ"

သိတင်းပြန့်လေသည်
"သူတို့ဆီ ဘာဖြစ်ပျက်သည်ကို လူအများတို့အားပြောပြသည်"

**Matthew 9:32**

ဆက်စပ်မှုဖော်ပြချက်
နတ်ဆိုးက ထိန်းချုပ်ပြီး စကားမပြောနိုင်သည့်လူကို ယေရှုက ပြန်ကုသသည့်အကြောင်းကို ဖော်ပြသည်။

ကြည့်ပါ
"ကြည့်ပါ" သည် ဇတ်လမ်းတွင် ဇတ်ကောင်သစ်ဝင်လာကြောင်းကို အချက်ပြသည်။ ထိုသို့သော စကားလုံးရှိပါက သုံးနိုင်သည်။

လူအတစ်ယောက်ကို ယေရှုထံယူလာကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူအ,ကို တစ်ယောက်ယောက်က ယေရှုထံ ယူလာသည်"

လူအ
စကားမပြောခြင်း

နတ်ဆိုးကပိုင်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးက ပိုင်သည့်လူ" သို့မဟုတ် "နတ်ဆိုးက ထိန်းချုပ်သူ"

နတ်ဆိုးကိုနှင်ထုတ်ပြီးနောက်
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုက နတ်ဆိုးကိုထွက်သွားရန် အမိန့်ပေးပြီးနောက်" သို့မဟုတ် "ယေရှုက နတ်ဆိုး ထွက်သွားရန် အမိန့်ပေးပြီးနောက်"

လူအက စကားပြောသည်
"လူအ,က စကားစပြောသည်" သို့မဟုတ် "စကားအ, သူက စကားပြောလာသည်" သို့မဟုတ် "စကား မအ,တော့သည့် လူက စကားပြောသည်"

လူအုပ်က အံ့သြကြသည်
"လူတို့က အံ့သြကြသည်"

ဤဟာသည် မတွေ့ဖူး
အခြားသောဘာသာပြန်ဆိုချက်၊ "အရင်က ဤအရာမဖြစ်ဖူးပါ" သို့မဟုတ် "မည်သူကမျှ ဤကဲ့သို့ အရင်က မလုပ်ကြဖူးပါ"

နတ်ဆိုးများကို သူမောင်းထုတ်သည်
"နတ်ဆိုးများ ထွက်သွားရန် သူအတင်းတိုက်တွန်းသည်"

သူကမောင်းထုတ်သည်
နာမ်စား "သူ" သည် ယေရှုကို ဆိုလိုသည်။

**Matthew 9:35**

ဆက်စပ်မှုဖော်ပြချက်
8:1 တွင် အစပြုသည့် ယေရှု၏ အနာငြိမ်းခြင်း သာသနာ ဇာတ်လမ်းအကြောင်းကို အပိုဒ်

ယေဘုယျအချက်အလက်
အပိုဒ် (၃၆) တွင် ယေရှုက သူ့တပည့်တော်များကိုသင်ကြားသည်။ သူလုပ်သကဲ့သို့ သူ့တရားဟောသကဲ့သို့ ဟောကြဖို့ရန် စေလွှတ်သည့်အကြောင်း ဖြင့် ပြန်၍ စတင်သည်။

မြို့အားလုံး
ယေရှုက မြို့အများစုကို သွားသည်၊ မြို့တိုင်းတော့မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့အများစု"

မြို့များ...ကျေးရွာများ
"ရွာကြီးများ...ရွာငယ်များ" သို့မဟုတ် "မြို့ကြီးများ....မြို့ငယ်များ"

နိုင်ငံတော် သတင်း
"နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ 4:23 ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ရောဂါမျိုးစုံနှင့် ဖျားနာခြင်းမျိုးစုံ
"ရောဂါတိုင်းနှင့် ဖျားနာခြင်းတိုင်း" "ရောဂါ" နှင့် "ဖျားနာခြင်း" သည် နီးစပ်သည့်စကားလုံးများဖြစ်သည်။ သို့သော် သီးခြားစကားလုံးများအဖြစ် ဘာသာပြန်နိုင်က ပိုကောင်းသည်။ "ရောဂါ" သည် လူကို ဖျားနာရန် ဖြစ်စေသည့်အရာဖြစ်သည်။ "ဖျားနာခြင်း" သည် ရောဂါကြောင့် ခန္ဓာကိုယ်အားနည်းလာခြင်းဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

သူတို့သည် သိုးထိန်းမရှိသည့် သိုးများကဲ့သို့ဖြစ်ကြသည်
သူတို့ကို ခေါင်းဆောင်မည့် ခေါင်းဆောင်မရှိသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က ခေါင်းဆောင် မရှိကြဘူး"

## Matthew 9:37

ယေဘုယျအချက်အလက်
လူထု၏ လိုအပ်ချက်ကို တုံ့ပြန်ရန် သူ့တပည့်များကို ယေရှုက ရိတ်သိမ်းခြင်းအကြောင်း ပုံဥပမာဖြင့် ပြောပြသည်။

စပါးရိတ်စရာများစွာရှိသည်၊ သို့သော် အလုပ်သမားနည်းသည်
ယေရှုက သူမြင်သည့်အရာကို စကားပုံသုံးပြီး တုံ့ပြန်သည်။ ယေရှုက ဘုရားသခင်ကို ယုံကြည်ချင်သည့် လူများစွာ ရှိသော်လည်း၊ သူတို့ကို ဘုရားနှုတ်ကပတ်တော်အကြောင်း သင်ကြားပေးမည့်သူ နည်းလှသည်။

စပါးရိတ်စရာများစွာရှိသည်
"ကောက်ရိတ်သိမ်းရန် စပါးများစွာ မှည့်နေသည်"

အလုပ်သမားများ
"အလုပ်သမားများ"

စပါးရှင် သခင်ဆီကို ဆုတောင်းပ
"ရိတ်သိမ်းရန် တာဝန်ရှိသူ ဘုရားသခင်ဆီကို ဆုတောင်းကြပါ"

---

## Translation Questions

### Matthew 9:3

ယေရှုသည် ဘုရားသခင်ကိုပုတ်ခတ်သည်ဟု ကျမ်းပြုဆရာအချို့က အဘယ်ကြောင့်ထင်သနည်း။
ကျမ်းပြုဆရာအချို့ကယေရှုသည်ဘုရားသခင်ကိုပုတ်ခတ်သည်ဟု [illegible] ယေရှုကထိုသူကိုအပြစ်မှလွှတ်စေပြီဟု ပြောသောကြောင့်ဖြစ်ပါသည်။

လက်ခြေသေသောသူအား သင်၏အပြစ်ကိုလွှတ်စေပြီ၊ သင်ထ၍သွားလော့ဟု ယေရှုကအဘယ်ကြောင့်ထိုသူအားပြောသနည်း။
ယေရှုကငါသည်မြေကြီးပေါ်မှာ အပြစ်လွှတ်ခွင့်ရှိသည်ကိုကျမ်းပြုဆရာတို့တို့အားသိစေလိုသဖြင့် ထိုသူအားအပြစ်မှလွှတ်စေပြီဟုပြောခြင်း ဖြစ်ပါသည်။

### Matthew 9:7

လူသားတို့သည် လက်ခြေသေသောသူအား သူ၏အပြစ်ကိုလွှတ်၍ခန္ဓာကိုယ် ကျန်းမာသည်ကိုမြင်သောအခါ အဘယ်ကြောင့်ဘုရားသခင်အား ချီးမွမ်းကြသနည်း။
လူသားတို့သည် ဘုရားသခင်အားချီးမွမ်းကြခြင်းအကြောင်းမှာ၊ ဘုရားသခင်သည်လူသားတို့အား ထိုသို့သော အခွင့်အာဏာကို ပေးသောကြောင့် ဖြစ်ပါသည်။

ယေရှုနောက်တော်သို့မလိုက်မီ မဿဲ၏အလုပ်အကိုင်မှာဘာဖြစ်သနည်း။
ယေရှုနောက်တော်သို့မလိုက်မီ မဿဲသည် အခွန်ခံတစ်ဦးဖြစ်ပါသည်။

### Matthew 9:10

ယေရှုနှင့်တပည့်တော်တို့သည် မည်သူနှင့်အတူအစားအစာ စားကြသနည်း။
ယေရှုနှင့်တပည့်တော်တို့သည် အခွန်ခံများ၊ အပြစ်သား၊ လူဆိုးများနှင့်အတူ အစားအစာ စားကြပါသည်။

### Matthew 9:12

ယေရှုကမည်သူအား နောင်တသို့ခေါ် ခြင်းငှာ လာသည်ဟုပြောသနည်း။
ယေရှုကငါသည် အပြစ်သားလူဆိုးများအား နောင်တသို့ခေါ် ခြင်းငှာလာခြင်းဖြစ်သည်ဟု ပြောပါသည်။

### Matthew 9:14

တပည့်တော်တို့သည် အစာရှောင်ခြင်းမပြုကြောင်းယေရှုသည် အဘယ်ကြောင့်ပြောသနည်း။
ယေရှုက [illegible] တပည့်တော်တို့ အစာရှောင်ခြင်းမပြုကြသည်မှာ ငါသည်သူတို့နှင့်အတူ ရှိနေသောကြောင့်ဖြစ်သည်ဟု ပြောပါသည်။

ယေရှုကတပည့်တော်တို့ မည်သည့်အချိန်၌အစာရှောင်မည်ဟုပြောသနည်း။
ယေရှုကငါသည် တပည့်တော်တို့နှင့်ခွဲခွါသွားသည့်အချိန် ၌ ထိုတပည့်တော်တို့သည် အစာရှောင်ခြင်းပြုကြမည်ဟုပြောပါသည်။

### Matthew 9:20

ပြင်းထန်စွာသွေးသွန်သော အမျိုးသမီး မည်သို့ပြုလုပ်သနည်း။ အဘယ်ကြောင့်နည်း။
ပြင်ထန်စွာသွေးသွန်သော အမျိုးသမီးသည်ယေရှု၏ဝတ်ရုံတော်ပန်းပွါးကို တို့ပါသည်။ အဘယ် ကြောင့်ဆိုသော် ဝတ်ရုံတော်ကိုတို့ထိခြင်းဖြင့်သူမ၏ဝေဒနာပျောက်ကင်းမည်ဟု ထင်သောကြောင့်ဖြစ်ပါသည်။

ပြင်းထန်စွာသွေးသွန်သော မိန်းမ၏ လုပ်ဆောင်ချက်ကြောင့် ယေရှုမည်သို့ပြောသနည်း။
ယေရှုကပြင်းထန်စွာသွေးသွန်သောအမျိုးသမီးအားသင်၏ယုံကြည်ခြင်းသည် သင့်ဝေဒနာကိုငြိမ်းစေပြီဟုပြောပါသည်။

### Matthew 9:23

ယေရှုသည် ယုဒအရာရှိနေအိမ်ထဲသို့ဝင်သွားသည့် အခါလူများတို့သည် အဘယ်ကြောင့်ပြက်ယယ်ပြုကြသနည်း။
လူများတို့သည် ယေရှုအားပြက်ယယ်ပြုကြခြင်းအကြောင်းမှာ သေနေသောမိန်းမငယ်မှာသေနေခြင်းမဟုတ်၊ အိပ်နေသည်ဟုပြောသောကြောင့်ဖြစ်ပါသည်။

### Matthew 9:25

ယေရှုသည်မိန်းမငယ်အား သေခြင်းမှထမြောက်စေပြီးနောက်မည်သို့ဖြစ်သနည်း။

ယေရှုသည်မိန်းမငယ်အားသေခြင်းမှ ထမြောက်စေပြီးနောက် ထိုသိတင်းသည် တပြည်လုံးသို့ နှံ့ပြားကျော်စောခြင်းဖြစ်ပါသည်။

### Matthew 9:27

မျက်စိကန်းသောသူနှစ်ယောက် ယေရှုအနားမှာရှိစဉ်မည်သို့ ဟစ်ကြော်ကြသနည်း။

မျက်စိကန်းသောသူနှစ်ယောက်က ဒါဝိဒ်၏သားတော်၊ ကျွန်တို့ကိုသနားတော်မူပါဟု ဟစ်ကြော်ကြပါသည်။

### Matthew 9:29

ယေရှုသည်မည်သည့်အတွက်ကြောင့် မျက်စိကန်းသောသူနှစ်ယောက်အား မျက်စိမြင်စေသနည်း။

မျက်စိကန်းသောသူနှစ်ယောက်သည် သူတို့၏ယုံကြည်ခြင်းကြောင့်ယေရှုသည် သူတို့အားမျက်စိမြင်စေပါသည်။

### Matthew 9:32

နတ်ဆိုးစွဲသောဆွံ့အအားယေရှုသည် ပျောက်ကင်းစေပြီးနောက်ဖါရိရှဲတို့သည် ယေရှုအားမည်သို့ဆန့်ကျင်ဖက်ပြုစွပ်စွဲကြသနည်း။

ဖါရိရှဲတို့ကယေရှုသည် နတ်ဆိုးအကြီးကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်ဟု ဆန့်ကျင်ဖက်ပြုစွပ်စွဲကြပါသည်။

### Matthew 9:35

ယေရှုနောက်တော်သို့လိုက်သော လူအစုအဝေးအားယေရှုသည်အဘယ်ကြောင့် သနားခြင်းဂရုဏာစိတ်ဖြစ်သနည်း။။

ယေရှုသည်လူအစုအဝေးအားအဘယ်ကြောင့်သနားခြင်းဂရုဏာစိတ်ဖြစ်ရသည်ဆို
ထိုသူတို့သည်ပန်ပမ်းလျက်၊တွေ့ဝေလျက်ရှိကြပြီး သိုးထိန်းမရှိဘဲ ပစ်ထားသောသိုးများကဲ့သို့ ဖြစ်နေကြသောကြောင့်ဖြစ်ပါသည်။

### Matthew 9:37

ယေရှုသည် တပည့်တော်တို့အား မည်သည့်အတွက်အရေးတကြီး ဆုတောင်းရန် ပြောသနည်း။

ယေရှုသည် တပည့်တော်တို့အား စပါးရိတ်ရန်များစွာရှိနေသောကြောင့် စပါးရိတ်မည့်သူများကို စေလွှတ်ပေးရန် လယ်ပိုင်ရှင်အား အရေးတကြီးဆုတောင်းရန် ပြောပါသည်။

---

## Chapter 10

1 တကျိပ်နှစ်ပါးသော တပည့်တော်တို့ကိုခေါ်တော်မူပြီးမှ၊ ညစ်ညူးသောနတ်တို့ကို နှင်ထုတ်ခြင်းငှါ၎င်း၊ အနာရောဂါအမျိုးမျိုးတို့ကို
ငြိမ်းစေခြင်းငှါ၎င်း အခွင့်ပေးတော်မူ၏။ 2 တကျိပ်နှစ်ပါးသော တပည့်တော်တို့၏ အမည်ကား၊ ပဌမမှာ၊ ပေတရုဟူ၍ ခေါ်ဝေါ်သော
ရှိမုန်နှင့် သူ့ညီအန္ဒြေ၊ 3 ဇေဗေဒဲ၏သားယာကုပ်နှင့် သူ့ညီယောဟန်၊ ဖိလိပ္ပုနှင့် ဗာသောလမဲ၊ သောမနှင့် အခွန်ခံမဿဲ၊
အာလဖဲ၏သား ယာကုပ်နှင့် သဒ္ဒဲဟုအမည်သစ်ကိုရသော လေဗဲ၊ 4 ကာနနိတ်လူရှိမုန်နှင့် ကိုယ်တော်ကိုအပ်နှံသော
ယုဒရှကာရုတ်ပေတည်း။ 5 ထိုတကျိပ်နှစ်ပါးသော သူတို့ကို ယေရှုသည် စေလွှတ်တော်မူ၍၊ သင်တို့သည် တပါးအမျိုးသားတို့ရှိရာ သို့
မသွားကြနှင့်။ ရှမာရိမြို့ရွာထဲသို့ မဝင်ကြနှင့်။ 6 ဣသရေလအမျိုး၊ ပျောက်လွင့်သော သိုးများရှိရာသို့ အရင်သွားကြလော့။ 7
သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီဟု သိတင်းကြားပြောကြလော့။ 8 နာသောသူတို့အား ချမ်းသာပေးကြလော့။
သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူ တို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။
သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော် ကို ခံရကြပြီဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့။ 9 ရွှေ၊ ငွေ၊ ကြေးတို့ကို ခါးပန်းထဲ၌
မသိုမှီးကြနှင့်။ 10 လမ်းခရီးဘို့ လွယ်အိတ်၊ အင်္ကျီနှစ်ထည်၊ ခြေနင်းတောင်ဝေးကို မသိုမှီးကြနှင့်။ အကြောင်းမူကား၊
လုပ်ဆောင်သောသူသည် ကျွေးမွေးခြင်းကို ခံထိုက်ပေ၏။ 11 မည်သည့်မြို့ မည်သည့်ရွာသို့ ဝင်လျှင်၊ ထိုမြို့ရွာ၌
အဘယ်မည်သောသူသည် ထိုက်တန်သနည်းဟု မေးမြန်း၍၊ ထိုမြို့ရွာမှ မထွက်မသွားမှီတိုင်အောင် ထိုသူ၏အိမ်တွင် နေကြလော့။ 12
အိမ်သို့ ဝင်သောအခါ မင်္ဂလာရှိပါစေသောဟု နှုတ်ဆက်ခြင်းကို ပြုကြလော့။ 13 ထိုအိမ်သည် ထိုက်တန်လျှင် သင်တို့မြွက်သော
မင်္ဂလာရောက်စေသတည်း။ မထိုက်တန်လျှင် သင်တို့ ထံသို့ ပြန်လာစေသတည်း။ 14 အကြင်သူသည် သင်တို့ကို လက်မခံ၊ သင်တို့၏
စကားကိုနားမထောင်ဘဲနေ၏။ ထိုသူနေသော အိမ်မှ၎င်း၊ မြို့မှ၎င်း ထွက်သွားစဉ်၊ သင်တို့၏ ခြေဘဝါးမှ မြေမှုန့်ကို ခါလိုက်ကြလော့။
15 ငါအမှန်ဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ ထိုမြို့သည် သောဒုံမြို့နှင့် ဂေါမောရမြို့ထက်သာ၍ ခံရလတံ့။ 16
တောခွေးစုထဲသို့ သိုးတို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။ ထိုကြောင့် သင်တို့သည် မြွေ ကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့
အဆိပ်ကင်းလျက် ရှိကြလော့။ 17 လူတို့ကို သတိပြုကြ။ အကြောင်းမူကား၊ သင်တို့ကို လွှတ်ရုံးသို့အပ်နှံကြလိမ့်မည်။ တရားစရပ်တို့၌
ရိုက်ကြလိမ့်မည်။ 18 ထိုသူတို့မှစ၍ တပါးအမျိုးသားတို့အား သက်သေဖြစ်စေခြင်းငှါ၊ မြို့ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့်
သင်တို့ကို ပို့ဆောင်ကြလိမ့်မည်။ 19 သင်တို့ကို အပ်နှံသောအခါ အဘယ်သို့ ပြောရမည်ကို မစိုးရိမ်ကြနှင့်။ ပြောရသောစကားကို
ထိုခဏ ခြင်းတွင် သင်တို့သည် ရကြလိမ့်မည်။ 20 အကြောင်းမူကား၊ သင်တို့ အလိုအလျောက် ပြောကြသည်မဟုတ်။ သင်တို့အဘ၏
ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြောတော်မူ၏။ 21 ထိုအခါ ညီအစ်ကိုချင်း တယောက်ကိုတယောက် သေစေခြင်းငှါ
အပ်ကြလိမ့်မည်။ အဘသည်လည်း သားကို အပ်လိမ့်မည်။ သားသမီးတို့သည်လည်း မိဘကို ရန်ဘက်ပြု၍ သေစေကြလိမ့်မည်။ 22
လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကို မုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင် အောင် တည်ကြည်၏။
ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ 23 တမြို့၌ သင်တို့ကိုညှဉ်းဆဲလျှင် တမြို့သို့ပြေးကြလော့။ ငါအမှန်ဆိုသည်ကား၊
ဣသရေလမြို့ရွာ ရှိသမျှတို့ကို သင်တို့ လှည့်လည်၍ မကုန်မှီ လူသားသည်ကြွလာလိမ့်မည်။ 24 တပည့်သည် ဆရာထက်မသာ။
ကျွန်သည် သခင်ထက်မသာ။ 25 တပည့်သည် ဆရာကဲ့သို့၎င်း၊ ကျွန်သည်သခင် ကဲ့သို့၎င်းဖြစ်လျှင် သင့်လောက်ပေ၏။ အိမ်ရှင်ကို
ဗေလဇေဗုဟုခေါ်ဝေါ် ကြလျှင်၊ အိမ်သူအိမ်သားတို့ကို သာ၍ ခေါ်ဝေါ် ကြလိမ့်မည်။ 26 ထို့ကြောင့် သူတို့ကို မကြောက်ကြနှင့်။
ဖုံးထားလျက်ရှိသမျှသောအရာတို့သည် ပွင့်လိမ့်မည်။ ဆိတ် ကွယ်ရာ၌ ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်။ 27 မှောင်မိုက်၌
သင်တို့အား ငါပြောသောအရာများကို သင်တို့သည် အလင်း၌ ကြားပြောကြလော့။ သင်တို့နားအပါး၌ ပြော၍ ကြားသောအရာများကို
အိမ်မိုးပေါ်မှာ ဟစ်ကြော်ကြလော့ဟု မိန့်တော်မူ၏။ 28 တနည်းကား၊ ကိုယ်ခန္ဓာကိုသာ သတ်၍ စိတ်ဝိညာဉ်ကို မသတ်နိုင်သော
သူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ငရဲ၌ ဖျက်ဆီးနိုင်သောသူကိုသာ၍ ကြောက်ကြလော့။ 29
စာငှက်နှစ်ကောင်ကို အသပြာတပြား အဘိုးနှင့် ဝယ်ရသည်မဟုတ်လော။ သင်တို့အဘ အခွင့်မရှိလျှင် ထိုစာငှက်တကောင်မျှ
မြေသို့မကျရ။ 30 သင်တို့ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။ 31 ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည်
စာငှက်အများတို့ထက် သာ၍မြတ်ကြ၏။ 32 အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော
ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ 33 အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့။ ကောင်းကင်ဘုံ၌ရှိသော
ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်။ 34 မြေပေါ်သို့ ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်ဟုမထင်ကြနှင့်။
ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်။ ထားကို စေလွှတ်အံ့သောငှါ ငါလာသတည်း။ 35 အဘနှင့်သား၊
အမိနှင့်သမီး၊ ယောက္ခမနှင့် ချွေးမအချင်းချင်း ကွဲပြားစေခြင်းငှါ ငါလာသတည်း။ 36 ကိုယ်အိမ်သူအိမ်သားတို့သည်လည်း ကိုယ်ရန်သူ
ဖြစ်ကြလိမ့်မည်။ 37 အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်။ အကြင်သူ သည်
ငါ့ကို ချစ်သည်ထက် သားသမီးကို သာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်။ 38 အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း၍
ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့် မထိုက် မတန်။ 39 မိမိအသက်ကို တွေ့သောသူသည် အသက်ရှုံးလိမ့်မည်။ ငါ့ကြောင့်
မိမိအသက်ရှုံးသောသူမူကား အသက်ကို တွေ့လိမ့်မည်။ 40 သင်တို့ကို လက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကို
လက်ခံသောသူသည် ငါ့ကို စေလွှတ်တော်မူ သောသူကို လက်ခံ၏။ 41 ပရောဖက်၏ မျက်နှာကိုထောက်၍၊ ပရောဖက်ကို
လက်ခံသောသူသည် ပရောဖက်၏အကျိုးကို ခံရလတံ့၊ ဖြောင့်မတ်သောသူ၏မျက်နှာကိုထောက်၍၊ ဖြောင့်မတ်သောသူကို
လက်ခံသောသူသည် ဖြောင့်မတ် သောသူ၏အကျိုးကို ခံရလတံ့။ 42 အကြင်သူသည် တပည့်တော်၏ မျက်နှာကိုထောက်၍
ဤသူငယ်တစုံတယောက်အား ရေတခွက်ကို မျှပေး၏။ ထိုသူသည် အကျိုးကို မရဘဲမနေရာ၊ ငါအမှန်ဆိုသည်ဟု မှာထားတော်မူ၏။

 generated on Tue Mar 12 16:35:02 2024

### Matthew 10:1

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော် ဆယ့်နှစ်ပါးကို သူ့အလုပ်သွားလုပ်ကြရန် လွှတ်လိုက်သည့်အကြောင်းဖြင့် စတင်သည်။

သူ့တပည့်တော်ဆယ်နှစ်ပါးကို အတူခေါ်ပါ
"သူ့တပည့်ဆယ်နှစ်ပါးကို ဆင့်ခေါ်သည်"

သူတို့ကို အာဏာပေးသည်
ဤအာဏာသည် (၁) မသန့်ရှင်းသည့် ဝိညာဉ်များကိုနှင်ထုတ်ရန် နှင့် (၂) ရောဂါများနှင့် ဖျားနာခြင်းကို ငြိမ်းစေရန်" ဖြစ်ကြောင်း ရှင်းလင်းပါစေ။

သူတို့ကို နှင်ထုတ်ဖို့
"မသန့်ရှင်းသည့် ဝိညာဉ်များကို ထွက်သွားခိုင်းရန်"

ရောဂါမျိုးစုံနှင့် ဖျားနာခြင်းမျိုးစုံ
"ရောဂါတိုင်းနှင့် ဖျားနာခြင်းတိုင်း" "ရောဂါ" နှင့် "ဖျားနာခြင်း" သည်နီးစပ်သည့် စာလုံးများဖြစ်သည်။ သို့သော် သီးခြားစာလုံးများအဖြစ် ဘာသာပြန်နိုင်က ပိုကောင်းသည်။ "ရောဂါ" သည် လူကိုဖျားနာရန် ဖြစ်စေသည့်အရာဖြစ်သည်။ "ဖျားနာခြင်း" သည် ရောဂါကြောင့် ခန္ဓာကိုယ်အားနည်းလာခြင်းဖြစ်သည်။

### Matthew 10:2

ယေဘုယျအချက်အလက်
စာရေးသူက တပည့်တော် ဆယ့်နှစ်ပါးတို့၏ နာမည်များကို ဖော်ပြထားသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားအကြောင်းကို ပြောင်းသည့်အချက်ပြစာလုံးဖြစ်သည်။ မဿဲက တပည့်တော်ဆယ်နှစ်ပါးတို့၏ နောက်ကြောင်းကို ပြောပြသည်။

တကျိပ်နှစ်ပါး
10:1. ၌ဖော်ပြသည့် "တပည့်တော်ဆယ့်နှစ်ပါး" ကိုဆိုလိုသည်။

ပထမ
အစဉ်အရ ပထမကို ဆိုလိုသည်။

ဇီလုတ်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "ဇီလုတ်" တို့သည့် ရောမတို့လက်မှလွတ်မြောက်ရန်လိုချင်သည့် ယုဒလူအုပ်စုတို့၏ နာမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မျိုးချစ်ပုဂ္ဂိုလ်" သို့မဟုတ် (၂) "ဇီလုတ်တစ်ယောက်" ဘုရားသခင်ကို လေးစားရန် ဆန္ဒပြင်းပြသောသူတစ်ယောက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စိတ်ဓာတ်ပြင်းပြသောသူ"

မဿဲ အခွန်ခံ
"အခွန်ခံ မဿဲ"

သူ့ကို သစ္စာဖောက်မည့်သူ
"ယေရှုကို သစ္စာဖောက်မည့်သူ"

### Matthew 10:5

ဆက်စပ်မှုဖော်ပြချက်
သူ့တပည့်များက ဘာလုပ်ကြသင့်သည်၊ သူတို့ဘာကို မျှော်လင့်ပြီး တရားဟောပြောသင့်သည်ကို သူ့တပည့်များအား ယေရှုက သင်ကြားပေးသည်။

ယေဘုယျအချက်အလက်
အပိုဒ်

ဤဆယ့်နှစ်ယောက်ကို ယေရှုစေလွှတ်သည်
"ယေရှုက ဤဆယ့်နှစ်ယောက်ကို စေလွှတ်သည်" သို့မဟုတ် "ယေရှုစေလွှတ်သည့် လူများမှာ ဤဆယ်နှစ်ယောက်ဖြစ်သည်"

စေလွှတ်သည်
ရည်ရွယ်ချက်တစ်ခုကြောင့် ယေရှုက သူတို့ကို စေလွှတ်သည်။

သူတို့ကို သူကသင်ကြားသည်
"သူတို့ ဘာလုပ်မည်ကို သူတို့ကိုပြောသည်" သို့မဟုတ် "သူတို့ကို သူက အမိန့်ပေးသည်"

ဣသရေလအိမ်၌ ပျောက်သည့်သိုး
ဣသရေလများကို သိုးထိန်းထံမှ လမ်းလွဲသွားသည့် သိုးနှင့် ခိုင်းနှိုင်းထားပါသည်။

ဣသရေလအိမ်
ဣသရေလအမျိုးသားများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူများ" သို့မဟုတ် "ဣသရေလ မျိုးဆက်များ"

သင်တို့သွားသည့်အတွက်
"သင်တို့" သည် အများကိန်းဖြစ်ပြီး တပည့်တော်တကျိပ်နှစ်ပါးကို ဆိုလိုသည်။

ကောင်းကင်နိုင်ငံတော်သည် ရောက်လုနီးပြီ
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်ချုပ်သည့်နေရာကို ဆိုလိုသည်။ ဤစကားစုသည် မဿဲတွင်သာရှိသည်။ "ကောင်းကင်" စာလုံးကို ဆက်ပြီးသုံးပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ဘုရားသခင်က သူ့ကိုယ်သူ ဘုရင်ကဲ့သို့ ထင်ပြလာမည်ဖြစ်သည်။ 3:1 ၌ ဘာသာပြန်သည့်အတိုင်း ဘာသာပြန်ရန်ဖြစ်သည်။

### Matthew 10:8

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူတို့တရားဟောမည့်အချိန်တွင် သူတို့လုပ်မည့်အရာအကြောင်းကို ဆက်သင်ပေးသည်။

သင်..သင်၏
တပည့်တော် ဆယ့်နှစ်ပါးကို ရည်ညွှန်းသည့် အများကိန်းနာမ်စားများဖြစ်သည်။

အဘိုးမပေးဘဲရသည့်အရာကို အဘိုးမခံဘဲ ပြန်ပေးလော့
နောက်ခံအကြောင်းအရာကို မဖော်ပြထားသော်လည်း နားလည်ထားရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည်သင့်ကို ကူညီ၍ ဘုရားသခင့်နှုတ်ကပတ်တော်ကို သင့်အားသင်ပေးသည်။ ထို့ကြောင့်


generated on Tue Mar 12 16:35:02 2024

တခြားလူများကူညီသည့်အခါနှင့် ဘုရား နှုတ်ကပတ်တော် သင်ပေးသည့်အခါ အခမယူပါနှင့်"

ရွှေ၊ ငွေ၊ ကြေး
ငွေပြားစေ့များ ပြုလုပ်သည့်အရာ သတ္တုများဖြစ်သည်။ သင့်ပတ်ဝန်းကျင်၌ ဤသတ္တုများ မသိကြပါက ငွေဟုဘာသာပြန်နိုင်သည်။

ငွေအိတ်
"ခါးပတ်၊ ခါးပတ်ငွေအိတ်" ကိုဆိုလိုသည်။ ခါး၌ပတ်ထားပြီး ရှည်လျားသည့်သားရေအိတ်ဖြစ်မည်။ ခေါက်ပြီးသယ်သွားနိုင်၊ ငွေထည့်နိုင်သည့် အိတ်ကို ဆိုလိုသည်။

ခရီးသွားအိတ်
ခရီးသွားသည့်အခါ ပစ္စည်းများသယ်သွားသည့် အိတ်ဖြစ်သည်။ အစားအစာ၊ ငွေလိုက်စုဆောင်းပြီး ထည့်ရန် အိတ်လည်း ဖြစ်နိုင်သည်။

အတွင်းခံအင်္ကျီအပို
5:40 ၌ သုံးသည့်အတိုင်း သုံးရန်ဖြစ်သည်။

အလုပ်သမား
"အလုပ်သမား"

သူ့အစာ
"အစာ" သည် လူတစ်ဦး၌ လိုအပ်သည့်အရာကို ဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူလိုအပ်သည့်အရာ"

**Matthew 10:11**

ဆက်စပ်မှုဖော်ပြချက်
တပည့်တော်များ တရားဟောရန် သွားကြသည့်အခါ သူတို့ လုပ်ရမည့်အရာများကို ယေရှုက ဆက်၍ သင်ပေးသည်။

သင်...သင်၏
အများကိန်းဖြစ်ပြီး တပည့်တော်ဆယ့်နှစ်ပါးကို ဆိုလိုသည်။

မည်သည့် မြို့၊ ရွာမဆို သင်ဝင်သွားလျှင်
"မြို့၊ ရွာကို သင်တို့မည်သည့် အချိန်တွင်မဆိုဝင်သွားသည့် အခါ" သို့မဟုတ် "သင်တို့ ဝင်သွားသည့် မည်သည့်မြို့၊ ရွာမဆို"

မြို့...ရွာ
"ရွာကြီး...ရွာငယ်" သို့မဟုတ် "မြို့ကြီး...မြို့ငယ်" 9:35 ထဲရေးထားသည့်အတိုင်း ပြန်ရေးပါ။

ထိုက်တန်သည်...မထိုက်တန်
10:11-13 ၌ ထိုက်တန်သောသူသည် တပည့်တော်များကို ကောင်းစွာကြိုဆိုသူများကို ဆိုလိုသည်။ "မထိုက်တန်သူများ" တပည့်တော်များ ကောင်းစွာ မကြိုဆိုသူများကိုယေရှုက ဤနေရာ၌ နှိုင်းယှဉ်ထားသည်။

သင်ထွက်သွားသည့်တိုင် ထိုအိမ်မှာနေပါ
ဆိုလိုရင်း အပြည့်အစုံကို သင်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့၊ ရွာမှ သင်မထွက်သွားသည့်တိုင် ထိုအိမ်၌ နေပါ"

ထိုအိမ်ကို သင်တို့ဝင်သွားသည့်အခါ နှုတ်ဆက်ပါ
"နှုတ်ဆက်ပါ" သည် အိမ်ကို ဆိုလိုသည်။ ထိုချိန်က အများသုံး နှုတ်ဆက်စကားမှာ "ငြိမ်သက်ခြင်းရှိပါစေ" ဖြစ်သည်။ "အိမ်" သည် ထိုအိမ်ထဲတွင်နေထိုင်ကြသည့် လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အိမ်ထဲသို့သင်တို့ဝင်သွားသည့်အခါ၊ ထိုအိမ်ထဲရှိလူများကို နှုတ်ဆက်ပါ"

အိမ်သည် ထိုက်တန်သည်
"အိမ်" သည် အထဲတွင် နေထိုင်ကြသည့် လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအိမ်ရှိလူများက သင်တို့ကို ကောင်းစွာ လက်ခံကြလျှင်" (UDB) သို့မဟုတ် "ထိုအိမ်ရှိလူများက သင်တို့ကို ကောင်းစွာမဆက်ဆံလျှင်"

သင်၏ငြိမ်သက်ခြင်းကို သက်ရောက်စေပါ
"၎င်း" က အိမ်ကိုဆိုလိုသည်။ "အိမ်" သည် ထိုအိမ်ထဲတွင်နေထိုင်ကြသည့် လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ငြိမ်သက်ခြင်းကို သက်ရောက်စေပါ" သို့မဟုတ် "ထိုအိမ်ထဲရှိလူများသည် ငြိမ်သက်ခြင်းနှင့် အသက်ရှင်ကြမည်"

သင်၏ ငြိမ်သက်ခြင်း
ဤအရာသည် တပည့်တော်များက ဘုရားသခင်ဆီ အိမ်သူသားများအတွက် တောင်းဆိုသည့် အရာဖြစ်သည်။

မထိုက်တန်လျှင်
"၎င်း" က အိမ်ကို ဆိုလိုသည်။ "အိမ်" သည် ထိုအိမ်ထဲတွင်နေထိုင်ကြသည့် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ကောင်းစွာနှုတ်မဆက်လျှင်" (UDB) သို့မဟုတ် "သင်တို့ကို ကောင်းစွာ မဆက်ဆံလျှင်"

သင်၏ငြိမ်သက်ခြင်း သင့်ထံပြန်လာမည်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) အိမ်သူသားများက မထိုက်တန်ကြလျှင် ဘုရားသခင်က ထိုကောင်းကြီးမင်္ဂလာများကို အိမ်သူသားများထံမှ ပြန်ယူမည် (၂) အိမ်သူသားများက မထိုက်တန်ကြလျှင် တပည့်တော်များက ဘုရားသခင်မှ သူတို့ကိုကောင်းကြီးမပေးရန် တောင်းလျှောက်နိုင်ကြသည်။ သင့်ဘာသာစကား၌ ကောင်းကြီးပေးပြီး ပြန်ယူသည့် အကြောင်းကို ရည်ညွှန်းသည့် စာလုံးရှိပါက သုံးနိုင်သည်။

**Matthew 10:14**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူတို့တရားဟောမည့်အချိန်တွင် လိုက်နာမည့်အကြောင်းများကို ဆက်သင်ပေးသည်။

သင်တို့ကို လက်မခံ၊ နားမထောင်သူများကို
"ထိုမြို့၊ ထိုရွာရှိလူများက သင်တို့ကို လက်မခံ၊ နားမထောင်ကြလျှင်"

သင်...သင်တို့၏
တပည့်တော်များကို ရည်ညွှန်းသည့် အများကိန်းနာမ်စား ဖြစ်သည်။

သင့်စကားများကို နားထောင်သည်
"စကားများ" သည် တပည့်တော်များ ပြောသည့်အရာများ ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်သတင်းကို နားထောင်သည်"

မြို့
10:11 ၌ရေးသည့်အတိုင်းရေးရန်ဖြစ်သည်။

 generated on Tue Mar 12 16:35:02 2024

သင်တို့၏ခြေဖဝါးမှ မြေမှုန့်ကို ခါလိုက်ကြ
"သင် ထွက်သွားသည့်အခါ သင်တို့၏ ခြေဖဝါးမှ မြေမှုန့်ကို ခါလိုက်ကြ" ထိုမြို့၊ ထိုရွာရှိလူများကို ဘုရားသခင်က ငြင်းပယ်သည်ကို ဆိုလိုခြင်းဖြစ်သည်။

သင့်ကို ငါအမှန်ပြောသည်
"သင့်ကို ငါအမှန်တရား ပြောသည်" ယေရှုပြောသည့်အရာကို အလေးအနက်ပြုသည်။

ညှင်းဆဲခြင်းခံရကြမည်
"ခံရမည့် အရာသည် နည်းလိမ့်မည်"

သောဒုံမြို့နှင့် ဂေါမောရမြို့
သောဒုံနှင့် ဂေါမောရမြို့ရှိလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သောဒုံမြို့နှင့်ဂေါမောရမြို့ရှိလူများ"

ထိုမြို့
တပည့်တော်များကို ကောင်းစွာလက်မခံ၊ သတင်းစကားကိုနားမထောင်ကြသည့် ထိုမြို့တွင် နေထိုင်ကြသည့် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို မလက်ခံသည့် ထိုမြို့ရှိလူများ"

**Matthew 10:16**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခအကြောင်းကို စပြောပြနေသည်။

ကြည့်ပါ
"ကြည့်ပါ" သည် နောက်ပြောမည့်အရာကို အလေးအနက်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နားထောင်ပါ" သို့မဟုတ် "သင့်အား ငါပြောမည့်အရာကို အာရုံစိုက်ပါ"

သင့်ကို ငါစေလွှတ်သည်
ယေရှုက သူတို့ကို ရည်ရွယ်ချက်သီးသန့်ဖြင့် စေလွှတ်သည်။

တောခွေးများကြားရှိ သိုးများကဲ့သို့
တောခွေးများက သိုးများကိုတိုက်ခိုက်သည့်အခါ သိုးများသည် ရန်သူကို မကာကွယ်နိုင်ပါ။ ယေရှုက လူတို့က တပည့်တော်များကို အန္တရာယ် ဖြစ်စေနိုင်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တောခွေးများကဲ့သို့ အန္တရာယ်ရှိသည့်လူများကြား၌ သိုးများ" သို့မဟုတ် "အန္တရာယ် ပြုမူသည့် တိရစ္ဆာန်များကဲ့သို့ လုပ်ဆောင်သည့် လူများကြား၌ သိုးများကဲ့သို့"

မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်
ယေရှုက တပည့်တော်များကို လူတို့အကြားတွင်သူတို့သည် သတိကြီးစွာနေပြီး၊ ဒုက္ခပေးသူများမဖြစ်ရန် ပြောပြသည်။ မြွေနှင့် ချိုးငှက်များဖြင့် နှိုင်းယှဉ်ခြင်းသည် ရှုပ်ထွေးပါက မနှိုင်းယှဉ်ဘဲ ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်ကင်းသူ၊ သူတော်ကောင်းအဖြစ် နားလည်ခြင်းနှင့် သတိဖြင့် ပြုမူပါ"

လူတို့ကို သတိပြုကြ၊ သူတို့က
ဤအဆိုနှစ်ခု ဆက်စပ်ပုံကို ပြရန် "သည့်အတွက်" ဟုဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က လုပ်နိုင်ကြသည့်အတွက် လူတို့ကို သတိထားကြပါ"

သင့်ကို အပ်နှံကြမည်
"သင့်ကိုသစ္စာဖောက်ကြမည်" သို့မဟုတ် "သင့်ကိုပေးကြမည်" သို့မဟုတ် "သင့်ကို ဖမ်းခိုင်းကြမည်"

ကောင်စီ
"တရားရုံး" လူ့အဖွဲ့အစည်းရှိပြီး ငြိမ်းချမ်းရေးကို အတူထိန်းသိမ်းကြသည့် ဒေသခံဘာသာရေးခေါင်းဆောင်များ သို့မဟုတ် လူကြီးများဖြစ်သည်။

သင့်ကို ရိုက်ကြမည်
"သင့်ကို ကျာပွတ်ဖြင့် ရိုက်ကြမည်"

သင့်ကိုဝယ်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က သင့်ကို ယူလာကြမည်" သို့မဟုတ် "သူတို့က သင့်ကို သရွတ်ဆွဲလာကြမည်"

ငါ့အဖို့
"သင်သည် ငါနှင့်သက်ဆိုင်သည့်အ တွက်" သို့မဟုတ် "သင်သည် ငါ့နောက်လိုက် နေသည့်အတွက်"

သူတို့ဆီနှင့် တပါးအမျိုးသားများဆီသို့
နာမ်စား "သူတို့ကို" က "မြို့ဝန်နှင့် ဘုရင်များ" သို့မဟုတ် ယုဒလူမျိုး စွပ်စွဲသူများကို ဆိုလိုသည်။

**Matthew 10:19**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူတို့တရားဟောမည့်အချိန်တွင် သူတို့လုပ်မည့်အရာအကြောင်းကို ဆက်သင်ပေးသည်။

သူတို့က သင့်ကိုအပ်နှံသည့်အခါ
"လူများက သင်တို့ကို ကောင်စီထံအပ်နှံကြသည့်အခါ" "လူများ" သည် 10:16 ထဲက "လူများ" နှင့်အတူတူဖြစ်သည်။

သင်...သင်တို့၏
အများကိန်းနာမ်စားများဖြစ်ပြီး တပည့်တော်ဆယ့်နှစ်ပါးကို ဆိုလိုသည်။

မစိုးရိမ်နှင့်
"မစိုးရိမ်နှင့်"

မည်ကဲ့သို့၊ ဘာကိုသင်ပြောရမည်ကို
"သင်မည်ကဲ့သို့ပြောမည်၊ သင်ဘာပြောမည်" ဤအဆိုနှစ် ခုကို "သင်ဘာပြောမည်ကို" ဟု ပေါင်းနိုင်သည်။

ပြောရသောစကားကို သင့်အားပေးမည်
အခြားသောဘာသာပြန် ဆိုချက်၊ "သင်ပြောမည့်အရာကို သန့်ရှင်းသော ဝိညာဉ်တော်က ပြောပြမည်"

ထိုနာရီ၌
"နာရီ" သည် "ထိုခဏ" ကိုဆိုလိုသည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "ထိုခဏတွင်"

သင့်အဘ၏ ဝိညာဉ်
လိုအပ်မည်ဆိုပါက "သင်တို့၏ ကောင်းကင်အဖ ဘုရား သခင်၏ ဝိညာဉ်" ဟုပြန်နိုင်သည်။ သို့မဟုတ် ရှင်းပြချက်ဖြင့် ဤအရာက ဘုရားသခင်၏ ဝိညာဉ်ကို ဆိုလိုပြီး လောကဝိညာဉ်ကို မဆိုလိုကြောင်း ရှင်းပြရန်ဖြစ်သည်။

သင်၌
"သင်အားဖြင့်"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမဖြစ်သည်။

### Matthew 10:21

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့ တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခများ မကြောက်ကြသင့်ကြောင်းကို စပြောပြနေသည်။

ညီအစ်ကိုချင်း တစ်ယောက်ကို တစ်ယောက်သေစေခြင်းငှာ အပ်ကြလိမ့်မည်၊ အဘသည်လည်း သားကို
"အဘသည်လည်း သား" ကို "ပြည့်စုံသည့်ဝါကျဖြင့်" ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ညီအစ်ကိုချင်း တစ်ယောက်ကို တစ်ယောက်သေစေခြင်းငှာ အပ်ကြလိမ့်မည်၊ အဘသည်လည်း သားကို သေစေခြင်းငှာ အပ်လိမ့်မည်"

အပ်နှံသည်
"သစ္စာဖောက်သည်" သို့မဟုတ် "အပ်နှံသည်" 10:16 ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

သေသည့်တိုင်
စိတ္တဇနာမ် "သေခြင်း" ကို ပိုလွယ်သည့်စကားလုံးဖြင့် ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို အာဏာရှိများက သတ်ရန် ခုံရုံးသို့"

တော်လှန်ပါ
"ပုန်ကန်သည်" (UDB)

သူတို့ကို သေခြင်းသို့ပို့ရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို သေစေပါ" သို့မဟုတ် "အာဏာရှိများက သူတို့ကို သတ်သည်"

သင်တို့ကို လူတိုင်းကမုန်းကြမည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတိုင်းက သင်တို့ကိုမုန်းမည်" သို့မဟုတ် "လူအားလုံးကို သင်တို့ကို မုန်းကြမည်"

သင်တို့
အများကိန်းနာမ်ဖြစ်ပြီး တပည့်တော်ဆယ့်နှစ်ပါးကို ဆိုလိုသည်။

ငါ၏နာမကြောင့်
"နာမ" သည်ထိုလူတစ်ခုလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ ""ငါ့ကြောင့်" သို့မဟုတ် "ငါ့ကိုကိုးစားသည့်အတွက်"

သည်းခံသူမည်သူမဆို
"သစ္စာရှိသော မည်သူမဆို"

ထိုလူကို ကယ်တင်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ထိုလူကို ကယ်တင်မည်"

အဆုံးတိုင်
လူသေသည့်အချိန်ကို ဆိုလိုခြင်းလော၊ နှိပ်စက်ခြင်းအဆုံးလော၊ ဘုရားသခင်က သူ့ကိုယ်သူဘုရင်ဖြစ်ကြောင်းပြသသည့် အချိန်၏အဆုံးလော ဆိုတာ မရှင်းလင်းပါ။ ဆိုလိုရင်းကတော့ လိုအပ်သည့်အထိ သူတို့သည်းခံဖို့ရန်သာ ဖြစ်သည်။

ဤမြို့၌
"ဤ" သည် မြို့တစ်ခုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တစ်တခု၌"

ထွက်ပြေးသည်
"နောက်မြို့သို့ ထွက်ပြေးသည်"

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါ အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးအနက်ပြုသည်။

လူသား
ယေရှုက သူ့ကိုယ်သူ ဆိုလိုခြင်းဖြစ်သည်။

လာခဲ့သည်
"ရောက်လာသည်"

### Matthew 10:24

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူတို့တရားဟောမည့်အချိန်တွင် သူတို့လုပ်မည့်အကြောင်းကို ဆက်သင်ပေးသည်။

တပည့်သည် သူ့ဆရာထက် မကြီးမြတ်ပါ၊ သူ့သခင်ထက် ကျွန်ထက်
ယေဘုယျအမှန်တရားဖြစ်သည့် စကားပုံကို ယေရှုကသုံးပြီး သူ့တပည့်များကိုသင်ကြားသည်။ လူများက ယေရှုကိုဆက်ဆံကြသည့်အတိုင်း သူ့တပည့်များက ထိုအတိုင်းဆက်ဆံခြင်းကို မမျှော်လင့်သင့်ကြောင်းကို ပြောပြသည်။

တပည့်သည် သူ့ဆရာထက် မကြီးမြတ်ပါ
"တပည့်သည် သူ့ဆရာထက်အရေးမကြီးပါ" သို့မဟုတ် "ဆရာသည် သူ့တပည့်ထက် အမြဲပို၍ အရေးကြီးသည်"

သူ့သခင်ထက် ကျွန်သည်မသာ
"ကျွန်သည် သူ့သခင်ထက် အရေးမကြီးဖူး" သို့မဟုတ် "သခင်သည် ကျွန်ထက် အမြဲအရေးကြီးသည်"

တပည့်သည် သူ့ဆရာကဲ့သို့ဖြစ်သင့်သည်မှာ လုံလောက်သည်
"တပည့်က သူ့ဆရာလောက်ဖြစ်လာသည်နှင့် ကျေနပ်သင့်သည်"

သူ့ဆရာနှင့်တူသည်
တပည့်သည် သူ့ဆရာနှင့် မည်ကဲ့သို့တူသည်ကို ဖော်ပြရန် လိုအပ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ဆရာသိ သလောက်သိသည်"



generated on Tue Mar 12 16:35:02 2024

သူ့သခင်နှင့်တူသည့်ကျွန်
ကျွန်သည် မည်ကဲ့သို့သခင်နှင့်တူကြောင်းကို ဖော်ပြရန် လိုအပ်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်က သူ့သခင်လောက် အရေးကြီးသည်ကို ကျေနပ်သင့်သည်"

အိမ်သခင်ကိုခေါ်ကြလျှင်...မည်မျှလောက်ဆိုးမည်...သူအိမ်သူသားများကို သူတို့ခေါ်သည်
လူများက သူတို့မရိုမသေဆက်ဆံကြသည့်အတွက် သူ့တပည့်များက သူထက်ဆိုးမည်လော၊ ကောင်းမည့်ဆက်ဆံရေးဖြင့် ဆက်ဆံကြမည်လော ကို ယေရှုကအလေးနက်ပေးသည်။

အိမ်သူသားများကို ထိုသို့ခေါ်လျှင် မည်မျှဆိုးမည်နည်း
"သူတို့က အိမ်သူသားများကို ခေါ်သည့်နာမည်မှာ အလွန်ဆိုးသည်" သို့မဟုတ် "သူတို့က အိမ်သူသားများကို အလွန်ဆိုးသည့် နာမည်ဖြင့်ခေါ် ကြသည်"

သူတို့ကိုခေါ် ပြီးလျှင်
"လူတို့က ခေါ်သည့်အတွက်"

အိမ်၏သခင်
ယေရှုကို သူ့ကိုယ်သူ တင်စားသည့်အသုံးနှုန်းဖြစ်သည်။

ဗေလဇေဗုလ
ဤနာမည်သည် (၁) "ဗေလဇေဗုလ" ဟု တိုက်ရိုက်ရေးနိုင်သည်။ သို့မဟုတ် (၂) မူလ ရည်ညွှန်းသည့် အဓိပ္ပါယ်အတိုင်း "စာတန်" ဟုလည်း ရေးနိုင်သည်။

သူ့အိမ်သူသားများ
ယေရှု၏ တပည့်တော်များကို တင်စားချက်ဖြစ်သည်။

## Matthew 10:26

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခများ မကြောက်သင့်ကြောင်းကို စပြောပြနေသည်။

သူတို့ကို မကြောက်ကြနှင့်
"သူတို့ကို" သည် ယေရှုနောက်လိုက်များကို ကောင်းစွာမဆက်ဆံသည့် လူများကို ဆိုလိုသည်။

ဖုံးထားလျက်ရှိသမျှသောအရာတို့သည် ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်။
ဤအဆိုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ဘုရားသခင်က အရာအားလုံးကို ထင်ရှားစေမည့်အကြောင်း ယေရှုကပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ ဝှက်ထားသည့်အရာများကို ဘုရားသခင်က ဖွင့်ပြလိမ့်မည်"

မှောင်မိုက်၌ သင့်ကိုငါပြောသည့်အရာကို အလင်း၌ပြောလော့၊ သင့်နားအပါး၌ ပြော၍ကြားသောအရာကို အိမ်မိုးပေါ်မှာ ဟစ်ကြော်လော့။
ဤအဆိုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ယေရှုက သူ့တပည့်များအားတိတ်တဆိတ်ပြောသည့်အရာကို လူတိုင်းအားပြန်ပြောပြကြရန် အလေးနက်ပေး သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှောင်မိုက်၌သင်တို့အား ငါပြောသည့်အရာကို အလင်း၌ပြောကြလော့။ သင်တို့ နားအပါး၌ ပြော၍ ကြားသည့်အရာကို အိမ်မိုးပေါ်များမှ ကြွေးကြော်လော့"

အမှောင်၌ သင်တို့အား ငါပြောသောအရာ
"အမှောင်" သည် "တိတ်တဆိတ်" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိတ်တဆိတ် သင့်ကိုငါပြောသည့်အရာ"

အလင်း၌ပြောသည်
"အလင်း" သည် "လူထု" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပွင့်လင်းစွာ ပြောပါ" သို့မဟုတ် "လူထုကြားတွင် ပြောပါ"

သင့်နားတွင်ကြားရသည့် အသံပါး
တိုးတိုးပြောသံကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တိုးတိုးပြီး သင့်ကို ငါပြောသည့်အရာ"

အိမ်မိုးပေါ်မှာ ဟစ်ကြော်ကြလော့
ယေရှုသည် ပြန့်သောနေရာတွင် နေထိုင်သည့်အတွက် ကျယ်လောင်သည့် အသံဖြင့် စကားပြောလျှင် အဝေးက လူများလည်း ကြားနိုင်ကြသည်။ "အိမ်မိုးများပေါ်" သည် လူများကြားနိုင်သည့် မည်သည့်နေရာမဆိုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူထုနေရာများတွင် အားလုံးက ကြားနိုင်အောင် စကားကျယ်ကျယ်ပြောပါ"

## Matthew 10:28

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူတို့တရားဟောမည့်အချိန်တွင် သူတို့ခံစားရမည့် ဒုက္ခအကြောင်းကို ဆက်သင်ပေးသည်။

ယေဘုယျအချက်အလက်
သူတို့ကြုံတွေ့နိုင်သည့် ညှဉ်းပမ်းနှိပ်စက်မှုကို မကြောက် ရွံ့ကြရန် အကြောင်းရင်းများကို သူ့တပည့်များအား ယေရှုက စပြောပြနေသည်။

ကိုယ်ခန္ဓာကိုသတ်နိုင်ပြီး ဝိညာဉ်မသတ်နိုင်သူကို မကြောက်ကြနှင့်။
ဝိညာဉ်ကို မသတ်နိုင်သည့်လူများနှင့် သတ်နိုင်သည့်လူများကြား ကွဲပြားမှုမရှိစေပါ။ မည်သူကမျှ ဝိညာဉ်ကို မသတ်နိုင်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများကို မကြောက်ကြနှင့်။ သူတို့က ခန္ဓာကိုသာ သတ်နိုင်ကြပြီး၊ ဝိညာဉ်ကို မသတ်နိုင်ကြပါ"

ခန္ဓာကိုသတ်သည်
ခန္ဓာကိုသေစေသည်ကို ဆိုလိုသည်။ အဆင်မပြေပါက "သင့်ကိုသတ်သည်" သို့မဟုတ် "တခြားလူများကို သတ်သည်" ဟုသုံးနိုင်သည်။

ခန္ဓာ
လူ၏ ထိတွေ့၍ ရသည့်အပိုင်းဖြစ်သည်။ ဝိညာဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

ဝိညာဉ်ကိုသတ်သည်
လူတို့၏ ခန္ဓာသေပြီးနောက် ဒုက္ခပေးရန်ကို ဆိုလိုသည်။

ဝိညာဉ်
လူထဲ၌ ထိတွေ့၍မရသည့်အပိုင်း၊ လူအသက်ပြီးနောက် ရှင်သည့်အရာဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

တတ်နိုင်သူကို ကြောက်ကြပါ
"ကြောင့်" ကို လူတို့က အဘယ့်ကြောင့် ဘုရားကြောက်ရသည်ကို ရှင်းလင်းကြဖို့ ထည့်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် တတ်နိုင်သည့်အတွက် သူ့ကိုကြောက်ရွံ့ပါ"

စာငှက်နှစ်ကောင်ကို အသပြာ၊ နှစ်ပြားဖြင့် ရောင်းရသည်မဟုတ်လော။
ယေရှုက ဤပုံဥပမာကို မေးခွန်းအဖြစ် သူ့တပည့်များအား သင်ကြားပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စာငှက်များကို စဉ်းစားပါ။ တန်ဖိုးအနည်းဆုံးသောပြားစေ့ဖြင့် နှစ်ကောင်ကို သင်တို့ ဝယ်နိုင်သည်"

စာငှက်များ
သူတို့သည် အလွန်သေးငယ်ပြီး အစေ့များကို စားသည့်ငှက်များဖြစ်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေးငယ်သော ငှက်များ"

သေးငယ်သောပြားစေ့
သင့်နိုင်ငံရှိ တန်ဖိုးအနည်းဆုံးသောပြားစေ့ဖြင့် အစားထိုး ဘာသာပြန်နိုင်သည်။ အလုပ်သမား၏ တစ်နေ့ လုပ်ခ၏ (၁၆) ပုံတစ်ပုံနှင့် ညီမျှသည့် ကြေးပြားစေ့ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနည်းငယ်သော ငွေ"

သင်တို့အဘက မသိဘဲ သူတို့မှတစ်ကောင်မျှ မြေပေါ်သို့မကျလာရ
အခြားသောဘာသာပြန်ဆိုချက်၊ "စာငှက်တစ်ကောင်သေ၍ မြေပေါ်သို့ ကျလာလျှင် တောင်မှ သင်တို့အဘက သိသည်"

အဘ
ဘုရားသခင်၏အရေးကြီးသည့် အမည်နာမဖြစ်သည်။

သင်တို့ခေါင်းပေါ်က ဆံပင်များတောင်မှ ရေတွက်ထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ခေါင်းပေါ်မှာ ဆံပင်မည်မျှရှိသည်ကို ဘုရားသခင်က သိသည်"

ရေတွက်သည်
အစဉ်မှတ်သည်

သင်တို့သည် စာငှက်လေးများထက် ပိုတန်ဖိုးရှိကြသည်
"စာငှက် အများအပြားထက် သင်တို့ကို ဘုရားသခင်က ပိုအလေးထားသည်"

## Matthew 10:32

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခများ မကြောက်သင့်ကြောင်းကို စပြောပြနေသည်။

လူတို့ရှေ့တွင် ငါ့ကို ဝန်ခံသူတိုင်း
"သူသည် ငါ၏တပည့်ဖြစ်ကြောင်း လူတိုင်းကို ပြောသူ" သို့မဟုတ် "ငါ့သစ္စာခံဖြစ်ကြောင်း တခြားလူများ ရှေ့တွင်အသိမှတ်ပြုသူတိုင်း"

ကောင်းကင်ဘုံရှိငါ့အဘ၏ရှေ့တွင် ငါသည်လည်း ဝန်ခံမည်
နားလည်ထားနိုင်သည့်အချက်ကို မြှုပ်ထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူများသည်ငါနှင့်သက်ဆိုင်သည်ဟု ကောင်းကင်ဘုံရှိ ငါ့အဘရှေ့တွင် အသိအမှတ်ပြုမည်"

ကောင်းကင်ဘုံရှိ ငါ့အဘ
"ငါ၏ ကောင်းကင်အဘ"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမဖြစ်သည်။

လူတို့ရှေ့တွင် ငါ့ကိုငြင်းပယ်သူ
"သူသည် ငါသစ္စာခံဖြစ်ကြောင်းကို တခြားသူများရှေ့တွင်ငါ့ကို ငြင်းလျှင်" သို့မဟုတ် "ငါ၏ တပည့်ဖြစ်ကြောင်း တခြားသူများအား မသိစေသည့်သူများ"

ကောင်းကင်ဘုံရှိ ငါ့အဘရှေ့တွင် သင့်ကိုငါငြင်းပယ်မည်
နားလည်ထားနိုင်သည့် အရာကို ဖော်ပြရန်မလိုပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါနှင့်သက်ဆိုင်သည့် ကောင်းကင်ဘုံရှိ ငါ့အဘရှေ့တွင် ငါငြင်းပယ်မည်"

## Matthew 10:34

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခများ မကြောက်သင့်ကြောင်းကို ပြောပြနေသည်။

မထင်ပါနှင့်
"မထင်ကြနှင့်" သို့မဟုတ် "သင်တို့ မစဉ်းစားရ"

မြေကြီးပေါ်မှာ
မြေကြီးပေါ်တွင် နေထိုင်ကြသည့် လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေကြီးပေါ်ရှိလူများသို့" သို့မဟုတ် "လူများထံသို့"

ဓားရှည်
လူများကြားတွင် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကွဲပြားခြင်းကို ဆိုလိုသည်။

ခွဲသည်
"ခွဲသည်" "သီးခြားထားသည်"

သူ့အဖေကိုတိုက်ခိုက်သည့်လူ
"သူ့အဖေကို တိုက်ခိုက်သည့်သား"

လူ၏ရန်သူများ
"လူ၏ ရန်သူများ" သို့မဟုတ် "လူတစ်ယောက်၏ ဆိုးရွားသည့် ရန်သူများ"

သူ့အိမ်သူသားများ
"သူ့အိမ်သူသား မိသားစုဝင်များ"

## Matthew 10:37

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌ သူတို့တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့် ဆင်းရဲဒုက္ခများ မကြောက်သင့်ကြောင်းကို ပြောပြနေသည်။

မထိုက်သန်သူ
"သူ" သည် ယေဘုယျအရ မည်သည့် လူကိုမဆို ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မထိုက်တန်သော သူများ" သို့မဟုတ် "ဖြစ်လျှင်... သင်မထိုက်တန်"


generated on Tue Mar 12 16:35:02 2024

ချစ်သည်
"ချစ်သည်" သည် ညီအစ်ကိုအချစ်၊
သူငယ်ချင်းအချစ်မျိုးကိုဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဂရုစိုက်သည်" သို့မဟုတ်
"မြတ်နိုးသည်"

ငါနှင့်ထိုက်တန်သည်
"ငါ့ကို ပိုင်ဆိုင်ရန် ထိုက်တန်သည်" သို့မဟုတ် "ငါ့တပည့်ဖြစ်ရန်
ထိုက်တန်သည်"

သူ့ကားတိုင်ကိုထမ်း၍ ငါ့နောက်လိုက်သည်
"သူ့ကားတိုင်ကို ထမ်းပြီး ငါ့နောက်လိုက်သည်" ကားတိုင်သည်
ဒုက္ခနှင့်သေခြင်းကို ကိုယ်စားပြုသည်။
ကားတိုင်ကိုထမ်းခြင်းသည် ဒုက္ခနှင့်သေခြင်း ခံရန် ဆန္ဒရှိခြင်းကို
ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေရမည့်
အခြေနေနှင့် ဒုက္ခခံရမည့် အချိန်မျိုးတွင်လည်း ငါ့ကို နာခံရမည်"

ယူသည်
"ယူသည်" သို့မဟုတ် "ခူးပြီးသယ်သွားသည်"

တွေ့သူက...ပျောက်မည်...ပျောက်သူက...တွေ့မည်
ယေရှုက သူ့တပည့်များ သင်ကြားရာတွင် စကားပုံကို သုံးသည်။
စာလုံးနည်းနိုင်သမျှနည်းအောင် ဘာသာပြန်နိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊
"တွေ့သူများက...ပျောက်ကြမည်...ပျောက်သူများက...တွေ့ကြမည်"
သို့မဟုတ်
"သင်ရှာလျှင်...သင်ပျောက်မည်...သင်ပျောက်လျှင်...သင်တွေ့မည်"

တွေ့သည်
"ထိန်းသိမ်းသည်၊ ကယ်တင်သည်" ဟုဆိုလိုခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ထိန်းသိမ်းရန် ကြိုးစားခြင်း"
သို့မဟုတ် "ကယ်တင်ရန်ကြိုးစားသည်"

ပျောက်စေမည်
လူတစ်ယောက်သေမည်ကို ဆိုလိုခြင်း မဟုတ်ပေ။ ဘုရား
သခင်နှင့်အတူ ဝိညာဉ်အရ အသက်မရှင်မည်ကို
ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"အသက်အစစ်မှန်ကို ရမည်မဟုတ်"

သူ့အသက်ကို ပျောက်စေသူ
သေသည်ကို ဆိုလိုသည်မဟုတ်ပါ။ သူ့အသက်ထက် ယေရှုကို
နာခံရန် အရေးကြီးသည်ဟုထင်သည့်အကြောင်းကို
တင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သူ့ကိုယ်သူ ငြင်းပယ်သူ"

ငါ့အတွက်
"သူငါ့ကို ကိုးစားသောကြောင့်" သို့မဟုတ် "ငါ့ကြောင့်" သို့မဟုတ်
"ငါ့ကြောင့်" 10:16 ၌ ဖော်ပြသည့် အရာနှင့်အတူတူဖြစ်သည်။

တွေ့လိမ့်မည်
လူတစ်ယောက်က ဘုရားသခင်နှင့်အတူ
ဝိညာဉ်အသက်ရှင်မည့်အရာကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆို ချက်၊ "အသက်တာ အစစ်မှန်ကို
တွေ့လိမ့်မည်"

**Matthew 10:40**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ဆက်သင်ကြားနေသည်။ ဤနေရာ၌
သူတို့ တရားဟောရန်သွားသည့်အခါ သူတို့ခံစားရမည့်
ဆင်းရဲဒုက္ခများ မကြောက်ကြသင့်ကြောင်းကို စပြောပြနေသည်။

သူ
"သူ" သည် ယေဘုယျအရ မည်သူမဆိုလူကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမဆို" သို့မဟုတ်
"သူတစ်ယောက်"

ကြိုဆိုပါ
တစ်ယောက်ယောက်ကို
ဧည့်သည်အဖြစ်လက်ခံခြင်းကိုဆိုလိုသည်။

သင်တို့
အများကိန်းဖြစ်ပြီး ယေရှုက စကားပြောနေသည့် တပည့် တော်
ဆယ့်နှစ်ပါးများကို ဆိုလိုသည်။

ငါ့ကိုကြိုဆိုပါ
ယေရှုက သူ့ကို ကြိုဆိုခြင်းနှင့် အတူတူဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ငါ့ကို ကြိုဆိုခြင်း
ဖြစ်သည်"

ငါ့ကိုစေလွှတ်သူကို ကြိုဆိုပါ
"တစ်ယောက်ယောက်က ယေရှုကို ကြိုဆိုလျှင် ဘုရားသခင်ကို
ကြိုဆိုသည်နှင့်တူသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"ငါ့ကိုစေလွှတ်သော အဘဘုရားသခင်ကို ကြိုဆိုသည့်အလား"

သူသည်ပရောဖက်ဖြစ်သောကြောင့်
"သူ" သည် ကြိုဆိုခြင်းခံသည့် လူကို ဆိုလိုခြင်းမဟုတ်ပေ။
ကြိုဆိုနေသည့် လူကို ဆိုလိုခြင်းဖြစ်သည်။

ပရောဖက်၏ ဆုလဒ်
ပရောဖက်အား ဘုရားသခင်က ပေးမည့် ဆုလဒ်ဖြစ်သည်။
ပရောဖက်က အခြားသူအားပေးမည့် ဆုလဒ်မဟုတ်ပေ။

သူသည် ဖြောင့်မတ်သူဖြစ်သည်
"သူ" သည် ကြိုဆိုခြင်းခံသည့် လူကို ဆိုလိုခြင်းမဟုတ်ပေ။
ကြိုဆိုနေသည့် လူကို ဆိုလိုခြင်းဖြစ်သည်။

ဖြောင့်မတ်သူ၏ဆုလဒ်
ဖြောင့်မတ်သူအား ဘုရားသခင်ကပေးမည့် ဆုလဒ်ဖြစ်သည်။
ဖြောင့်မတ်သူက အခြားသူအားပေးမည့် ဆုလဒ်မဟုတ်ပေ။

**Matthew 10:42**

ဆက်စပ်မှုဖော်ပြချက်
တရားဟောရန်သွားမည့် အချိန်၌ သူတို့ဘာလုပ်ရမည်၊ ဘာကို
မျှော်လင့်ရမည်အကြောင်း သင်ကြားပေးသည့်အရာကို ယေရှုက
အဆုံးသတ်သည်။

ပေးသူတိုင်း
"ပေးသူ မည်သူမဆို"

ဤသူငယ်တစ်စုံတစ်ယောက်အား
"အနိမ့်ဆုံးသော သူတစ်ယောက်" သို့မဟုတ် "ဤအရေးမကြီးဆုံးသောသူ" "တစ်ယောက်" က ယေရှု၏ တပည့် တော်များမှ တစ်ယောက်ယောက်ကို ဆိုလိုသည်။

သူသည်တပည့်တော်ဖြစ်သောကြောင့်
"သူသည် ငါ့တပည့်တော်ဖြစ်သောကြောင့်" "သူ" သည် အရေးမကြီးသူအား ပေးသူကို ဆိုလိုသည်။

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါ့အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သူ...သူ့ကိုဆုပေးမည်
"သူ" နှင့် "သူ" သည် ပေးနေသည့်လူကို ဆိုလိုသည်။

မငြင်းပါ
"ဘုရားသခင်က သူ့ကိုမငြင်းပါ" ယူသွားခံရသည့် ပိုင်ဆိုင်မှုအတွက် ဘာမှလုပ်ရန်မလိုပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကို အမှန်ပေးမည်"

---

## Translation Questions

### Matthew 10:1

ယေရှုသည် တမန်တော်တဆယ့်နှစ်ပါးအား မည်သည့်အခွင့်အာဏာပေးသနည်း။
ယေရှုသည် တမန်တော်တဆယ့်နှစ်ပါးအား ညစ်ညူးသောနတ်ဆိုးတို့ကို နှင်ထုတ်ခြင်းနှင့် အနာရောဂါအမျိုးမျိုးကိုပျောက်ကင်းစေရသော အခွင့်အာဏာပေးပါသည်။

### Matthew 10:2

ယေရှုကို ရန်သူ့လက်သို့အပ်နှံသူ၏အမည်မှာ အဘယ်နည်း။
ယေရှုကို ရန်သူ့လက်သို့ အပ်နှံသူ၏အမည်မှာ ယုဒရှကာရုတ်ဖြစ်ပါသည်။

### Matthew 10:5

ထိုအချိန်ကယေရှုသည်တမန်တော်များအားမည်သည့်အရပ်သို့စေလွှတ်သနည်း။
ထိုအချိန်ကယေရှုသည်တမန်တော်များအားဣသရေလလူမျိုး၊ ပျောက်သောသိုးများရှိရာအရပ်သို့စေလွှတ်ပါသည်။

### Matthew 10:8

တမန်တော်တို့သည် မိမိတို့နှင့်အတူငွေကြေး၊ အဝတ်အစားတို့ကို သယ်ဆောင်သွားကြသလား။
တမန်တော်တို့သည် မိမိတို့နှင့်အတူငွေကြေး၊ အဝတ်အစားများကို မသယ်ဆောင်သွားကြပါ။

### Matthew 10:11

တမန်တော်တို့သည် တရွာမှတရွာသို့သွားကြသည့်အခါမည်သည့်နေရာ၌ နေကြသနည်း။
တမန်တော်တို့သည် တရွာမှတရွာသို့သွားကြသည့်အခါ ရွာအတွင်းရှိထိုက်တန်သူ၏နေအိမ်တွင်ခရီးမဆက်မှီတိုင်အောင်နေပါသည်။

### Matthew 10:14

တမန်တော်တို့အား လက်မခံ၊ သူတို့စကားကိုနားမထောင်သောမြို့တို့ကို မည်ကဲ့သို့တရားစီရင်မည်နည်း။
တမန်တော်တို့အားလက်မခံ၊ သူတို့စကားကိုနားမထောင်သောမြို့တို့ကို သောဒုံနှင့်ဂေါမောရမြို့တို့ထက်သာ၍ဆိုးရွားစွာ ခံရစေရန်စီရင်မည်ဖြစ်ပါသည်။

### Matthew 10:16

ယေရှုကလူများတို့သည်တမန်တော်တို့အားဘာလုပ်မည်ဟုပြောသနည်း။
ယေရှုကလူများတို့သည် တမန်တော်တို့အား မြို့ဝန်မင်း နှင့် ရှင်ဘုရင်ထံမပို့မှီ တရားရုံးသို့အပ်နှံခြင်း၊ ရိုက်နှက်ခြင်းများကို ပြုကြလိမ့်မည်ဟုပြောပါသည်။

### Matthew 10:19

လူများတို့သည် တရားရုံးသို့အပ်နှံသည့်အခါ မည်သူသည်တမန်တော်များကိုယ်စား ပြောမည်နည်း။
လူများတို့သည် တရားရုံးသို့အပ်နှံသည့်အခါ အဘ၏ ဝိညာဥ်တော်သည် တမန်တော်များကိုယ်စားပြောမည်ဖြစ်ပါသည်။

### Matthew 10:21

နောက်ဆုံး၌ မည်သူသည် ကယ်တင်ခြင်းရမည်ဟု ယေရှုပြောသနည်း။
ယေရှုကနောက်ဆုံးတိုင်အောင် တည်ကြည်သောသူသည်ကယ်တင်ခြင်းရမည်ဟု ပြောပါသည်။

### Matthew 10:24

ယေရှုကိုမုန်းသောသူတို့သည် ယေရှု၏တမန်တော်များကိုမည်ကဲ့သို့ ဆက်ဆံကြသနည်း။
ယေရှုကိုမုန်းသောသူတို့သည် ယေရှု၏တမန်တော်များကိုလည်းမုန်းကြပါသည်။

### Matthew 10:28

ယေရှုက ကျွန်ုပ်တို့သည်မည်သူကိုကြောက်ရန် မလိုကြောင်းပြောသနည်း။
ယေရှုက ခန္ဓာကိုယ်ကိုသတ်ပြီး စိတ်ဝိညာဥ်ကိုမသတ်သောသူအား ကျွန်ုပ်တို့ကြောက်ရန်မလိုကြောင်း ပြောပါသည်။

ယေရှုကကျွန်ုပ်တို့သည် မည်သူကိုကြောက်ရမည်ဟုပြောသနည်း။
ယေရှုကခန္ဓာကိုယ်နှင့် စိတ်ဝိညာဥ်ကိုငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ ကျွန်ုပ်တို့ကြောက်ရမည်ဟု ပြောပါသည်။



generated on Tue Mar 12 16:35:02 2024

### Matthew 10:32

ယေရှုကလူများတို့ရှေ့တွင် မိမိအားဝန်ခံသောသူတိုင်းအား ဘာလုပ်မည်နည်း။
ကောင်းကင်ဘုံ၌ ရှိသောအဘဘုရားရှေ့မှာ ထိုသူတို့ကိုယေရှုကဝန်ခံမည်ဖြစ်ပါသည်။

ယေရှုကလူများတို့ရှေ့တွင် မိမိအားငြင်းပယ်သောသူတိုင်းအားဘာလုပ်မည်နည်း။
ကောင်းကင်ဘုံ၌ရှိသောအဘဘုရားရှေ့မှာ ထိုသူတို့ကိုယေရှုကငြင်းပယ်မည်ဖြစ်ပါသည်။

### Matthew 10:34

ငါလာသည့်အခါမည်ကဲ့သို့သော ကွဲပြားခြင်းကိုယူဆောင်လာမည်ဟု ယေရှုကပြောသနည်း။
ငါလာသည့်အခါ မိသားစုအတွင်းစိတ်ဝမ်းကွဲပြားခြင်းကိုယူဆောင်လာမည် ဟုယေရှုကပြောပါသည်။

### Matthew 10:37

ယေရှုကြောင့် မိမိအသက်ဆုံးရှုံးသူသည် ဘာကိုတွေ့လိမ့်မည်နည်း။
ယေရှုကြောင့် မိမိအသက်ဆုံးရှုံးသူသည် အသက်ကိုတွေ့ လိမ့်မည်ဖြစ်သည်။

### Matthew 10:42

အရေးမကြီးသောတပည့်တော် တယောက်အားရေအေးတခွက်ပေးသူသည် ဘာကိုရမည်နည်း။
အရေးမကြီးသောတပည့်တော်တယောက်အား ရေအေးတခွက်ပေးသောသူသည် အကျိုးကျေးဇူးကိုခံစားရမည်ဖြစ်ပါသည်။



generated on Tue Mar 12 16:35:02 2024

## Chapter 11

[1] ထိုသို့ တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို အကုန်အစင်မှာထားတော်မူပြီးလျှင်၊ မြို့ရွာများတို့၌ ဆုံးမ သြဝါဒပေးခြင်းငှါရင်း၊
သိတင်းကြားပြောခြင်းငှါရင်း၊ ထိုအရပ်မှ ကြွတော်မူ၏။ [2] ခရစ်တော်ပြုတော်မူသောအမှုတို့ကို
ယောဟန်သည်ထောင်ထဲမှာကြားသောအခါ၊ မိမိတပည့်နှစ် ယောက်ကို စေလွှတ်၍၊ ကိုယ်တော်သည် ကြွလာသောသူမှန်သလော။ [3]
သို့မဟုတ် အခြားသောသူကို မြော်လင့်ရပါမည်လောဟု မေးလျှောက်စေ၏။ [4] ယေရှုကလည်း၊ သင်တို့သည် ကြားရသမျှ
မြင်ရသမျှတို့ကိုသွား၍ ယောဟန်အား ကြားလျှောက်ကြ လော့။ [5] မျက်စိကန်းသောသူတို့သည် မျက်စိမြင်ရကြ၏။
ခြေမစွမ်းသောသူတို့သည် လှမ်းသွားရကြ၏။ နူနာ စွဲသော သူတို့သည် သန့်ရှင်းခြင်းသို့ ရောက်ရကြ၏။ နားပင်းသောသူတို့သည်
နားကြားရကြ၏။ သေသောသူ တို့သည် ထမြောက်ခြင်းသို့ရောက်ရကြ၏။ ဆင်းရဲသားတို့သည်လည်း ဝမ်းမြောက်စရာသိတင်းကို
ကြားရ ကြ၏။ [6] ငါ့ကြောင့် စိတ်မပျက်သောသူသည် မင်္ဂလာရှိ၏ဟု ပြန်ပြောတော်မူ၏။ [7] ထိုသူတို့သည် သွားကြသည်နောက်
ယေရှုသည် ယောဟန်ကိုအကြောင်းပြု၍ ပရိသတ်တို့အား၊ သင်တို့သည် အဘယ်မည်သောအရာကို ကြည့်ရှုခြင်းငှါ
တောသို့ထွက်သွားကြသနည်း။ လေလှုပ်သော ကျူပင်ကို ကြည့်ရှုခြင်းငှါ သွားသလော။ [8] သို့မဟုတ် နူးညံ့သောအဝတ်ကို
ဝတ်ဆင်သောသူကို ကြည့်ရှုခြင်းငှါသွားသလော။ နူးညံ့သော အဝတ်ကို ဝတ်ဆင်သောသူတို့သည် မင်းအိမ်၌ နေတတ်ကြ၏။ [9]
ပရောဖက်ကို ကြည့်ရှုခြင်းငှါသွားသလော။ မှန်ပေ၏။ ပရောဖက်ထက် ကြီးမြတ်သောသူလည်း ဖြစ် သည်ဟု ငါဆို၏။ [10]
ကျမ်းစာ၌လာသည်ကား၊ ကြည့်ရှုလော့။ သင်သွားရာလမ်းကိုပြင်ရသော ငါ၏တမန်ကိုသင့်ရှေ့၌ ငါ စေလွှတ်၏ဟု ဆိုရာ၌
ထိုသူကိုဆိုလိုသတည်း။ [11] ငါအမှန်ဆိုသည်ကား၊ မိန်းမမွေးသောသူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက်ကြီးမြတ်သောသူ တ
ယောက်မျှ မပေါ်မထွန်းသေး။ သို့သော်လည်း ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသည် ထိုသူထက် သာ၍ ကြီးမြတ်၏။ [12]
ဗတ္တိဇံ၊ ဆရာယောဟန်လက်ထက်မှစ၍ ယခုတိုင်အောင် ကောင်းကင်နိုင်ငံတော်ကို အနိုင်အထက် ပြုသော သူတို့သည်လည်း
လုယူဝင်စားရကြ၏။ [13] ယောဟန်မရောက်မှီတိုင်အောင် ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းရှိသမျှတို့သည် ဆုံးမသြဝါဒပေးကြ၏။ [14]
သင်တို့သည် ငါ့စကားကို နားခံနိုင်လျှင်၊ ဤသူကား လာလတံ့သော ဧလိယဖြစ်သတည်း။ [15] ကြားစရာနားရှိသောသူမည်သည်ကား
ကြားပါစေ။ [16] ဤလူမျိုးကို အဘယ်ဥပမာနှင့် ပုံပြုရအံ့နည်း။ ပွဲသဘင်၌ထိုင်နေသော သူငယ်တို့သည် မိမိသူငယ်ချင်း တို့အား
အသံကိုလွှင့်၍၊ [17] ငါတို့သည်သာယာစွာ တီးမှုတ်သော်လည်း သင်တို့သည်မကကြ။ ညည်းတွားစွာ မြည်တမ်းသော်လည်း
မငိုကြွေးကြဟု ပြောဆိုသောသူငယ်တို့နှင့် ဤလူမျိုးသည်တူလှ၏။ [18] အကြောင်းမူကား၊ ယောဟန်သည် မစားမသောက်ဘဲ
လာသည်ရှိသော်၊ သူတို့က ဤသူသည် နတ်ဆိုး စွဲသောသူပါတကားဟု ဆိုကြ၏။ [19] လူသားသည် စားသောက်လျက်လာသည်ရှိသော်၊
ဤသူသည် စားကြူးသောသူ၊ စပျစ်ရည်သောက် ကြူးသောသူပါတကား။ အခွန်ခံသောသူနှင့် ဆိုးသောသူတို့ကို
မိတ်ဆွေဖွဲ့သောသူပါတကားဟု ဆိုပြန်ကြ၏။ သို့သော်လည်း ပညာတရားသည် မိမိသားတို့တွင် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်
လွတ်သည်ဟုမိန့်တော်မူ၏။ [20] ထိုအခါ များစွာသောတန်ခိုးတော်ကို ပြတော်မူသောမြို့ရွာတို့သည် နောင်တမရသောကြောင့်၊
ထိုမြို့တို့ကို ဤသို့ကဲ့ရဲ့ပြစ်တင်တော်မူ၏။ [21] အိုခေါရာဇိန်မြို့၊ သင်သည် အမင်္ဂလာရှိ၏။ အိုဗက်ဇဲဒမြို့၊ သင်သည် အမင်္ဂလာရှိ၏။
အကြောင်းမူ ကား၊ သင်တို့တွင်ပြသောတန်ဖိုးကို တုရုမြို့နှင့်ဇိဒုန်မြို့တို့တွင်ပြဘူးလျှင်၊ ထိုမြို့တို့သည် ရှေးကာလ၌ လျှော်တေ
အဝတ်ကို ဝတ်၍၊ ပြာနှင့် လူးလျက်နောင်တ ရကြလိမ့်မည်။ [22] ငါဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ သင်တို့သည်
တုရုမြို့နှင့်ဇိဒုန်မြို့ထက်သာ၍ ခံရကြလတံ့။ [23] အိုကပေရနောင်မြို့၊ သင်သည် မိုဃ်းကောင်းကင်တိုင်အောင်
မြောက်စားခြင်းကိုခံရသော်လည်း၊ မရဏာနိုင်ငံတိုင်အောင် နှိမ့်ချခြင်းကိုခံရလတံ့။ အကြောင်းမူကား၊ သင်၌ပြသောတန်ခိုးကို
သောဒုံမြို့၌ ပြဘူး လျှင်၊ ထိုမြို့သည် ယခုတိုင်အောင်တည်ရာ၏။ [24] ။ငါဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ သင်သည်
သောဒုံမြို့ထက်သာ၍ခံရလတံ့ဟု မိန့်တော်မူ၏။ [25] ထိုအခါ ယေရှုက၊ ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအဘ၊
ကိုယ်တော်သည် ပညာ အလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဘော်ပြတော်
မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ [26] ထိုသို့ အလိုတော်ရှိသောကြောင့် မှန်ပါ၏အဘ။ [27] ငါ၏ခမည်းတော်သည်
ခပ်သိမ်းသောအရာတို့ကို ငါ၌အပ်ပေးတော်မူပြီး။ ခမည်းတော်မှတပါးအဘယ် သူမျှ သားတော်ကိုမသိ။ သားတော်နှင့်သားတော်သည်
လင်းစေလိုသော သူမှတပါး အဘယ်သူမျှ ခမည်းတော် ကိုမသိ။ [28] ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။
ငါသည် ချမ်းသာပေးမည်။ [29] ငါ့ထမ်းဘိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်
သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ [30] အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း
ပေါ့၏ဟု မိန့်တော်မူ၏။

---

### Matthew 11:1

ယေဘုယျအချက်အလက်
ဗတ္တိဇံယောဟန်၏ တပည့်တော်များကို ယေရှုက မည်သို့ တုန့်ပြန်သည်ကို စာရေးသူက အစပြုသည်။

ဖြစ်ပျက်လာသည့်အခါ
ယေရှု၏ သင်ကြားချက်မှ အခြားဇာတ်လမ်းသို့ ကူးသွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်" သို့မဟုတ် "ပြီးနောက်"

သွန်သင်ချက်
"သင်ကြားချက်" သို့မဟုတ် "အမိန့်ပေးချက်"


generated on Tue Mar 12 16:35:02 2024

သူ့တပည့်ဆယ့်နှစ်ပါး
ယေရှု ရွေးကောက်သည့် တမန်တော်ဆယ့်နှစ်ပါးကိုဆိုလိုသည်။

သူတို့၏ မြို့များ၌
"သူတို့၏" သည် ယုဒလူမျိုးအားလုံးကို ဆိုလိုသည်။

သို့ရာတွင်
ဇာတ်လမ်း အဓိကမှ အခြားအကြောင်းကို ပြောင်းသွားသည့် အချက်ပြစာလုံးဖြစ်သည်။ မဿဲက အကြောင်းအရာ အသစ်ကို စပြောနေသည်။

ယောဟန်က ထောင်ထဲကနေ အကြောင်းအရာကိုကြားသည့်အခါ
"ထောင်ထဲ၌ ရှိသည့် ယောဟန်က ထိုအကြောင်းကိုကြားသည့်အခါ" သို့မဟုတ် "တစ်စုံတစ်ယောက်က ထောင်ထဲ၌ ရှိသည့်ယောဟန်ကို အကြောင်းပြောသည့်အခါ" ရှင်ဘုရင်ဟေရုဒ်က ဗတ္တိဇံယောဟန်ကို ထောင်ထဲထည့်သည့်အကြောင်း မဿဲက ရေးမထားသော်လည်း သူ့ပရိသတ်များက ထိုအကြောင်းနဲ့ရင်းနှီးကြသည့်အတွက် နားလည်ကြပြီးသားဖြစ်သည်။ ဗတ္တိဇံယောဟန်အကြောင်းကို မဿဲက နောက်တွင် ဖော်ပြမည်ဖြစ်သဖြင့် ၎င်းကို ဖော်ပြစရာမလိုအပ်ပေ။

သူက သူ့တပည့်များမှတဆင့် သတင်းပို့လိုက်သည်
ဗတ္တိဇံဆရာယောဟန်က သူ့တပည့်များကို သတင်းနှင့်တကွ ယေရှုထံသို့ ပို့လိုက်သည်။

သူ့ကိုပြောသည်
နာမ်စား "သူ့ကို" က ယေရှုကို ဆိုလိုသည်။

လာမည့်သူသည် သင်တစ်ယောက်လော
"သင်သည် ငါတို့က လာမည်ဟု မျှော်လင့်နေသည့် သူတစ်ယောက်လော" ခရစ်တော်၊ မေရှိယကို ဆိုလိုသည့်အခြားနည်းဖြစ်သည်။

အခြားသောကို မျှော်လင့်ရပါမည်
"တစ်ယောက်သော သူကိုမျှော်လင့် ရပါမည်လော" နာမ်စား "ငါတို့" သည် ယောဟန်၏ တပည့်များ သာမကဘဲ ယုဒလူအားလုံးကို ဆိုလိုသည်။

**Matthew 11:4**

ယောဟန်ကို ပြောသည်
"ယောဟန်ကို ပြောပါ"

နူနာစွဲသူများ သန့်ရှင်းခြင်းရောက်ကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် သန့်ရှင်းခြင်းခံရသော နူနာသည် ဖြစ်သည်"

သေနေသူများ အသက်ပြန်ရှင်လာကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သေနေပြီးသောသူများကို ငါက ပြန်၍ အသက်ပြန်ရှင်စေသည်"

လိုအပ်သူများကို ကြားပြောကြပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "လိုအပ်သူများကို ငါကပြောပြပြီးပြီ"

**Matthew 11:7**

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို ယေရှုက လူအုပ်ကြီးအား ပြောပြသည်။

သဲကန္တာရကို ဘာကြည့်ဖို့ သူတို့ထွက်သွားသနည်း..ကျူပင်လော၊ လေတိုက်ခြင်းကိုလော။
ဗတ္တိဇံယောဟန်သည် မည်သို့သော လူစားမျိုးဖြစ်သည်ကို လူတို့က ဆင်ခြင်ကြရန် ယေရှုက မေးသည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ သဲကန္တာရကို ကျူပင်နှင့်...လေ ကြည့်ဖို့ သွားကြသည်မဟုတ်"

လေကလှုပ်စေသည့် ကျူပင်
ဖြစ်နိုင်သည်အဓိပ္ပါယ်များ

လေအားဖြင့် လှုပ်သွားသည်
အခြားသောဘာသာပြန် ဆိုချက်၊ "လေကမှုန်သည်"

အဘယ်သို့ဝတ်သောသူကို ကြည့်ရှုခြင်းငှာ တောသို့ထွက်သွားသနည်း
ယောဟန်သည် မည်သို့သော လူမျိုးဖြစ်သည်ကို ယေရှုက လူများအားမေးသည့် မေးခွန်းဖြစ်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "ဝတ်ဆင်သည့် လူကို ကြည့်ဖို့ သဲကန္တာရသို့ သင်တို့သွားကြသည်"

ပျော့ပြောင်းသည့်အဝတ်များဝတ်စားသည်
"တန်ဖိုးကြီး အဝတ်အစားများ ဝတ်သည်" ချမ်းသာသူများက ထိုသို့သော အဝတ်အစားမျိုးကို ဝတ်ဆင်ကြသည်။

အမှန်တကယ်
နောက်ထပ်လိုက်လာသည့် အကြောင်းအရာကို ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမှန်တကယ်"

ရှင်ဘုရင်၏အိမ်
"ရှင်ဘုရင်၏ နန်းတော်များ" (UDB)

**Matthew 11:9**

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို လူအုပ်ကြီးအား ယေရှုက ဆက်ပြောပြသည်။

ယေဘုယျအချက်အလက်
အပိုဒ် (၁၀) ၌ ဗတ္တိဇံ၏ ပရောဖက်ပြုချက်ပြည့်စုံကြောင်းကို ပြချင်သည့်အတွက် မာလခိရေးသည့်အရာကို ယေရှုက ပြန်ကိုးကားသည်။

သင်တို့ဘာကိုကြည့်ရန်သွားကြသနည်း...ပရောဖက်လော။
ယောဟန်သည် မည်သို့သောလူမျိုးဖြစ်သည်ကို ယေရှုက လူများကို ဆင်ခြင်စေသည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "ပရောဖက်ကို ကြည့်ရန် သင်တို့ သဲကန္တာရကို သွားကြသည် မဟုတ်လော"

ပရောဖက်ထက် အဆမတန်များသည်။
ပြည့်စုံသောဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သာမန်ပရောဖက် မဟုတ်"


generated on Tue Mar 12 16:35:02 2024

သူသည် ရေးထားသည့်အကြောင်းအရာဖြစ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ရှေးအခါမှစ၍ ပရောဖက်မာလခိက ဗတ္တိဇံယောဟန်အကြောင်းကို ရေးသည့်အရာဖြစ်သည်"

ငါ့တမန်ကိုစေလွှတ်လိုက်သည်
နာမ်စား "ငါ" နှင့် "ငါ၏" သည် ဘုရားသခင်ကို ဆိုလိုသည်။ ဘုရားသခင် ဘာပြောသည်ကို မာလခိက ကိုးကားခြင်းဖြစ်သည်။

သင့်မျက်နှာရှေ့တွင်
"သင်၏" သည် အနည်းကိန်းဖြစ်သည်။ ဘုရားက မေရှိယကိုစကားပြောသည့်အကြောင်းဖြစ်သည်။ "မျက်နှာ" သည်လည်း လူကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ရှေ့တွင်" သို့မဟုတ် "သင့်ရှေ့တွင် သွားသည်"

သင့်ရှေ့တွင် သင့်လမ်းကိုပြင်ဆင်သည်
သတင်းဆောင်သူက မေရှိယ၏ သတင်းကို လူများက လက်ခံနိုင်ကြရန် သူတို့ကို ပြင်ဆင်ခြင်းကို တင်စားသည့် အသုံးနှုန်းဖြစ်သည်။

## Matthew 11:11

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို လူအုပ်အား ယေရှုက ဆက်ပြောပြသည်။

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

အမျိုးသမီးမှမွေးလာသူများကြား
လူသားအားလုံးကို ရည်ညွှန်းသည့်အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ရှင်ဖူးသည် လူအားလုံးအနက်"

မည်သူမျှ ဗတ္တိဇံယောဟန်ထက် မကြီးမြတ်
အဆိုဝါကျဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗတ္တိဇံယောဟန်သည် အကြီးမြတ်ဆုံးဖြစ်သည်။" သို့မဟုတ် "ဗတ္တိဇံယောဟန်သည် အရေးကြီးဆုံး လူဖြစ်သည်"

ကောင်းကင်နိုင်ငံတော်၌ အရေးမကြီးဆုံးလူ
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်ချုပ်ခြင်းကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံတော်" သည် မဿဲထဲ၌သာ သုံးသည်။ ဖြစ်နိုင်ပါက ဘာသာပြန်တွင် "ကောင်းကင်" ဟုပြန်သုံးပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်၌ ငါတို့ ဘုရားသခင်၏ အောက်၌ အရေးမကြီးဆုံးလူ"

သူထက် ကြီးမြတ်သည်
"ယောဟန်ထက် ပိုအရေးကြီးသည်"

ဗတ္တိဇံယောဟန်၏အချိန်မှ
"ယောဟန်က သူ့သတင်းကို စတင်ဟောသည့်အချိန်မှစ၍" (ရှု၊ [[rc://*/tw/bible/other/biblicaltimeday]])

ကောင်းကင်နိုင်ငံတော်ကို အနိုင်အထက်ပြုသောသူတို့သည်လည်း လုယူဝင်စားရကြပြီ။
ဤအပိုဒ်အတွက် ဖြစ်နိုင်သည့် အဓိပ္ပါယ်များဖြစ်သည်။ ULB နှင့် UDB တို့အရမှာတော့ လူတချို့က ဘုရားသခင်၏နိုင်ငံတော်ကို သူတို့ကိုယ်ကျိုးအတွက် အလွဲသုံးစားကြခြင်းကို ဆိုလိုသည်။ ထိုသို့ပြည့်စုံလာရန် တခြားသူများကို အတင်းတိုက်တွန်းသည် ဟုဆိုလိုသည်။ အခြားပြန်ဆိုချက်မှာတော့ အကောင်းမြင်ဖြင့် ပြန်ဆိုခြင်းဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရန်မှာ အရေးကြီးသည်၊ လူများက ထိုဖိတ်ခေါ်မှုကို ထူးရန်အတွက် ပြင်းထန်သည့် အပြုအမူလုပ်ရန်နှင့် အပြစ်မှ ဝေးကွာရန် ပြုမူခြင်းများ ပြုလုပ်ရန် လိုအပ်သည်ဟု ပြန်ထားသည်။ တတိယပြန်ဆိုချက်က ရက်စက်သည့်လူများက ဘုရား၏ လူများကိုအန္တရာယ်ပြုပြီး ဘုရားသခင်၏ အုပ်စိုး ခြင်းကို ရပ်တန့်စေချင်ကြသည် ဟုဖြစ်သည်။

## Matthew 11:13

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို လူအုပ်အား ယေရှုက ဆက်ပြောနေသည်။

ယောဟန်မရောက်မီတိုင်အောင် ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းတို့သည် ပရောဖက်ကိုပြုကြသည်။
"ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်း" တို့က ပရောဖက်များရေးသည့် ကျမ်းများနှင့် မောရှေရေးသည့် ကျမ်းများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗတ္တိဇံယောဟန် အချိန်တိုင်အောင် ပရောဖက်များနှင့် မောရှေက ကျမ်းထဲ၌ ပရောဖက်ပြုခဲ့ကြသည့် အရာများသည် ဤအရာများဖြစ်ကြသည်"

သင်တို့
"သင်တို့" သည် အများကိန်းဖြစ်ပြီး လူအုပ်ကို ဆိုလိုသည်။

လာမည့်လူတစ်ယောက် ဧလိယမှာ သူဖြစ်သည်
"သူ" သည် ဗတ္တိဇံယောဟန်ကိုဆိုလိုသည်။ဗတ္တိဇံယောဟန်သည် အမှန်တကယ် ဧလိယဖြစ်သည်ကို ဆိုလိုခြင်းမဟုတ်ပေ။ ပရောဖက်ပြုချက်ကို ဗတ္တိဇံယောဟန်က ပြည့်စုံစေသည်ကို ယေရှုက ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်မာလခိက ဧလိယပြန်လာမည်ဟု ဟောသည့်အရာသည် ဗတ္တိဇံယောဟန်လာမည့်အရာကို ဟောခြင်းဖြစ်သည်။"

ကြားရန် နားရှိသောသူ
လူတိုင်းက နားထောင်ရန်ကိုဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုနားထောင်သည့်လူတိုင်း"

သူကိုနားထောင်ခိုင်းပါ
"နားထောင်" သည် အာရုံစိုက်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါပြောသည့်အရာကို အာရုံစိုက်ရမည်"

## Matthew 11:16

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို လူအုပ်အား ယေရှုက ဆက်ပြောပြနေသည်။

ဤမျိုးဆက်များကို ငါဘာနှင့်နှိုင်းရမည်နည်း။
ဈေး၌ရှိသည့်ကလေးများနှင့် ထိုခေတ်ကလူများ၏အခြေနေကို နှိုင်းယှဉ်ထားသည့် မေးခွန်းကို ယေရှုက သုံးထားပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမျိုးဆက်များသည် ဤအရာနှင့် တူကြသည်"

ဤမျိုးဆက်
"ယခုအသက်ရှင်ကြသည့်လူများ" သို့မဟုတ် "ဤလူများ" သို့မဟုတ် "ဤမျိုးဆက်ရှိလူများ"

ဈေး၌ကစားနေကြသည့် ကလေးများနည်းတူ...သင်တို့ မငိုခဲ့ကြ
ထိုခေတ်ကအသက်ရှင်သည့်လူများ၏ ပုံစံကိုဖော်ကျူးချင်သည့်အတွက် ဤပုံဥပမာကို ယေရှုက သုံးခြင်းဖြစ်သည်။ ကလေးများက သူတို့ကစားဖော်အဖြစ် အခြားကလေးများ ဆွဲခေါ်နေသည့် အခြေနေနှင့် ထိုလူများကို နှိုင်းယှဉ်ထားသည်။ သို့သော် မည်မျှ သူတို့လုပ်ပါစေ အခြားကလေးများက သူတို့နှင့်မကစားချင်ကြပါ။ သဲကန္တာရ၌နေပြီး အစာရှောင်သည့် ဗတ္တိဇံယောဟန်လိုမျိုး၊ အပြစ်သားများနှင့် အသက်ရှင်ပြီး အစာမရှောင်သည့် ယေရှုလိုပုဂ္ဂိုလ်မျိုးက ဘုရားသခင်ကစေလွှတ်သော်လည်း ကိစ္စမရှိပါဟု ယေရှုက ဆိုလိုခြင်းဖြစ်သည်။ လူများ အထူးသဖြင့် ဖာရိရှဲများနှင့် ဘာသာရေးခေါင်းဆောင်များက ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလက်ခံရန် ငြင်းဆိုပြီး ခေါင်းမာနေကြတုန်းဖြစ်သည်။

ဈေး
လူများက ရောင်းဝယ်နေကြသည့် ကြီးမားသည့်နေရာ

သင့်အတွက် ငါတို့က ပုလွေမှုတ်သည်
"ငါတို့" သည် ဈေး၌ထိုင်သည့် ကလေးများကို ဆိုလိုသည်။ "သင်" သည် အများကိန်းဖြစ်ပြီး အခြားသောကလေးများအုပ်စုကို ဆိုလိုသည်။

သင်တို့ မကခဲ့ကြ
"ဝမ်းသာသည့် ဂီတဖြင့် သင်မကခဲ့"

ငါတို့ ငိုကြွေးသည်
အမျိုးသမီးများက စျာပနပွဲများတွင် ဝမ်းနည်းမှုသီချင်းများဆိုကြသကဲ့သို့ သူတို့ဆိုကြသည်ကို ဆိုလိုသည်။

သင်မငိုခဲ့
"ငါတို့နှင့် အတူ သင် မငိုကြွေးခဲ့ပါ"

## Matthew 11:18

ဆက်စပ်မှုဖော်ပြချက်
ဗတ္တိဇံယောဟန်အကြောင်းကို လူအုပ်အား ယေရှုက ဆက်ပြောနေသည်။

မုန့်မစား၊ ဝိုင်မသောက်
"မုန့်" သည် အစားအစာကို ဆိုလိုသည်။ ယောဟန်က အစာမစားဖူးသည်ကို ဆိုလိုခြင်း မဟုတ်ပေ။ မကြာခဏ အစာရှောင်လေ့ရှိသည်၊ သူအစာစားသည့်အခါတွင်လည်း ဈေးကြီးသည့် အစားအသောက်များဖြင့် ကောင်းစွာမစားသောက်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "မကြာခဏ အစာရှောင်ပြီး အရက်မသောက်ပါ" သို့မဟုတ် "အစာကောင်းမစားဘဲ၊ အရက်မသောက်ပါ"

"သူက နတ်ဆိုးရှိသည်" ဟုသူတို့ပြောသည်
သွယ်ဝိုက်စကားပြောဖြင့် ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့က နတ်ဆိုးရှိသည်ဟု သူတို့ပြောသည်" သို့မဟုတ် "နတ်ဆိုးရှိသည်ဟု သူ့ကို သူတို့ကစွပ်စွဲကြသည်"

သူတို့ကပြောကြသည်
"သူတို့" သည် ထိုခေတ်ကလူများ အထူးသဖြင့် ဖာရိရှဲများနှင့် ဘာသာရေးခေါင်းဆောင်များကို ဆိုလိုသည်။

လူသား
ယေရှုက သူ့ကိုယ်သူ ပြန်ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၊ လူသား"

စားလျက်၊ သောက်လျက်လာသည်
ယောဟန်၏ အပြုအမူကို ဆန့်ကျင်ဘက်ဖြင့် ပြောထားသည်။ ပုံမှန်ထက်များသည့် ထမင်းနှင့်ရေကို သောက်သုံးသည်ဟု ဆိုလိုကြခြင်းဖြစ်သည်။ ယေရှုက တခြားသူများ နည်းတူ စားကောင်း၊ သောက်ကောင်းဖြင့် ပျော်မွေ့နေသည်ကို ဆိုလိုသည်။

သူတို့က "အစားကြူးသည့်လူ" ဟုပြောကြသည်
သွယ်ဝိုက်စကားပြောအဖြစ် ပြန်ရေးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည်အစားကြူးသူဟု သူတို့ကပြောကြသည်" သို့မဟုတ် "အစားအလွန်စားသည်ဟု သူ့ကိုသူတို့က စွပ်စွဲကြသည်" "လူသား" ကို "ငါ၊ လူသား" ဟု ဘာသာပြန်ပါက သွယ်ဝိုက်စကားပြောကို "ငါသည် အစားကြူးသောသူဟု သူတို့က ပြောသည်" ဟုရေးနိုင်သည်"

သူသည် အစားကျူးသောလူဖြစ်သည်
"လောဘကြီးပြီး စားနေသူ" သို့မဟုတ် "အစာများစွာကို အဆက်မပြတ် အလွန်စားသူ"

အရက်သမား
"ယစ်မူးသူ" သို့မဟုတ် "အဆက်မပြတ် အရက်ကို အလွန်အကျွံသောက်သူ"

သို့သော် ပညာတရားသည် သူ့အလုပ်များဖြင့် လွတ်သည်
ယေရှုက သူနှင့် ယောဟန် နှစ်ယောက်စလုံးကို ငြင်းပယ်ကြသည့် လူများ၏ အခြေအနေမှာ ပညာမရှိကြသည်ကို စကားပုံဖြင့် ထောက်ပြသည်။ ယေရှုနှင့် ဗတ္တိဇံယောဟန်တို့သည် ပညာရှိများဖြစ်ကြောင်း သူတို့အလုပ်များက ထောက်ပြနေသည်။

ပညာတရားသည် သူ့အလုပ်များဖြင့် လွတ်သည်
"ပညာတရား" ကို အမျိုးသမီးဟန်ဖြင့် သူမလုပ်သည့်အရာသည် မှန်ကန်ကြောင်းကို ဖော်ပြသည်။ လူတစ်ယောက်၏ အပြုအမူက သူ့မှန်ကန်သည် ပညာရှိသည်ကို ပြသည်ဟု ယေရှုက ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ဦး၏ အလုပ်က သူပညာရှိကြောင်း ပြမည်"

## Matthew 11:20

ယေဘုယျအချက်အလက်
နိမိတ်လက္ခဏာများပြုခဲ့သည့် မြို့သားများကို ယေရှုက စတင်ပုတ်ခတ်သည်။

ကဲ့ရဲ့ပြစ်တင်တော်မူ၏
"မြို့များ" သည် ထိုမြို့များရှိလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့လူများကို ပုတ်ခတ်သည်"

မြို့များ
"မြို့ရွာများ"

နမိတ်လက္ခဏာအများစုကို ပြုလုပ်ခဲ့သည့်နေရာ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ နိမိတ်လက္ခဏာအများစုကို သူလုပ်ခဲ့သည့်နေရာ"

နိမိတ်လက္ခဏာများ
"မြတ်သောအလုပ်များ" သို့မဟုတ် "တန်ခိုးပါသော အလုပ်များ" သို့မဟုတ်"နိမိတ်လက္ခဏာများ"

ဝမ်းနည်းသည် ခေါရာဇိန်မြို့... ဝမ်းနည်းသည် ဗက်ဇဲဒမြို့
ယေရှုက ခေါရာဇိန်မြို့နှင့် ဗက်ဇဲဒမြို့သားများက သူ့ကိုနားထောင်သင့်ကြသော်လည်း သူ့ကို နားမထောင်ခဲ့ကြသည်ကို ပြောခြင်းဖြစ်သည်။

ဝမ်းနည်းသည်
"သင့်အတွက်မည်မျှလောက် ကြောက်စရာကောင်းသနည်း' "သင်"သည် အနည်းကိန်း၊ မြို့ကို ရည်ညွှန်းသည်။ မြို့ကို ရည်ညွှန်းသည်ထက် လူများကို ရည်ညွှန်းပါက ပိုကောင်းမည်။ "သင်တို့" ဟု အများကိန်းဖြင့် ဘာသာပြန်နိုင်သည်။

ခေါရာဇိန်မြို့...ဗက်ဇဲဒမြို့...တုရုမြို့...ဇိဒုန်မြို့
မြို့နာမည်များသည် ထိုမြို့များရှိလူများကို ကိုယ်စားပြုကြသည်။

နမိတ်လက္ခဏာများ...လျှော်တေအဝတ်နှင့် ပြာမှုန့်
အတိတ်၌ မဖြစ်ပျက်ခဲ့သော်လည်း ဖြစ်ပျက်နိုင်သည့်အခြေနေကို ယေရှုက ဖော်ပြခြင်းဖြစ်သည်။

သင်၌ လုပ်သည့်အရာကို တုရုမြို့နှင့်ဇိဒုန်မြို့တို့အားလုပ်ခဲ့လျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ဆီမှာ လုပ်သည့် နမိတ်လက္ခဏာများကို တုရုမြို့နှင့် ဇိဒုန်မြို့များထံသို့ ငါလုပ်ခဲ့လျှင်"

သင်တို့အပေါ်သို့လုပ်သည့်အရာ
"သင်တို့" သည် အများကိန်းဖြစ်ပြီး ခေါရာဇိန်မြို့နှင့်ဗက်ဇဲဒမြို့များကို ဆိုလိုသည်။ သင့်ဘာသာစကား၌ မြို့နှစ်ခုကိုညွှန်းသည့် နာမ်စားရှိပါက ပိုကောင်းသည်၊

သူတို့နောင်တရလျက်
"သူတို့" သည် တုရုမြို့နှင့် ဇိဒုန်မြို့နေ လူများကိုဆိုလိုသည်။

နောင်တ
"သူတို့အပြစ်များအတွက် ဝမ်းနည်းခြင်းပြသည်"

တရားဆုံးဖြတ်သောနေ့၌ သင်တို့သည် တုရုမြို့နှင့်ဇိဒုန်မြို့ထက်သာလိမ့်မည်
"တုရုမြို့နှင့် ဇိဒုန်မြို့" ထိုမြို့များရှိ လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားစီရင်သော နေ့၌ ဘုရားသခင်သည် တုရုမြို့နှင့် ဇိဒုန်မြို့အပေါ်သို့ သူ၏ သနားမှုကို သင်တို့ထက်ပြသမည်" သို့မဟုတ် "တရားစီရင်သောနေ့၌ ဘုရားသခင်သည် တုရုမြို့နှင့် ဇိဒုန်မြို့အပေါ်သို့ ရက်စက်သည်ထက် သင်တို့အပေါ်သို့ ပို၍ ရက်စက်မည်"

သင်တို့ထက်
အကြောင်းအရာကို မြှုပ်ထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ထက်၊ နိမိတ်လက္ခဏာများငါပြုသည်ကိုသင်တို့ မြင်သော်လည်း သင်တို့သည်ငါ့ကိုမယုံကြည်၊ နောင်တမရကြသောကြောင့်"

## Matthew 11:23

ဆက်စပ်မှုဖော်ပြချက်
နိမိတ်လက္ခဏာများ အရင်ဆုံးလုပ်ခဲ့သည့် မြို့ရှိလူများကို ပုတ်ခတ်သည့်အကြောင်း ယေရှုက ဆက်ပြောနေသည်။

သင်၊ ကပေရနောင်မြို့
ကပေရနောင်မြို့သူသားများကို ယေရှုက သူတို့ နားထောင်သင့်ကြသော်လည်း နားမထောင်ကြသည်ကို ပြောသည်။ နာမ်စား "သင်" သည်အနည်းကိန်း၊ ကပေရနောင်မြို့ကို ဆိုလိုသည်။

သင်
"သင်" အားလုံးသည် အနည်းကိန်းဖြစ်သည်။ မြို့လူများကို ရည်ညွှန်းပါက ပိုကောင်းသည်။ "သင်တို့" ဟု အများကိန်းဖြင့် လည်းပြန်နိုင်သည်။

ကပေရနောင်...သောဒုံ
မြို့နာမည်များကို ထိုမြို့များရှိ လူများကို ကိုယ်စားပြုသည်။

သင်တို့ကို ကောင်းကင်ထိတိုင် ချီးမြှောက်ခြင်းရမည်ဟု ထင်ကြသလော
"သင်တို့ကို ကောင်းကင်ထိတိုင် ချီးမြှောက်ခြင်းရမည်ဟု ထင်ကြသလော" ကပေရနောင်လူများက သူတို့၏ မာနကိုပုတ်ခတ်သည့်အနေဖြင့် ယေရှုက ဤမေးခွန်းမျိုးကိုသုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကိုယ်တိုင် ကောင်းကင်ထိ မချီးမြှောက်နိုင်ကြ" သို့မဟုတ် "တခြားသူများ ချီးမြှောက်ခြင်းက သင်တို့ကို မချီးမြှောက်စေနိုင်ပါ"

သင်တို့ကို မရဏာနိုင်ငံသို့ယူသွားခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်တို့ကို မရဏာနိုင်ငံသို့ ပို့လိမ့်မည်"

သောဒုံ၌ဖြစ်ခဲ့လျှင်...ယနေ့ထိတိုင်တည်နေမည်
အတိတ်၌ ဖြစ်နိုင်သည့်အရာ မဖြစ်ပျက်ခဲ့သည်အရာ၏ အခြေအနေကို ယေရှုက ဖော်ပြခြင်းဖြစ်သည်။

လုပ်ခဲ့သည့် နမိတ်လက္ခဏာများကို သောဒုံမြို့၌ပြုလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ထံ၌ငါလုပ်ခဲ့သည့် နမိတ်လက္ခဏာများကို သောဒုံမြို့၌လုပ်ခဲ့လျှင်"

နိမိတ်လက္ခဏာများ
"မြတ်သောအလုပ်များ" သို့မဟုတ် "တန်ခိုးပါသောအလုပ်များ" သို့မဟုတ်"နိမိတ်လက္ခဏာများ"

၎င်းသည် ယခုတိုင်အောင်တည်ရာ၏
"၎င်း" သည် သောဒုံမြို့ကို ဆိုလိုသည်။

သင့်ကို ငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

တရားစီရင်သောနေ့၌ သင်တို့ထက် သောဒုံမြို့အတွက်သာ၍ခံရလတ့်
"သောဒုံမြေ" သည် ထိုမြို့၌ နေထိုင်ကြသည့်လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တရားစီရင်သောနေ့၌ ဘုရားသခင်သည် သင်တို့ထက် သောဒုံမြို့ကို ပို၍သနားမည်" သို့မဟုတ် "တရားစီရင်သောနေ့၌ ဘုရားသခင်သည် သောဒုံမြို့ထက် သင်တို့ကို ပို၍ ပြစ်ဒဏ်ပေးမည်"

သင်တို့အတက်ပို့ဆိုးသည်
မြုပ်ထားသည့် အချက်အလက်ကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါလုပ်သည့် နိမိတ်လက္ခဏာများကို သင်တို့တွေ့ကြသော်လည်း ငါ့ကိုမယုံကြည်ကြ၊ နောင်တမရကြသောကြောင့် သင်တို့အတွက် ပို၍ဆိုးမည်"

## Matthew 11:25

ယေဘုယျအချက်အလက်
အပိုဒ် (၂၅) ၌ လူအုပ်ကြား၌နေစဉ် သူ၏ကောင်းကင်အဘထံသို့ ဆုတောင်းသည်။ အပိုဒ် (၂၇) တွင် လူများကို နောက်ထပ် စကားပြောပြန်သည်။

အဘ
ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

ကောင်းကင်နှင့်မြေကြီးတို့၏သခင်
"ကောင်းကင်နှင့် မြေကြီးကို အုပ်စိုးသည့် သခင်" "ကောင်းကင်နှင့်မြေကြီး" သည် စကြာဝဠာရှိလူသားအားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "စကြာဝဠာ တစ်ခုလုံးကို အုပ်စိုးသည့်သခင်"

ဤအရာများကို သင်ထိမ်ချန်ပြီး...သူတို့ကိုဖွင့်ပြသည်
"ဤအရာများ" က မည်သည့်အရာ ဆိုလိုသည်ကို မရှင်းလင်းပါ။ သင့်ဘာသာစကား၌ ဆိုလိုချက်ကို ရှင်းလင်းစေသည့်စာလုံးရှိပါက သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအမှန်တရားများကို သင်ထိမ်ချန်ပြီး...သူတို့က ဖွင့်ပြသည်"

သင် ဤအရာများကိုထိမ်ဝှက်ထားသည်
"သင်ထိမ်ဝှမ်ထားသည်" သို့မဟုတ် "သင်က ဤအရာများကို မသိစေခြင်း" ဖွင့်ပြသည်နှင့် ဆန့်ကျင်သည့် စာလုံးဖြစ်သည်။

ပညာမရှိသော သူများထံသို့
"မောက်မာသော သူများထံသို့"

ပညာ အလိမ္မာ
ဤနာမဝိသေသနများကို နာမဝိသေသနများအဖြစ် ဘာသာပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ပညာနှင့် အလိမ္မာနှင့် ပြည့်စုံသောသူများ"

ပညာရှိနှင့် နားလည်ခြင်း
ယေရှုက ဤလူများကို အမှန်ပညာရှိများဟု မထင်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကိုယ် သူတို့ ပညာရှိပြီး နားလည်သောသူများဟု ထင်နေသည့်လူများ"

သူတို့ကို ဖွင့်ပြပါ
"သူတို့ကို သိခိုင်းပါ" နာမ်စား "သူတို့ကို" သည် ရှေ့အပိုဒ်၌ ရည်ညွှန်းထားသည့် "ဤအရာများ" ကိုဆိုလိုသည်။

ကလေးများနည်းတူ
စိတ်မောက်သည့်လူများကို ကလေးများနှင့် ယေရှုက နှိုင်းယှဉ်သည်။ ယေရှုက သူ့ကိုယုံကြည်သည့်လူများသည် ကောင်းစွာပညာမတတ်၊ သူတို့ကိုယ်သူတို့ ပညာရှိဟု မထင်ကြသည်ကို ပြောခြင်းဖြစ်သည်။

ဒုင်းသည် အလိုတော်ရှိသောကြောင့်မှန်လျှင်
"သင့်အမြင်" သည် လူတစ်ဦး၏ အယူအဆကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာလုပ်ဖို့ ကောင်းသည်ဟု သင် စဉ်းစားသောကြောင့်"

အရာအားလုံးကို ခမည်းတော်မှ ငါ့ကို အပ်ထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခမည်းတော်က ငါ့ကို အရာအားလုံးအပ်ထားသည်" သို့မဟုတ် "ငါ့ခမည်းတော်က ငါ့အပေါ်မှာ အရာအားလုံး အပ်ထားသည်"

အရာအားလုံး
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ခမည်းတော်ဘုရားသခင်က သူ့အကြောင်းနှင့်သူ့နိုင်ငံတော်ကို ယေရှုအား ဖွင့်ပြထားသည်။ သို့မဟုတ် (၂) ဘုရားသခင်သည် ယေရှုကို အာဏာအားလုံး ပေးထားသည်။

ငါ့ခမည်းတော်
ဘုရားသခင်နှင့် ယေရှုတို့ ဆက်ဆံမှုကိုဖော်ပြသည့် အရေးကြီးသော ဘုရား၏ နာမည်ဖြစ်သည်။

သားတော်မှတပါး ခမည်းတော်ကို မည်သူမျှမသိ
"သားတော်တည်းကသာ ခမည်းတော်ကို သိသည်"

မည်သူမျှ မသိ
ဤစကားလုံးကို ယေရှုက နှစ်ကြိမ်သုံးသည်။ "သိသည်" က ထိုပုဂ္ဂိုလ်ကို သိသည်ထက်ပိုသည်။ အထူးဆက်ဆံရေးရှိသည့်အတွက် ထိုပုဂ္ဂိုလ်ကို ရင်းနှီးစွာသိသည်။

ထိုသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းသည်။

သား
ဘုရားသား ယေရှု၏ အရေးကြီးသည့် အမည်နာမဖြစ်သည်။

သားတော်မှတပါး ခမည်းတော်ကို မည်သူမျှမသိ
"သားတော်တည်းကသာ ခမည်းတော်ကို သိသည်"

## Matthew 11:28

ဆက်စပ်မှုဖော်ပြချက်
ယေရှုက လူအုပ်ဆီ စကားပြောသည်ကို အဆုံးသတ်သည်။

သင်တို့အားလုံး
"သင်တို့" သည် အများကိန်းများဖြစ်ကြသည်။

အလုပ်လုပ်သူနှင့် ဝန်လေးသူ
ယေရှုက လူများကို သူတို့သခင်က ပစ္စည်းများစွာသယ်ခိုင်းသည့် တိရိစ္ဆာန်များအလား ပြောနေသည်။ ဤအရာက ပညတ်တော်များနှင့် စည်းမျဉ်းများကိုလူများက လိုက်နာရန် ယုဒခေါင်းဆောင်များ၏ မျှော်လင့်ချက်များ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာသာရေးခေါင်းဆောင်များက သင်တို့အပေါ် တင်သည့် ပညတ်တော်အားလုံး"

သင့်ကို ငါသည်ချမ်းသာပေးမည်
"ငါသည် သင့်ကို အလုပ်နှင့်ဝန်ထုပ်မှ ချမ်းသာခွင့်ပြုမည်"

 generated on Tue Mar 12 16:35:02 2024

ငါ့တံပိုးကို သင့်အပေါ်သို့တင်လော့
ယေရှုက တင်စားချက်ကို ဆက်ပြောနေသည်။ ယေရှုက လူများကို သူ့တပည့်များဖြစ်လျက် သူ့နောက်လိုက်ကြရန် ဖိတ်ခေါ်ထားသည်။

ငါသည်နူးညံ့၍ နှိမ့်ချသောစိတ်ရှိသည်
"နူးညံ့သည်" နှင့် "နှိမ့်ချသော စိတ်ရှိသည်" သည် ဆိုလို ရင်း အတူတူဖြစ်သည်။ ယေရှုက ဘာသာရေးခေါင်းဆောင်များထက် အလွန်သာသည်ကို အလေးနက်ပေးချင်သည့်အတွက် တွဲသုံးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် နူးညံ့၍ နှိမ့်ချသည်"

နှိမ့်ချသောစိတ်ရှိသည်
"နှိမ့်ချခြင်း" ကို ဆိုလိုသည်။

သင့်ဝိညာဉ်အတွက် ခိုနားရာကိုတွေ့မည်
"ဝိညာဉ်" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်အတွက် ခိုနားရာကို တွေ့မည်" သို့မဟုတ် "သင်သည် ခိုနားခြင်းကို ရမည်"

ငါ့တံပိုးသည်လွယ်၏၊ ငါ့ဝန်သည်ပေါ့၏
ဤစကားစုနှစ်ခုလုံးက အတူတူဖြစ်သည်။ ယေရှုက ယုဒတို့ ပညတ်တော်ကို လိုက်နာရသည်ထက် သူ့ကိုနာခံခြင်းသည် ပိုလွယ်သည်ဟု အလေးနက်ပေးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အပေါ် ငါတင်သောအရာသည် ပေါ့သောကြောင့် သင်တို့ထမ်းနိုင်မည်"

ငါ၏ ဝန်သည် ပေါ့သည်
"ပေါ့သည်" သည် လေးသော၏ ဆန့်ကျင်ဘက်စာလုံးဖြစ်သည်။

---

## Translation Questions

### Matthew 11:1

ယေရှုသည်မြို့ရွာတို့တွင်ဆုံးမဩဝါဒပေးခြင်း၊ ဒေသနာဟောပြောခြင်းငှာ မထွက်ခွါမီ ဘာကိုပြီးစီးအောင်လုပ်ဆောင်သနည်း။
ယေရှုသည်မြို့ရွာများသို့မထွက်ခွါမီ တပည့်တော်များကိုအကုန်အစင် မှာထားခဲ့ပါသည်။

နှစ်ခြင်းဆရာယောဟန်သည် မည်သည့်သတင်းစကားကိုယေရှုထံပို့သနည်း။
နှစ်ခြင်းဆရာယောဟန် ပို့သောသတင်းစကားမှာ "ကိုယ်တော်သည် ကြွလာသောသူမှန်သလော၊ သို့မဟုတ်အခြားသောသူကိုမျှော်လင့်ရပါမည်လော "ဟူ၍ဖြစ်ပါသည်။

### Matthew 11:4

မည်သည့် အထောက်အထားများသည်ကိုယ်တော်ကြွလာသည်မှာ အမှန်ဖြစ်ကြောင်းယေရှုကပြောသနည်း။
ယေရှုကဖျားနာသူများကို ကျန်းမာစေခြင်း၊ သေသောသူတို့ကိုထမြောက်စေခြင်း၊ ဆင်းရဲသူများကိုသိတင်းကောင်းကြားရစေခြင်းတို့သည် အထောက်အထားများဖြစ်သည်ဟုပြောပါသည်။

သူ့ကြောင့် စိတ်ပျက်ခြင်းမရှိသောသူတို့အား ယေရှုကမည်သည့်ဂတိပေးသနည်း။
သူ့ကြောင့်စိတ်ပျက်ခြင်းမရှိသောသူတို့အား ယေရှုကကောင်းချီးမင်္ဂလာပေးမည်ဟု ဂတိပေးပါသည်။

### Matthew 11:9

နှစ်ခြင်းဆရာယောဟန်၏ အသက်တာသည် မည်သည့်အခန်းကဏ္ဍမှပါဝင်သည်ဟု ယေရှုပြောခဲ့သနည်း။
ယေရှုကကျမ်းစာ၌လာသည့်အတိုင်း နှစ်ခြင်းဆရာယောဟန်၏အသက်တာသည် ငါသွားရာလမ်းကိုပြင်ဆင်သူအခန်းကဏ္ဍ၌ ပါဝင်သူဖြစ်သည်ဟု ပြောပါသည်။

### Matthew 11:13

ယေရှုကနှစ်ခြင်းဆရာယောဟန်သည် မည်သူဖြစ်သည်ဟုပြောခဲ့သနည်း။
ယေရှုကနှစ်ခြင်းဆရာယောဟန်သည် လာလတ္တံ့သော ဧလိယဖြစ်သည်ဟုပြောပါသည်။

### Matthew 11:18

နှစ်ခြင်းဆရာယောဟန်သည် မုန့်နှင့်စပျစ်ရည်ကိုမစား မသောက်ဘဲလာသည့်အခါ လူသားမျိုးနွယ်ဆက်တို့က ဘာပြောသနည်း။
လူသားမျိုးနွယ်ဆက်တို့က နှစ်ခြင်းဆရာယောဟန်သည်နတ်ဆိုးစွဲသောသူဟု ပြောကြပါသည်။

ယေရှုသည်အစာစားသောက်ပြီးလာခြင်းနှင့်ပတ်သက်၍ လူသားမျိုးနွယ်ဆက်တို့က ဘာပြောသနည်း။
လူသားမျိုးနွယ်ဆက်တို့ကယေရှုသည်အစားကြူးသူ၊ စပျစ်ရည်သောက်ကြူးသူ၊ အခွန်ခံနှင့်ဆိုးသောသူတို့နှင့်မိတ်ဆွေဖွဲ့သူဟုပြောကြပါသည်။

### Matthew 11:20

ယေရှုတန်ခိုးတော်တို့ကို ပြသခဲ့သောမြို့ရွာများသည်နောင်တမရကြသောကြောင့် ယေရှုကဘာကိုတရားဝင်ပြောသနည်း။
ယေရှုတန်ခိုးတော်တို့ကို ပြသခဲ့သောမြို့ရွာများသည်နောင်တမရကြသောကြောင့် ယေရှုကကဲ့ရဲ့ပြစ်တင်ပြောဆိုပါသည်။

### Matthew 11:25

ကောင်းကင်နိုင်ငံတော်ကို မည်သူတို့အဖို့ ဖုံးကွယ်ထားခြင်းအတွက် ယေရှုကခမည်းတော်အား ကျေးဇူးတော်ချီးမွမ်းသနည်း။
ပညာရှိသူ၊ အသိအမြင်ကြွယ်ဝသူများအဖို့ ကောင်းကင်နိုင်ငံတော်ကိုဖုံးကွယ်ထားခြင်းအတွက် ယေရှုကခမည်းတော်အား ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။


generated on Tue Mar 12 16:35:02 2024

ကောင်းကင်နိုင်ငံတော်ကိုမည်သူတို့ထံသို့ထုတ်ဖော်ပြောဆိုခြင်းအတွက်ယေရှုကခမည်းတော်အား ကျေးဇူးတော်ချီးမွမ်းသနည်း။
ကောင်းကင်နိုင်ငံတော်ကိုဆုံးမသွန်သင်ခြင်းမခံရသော
သူငယ်တို့ထံသို့ထုတ်ဖော်ပြောဆိုခြင်းအတွက်
ယေရှုကခမည်းတော်အား ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။

ခမည်းတော်ကိုမည်သူသိသည်ဟု ယေရှုပြောခဲ့သနည်း။
ယေရှုကငါသည်ခမည်းတော်ကိုသိ၏။
ယေရှုအကြောင်းကိုထုတ်ဖော်ပြောဆိုလိုသောဆန္ဒရှိသူ
မည်သူမဆိုခမည်းတော်ကိုသိသည်ဟု ပြောခဲ့ပါသည်။

**Matthew 11:28**

ယေရှုသည် မည်သူ့ကို ငြိမ်သက်ချမ်းသာခွင့်ပေးမည်ဟု ဂတိပေးထားသနည်း။
ယေရှုကသူ့ထံသို့လာသော
ဝန်လေး၍ပင်ပန်းသောသူအားလုံးကိုငြိမ်သက်ချမ်းသာခွင့်ပေးမည်ဟုဂတိပေးထား

---

## Chapter 12

1 ထိုကာလအခါ ယေရှုသည် ဥပုသ်နေ့၌ ဂျုံစပါးလယ်ကွက်တို့ကို ရှောက်ကြွတော်မူလျှင်၊ တပည့်တော် တို့သည် ဆာမွတ်သောကြောင့်
စပါးအသီးအနှံကို ဆွတ်၍စားကြ၏။ 2 ဖာရိရှဲတို့သည်မြင်လျှင်၊ ကိုယ်တော်၏ တပည့်တို့သည် ဥပုသ်နေ့၌ မပြုအပ်သောအမှုကို
ပြုကြပါသည် တကားဟု လျှောက်ကြသော်၊ 3 ကိုယ်တော်က ဒါဝိဒ်သည် မိမိအဘော်တို့နှင့်တကွ မွတ်သိပ်သောအခါ၊ 4
ဘုရားသခင်၏ အိမ်တော်သို့ဝင်၍ မိမိမစားအပ်၊ မိမိအဘော်မစားအပ်၊ ယဇ်ပုရောဟိတ်တို့သာ စား အပ်သော ရှေ့တော်မုန့်ကို
စားသည်အကြောင်းကို သင်တို့သည် မဘတ်ဘူးသလော။ 5 ယဇ်ပုရောဟိတ်တို့သည်လည်း
ဗိမာန်တော်တွင်ဥပုသ်နေ့၌ဥပုသ်ပျက်သော်လည်း၊ မပြစ်မသင့်သည်ကို ပညတ်ကျမ်း၌ မဘတ်ဘူးသလော။ 6 ငါဆိုသည်ကား၊
ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။ 7 ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို
ငါနှစ်သက်၏ဟူသော ကျမ်းစကားကို သင်တို့သည် နားလည်လျှင်၊ အပြစ်ကင်းသောသူတို့ကို အပြစ်မတင် မစီရင်ကြပြီ။ 8
လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟု မိန့်တော်မူ၏။ 9 ထိုအရပ်မှ ကြွ၍ တရားစရပ်သို့ ဝင်တော်မူ၏။ လက်တဘက်သေသော
သူတယောက်ရှိသည်ဖြစ်၍၊ 10 လူအချို့တို့က၊ ဥပုသ်နေ့၌ ရောဂါကို ငြိမ်းစေအပ်သလောဟု ကိုယ်တော်၌အပြစ်တင်ခွင့်ကို ရှာ၍
မေးလျှောက်ကြ၏။ 11 ကိုယ်တော်ကလည်း၊ မိမိ၌ သိုးတကောင်တည်းရှိ၍ ထိုသိုးသည် ဥပုသ်နေ့၌ တွင်းထဲသို့ကျလျှင်၊ မဆွဲ
မတင်ဘဲ နေမည့်သူတစုံတယောက်မျှ သင်တို့တွင် ရှိသလော။ 12 လူသည် သိုးထက်အလွန်မြတ်ပေ၏။ ထို့ကြောင့်ဥပုသ်နေ့၌
ကျေးဇူးပြုအပ်သည်ဟု ပြန်ပြောတော်မူ ပြီးမှ၊ 13 ထိုသူအား၊ သင်၏လက်ကိုဆန့်လော့ဟု မိန့်တော်မူ၍၊ သူသည် မိမိလက်ကိုဆန့်လျှင်
ထိုလက်သည် လက်တဘက်ကဲ့သို့ ပကတိဖြစ်လေ၏။ 14 ထိုအခါ ဖာရိရှဲတို့သည် ထွက်၍ ကိုယ်တော်ကို အဘယ်သို့
ဖျက်ဆီးရအံ့နည်းဟု တိုင်ပင်ကြ၏။ 15 ယေရှုသည် သိတော်မူလျှင်၊ အခြားသို့ပြောင်းကြွ၍ များစွာသောလူအပေါင်းတို့သည်
နောက်တော်သို့ လိုက်ကြသဖြင့်၊ သူတို့၏ အနာရောဂါရှိသမျှတို့ကို ငြိမ်းစေတော်မူ၏။ 16 ထိုသူတို့သည် သိတင်းတော်ကို
မဖွင့်ရမည်အကြောင်း ပညတ်တော်မူ၏။ 17 ထိုအကြောင်းအရာကား၊ ပရောဖက်ဟေရှာယ၏
နှုတ်ထွက်ပြည့်စုံမည်အကြောင်းတည်း။ နှုတ်ထွက် အချက်ဟူမူကား၊ 18 ငါရွေးချယ်သော ငါ့ကျွန်ရင်း၊
ငါနှစ်သက်မြတ်နိုးသောသူကိုကြည့်ရှုလော့။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ် ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို
တရားပေးလိမ့်မည်။ 19 ငြင်းခုံခြင်း၊ ဟစ်ကြော်ခြင်းကို မပြုမူ၍၊ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှမကြားစေရ။ 20
နင်းနယ်လျက်ရှိသော ကျူပင်ကိုမချိုး၊ မီးခိုးများသော မီးစာကိုမသတ်။ တရားသည် အောင်မြင်ခြင်းသို့ ရောက်မည်အကြောင်း
စီရင်လိမ့်မည်။ 21 သူ၏နာမကိုလည်း လူအမျိုးမျိုးတို့သည် ကိုးစားကြလိမ့်မည်ဟု ဟောထားသတည်း။ 22 ထိုအခါ နတ်ဆိုးစွဲသော
လူကန်းလူအတယောက်ကို အထံတော်သို့ဆောင်ခဲ့ကြလျှင်၊ ထိုလူကန်းလူအ သည် မျက်စိမြင်၍
စကားပြောနိုင်အောင်ကယ်မတော်မူ၏။ 23 လူအစုအဝေးအပေါင်းတို့သည်မိန်းမောတွေဝေ၍ ဤသူသည်
ဒါဝိဒ်၏သားတော်ဖြစ်လိမ့်မည် လော ဟု ပြောဆိုကြ၏။ 24 ဖာရိရှဲတို့သည်ကြားလျှင်၊ ဤသူသည်
နတ်ဆိုးမင်းဗေလဇေဗုလကိုအမှီပြု၍သာ နတ်ဆိုးတို့ကို နှင် ထုတ်သည်ဟုဆိုကြ၏။ 25 ယေရှုသည် ထိုသူတို့၏စိတ်ကို
သိတော်မူသည်ဖြစ်၍၊ တိုင်းနိုင်ငံမည်သည်ကား၊ မိမိနှင့်မသင့်မတင့် ကွဲပြားလျှင် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ မြို့ရွာဖြစ်စေ၊
အိမ်ဖြစ်စေ၊ မိမိနှင့်မသင့်မတင့် ကွဲပြားလျှင် မတည် နိုင်ရာ။ 26 စာတန်သည်လည်း စာတန်ကိုနှင်ထုတ်သည်မှန်လျှင်၊
သူသည်မိမိနှင့်ကွဲပြား၏။ သူ၏နိုင်ငံသည် အ ဘယ်သို့ တည်နိုင်မည်နည်း။ 27 ငါသည် ဗေလဇေဗုလကိုအမှီပြု၍
နတ်ဆိုးတို့ကိုနှင်ထုတ်သည်မှန်လျှင်၊ သင်တို့၏သားတို့သည် အ ဘယ်သူကို အမှီပြု၍နှင်ထုတ်ကြသနည်း။ ထို့ကြောင့်
သူတို့သည်သင်တို့အား တရားစီရင်သောသူဖြစ်ကြလိမ့် မည်။ 28 ငါသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုအမှီပြု၍ နတ်ဆိုးတို့ကို
နှင်ထုတ်သည်မှန်လျှင်၊ အကယ် စင်စစ် သင်တို့၌ ဘုရားသခင်၏ နိုင်ငံတော်တည်ချိန်ရောက်လေပြီ။ 29 သူရဲကို
ရှေ့ဦးစွာမချည်မနှောင်လျှင်၊ အဘယ်သူသည် သူရဲအိမ်သို့ဝင်၍ သူ၏ဥစ္စာကို လုယူနိုင် အံ့ နည်း။ သူရဲကို ချည်နှောင်ပြီးမှ
သူ၏အိမ်ကို လုယူနိုင်၏။ 30 ငါ့ဘက်၌ မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူ မစုမသိမ်းသောသူသည် ကွဲဖြန့်သောသူ
ဖြစ်၏။ 31 ထို့ကြောင့် ငါဆိုသည်ကား၊ ပြစ်မှားသောအပြစ်၊ ဘုရားကိုကဲ့ရဲ့သောအပြစ်အမျိုးမျိုးတို့နှင့် လွတ်စေ ခြင်းအခွင့်ကို
လူတို့သည် ရနိုင်ကြ၏။ ဝိညာဉ်တော်ကို ကဲ့ရဲ့သောအပြစ်နှင့်လွတ်စေခြင်းအခွင့်ကို လူတို့သည် မရနိုင်ကြ။ 32 လူသားကို
နှုတ်ဖြင့်ပြစ်မှားသောသူ၏အပြစ်ကိုလည်း လွှတ်နိုင်၏။ သန့်ရှင်းသောဝိညာဉ်တော်ကို နှုတ်ဖြင့် ပြစ်မှားသောသူ၏အပြစ်ကို
ယခုဘဝနောင်ဘဝ၌ မလွှတ်နိုင်။ 33 အသီးအားဖြင့် အပင်၏သဘောထင်ရှားသည်ဖြစ်၍၊ အသီးကောင်းလျှင် အပင်ကောင်းသည်ဟု
ဆိုကြ လော့။ အသီးမကောင်းလျှင် အပင်မကောင်းဟု ဆိုကြလော့။ 34 အချင်းမြွေဆိုးအမျိုးတို့၊ အဆိုးဖြစ်လျက်
ကောင်းသောစကားကို အဘယ်သို့ပြောနိုင်မည်နည်း။ စိတ် နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏။ 35 ကောင်းသောသူသည်
ကောင်းသောစိတ်နှလုံးဘဏ္ဍာတိုက်ထဲက ကောင်းသောအရာတို့ကို ထုတ်ဘော် တတ်၏။ မကောင်းသောသူသည်
မကောင်းသောဘဏ္ဍာတိုက်ထဲက မကောင်းသောအရာတို့ကို ထုတ်ဘော် တတ်၏။ 36 ငါဆိုသည်ကား၊ လူတို့သည်
အကျိုးမဲ့သောစကားကို ပြောသမျှအတွက်၊ တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကို ခံရကြလတံ့။ သင့်စကားများအားဖြင့်
သင်သည်အပြစ်လွတ်လိမ့်မည်။ 37 သို့မဟုတ် သင့်စကားများအားဖြင့် အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်ဟု မိန့်တော်မူ၏။ 38 ထိုအခါ
အချို့သောကျမ်းပြုဆရာနှင့် ဖာရိရှဲတို့က၊ အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော်ပြတော် မူသော နိမိတ်လက္ခဏာတစုံတခုကို
မြင်ချင်ပါသည်ဟု လျှောက်ကြလျှင်၊ 39 ကိုယ်တော်က ဆိုးညစ်၍မျောက်မထားသောအမျိုးသည် နိမိတ်လက္ခဏာကို တောင်းသည်မှာ၊
ပရောဖက်ယောန၏ နိမိတ်လက္ခဏာမှတပါး အဘယ်လက္ခဏာကိုမျှ သူတို့အားမပြရ။ 40 ယောနသည် ငါးကြီးဝမ်းထဲမှာ
သုံးရက်နေရသကဲ့သို့၊ လူသားသည် မြေကြီးထဲမှာသုံးရက်နေရလတံ့။ 41 တရားဆုံးဖြတ်တော်မူသောအခါ၊ နိနေဝေမြို့သားတို့သည်
ဤလူမျိုးတဘက်၌ထ၍ အရှုံးခံစေလတံ့။ အကြောင်းမူကား၊ ထိုမြို့သားတို့သည် ယောန ဟောပြောသောစကားကြောင့်

နောင်တရကြ၏။ ဤအရပ်၌ ကား၊ ယောနထက်သာ၍ ကြီးမြတ်သောသူရှိ၏။ 42 တရားဆုံးဖြတ်တော်မူသောအခါ တောင်ပြည်ကို
အစိုးရသောမိဖုရားသည်၊ ဤလူမျိုးတဘက်၌ ထ၍ အရှုံးခံစေလတံ့။ အကြောင်းမူကား၊ ထိုမိဖုရားသည်
ရှောလမုန်မင်းကြီး၏ပညာစကားကို နားထောင်ခြင်းငှါ မြေကြီးစွန်းမှလာ၏။ ဤအရပ်၌ကား၊ ရှောလမုန်ထက်သာ၍
ကြီးမြတ်သောသူရှိ၏။ 43 ညစ်ညူးသောနတ်သည် လူထဲကထွက်လျှင်၊ ခြောက်ကပ်သောအရပ်တို့၌လည်၍ ငြိမ်ဝပ်ခြင်းကို ရှာ
တတ်၏။ 44 မတွေ့လျှင် ငါသည်ထွက်ခဲ့သော နေမြဲအိမ်သို့ ပြန်ရဦးမည်ဟုဆို၍၊ ရောက်သောအခါ ထိုအိမ်သည် လွတ်လပ်၍
သုတ်သင်ပြင်ဆင်လျက်ရှိသည်ကိုတွေ့သော်၊ 45 မိမိထက်သာ၍ ညစ်ညူးသော နတ်ဆိုးခုနစ်ယောက်ကိုခေါ်ပြီးလျှင်
ထိုလူထဲသို့ဝင်၍နေကြ၏။ ထိုလူ ၏ နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက်သာ၍ဆိုး၏။ ဆိုးညစ်သောဤလူမျိုး၌
ထိုနည်းတူဖြစ်လတံ့ဟု မိန့် တော်မူ၏။ 46 ထိုသို့ ပရိသတ်တို့အား ဟောတော်မူစဉ်တွင်၊ မယ်တော်နှင့်ညီတော်တို့သည် နှုတ်ဆက်လို၍
ပြင်မှာ ရပ်နေကြ၏။ 47 လူတယောက်ကလည်း၊ မယ်တော်နှင့်ညီတော်တို့သည် ကိုယ်တော်နှင့်နှုတ်ဆက်လို၍ ပြင်မှာ ရပ်နေ
ကြပါ၏ဟုလျှောက်လျှင်၊ 48 ကိုယ်တော်က၊ ငါ့အမိ၊ ငါ့ညီကား အဘယ်သူနည်းဟု မေးတော်မူ၏။ 49 လက်တော်ကိုလည်းဆန့်၍
တပည့်တော်တို့ကို ညွှန်လျက်၊ ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ 50 ကောင်းကင်ဘုံ၌ ရှိတော်မူသော
ငါ့အဘ၏အလိုတော်ကိုဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိ ဖြစ်သတည်းဟု မိန့်တော်မူ၏။

---

## Matthew 12:1

ယေဘုယျအချက်အလက်
ယေရှု၏ သာသနာကို ဆန့်ကျင်သူများ ကြီးထွားလာကြောင်း စာရေးသူက စတင်သည့်အပိုင်းဖြစ်သည်။ ဖာရိရှဲများက ဥပုဒ်နေ့၌ သူ့တပည့်များ၏ စပါးနှံ ခူးကြခြင်းကို ဝေဖန်သည့်အကြောင်းဖြစ်သည်။

ထိုခဏတွင်
ဇာတ်လမ်း၏ အပိုင်းသစ်ဖြစ်ကြောင်း အချက်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ခဏတွင်"

လယ်စပါး
စပါးများကိုစိုက်သည့်နေရာ။ ဂျုံကိုသင့်ပတ်ဝန်းကျင်တွင် မသိကြပါက "သီးနှံ" ဟုအစားထိုးနိုင်သည်။

စပါးခေါင်းကို ခူးလျက် သူတို့ကို
စားသည်..ဥပုဒ်နေ့၌လုပ်ရန်တားမြစ်ထားသည့်အရာကို လုပ်သည်
တခြားသူ၏ လယ်ကွင်းမှသီးနှံကို ခူးပြီးစားခြင်းသည် ခိုးခြင်းဟု မသတ်မှတ်ပါ။ ဥပုသ်ပညတ်တော်အရ လုပ်၍ ရ မရကို မေးမြန်းခြင်းသာဖြစ်သည်။

စပါးခေါင်းကိုခူးလျက် သူတို့ကိုစားသည်
"ဂျုံတချို့ကို ခူးပြီးစားသည်" သို့မဟုတ် "သီးနှံတချို့ကို ခူးလျက်စားသည်"

စပါးနှံခေါင်း
ဂျုံ၏ ထိပ်က အပိုင်းကိုဆိုလိုသည်။ ၎င်းက ရင့်ကျက်လာသည့်အသီး အစေ့များကို ထိန်းပေးသည်။

ဖာရိရှဲများ
ဖာရိရှဲအားလုံးကို မဆိုလိုပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖာရိရှဲအချို့"

ကြည့်ပါ
"ကြည့်ပါ"(UDB) ဖာရိရှဲများက တပည့်တော်များဘာလုပ်ကြသည်ကို အာရုံဆွဲရန်အတွက် သုံးကြခြင်းဖြစ်သည်။

## Matthew 12:3

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲတို့၏ ဝေဖန်မှုကို ယေရှုက တုံ့ပြန်သည်။

သူတို့ထံသို့
"ဖာရိရှဲများ ထံသို့"

သူနှင့်အတူ ဖတ်ဖူးသလော။
ဖာရိရှဲတို့၏ ဝေဖန်မှုကို တုံ့ပြန်သည့်အနေဖြင့် ယေရှုက မေးခွန်းကို သုံးခြင်းဖြစ်သည်။ ယေရှုက သူတို့ဖတ်သည့် ကျမ်းစာ၏ အနက်ကို ဆင်ခြင်ကြဖို့ရန် သူတို့ကို စိန်ခေါ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ဖတ်ပြီးပြီဟု ငါသိသည်...သူနှင့်အတူ"

ဘုရား၏အိမ်
ဒါဝိဒ်၏ ခေတ်၌ ဗိမာန်တော်မရှိသေးပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "တဲတော်" သို့မဟုတ် "ဘုရားကို ကိုးကွယ်သည့်နေရာ"

ရှေ့တော်မုန့်
ဤမုန့်သည့် သန့်ရှင်းသောမုန့် ယဇ်ပုရောဟိတ်များက တဲတော်တွင် ဘုရားရှေ့၌ ထားသည့် မုန့်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယဇ်ပုရောဟိတ်များက ဘုရားရှေ့မှာထားသည့်မုန့်" သို့မဟုတ် "သန့်ရှင်းသောမုန့်"

သူနှင့်အတူရှိသူများ
"ဒါဝိဒ်နှင့် အတူရှိသူများ"

ယဇ်ပုရောဟိတ်များအတွက်သာ ခွင့်ပြုသည်
"ပညတ္တတော်အရ ယဇ်ပုရောဟိတ်များကသာ စားခွင့်ရကြသည်"

## Matthew 12:5

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲတို့၏ ဝေဖန်မှုကို ယေရှုက တုံ့ပြန်သည်။

ပညတ္တတော်၌ မဖတ်ထူးကြသလော...အပြစ်မဲ့ကြသည်။
ဖာရိရှဲတို့၏ ဝေဖန်မှုကို တုံ့ပြန်သည့်အနေဖြင့် ယေရှုက မေးခွန်းကို သုံးခြင်းဖြစ်သည်။ ယေရှုက သူတို့ဖတ်သည့် ကျမ်းစာ၏ အနက်ကို ဆင်ခြင်ကြဖို့ရန် သူတို့ကို


generated on Tue Mar 12 16:35:02 2024

စိန်ခေါ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ မောရှေ၏ ပညတ်တော်ကိုဖတ်ပြီးပြီ...အပြစ်မဲ့များ"

ဥပုသ်နေ့ဝတ်
"တခြားနေ့၌ လုပ်ရမည့်အရာကို ဥပုသ်နေ့၌လုပ်သည်"

အပြစ်မရှိကြ
"ဘုရားသခင်က သူတို့က အပြစ်မပေးပါ" သို့မဟုတ် "ဘုရားသခင်က သူတို့သည် အပြစ်မရှိဟု သတ်မှတ်သည်"

သင့်ကိုငါပြောသည်
ယေရှု ပြောသည့်အရာကို အလေးနက်ပေးသည်။

ဗိမာန်တော်ထက် ကြီးမြတ်သူ
"ဗိမာန်တော်ထက် ကြီးမြတ်သူတစ်ယောက်" ယေရှုက သူ့ကိုသူ ဗိမာန်တော်ထက်ကြီးမြတ်သူဟု ရည်ညွှန်းထား သည်။

## Matthew 12:7

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲတို့၏ဝေဖန်မှုကို ယေရှုက တုံ့ပြန်သည်။

ယေဘုယျအချက်အလက်
အပိုဒ် (၇) ၌ ယေရှုက ပရောဖက်ဟောရှေကို ကိုးကားပြီး ဖာရိရှဲများကို ပုတ်ခတ်သည်။

ယဇ်ပူဇော်ခြင်းထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်သည်ကို သင်တို့သိလျှင်၊ အပြစ်ကင်းသူကို အပြစ်မတင်သင့်။
ယေရှုက ကျမ်းစာကို ပြန်ကိုးကားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ " 'ယဇ်ပူဇော်ခြင်းထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်သည်' ဟု ပရောဖက်ဟောရှေက ရှေးခေတ်တွင် ရေးထားသည့်အရာဖြစ်သည်။ ထိုအရာကို သင်တို့သိကြလျှင် အပြစ်ကင်းသူကို အပြစ်တင်ကြမည်မဟုတ်"

ငါသည် ကြင်နာမှုကို လိုချင်သည်၊ ယဇ်ပူဇော်မှုမဟုတ်
မောရှေ၏ပညတ်တော်၌ ဘုရားသခင်က ဣသရေလများထံမှ ယဇ်ပူဇော်ခြင်းကို တောင်းဆိုသည်။ ဘုရားသခင်က ယဇ်ပူဇော်ခြင်းထက် ကြင်နာမှုသာ အရေးကြီးသည်ဟုသတ်မှတ်ကြောင်းကို ဆိုလိုသည်။

ငါလိုချင်သည်
နာမ်စား "ငါ" သည် ဘုရားသခင်ကို ဆိုလိုသည်။

အပြစ်မဲ့
အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်မဲ့သောသူများ"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းသည်။

ဥပုသ်သခင်လော
"ဥပုသ်ကို အုပ်စိုးသည်" သို့မဟုတ် "လူများ ဥပုသ်နေ့၌ ဘာလုပ်သင့်သည်ကို ပြဌာန်းသူ"

## Matthew 12:9

ယေဘုယျအချက်အလက်
ဖာရိရှဲများက ဥပုသ်နေ့၌ လူတစ်ယောက်ကို ယေရှုက ကုသည့်အတွက် ဝေဖန်ကြသည့်အကြောင်းအရာသို့ ကူးသွားသည်။

ယေရှုသည် ထိုအရပ်မှ လှည့်သွားသည်
"ယေရှုက လယ်ကွင်းမှ ထွက်သွားသည်" သို့မဟုတ် "ထို့နောက် ယေရှု ထွက်သွားသည်"

သူတို့၏ တရားစရပ်
"တရားဇရပ်" "သူတို့" သည် ရှေ့အပိုဒ်က ယုဒလူများသာမကဘဲ ယေဘုယျ ယုဒလူများကို ဆိုလိုသည်။

ကြည့်ပါ
"ကြည့်ပါ" သည် ဇတ်လမ်းထဲမှ လူသစ်ဝင်လာသည့် အချက်ကိုပြစာလုံးရှိသည်။ သင့်ဘာသာစကား၌ ထိုသို့ပြသည့် စာလုံးရှိနိုင်သည်။

လက်စေနေသောလူတစ်ယောက်
"လက်သေနေသော လူတစ်ယောက်" သို့မဟုတ် "ခြေလက်သေနေသော လူတစ်ယောက်"

ဖာရိရှဲတို့က "ဥပုသ်နေ့၌ ရောဂါကို ငြိမ်းစေအပ်သလောဟု" ကိုယ်တော်၌ အပြစ်တင်ခွင့်ကို ရှာ၍မေးလျှောက်ကြသည်။
ဖာရိရှဲတို့က ယေရှုအပြစ်ရှိသည်ဟု စွပ်စွဲချင်ကြသည်။ ထို့ကြောင့် "ဥပုသ်နေ့၌ ရောဂါကို ငြိမ်းစေအပ်သလော" ဟုမေးကြခြင်းဖြစ်သည်။

ဥပုသ်နေ့၌ ကုသရန်သည် ပညတ္တတော်နှင့်ကိုက်သလော
"မောရှေ၏ ပညတ်တော်အရ ဥပုသ်နေ့၌ လူတစ်ယောက် က အခြားတစ်ယောက်ကို ကုသခြင်းအမှု ပြုနိုင်သလော"

သူတို့က သူ့ကိုအပြစ်ရှိသည်ဟု စွပ်စွဲနိုင်ကြသည်
သူတို့က လူများ၏ရှေ့တွင် ယေရှုကို မစွပ်စွဲချင်ကြပါ။ ဖာရိရှဲတို့က မောရှေ၏ပညတ္တတော်နှင့်ဆန့်ကျင်သည့်အရာဖြင့် ယေရှုက ဖြေလာလျှင် သူ့ကို တရားစီရင်ရန်နှင့် ပညတ်တော်ချိုးဖောက်သူအဖြစ် သတ်မှတ်ချင်ကြသည်။

## Matthew 12:11

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲတို့၏ ဝေဖန်မှုကို ယေရှုက တုံ့ပြန်သည်။

မိမိ၌ သိုးတကောင်းတည်းရှိ၍ ထိုသိုးသည် ဥပုဒ်နေ့၌ တွင်းထဲကျလျှင် မဆွဲတင်ဘဲ နေမည်လော၊ ချန်ထားမည်လော။
ဖာရိရှဲများကို တုံ့ပြန်ဖို့ ယေရှုက ဤမေးခွန်းကိုသုံးသည်။ ဥပုသ်နေ့၌ မည်သည့်အလုပ်မျိုးသူတို့လုပ်သည်ကို ဆင်ခြင်ဖို့ သူတို့ကို စိန်ခေါ်ထားသည်။ အခြားသောဘာသာပြန်ဆို ချက်၊ "သင်တို့တွင် သိုးတကောင်တည်းရှိလျှင် ဆွဲတင်မည်လော၊ ချန်ထားမည်လော"

လူသည် မည်မျှလောက် သိုးထက်အဖိုးတန်သနည်း
"မည်မျှလောက်" သည် အဆိုကို အလေးနက်ပေးထားချင်သည့်အတွက် သုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမှန်တကယ်၊ လူသည် သိုးထက် အဆမတန်တန်ဖိုးရှိသည်" သို့မဟုတ် "လူသည် သိုးထက် မည်မျှလောက်အရေးကြီးသည်ကို ဆင်ခြင်ကြည့်ပါ"

ဥပုသ်နေ့၌ ကောင်းသည့်အလုပ်လုပ်ရန်သင့်လျော်သလော
"ဥပုသ်နေ့၌ ကောင်းသည့် အလုပ်လုပ်သူများသည် ပညတ်တော်ကိုလိုက်နာသူများဖြစ်သည်"


generated on Tue Mar 12 16:35:02 2024

**Matthew 12:13**

ယေရှုက ထိုလူကိုပြောသည် "လက်များကို ဆန့်ပါ"
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုက ထိုလူကို လက်များ ဆန့်ရန် အမိန့်ပေးသည့်အခါ"

လူထံသို့
"လက်သေနေသည့် လူထံသို့" သို့မဟုတ် "ခြေလက်သေနေသည့်လူထံသို့"

လက်များကို ဆန့်သန်းသည်
"သင့်လက်ကို မြှောက်ပါ" သို့မဟုတ် "သင့်လက်ကို ဆန့်တန်းပါ"

သူက ဆန့်သည်
"လူက ဆန့်သည်"

၎င်းသည် ပြန်ကောင်းလျက်ရှိသည်
အခြားသောဘာသာပြန်ဆိုချက်၊ "နေပြန်ကောင်းလာသည်"

သူ့ကို ကြံစည်ကြသည်
"ယေရှုကို အနာတရ ဖြစ်စေရန် စီမံကြသည်"

သူတို့က သူ့ကို သေစေနိုင်သည့်အရာကို ရှာဖွေနေကြသည်
"ယေရှုကို သူတို့က မည်သို့သတ်မည်ကို ဆွေးနွေးကြသည်"

**Matthew 12:15**

ယေဘုယျအချက်အလက်
ပရောဖက်ဟေရှာယ၏ ပြောချက်က ယေရှု၏အပြုအမူအားဖြင့် မည်ကဲ့သို့ ပြည့်စုံစေသည်ကို ဤအပိုဒ်က ရှင်းပြသည်။

ယေရှုက သိရှိသည့်အခါ
"ယေရှုက သူ့အား ဖာရိရှဲများက ဘာလုပ်ချင်ကြသည်ကို နားလည်သည့်အခါ"

ထွက်သွားသည်
"ထွက်ခွာသည်"

သူ့ကို တခြားသူများအားမသိခိုင်းစေပါ
"သူ့အကြောင်းကို မည်သူ့ကိုမျှ မပြောပြကြပါ"

မှန်လာနိုင်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာသည် ပြည့်စုံလာသည်"

ပရောဖက်ဟေရှာယမှ ပြောခဲ့သည့်အရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်ဟေရှာယမှတဆင့် ရှေးအခါက ဘုရားသခင် ပြောခဲ့သည့်စကားတော်"

**Matthew 12:18**

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ သာသနာက ကျမ်းစာကို ပြည့်စုံစေကြောင်း ပရောဖက်ဟေရှာယကို မဿဲက ပြန်ကိုးကားသည်။

ကြည့်ပါ
"ကြည့်ပါ" သည် လူသစ်ကို မိတ်ဆက်ချင်သည့်အတွက် ဘုရားသခင်က သုံးသည်။

ငါ၏...ငါ
ဤအရာအားလုံးက ဘုရားသခင်ကို ဆိုလိုသည်။ ဟေရှာယက သူ့ကို ဘုရားက ပြောသည့်အရာကို ပြန်ကိုးကားသည်။

ငါ့ဝိညာဉ်ကို တည်စေသောသူ
"ဝိညာဉ်" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို အလွန် ကျေနပ်စေသောသူ"

သူက
"ငါ့ကျွန်က"

တရားစီရင်နေ့ကို ကြေငြာသည်
"တရားစီရင်ခြင်း" သည် "အပြစ်ပေးခြင်း" ကို မဆိုလိုပါ။ တပည့်တော်များက တပါးအမျိုးသားများကို ဘုရားသခင်သည် တရားသောဘုရား၊ သူက သူတို့ကို ကယ်တင်မည် ကို ဆိုလိုသည်။

**Matthew 12:19**

ဆက်စပ်မှုဖော်ပြချက်
မဿဲက ပရောဖက်ဟေရှာယကို ကိုးကားသည်။

သူ့အသံကို မည်သူကမျှ ကြားမည်မဟုတ်
"အသံ" သည် လူတစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူက ကျယ်ကျယ်စကားပြောမည်မဟုတ်"

သူ၏...သူ
ဤနာမ်စားအားလုံးသည် ဘုရားသခင် ရွေးကောက်ထားသည့်ကျွန်များကို ဆိုလိုသည်။

လမ်းများ၌
"လူထုနှင့် ဆိုင်သည့်အရာ" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့များတွင်"

နင်းနယ်လျက်ရှိသော ကျူပင်ကိုမချိုး၊ မီးခိုးများသော မီးစာကို မသတ်။
ဝါကျနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ဘုရားသခင်၏ ကျွန်သည် နူးညံ့၍ ကြင်နာမှုရှိမည်ကို အလေးနက်ပြုထားခြင်းဖြစ်သည်။ "ကျိုးနေသောကျူပင်" နှင့် "မီးခိုးများသောမီးစာ" နှစ်ခုစလုံးက အားနည်းနေခြင်းကို ကိုယ်စားပြုသည်။ ရှုပ်ထွေးစေမည်ဆိုပါက လုံးကောက်အတိုင်းဘာသာပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အားနည်းသည့်လူများကို သူကကြင်နာမည်၊ နာသောသူများထံသို့ သူသည် နူးညံ့မည်"

ကျိုးနေသောကျူပင်
"ပျက်စီးနေသည့် အပင်"

သူက သတ်မည်မဟုတ်
"သူက မီးသတ်မည်မဟုတ်"

မီးခိုးများသော လျှော်ပင်
မီးလောင်ပြီးနောက် မီးစာကို ဆိုလိုသည်။

ကျူပင်
"လျှော်ပင်၊ ဤအပင်ကို ... သည့်တိုင်အောင်လုပ်မည်ဖြစ်သည်"

တရားမှမှ အောင်မြင်ခြင်းသို့ ဦးဆောင်သည်
"ငါ၏ တရားယူဆောင်လာခြင်းနှင့် လူများဆီသို့ကယ်တင်ခြင်းကို အောင်မြင်ခြင်းရသည့်တိုင်" စိတ္တဇနာမ် "တရားစီရင်မှု" ကို

"တရားခြင်း" ဟု ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က
ငါသည့်တရားမျှတသည်၊ သူတို့ကို ငါ ကယ်တင်မည်ကို
သူတို့သိသည်"

သူ့နာမဖြင့်
"နာမ" သည် လူတစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၌"

## Matthew 12:22

ယေဘုယျအချက်အလက်
ဖာရိရှဲများသည် ယေရှုက စာတန်၏ တန်ခိုးဖြင့် လူများကို
အနာငြိမ်းပေးနေသည်ဟု စွပ်စွဲကြသည့် အခန်းသို့ ကူးသွားသည်။

မျက်ကန်းသူနှင်ဆွံ့အသူ၊ နတ်ဆိုးပိုင်ဆိုင်သူကို ယေရှုထံသို့ ခေါ်လာကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးက
ထိန်းချုပ်ထားသည့်အတွက် စကားမပြောနိုင်၊
မျက်စိကန်းသူတစ်ယောက်ကို ယေရှုထံသို့ ခေါ်လာကြသည်"

မျက်ကန်းသူနှင်ဆွံ့အသူ
"မမြင်နိုင်သူနှင့် စကားမပြောနိုင်သူတစ်ယောက်"

လူအုပ်အားလုံး အံ့သြကြသည်
"ယေရှုက လူ ကုသသည်ကို မြင်သည့်လူအားလုံးက
အံ့သြကြသည်"

ဒါဝိဒ်၏သား
မေရှိယ သို့မဟုတ် ခရစ်တော်အတွက် အရေးကြီးသည့်
နာမည်ဖြစ်သည်။

၏ သား
"မျိုးဆက်" ကို ဆိုလိုသည်။

## Matthew 12:24

ယေဘုယျအချက်အလက်
အပိုဒ် (၂၅) ၌ စာတန်၏ တန်ခိုးဖြင့် လူကို ကုသသည်ဟု
ဖာရိရှဲတို့၏ စွပ်စွဲချက်ကို ယေရှုက စပြီး တုံ့ပြန်သည်။

ဤနမိတ်လက္ခဏာ
နတ်ဆိုး ပိုင်ဆိုင်ပြီး မျက်ကန်း ဆွံ့အသူအား
အနာငြိမ်းခြင်းပေးသည့် နမိတ်လက္ခဏာကို ဆိုလိုသည်။

ဤလူက နတ်ဆိုးများနှင်ထုတ်သည်မှာ ဗေလဇေဗုလ၏တန်ခိုးမှ အပ
အခြားမရှိပါ
"ဤလူက ဗေလဇေဗုလ၏ ကျွန်ဖြစ်သည့်အတွက်
နတ်ဆိုးများကို နှင်ထုတ်နိုင်သည်"

ဤလူ
ဖာရိရှဲများက သူတို့ ငြင်းပယ်ထားသည့် လူကို နာမည်ဖြင့်ခေါ်ရန်
ရှောင်ရှားကြသည်။

နတ်ဆိုးများ၏ မင်းသား
"နတ်ဆိုးများ၏ အကြီးအကဲ"

သူ့လူများတိုက်ခိုက်သည့် နိုင်ငံသည် ကြာရှည်မခံ၊ အိမ်သူသားများ၊
မြို့သူသားများအချင်းချင်းတိုက်ခိုက်သည့် မြို့များ ကြာရှည်မခံ။
ဖာရိရှဲများကို တုံ့ပြန်သည့်အနေဖြင့် ယေရှုက ဤစကားပုံကို
သုံးခြင်းဖြစ်သည်။ ဤအဆိုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ
အတူတူပင်ဖြစ်သည်။ စာတန်ခေါင်းဆောင်၏ တန်ခိုးဖြင့်
စာတန်များနှင်ထုတ်ရန်မှာ မဖြစ်နိုင်ကြောင်းကို ပြရန်
အလေးနက်ပေး သုံးထားသည်။

နိုင်ငံတိုင်း မိမိတို့မတင့်မသင့်နေလျှင် ပျက်စီးမည်ဖြစ်သည်
"နိုင်ငံတော်" သည် ထိုနိုင်ငံတွင် နေထိုင်သည့်လူများကို
ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတွင်
နိုင်ငံသား အချင်းချင်း တိုက်ခိုက်နေကြလျှင်
ကြရှည်ရပ်တည်နိုင်မည်မဟုတ်"

မြို့တိုင်း၊ အိမ်တိုင်း မတင့်မသင့်လျှင် မတည်ရာ
"မြို့" သည် ထိုနေရာ၌နေထိုင်ကြသည့် လူများကိုဆိုလိုသည်။
"အိမ်" သည် မိသားစုကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည်
တစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်ကြသည့်အခါ မြို့နှင့်
မိသားစုများ ပျက်စီးကြသည်"

## Matthew 12:26

ဆက်စပ်မှုဖော်ပြချက်
စာတန်၏ တန်ခိုးဖြင့် လူကိုကုသသည်ဟု ဖာရိရှဲများ၏
စွပ်စွဲချက်ကို ယေရှုက ဆက်၍ တုံ့ပြန်နေသည်။

စာတန်က စာတန်ကိုနှင်ထုတ်လျှင်
ဒုတိယမြောက် စာတန် စာလုံးသည် စာတန် အမှုကိုဆောင်သည့်
နတ်ဆိုးများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊
"စာတန်က သူ့စာတန်များနှင့်တိုက်ခိုက်လျှင်"

စာတန်...ဗေလဇေဗုလ
နာမည်နှစ်ခုစလုံးက တစ်ဦးကိုဆိုလိုသည်။

မည်ကဲ့သို့ သူ့နိုင်ငံသည် ရပ်တည်နိုင်မည်နည်း။
ယေရှုက မေးခွန်းဖြင့် ဖာရိရှဲများကို စိန်ခေါ်ထားသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "စာတန်၏ နိုင်ငံသည်
မရပ်တည်နိုင်" သို့မဟုတ် "စာတန်၏ နိုင်ငံသည် ကြာရှည်မခံ"

သူအားဖြင့် သင့်သားများက သူတို့ကိုနှင်ထုတ်သလော။
ယေရှုက တခြားမေးခွန်းဖြင့် ဖာရိရှဲများကို စိန်ခေါ်ထား သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဗေလဇေဗုလ၏ တန်ခိုးဖြင့်
နတ်ဆိုးများကို သင့်နောက်လိုက်များကလည်း
နှင်ထုတ်ကြသည်ဟု သင်ပြောရမည်။ သို့သော် ဤအရာသည်
မမှန်ကြောင်း သင်သိသည်"

သင့်သားများ
ယေရှုက ဖာရိရှဲများကို စကားပြောသည်။ "သင့်သားများ" သည်
သူတို့နောက်လိုက်များကို ဆိုလိုသည်။ ခေါင်းဆောင်များ
နောက်လိုက်သူများကို ဆိုလိုသည့်အသုံးနှုန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်နောက်လိုက်များ"

ဤအကြောင်းကြောင့် သူတို့သည် သင့်ကို တရားစီရင်ကြမည်
"သင့်နောက်လိုက်က ဘုရားသခင်၏ တန်ခိုးဖြင့် နတ်ဆိုးများကို
နှင်ထုတ်သည့်အတွက်၊ ငါ့အတွက်သင်မှားသည်ဟု သူတို့က
သက်သေပြကြသည်"

## Matthew 12:28

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများကို ဆက်ပြီး တုံ့ပြန်နေသည်။


generated on Tue Mar 12 16:35:02 2024

သို့သော် ငါ
"လျှင်" သည် ယေရှုက မည်ကဲ့သို့ သူကနှုတ်ဆိုးများနှင်ထုတ်သည်နှင့် ပတ်သက်၍ မေးခွန်းထုတ်နေသည်ကို ဆိုလိုခြင်း မဟုတ်ပါ။ ယေရှုက စစ်မှန်သည့်အဆိုကို မိတ်ဆက်ပြီး အသုံးပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော် ငါ့ကြောင့်"

ဘုရားသခင်၏ နိုင်ငံတော်သည် သင့်ထံသို့ရောက်လာသည်
"ထို့နောက် ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့အကြား၌ ရောက်လာသည်" "နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သူ၏ အုပ်ချုပ်မှုကို သင်တို့အကြား၌ တည်ဆောက်နေသည်"

သင့်ထံသို့လာသည်
"သင်တို့" သည် အများကိန်းဖြစ်ပြီး ဣသရေလများကိုဆိုလိုသည်။

သူပိုင်ဆိုင်သည့် သူ့အိမ်ထဲသို့ မည်သူဝင်နိုင်သနည်း။
ဖာရိရှဲများကို ပြန်တုံ့ပြန်သည့်အခါ ပုံဥပမာကို ယေရှုက သုံးသည်။ ယေရှုက သူသည် နတ်ဆိုးများကို နှင်ထုတ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည် စာတန်ထက် တန်ခိုးကြီးသည်။

အသန်မာဆုံးလူကိုအရင် မချည်ဘဲ…မည်သို့ဝင်နိုင်မည်နည်း။
ယေရှုက ဖာရိရှဲများနှင့် လူအုပ်ကို သင်ကြားသည့်အခါ မေးခွန်းသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသန်မာဆုံး လူကိုအရင် မချည်ဘဲ၊ မည်သူမျှ မဝင်နိုင်ပါ" သို့မဟုတ်"လူတစ်ဦးဝင်ချင်လျှင်…အသန်မာဆုံးလူကိုအရင် ချည်ရမည်"

အသန်မာဆုံးလူကိုအရင် မချည်ဘဲ
"သန်မာသည့် လူကို အရင်မထိန်းချုပ်ဘဲ"

သူသည်ခိုးလိမ့်မည်
"သူခိုးနိုင်သည်" သို့မဟုတ် "သူသည် ခိုးနိုင်သည်"

ငါနှင့်အတူမရှိသူ
"ငါ့ကို မထောက်ပံ့သူ" သို့မဟုတ် "ငါနှင့်အတူအလုပ်မလုပ်သူ"

ငါ့ကိုဆန့်ကျင်လျက်
"ငါ့ကိုတိုက်ခိုက်လျက်" သို့မဟုတ် "ငါ့ကို တိုက်ခိုက်သည့်အလုပ် လုပ်သည်"

ငါနှင့်အတူမစုသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏
ယေရှုက သိုးအုပ်ကနေ သိုးများကို စုသိမ်းစေသလော၊ သိုးထိန်းထံမှ အဝေးသို့ သိုးများကို ပြန့်ကြဲစေသလောကို ဆိုလိုသည့် တင်စားချက်ဖြစ်သည်။ လူတစ်ယောက်သည် လူများကို ယေရှုတပည့်ဖြစ်စေသလော၊ ယေရှုကို ငြင်းလာကြအောင်လုပ်သလောကို ယေရှုက ဆိုလိုခြင်းဖြစ်သည်။

## Matthew 12:31

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများကို ဆက်၍ တုံ့ပြန်နေသည်။

သင့်ကို ငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သင်တို့ကိုပြောသည်
"သင်တို့" သည်အများကိန်းဖြစ်သည်။ ယေရှုက ဖာရိရှဲများကို တိုက်ရိုက်စကားပြောနေသည်။ သို့သော် လူအုပ်ကိုလည်း သင်ကြားပေးနေသည်။

အပြစ်တိုင်းနှင့် ဘုရားကိုကဲ့ရဲ့သောအပြစ်မျိုးကို ခွင့်လွှတ်ရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူများကျူးလွန်သည့်အပြစ်တိုင်းနှင့်သူတို့ပြောသည့်မကောင်းသည့်အရာများ အပြစ်မျိုးကို ဘုရားသခင်ခွင့်လွှတ်မည်" သို့မဟုတ် "အပြစ်လုပ်သည့်၊ အပြစ်ပြောသည့် လူတိုင်းကို ဘုရားကခွင့်လွှတ်မည်"

ဝိညာဉ်တော်ကိုပြစ်မှားသောသူသည် ခွင့်လွှတ်ခြင်းရမည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "သန့်ရှင်းသောဝိညာဉ်ကို အဆိုးဆိုသည့် သူကို ဘုရားသခင်က ခွင့်လွှတ်မည်မဟုတ်"

လူသားကိုဆန့်ကျင်သည့်စကားပြောသူတိုင်း
"စကား" သည် လူတစ်ယောက်ပြောမည့်အရာကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားကို တစ်ယောက်ယောက်က မကောင်းသည့်စကားဖြင့် ပြောလျှင်"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

ထိုအရာက သူ့ကိုခွင့်လွှတ်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအချက်ကြောင့် ဘုရားသခင်က သူ့ကို ခွင့်လွှတ်မည်"

ထိုအရာက သူ့ကိုခွင့်လွှတ်မည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုသူကို ဘုရားသခင်က ခွင့်လွှတ်မည်မဟုတ်"

ဤကမ္ဘာ၌လည်းမဟုတ်၊ လာမည့်အရာ၌လည်းမဟုတ်
"ဤကမ္ဘာ" နှင့် "လာမည့်အရာ" သည် လက်ရှိအသက်နှင့် လာမည့်အသက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤဘဝ၌ သို့မဟုတ် လာမည့်ဘဝ၌" သို့မ ဟုတ် "ယခု သို့မဟုတ် နောက်၌"

## Matthew 12:33

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများကို ဆက်လက်တုံ့ပြန်နေသည်။

အပင်ကောင်းလျှင် အသီးကောင်းသည်၊ အပင်ဆိုးလျှင် အသီးဆိုးသည်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "သင်သည်သစ်ပင်ကိုကောင်းစွာပြုလျှင် အသီးကောင်းလိမ့်မည်။ ဆိုးရွားစွာပြုလျှင် အသီးလည်းဆိုးမည်" သို့မဟုတ် (၂) သစ်ပင်သည် ကောင်းသည်ဟု သင်ထင်လျှင် ၎င်း၏အသီးသည် ကောင်း၍ဖြစ်၏။ သစ်ပင်သည်ဆိုးသည်ဟုထင်လျှင် ၎င်းအသီးသည် ဆိုးသောကြောင့်ဖြစ်၏။ ဤအရာသည် စကားပုံဖြစ်သည်။ လူတစ်ယောက်ကောင်းသည်၊ မကောင်းသည်ကို သိနိုင်ရန် ဤအချက်ကို သုံးလေ့ရှိကြသည်။

ကောင်းသည်..ဆိုးသည်
"ကျန်းမာသော…ရောဂါရသော"

သစ်ပင်သည် ၎င်း၏အသီးဖြင့် သိရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က သစ်ပင်ကောင်း၊ မကောင်းကို ၎င်း၏ အသီးများဖြင့် သိကြသည်"


generated on Tue Mar 12 16:35:02 2024

မြွေဆိုး၏အမျိုးများ
"ရှင်သွေးများ" သည် အကျင့်စရိုက်ရှိသည်ကို ဆိုလိုသည်။ မြွေဆိုးများသည်အဆိပ်ရှိသည့် မြွေများ၊အန္တရာယ်ရှိသည့် အရာကို ကိုယ်စားပြုသည်။ 3:7 ၌ မည်သို့ဘာသာပြန် သည် ကို ကြည့်နိုင်သည်။

သင်...သင်
အများကိန်းများ၊ ဖာရိရှဲများကို ဆိုလိုသည်။

မည်ကဲ့သို့ သင်သည် ကောင်းသည့်အရာများကိုပြောနိုင်သနည်း။
ယေရှုက ဖာရိရှဲများကို ပုတ်ခတ်သည့်အနေဖြင့် မေးခွန်းကို သုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ကောင်းသည့်အရာကို မပြောနိုင်" သို့မဟုတ် "သင်သည် အဆိုးကိုသာပြောနိုင်သည်"

စိတ်နှလုံးအပြည့်ရှိသည့်အတိုင်း နှုတ်မြွက်တတ်သည်
"စိတ်နှလုံးအပြည့်ရှိသည့်အတိုင်း" သည် လူတစ်ယောက် ၏ စိတ်ထဲရှိ အတွေးအမြင်ကို ဆိုလိုသည်။ "ပါးစပ်" သည် လူကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့စိတ်ထဲ၌ရှိသည့်အရာကို သူ့ပါးစပ်ဖြင့် ပြောလေ့ရှိသည်"

ကောင်းသောသူသည် ကောင်းသောစိတ်နှလုံးဘဏ္ဍာတိုက်ထဲက ကောင်းသောအရာတို့ကို ထုတ်ဘော်တတ်၏။ ဆိုးသောသူသည် ဆိုးသောဘဏ္ဍာတိုက်ထဲက ဆိုးသောအရာတို့ကို ထုတ်ဘော်တတ်၏။
ယေရှုက "နှလုံး"အကြောင်းကို လူတစ်ယောက်သည် ထည့်စရာခွက်ဖြစ်ပြီး ကောင်းသည့်အရာ

**Matthew 12:36**

ဆက်စပ်မှုဖော်ပြချက်
စာတန်၏ တန်ခိုးဖြင့် ထိုလူကို ကုသသည်ဟု ဖာရိရှဲတို့၏ စွပ်စွဲချက်ကို ယေရှုက အဆုံးသတ်သည်။

သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။။

လူတို့က အကျိုးအကြောင်းပေးကြမည်
"ဘုရားသခင်က လူတို့ကို အကျိုးအကြောင်းမေးမည်" သို့မဟုတ် "လူတို့က ဘုရားသခင်ကို ရှင်းပြကြလိမ့်မည်"

အကျိုးမဲ့သောစကားကို သူတို့ပြောကြမည်
"စကား" သည် တစ်ယောက်ယောက်ပြောသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အနာတရဖြစ်စေသည့် စကားကို သူတို့ပြောကြမည်"

သင်သည်အပြစ်လွတ်ခြင်း ခံရမည်....သင်သည်အပြစ်စီရင်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင့်ကိုဖြောင့်မတ်စေမည်...ဘုရားသခင်က သင့်ကိုအပြစ်ပေးမည်"

**Matthew 12:38**

ဆက်စပ်မှုဖော်ပြချက်
စာတန်၏ တန်ခိုးဖြင့် လူကို ကုသသည်ဟု ဖာရိရှဲတို့၏ စွပ်စွဲချက်ကို ယေရှုတုံ့ပြန်ပြီးနောက် ရုတ်တရက်ဖြစ်လာသည့် စကားပြောခန်းဖြစ်သည်။

ယေဘုယျအချက်အလက်
အပိုဒ် (၃၉) ၌ ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကို စပြီး ရှုတ်ချလာသည်။

ဆန္ဒ
"လိုချင်သည်"

သင့်ထံမှ လက္ခဏာမြင်ရန်
သူတို့က ဘာ့ကြောင့် လက္ခဏာမြင်ချင်ကြသည်ကို မြုပ်ထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပြောသည့်အရာမှန်ကြောင်းပြသည့် လက္ခဏာကိုမြင်ရန်"

အပြစ်နှင့် ပြစ်မှားသောမျိုးဆက်က လက္ခဏာကို ရှာဖွေကြသည်...ပေးမည်မဟုတ်။
ယေရှုက လက်ရှိမျိုးဆက်ကို ပြောနေခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့အားလက္ခဏာကို တောင်းသည့် ဆိုးသော၊ ပြစ်မှားသောမျိုးဆက်ဖြစ်သည်"

ပြစ်မှားသောမျိုးဆက်
"ပြစ်မှားသော" သည် ဘုရားသခင်ထံ သစ္စာမရှိသည့်လူများကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ္စာမရှိသောမျိုးဆက်" သို့မဟုတ် "ဘုရားမဲ့မျိုးဆက်"

လက္ခဏာကိုရှာနေသည်
ဘာသာရေးခေါင်းဆောင်များ၏ တောင်းဆိုချက်ကြောင့် ယေရှု စိတ်ဆိုးသည်။ သူက နမိတ်လက္ခဏာများစွာကို ပြုပြီးသော်လည်း သူတို့က သူ့ကိုမယုံကြည်ကြသေးသော ကြောင့်ဖြစ်သည်။

မည်သည့်လက္ခဏာမှပေးမည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က လက္ခဏာပေးမည် မဟုတ်"

ပရောဖက်ယောန၏လက္ခဏာမှအပ
"ပရောဖက်ယောနကို ဘုရားပေးသည့် လက္ခဏာမှအပ"

သုံးရက်၊ သုံးည
"နေ့" နှင့် "ည" သည်

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းသည်။

မြေကြီး၏ အထဲ၌
အုတ်ဂူထဲ၌ နေခြင်းကို ဆိုလိုသည်။

**Matthew 12:41**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကို ဆက်လက် ရှုတ်ချသည်။

နိနေဝေလူများ
"နိနေဝေမြို့သားများ"

ဤမျိုးဆက်နှင့် တရားစီရင်သောနေ့တွင် ရပ်နေမည်
"တရားစီရင်သောနေ့တွင် ရပ်နေလျက်၊ ဤမျိုးဆက်ကို စွပ်စွဲမည်"

ဤမျိုးဆက်
သူ့ခေတ်၌အသက်ရှင်သည့်လူများကို ယေရှုကဆိုလိုသည်။

အပြစ်ပေးမည်
ယေရှု၏ မျိုးဆက်ကို အပြစ်ပေးမည့်သူသည် ဘုရားသခင် ဖြစ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နိနဝေမြို့သားတို့ကို နားထောင်ပြီး ဤမျိုးဆက်ကို အပြစ်ပေးမည်"

တွေ့သည်
"တွေ့သည်" ယေရှုပြောသည့် အရာကို အလေးနက်ပေးသည်။

ကြီးမြတ်သူတစ်ယောက်
"ပို၍အရေးကြီးသော တစ်ယောက်ယောက်"

တစ်ယောက်ယောက်
"ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းထားသည်"

ယောနသည် ဒီမှာရှိသည်
ယေရှု၏ ဆိုလိုချက်မြုပ်ထားသည်ကို သင်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောန ဒီမှာရှိသည်ထက်၊ သင်နှောင်တမရသေးသလော။ ထို့အတွက် ဘုရားသခင်က သင့်ကိုအပြစ်ပေးမည်"

**Matthew 12:42**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကို ဆက်လက် ရှုတ်ချသည်။

တောင်ဘက်ဘုရင်မ
ဘုရင်မရှေဘကို ဆိုလိုသည်။ ရှေဘသည် ဣသရေတောင်ပိုင်းတွင် ရှိသည့် နိုင်ငံဖြစ်သည်။

ဤမျိုးဆက်နှင့် တရားစီရင်သောနေ့တွင် ရပ်နေမည်
"တရားစီရင်သောနေ့တွင် ရပ်နေလျက်၊ ဤမျိုးဆက်လူများကို စွပ်စွဲမည်" 12:41 ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ဤမျိုးဆက်
သူ့ခေတ်၌အသက်ရှင်သည့်လူများကို ယေရှုကဆိုလိုသည်။

အပြစ်ပေးသည်
ယေရှု၏မျိုးဆက်ကို အပြစ်ပေးမည့်သူသည် ဘုရားသခင်ဖြစ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နိနဝေမြို့သားတို့ကို နားထောင်ပြီး ဤမျိုးဆက်ကို အပြစ်ပေးမည်" 12:41 ၌ တူညီသည့်ဘာသာပြန်ကို ကြည့်နိုင်သည်။

သူမသည် ကမ္ဘာအဆုံးမှလာသည်။
"ကမ္ဘာအဆုံး" သည် "ဝေးသည့်အရပ်" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမသည် အလွန်ဝေးသည့် အရပ်မှ လာသည်"

သူမလာသည်
တောင်ဖက်ဘုရင်မက ဘာ့ကြောင့်ယေရှုခေတ်က မျိုးဆက်အား အပြစ်ပေးချင်သည်ကို ရှင်းပြသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူမလာသည့်အတွက်"

တွေ့သည်
"တွေ့သည်" ယေရှု ပြောသည့်အရာကို အလေးနက်ပေးသည်။

ကြီးမြတ်သူတစ်ယောက်
"ပို၍အရေးကြီးသော တစ်ယောက်ယောက်"

တစ်ယောက်ယောက်
"ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းထားသည်"

ရှောလမုန်ရှိသည်ထက်
ယေရှု၏ ဆိုလိုချက်မြုပ်ထားသည်ကို သင်ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှောလမုန်ဒီမှာရှိသည်ထက်၊ သင်နားမထောင်သေးသလော။ ထို့အတွက် ဘုရားသခင်က သင့်ကိုအပြစ်ပေးမည်"

**Matthew 12:43**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကိုဆက်လက် ရှုတ်ချနေသည်။

မသန့်ရှင်းသောဝိညာဉ်...ဤဆိုးသောမျိုးဆက်နှင့်
ယေရှုက သူ့ကိုမယုံကြည်သည့် လူများအတွက် အန္တရာယ်ကို သတိပေးရန် ပုံဥပမာကို ယေရှုက ပြောသည်။

ရေမရှိသောနေရာများ
"ခြောက်သွေ့သည့် နေရာများ" သို့မဟုတ် "လူများမနေထိုင်သည့်နေရာများ"

ၐင်းကိုမတွေ့
"ၐင်း" သည် နားခိုရန်ကို ဆိုလိုသည်။

"ငါလာသည့် ငါ့အိမ်သို့ငါပြန်လာမည်" ဟုပြောလျက်
အခြားသောဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် မသန့်ရှင်းသောဝိညာဉ်သည် သူထွက်လာခဲ့သည့်နေရာသို့ ပြန်ရန်ဆုံးဖြတ်သည်"

ငါလာသည့် ငါ့အိမ်သို့
မသန့်ရှင်းသောဝိညာဉ်နေထိုင်သည့် လူကို တင်စားချက် ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါချန်ထားခဲ့သည့်နေရာ"

ထိုအိမ်ကို လှည်းထားပြီးနောက် အစဉ်အတိုင်းပြုန်ထားသည်ကို တွေ့သည်
အခြားသောဘာသာပြန်ဆိုချက်၊ "မသန့်ရှင်းသောဝိညာဉ်က ထိုအိမ်ကို သန့်ရှင်းစွာ ရှိနေပြီး စနစ်တကျ ပြင်ဆင်ထားသည်ကို တွေ့မြင်သည်"

ထိုအိမ်ကို လှည်းထားပြီးနောက် အစဉ်အတိုင်းပြုန်ထားသည်
"အိမ်"သည် ဝိညာဉ်ဆိုးများအထဲ၌ ရှိသည့်လူကို ဆိုလို သည်။ "လှည်းပြီးမှ ပြုန်ထားသည်" သည် ထိုအိမ်၌ မည်သူမျှ မနေသည်ကို ဆိုလိုသည်။ မသန့်ရှင်းသည့်ဝိညာဉ်များက ထိုလူမှ ထွက်သွားကြသည့်အခါ နတ်ဆိုးများ ပြန်လာကြမည့်အစား သူ့အထဲ၌ အသက်ရှင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို ဖိတ်ခေါ်သင့်သည်။

ဆိုးညစ်သော်ဤလူမျိုး၌ ထိုနည်းတူဖြစ်လတ့်။
ယေရှုခေတ် မျိုးဆက်ရှိ လူများက သူ့ကိုမယုံဘဲ သူ့တပည့်ဖြစ်လာကြသည်။ သူတို့အရင် အခြေအနေထက် ယခုပိုဆိုးလာကြသည်ကို ဆိုလိုသည်။

### Matthew 12:46

ယေဘုယျအချက်အလက်
ယေရှု၏ အမေနှင့် ညီအစ်ကိုများ ရောက်လာခြင်းသည် သူ၏ ဝိညာဉ်ဆိုင်ရာမိသားစုကို ပုံဖော်ရန် အခွင့်အရေး ကောင်း တစ်ခု ဖြစ်လာသည်။

ကြည့်ပါ
"ကြည့်ပါ" သည် ဇတ်လမ်း၌ လူသစ်ပါလာသည်ကိုအချက်ပြသည့် စာလုံးဖြစ်သည်။

သူ့မယ်တော်
ယေရှု၏ အမေ မာရိ ဖြစ်သည်။

သူ့ညီအစ်ကိုများ
မာရိမွေးသည့် တခြားကလေးများ ဖြစ်ကြသည်။ ယေရှု၏ မွေးချင်းများဟု ရည်ညွှန်းနိုင်ပါက ကောင်းသည်။

စကားပြောရန်ရှာနေသည်
"စကားပြောချင်ကြသည်"

တယောက်ကလည်း မယ်တော်နှင့်ညီတော်တို့သည် သင့်ကိုနှုတ်ဆက်လို၍ ပြင်မှာရပ်နေကြပါ၏ဟုလျှောက်လျှင်
သွယ်ဝိုက်စကားပြောခန်းအဖြစ် ဘာသာပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တယောက်က ယေရှုကို သူ့အမေနှင့် ညီအစ်ကိုများက သူ့ကို စကားပြောချင်ကြ၍ အပြင်မှာ စောင့်နေကြသည်ကို ပြောသည်" (ရှု၊

### Matthew 12:48

ဆက်စပ်မှုဖော်ပြချက်
12:1 ၌စပြီး ယေရှု၏ သာသနာ ဆန့်ကျင်သူများ ကြီးထွားလာသည့် အကြောင်းသည် ဤနေရာတွင် အဆုံးသတ်သည်။

သူ့ကို မည်သူက ပြောသနည်း
ထိုလူက ယေရှုအားပြောသည့် သတင်း၏ အသေးစိတ်ကို နားလည်ထားသည့်အတွက် ဤနေရာ၌ ပြန်မပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အမေနှင့်ညီအစ်ကိုများက သူ့ကိုစကားပြောချင်ကြကြောင်းယေရှုကိုပြောသည့်လူ"

မည်သူက ငါ့အမေ၊ မည်သူက ငါ့ညီအစ်ကိုများနည်း။
ယေရှုက ဤမေးခွန်းများကို လူများသင်ကြားရာတွင် သုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူများသည် ငါ၏အမေနှင့် ညီအစ်ကိုများ ဖြစ်သည်ကို သင့်အားငါပြောမည်"

ကြည့်ပါ
"ကြည့်ပါ" သည် ယေရှုပြောသည့်အရာကို အလေးနက်ပေးထားသည်။

ဒီမှာ ငါ့အမေနှင့်ညီများရှိသည်
ယေရှု တပည့်တော်များသည် ယေရှု၏ ဝိညာဉ် မိသားစုဝင်များ ဖြစ်ကြောင်းကို ဆိုလိုသည်။ ဤအရာသည် သူ၏ မိသားစုဝင်များထက် ပိုအရေးကြီးသည့်အရာဖြစ်သည်။

မည်သူမဆို
ယေရှု တပည့်တော်များသည် ယေရှု၏ ဝိညာဉ်မိသားစုဝင်များဖြစ်ကြောင်းကို ဆိုလိုသည်။ ဤအရာသည် သူ၏ မိသားစုထက် ပိုအရေးကြီးသည့်အရာဖြစ်သည်။

အဘ
ဘုရားသခင်၏ အရေးကြီးသည့် အမည်နာမဖြစ်သည်။

ထိုသူသည် ငါ့ညီ၊ ညီမနှင့် အမေဖြစ်သည်
ဘုရားသခင်ကို နာခံသောသူများသည် ယေရှု၏ ဝိညာဉ်ရေးမိသားစုဝင်များဖြစ်ကြောင်းကို တင်စားခြင်းဖြစ်သည်။ ဤအရာသည် သူ၏ မိသားစုဝင်များထက် ပိုအရေးကြီးသည့်အရာဖြစ်သည်။

---

## Translation Questions

### Matthew 12:1

တပည့်တော်တို့ မည်သို့ပြုကြသောကြောင့် ဖါရိရှဲတို့ကယေရှုကို တိုင်ကြားကြသနည်း။
တပည့်တော်တို့သည် ဥပုသ်နေ့၌ စပါးသီးနှံတို့ကို ခူး၍စားကြသဖြင့် ဥပုသ်နေ့၌မပြုအပ်သောဥပဒေသကို ချိုးဖေါက် သည်ဟု ဖါရိရှဲတို့က ယေရှုကိုတိုင်ကြားပါသည်။

### Matthew 12:5

မည်သူသည် ဗိမာန်တော်ထက်သာ၍ မြင့်မြတ်သည်ဟုယေရှုပြောသနည်း။
ယေရှုက ငါသည်ဗိမာန်တော်ထက်သာ၍ မြင့်မြတ်သည်ဟုပြောပါသည်။

### Matthew 12:7

လူသားဖြစ်သောယေရှု၌ မည်သည့်တန်ခိုးအာဏာရှိသနည်း။
လူသားဖြစ်သောယေရှု၌ ဥပုသ်နေ့ကိုအစိုးရသော တန်ခိုးအာဏာရှိပါသည်။

### Matthew 12:9

တရားစရပ်ရှိ လူအများရှေ့တွင် ဖါရိရှဲတို့ကယေရှုအားလက်တဖက်သေသောသူအကြောင်း ဘာမေးသနည်း။
ဖါရိရှဲတို့က ယေရှုအားဥပုသ်နေ့၌အနာရောဂါကိုပျောက်ကင်းစေအပ်သလောဟုမေးပါသည်။

### Matthew 12:11

ယေရှုကဥပုသ်နေ့တွင် ဘာလုပ်အပ်သည်ဟု ပြောသနည်း။
ယေရှုက ဥပုသ်နေ့တွင် ကောင်းသောအလုပ်ကို ပြုအပ်သည်ဟု ပြောပါသည်။

### Matthew 12:13

ယေရှုသည် လက်တဖက်သေသောသူအား ပျောက်ကင်းစေသည်ကို မြင်သည့်အခါ ဖါရိရှဲတို့သည် ဘာလုပ်ကြသနည်း။
ဖါရိရှဲတို့သည် အပြင်သို့ထွက်၍ ယေရှုအားမည်ကဲ့သို့ သတ်နိုင်ရန် တိုင်ပင်ကြပါသည်။

## Matthew 12:18

ယေရှုနှင့်ပတ်သက်၍ ဟေရှာယ၏နှုတ်ထွက်အရမည်သူသည်ဘုရားသခင်၏ တရားတော်ကိုကြားနာရပြီးယေရှု၌ စိတ်ချယုံကြည်မည်နည်း။
တပါးအမျိုးသားတို့သည်ဘုရားသခင်၏တရားတော်ကိုကြားနာရပြီး ယေရှု၌စိတ်ချယုံကြည်ကြမည်ဖြစ်ပါသည်။

## Matthew 12:19

ယေရှုနှင့်ပတ်သက်၍ဟေရှာယ၏နှုတ်ထွက်အရယေရှုသည်မည်သည့်တို့ကိုမလုပ်ဘဲနေသနည်း။
ယေရှုသည်ငြင်းခုန်ဟစ်ကြော်ခြင်း၊ အသံကျယ်လောင်စွာပြုခြင်း၊ နင်းနယ်သောကျူပြင်ကိုချိုးခြင်း၊ မီးခိုးများသောမီးစာကိုသတ်ခြင်းစသောအမှုတို့ကိုမလုပ်ဘဲနေပါသည်။

## Matthew 12:26

ဗေလဇေဗုလကိုအမှီပြု၍ နတ်ဆိုးကိုနှင်ထုတ်သည်ဟူသောစွပ်စွဲချက်နှင့်ပတ်သက်ပြီးယေရှုမည်ကဲ့သို့တုံ့ပြန်သနည်း။
စာတန်သည်စာတန်ကိုနှင်ထုတ်သည်မှန်လျှင်စာတန်နိုင်ငံမည်သို့ရပ်တည်နိုင်မည်နည်းဟုယေရှုကတုံ့ပြန်ပါသည်။

## Matthew 12:28

အကယ်၍သူသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်စာတန်ကိုနှင်ထုတ်လျှင် ဘာဖြစ်မည်ဟု ယေရှုကပြောသနည်း။
အကယ်၍သူသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်နတ်ဆိုးကိုနှင်ထုတ်လျှင် ဘုရားသခင်၏နိုင်ငံတော်သည်သူတို့အပေါ်၌ တည်လိမ့်မည်ဟု ယေရှုကပြောပါသည်။

## Matthew 12:31

မည်သည့်အပြစ်သည် ခွင့်မလွှတ်နိုင်သောအပြစ်ဖြစ်သည်ဟု ယေရှုကပြောသနည်း။
ခွင့်မလွှတ်နိုင်သောအပြစ်မှာ ဝိညာဉ်တော်ကိုကဲ့ရဲ့သော အပြစ်ဖြစ်သည်ဟု ယေရှုကပြောပါသည်။

## Matthew 12:33

မည်သည့်အပင်ဖြစ်ကြောင်း မည်သို့သိမည်နည်း။
အသီးအားဖြင့် အပင်၏သဘော ထင်ရှားသည် ဖြစ်၍ အသီးကောင်းလျှင် အပင်ကောင်းသည်။

## Matthew 12:36

ဖါရိရှဲတို့သည်မည်ကဲ့သို့ တရားစီရင်ခြင်းခံရမည်ဟု ယေရှုကပြောသနည်း။
ဖါရိရှဲတို့သည် မိမိတို့ပြောသောအကျိုးမဲ့သောစကားအားဖြင့် တရားစီရင်ခြင်းခံရမည်ဟု ယေရှုကပြောပါသည်။

## Matthew 12:38

ယေရှုကမည်သည့် နိမိတ်လက္ခဏာအားဖြင့် ထိုသူတို့အား ဖေါ်ပြမည်ဟု ပြောသနည်း။
ယေရှုက ယောန၏နိမိတ်လက္ခဏာကဲ့သို့ မြေကြီးထဲမှာသုံးရက်သုံးညနေရမည်ဟု ထိုသူတို့အား ပြောပါသည်။

## Matthew 12:41

မည်သူသည် ယောနထက်သာ၍မြတ်သည်ဟု ယေရှုကပြောသနည်း။
ယေရှုက ငါသည်ယောနထက်သာ၍မြတ်သည်ဟု ပြောပါသည်။

နိနေဝေပြည်သားတို့သည် ယေရှု၏လူမျိုးတော်ကိုအဘယ်ကြောင့်ပြစ်တင်ရှုတ်ချကြသနည်း။
နိနေဝေပြည်သားတို့သည် ယေရှု၏လူမျိုးတော်ကိုပြစ်တင်ရှုတ်ချကြပါသည်။
နိနေဝေပြည်သားတို့သည်ဘုရားသခင်၏စကားတော်မြွက်ကိုယောနမှတဆင့်နားထော ယေရှု၏လူမျိုးတော်မှာယောနထက်မြတ်သောယေရှု၏ စကားကိုနားမထောင်ကြသောကြောင့်ဖြစ်ပါသည်။

## Matthew 12:42

ရှောလမုန်မင်းကြီးထက်သာ၍မြတ်သောသူသည် မည်သူဖြစ်သည်ဟု ယေရှုကပြောသနည်း။
ယေရှုကငါသည် ရှောလမုန်မင်းကြီးထက်သာ၍မြတ်သည်ဟု ပြောပါသည်။

## Matthew 12:43

နတ်ဆိုးစွဲသူထံမှ နတ်ဆိုးသည်ထွက်သွားပြီးယေရှု၏လူမျိုးတော်တွင် ထိုသူကဲ့သို့ မည်သို့ဖြစ်စေလိမ့်မည်နည်း။
နတ်ဆိုးစွဲသူထံမှ နတ်ဆိုးသည်ထွက်သွားပြီး အခြားသောနတ်ဆိုးခုနစ်ယောက်ကို ထိုသူအထဲ၌ဝင်စေသဖြင့်၊ ထိုသူသည်ယခင်ကထက်သာ၍ ဆိုးညစ်သကဲ့သို့ယေရှု၏လူမျိုးတော်၌ ဖြစ်စေလိမ့်မည်။

## Matthew 12:48

ယေရှုကမည်သူသည် သူ၏ညီအစ်ကို၊ အစ်မ၊ မိခင်ဖြစ်သည်ဟုပြောသနည်း။
ယေရှုက ငါ့အဘ၏အလိုကို ဆောင်သောသူသည် သူ၏ညီအစ်ကို၊ အစ်မ၊ မိခင်ဖြစ်သည်ဟုပြောပါသည်။

## Chapter 13

1 ထိုနေ့၌ ယေရှုသည် အိမ်ကထွက်၍ အိုင်နားမှာထိုင်နေတော်မူသည်တွင်၊ 2 များစွာသောလူအပေါင်းတို့သည်
ကိုယ်တော်ကိုဝန်းရံ၍စုဝေးလျက်ရှိကြသောကြောင့်၊ လှေထဲသို့ဝင်၍ ထိုင်တော်မူ၏။ ပရိသတ်အပေါင်းတို့သည်
ကုန်းပေါ်မှာရပ်နေကြ၏။ 3 ထိုအခါ ဥပမာစကားများတို့ကို မြွက်ဆိုတော်မူသည်မှာ၊ မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကိုကြဲခြင်းငှါ
ထွက်သွား၏။ 4 အစေ့ကိုကြဲသည်တွင် အချို့သောအစေ့တို့သည် လမ်း၌ကျသဖြင့် ငှက်တို့သည်လာ၍ကောက်စား ကြ ၏။ 5
အချို့သောအစေ့တို့သည် မြေနည်း၍ ကျောက်ပေါ်များသောအရပ်၌ကျသဖြင့်၊ မြေတိမ်သောကြောင့်
ချက်ခြင်းအပင်ပေါက်သော်လည်း၊ 6 နေထွက်သောအခါ ပူလောင်သည်ဖြစ်၍အမြစ်မစွဲသောကြောင့် ညှိုးနွမ်းပျက်စီးခြင်းသို့
ရောက်ကြ၏။ 7 အချို့သောအစေ့တို့သည် ဆူးပင်တို့တွင်ကျသဖြင့်၊ ဆူးပင်တို့သည်ကြီးပွား၍ ညှဉ်းဆဲကြ၏။ 8
အချို့သောအစေ့တို့သည် ကောင်းသောမြေ၌ကျသဖြင့်၊ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆ တရာပွားများ၍ အသီးသီးကြ၏။
9 ကြားစရာနားရှိသောသူ မည်သည်ကားကြားပါစေဟု မိန့်တော်မူ၏။ 10 တပည့်တော်တို့သည် ချဉ်းကပ်လျက်၊ ကိုယ်တော်သည်
အဘယ်ကြောင့်ဥပမာကိုဆောင်၍ ဤလူတို့ အား ဟောပြောတော်မူသနည်းဟု မေးလျှောက်ကြလျှင်၊ 11 ကိုယ်တော်က၊ သင်တို့သည်
ကောင်းကင်နိုင်ငံတော်၏နက်နဲသော အရာတို့ကိုသိရသော အခွင့်ရှိကြ၏။ ထိုသူတို့မူကား အခွင့်မရှိကြ၊ 12 အကြင်သူသည်
ရတတ်၏။ ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါ ပေးဦးမည်။ အကြင်သူသည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင် နှုတ်လိမ့်မည်။ 13
ထိုကြောင့် သူတို့သည် မြင်လျက်မမြင်၊ ကြားလျက်မကြား၊ အနက်ကိုလည်း နားမလည်သောကြောင့် ဥပမာကိုဆောင်၍
ငါဟောပြော၏။ 14 ဟေရှာယဟောဘူးသောအနာဂတ်စကားဟူမူကား၊ သင်တို့သည် ကြားလျက်ပင် အနက်ကိုနားမလည် ဘဲ
ကြားကြလိမ့်မည်။ မြင်လျက်ပင် အာရုံမပြုဘဲမြင်ကြလိမ့်မည်။ 15 အကြောင်းမူကား၊ ဤလူမျိုးသည် မျက်စိမမြင်၊ နားမကြား၊
စိတ်နှလုံးမသိ၊ အကျင့်မပြောင်းလဲ၊ သူတို့ အနာရောဂါကို ငါမငြိမ်းစေရသည်တိုင်အောင်၊ သူတို့စိတ်နှလုံးသည်မိုက်လျက်၊
နားသည်ထိုင်းလျက်၊ ကိုယ် မျက်စိကိုပိတ်လျက်ရှိကြ၏ဟူသောစကားသည် ဤလူတို့၌ ပြည့်စုံခြင်းသို့ရောက်သတည်း။ 16
သင်တို့မျက်စိသည် မြင်သောကြောင့်မင်္ဂလာရှိ၏။ သင်တို့နားသည်လည်း ကြားသောကြောင့် မင်္ဂလာ ရှိ၏။ 17 ငါအမှန်ဆိုသည်ကား၊
သင်တို့ မြင်ရသောအရာတို့ကိုပရောဖက်များနှင့် ဖြောင့်မတ်သော သူများတို့သည် မြင်ခြင်းငှါအလိုရှိသော်လည်း မမြင်ရကြ။
သင်တို့ကြားရသောအရာတို့ကို ကြားခြင်းငှါ အလိုရှိသော်လည်း မကြားရကြ။ 18 မျိုးစေ့ကြဲသောသူ၏ဥပမာအနက်အဓိပ္ပာယ်ကို
နားထောင်ကြလော့။ 19 လမ်း၌ အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ နိုင်ငံတော်၏တရားစကားကိုကြား၍ နှလုံးမသွင်းသည်
ရှိသော်၊ နတ်ဆိုးလာ၍ နှလုံး၌ကြဲသောအစေ့ကို နှုတ်ယူတတ်သည်ဟု ဆိုလိုသတည်း။ 20 ကျောက်ပေါ်သောအရပ်၌
အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ ဝမ်းမြောက် သောစိတ်နှင့် ချက်ခြင်းခံယူသော်လည်း၊ 21 စိတ်နှလုံး၌
အမြစ်မစွဲခဏသာတည်သဖြင့်၊ တရားစကားကြောင့်အမှုအခင်းနှင့် ညှဉ်းဆဲခြင်းကို ခံရ သောအခါ ချက်ခြင်းဖောက်ပြန်တတ်သည်ဟု
ဆိုလိုသတည်း။ 22 ဆူးပင်တို့တွင် အစေ့ကိုကြဲခြင်းအကြောင်းအရာကား တရားစကားကိုကြား၍လောကီအမှု၌ စိုးရိမ်ခြင်း နှင့်
စည်းစိမ်ဥစ္စာ၏လှည့်စားခြင်းသည် တရားစကားကို လွှမ်းမိုးညှဉ်းဆဲတတ်သောကြောင့် အသီးမသီးနိုင်ဟု ဆိုလိုသတည်း။ 23
ကောင်းသောမြေ၌ အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ နှလုံးသွင်းသဖြင့်၊ အဆသုံးဆယ်၊
အဆခြောက်ဆယ်၊ အဆတရာပွားများ၍ အသီးသီးတတ်သည်ဟု ဆိုလိုသတည်းဟု မိန့်တော်မူ ၏။ 24 အခြားသော
ဥပမာစကားကိုမိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုး စေ့ကို လယ်၌ကြဲသောသူနှင့်တူ၏။ 25
လူတို့သည် အိပ်ပျော်သောအခါ သူ၏ရန်သူသည်လာ၍ကောင်းသောစပါးနှင့်လက္ခဏာတူသော တော မျိုးစေ့ကို စပါးအထဲ၌ကြဲ၍
သွားလေ၏။ 26 အပင်ပေါက်၍ အသီးအနှံထွက်သောအခါ၊ တောပင်များလည်းထင်ရှားလျှင်၊ 27 ကျွန်တို့သည် အိမ်ရှင်ထံသို့သွား၍
သခင်၊ ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည် မဟုတ် လော။ တောပင်တို့သည် အဘယ်ကဖြစ်သနည်းဟု လျှောက်ကြလျှင်၊
28 အိမ်ရှင်က ဤအမှုကား ရန်သူပြုသောအမှုတည်းဟု ဆို၏။ အကျွန်ုပ်တို့သည်သွား၍ တောပင်တို့ကို ရွေးနှုတ်စေခြင်းငှါ
အလိုတော်ရှိသလောဟု လျှောက်ကြလျှင်၊ 29 အိမ်ရှင်က ထိုသို့ငါအလိုမရှိ။ တောပင်တို့ကိုရွေးနှုတ်လျှင် စပါးပင်တို့ကိုရောနှော၍
နှုတ်မိမည် စိုးရိမ် စရာအကြောင်းရှိ၏။ 30 စပါးရိတ်သည်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ။
စပါးရိတ်သည်ကာလ ရောက်လျှင်၊ တောပင်တို့ကို ရှေ့ဦးစွာရွေးနှုတ်၍ မီးရှို့ခြင်းငှါစည်းနှောင်ကြလော့။ စပါးကိုကား ကျီ၌စုသိမ်း
သွင်းထားကြလော့ဟု ရိတ်သောသူတို့အား ငါစီရင်မည်ဟု အိမ်ရှင်ဆိုသည်ဟု မိန့်တော်မူ၏။ 31 အခြားသောဥပမာစကားကို
မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့်တူ၏။ 32 မုန်ညင်းစေ့သည်
အစေ့တကာတို့ထက် ငယ်သော်လည်း၊ ကြီးပွားသောအခါ မြက်ပင်တကာတို့ထက် ကြီးသဖြင့် မိုဃ်းကောင်းကင်ငှက်တို့သည်လာ၍
အကိုင်းအခက်တို့၌နားနေ မှီခိုလောက်သောအပင် ဖြစ်တတ် သည်ဟု မိန့်တော်မူ၏။ 33 အခြားသောဥပမာစကားကို
မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ မိန်းမသည် တဆေးကိုယူ၍
မုန့်ညက်သုံးတင်း၌ထည့်သဖြင့်၊ မုန့်ညက်ရှိသမျှကို ဖောင်းကြွစေတတ်သည်ဟု မိန့်တော်မူ၏။ 34 ယေရှုသည်
ဤဥပမာများတို့ကိုဆောင်၍ ပရိတ်သတ်များတို့အားဟောပြောတော်မူ၏။ ဥပမာကင်း၍ ဟောပြောတော်မမူ၊ 35 ထိုသို့သောအားဖြင့်
ပရောဖက်စကားဟူမူကား၊ ငါသည်နှုတ်ကိုဖွင့်၍ ဥပမာများကိုမြွက်ဆိုအံ့။ ကမ္ဘာဦးမှစ၍ ထိမ်ဝှက်သောအရာတို့ကိုဘော်ပြပေအံ့ဟု
ဟောဘူးသောစကားသည် ပြည့်စုံခြင်းသို့ ရောက် သတည်း။ 36 ထိုနောက်မှ ယေရှုသည် လူအစုအဝေးများကိုလွှတ်၍
အိမ်သို့ဝင်တော်မူပြီးမှ၊ တပည့်တော်တို့သည် ချဉ်းကပ်၍၊ လယ်၌ကြဲသောတောမျိုးစေ့၏ ဥပမာအနက်အဓိပ္ပါယ်ကို အကျွန်ုပ်တို့အား
ဘော်ပြတော်မူပါဟု လျှောက်ကြလျှင်၊ 37 ကိုယ်တော်က၊ ကောင်းသောမျိုးစေ့ကိုကြဲသောသူသည် လူသားဖြစ်၏။ 38 လယ်ကား
ဤလောကဖြစ်၏။ ကောင်းသောအစေ့ကား နိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကား နတ် ဆိုးသားဖြစ်၏။ 39
တောမျိုးစေ့ကိုကြဲသောရန်သူကား မာရ်နတ်ဖြစ်၏။ စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သော ကာလဖြစ်၏။
စပါးရိတ်သောသူကား ကောင်းကင်တမန်ဖြစ်၏။ 40 တောပင်တို့ကိုရွေးနှုတ်၍ မီးရှို့သကဲ့သို့ ဤကမ္ဘာအဆုံး၌ဖြစ်လတံ့။ 41

လူသားသည် မိမိကောင်းကင်တမန်တို့ကိုစေလွှတ်ပြီးလျှင်၊ မှားယွင်းစေသောသူတို့နှင့် မတရားသော အမှုကို ပြုသောသူရှိသမျှတို့ကို
နိုင်ငံတော်ထဲကရွေးနှုတ်၍၊ **42** ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖိုၓ်၌ချကြလတ့်။ **43** ထိုအခါ ဖြောင့်မတ်သောသူတို့သည်
နေထွန်းလင်းသကဲ့သို့ မိမိတို့အဘ၏နိုင်ငံတော်၌ ထွန်းလင်းကြ လတ့်။ ကြားစရာနားရှိသောသူသည် မည်သည်ကားကြားပါစေ။ **44**
တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာကိုတွေ့သောသူသည် တဖန် ဖုံးအုပ်၍၊
ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင်၊ ရတတ်သမျှကိုရောင်း၍ ထိုလယ်ကိုဝယ်တတ်၏။ **45** တနည်းကား၊
ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲတို့ကိုရှာသော ကုန်သည်နှင့်တူ၏။ **46** ထိုကုန်သည်သည်
အလွန်အဘိုးထိုက်သောပုလဲကိုတွေ့သောအခါ၊ သွား၍ မိမိ၌ရတတ်သမျှကို ရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။ **47** တနည်းကား၊
ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍ အမျိုးမျိုးသောငါးတို့ကို အုပ်မိသောပိုက် ကွန်နှင့်တူ၏။ **48** ငါးနှင့်အပြည့်ရှိသောအခါ
တံငါတို့သည် ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက်၊ ကောင်းသောငါးကို ခြင်း ထဲသို့ ရွေးချယ်ထည့်ထား၍၊ မကောင်းသောငါးကို
ပြင်သို့ပစ်လိုက်ကြ၏။ **49** ထိုနည်းတူ ကမ္ဘာအဆုံး၌ ကောင်းကင်တမန်တို့သည် ဆင်းလာပြီးလျှင်၊ ဖြောင့်မတ်သောသူတို့အထဲမှ
ဆိုးသောသူတို့ကို နှုတ်ယူခွဲထား၍၊ **50** ငိုးကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖိုၓ်၌ ချကြလတ့်။ **51** ဤအရာအလုံးစုံတို့ကို
သင်တို့သည် နားလည်ကြသလောဟု မေးတော်မူလျှင်၊ နားလည်ပါပြီသခင်ဟု တပည့်တော်တို့သည် လျှောက်ကြ၏။ **52**
ကိုယ်တော်ကလည်း၊ သို့ဖြစ်၍ ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာကို သင်ပြီးသောကျမ်းဆရာ မည်သည်ကား၊
မိမိဘဏ္ဍာထဲက အထူးထူးအပြားပြားသော အသစ်ဟောင်းတို့ကို ထုတ်ဘော်သောအိမ်ရှင်နှင့် တူသည်ဟု မိန့်တော်မူ၏။ **53**
ထိုဥပမာစကားများကို အကုန်အစင်မိန့်မြွက်တော်မူပြီးလျှင် ထိုအရပ်မှကြွသွားတော်မူ၏။ **54** ထိုနောက်မှ မိမိမြို့သို့ရောက်တော်မူ၍
တရားစရပ်၌ဆုံးမဩဝါဒပေးလေ၏။ မြို့သားတို့သည် မိန်း မောတွေဝေခြင်းရှိကြသဖြင့်၊ ဤသူသည် ဤပညာကိုဎင်း၊
ဤတန်ခိုးကိုဎင်း အဘယ်မှာရသနည်း။ **55** သူသည် လက်သမားသားမဟုတ်လော။ သူ့အမိကား မာရိအမည်ရှိသည်မဟုတ်လော။
သူ့ညီကား၊ ယာကုပ်၊ ယောသေ၊ ရှိမုန်၊ ယုဒဟုဆိုကြသည် မဟုတ်လော။ **56** သူ့နှမများတို့သည်လည်း
ငါတို့နှင့်အနီးအပါးနေကြသည်မဟုတ်လော။ သို့ဖြစ်လျှင် ဤသူသည် ဤ အရာများကို အဘယ်မှာရသနည်းဟု ပြောဆိုလျက်၊ **57**
စေတနာစိတ်ပျက်ကြ၏။ ယေရှုကလည်း၊ ပရောဖတ်သည် မိမိမြို့၊ မိမိအိမ်မှတပါး အခြားသောအရပ် ၌ အသရေရှိသည်ဟု
ထိုသူတို့အား မိန့်တော်မူ၏။ **58** မြို့သားများတို့သည် မယုံကြည်ကြသောကြောင့်၊ ထိုအရပ်၌ များစွာသောတန်ခိုးကို ပြတော်မမူ။

---

### Matthew 13:1

ယေဘုယျအချက်အလက်
ယေရှုက လူများကိုသင်ကြားရာတွင် ကောင်းကင်နိုင်ငံတော်နှင့် ပတ်သက်ပြီး ပုံဥပမာများ အသုံးပြု၍ သင်ကြားခြင်း အစပြုသည်။

ထိုနေ့၌
ရှေ့အခန်း၌ ဖြစ်သည့်အချိန်နှင့် တချိန်တည်းတွင် ဖြစ်ပျက်သည်။ (ရှု၊ [[rc://*/tw/bible/other/biblicaltimeday]])

ပင်လယ်နားသို့ ထိုင်သည်
လူများကို သင်ကြားရန် ထိုင်သည်ကို ဆိုလိုသည်။

အိမ်အပြင်
ယေရှုနေခဲ့သည့် အိမ်ကို ဆိုလိုခြင်း မဟုတ်ပါ။

သူက လှေထဲသို့ဝင်သည်
လူများသင်ကြားရန် လွယ်ကူသည့်အတွက် ယေရှုလှေထဲသို့ ဝင်သည်။

လှေ
သစ်သားနှင့် ပြုလုပ်ထားသည်၊ ငါးမြှားရန် သုံးသည့်လှေမျိုးဖြစ်သည်။

### Matthew 13:3

ဆက်စပ်မှုဖော်ပြချက်
မျိုးစေ့ကြဲသည့်လူ၏ ပုံဥပမာဖြင့် ကောင်းကင်နိုင်ငံတော်အကြောင်းကို ယေရှုက ပြောပြသည်။

ယေရှုက သူတို့ကို ပုံဥပမာများဖြင့် အများကြီးပြောပြသည်
"ယေရှုက ပုံဥပမာများဖြင့် သူတို့ကို အများကြီးပြောသည်"

သူတို့ကို
"လူအုပ်ထဲက လူများဆီသို့"

ကြည့်ပါ
"ကြည့်ပါ" "နားထောင်ပါ" ပြောထားသည့်အကြောင်းကို လူများက အာရုံစိုက်ကြရန် ဆွဲဆောင်ထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ငါပြောမည့်အရာအား အာရုံစိုက်ကြပါ"

လယ်သမားသည် မျိုးစေ့ကိုကြဲရန်သွားသည်
"လယ်သမားသည် လယ်ကွင်း၌ မျိုးစေ့ဖြန့်ရန် သွားသည်"

သူမျိုးကြဲသည့်အခါ
လယ်သမားက မျိုးစေ့ကို ဖြန့်နေသည့်အတွက်"

လမ်းဘေး၌
"လမ်း" သည် လယ်ကွင်းထဲက လမ်းကို ဆိုလိုသည်။ ထိုနေရာရှိမြေသည် လူများလမ်းလျှောက်ရန်အတွက် မာကြောနိုင်သည်။

သူတို့ကို ကိုက်စားသည်
"မျိုးစေ့အားလုံးကို စားသည်"

ကျောက်ပေါသောမြေ
မြေဆီလွှာလေးက အပေါ်မှာ ဖုံးထားပြီး ကျောက်ပေါသည့် မြေ

ရုတ်တရက် သူတို့အပင်ပေါက်လာကြသည်
"မျိုးစေ့က လျှင်မြန်စွာ အညှောက်ထွက်လာပြီး ကြီးထွား လာခြင်းကို ဆိုလိုသည်"


generated on Tue Mar 12 16:35:02 2024

သူတို့နေလောင်ခြင်းခံရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "နေက အပင်များကိုလောင်သည့်အတွက် သူတို့ပူလာသည်"

သူတို့က ညှိုးနွမ်းပျက်စီးကြသည်
"အပင်များ ခြောက်သွေ့လာပြီး သေကြသည်"

**Matthew 13:7**

ဆက်စပ်မှုဖော်ပြချက်
မျိုးကြဲသည့် လူ၏ ပုံဥပမာပြောပြချက်ကို ယေရှုက အဆုံးသတ်သည်။

ဆူးပင်များကြားတွင်ကျသည်
"ဆူးပင်များ ကြီးထွားသည့် နေရာတွင် ကျသည်"

သူတို့ကိုညှဉ်းဆဲကြသည်
"အညှောက်ထွက်သစ်စများကို ညှပ်ထားသည်" အပင်များမကြီးထွားနိုင်ရန် မြက်ပင်များက ညှပ်ထားသည်ကို သင့်စကားဖြင့် ဖော်ပြပါ။

စပါးကိုထုတ်လုပ်သည်
"သီးနှံကို ထုတ်လုပ်သည်" သို့မဟုတ် "မျိုးစေ့များစွာကြီးထွားသည်"

တချို့က အဆတစ်ရာ၊ တစ်ချို့က အဆခြောက်ဆယ်၊ တချို့ကအဆသုံးဆယ်
UDB ၌ရေးထားသည့်အတိုင်း နားလည်ဖို့ ရှင်းလင်းစွာရေးရန်ဖြစ်သည်။

တစ်ရာ....ခြောက်ဆယ်...သုံးဆယ်
"၁၀၀...၆၀...၃၀"

နားရှိသောသူ
လူတိုင်းက နားထောင်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုနားထောင်သည့်လူတိုင်း" 11:13 ၌ မည်သို့ပြန်သည်ကို ပြန်ကြည့်နိုင်သည်။

သူ့ကိုနားထောင်ခိုင်းပါ
"နားထောင်ပါ" သည် အာရုံစိုက်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောမည့်အရာ အပေါ် ဂရုစိုက်စွာ နားထောင်ပါ" 11:13 ၌ မည်သို့ပြန်သည်ကို ပြန်ကြည့်နိုင်သည်။

**Matthew 13:10**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဘာ့ကြောင့် ပုံဥပမာများနှင့် သူ့တပည့်များအား သင်ကြားသည့်အကြောင်းကို ရှင်းပြသည်။

သူတို့ကို
တပည့်တော်များကို ရည်ညွှန်းသည်။

ကောင်းကင်နိုင်ငံတော်၏ လျှို့ဝှက်ချက်ကို သင်တို့နားလည်ခွင့်ရကြသည်၊ သို့သော် သူတို့ကိုတော့ နားလည်ခွင့်မပေး။
အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်နိုင်ငံတော်၏ လျှို့ဝှက်ချက်ကို သင်တို့အား ဘုရားသခင်က နားလည်ခွင့်ပေးသည်၊ သို့သော် ဤလူများအား ဘုရားသခင်က နားလည်ခွင့်မပေး" သို့မဟုတ် "ကောင်းကင်နိုင်ငံတော်၏ လျှို့ဝှက်ချက်ကို ဘုရားသခင်က သင်တို့အား နားလည်နိုင်ခွင့်ပေးသည်၊ သို့သော် ဤလူများကို ဘုရားသခင်က နားလည်ခွင့်မပေးပေ"

သင်တို့
တပည့်တော်များကို ရည်ညွှန်းသည့် အများကိန်းဖြစ်သည်။

ကောင်းကင်နိုင်ငံတော်၏လျှို့ဝှက်ချက်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" သည် ရှင်မဿဲခရစ်ဝင်တွင်သာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ကို ထပ်သုံးပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ကောင်းကင်ဘုံရှိ ဘုရားနှင့် သူ့အုပ်ချုပ်မှု၏ လျှို့ဝှက်ချက်အကြောင်း"

ရှိသူတိုင်း
"နားလည်သူ မည်သူမဆို" သို့မဟုတ် "ငါ သင်ကြားချက်ကို ရရှိသူတိုင်း"

ထပ်၍ပေးလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကို ပို၍ နားလည်နိုင်မှုကို ပေးမည်"

မရှိသူတိုင်း
"နားမလည်သောသူတိုင်း" သို့မဟုတ် "ငါ၏ သင်ကြားချက်ကို မရရှိသောသူတိုင်း"

သူ၌ရှိသမျှကိုပင် နှုတ်ယူဦးမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ၌ ရှိသည့်အရာကိုတောင် ဘုရားသခင်က နှုတ်ယူသွားမည်"

**Matthew 13:13**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဘာ့ကြောင့် ပုံဥပမာများနှင့် သူတို့ကို သင်ပြသည့်အကြောင်း ရှင်းပြနေသည်။

ယေဘုယျအချက်အလက်
အပိုဒ် (၁၄) ၌ ယေရှု၏ သင်ကြားချက်၌ ပရောဖက်ပြုချက်ပြည့်စုံလာမှုကို လူတို့ နားမလည်နိုင်ကြသည်ကို ပရောဖက်ဟေရှာယအား ပြန်ကိုးကားပြီး ယေရှုက ပြောပြသည်။

သူတို့မြင်ကြသော်လည်း၊ အမှန်မမြင်ကြ။ သူတို့ကြားကြသော်လည်း၊ အမှန်မကြားက၊ အနက်ကိုနားမလည်ကြပါ
လူအုပ်က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်ရန် ငြင်းဆိုနေကြသည့် တပည့်တော်များကို ဤယှဉ်တွဲဖော်ပြချက်ဖြင့် ယေရှုက အလေးနက်ပေးဖော်ပြသည်။

သူတို့မြင်ကြသော်လည်း၊ အမှန်မမြင်ကြ၊
ဒုတိယမြောက် "မြင်" သည် နားလည်မှုကို ဆိုလိုသည်။ လူများက မည်သည့်အရာကို မြင်ကြမည့်အကြောင်း ဖော်ပြပါက ကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါလုပ်သည့်အရာကို သင်တို့မြင်သော်လည်း၊ သူတို့ကို သင်တို့ နားမလည်ကြ"

သူတို့ကြားကြသော်လည်း၊ အမှန်မကြားက၊ အနက်ကိုနားမလည်ကြပါ
လူများက မည်သည့်အရာကို ကြားကြမည့်အကြောင်း ဖော်ပြပါကကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသည့်အရာကို သင်တို့ကြားသော်လည်း၊ ငါ၏ ဆိုလိုရင်းကို သင်တို့ နားမလည်ကြ"

သူတို့ထံသို့ ပရောဖက်ဟေရှာယ၏ပရောဖက်ပြုချက်သည် ပြည့်စုံသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးခေတ်က ပရောဖက်ဟေရှာယမှတဆင့် ဘုရားပြောခဲ့သည့်အရာကို သူတို့က ပြည့်စုံစေကြသည်"

ကြားလျက်ပင် အနက်ကို သင်တို့နားလည်ကြမည်မဟုတ်။ သင်တို့သည်မြင်လျက်ပင် အာရုံမပြုဘဲမြင်ကြလိမ့်မည်။
ပရောဖက်ဟေရှာယက ဟေရှာယခေတ် မယုံကြည်သည့်လူများအကြောင်းကို ပြန်ကိုးကား၍ အစပြုသည်။ ဤအရာကို အသုံးပြုပြီး ယေရှုက သူ့ကို နားထောင်နေကြသည့် လူအုပ်ကြီးကို ပြောသည်။ ဤအပိုဒ်က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ငြင်းဆန်သည့်လူများကို အလေးနက်ပြုသည်။

ကြားလျက်ပင် အနက်ကို သင်တို့နားလည်ကြမည်မဟုတ်။
"သင်တို့ကြားသော်လည်း၊ သင်တို့နားလည်ကြမည်မဟုတ်" လူများက မည်သည့်အရာကို မြင်ကြမည့်အကြောင်း ဖော်ပြပါက ကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များမှတဆင့်ဘုရားသခင်ပြုခဲ့သည့်အရာကို သင်တို့ကြားကြမည်၊ သို့သော် နားလည်ကြမည် မဟုတ်"

သင်တို့သည်မြင်လျက်ပင် အာရုံမပြုဘဲမြင်ကြလိမ့်မည်
လူများက မည်သည့်အရာကို မြင်ကြမည့်အကြောင်း ဖော်ပြပါက ကောင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များမှတဆင့်ဘုရားသခင်ပြုခဲ့သည့်အရာကို သင်တို့မြင်ကြမည်၊ သို့သော် နားလည်ကြမည်မဟုတ်"

## Matthew 13:15

ဆက်စပ်မှုဖော်ပြချက်
ပရောဖက်ဟေရှာယ ကိုးကားချက်ကို ယေရှုက အဆုံးသတ်သည်။

ဤလူတို့၏နှလုံး...သူတို့ကို ငါကုသမည်
13:15 ၌ ကုသရေလလူတို့သည် သူတို့ကိုမမြင်နိုင်၊ မကြားနိုင်၊ မသင်ယူနိုင်အောင်ဖြစ်စေသည့် အရာရှိသည်ဟု ဘုရားက ဖော်ပြထားသည်။ ဘုရားသခင်က သူတို့ကို ကုသရန် သူ့ဆီလာကြဖို့ အလိုရှိသည်။ ဤအရာအားလုံးသည် သူတို့၏ ဝိညာဉ်ရေး အခြေအနေကို ဖော်ပြသည့် တင်စားချက်များဖြစ်သည်။ လူတို့သည် ဘုရားသခင် ၏ နှုတ်ကပတ်တော်ကို လက်ခံဖို့နှင့် နားလည်ဖို့ရန် ခေါင်းမာပြီး ငြင်းဆန်နေကြသည်ကို ဆိုလိုသည်။ သူတို့လိုချင်ကြပါက နောင်တရပြီး ဘုရားသခင်ကသူတို့ကို ခွင့်လွှတ်လျက် သူ့လူများအဖြစ် နောက်တဖန်လက်ခံမည်ဖြစ်သည်။ ဆိုလိုရင်း ရှင်းလင်းလျှင် တင်စားချက်ကို ဤအတိုင်းပြန်သုံးပါ။

ဤလူတို့၏နှလုံးတို့သည် မိုက်သည်
"နှလုံး" သည် စိတ်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူတို့၏ စိတ်များက သင်ယူရန် နှေးကွေးကြသည်" သို့မဟုတ် "ဤလူတို့က မသင်ယူနိုင်ကြတော့ပါ"

သူတို့နားကြားရန် ခက်ခဲသည်
သူတို့ နားလေးသည်မဟုတ်ပါ။ "ကြားရန် ခက်ခဲသည်" သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ယူပြီး နားထောင်ရန် ငြင်းဆန်ကြသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့နားထောင်ဖို့ရန် သူတို့နားများကို အသုံးမပြုလိုကြ"

သူတို့မျက်စိများကိုပိတ်ထားကြသည်
သူတို့မျက်စိအမှန် ပိတ်ကြသည်မဟုတ်ပါ။ နားလည်ဖို့ သူတို့ ငြင်းဆန်နေကြသည်ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့မြင်ဖို့ သူတို့မျက်စိ အသုံးပြုရန် ငြင်းဆန်ကြသည်"

သူတို့မျက်စိဖြင့် မမြင်၊ သူတို့နားဖြင့်မကြား၊ သူတို့နှလုံးဖြင့် နားမလည်ကြသောကြောင့် သူတို့နောက်မလှည့်ကြ
"သူတို့ မျက်စိများဖြင့် မမြင်နိုင်ကြ၊ သူတို့ နားဖြင့်မကြား၊ သူတို့ နှလုံးဖြင့် နားမလည်ကြသောကြောင့် နောက်သို့ပြန်မလှည့်ကြ"

ပြည်လှည့်သည်
"ငါ့ထံသို့ ပြန်လှည့်လာသည်" သို့မဟုတ် "နောင်တရသည်"

သူတို့ကို ငါကုသမည်
"သူတို့ကို ကုသသည်" ဘုရားသခင်က သူတို့ကို ဝိညာဉ်အရာ ကုသဖို့ သူတို့၏ အပြစ်များကို ခွင့်လွှတ်ပြီး သူ့လူများအဖြစ် ပြန်လက်ခံရန် ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ပြန်လက်ခံသည်"

## Matthew 13:16

ဆက်စပ်မှုဖော်ပြချက်
သူ့တပည့်တော်များအား ပုံဥပမာများနှင့်တကွ သင်ကြားပေးသည့်အကြောင်း ရှင်းပြမှုကို ယေရှုက အဆုံးသတ်သည်။

သင်တို့မြင်သည့်အရာကြောင့် သင်တို့ကောင်းကြီးခံစားကြသည်။ သင်တို့ကြားသည့်အရာကို သူတို့ကြားခြင်းငှာ
ဤစကားစုနှစ်ခုစလုံး၏ ဆိုလိုရင်းက အတူတူဖြစ်သည်။ ယေရှု လုပ်ခဲ့သည့်အရာ၊ ပြောခဲ့သည့်အရာကို သူတို့က ယုံကြည်ကြသည့်အတွက် ဘုရားသခင်ကို ဝမ်းသာစေကြ သည်ကို ယေရှုက အလေးအနက်ပေးထားသည်။

သင်တို့မြင်သည့်အရာကြောင့် သင်တို့ကောင်းကြီးခံစားကြသည်
"မျက်စိများ" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ မျက်စိများက မြင်နိုင်သည့်အတွက် သင်တို့ကောင်းကြီးခံစားကြသည်"

သင်တို့၏...သင်တို့
ဤစာလုံးအားလုံးသည် တပည့်တော်များကို ဆိုလိုသည့် အများကိန်းများ ဖြစ်ကြသည်။

သင်တို့ကြားသည့်အရာကို သူတို့ကြားခြင်းငှာ
"နားများ" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ ဆိုလိုရင်းကို ရှင်းလင်းစွာ ဖော်ပြရန်လိုမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ နားသည် ကြားနိုင်သည့်အတွက် သင်တို့သည် ကောင်းကြီးခံစားကြ၏"

သင့်ကို ငါအမှန်ပြောသည်
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာ ကို အလေးနက်ပေးသည်။

သင်မြင်သည့်အရာ
သူတို့မြင်သည့်အရာကို သင်ဖော်ပြရန် လိုအပ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသည့် သင်တို့မြင်သည့်အရာ"


generated on Tue Mar 12 16:35:02 2024

သင်ကြားသည့်အရာ
သူတို့ကြားသည့်အရာကို သင်ဖော်ပြရန် လိုအပ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသည့် သင်တို့ကြားသည့်အရာ"

**Matthew 13:18**

ဆက်စပ်မှုဖော်ပြချက်
13:3 ၌စတင်ခဲ့သည့် မျိုးစေ့ကြဲသည့်ပုံဥပမာကို သူတပည့်များအား ယေရှုက စတင်ရှင်းပြနေသည်။

နိုင်ငံတော်၏ တရားစကား
"စကား" သည် နှုတ်ကပတ်တော်ကို ဆိုလိုသည်။ "နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်မည့် အကြောင်း နှုတ်ကပတ်တော်"

နတ်ဆိုးသည်လာ၍ သူ့စိတ်နှလုံးထဲ၌ ပျိုးထားသည့်အရာကို လုယက်သွားသည်
စာတန်က လူတစ်ယောက်က သူကြားသည့်အရာကို ပြန်မေးစေသည်ကို ယေရှုက မြေပေါ်ရှိ မျိုးစေ့ကို လုယက်သည့်ဟန်ဖြင့် ပြောထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငှက်ကမြေပေါ်က မျိုးစေ့ကို လုယက်သည့်အလား စာတန်သည် သူကြားပြီးသောအရာကို မေ့အောင်ဖြစ်စေသည်"

နတ်ဆိုး
စာတန်ကို ဆိုလိုသည်။

လုယက်သည်
အမှန်အကန် ပိုင်ဆိုင်သည်အရာကို တစ်ယောက်ယောက်က လုယက်သည့်စာလုံးဖြင့် ဖော်ပြရန်ဖြစ်သည်။

သူ့စိတ်နှလုံးထဲ၌ကြဲထားသည့်အရာ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့စိတ်နှလုံးထဲ၌ စိုက်ပျိုးထားသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်" သို့မဟုတ် "သူကြားခဲ့သည့် နှုတ်ကပတ်တော်"

သူ့စိတ်နှလုံးထဲ၌
"စိတ်နှလုံး" သည် ကြားနာသူ၏ စိတ်ကို ဆိုလိုသည်။

လမ်းဘေး၌ကြဲထားသည့် မျိုးစေ့ဖြစ်သည်
"လမ်းဘေး၌ ကြဲထားသည် မျိုးစေ့၏ အဓိပ္ပါယ်ဖြစ်သည်" သို့မဟုတ် "မျိုးစေ့ကြဲထားသည့် လမ်းသည် လူကို ကိုယ်စားပြုသည်"

လမ်းဘေး
13:3 ၌ ရေးသည့်အတိုင်း ပြန်ရေးရန်ဖြစ်သည်။

**Matthew 13:20**

ဆက်စပ်မှုဖော်ပြချက်
မျိုးစေ့ကြဲသည့်လူ ပုံဥပမာအကြောင်းကို သူတပည့်များအား ယေရှုက ဆက်ပြောပြနေသည်။

ကျောက်ပေါသည့် နေရာတွင် ကြဲထားသည့်အရာ
"ကြဲထားသည့်အရာ" သည် ကျသွားသည့် မျိုးစေ့ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကျောက်ပေါသည့် နေရာတွင် ကျသွားသည့် မျိုးစေ့"

ကျောက်ပေါသည့် နေရာတွင် ကြဲသည့်အရာ
"မျိုးစေ့ကြဲထားသော ကျောက်ပေါသည့်နေရာသည်"

နှုတ်ကပတ်တော်ကို ကြားသောသူ
ပုံဥပမာ၌ မျိုးစေ့သည် နှုတ်ကပတ်တော်ကို ကိုယ်စားပြုသည်။

နှုတ်ကပတ်တော်
ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နှုတ်ကပတ်တော်" သို့မဟုတ် "ဘုရားသခင်၏ သင်ကြားချက်"

ဝမ်းမြောက်ခြင်းနဲ့လက်ခံသည်
နှုတ်ကပတ်တော် ယုံကြည်သည်ကို တစ်ခဏလက်ခံသည်ဟု ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဝမ်းသာစွာ ယုံကြည်လက်ခံသည်"

သူ၌ အမြစ်မစွဲသေးသည့်အတွက် ခဏသာခံရသည်
"အမြစ်သည် နက်စွာ မတွယ်သဖြင့် ခဏသာ ခံသည်" အမြစ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ စွဲမြဲနေမှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အမြစ်မစွဲသည့် အပင်ကဲ့သို့ ခဏသာ ခံသည်"

လျှင်မြန်စွာ ဖောက်ပြန်သည်
"ကျသွား" သည် ယုံကြည်ခြင်း ရပ်တန့်သည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရုတ်တ ရက် ဖောက်ပြန်သည်" သို့မဟုတ် "သူ ယုံကြည်ထားသည့်အရာမှ ချက်ခြင်း ရပ်တန့်သည်"

**Matthew 13:22**

ဆက်စပ်မှုဖော်ပြချက်
မျိုးစေ့ကြဲသည့်လူ ပုံဥပမာအကြောင်းကို သူတပည့်များအား ယေရှုက ဆက်ပြောပြနေသည်။

ကြဲထားသည့်အရာ
ကြဲထားသည့်မျိုးစေ့ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကြဲထားသည့်မျို့စေ့" သို့မဟုတ် "ကျသွားသည့် မျိုးစေ့"

ဆူးပင်များကြား၌ ကြဲထားသည့်အရာ
"ဆူးပင်များရှိသည် မြေ၌ မျိုးစေ့ကြဲထားသည်"

ဤလူဖြစ်သည်
"ဤ" က ထိုပုဂ္ဂိုလ်ကို ကိုယ်စားပြုသည်။

စကား
"စကား" သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နှုတ်ကပတ်တော်" သို့မဟုတ် "ဘုရားသခင်၏ သင်ကြားမှု"

လောကီအမှုကို စိုးရိမ်ပြီး စည်းစိမ်ဥစ္စာ၏ လှည့်ဖျားခြင်း
လောကီအမှုကို စိုးရိမ်ပြီး စည်းစိမ်ဥစ္စာ၏လှည့်ဖျားခြင်းတို့သည် လူကို ဘုရားနှုတ်ကပတ်တော် မနာခံရန် နှောက်ယှက်သည်ဖြစ်သည်။ ပေါင်းပင်တို့သည် မျိုးပင်နားမှာပေါက်ကြပြီး လေသည်လည်း မျိုးပင်မကြီးထွားလာအောင် နှောက်ယှက်ပေးမှုနှင့် ယေရှုက ခိုင်းနှိုင်းထား သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပေါင်းပင်များက မျိုးပင်ကို မကြီးထွားလာအောင်

 

နှောက်ယှက်သကဲ့သို့၊ လောကီအမှုကို စိုးရိမ်ပြီး စည်းစိမ်ဥစ္စာ၏လှည့်ဖြားခြင်းများကြောင့် ထိုလူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နားထောင်ရန် အခွင့်မရခဲ့ပါ"

လောကကို ဂရုစိုက်သည်
"လူတွေက စိုးရိမ်ကြသည့် ဤလောကအရာများ"

စည်းစိမ်ဥစ္စာ၏ လှည့်ဖြားခြင်း
"ချမ်းသာမှု" ကို လှည့်စားနိုင်သော လူပုဂ္ဂိုလ်အဖြစ်ယေရှုက ဖော်ပြထားသည်။ လူတို့က ပိုက်ဆံပိုရှိရင် ပျော်ရွှင်ခြင်းရမည်ဟု ထင်ကြသော်လည်း မရကြသည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငွေကို ချစ်ခြင်း"

အသီး မသီး
လူကို အပင်ကဲ့သို့ခိုင်းပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ်သီးများကို မထုတ်လုပ်သည့် မကျန်းမာသော အပင်" သို့မဟုတ် "ဘုရားသခင် လိုချင်သည့် အရာကို သူမလုပ်ပါ"

မြေဆီလွှာကောင်း၌ ကြဲထားသည့်မျိုးစေ့
"မျိုးစေ့များကြဲထားသည့်နေရာ ကောင်းသောမြေဆီလွှာ"

အသီးသီးလျက် သီးနှံကိုထုတ်သည်
လူကို အပင်ကဲ့သို့ ခိုင်းပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ်သီးများကို သီးပြီး ထုတ်လုပ်သည့် ကျန်းမာသောအပင်"

တချို့က အဆတစ်ရာ၊ တစ်ချို့က ခြောက်ဆယ်၊ တချို့ကသုံးဆယ်တိုးပွားသည်
"များသလောက် စိုက်ထားသည့်အပင်" သည် ပမာဏအတိုင်း တိုးပွားလာပါသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "များသလောက်စိုက်ပျိုးလျှင် တချို့က အဆ ၁၀၀ ထိ၊ တချို့က အဆ၆၀ ထိ၊ တချို့က အဆ ၃၀ ထိ ထုတ်လုပ်ကြသည်"။ 13:7 ၌ မည်သို့ရေးသည်ကို ကြည့်ရှုနိုင်ပါသည်။

## Matthew 13:24

ဆက်စပ်မှုဖော်ပြချက်
ကောင်းကင်နိုင်ငံတော်သည် လယ်ကွင်း၌ ပေါင်းပင်နှင့် မျိုးပင် နှစ်ခုစလုံးကြီးထွားလာသည့် ပုံဥပမာဖြင့် ယေရှုက ဖော်ပြထားသည်။

ကောင်းကင်နိုင်ငံတော်သည် လူနှင့်တူသည်
ကောင်းကင်နိုင်ငံတော်ကို လူနှင့်တူညီသည်ဟု ဘာသာမပြန်သင့်ပါ။ ထိုပုံဥပမာထဲရှိ လူ၏ အခြေအနေနှင့် တူသည်ဟုသာ ဘာသာပြန်နိုင်သည်။

ကောင်းကင်နိုင်ငံတော်သည်တူသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မဿဲကသာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ လာသည့်အချိန်တွင်"

ကောင်းသောမျိုးစေ့
"ကောင်းသောမျိုးစေ့" ပရိသတ်များက ဂျုံအကြောင်းကိုပြောသည်ဟု ယေရှုကို ထင်ကြသည်"

သူ့ရန်သူများလာသည်
"သူ့ရန်သူများ လယ်ကွင်းထဲအထိ လာကြသည်"

ပေါင်းပင်များ
ဤပေါင်းပင်များသည် ငယ်ရွယ်ချိန်တွင် မျိုးပင်များနှင့်တူသော်လည်း သီးလာသည့်အခါ အဆိပ်ကို သီးလျက်ရှိသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆိုးသောမျိုးစေ့" သို့မဟုတ် "ပေါင်း မျိုးစေ့" (UDB)

အပင်ပေါက်လာသည့်အခါ
"ဂျုံသည် အညောက်ထွက်လာသည့်အခါ" သို့မဟုတ် "အပင်များ ထွက်လာသည့်အခါ"

အသီးအနှံထုတ်လုပ်သည်
"အသီးအနှံ ထုတ်လုပ်သည်" သို့မဟုတ် "ဂျုံထုတ်လုပ်သည်"

ပေါင်းပင်များလည်း ပေါ်လာကြသည်
"လယ်ကွင်း၌ ပေါင်းပင်များကိုလည်း လူတို့က မြင်နိုင်ကြသည်"

## Matthew 13:27

ဆက်စပ်မှုဖော်ပြချက်
ပေါင်းပင်နှင့် မျိုးပင် နှစ်ခုစလုံးကြီးထွားလာသည့် လယ်ကွင်းပုံဥပမာအကြောင်းကို ယေရှုက ဆက်ပြောနေသည်။

မြေပိုင်ရှင်
သူ့လယ်ကွင်း၌ ကောင်းသောမျိုးစေ့များကို ကြဲသည့် သူသာဖြစ်သည်။

သင့်လယ်ကွင်း၌ မျိုးစေ့ကောင်းကိုသာ ကြဲသည့်မဟုတ်လော။
ကျွန်များက သူတို့အံ့ဩသည့်နေဖြင့် ဤမေးခွန်းကိုမေးကြခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်လယ်ကွင်း၌ မျိုးစေ့ကောင်းများသာ ကြဲသည်"

သင်ကြဲသည် မဟုတ်လော
မြေပိုင်ရှင်က ကျွန်များကို မျိုးစေ့များ ပျိုးခိုင်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ပျိုးသည်"

သူက သူတို့ကိုပြောသည်
"မြေပိုင်ရှင်က ကျွန်များကို ပြောသည်"

ထို့ကြောင့် ငါတို့ကို လိုချင်သလော
"ငါတို့ကို" သည် ကျွန်များကို ဆိုလိုသည်။

## Matthew 13:29

ဆက်စပ်မှုဖော်ပြချက်
ပေါင်းပင်နှင့် မျိုးပင်နှစ်ခုစလုံးကြီးထွားလာသည့် လယ်ကွင်းပုံဥပမာအကြောင်းကို ယေရှုက ဆက်ပြောနေသည်။

မြေပိုင်ရှင်ကပြောသည်
"မြေပိုင်ရှင်က ကျွန်များကို ပြောသည်"

ရိတ်သိမ်းသူများကို၊ "ရှေးဦးစွာတောပင်တို့ကိုနှုတ်၍ ချည်လော့။ ပြီးမှ မီးဖြင့်ရှို့ပါ၊ သို့သော် ဂျုံများကို စပါးကျီထဲသို့စုသိမ်းပါ" ဟုငါပြောမည်
သွယ်ဝိုက်စကားပြောအဖြစ် ဘာသာပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရိတ်သိမ်းသူများကို ရှေးဦးစွာတောပင်တို့ကို နှုတ်၍ ချည်လော့၊ ပြီးမှ မီးဖြင့် ရှို့ပါ၊ သို့သော် ဂျုံများကို စပါးကျီထဲသို့ စုသိမ်းပါ" ဟုငါပြောမည်"

 generated on Tue Mar 12 16:35:02 2024

စပါးကျီ
သီးနှံများကို သိုလှောင်နိုင်သည့် ယာထဲကအဆောက်အအုံ ဟုခေါ်သည်။

**Matthew 13:31**

ဆက်စပ်မှုဖော်ပြချက်
အပင်အကြီးကြီးဖြင့် ကြီးလာသည့် မျိုးစေ့ငယ်လေးအကြောင်း ပုံဥပမာဖြင့် ကောင်းကင်နိုင်ငံတော်ကို ယေရှု က ဖော်ပြနေသည်။

ကောင်းကင်နိုင်ငံတော်သည် ... တူသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကိုဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မဿဲကသာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ ပြန်လာသည့်အချိန်"

မုန်ညင်းစေ့
အပင်ကြီးကြီးဖြင့် ကြီးထွားလာသည့် အသေးငယ်ဆုံးသော မျိုးစေ့

ဤမျိုးစေ့သည် အမှန်တခြားမျိုးစေ့များထက် အသေးဆုံးသောမျိုးစေ့ဖြစ်သည်
ပရိသတ်များက မုန်ညင်းစေ့သည် အသေးဆုံးသောမျိုးစေ့ဟု သိကြသည်။

ကြီးထွားလာပြီးသည့်အခါ
"အပင်သည် ကြီးထွားလာသည့်အခါ"

ကြီးထွားသည်
"ထက်ကြီးသည်"

သစ်ပင်ဖြစ်လာသည်
မုန်ညင်းပင်သည် ၂-၄ မီတာအထိ ကြီးထွားနိုင်သည်။

ကောင်းကင်ကငှက်များ
"ငှက်များ"

**Matthew 13:33**

ဆက်စပ်မှုဖော်ပြချက်
တဆေးရဲ့ မုန့်ညက်အပေါ် သက်ရောက်မှု ပုံဥပမာဖြင့် ကောင်းကင်နိုင်ငံတော်ကို ယေရှုက ဖော်ပြသည်။

ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူသည်
ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်မတူပါ။ သို့သော် ကောင်းကင်နိုင်ငံတော် ကျယ်ပြန့်ပုံသည် တဆေးကျယ်ပြန့်ပုံနှင့် တူသည်။

ကောင်းကင်နိုင်ငံတော်သည် တူသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကိုဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မဿဲကသာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ ပြန်လာသည့်အချိန်" 13:24 ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

မုန့်ညက်သုံးတင်း
"မုန့်ညက် အများအပြား" ဟုပြောနိုင်သည်။ သင်တို့သုံးလေ့ရှိသည့် ပမာဏဖြင့် ဖော်ပြနိုင်သည်။

မုန့်ညက်ရှိသမျှ ဖောင်းကြွလာသည်
တဆေးနှင့် မုန့်ညက်သုံးတင်းကို မုန့်ဖုတ်ရန်အတွက် ရောစပ်ထားသည်ကို ဖော်ပြသည်။

**Matthew 13:34**

ယေဘုယျအချက်အလက်
စာရေးသူက ဆာလံကျမ်းကို ကိုးကားပြီး ယေရှုက ပုံဥပမာများဖြင့် သင်ပေးသည်မှာ ပရောဖက်ပြုချက် ပြည့်စုံစေကြောင်း ပြသသည်။

ဤအရာအားလုံးကို ယေရှုက လူအုပ်အား ပုံဥပမာများဖြင့် ပြောသည်။ ပုံဥပမာမပါဘဲ သူတို့ကို ဘာမှသူမပြော။
ဝါကျနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ယေရှုက လူအုပ်များကို ပုံဥပမာများဖြင့်သာ သင်ပေးသည်ကို အလေးနက်ပေးထားချင်သည့်အတွက် ပေါင်းသုံးခြင်း ဖြစ်သည်။

ဤအရာအားလုံး
13:1 ၌စသည့် ယေရှု သင်ပေးသည့်အရာကို ဆိုလိုသည်။

ပုံဥပမာမပါဘဲ သူတို့ကို ဘာမှသူမပြော
"ပုံဥပမာများမှတပါး သူတို့ကို ဘာမှ မသင်ပေးပါ" အငြင်းနှစ်ခုကို အဆိုဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို သူသင်ပေးသည့်အခါတိုင်း ပုံဥပမာများဖြင့် သင်ပေးသည်"

ပရောဖက်မှတဆင့် သူပြောသည့်အရာသည် အမှန်ဖြစ်လာသည်ဟု သူပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးပရောဖက် တပါးအား ဘုရားသခင် ရေးခိုင်းသည့်အရာကို အမှန်ဖြစ်လာစေသည်"

သူပြောသည့်အခါ
"ပရောဖက်က ပြောသည့်အခါ"

ငါ့ပါးစပ်ကို ဖွင့်မည်
စကားပြောသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ စကားပြောမည်"

လျှို့ဝှက်ထားသည့်အရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က လျှို့ဝှက်ထားသည့်အရာ"

ကမ္ဘာဦးမှစ၍
"ကမ္ဘာ၏ အစမှ" သို့မဟုတ် "ဘုရားသခင်က ကမ္ဘာကိုဖန်ဆင်းသည့်အချိန်မှ"

**Matthew 13:36**

ဆက်စပ်မှုဖော်ပြချက်
ယေရှုနှင့် သူ့တပည့်များ နေထိုင်ကြသည့် အိမ်သို့ မြင်ကွင်းက ကူးပြောင်းသွားသည်။ 13:24 ၌ သူရှင်းပြခဲ့သည့် ဂျုံပင်နှင့် ပေါင်းပင်ပေါက်သည့် လယ်ကွင်း ပုံဥပမာကို ယေရှုက စရှင်းပြနေသည်။


generated on Tue Mar 12 16:35:02 2024

အိမ်ထဲသို့ဝင်သွားသည်
"အထဲသို့ သွားသည်" သို့မဟုတ် "သူနေထိုင်သည့် အိမ်ထဲသို့ ဝင်သွားသည်"

ကြဲသူ
"မျိုးကြဲသူ"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

နိုင်ငံတော်၏သားများ
"၏ သားများ" သည် တစ်ခုခုနှင့် တူညီသည့် အကျင့်စရိုက်ရှိခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတော်နှင့် သက်ဆိုင်သည့် လူများ"

နိုင်ငံတော်၏
"နိုင်ငံတော်" က ဘုရားသခင်သည် ဘုရင်ဖြစ်ကြောင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏"

နတ်ဆိုး၏သားများ
"၏ သားများ" သည် တစ်ခုခုနှင့်တူညီသည့် အကျင့်စရိုက်ရှိခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးနှင့် သက်ဆိုင်သည့်လူများ"

သူတို့ကိုကြဲသည့် ရန်သူ
"ပေါင်းပင်များကို ကြဲသည့် ရန်သူ"

ကမ္ဘာကုန်သောကာလ
"အချိန်၏ အဆုံးပိုင်း"

### Matthew 13:40

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား ပေါင်းပင်နှင့်မျိုးပင်ပေါက်သည့် လယ်ကွင်း ပုံဥပမာရှင်းပြချက် အဆုံး သတ်သည်။

ထို့ကြောင့် ပေါင်းပင်များကို စုသိမ်းပြီး မီးဖြင့် ရှို့လေ၏
အခြားသောဘာသာပြန် ဆိုချက်၊ "ထို့ကြောင့် လူတို့က ပေါင်းပင်များကိုစုသိမ်းပြီး သူတို့ကို မီးရှို့လိုက်သည်"

ကမ္ဘာကုန်သောကာလ
"အချိန်၏အဆုံးပိုင်း"

လူသားက သူ့ကောင်းကင်တမန်များကို စေလွှတ်မည်
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ငါ၏ ကောင်းကင်တမန်များကို စေလွှတ်မည်"

မတရားသောအမှုပြုသူ
"ဥပဒေမဲ့ နေသူများ" သို့မဟုတ် "ဆိုးသော လူများ"

မီးဖို
ဂရိမီးကို တင်စားထားသည့်အရာဖြစ်သည်။ "မီးဖို" သည် မသိကြလျှင် "ဒယ်အိုး" ဟု သုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရက်စက်သော မီးဖို"

အံသွားခဲကြိတ်ခြင်းရှိရာ
လွန်ကျူးသည့် ဝမ်းနည်းမှုနှင့် ခံစားမှုကို ကိုယ်စားပြုသည်။ 8:11 ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

နေကဲ့သို့ထွန်းလင်းသည်
ဤဥပမာကို သင့်ပတ်ဝန်းကျင်က နားမလည်နိုင်လျှင် "နေကို လွယ်လွယ်မြင်နိုင်သကဲ့သို့ မြင်သည်" ဟု သုံးနိုင်သည်။

အဘ
ဘုရားသခင်၏ အရေးကြီးသော အမည်နာမ ဖြစ်သည်။

နားရှိသောသူ
နားထောင်သူများကို ရည်ညွှန်းသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုနားထောင်သူတိုင်း" 11:13 ၌ မည်သို့ရေးထားသည်ကို ပြန်ကြည့်နိုင်သည်။

သူ့ကိုနားထောင်ခိုင်းပါ
"နားထောင်" သည် အာရုံစိုက်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသည့်အရာကို အာရုံစိုက်ရမည်" 11:13 ၌ မည်သို့ရေးထားသည်ကို ပြန်ကြည့်နိုင်သည်။

### Matthew 13:44

ဆက်စပ်မှုဖော်ပြချက်
ကောင်းကင်နိုင်ငံတော်ကို တန်ဖိုးကြီးသည့်အရာကို ဝယ်ရန် သူတို့ပိုင်ဆိုင်သည့်အရာကို ရောင်းသည့် ပုံဥပမာနှစ်ခုဖြင့် ယေရှုက ဖော်ပြထားသည်။

ယေဘုယျအချက်အလက်
ဤပုံဥပမာနှစ်ခုတွင် ကောင်းကင်နိုင်ငံတော်သည် မည်သည့်အရာနှင့် တူသည်ကို သူ့တပည့်တော်များအား သင်ကြားပေးသည့်အခါတွင် ယေရှုက ဥပမာ နှစ်ခုသုံးထားပါသည်။

ကောင်းကင်နိုင်ငံတော်သည် တူသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကိုဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မဿဲကသာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ ပြန်လာသည့်အချိန်" 13:24 ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

လယ်ကွင်း၌ ဝှက်ထားသော ရတနာ
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်ယောက်က လယ်ကွင်း၌ ဝှက်ထားသည့် ရတနာ"

ရတနာ
တန်ဖိုးရှိပြီး ဈေးကြီးသည့်အရာများ

ဝှက်ထားသည့်အရာ
"ဖုံးထားသည့်အရာ"

သူပိုင်ဆိုင်သည့်အရာအားလုံးကို ရောင်းပြီး လယ်ကွင်းကို ဝယ်သည်
လျှို့ဝှက်ထားသည့် ရတနာကို ပိုင်ဆိုင်ဖို့အတွက် ထိုသူသည် လယ်ကွင်းကို ပိုင်ဆိုင်ရန် ဝယ်လိုခြင်းဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

တန်ဖိုးကြီးသည့် ပုလဲကို လိုက်ရှာဖွေသူ ကုန်သည်ကဲ့သို့
ထိုလူသည် သူဝယ်နိုင်သည့် တန်ဖိုးရှိသည့် ပုလဲကို လိုက်ရှာသည်ကို ဆိုလိုသည်။

ကုန်သည်
ကုန်သည် သို့မဟုတ် လက်လီဖြင့် ကုန်များကို အဝေးနေရာများသို့ ဖြန့်ပေးသူ

တန်ဖိုးရှိသော ပုလဲ
"ပုလဲ" သည် ချောမွတ်သည်၊ မာသည်၊ တောက်ပသည်၊ အဖြူရောင်ရှိသည်။ ပင်လယ်တွင် ရှိပြီး တန်ဖိုးကြီးသည့် တွင်းထွက်ဖြစ်သည်။ လက်ဝတ်ရတနာအဖြစ် ပြုလုပ်ကြသည့်အရာ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းသော ပုလဲ" သို့မဟုတ် "လှပသော ပုလဲ"

## Matthew 13:47

ဆက်စပ်မှုဖော်ပြချက်
ကောင်းကင်နိုင်ငံတော်ကို ပိုက်ကွန်အကြီးကြီး အသုံးပြုပြီး ငါးဖမ်းသည့် တံငါသည် ပုံဥပမာဖြင့် ယေရှုက ဖော်ပြနေသည်။

ကောင်းကင်နိုင်ငံတော်သည် ပိုက်ကွန်နှင့်တူသည်
ကောင်းကင်နိုင်ငံတော်သည် ပိုက်ကွန်နှင့် မတူ။ သို့သော် ပိုက်ကွန်က ငါးမျိုးစုံကို ဖမ်းနိုင်သကဲ့သို့ ကောင်းကင်နိုင်ငံတော်သည်လည်း လူမျိုးစုံကို ဆွဲနိုင်သည်။

ကောင်းကင်နိုင်ငံတော်သည် တူသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်ချုပ်သည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မသဲကသာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ ပြန်လာသည့်အချိန်" 13:24 ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ပင်လယ်ထဲသို့ပစ်ချသည့် ပိုက်ကွန်ကဲ့သို့
အခြားသောဘာသာပြန်ဆိုချက်၊ "တံငါသည် တချို့က ပင်လယ်ထဲသို့ ပစ်ချသည့် ပိုက်ကွန်ကဲ့သို့"

ပင်လယ်ထဲသို့ပစ်ချသည်
"အိုင်ထဲသို့ ပစ်ချသည်"

ငါးမျိုးစုံကို စုသိမ်းပါ
"ငါးမျိုးစုံအားလုံးကို ဖမ်းပါ"

ကမ်းခြေသို့ဆွဲတင်သည်
"ကမ်းခြေသို့ ပိုက်ကွန်ကို ဆွဲသည်"

ကောင်းသည့်အရာ
"ကောင်းသည့်အရာ တစ်ခု"

တန်ဖိုးမဲ့သောအရာ
"ဆိုးသောငါး" သို့မဟုတ် "စား၍မရသော ငါး"

လွှတ်ပစ်သည်
"မထိန်းသိမ်း"

## Matthew 13:49

ဆက်စပ်မှုဖော်ပြချက်
ကောင်းကင်နိုင်ငံတော်ကို ပိုက်ကွန်အကြီးကြီးအသုံးပြုပြီး ငါးဖမ်းသည့် တံငါသည်ပုံဥပမာဖြင့် ယေရှုကဖော်ပြနေသည်။

ကမ္ဘာကုန်သောကာလ
"အချိန်၏ အဆုံးပိုင်း"

လာပါ
"ထွက်လာပါ" သို့မဟုတ် "ထွက်သွားပါ"
"ကောင်းကင်မှလာသည်"

ဖြောင့်မတ်သူများကြား၌ ညစ်ပတ်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သည့် လူများကြား၌ ညစ်ပတ်သည့် လူများ"

သူတို့ကို သူတို့က ပစ်ချကြမည်
"ကောင်းကင်တမန်များက ဆိုးသော သူများကို ပစ်ချကြမည်"

မီးဖို
ရေမီးကို တင်စားထားသည့်အရာဖြစ်သည်။ "မီးဖို" သည် မသိကြလျှင် "ဒယ်အိုး" ဟုသုံးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရက်စက်သောမီးဖို" 13:40 ၌ရေး ထားသည့်အတိုင်း ရေးရန်ဖြစ်သည်။

အံသွားခဲကြိတ်ခြင်းရှိရာ
လွန်ကျူးသည့် ဝမ်းနည်းမှုနှင့် ခံစားမှုကို ကိုယ်စားပြုသည်။ 8:11 ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

## Matthew 13:51

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကောင်းကင်နိုင်ငံတော်ကို သူ့အိမ်သူသားများအား စီမံသည့်လူ၏ ပုံဥပမာဖြင့် ဖော်ပြထားသည်။ ဤအပိုင်းသည် ပုံဥပမာများကို အသုံးပြုပြီး ကောင်းကင်နိုင်ငံတော်အကြောင်းကို လူအုပ်အား ယေရှု သင်ကြားပေးသည့် အဆုံးပိုင်းဖြစ်သည်။

ဤအရာအားလုံးကို အကုန်နားလည်ကြသလော။တပည့်တော်များက "ဟုတ်ကဲ့" ဟုဆိုကြသည်
လိုအပ်ပါက တိုက်ရိုက်စကားပြောခန်းကို သွယ်ဝိုက်စကားပြောခန်းအဖြစ် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုက သူတို့ကို အကုန်နားလည်ကြသလားဟုမေးသည့်အခါ၊ သူတို့က ဟုတ်ကဲ့ နားလည်ကြပါသည်ဟု သူတို့ကပြန်ပြောကြသည်"

ကောင်းကင်နိုင်ငံတော်၏ တပည့်ဖြစ်လာသည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်သည်ကိုဆိုလိုသည်။ "ကောင်းကင်နိုင်ငံ တော်" ဟု မသဲကသာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့ဘုရား ရှင်ဘုရင်၏အကြောင်း နှုတ်ကပတ်တော်ကို သင်ယူပြီးသည်" သို့မဟုတ် "ဘုရားသခင်၏အုပ်စိုးမှုအောက်သို့ သူ့ကိုသူဆက်ကပ်သူ"။

အိမ်ပိုင်ရှင် သူ့ရတနာမှ အသစ်နှင့်အဟောင်းများကိုဆွဲထုတ်သည့် လူနှင့်တူသည်
ယေရှုက ပုံဥပမာနောက်တခုကို သုံးသည်။ မောရှေနှင့် ပရောဖက်များရေးသည့် ကျမ်းများ အကုန်ကိုသိပြီး၊ ယေရှု ၏


generated on Tue Mar 12 16:35:02 2024

သင်ကြားချက်များကိုလည်း လက်ခံကြသည့် ကျမ်းပြုဆရာများကို ယေရှုက ရတနာအသစ်နှင့် အဟောင်းနှစ်ခုစလုံးကို သုံးနေသည့် အိမ်ပိုင်ရှင်တယောက်နှင့် နှိုင်းယှဉ်ထားသည်။

ရတနာ

ရတနာသည် အလွန်တန်ဖိုးရှိပြီး ဈေးကြီးသည့်အရာများ စုဆောင်းထားသည့်အရာများ ဖြစ်သည်။ ထိုအရာများကို သိုလှောင်ထားသည့် နေရာ "သိုလှောင်ခန်း" ကိုလည်း ဆိုလိုနိုင်သည်။

ထို့နောက်

ယေရှု၏သင်ကြားချက်မှ နောက်ထပ်ဘာဖြစ်လာမလဲဆိုသည့်အကြောင်းသို့ ဇတ်လမ်းက ကူးသွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်" "ပြီးနောက်"

**Matthew 13:54**

ယေဘုယျအချက်အလက်

17:26 မှစသည့် ဇတ်လမ်း၏အစပိုင်းဖြစ်သည်။ ယေရှု၏ သာသနာကို ဆန့်ကျင်ကြသည့်အရာနှင့် ကောင်းကင်နိုင်ငံတော်အကြောင်း သင်ပေးသည့်အဆက်ဖြစ်သည်။ ဤနေရာ၌ ယေရှု၏ ဇာတိမြို့ခံများက သူ့ကိုငြင်းပယ်ကြသည်။

သူ့ဒေသ

"သူ့ဇာတိမြို့" ယေရှုကြီးပြင်းလာခဲ့သည့် နာဇရက်မြို့ကို ဆိုလိုသည်။

သူတို့၏တရားဇရပ်

"သူတို့၏" သည် ထိုဒေသရှိလူများကို ဆိုလိုသည်။

သူတို့ အံ့သြကြသည်

"သူတို့ အံ့သြကြသည်"

ဤလူက ဤပညာနှင့် နမိတ်လက္ခများကို အဘယ်ကရသနည်း။

"ဤသာမန်လူက အလွန်ပညာရှိလျက် နိမိတ်လက္ခဏာများကို အဘယ်သို့ ပြုလုပ်နိုင်သနည်း"

လက်သမား၏သားမဟုတ်သလော။ သူ့အမေသည် မာရိမဟုတ်လော။ သူ့ညီများသည် ယာကုပ်၊ ယောသေ၊ ရှိမုန်၊ ယုဒဟုဆိုကြသည် မဟုတ်လော။ သူ့ညီမအားလုံးသည် ငါတို့နားမှာရှိကြသည် မဟုတ်လော။ ဤအရာအားလုံးကို အဘယ်ကရသနည်း။

လူအုပ်က သူတို့အံ့အားသည့်အတွက် ဤမေးခွန်းများကို သုံးခြင်းဖြစ်သည်။ သူတို့နှယ်မှ သာမန်လူတစ်ယောက်က ဤအရာများလုပ်နိုင်သည်။ အခြားသောဘာသာပြန်ဆို ချက်၊ "ယေရှုသည် လက်သမား၏ သား ဖြစ်သည်။ သူ့အမေမှာ မာရိဖြစ်ကြောင်း ငါတို့သိကြသည်။ သူညီများမှာ ယာကုပ်၊ ယောသေ၊ ရှိမုန်၊ ယုဒ နှင့် သူ့ညီမအားလုံး ငါတို့ကြားမှာနေကြသည်။ သာမန်လူက ဤအရာများကို လုပ်နိုင်မည် မဟုတ်"

လက်သမား၏သား

လက်သမားသည် သစ်သားနှင့် ကျောက်များဖြင့် တစ်ခုခုလုပ်သူများဖြစ်သည်။ "လက်သမား" ကို မသိကြလျှင် "တည်ဆောက်သူ" ဟုလည်း သုံးနိုင်သည်။

**Matthew 13:57**

သူတို့က သူ့ကို စိတ်ပျက်ကြသည်

အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှု၏ ဇာတိမြို့သားများက သူ့ကို ငြင်းပယ်ကြသည်" သို့မဟုတ် "လူတို့ကယေရှုကို ငြင်းပယ် ကြသည်"

ပရောဖက်သည် လေးစားခြင်းမခံရ

အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်က နေရာတိုင်းမှာ လေးစားမှုရသည်" သို့မဟုတ် "နေရာတိုင်းရှိ လူများက ပရောဖက်ကို လေးစားကြသည်"

သူ့နိုင်ငံ

"သူ့ဒေသ" "သူ့ဇာတိမြို့"

သူ့မိသားစု

"သူ့ အိမ်"

သူက နိမိတ်လက္ခဏာများစွာကို မလုပ်ခဲ့

"ယေရှုက သူ့ဇာတိမြို့၌ နိမိတ်လက္ခဏာများစွာ မလုပ်ခဲ့ပါ"

---

# Translation Questions

**Matthew 13:3**

ယေရှု၏ဥပမာစကားတို့တွင်၊ မျိုးစေ့ကိုကြဲသောသူ၏ လမ်းဘေး၌ကျသောမျိုးစေ့တို့သည် မည်ကဲ့သို့ဖြစ်သည်ဟုဆိုသနည်း။

လမ်းဘေး၌ကျသောမျိုးစေ့တို့ကို ငှက်တို့သည်လာ၍ကောက်စားပစ်ကြသည် ဟုဆိုပါသည်။

ယေရှု၏ဥပမာစကားတို့တွင်၊ မျိုးစေ့ကိုကြဲသောသူ၏မျိုးစေ့တို့သည်ကျောက်ပေါ်များသောအရပ်၌ ကျခဲ့လျှင်မည်သို့ဖြစ်မည်ဟုဆိုသနည်း။

ကျောက်ပေါ်များသောအရပ်၌ကျသော မျိုးစေ့တို့သည်၊ ချက်ခြင်းအပင်ပေါက်သော်လည်း၊ နေထွက်သောအခါပူလောင်သည်ဖြစ်၍ အမြစ်မစွဲသောကြောင့်ညှိုးနွမ်းပျက်စီးခြင်းသို့ ရောက်ကြသည်ဟုဆိုပါသည်။

**Matthew 13:7**

ယေရှု၏ဥပမာစကားတို့တွင်၊ မျိုးစေ့ကိုကြဲသောသူ၏မျိုးစေ့တို့သည်၊ ဆူးပင်တို့တွင်ကျခဲ့လျှင်၊ မည်ကဲ့သို့ ဖြစ်မည်ဟုဆိုသနည်း။

ဆူးပင်တို့တွင်ကျသောမျိုးစေ့တို့သည်၊ ဆူးပင်တို့ကြီးပွား၍ညှဥ်းဆဲခြင်းကို ခံရလိမ့်မည်ဟုဆိုပါသည်။

ယေရှု၏ဥပမာစကားတို့တွင်၊ မျိုးစေ့ကိုကြဲသောသူ၏၊ ကောင်းသောမြေ၌ကျသောမျိုးစေ့တို့သည် မည်ကဲ့သို့ဖြစ်မည်ဟုဆိုသနည်း။

ကောင်းသောမြေ၌ကျသောမျိုးစေ့တို့သည်၊ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတရာပွါးများ၍အသီးသီးကြလိမ့်မည်ဟုဆိုပါသည်။


generated on Tue Mar 12 16:35:02 2024

## Matthew 13:13

ဟေရှာယက ပရောဖက်ပြုဟောပြောခဲ့သည်မှာ လူတို့သည်ကြားလျက် မြင်လျက် ရှိသော်လည်း မည်သို့ ဖြစ်နေသည်ဟု ပြောပါသနည်း။

ဟေရှာယက ပရောဖက်ပြုဟောပြောခဲ့သည်မှာ
လူတို့သည်ကြားလျက်ပင်နားမလည်၊
မြင်လျက်ပင်လမ်းခရီးကိုမသိဘဲရှိကြလိမ့်မည်ဟုပြောပါသည်။

## Matthew 13:15

ယေရှုအကြောင်းကိုကြားသိသော်လည်း နားမလည်ကြခြင်းသည်လူသားတို့၌ မည်သည့်အမှားများရှိနေသနည်း။

ယေရှုအကြောင်းကိုကြားသိသော်လည်းနားမလည်ကြခြင်းအကြောင်းမှာ
လူတို့၏စိတ်နှလုံးထိုင်းမှိုင်းခြင်း၊ နားထိုင်းခြင်းနှင့်
ကိုယ်မျက်စိကိုပိတ်ထားခြင်းတို့ကြောင့်ဖြစ်ပါသည်။

## Matthew 13:18

မျိုးစေ့ကြဲသောသူ၏ဥပမာတွင် လမ်းဘေး၌မျိုးစေ့ကြဲသောသူသည် မည်သည့်အမျိုးအစား ဖြစ်သနည်း။

လမ်းဘေး၌မျိုးစေ့ကြဲသောသူသည်
နိုင်ငံတော်၏တရားကိုကြားသော်လည်း
နှလုံး၌မသွင်းသောကြောင့်၊
နတ်ဆိုးသည်လာ၍နှလုံး၌ကြဲသောမျိုးစေ့ကိုနှိုက်ယူခြင်းခံရသူအမျိုးအစားဖြစ်ပါသည်။

## Matthew 13:20

မျိုးစေ့ကြဲသောသူ၏ဥပမာတွင်ကျောက်ပေါ်မှာမျိုးစေ့ကြဲသောသူသည်မည်သည့် အမျိုးအစားဖြစ်သနည်း။

ကျောက်ပေါ်မှာမျိုးစေ့ကြဲသောသူသည်
တရားတော်ကိုဝမ်းသာစွာဖြင့်ချက်ချင်းခံယူသော်လည်း၊
စိတ်နှလုံး၌ အမြစ်မစွဲသောကြောင့် ခဏသာတည်သဖြင့်
တရားတော်ကြောင့်ညှင်းဆဲခံရသောအခါ
ချက်ချင်းဖေါက်ပြန်တတ်သူ အမျိုးအစားဖြစ်ပါသည်။

## Matthew 13:22

မျိုးစေ့ကြဲသောသူ၏ဥပမာတွင် ဆူးပင်များကြား၌ မျိုးစေ့ကြဲသောသူသည် မည်သည့်အမျိုးအစားဖြစ်သနည်း။

ဆူးပင်ကြား၌
မျိုးစေ့ကြဲသောသူသည်တရားတော်ကိုကြားနာသော်လည်းလောက၌စိုးရိမ်ခြင်း၊
စည်းစိမ်ဥစ္စာ၏ လှည့်စားခြင်းတို့သည် တရားတော်ကို
လွှမ်းမိုးသောကြောင့်
အသီးမသီးသောအမျိုးအစားနှင့်တူပါသည်။

မျိုးစေ့ကြဲသောသူ၏ ဥပမာတွင်ကောင်းသောမြေ၌မျိုးစေ့ကြဲသောသူသည် မည်သည့်အမျိုးအစားဖြစ်သနည်း။

ကောင်းသောမြေ၌ မျိုးစေ့ကြဲသောသူသည်
တရားတော်ကိုကြားနာပြီး
နားလည်လျက်အဆများစွာသောအသီးကိုသီးနိုင်သူ
အမျိုးအစားဖြစ်ပါသည်။

## Matthew 13:27

ပေါင်းပင်များ၏ ဥပမာတွင်
မည်သူသည်လယ်တောထဲ၌ပေါင်းပင်ကိုစိုက်သနည်း။

ရန်သူသည် လယ်တောထဲ၌ ပေါင်းပင်ကိုစိုက်ပါသည်။

## Matthew 13:29

ပေါင်းပင်နှင့်စပါးပင်တို့နှင့်ပတ်သက်ပြီးလယ်ရှင်သည်ကောက်ရိတ်သူတို့အားမည်သို့ညွှန်ကြားသနည်

လယ်ရှင်သည်
ကောက်ရိတ်သူတို့အားစပါးရိတ်ချိန်တိုင်အောင်စောင့်စေလျက်၊
စပါးရိတ်ချိန်တွင်ပေါင်းပင်တို့ကိုရွေးနှုတ်မီး၍ရှို့ရန်စည်းနှောင်ပြီး၊
စပါးကိုစပါးကျီ၌စုသိမ်းစေရန်ညွှန်ကြားပါသည်။

## Matthew 13:31

ယေရှု၏မုန်ညင်းစေ့ဥပမာတွင်သေးငယ်သောမုန်ညင်းစေ့သည်မည်သို့ဖြစ်သနည်း။

သေးငယ်သောမုန်ညင်းစေ့သည်အပင်ပေါက်သည့်အခါ
ဥယျာဉ်၌စိုက်ပျိုးသောအပင်တို့ထက်သာ၍ကြီးသဖြင့်ငှက်တို့သည်အကိုင်းအခက်
နားနေနိုင်သောအပင်ဖြစ်ပါသည်။

## Matthew 13:33

ကောင်းကင်နိုင်ငံတော်သည့်တဆေးနှင့်တူသည်ဟု ယေရှုမည်သို့ပြောသနည်း။

ယေရှုကကောင်းကင်နိုင်ငံတော်သည်
တဆေးနှင့်တူသည်ဟုပြောရခြင်းမှာ
တဆေးသည်မုန့်ညက်သုံးတင်း၌ထည့်သဖြင့်မုန့်ညက်အားလုံးကို
ဖေါင်းကြွစေသောကြောင့်ဖြစ်ပါသည်။

## Matthew 13:36

လယ်၌ကြဲသောတောမျိုးစေ့၏ဥပမာတွင်၊
မည်သူသည်ကောင်းသောမျိုးစေ့ကိုကြဲ၍၊ မည်သည်မှာလယ်ဖြစ်၍၊
မည်သူသည်ကောင်းသောမျိုးစေ့၊ မည်သူတို့သည်တောမျိုးစေ့၊
နှင့်မည်သူကတောမျိုးစေ့များကို ကြဲသည်ဟုဆိုသနည်း။

ကောင်းသောမျိုးစေ့ကိုကြဲသောသူသည်လူသားဖြစ်၍၊
လယ်ကားဤလောကဖြစ်၍၊
ကောင်းသောအစေ့ကားနိုင်ငံတော်သားများ၊
တောမျိုးစေ့ကားနတ်ဆိုးသားနှင့်တောမျိုးစေ့ကိုကြဲသောသူကားမာရ်နတ်ဖြစ်ပါသ

တောမျိုးစေ့ဥပမာ၌ မည်သူသည်စပါးရိတ်သောသူဖြစ်၍၊
စပါးရိတ်သောကာလမှာ မည်သည့်ကာလကိုဆိုလိုသနည်း

စပါးရိတ်သောသူကားကောင်းကင်တမန်ဖြစ်၍၊
စပါးရိတ်သောကာလကားဤကမ္ဘာကုန်ဆုံးသောကာလဖြစ်၏။

## Matthew 13:40

ဒုစရိုက်ကိုပြုကျင့်သောသူတို့သည် ဤကမ္ဘာအဆုံး၌မည်ကဲ့သို့ဖြစ်မည်နည်း။

ဤကမ္ဘာအဆုံး၌၊
ဒုစရိုက်ကိုပြုကျင့်သောသူတို့သည်အံသွားခဲကြိတ်ခြင်းရှိရာ
မီးဖိုထဲသို့ချခြင်းကိုခံရလိမ့်မည်။

ဤကမ္ဘာအဆုံး၌၊ ဖြောင့်မတ်သောသူတို့သည်မည်ကဲ့သို့ဖြစ်မည်နည်း။

ဤကမ္ဘာအဆုံး၌၊ ဖြောင့်မတ်သောသူတို့သည်၊
နေထွန်းလင်းသကဲ့သို့ ဖြစ်လိမ့်မည်။

## Matthew 13:44

ယေရှု၏ပုံဥပမာတွင်၊
ကောင်းကင်နိုင်ငံတော်ကိုဥပမာပြုသည့်လယ်၌ဝှက်ထားသောဘဏ္ဍာကို
တွေ့ရှိသောသူသည်၊ မည်ကဲ့သို့ပြုသနည်း။

ထိုဘဏ္ဍာကိုတွေ့သောသူသည် မိမိဥစ္စာရတတ်သမျှကိုရောင်း၍
ထိုလယ်ကိုဝယ်ယူ၏။

ယေရှု၏ပုံဥပမာတွင်၊ ကောင်းကင်နိုင်ငံတော်ကိုဥပမာပြုသည့်မြတ်သောပုလဲကိုရှာတွေ့သောသူသည်၊ မည်ကဲ့သို့ပြုသနည်း။

အလွန်အဘိုးထိုက်သောပုလဲကိုရှာတွေ့သောသူသည်သွား၍ မိမိ၌ရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်ယူပါသည်။

## Matthew 13:47

နောက်ဆုံးသောနေ့ရက်ကာလတွင် ဘာဖြစ်မည်ကိုငါးဖမ်းသောပိုက်ကွန်ဥပမာနှင့် မည်ကဲ့သို့တူသနည်း။

ငါးဖမ်းသောပိုက်ကွန်တွင် ငါးမျိုးစုံဖမ်းမိသဖြင့်ကောင်းသောငါးတို့ကိုရွေးယူပြီး မကောင်းသောငါးတို့ကိုအပြင်သို့ပစ်လိုက်သည်နည်းတူ၊ နောက်ဆုံးသောနေ့ရက်ကာလတွင် ဖြောင့်မတ်သူတို့အထဲမှ ဆိုးသောသူတို့ကိုထုတ်ယူ၍ငိုကြွေးခြင်း အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ ချခြင်းခံကြရမည်ဖြစ်ပါသည်။

## Matthew 13:54

ယေရှု၏တရားကိုကြားနာရသည့်သူ၏မြို့သားတို့ကယေရှုနှင့်ပတ်သက်ပြီးဘာမေးသနည်း။

မြို့သားအပေါင်းတို့ကယေရှုသည် ထိုပညာနှင့်တန်ခိုးကိုအဘယ်မှာရသနည်းဟုမေးကြပါသည်။

## Matthew 13:57

ယေရှုကပရောဖက်တို့သည် မိမိတို့၏မြို့ ၌ အဘယ်သို့ဖြစ်သည်ဟု ပြောသနည်း။

ယေရှုကပရောဖက်တို့သည် မိမိတို့၏မြို့ ၌ဂုဏ်အသရေသိက္ခာမရှိဟု ပြောပါသည်။

မြို့သားတို့သည် မိမိအားမယုံကြသဖြင့်ယေရှုသည်မိမိမြို့ ၌အဘယ်သို့ ဖြစ်သနည်း။

မြို့သားတို့သည်မိမိအားမယုံကြသဖြင့် ယေရှုသည်မိမိမြို့ ၌တန်ခိုးတော်များကို မပြဘဲနေပါသည်။

## Chapter 14

1 ထိုအခါ စော်ဘွားဟေရုဒ်သည် ယေရှု၏သိတင်းတော်ကိုကြားလျှင်၊ 2 ဤသူကား ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။
သေခြင်းမှထမြောက်လေပြီ။ ထို့ကြောင့် တန်ခိုးများကို ပြ နိုင်သည်ဟု မိမိငယ်သားတို့အားဆို၏။ 3 အထက်က
ဟေရုဒ်သည်မိမိညီဖိလိပ္ပု၏ခင်ပွန်း ဟေရောဒိအကြောင်းကြောင့်၊ ယောဟန်ကိုဘမ်းဆီး ချည်နှောင်၍ ထောင်ထဲမှာလှောင်ထား၏။ 4
အကြောင်းမူကား၊ ယောဟန်က၊ အရှင်မင်းကြီးသည် ထိုမိန်းမကိုမသိမ်းအပ်ဟု ဟေရုဒ်အားဆိုလေပြီ။ 5 ယောဟန်ကိုသတ်ခြင်းငှာ
အလိုရှိသော်လည်း၊ လူအပေါင်းတို့၏မျက်နှာကိုထောက်၍ မသတ်ဝံ့ဘဲနေ ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ယောဟန်ကို
ပရောဖတ်ကဲ့သို့ထင်မှတ်ကြသတည်း။ 6 ထိုနောက်မှ ဟေရုဒ်ကိုဘွားသောနေ့ရက်၌ နှစ်စဉ်ပွဲခံစဉ်တွင်၊ ဟေရောဒိ၏သမီးသည်
ပွဲသဘင်၌ က သဖြင့် ဟေရုဒ်သည် နှုးညွတ်သောစိတ်ရှိလျှင်၊ 7 ငါသည် သင်တောင်းသမျှကို ပေးမည်ဟု ကျိန်ဆိုလေ၏။ 8
ထိုမိန်းမငယ်သည် သူ၏အမိတိုက်တွန်းသည်အတိုင်း၊ ဗတ္တိဇံဆရာယောဟန်၏ ဦးခေါင်းကို ဤ လင်ပန်း၌ ပေးတော်မူပါဟု
တောင်းလျှောက်၏။ 9 မင်းကြီးသည် ဝမ်းနည်းသော်လည်းကျိန်ဆိုခြင်းကိုငှင်း၊ အပေါင်းအဘော်တို့၏မျက်နှာကိုငှင်း ထောက်
သောကြောင့် ပေးစေဟုအမိန့်တော်ရှိလျက်၊ 10 လူကို စေလွှတ်၍ ယောဟန်၏လည်ပင်းကို ထောင်ထဲမှာဖြတ်စေ၏။ 11 ဦးခေါင်းကို
လင်ပန်း၌ဆောင်ခဲ့၍ ထိုမိန်းမငယ်အားပေးပြီးမှ၊ သူသည်လည်း မိမိအမိထံသို့ယူသွား၏။ 12 ယောဟန်၏တပည့်တို့သည်လည်းလာ၍
အလောင်းကိုဆောင်သွားသဖြင့် သင်္ဂြိုဟ်ပြီးမှ၊ ယေရှုထံတော် သို့သွား၍ ကြားလျှောက်ကြ၏။ 13 ယေရှုသည် ကြားတော်မူလျှင်၊
ထိုအရပ်မှထွက်၍လှေကိုစီးလျက် တော၌ဆိတ်ကွယ်ရာအရပ်သို့ ကြွ တော်မူ၏။ လူအစုအဝေးတို့သည် ကြားသိရလျှင်၊
မြို့ရွာမှထွက်၍ ကုန်းကြောင်းလိုက်ကြ၏။ 14 ယေရှုသည် ထွက်ကြွ၍ လူများအပေါင်းတို့ကို တွေ့မြင်တော်မူလျှင်၊
သနားခြင်းစိတ်တော်ရှိ၍ လူနာရှိ သမျှတို့ကို ချမ်းသာပေးတော်မူ၏။ 15 ညဦးယံ၌ တပည့်တော်တို့သည်ချဉ်းကပ်၍၊ ဤအရပ်သည်
တောအရပ်ဖြစ်ပါ၏။ မိုးလည်းချုပ်ပါပြီ။ လူအစုအဝေးတို့သည် မြို့ရွာသို့သွား၍ စားစရာကိုဝယ်စေခြင်းငှာ အခွင့်ပေးတော်မူပါဟု
လျှောက်ကြလျှင်၊ 16 ယေရှုက၊ သွားရသောအကြောင်းမရှိ။ သူတို့စားစရာဘို့ သင်တို့ပေးကြလော့ဟု မိန့်တော်မူ၏။ 17
တပည့်တော်တို့ကလည်း၊ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်မှတပါး အဘယ်စားစရာမျှ အကျွန်ုပ်တို့၌မရှိပါ ဟု လျှောက်ပြန်လျှင်၊
ထိုမုန့်နှင့်ငါးကို ယူခဲ့ကြဟုမိန့်တော်မူ၏။ 18 ထိုအခါ လူအစုအဝေးတို့ကို မြက်ပင်ပေါ်မှာ လျောင်းကြစေဟုအမိန့်တော်ရှိ၏။ 19
မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကိုလည်းယူ၍ ကောင်းကင်သို့ကြည့်မျှော်လျက်၊ ကျေးဇူးတော်ကို ချီးမွမ်းပြီး မှ မုန့်နှင့်ငါးကိုဖဲ့၍
တပည့်တော်တို့အား ပေးတော်မူ၏။ 20 တပည့်တော်တို့သည်လည်းလူအပေါင်းတို့အား ပေးကြ၏။ လူအပေါင်းတို့သည်စား၍
ဝကြပြီးမှ ကြွင်း ရစ်သောအကျိုးအပဲ့ကို ကောက်သိမ်း၍ တင်းနှစ်တောင်းအပြည့်ရကြ၏။ 21 စားသောသူအရေအတွက်ကား၊
မိန်းမနှင့်သူငယ်တို့ကိုမဆိုဘဲ၊ ယောကျ်ားငါးထောင်မျှလောက် ရှိ သတည်း။ 22 ယေရှုသည်
စည်းဝေးသောသူတို့ကိုလွှတ်တော်မူစဉ်တွင်၊ တပည့်တော်တို့ကိုလှေစီးစေ၍ ကမ်းတဘက် သို့ အရင်ကူးစေတော်မူ၏။ 23
စည်းဝေးသောသူတို့ကိုလွှတ်ပြီးမှ ဆုတောင်းပဌာနပြုအံ့သောငှာ တောင်ပေါ်၌ ဆိတ်ကွယ်ရာအရပ်သို့ တက်ကြွသဖြင့်၊
ညအချိန်ရောက်သောအခါ၊ တယောက်တည်းရှိနေတော်မူ၏။ 24 လှေမူကား အိုင်အလယ်၌ရှိ၍ လေမသင့်သောကြောင့်
လှိုင်းတံပိုးလှုပ်ရှားခြင်းကို ပြင်းစွာရ၏။ 25 ညသုံးချက်တီးကျော်အချိန်၌ ယေရှုသည် အိုင်ပေါ်မှာ
စက်တော်ဖြန့်လျက်တပည့်တော်တို့ရှိရာသို့ ကြွ တော်မူ၏။ 26 ထိုသို့အိုင်ပေါ်မှာစက်တော်ဖြန့်၍ ကြွတော်မူသည်ကို
သူတို့သည်မြင်လျှင်ထိတ်လန့်၍၊ ဖုတ်တစ္ဆေဖြစ် သည်ဟု ကြောက်သောစိတ်နှင့် အော်ဟစ်ကြ၏။ 27 ယေရှုသည်
ချက်ခြင်းနှုတ်ဆက်၍ တည်ကြည်သောစိတ်ရှိကြလော့။ ငါပင်ဖြစ်သည်။ မကြောက်လန့်ကြနှင့်ဟု မိန့်တော်မူ၏။ 28
ပေတရုကလည်း၊ သခင်ကိုယ်တော်မှန်လျှင် အကျွန်ုပ်သည်ကိုယ်တော်ထံသို့ ရေပေါ်မှာလာရမည်အ ကြောင်း
မိန့်တော်မူပါဟုလျှောက်လျှင်၊ 29 လာခဲ့လော့ဟု မိန့်တော်မူ၏။ ပေတရုသည်လှေပေါ်ကဆင်း၍ ယေရှုထံသို့ရောက်အံ့သောငှာ ရေ
ပေါ်မှာလှမ်းသွား၏။ 30 လေပြင်းသည်ကိုမြင်လျှင် ကြောက်လန့်၍ နစ်မွန်းလုသည်ရှိသော်၊ ကယ်မတော်မူပါသခင်ဟု ဟစ်
ကြော်လေ၏။ 31 ယေရှုသည် လက်တော်ကိုချက်ခြင်းဆန့်၍ ပေတရုကိုကိုင်တော်မူလျက်၊ ယုံကြည်အားနည်းသောသူ၊
အဘယ်ကြောင့် ယုံမှားသောစိတ်ဝင်သနည်းဟု မေးတော်မူ၏။ 32 လှေပေါ်သို့ရောက်ကြလျှင် လေသည်ငြိမ်းလေ၏။ 33
လှေသားတို့သည်ချဉ်းကပ်၍၊ စင်စစ်ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်ပါသည်ဟု ညွတ် ပြပ်၍ လျှောက်ကြ၏။ 34
ကမ်းတဘက်သို့ကူးလျှင် ဂနေသရက်နယ်သို့ ရောက်ကြ၏။ 35 ထိုအရပ်သားတို့သည် မျက်နှာတော်ကိုမှတ်မိလျှင်၊
ပတ်ဝန်းကျင်အရပ်ရှိသမျှသို့ စေလွှတ်သဖြင့် လူနာ ရှိသမျှတို့ကို ဆောင်ခဲ့၍၊ 36
အဝတ်တော်၏ပန်းပွားကိုမျှသာတို့ရပါမည်အကြောင်း အခွင့်တောင်းကြ၏။ တို့သမျှသောသူတို့သည် လည်း ချမ်းသာရကြ၏။

---

---

**Matthew 14:1**

ယေဘုယျအချက်အလက်
ယေရှုအကြောင်းကို ဟေရုဒ် ကြားသည့်အချိန်တွင် သူ၏ တုံ့ပြန်မှုကို ရှင်းပြသည်။

ထိုအချိန်
"ထိုအချိန်က" သို့မဟုတ် "ယေရှုက ဂါလိလဲတွင် သာသနာပြုသည့် အချိန်တွင်"

ယေရှုအကြောင်း သတင်းကိုကြားသည်
"ယေရှုအကြောင်း စီရင်ချက်ကို ကြားသည်" သို့မဟုတ် "ယေရှုနာမည်ကြီးကြောင်းကို ကြားသည်"

သူကပြောသည်
"ဟေရုဒ်က ပြောသည်"

သေခြင်းမှ ပြန်ထသည်
"အသက်ပြန်ရလာသည်"

ထို့ကြောင့် ဤတန်ခိုးများက သူ၌ အလုပ်လုပ်ကြသည်
ထိုခေတ် ယုဒလူများက လူတစ်ယောက်သေပြီး ပြန်ရှင်လာပါက ကြီးမြတ်သည့်အရာများကို လုပ်နိုင်သည့် တန်ခိုးရှိမည်ဟု ယုံကြည်ကြသည်။

## Matthew 14:3

ဆက်စပ်မှုဖော်ပြချက်
စာရေးသူက ဗတ္တိဇံယောဟန်ကို ဟေရုဒ်မင်းကြီးက မည်သို့သတ်ခဲ့သည်ကို အစပြုရေးသည်။ ရှေ့နားက အဖြစ်အပျက်ပြီးပြီး ခဏအကြားတွင် ဤအဖြစ်အပျက်ဖြစ်လာသည်။

ယေဘုယျအချက်အလက်
စာရေးသူက ဗတ္တိဇံယောဟန်၏ သေဆုံးခြင်းကို မှတ်တမ်းတင်ထားသည်။ ဟေရုဒ်က ယေရှုအကြောင်း ကြားသည့်အခါ တုံ့ပြန်သည့် အပြုအမူ ဖြစ်သည်။

ဟေရုဒ်မင်းကြီး...သင့်မယားအဖြစ်
လိုအပ်ပါက ကြိယာအစဉ်ကို UDB ၌လုပ်ထားသကဲ့သို့ရှေ့နောက်ပြောင်းနိုင်သည်။

ဟေရုဒ်က ယောဟန်ကိုဖမ်းပြီး၊ ချည်နှောင်လျက် ထောင်ထဲသို့ထည့်ထားသည်
ဟေရုဒ် အခြားသောဘာသာပြန်ဆိုချက်၊ "ဟေရုဒ်က ဗတ္တိဇံယောဟန်ကို ဖမ်းပြီး ထောင်ထဲသို့ ထားကြရန် သူ့စစ်သားများကို အမိန့်ပေးသည်"

ဖိလိပ္ပု၏မယား
ဖိလိပ္ပုသည် ဟေရုဒ်မင်းကြီး၏ ညီဖြစ်သည်။

ယောဟန်က "သူမကိုသင့်မယားအဖြစ်ယူဖို့ရန်မှာ မဖြစ်သင့်" ဟု သူ့ကိုပြောသည်
သွယ်ဝိုက်စကားပြောခန်းအဖြစ် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူမကို သူ့မယားအဖြစ်ယူဖို့ရန်မှာ မဖြစ်သင့်ကြောင်း ယောဟန်က ပြောသည်"

ယောဟန်က သူ့ကိုပြောသည့်အတွက်
"ယောဟန်က ဟေရုဒ်ကို ပြောသည့်အတွက်"

ဤအရာကို မလုပ်သင့်ကြောင်း
ဟေရုဒ်က ဟေရောဒိကို လက်ထပ်သည့်အချိန်တွင် ဖိလိပ္ပုက အသက်ရှင်သေးသည်။

သူကြောက်သည်
"ဟေရုဒ် ကြောက်သည်"

သူတို့က သူ့ကိုထင်မှတ်ကြသည်
"သူတို့က ယောဟန်ကို ထင်မှတ်ကြသည်"

## Matthew 14:6

အလယ်၌
မြှပ်ထားသည့်အရာကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလေးမွေးနေ့ပွဲကို တက်ရောက်လာကြသည့် ဧည့်သည်များ အလယ်၌"

## Matthew 14:8

သူမ သွန်သင်ချက်ပြီးနောက်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ အမေက သွန်သင်ပြီးနောက်"

သွန်သင်သည်
"နည်းပြသည်" "ပြောသည်"

သူမကပြောသည်
"ဟေရောဒိ၏ သမီးက ဟေရုဒ်ကို ပြောသည်"

လင်ပန်း
အလွန်ကြီးသည့် ပန်းကန်ပြား

ရှင်ဘုရင်က သူမတောင်းဆိုချက်ကြောင့် အလွန်ဝမ်းနည်းသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ,တောင်းဆိုချက်က ရှင်ဘုရင်ကို ဝမ်းနည်းစေသည်"

ရှင်ဘုရင်
"ဘုရင် ဟေရုဒ်"

ဖြစ်လာမည်ဟု သူက အမိန့်ပေးသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမ, ပြောသည့်အရာကို လုပ်ကြဖို့ သူ့ လူများကို အမိန့်ပေးသည်"

## Matthew 14:10

ဆက်စပ်မှုဖော်ပြချက်
ဟေရုဒ်က မည်ကဲ့သို့ ဗတ္တိဇံယောဟန်သတ်သည့်အကြောင်းကို မှတ်တမ်းတင်၍ အဆုံးသတ်သည်။

သူ့ခေါင်းကို လင်ပန်းတွင်ယူလာပြီး မိန်းမပျိုလေးကိုပေးသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ခေါင်းကို လူတစ်ယောက်က လင်ပန်းဖြင့်ယူလာပြီး မိန်းမပျိုကို ပေးသည်"

လင်ပန်း
အလွန်ကြီးသည် ပန်းကန်ပြား

မိန်းကလေး
လက်မထပ်သေးသည့် မိန်းမပျိုကို ညွှန်းသည့် စကားလုံးကိုသုံးပါ။

သူ့တပည့်တော်များ
"ယောဟန်၏ တပည့်များ"

အလောင်း
"လူသေ အလောင်း"

သူတို့သွားပြီး ယေရှုကိုပြောသည်
ဆိုလိုရင်းအပြည့်အစုံကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောဟန်၏ တပည့်များသည်

သွား၍ ဗတ္တိဇံယောဟန်အပေါ် ဖြစ်ပျက်သည့်အရာများကို ယေရှုအား ပြောကြသည်"

**Matthew 14:13**

ဆက်စပ်မှုဖော်ပြချက်
ဤအပိုဒ်များက ဗတ္တိဇံယောဟန်ကို ဟေရုဒ်က သတ်သည့်အကြောင်း ယေရှုကြားသည့်အခါ လုပ်သည့်အရာဖြစ်သည်။

ယေဘုယျအချက်အလက်
ဤအပိုဒ်က ယေရှုက လူငါးထောင်ကိုကျွေးပြီး နိမိတ်လက္ခဏာပြသည့် နောက်ခံအကြောင်းအရာကို ပေးသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားဖော်ပြသွားသည့်အကြောင်း အချက်ပြစာလုံးဖြစ်သည်။ မဿဲက ဇာတ်လမ်းအသစ်ကို ပြောပြသည်။

ဤဟာကိုကြားသည်
"ယောဟန်ထံ ဘာဖြစ်ပျက်သည်ကို ကြားသည်" သို့မဟုတ် "ယောဟန်၏ သတင်းကို ကြားသည်"

သူက ပြန်ရှုတ်သိမ်းသည်
"သူ ထွက်သွားသည်" "လူအုပ်ထံမှ ထွက်သွားသည်" ယေရှု ၏ တပည့်တော်များသည် သူနှင့်အတူ သွားကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုနှင့် သူ့တပည့်တော်များသည် ထွက်သွားကြသည်"

ထိုနေရာမှ
"ထိုနေရာမှ"

လူအုပ်ကြီးက ကြားကြသည့်အခါ
"ယေရှု မည်သည့်ဘက်သို့ သွားသည်ကို လူအုပ်က ကြားသည့်အခါ" "သူထွက်သွားသည်ကို လူအုပ်က ကြားသည့်အခါ"

လူအုပ်
"လူအုပ်" "လူများ"

ခြေကျင်ဖြင့်
လူအုပ်ကြီးတို့သည် လမ်းလျှောက်သွားကြသည်ကိုဆိုလိုသည်။

ယေရှုက သူတို့ရှေ့သို့လာပြီး လူအုပ်ကြီးကိုမြင်သည်
"ယေရှုသည် ကမ်းစပ်သို့ လာသည့်အခါတွင် လူအုပ်ကြီးကို မြင်သည်"

**Matthew 14:15**

ဆက်စပ်မှုဖော်ပြချက်
မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်တည်းဖြင့် လူငါးထောင်ကို ယေရှုက ကျွေးသည့်အကြောင်းကို ဖော်ပြသည်။

တပည့်တော်များ သူ့ဆီကို လာကြသည်
"ယေရှု၏ တပည့်တော်များ သူ့ဆီသို့ လာကြသည်"

**Matthew 14:16**

သူတို့ ဘာမှမလို
"လူအုပ်ထဲက လူတို့သည် ဘာမှမလိုအပ်ကြ"

သူတို့ကို သင်တို့ကပေးသည်
"သင်တို့" သည် အများကိန်း တပည့်တော်များကိုဆိုလိုသည်။

သူတို့က သူ့ကိုပြောကြသည်
"တပည့်တော်များက ယေရှုကို ပြောကြသည်။

မုန့်ငါးလုံး
"မုန့်သည် ဖုတ်ထားသည့်အရာ ဖြစ်သည်"

ငါ့ဆီကို ယူလာကြပါ
"မုန့်နှင့် ငါးတို့ကို ငါ့ဆီသို့ ယူလာကြပါ"

**Matthew 14:19**

ဆက်စပ်မှုဖော်ပြချက်
လူငါးထောင်ကို ယေရှုက ကျွေးသည့်အကြောင်းကို အဆုံးသတ်သည်။

ထိုင်လျက်
"လဲလျောင်းလျက်" သူတို့စားနေချိန် ပုံမှန်နေတတ်ကြသည့် အခြေအနေကို ဖော်ပြသည့် စာလုံးကို သုံးပါ။

ယူကြသည်
"သူ့လက်၌ ကိုင်သည်"

မုန့်
"ဖုတ်ထားသည့် မုန့်"

ရှာကြသည်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "ရှာဖွေနေကြစဉ်" သို့မဟုတ် "ရှာဖွေကြ ပြီးနောက်"

ဖြည့်ဆီးကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဝကြသည်အထိ" သို့မဟုတ် "သူတို့ ဗိုက်မဆာ တော့သည်အထိ"

သူတို့က ယူသည်
"တပည့်တော်များက စုသိမ်းကြသည်" သို့မဟုတ် "လူတစ်ချို့က စုသိမ်းကြသည်"

ဆယ့်နှစ်တောင်းပြည့်သည်
"၁၂ တောင်း"

စားသောသူ
"မုန့်နှင့် ငါးကို စားသောသူ"

လူငါးထောင်
"လူ ၅၀၀၀"

**Matthew 14:22**

ဆက်စပ်မှုဖော်ပြချက်
လူငါးထောင်ကို ယေရှုက ကျွေးသည့် ခဏတွင် ဖြစ်ပျက်သည့် အကြောင်းအရာများက လိုက်လာသည်။

ယေဘုယျအချက်အလက်
ယေရှုက ရေပေါ်လမ်းလျှောက်ပြီး နိမိတ်လက္ခဏာပြသည့်အကြောင်းကို ဖော်ပြသည်။

ရုတ်တရက်
"လူအားလုံးကို ယေရှုက ကျွေးပြီးသည့်နောက်"

ညနေခင်းရောက်လာသည့်အခါ
"ညနေခင်း" သို့မဟုတ် "ညမှောင်လာသည့်အခါ"

လှိုင်းများဖြင့် မထိန်းနိုင်ကြ
"တပည့်တော်များက လှိုင်းကြီးသည့်အတွက် လှေကို မထိန်းနိုင်ကြ"

မုန်တိုင်းက သူတို့ကို တိုက်လေသည်
"သူတို့၏ လှေသည် မုန်တိုင်းထဲတွင် လူးလွင့်နေသည်" သို့မဟုတ် "မုန်တိုင်းက သူတို့ တစ်ဖက်မှ တိုက်သည်" မုန်တိုင်းကြောင့် သူတို့ ရှေ့သို့ မတိုးနိုင်ကြပါ။

## Matthew 14:25

လေးနာရီတွင်
စတုတ္ထမြောက်နာရီသည် မနက် (၃) နာရီနှင့် နေထွက်လာသည့်အချိန်အကြား ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နံနက် အာရုံချိန်"

ရေပေါ်သို့လမ်းလျှောက်သည်
"ရေပေါ်သို့ လမ်းလျှောက်သည်"

သူတို့ ထိတ်လန့်ကြသည်
"သူတို့သည် အလွန်ကြောက်ကြသည်"

တစ္ဆေ
သေပြီးသည့် လူ ချန်ခဲ့သည့် ဝိညာဉ်

## Matthew 14:28

ပေတရုက သူ့ကို တွေ့သည်
"ပေတရုက ယေရှုကို တွေ့သည်"

ပေတရုက မုန်တိုင်းကို မြင်သည့်အခါ
"မုန်တိုင်းကို မြင်" သည် မုန်တိုင်းကို သတိထားမိသည်ကိုဆိုလိုသည်။ အခြားသောဘာပြန်ဆိုချက်၊ "မုန်တိုင်းက လှိုင်းကို ရှေ့နောက်သို့ ထိုးလာသည်ကို ပေတရုက မြင်သည့်အခါ" သို့မဟုတ် "မုန်တိုင်းသည် မည်မျှလောက်ပြင်းသည်ကို သူသတိထားမိသည့်အခါ"

## Matthew 14:31

ယုံကြည်ခြင်းအားနည်းသော သင်
"ဤမျှလောက် ယုံကြည်ခြင်းနည်းသော သင်" ယေရှုက လူများကို ဘုရားသခင်၌ ယုံကြည်ခြင်းနည်းကြသောကြောင့် ဆူပူသည်။ 6:30 ၌ မည်သို့ရေးသည်ကို ကြည့်နိုင်သည်။

အဘယ့်ကြောင့် သံသယဖြစ်သနည်း။
ယေရှုက သံသယမရှိရန် ပေတရုကို မေးသည့်မေးခွန်းဖြစ်သည်။ ပေတရုက မည်သည့်အရာကို သံသယမဖြစ်သင့်သည်ကို သင်ဖော်ပြထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေနစ်ခြင်းမှ သင့်ကို ငါကယ်တင်နိုင်သည်ကို သံသယမရှိနှင့်"

ဘုရားသား
ဘုရားသခင်နှင့် ဆက်ဆံရာတွင် ဖော်ပြသည့် ယေရှု၏ အရေးကြီးသော ဘွဲ့နာမည် ဖြစ်သည်။

## Matthew 14:34

ဆက်စပ်မှုဖော်ပြချက်
ယေရှု ရေပေါ်လျှောက်သွားပြီးနောက် ဖြစ်ပျက်သည့်အရာကို ဖော်ပြသည်။ ယေရှု၏ သာသနာအပေါ် လူများ၏ တုံ့ပြန်မှုကို အကျဉ်းချုံးဖော်ပြသည်။

သူတို့က ဖြတ်သန်းသွားကြသည့်အခါ
"ယေရှုနှင့် သူတပည့်တော်များက အိုင်ကို ဖြတ်သွားကြစဉ်"

ဂနေသရက်နယ်
ဂါလိလဲ ပင်လယ်ကမ်းခြေ၏ အနောက်မြောက်ဘက်ရှိ မြို့ငယ်လေး ဖြစ်သည်။

သူတို့က သတင်းပို့ကြသည်
"ထိုဒေသရှိ လူများက သတင်းများ ပို့ကြသည်"

သူတို့က သူ့ကိုတောင်းပန်ကြသည်
"ဖျားနာသူများက သူ့ကို တောင်းပန်ကြသည်"

ပန်းပွား
"အောက်ခြေ" သို့မဟုတ် "အစွန်းနား" (UDB)

ဝတ်လုံ
"ဝတ်ထားသည့်အရာ"

ကုသခြင်းခံကြသည်
အခြားသောဘာသာပြန် ဆိုချက်၊ "ပြန်၍ နေကောင်းလာကြသည်"



generated on Tue Mar 12 16:35:02 2024

## Translation Questions

### Matthew 14:1

ယေရှုသည်မည်သူဖြစ်သည်ဟု ဟေရုဒ်မှတ်ထင်သနည်း။
ယေရှုသည်နှစ်ခြင်းဆရာယောဟန်ဖြစ်ပြီး
သေခြင်းမှထမြောက်သူဟု ဟေရုဒ်မှတ်ထင်ပါသည်။

### Matthew 14:3

ဟေရုဒ်သည်ဥပဒေနှင့်မညီသော
လုပ်ရပ်ကိုလုပ်ကြောင်းနှစ်ခြင်းဆရာယောဟန်က မည်သို့ပြောသနည်း။
ဟေရုဒ်သည် မိမိညီ၏ဇနီးကို သိမ်းပိုက်သောကြောင့်ဖြစ်ပါသည်။

ဟေရုဒ်သည်နှစ်ခြင်းဆရာယောဟန်ကို
အဘယ်ကြောင့်ချက်ခြင်းမသတ်သနည်း။
လူများတို့ကနှစ်ခြင်းဆရာယောဟန်သည်
ပရောဖက်ဖြစ်သည်ဟုထင်မှတ်ကြသဖြင့်
ထိုသူတို့ကိုကြောက်သောကြောင့်ဟေရုဒ်သည်
ချက်ခြင်းမသတ်ခြင်းဖြစ်ပါသည်။

### Matthew 14:6

ဟေရုဒ်သည် သူ၏မွေးနေ့၌ ဟေရောဒိသမီး ကပြပြီးနောက် သူမည်သို့
ပြုခဲ့သနည်း။
ဟေရုဒ်ကဟေရောဒိသမီး
တောင်းသမျှကိုပေးမည်ဟုဂတိပြုပါသည်။

### Matthew 14:8

ဟေရောဒိ၏ သမီးက မည်သည့်အရာကို တောင်းသနည်း။
ဟေရောဒိ၏သမီးသည် နှစ်ခြင်းဆရာယောဟန်၏ဦးခေါင်းကို
ဤလင်ပန်း၌ပေးပါဟု တောင်းပါသည်။

ဟေရုဒ်သည်ဟေရောဒိသမီး၏
တောင်းဆိုချက်ကိုအဘယ်ကြောင့်ပေးသနည်း။
ဟေရောဒိ၏သမီးတောင်းဆိုချက်ကိုပေးရခြင်းမှာ ညစာစားပွဲ၌
လူအများရှေ့တွင် ကျိန်ဆိုဂတိပြုထားသောကြောင့် ဖြစ်ပါသည်။

### Matthew 14:13

ယေရှုသည် လူများအပေါင်းတို့က
မိမိ၏နောက်တော်သို့လိုက်လာသည်ကိုမြင်သောအခါ
မည်ကဲ့သို့တုံ့ပြန်သနည်း။
ယေရှုသည်
မိမိနောက်တော်သို့လိုက်လာသူများကိုသနားသောကြောင့်
လူနာရှိသမျှကိုကျန်းမာစေပါသည်။

### Matthew 14:16

လူအစုအဝေးအတွက် ယေရှုသည်သူ၏တပည့်တော်တို့ကိုမည်သို့
စိမ်ခေါ်သနည်း။
ယေရှုက သူ၏တပည့်တော်များကို
လူအစုအဝေးအားအစားအစာပေးရန် စိမ်ခေါ်ပါသည်။

### Matthew 14:19

တပည့်တော်များယူလာသောမုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကို ယေရှု
မည်သို့ပြုလုပ်သနည်း။
ယေရှုသည်ကောင်းကင်သို့မျှော်ကြည့်၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်နှင့်ငါးကိုဖွဲ့
ဝေပေးကြပါသည်။

လူမည်မျှစားသောက်ကြပြီး၊ ကြွင်းသောအစာ မည်မျှပိုသနည်း။
လူယောကျ်ားငါးထောင်နှင့်တကွမိန်းမနှင့်ကလေးများဝစွာစားကြရပြီး၊
ကြွင်းသောအစာ တဆယ့်နှစ်တောင်း အပြည့်ပိုပါသည်။

### Matthew 14:22

လူအစုအဝေးအား စေလွှတ်လိုက်ပြီးနောက် ယေရှုမည်သို့ လုပ်ဆောင်သနည်း။
ယေရှုသည် ဆုတောင်းရန်အတွက်
တောင်ပေါ်သို့တက်သွားပါသည်။

တပည့်တော်တို့သည် ရေလယ်၌ မည်သို့ဖြစ်ခဲ့ကြသနည်း။
တပည့်တော်တို့၏ လှေသည်ရေလယ်၌
ရှိစဉ်လေပြင်းကျလျက်လှိုင်းတံပိုးထသောကြောင့်
လှုးလှိမ့်လျက်ရှိခဲ့ပါသည်။

### Matthew 14:25

ယေရှုသည် တပည့်တော်များထံ မည်သို့သွားသနည်း။
ယေရှုသည် တပည့်တော်များထံသို့
ရေပေါ်မှာလမ်းလျှောက်သွားပါသည်။

တပည့်တော်တို့သည် ကိုယ်တော်ကိုမြင်သောအခါ ယေရှုက
မည်သို့ပြောသနည်း။
ယေရှုက တပည့်တော်များအား
ရဲရင့်ခြင်းရှိရန်နှင့်မကြောက်ကြရန်ပြောပါသည်။

### Matthew 14:28

ယေရှုကပေတရုအား မည်ကဲ့သို့လာရန် ပြောသနည်း။
ယေရှုကပေတရုအား ရေပေါ်မှာလမ်းလျှောက်ပြီး
လာခဲ့ရန်ပြောပါသည်။

ပေတရုသည် အဘယ်ကြောင့်စတင်၍ ရေထဲနစ်သနည်း။
ပေတရုစတင်၍ရေထဲနစ်ရခြင်းမှာ
ကြောက်စိတ်ဝင်လာခြင်းကြောင့်ဖြစ်ပါသည်။

### Matthew 14:31

ယေရှုနှင့်ပေတရုတို့ လှေထဲသို့ရောက်သွားသည့်အခါမည်သို့ဖြစ်သနည်း။
ယေရှုနှင့်ပေတရုတို့လှေထဲသို့
ရောက်သွားသည့်အခါလေသည်ငြိမ်သက်သွားပါသည်။

ထိုအချင်းအရာကိုမြင်သော် တပည့်တော်တို့ မည်သို့ပြုလုပ်ကြသနည်း။
ထိုအချင်းအရာကိုမြင်သော်တပည့်တော်တို့သည်ယေရှုကိုပြပ်ဝပ်ကိုးကွယ်လျက်
ဘုရားသခင်၏သားတော်မှန်ပါသည်ဟုပြောဆိုကြပါသည်။

**Matthew 14:34**

ယေရှုနှင့်တပည့်တော်တို့သည် ပင်လယ်တဖက်ကမ်းသို့ရောက်ကြသောအခါ လူများအပေါင်းတို့သည်မည်သို့ပြုလုပ်ကြသနည်း။

ယေရှုနှင့်တပည့်တော်တို့သည် ပင်လယ်တဖက်ကမ်းသို့ရောက်သောအခါ၊

လူများအပေါင်းတို့သည် ယေရှုထံသို့မကျန်းမာသူများကို ခေါ်ဆောင်လာခဲ့ကြပါသည်။

---

## Chapter 15

1 ထိုအခါ ယေရုရှလင်မြို့သားဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့သည် ချဉ်းကပ်ပြီးလျှင်၊ 2 ရှေးဟောင်းတို့မှဆက်ခံသော နည်းဥပဒေကို
ကိုယ်တော်၏တပည့်တို့သည် အဘယ်ကြောင့်လွန်ကျူး ကြပါသနည်း။ သူတို့သည် လက်မဆေးဘဲ အစာစားကြပါသည်တကားဟု
လျှောက်ကြလျှင်၊ 3 ကိုယ်တော်က၊ သင်တို့သည်အဆက်ဆက်ခံသော် နည်းဥပဒေကိုအမှီပြု၍ ဘုရားသခင်၏ပညတ်တော် ကို
အဘယ်ကြောင့်လွန်ကျူးကြသနည်း။ 4 ဘုရားသခင်၏ပညတ်တော်ကား၊ မိဘကိုရိုသေစွာပြုလော့။ အကြင်သူသည်
မိဘကိုနှုတ်ဖြင့်ပြစ်မှား ၏၊ ထိုသူသည် အသေသတ်ခြင်းကို ခံစေဟုလာသတည်း။ 5 သင်တို့မူကား၊ အကြင်သူသည် ကိုယ့်မိဘကို၊
သင်တို့အသုံးရနိုင်သမျှသော ငါ၏ဥစ္စာသည် အလှူဝတ္ထု ဖြစ်စေဟုဆို၏၊ 6 ထိုသူသည် ကိုယ်မိဘကိုပင် ရိုသေစွာမပြုရဟုဆို၏။
ထိုသို့သင်တို့သည် အဆက်ဆက်ခံသော နည်း ဥပဒေအားဖြင့် ဘုရားသခင်၏ပညတ်တော်ကို ပယ်ကြ၏။ 7 လျှို့ဝှက်သောသူတို့၊
ဟေရှာယသည် သင်တို့ကိုရည်မှတ်လျက် ဤလူမျိုးသည်နှုတ်နှင့်ငါ့ထံသို့ ချဉ်း ကပ်၍ နှုတ်ခမ်းနှင့်ငါ့ကို ရိုသေကြ၏။
စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ 8 လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင်ငါ့ကို
အချည်းနှီးကိုးကွယ်ကြ၏ဟု 9 နောက်ဖြစ်လတံ့သောအရာကို လျှောက်ပတ်စွာ ဟောခဲ့ပြီဟုပြန်၍မိန့်တော်မူ၏။ 10 ထိုအခါ
လူအစုအဝေးကို အထံတော်သို့ခေါ်၍၊ သင်တို့နားထောင် နားလည်ကြလော့။ 11 ခံတွင်းသို့ဝင်သောအရာသည်
လူကိုညစ်ညူးစေသည်မဟုတ်။ ခံတွင်းမှထွက်သောအရာသည် ညစ်ညူး စေသောအရာဖြစ်သည်ဟု မိန့်တော်မူ၏။ 12
တပည့်တော်တို့သည်ချဉ်းကပ်၍၊ ယခုမိန့်တော်မူသောစကားကို ဖာရိရှဲတို့သည်ကြားသောအခါ စေတနာစိတ်ပျက်ကြသည်ကို
သိတော်မူသလောဟုလျှောက်ကြ၏။ 13 ကိုယ်တော်ကလည်း၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်စိုက်တော်မမူသော
အပင်ရှိ သမျှတို့ကို နှုတ်ရလိမ့်မည်။ 14 ထိုသူတို့ကိုရှိပါလေစေ။ သူတို့သည်လူကန်းတို့အား လမ်းပြသောလူကန်းဖြစ်၏။
လူကန်းချင်းတဦးကို တဦးလမ်းပြလျှင်၊ နှစ်ဦးတို့သည် တွင်းထဲသို့ကျကြလိမ့်မည်ဟု မိန့်တော်မူ၏။ 15 ပေတရုကလည်း၊ ထိုဥပမာကို
အကျွန်ုပ်တို့အား ဖွင့်ပြတော်မူပါဟုလျှောက်လျှင်၊ 16 ယေရှုက၊ သင်တို့သည် ယခုတိုင်အောင် ပညာမဲ့လျက်နေသေးသလော။ 17
ခံတွင်းသို့ဝင်သမျှသည် ဝမ်းထဲသို့ဆင်း၍ ရေအိမ်တွင် စွန့်ပစ်သည်ကိုနားမလည်ကြသေးသလော။ 18
ခံတွင်းမှထွက်သောအရာမူကား၊ နှလုံးထဲက ထွက်လာ၍ လူကိုညစ်ညူးစေသောအရာဖြစ်၏။ 19 မကောင်းသောကြံစည်ခြင်း၊
လူအသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှား ယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊
သူ့အသရေကိုဖျက်ခြင်းအရာတို့သည် နှလုံးထဲက ထွက်လာ၍၊ 20 လူကို ညစ်ညူးစေသောအရာဖြစ်ကြ၏။ လက်မဆေးဘဲလျက်
အစာကိုစားခြင်းမူကား၊ လူကိုညစ်ညူး စေသည်မဟုတ်ဟု မိန့်တော်မူ၏။ 21 ယေရှုသည် ထိုအရပ်မှထွက်၍ တုရုမြို့နှင့် ဇိဒုန်မြို့၏
ကျေးလက်သို့ကြွတော်မူလျှင်၊ 22 ခါနာန်အမျိုးဖြစ်သောမိန်းမတယောက်သည် ထိုနယ်စပ်မှထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊
ကျွန်မ ကို သနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း စကားတခွန်းမျှ
ပြန်တော်မမူ။ 23 တပည့်တော်တို့သည်ချဉ်းကပ်၍၊ ထိုမိန်းမပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍
ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။ 24 ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင်
ပျောက်လွင့်သောသိုးများမှတပါး အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော်မူ၏။ 25 ထိုမိန်းမသည်
ချဉ်းကပ်၍ပြပ်ဝပ်လျက် ကျွန်မကို ကယ်တော်မူပါသခင်ဟု လျှောက်ပြန်လျှင်၊ 26 ကိုယ်တော်က၊ သား၏အစာကိုယူ၍
ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူ၏။ 27 မိန်းမကလည်းမှန်ပါ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏စားပွဲမှကျသော
စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန်လျှင်၊ 28 အိုမိန်းမ၊ သင်သည်ယုံကြည်အားကြီးလှပြီ။ သင့်အလိုရှိသည်အတိုင်း
သင်၌ဖြစ်စေဟုမိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏။ 29 ယေရှုသည် ထိုအရပ်မှကြွ၍
ဂါလိလဲအိုင်နားသို့ရောက်တော်မူလျှင် တောင်ပေါ်သို့တက်၍ ထိုင်တော် မူ၏။ 30 များစွာသောလူအပေါင်းတို့သည် ခြေမစွမ်း၊
မျက်စိကန်း၊ စကားအ၊ အင်္ဂါချို့တဲ့သောသူမှစ၍ အခြား သော အနာရောဂါစွဲသောသူများကို ဆောင်ခဲ့လျက်
အထံတော်သို့ရောက်လာ၍ ခြေတော်ရင်း၌ချထားကြ၏။ 31 အနာရောဂါများကို ငြိမ်းစေတော်မူသဖြင့်၊ အသောသူသည်
စကားပြောသည်ကိုငင်း၊ ချို့တဲ့သောသူ သည် ပကတိဖြစ်သည်ကိုငင်း၊ ခြေမစွမ်းသောသူသည် လှမ်းသွားသည်ကိုငင်း၊
မျက်စိကန်းသောသူသည် မြင်ရ သည်ကိုငင်း၊ လူအစုအဝေးတို့သည်မြင်လျှင် အံ့သြခြင်းသို့ရောက်၍ ဣသရေလအမျိုး၏
ဘုရားသခင်ဂုဏ် တော်ကို ချီးမွမ်းကြ၏။ 32 ထိုအခါ ယေရှုသည် တပည့်တော်တို့ကိုခေါ်၍၊ ဤလူများကိုငါသနား၏။
သုံးရက်ပတ်လုံးငါနှင့်အတူရှိ ကြပြီ။ စားစရာအလျှင်းမရှိ။ လမ်းခရီး၌ မောမည်ကိုစိုးရိမ်သောကြောင့် အစာမစားမှီ
သူတို့ကိုလွှတ်ခြင်းငှာ ငါအလိုမရှိဟု မိန့်တော်မူလျှင်၊ 33 တပည့်တော်တို့က ဤမျှလောက်များသောလူစုတို့သည်
ဝစွာစားလောက်သောအစာကို ဤတောအရပ် ၌ အကျွန်ုပ်တို့သည် အဘယ်သို့ရနိုင်ပါမည်နည်းဟု လျှောက်ကြသော်၊ 34 ယေရှုက၊
သင်တို့တွင်မုန့်ဘယ်နှစ်လုံးရှိသနည်းဟု မေးတော်မူလျှင်၊ မုန့်ခုနစ်လုံးနှင့် အနည်းငယ်မျှ သော ငါးကောင်ကလေးရှိပါသည်ဟု
ပြန်လျှောက်ကြ၏။ 35 ထိုအခါ လူအစုအဝေးတို့ကို မြေပေါ်မှာလျောင်းကြစေဟု အမိန့်တော်ရှိ၏။ 36 မုန့်ခုနစ်လုံးနှင့်
ငါးတို့ကိုလည်းယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ၊ မုန့်နှင့်ငါးကိုဖဲ့၍ တပည့်တော်တို့အား ပေးတော်မူ၏။ တပည့်တော်တို့လည်း
လူအပေါင်းတို့အား ပေးကြ၏။ 37 လူအပေါင်းတို့သည် စား၍ဝကြပြီးမှ၊ ကြွင်းရစ်သောအကျိုးအပဲ့ကိုကောက်သိမ်း၍ ခုနစ်တောင်း
အပြည့် ရကြ၏။ 38 စားသောသူအရေအတွက်ကား၊ မိန်းမနှင့်သူငယ် ကိုမဆိုဘဲ ယောကျာ်းလေးထောင်ရှိသတည်း။ 39
ထိုလူများတို့ကို လွှတ်တော်မူပြီးမှ၊ လှေစီး၍ မာဂဒါလကျေးလက်သို့ ရောက်တော်မူ၏။


generated on Tue Mar 12 16:35:02 2024

### Matthew 15:1

ယေဘုယျအချက်အလက်
ရှေ့ကအဖြစ်အပျက် ပြီးသည့် ခဏတွင် ဆက်လက်၍ ဖြစ်ပျက်သည်။ ဖာရိရှဲတို့၏ ဝေဖန်မှုကို ယေရှုက ပြန်တုံ့ပြန်သည်။

သင်တို့တပည့်များက ဘာ့ကြောင့် သက်ကြီးသူများ၏ဓလေ့များကို လွန်ကျူးကြသနည်း။
ဖာရိရှဲများနှင့် ကျမ်းပြုဆရာများက ဤမေးခွန်းကိုသုံးပြီး ယေရှုနှင့် သူ့တပည့်တော်များကို ဝေဖန်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ဘိုးဘေးများ ပေးခဲ့သည့် ဥပဒေများကို သင်၏ တပည့်တော်များက မလေးစားကြပါ"

သက်ကြီးသူများ၏ ဓလေ့များ
မောရှေ၏ ပညတ်တော်နှင့် မတူပေ။ မောရှေ နောက်ပိုင်း ဘာသာရေးခေါင်းဆောင်များက ပညတ်တော်များကို အနက်ဖွင့်ပြီး ဖြည့်စွက် သင်ကြားချက်များကိုဆိုလိုသည်။

သူတို့လက်များကို ဆေးကြောကြသည်
ဤဆေးကြောခြင်းသည် လက်များမက သန့်ရှင်းရန်မဟုတ်ပါ။ သက်ကြီးသူများ၏ ဓလေ့အရ ဘာသာရေးအရ သန့်ရှင်းခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ လက်ကို ကောင်းစွာ မဆေးကြောကြ"

သင်တို့၏ဓလေ့များကြောင့် ဘုရားသခင်၏ပညတ်တော်များကို အဘယ့်ကြောင့် လွန်ကျူးကြသနည်း။
ဘာသာရေးခေါင်းဆောင်များ လုပ်သည့်အရာကို ယေရှုက မေးခွန်းဖြင့် ပြန်ဖြေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဘိုးဘေးများ သင်ပေးခဲ့သည့် အရာများကို လိုက်နာနိုင်ကြရန်အတွက် ဘုရားသခင်၏ ပညတ်တော်များကို သင်တို့ ငြင်းဆန်သည်ကို ငါသိသည်"

### Matthew 15:4

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများကို ဆက်၍ တုံ့ပြန်နေသည်။

ယေဘုယျအချက်အလက်
အပိုဒ် (၄) ၌ လူတစ်ယောက်က သူတို့မိဘများ မည်သို့ဆက်ဆံရမည်ကို ယေရှုက ထွက်မြောက်ရာကျမ်းမှ နှစ်ကြိမ် ကိုးကားထားသည်။

အမှန်သေမည်
"လူများက အမှန် သူ့ကိုသတ်ကြမည်"

သို့သော် သင်တို့က "အကြင်သူသည် ကိုယ့်မိဘကို သင်တို့အသုံးရနိုင်သမျှသော ငါ၏ဥစ္စာသည် အလှူဝတ္ထုဖြစ်စေဟုဆို၏။ ထိုသူသည် ကိုယ့်မိဘကိုပင် ရိုသေစွာမပြုရဟုဆို၏။
အခြားသောဘာသာပြန်ဆိုချက်၊ "လူတစ်ယောက်သည် တစ်စုံတစ်ခုကို ဘုရားသခင်ဆီ ပေးလှူပြီးကြောင်းပြော၍ သူ့မိဘအား အထောက်အပံ့ဖြစ်စေသည့် တစ်စုံတစ်ရာ ပေးကမ်းခြင်းမရှိလျှင်လည်း မိဘကို ရိုသေခြင်းအမှုကို မထိပါးဟု သင်တို့သည် သွန်သင်ခဲ့ကြပြီ"

သို့သော် သင်တို့ပြောသည်
"သင်တို့" သည် ဖာရိရှဲများနှင့် ကျမ်းပြုဆရာများကို ရည်ညွှန်းသည့် အများကိန်းဖြစ်သည်။

သူ့အဖေကိုလေးစားရန် မလိုအပ်
"သူ့အဖေ" သည် "သူ့မိဘများ" ကို ဆိုလိုသည်။ ဘာသာရေးခေါင်းဆောင်များက ဤအရာများကို လိုက်နာသူက သူ့မိဘများကိုပင် လေးစားရန် မလိုအပ်ဟု သင်ပေးကြသည်။

သင်တို့ ဓလေ့များကြောင့် ဘုရားသခင်၏ ဥပဒေများကို ပယ်ကြသည်
"ဘုရားသခင်၏ ပညတ်တော်များထက် သင်တို့ ဓလေ့ထုံးစံများကို ပို၍ အရေးကြီးထားကြသည်"

### Matthew 15:7

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲနှင့် ကျမ်းပြုဆရာများ ယေရှု တုံ့ပြန်ချက်ကို အဆုံးသတ်သည်။

ယေဘုယျအချက်အလက်
အပိုဒ် (၈) နှင့် (၉) တွင် ဖာရိရှဲနှင့် ကျမ်းပြုဆရာများကို ပုတ်ခတ်ဖို့ ယေရှုက ပရောဖက် ဟေရှာယကို ပြန်ကိုးကားသည်။

သင့်အကြောင်း ပရောဖက်ဟေရှာယက ပြောသလော။
"ဟေရှာယက ဤပရောဖက်ပြုချက်တွင် သင့်အကြောင်းအမှန်ကို ပြောခဲ့သည်"

သူပြောသည့်အခါ
ဘုရားသခင်က ဘာပြောသည်ကို ဟေရှာယက ပြန်ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ပြောထားသည့် အရာကို သူပြောသည့်အခါ"

ဤလူများက ငါ့ကိုသူတို့၏နှုတ်ခမ်းများဖြင့် လေးစားကြသည်။
"နှုတ်ခမ်းများ" သည် စကားပြောခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူများက ငါ့ထံသို့ မှန်သည့်အရာများကို ပြောကြသည်"

ငါ့ကို
ဘုရားသခင်ကို ဆိုလိုသည့် နာမ်စားဖြစ်သည်။

သူတို့ စိတ်နှလုံးသည် ငါနှင့်ဝေးသည်
"နှလုံး" သည် လူတစ်ယောက်၏ အတွေး၊ စိတ်လှုပ်ရှားမှုကို ဆိုလိုသည်။ လူတို့သည် ဘုရားသခင်ကို မှန်ကန်စွာကိုးကွယ်ကြသည်ကို ပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့က ငါ့ကို အမှန် မချစ်ကြပါ"

ငါ့ကို အချည်းနှီးကိုးကွယ်ကြသည်
"သူတို့၏ ကိုးကွယ်မှုသည် ငါ့အတွက် အချည်းနှီးဖြစ်သည်။" သို့မဟုတ် "သူတို့က ငါ့ကို ဟန်ဆောင်လျက်ကိုးကွယ်ကြသည်"

လူတို့၏ မိန့်တော်မူချက်များ
"လူတို့ လုပ်သည့် နည်းဥပဒေများ"

### Matthew 15:10

ဆက်စပ်မှုဖော်ပြချက်
ယေရှု လူအုပ်နှင့် သူ့တပည့်တော်များကို မည်သည့်အရာက လူကို ညစ်ပတ်စေသည်၊ ဘာ့ကြောင့် ဖာရိရှဲနှင့် ကျမ်းပြုဆရာတို့က သူ့ကို ဝေဖန်ကြသည်ကို သင်ပြနေသည်။

နားထောင် နားလည်
ယေရှုက သူပြောမည့်အရာအရေးကြီးသည်ကို အလေးနက်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊

"ငါပြောသည့်အရာကို ဂရုစိုက်စွာ နားထောင်ပါ၊ ထိုမှသာ ၎င်း၏ ဆိုလိုရင်းကို နားလည်မည်"

ပါးစပ်ကိုဝင်ပါ...ပါးစပ်မှထွက်လာပါ
လူ စားသည့်အရာကို လူက ပြောသည့်အရာနှင့် နှိုင်းယှဉ်သည်။ ဘုရားသခင်သည် လူသည် မည်သည့်အရာစားသည်ထက် မည်သည့်အရာပြောသည်နှင့် ပတ်သက်ပြီး ပို၍ အရေးယူကြောင်း ယေရှုက ပြောသည်။

**Matthew 15:12**

ဤအဆိုကို ဖာရိရှဲတို့ကကြားသည့်အခါ စိတ်ပျက်ကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအဆိုက ဖာရိရှဲတို့ကို စိတ်ဆိုးစေသည်"

ငါ့ကောင်းကင်ဘုံအဘက မစိုက်ပျိုးသည့်အပင်တိုင်းက နှုတ်ပစ်မည်
ဖာရိရှဲများသည် အမှန်ဘုရားသခင်နှင့် မသက်ဆိုင်ကြ။ ထို့ကြောင့်သူတို့ကို ဖယ်ရှားမည်ကို ယေရှုက ဤတင်စားချက်ဖြင့် ဆိုလိုခြင်းဖြစ်သည်။

ငါ့ကောင်းကင်ဘုံအဘ
ယေရှုနှင့် ဘုရားသခင်ကြား ဆက်ဆံသည့်အခြေအနေကိုဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသော အမည်ဖြစ်သည်။

အမြစ်နှုတ်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ အဘက သူတို့ကို နှုတ်ယူမည်" သို့မဟုတ် "ငါ့ အဘက သူတို့ကို မြေကြီးမှ ခွာပစ်မည်" "ငါ့ အဘက သူတို့ကို ဖယ်ရှားမည်"

သူတို့တည်းရှိစေပါ
"သူတို့ကို" သည် ဖာရိရှဲများကို ဆိုလိုသည်။

မျက်ကန်းက လမ်းပြသည်...နှစ်ယောက်လုံး တွင်းထဲသို့ကျမည်
ဖာရိရှဲများကို ဖော်ပြချင်၍ ယေရှုက အခြားပုံဥပမာကို သုံးသည်။ ဖာရိရှဲတို့က ဘုရားသခင်၏ အမိန့်တော်ကို နားမလည်ကြ၊ သူ့ကိုမည်သို့ ဝမ်းသာစေမည်ကိုလည်း မသိကြဟု ယေရှုက ဆိုလိုသည်။ ထို့ကြောင့် မည်ကဲ့သို့ဘုရားသခင်ကို ဝမ်းသာစေရန် တခြားသူများကို မသင်ပြနိုင်ပါ။

**Matthew 15:15**

ဆက်စပ်မှုဖော်ပြချက်
15:12 ၌ ယေရှုဖော်ပြသည့် ပုံဥပမာကို ရှင်းပြသည်။

ငါတို့အား
"တပည့်တော်များအား"

သင်တို့ကလည်း နားမလည်ဘဲနေကြသလော။
ပုံဥပမာကို နားမလည်ကြသဖြင့် ယေရှုက တပည့်တော်များကို ပုတ်ခတ်သည့်မေးခွန်းဖြစ်သည်။ "သင်" သည်လည်း အလေးနက်ပေးထားခြင်းအတွက် သုံးသည်။ သူ့တပည့်များ ကိုယ်တိုင် နားမလည်ကြသည်ကို ယေရှုက မယုံကြည်နိုင် ဖြစ်နေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တပည့်တော်များဖြစ်သည့် သင်တို့ကိုယ်တိုင်ကလည်း ငါသင်ပေးသည့်အရာကို နားမလည်ကြသော ကြောင့် ငါ စိတ်ပျက်သည်"

"သင်တို့မတွေ့သလော..အိမ်သာထဲသို့"
ပုံဥပမာကို နားမလည်ကြသဖြင့် ယေရှုက တပည့်တော်များကို ပုတ်ခတ်သည့် မေးခွန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အမှန်သင်နားလည်မည်...အိမ်သာထဲသို့"

ပါးစပ်ကိုဖြတ်သွားသည့်
"ပါးစပ်ထဲ ဝင်သွားသည့်"

အိမ်သာ
လူတို့၏ ခန္ဓာကိုယ်သုံးများကို မြှုပ်နှံသည့်နေရာကို ယဉ်ကျေးစွာဖြင့် ဆိုလိုခြင်းဖြစ်သည်။

**Matthew 15:18**

ဆက်စပ်မှုဖော်ပြချက်
15:12 ၌ယေရှုဖော်ပြသည့် ပုံဥပမာကို ရှင်းပြသည်။

ပါးစပ်မှ ထွက်လာသည့်အရာ
လူ ပြောသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "လူပြောသည့် စကားများ"

စိတ်နှလုံးမှ
"နှလုံး" သည် လူ၏ စိတ်ထဲက အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူ၏ အထဲမှ" သို့မဟုတ် "လူ၏ စိတ်မှ"

လူသတ်သမား
အပြစ်ကင်းသည့် လူများကို သတ်သူ

အသရေဖျက်သည်
လူတစ်ယောက်၏ ပျက်စီးမှု၊ မမှန်ကန်သည့် အရာကို ပြောသည်။

မဆေးသောလက်များ
သက်ကြီးသူများ၏ ဓလေ့အရ လက်များကို ဘာသာရေးအရ စင်ကြယ်စွာ မဆေးခြင်းကို ဆိုလိုသည်။

**Matthew 15:21**

ယေဘုယျအချက်အလက်
ခါနန်အမျိုးသမီး၏ သမီးကို ယေရှုက အနာငြိမ်းစေသည့်အကြောင်းဖြစ်သည်။

ယေရှု ထွက်သွားသည်
တပည့်တော်များသည် ယေရှုနှင့်အတူ သွားကြသည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုနှင့်သူ့တပည့်တော်များ ထွက်သွားကြသည်"

ခါနန်အမျိုးသမီးထွက်လာသည်ကို ကြည့်ကြပါ
"ကြည့်ပါ" သည် ဇာတ်လမ်းတွင် လူသစ်ဝင်လာသည်ကို အချက်ပြပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထွက်လာသည့် ခါနန် အမျိုးသမီးရှိသည်"

ခါနန်အမျိုးသမီး ထိုဒေသမှ ထွက်လာပါ
"ထိုဒေသတွင် နေထိုင်သည့် ခါနန်လူမျိုးအုပ်စုမှ အမျိုး သမီး" ဤခေတ်တွင် ခါနန်နိုင်ငံ မရှိတော့ပါ။ တုရုမြို့နှင့်သောဒုံမြို့နားတွင် နေထိုင်သည့် လူအုပ်စုထဲကသာဖြစ်သည်။

ငါ့ကိုသနားပါ
ယေရှုက သူမသမီးကို အနာငြိမ်းစေရန် တောင်းဆိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို ကူညီပြီး ငါ့သမီးကို အနာငြိမ်းစေပါ"

ဒါဝိဒ်၏သား
ယေရှုသည် ဒါဝိဒ်၏ သားအမှန် မဟုတ်ပေ။ ထို့ကြောင့် "ဒါဝိဒ်၏ မျိုးဆက်" ဟုပြန်နိုင်သည်။ သို့သော် "ဒါဝိဒ်၏ သား" သည်လည်း မေရှိယ၏ နာမည်ဖြစ်သည်။ အမျိုးသမီးကလည်း ဤနာမည်ဖြင့် ယေရှုကို ခေါ်သည်။

ငါ့သမီးသည် အမြဲတမ်း နတ်ဆိုးကနှိပ်စက်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "နတ်ဆိုးက ငါ့သမီးကို အလွန်နှိပ်စက်သည်"

စကားတခွန်းမျှ ပြန်ပြောတော်မမူ
"စကားလုံး" သည် လူပြောသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘာမှ မပြော"

**Matthew 15:24**

အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမစေလွှတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါ့ကိုမည်သူ့ထံကိုမျှ မပို့"

ဣသရေလတို့ ပျောက်သောသိုး
ဣသရေလနိုင်ငံ တစ်ခုလုံးတို့၏ သိုးသည် သိုးထိန်းလက်မှ လမ်းမှားသည်ဟု တင်စား ခိုင်းနှိုင်းထားခြင်းဖြစ်သည်။ 10:5 တွင်ရေးထားသည့်အတိုင်း ရေးရန်ဖြစ်သည်။

သူမလာသည်
"ခါနန်အမျိုးသမီး လာသည်"

သူ့ရှေ့တွင် ပြပ်ဝပ်သည်
အမျိုးသမီးက ယေရှု၏ ရှေ့တွင် နှိမ့်ချမှုရှိသည်ကို ပြသည်။

သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်
ယေရှုက အမျိုးသမီးကို စကားပုံဖြင့် တုံ့ပြန်သည်။ ဆိုလိုရင်းမှာ ယုဒလူများနှင့်သာ သက်ဆိုင်သည့်အရာကို ယုဒလူ မဟုတ်သူများအား ပေးရန်မှာ မသင့်တော်သည့်အရာဖြစ်သည်။

ခွေး
လူများက မွေးမြူသည့် ခွေး မည်သည့် အရွယ်အစားမဆို အတွက် သုံးထားသည်။

သား၏အစာ
"မုန့်" သည် ယေဘုယျအစားအစာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလေးများ၏ အစားစာ"

ခွေးငယ်လေး
ယုဒလူတို့က ခွေးသည့် မသန့်ရှင်းသော တိရိစ္ဆာန်ဟုသတ်မှတ်ကြသည်။ ဤနေရာ၌ ယုဒလူမဟုတ်သူများကို ရည်ညွှန်းချက်ဖြင့် သုံးထားသည်။

**Matthew 15:27**

ခွေးများက သခင်၏ စားပွဲမှ ကျလာသည့် စားနုပ်စားပေါက် များကိုစားရသည်
ယေရှုက စကားပုံ သုံးသဖြင့် ထိုစကားပုံနှင့် တူညီသည့်အရာဖြင့် အမျိုးသမီးက ပြန်တုံ့ပြန်သည်။ ယုဒလူများက ပစ်ချသည့်အရာ ကောင်းသည့်အရာ အနည်းငယ်ကို ယုဒလူမဟုတ်သူများကလည်း စားသောက်သင့်သည်ဟု သူမက ဆိုလိုခြင်းဖြစ်သည်။

ဖြစ်ပါစေ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါလုပ်မည်"

သူ့သမီးသည် အနာငြိမ်းလေသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုက သူ့သမီးကိုအနာငြိမ်းစေသည်" "သူမ သမီးပြန်ကောင်းသည်"

ထိုနာရီ
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုတစ်ချိန်တည်းတွင်" "ရုတ်တရက်"

**Matthew 15:29**

ယေဘုယျအချက်အလက်
လူလေးထောင်ကို ကျွေးပြီး ယေရှု နိမိတ်ပြသည့်အကြောင်းကို ဤအပိုဒ်က ဖော်ပြသည်။ .

ခြေလက်ကျိုး၊ မျက်ကန်း၊ ဆွံ့အ၊ ခြေလက်သေသူများ
"စကားမပြောနိုင်သူများ၊ မမြင်နိုင်သူများ၊ မသွားလာနိုင်သူများနှင့် ခြေလက်များ ကောင်းစွာ မဆက်ထားသူများ"

သူတို့က သူတို့က ယေရှုခြေတော်ရင်းမှာဆက်သကြသည်
"ခြေတော်" သည် ယေရှု၏ ရှေ့၌ နာမကျန်းသူကို ထားကြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်တို့က နာမကျန်းသူများကို ယေရှုထံသို့ ခေါ်လာကြသည်"

ခြေလက်သေသူကို ပြန်ကောင်းစေသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ခြေလက်သေသူသည် ပြန်ကောင်းသည်"

ခြေလက်သေ...ခြေလက်ကျိုး...မျက်ကန်း
အခြားသောဘာသာပြန်ဆိုချက်၊ "ခြေလက်သေသူများ... ခြေလက်ကျိုးသူများ... မျက်ကန်းသူများ"

**Matthew 15:32**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက လူလေးထောင်ကို မုန့်ခုနှစ်လုံးနှင့် ငါးအနည်းငယ်ဖြင့် ကျွေးပြီး နိမိတ်လက္ခဏာပြသည့် အကြောင်းကို ဖော်ပြသည်။

သူတို့သည် လမ်းပေါ်၌ မောနိုင်ကြသည်
"သူတို့သည် လမ်းပေါ်၌ မောနိုင်ကြသည့်အတွက်"

ဤမျှလောက်များသည့်လူအုပ်ကို ကျွေးနိုင်မည့် မုန့်ကို ဤသဲကန္တာရတွင် ဘယ်မှာတွေ့နိုင်မည်နည်း။
တပည့်တော်များက လူအုပ်ကြီးစားလောက်သည့် မုန့်ရနိုင်မည့်နေရာ မရှိသည်ကို မေးခွန်းဖြင့် ပြန်ဖော်ပြကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤမျှလောက်ကြီးသည့် လူအုပ်အတွက် လုံလောက်သောမုန့်ကို ဘယ်မှာမှ မတွေ့နိုင်"

ခုနစ်ခုနှင့် ငါးအနည်းငယ်
နားလည်ထားသည့်အချက်ကို ရှင်းလင်းစွာ ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုန့်ခုနစ်ခုနှင့် ငါးအနည်းငယ်"

မြေပေါ်သို့ထိုင်သည်
စားပွဲမရှိသည့်အခါ ဒေသရှိလူများက ထိုင်ပြီး သို့မဟုတ် လဲလျောင်း၍ ထမင်းစားကြသည်ကို ဆိုလိုသည်။

### Matthew 15:36

သူယူသည်
"ယေရှုက သူ့လက်ဖြင့် ကိုင်လျက်"

မုန့်ကိုချိုးသည်
"မုန့်ကို ဖဲ့သည်"

သူတို့ကိုပေးသည်
"မုန့်နှင့် ငါးကိုပေးသည်"

သူတို့စုသိမ်းကြသည်
"တပည့်တော်များက စုသိမ်းကြသည်" သို့မဟုတ် "လူတချို့က စုသိမ်းကြသည်"

စားသောသူ
"စားသည့် လူများ"

လူလေးထောင်
"လူ ၄၀၀၀ ယောက်"

ဒေသ
"ဧရိယာ"

မာဂဒါလကျေးလက်
ဤဒေသကို တခါတရံ "မာဂဒါလ" ဟုခေါ်ကြသည်။

---

## Translation Questions

### Matthew 15:4

ဖါရိရှဲတို့သည်
မိမိတို့၏ဓလေ့များအားဖြင့်ဘုရားသခင်၏နှုတ်ကပတ်တော်များကို ပယ်ဖျက်သည်ကိုယေရှုက မည်သို့ဥပမာပေးသနည်း။
ဖါရိရှဲတို့က သူငယ်တို့၏ဥစ္စာသည် ဘုရားကိုလှူပေးရန် ဖြစ်ပြီး ထိုငွေကြေးဖြင့် မိဘများကိုမကူညီရန် တားမြစ်ထားပါသည်။

### Matthew 15:7

ဟေရှာယက ဖါရိရှဲတို့၏နှုတ်နှင့်စိတ်နှလုံး မည်သို့ဖြစ်သည်ဟု ကြိုတင်ဟောခဲ့သနည်း။
ဟေရှာယကဖါရိရှဲတို့သည်ဘုရားသခင်ကိုနှုတ်ဖြင့်ရိုသေသော်လည်း သူတို့၏စိတ်နှလုံးသည်ဘုရားနှင့်ဝေးလျက်ရှိသည်ဟု ကြိုတင်ဟောခဲ့ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အစား ဖါရိရှဲတို့က မည်သည့်အယူဝါဒကို သွန်သင်သနည်း။
ဖါရိရှဲတို့က လူတို့ကိုစီရင်သောပညတ်တို့ကို သွန်သင်ပါသည်။

### Matthew 15:10

လူကိုမညစ်ညမ်းစေသောအရာကို ယေရှုကမည်သို့ပြောသနည်း။
ယေရှုကခံတွင်းမှ စားသောအစာသည်လူကို မညစ်ညမ်းစေပါဟု ဟောပြောပါသည်။

လူကိုညစ်ညမ်းစေသောအရာကို ယေရှုကမည်သို့ပြောသနည်း။
ယေရှုက လူ၏ခံတွင်းမှ ထွက်သောအရာသည် ညစ်ညမ်းစေသောအရာဖြစ်သည်ဟုပြောပါသည်။

### Matthew 15:12

ယေရှုသည်အဘယ်ကြောင့်ဖါရိရှဲတို့ကိုခေါ်ပြီးသူတို့၌ မည်သို့ဖြစ်မည်ဟု ပြောသနည်း။
ယေရှုသည် ဖါရိရှဲတို့ကိုခေါ်ပြီးသူတို့သည် လူကန်းများဖြစ်ကြလျက် ကန်းသောသူများကိုလမ်းပြခြင်းဖြင့်နှစ်ဦးလုံးတွင်းထဲသိုကျကြလိမ့်မည်ဟု ပြောပါသည်။

### Matthew 15:18

မည်သို့သောအရာတို့သည် ညစ်ညမ်းသောသူတို့၏စိတ်နှလုံးမှ လာသနည်း။
ညစ်ညမ်းသောသူတို့၏စိတ်နှလုံးမှ မကောင်းမှုကိုတွေးတောခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ ခိုးခြင်း၊ မမှန်သောသက်သေခံခြင်းနှင့် သူတပါး၏အသရေကိုဖျက်ခြင်း တို့ ထွက်လာပါသည်။

### Matthew 15:21

ခါနာန်အမျိုးသမီးသည် သူမအားသနားပါရန်အော်ဟစ် တောင်းလျှောက်သည့်အခါ ပထမဆုံး ယေရှု မည်သို့ပြုလုပ်သနည်း။
ပထမဆုံး ယေရှုသည် ဘာမျှပြန်မပြောဘဲ နေပါသည်။

### Matthew 15:24

ယေရှုသည် ခါနာန်အမျိုးသမီးအား အဘယ်ကြောင့် မကူညီရခြင်းအကြောင်းကို မည်သို့ရှင်းပြသနည်း
ယေရှုက ဣသရေလလူမျိုးအနွယ်ဝင် ပျောက်နေသောသိုးများအတွက်ကိုသာ ငါ့ကိုစေလွှတ်သည်ဟု ရှင်းပြပါသည်။

### Matthew 15:27

ခါနာန်အမျိုးသမီးသည် မိမိကိုယ်မိမိနှိမ့်ချသောကြောင့် ယေရှုသည် သူမအားမည်သို့ပြော၍ သူမအတွက်မည်သို့လုပ်ဆောင်ပေးသနည်း။
ယေရှုသည်ခါနာန်အမျိုးသမီးအား ယုံကြည်ခြင်းအားကြီးသူဟုပြော၍ သူမအလိုရှိသည့်အတိုင်းဖြစ်စေရန် လုပ်ဆောင်ပေးခဲ့ပါသည်။

### Matthew 15:29

မိမိရှိရာဂါလိလဲအရပ်သို့ များစွာသောလူအပေါင်းတို့သည်လာကြသောအခါ ယေရှုသူတို့အားဘာလုပ်ပေးသနည်း။
ဆွံ့အသောသူများ၊ ကိုယ်ခန္ဓာချို့တဲ့သူများ၊ ခြေလက်မသန်စွမ်းသူများ နှင့် မျက်စိကန်းသောသူများတို့ကို ယေရှုသည် ပျောက်ကင်း ချမ်းသာစေပါသည်။


generated on Tue Mar 12 16:35:02 2024

### Matthew 15:32

လူအစုအဝေးအားကျွေးမွေးရန် တပည့်တော်တို့၌မုန့်ဘယ်နှစ်လုံးနှင့်ငါးဘယ်နှစ်ကောင်ရှိသနည်း။

လူအစုအဝေးအားကျွေးမွေးရန် တပည့်တော်တို့၌ မုန့်ခုနစ်လုံး နှင့်ငါးကလေးအနည်းငယ်ရှိပါသည်။

### Matthew 15:36

ယေရှုသည် မုန့်နှင့်ငါးတို့ကိုယူပြီး မည်သို့ပြုလုပ်သနည်း။

ယေရှုသည်မုန့်နှင့်ငါးကိုယူ၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှတပည့်တော်တို့အား လူအစုအဝေးကိုကျွေးမွေးစေပါသည်။

လူအားလုံးစားပြီးနောက် ကြွင်းသောအစာ မည်မျှကျန်သနည်း။

လူအားလုံးစားပြီးနောက်၊ ကြွင်းသောအစာ ခုနစ်တောင်းအပြည့်ကျန်ပါသည်။

မုန့်နှင့်ငါးကိုလူမည်မျှစားသောက်ပြီးကျေနပ်ကြသနည်း။

လူယောကျာ်းလေးထောင်နှင့်တကွမိန်းမများနှင့်ကလေးများစားသောက်ပြီးအစာအ

---



generated on Tue Mar 12 16:35:02 2024

## Chapter 16

1 ထိုအခါ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့သည် ကိုယ်တော်ကို စုံစမ်းနှောင့်ရှက်ခြင်းငှာချဉ်းကပ်၍၊ မိုဃ်းကောင်းကင် ကဖြစ်သော
နိမိတ်လက္ခဏာကို ပြတော်မူမည်အကြောင်း တောင်းပန်ကြ၏။ 2 ကိုယ်တော်ကလည်း၊ သင်တို့သည်
ညဦးယံ၌ပြောဆိုတတ်သည်ကား၊ ယခုမိုဃ်းတိမ်နီသည်ဖြစ်၍ မိုဃ်းကြည်လင် လိမ့်မည်ဟု ဆိုတတ်ကြ၏။ 3 နံနက်ယံ၌ကား၊
ယခုမိုဃ်းအုံ့လျက်ရှိ၏။ နီမောင်းသောအဆင်းလည်းရှိ၏။ ယနေ့မိုဃ်းသက်မုန်တိုင်း လာလိမ့်မည်ဟုဆိုတတ်ကြ၏။
လျှို့ဝှက်သောသူတို့၊ သင်တို့သည် မိုဃ်းကောင်းကင်၏မျက်နှာကို ပိုင်းခြား၍သိ နိုင်ကြ၏။ကပ်ကာလ၏ နိမိတ်လက္ခဏာတို့ကို
ပိုင်းခြား၍မသိနိုင်ကြ။ 4 ဆိုးညစ်၍ မျောက်မထားသောအမျိုးသည် နိမိတ်လက္ခဏာကိုတောင်းသည်မှာ၊ ပရောဖက်ယောန၏
နိမိတ်လက္ခဏာမှတပါး အဘယ်လက္ခဏာကိုမျှ သူတို့အားမပြရာဟု မိန့်တော်မူပြီးလျှင်၊ ထိုသူတို့ရှိရာမှထွက်၍ ကြွတော်မူ၏။ 5
တပည့်တော်တို့သည် ကမ်းတဘက်သို့သွားကြသောအခါ မုန့်ကိုယူခြင်းငှာ မေ့လျော့ကြ၏။ 6 ယေရှုကလည်း၊ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏
တဆေးကိုသတိနှင့်ကြဉ်ရှောင်ကြဟု မိန့်တော်မူ၏။ 7 တပည့်တော်တို့ကလည်း၊ ငါတို့၌ မုန့်မပါသောကြောင့်
ဤစကားကိုမိန့်တော်မူသည်ဟု အချင်းချင်း ဆွေးနွေးပြောဆိုကြ၏။ 8 ယေရှုသည် သိတော်မူလျှင်၊ ယုံကြည်အားနည်းသောသူတို့၊
သင်တို့၌မုန့်မပါသည်ကိုထောက်၍ အဘယ်ကြောင့် အချင်းချင်းဆွေးနွေးပြောဆိုကြသနည်း။ 9 မုန့်ငါးလုံးကို လူငါးထောင်စား၍
စားကြွင်းဘယ်နှစ်တောင်းကောက်သိမ်းသည်ကိုငှ၊ 10 သင်တို့သည် နှလုံးမသွင်း မအောင်းမေ့ဘဲနေကြသေးသလော။ 11
ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏ တဆေးကိုကြဉ်ရှောင်ကြ ဟူသောစကားကို ငါပြောသည်တွင်၊ မုန့်ကိုအမှတ်ပြု၍ ငါမပြောသည်ကို သင်တို့သည်
နားမလည်ဘဲ အဘယ်သို့နေကြသနည်းဟု မိန့်တော်မူ၏။ 12 ထိုအခါ တပည့်တော်တို့သည် မုန့်၏တဆေးကို ကြဉ်ရှောင်ကြဟု
မိန့်တော်မမူ။ ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ ဩဝါဒကို ကြဉ်ရှောင်ကြဟု မိန့်တော်မူသည်ကို နားလည်ကြသတည်း။ 13 ယေရှုသည်
ဖိလိပ္ပုကဲသရိမြို့၏ ကျေးလက်သို့ ကြွတော်မူသောအခါ၊ လူများတို့သည် လူသားဖြစ်သော ငါ့ကို
အဘယ်သူဖြစ်သည်ဆိုကြသနည်းဟု တပည့်တော်တို့ကို မေးမြန်းတော်မူလျှင်၊ 14 လူအချို့က၊ ကိုယ်တော်သည်
ဗတ္တိဇံဆရာယောဟန်ဖြစ်သည်ဟူ၍၎င်း၊ အချို့က၊ ဧလိယဖြစ်သည် ဟူ ၍၎င်း၊ အချို့က၊ ယေရမိမှစ၍
ပရောဖတ်တပါးပါးဖြစ်သည်ဟူ၍၎င်း ဆိုကြပါ၏ဟု လျှောက်ကြသော်၊ 15 သင်တို့လည်းငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်းဟု
မေးမြန်းတော်မူလျှင်၊ 16 ရှိမုန်ပေတရုက၊ ကိုယ်တော်သည် ခရစ်တော်တည်းသော အသက်ရှင်တော်မူသော ဘုရားသခင်၏
သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏။ 17 ယေရှုကလည်း၊ ရှိမုန်ဗာယောန၊ သင်သည်မင်္ဂလာရှိ၏။ အကြောင်းမူကား၊
အသွေးအသားသည် ဤ အကြောင်းအရာကို သင့်အားဘော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်သည်
ဘော် ပြတော်မူသတည်း။ 18 ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။
ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။ 19 ကောင်းကင်နိုင်ငံတော်၏ သော့တို့ကိုလည်း သင့်အားငါပေးမည်။
သင်သည်မြေကြီးပေါ်မှာ ချည် နှောင်သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြည်လွှတ်သမျှသည်
ကောင်း ကင်ဘုံ၌ ဖြည်လွှတ်လျက်ရှိလိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ 20 ကိုယ်တော်သည် ခရစ်တော်ဖြစ်ကြောင်းကို
အဘယ်သူအားမျှမပြောစိမ့်သောငှာ တပည့်တော်တို့ကို ပညတ်တော်မူ၏။ 21 ထိုမှတပါး ကိုယ်တော်သည်
ယေရုရှလင်မြို့သို့သွားရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်၌ များစွာခံရမည်။
အသေသတ်ခြင်းကိုလည်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက် လိမ့်မည်ဟူသောအကြောင်းများကို ထိုအခါမှစ၍
တပည့်တော်တို့အား ပြတော်မူ၏။ 22 ထိုအခါ ပေတရုသည် ကိုယ်တော်ကို မိမိနှင့်အတူခေါ်၍၊ သခင်၊ ကိုယ်တော်၌
ဤသို့မဖြစ်ပါစေနှင့်။ ဤအမှုသည် ကိုယ်တော်၌ မရောက်ရာဟု အပြစ်တင်သောစကားကို လျှောက်သော်၊ 23 ကိုယ်တော်သည်
မျက်နှာတော်ကိုလှည့်၍ အချင်းရန်သူ၊ ငါ့နောက်သို့ဆုတ်လော့။ သင်သည် ငါတိုက် မိ၍ လဲစရာအကြောင်းဖြစ်၏။ သင်သည်
ဘုရားသခင်၏အရာကို စိတ်မစွဲလမ်း၊ လူတို့၏အရာကိုသာ စွဲလမ်း သည်ဟု မိန့်တော်မူ၏။ 24 ထိုအခါ ယေရှုက၊
ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ် တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။ 25
အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှာအလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည်
ငါ့ကြောင့်အသက်ရှုံး၏၊ ထိုသူသည် အသက်ကို တွေ့လိမ့်မည်။ 26 လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍
မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။ 27 လူသားသည်
မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက်၊ ကောင်းကင်တမန် အခြံအရံ တို့နှင့် ကြွလာတော်မူလတံ့။ ထိုအခါ
သူ့အသီးသီးကျင့်သောအကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေး တော်မူလတံ့။ 28 ငါအမှန်ဆိုသည်ကား၊ လူသားသည်
နိုင်ငံတော်တည်လျက်ကြွလာတော်မူသည်ကို၊ ဤအရပ်၌ရှိသော သူအချို့တို့သည် မမြင်မှီသေခြင်းသို့မရောက်ရကြဟု
တပည့်တော်တို့အား မိန့်တော်မူ၏။

---

**Matthew 16:1**

ယေဘုယျအချက်အလက်
ယေရှုနှင့် ဖာရိရှဲများနှင့် ဇဒ္ဒုကဲများ၏ တွေ့ဆုံမှု အစပြုသည်။

သူ့ကိုစမ်းသပ်ပါ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို စိန်ခေါ်သည်" သို့မဟုတ် "သူ့ကို ကျော့ကွင်း ထောင်ထားသည်"

ညနေခင်းရောက်လာသည့်အခါ
"နေဝင်သည့်အခါ"


generated on Tue Mar 12 16:35:02 2024

ကောင်းသောရာသီဥတု
နေသာပြီး ငြိမ်နေသော ရာသီဥတုကို ဆိုလိုသည်။

ကောင်းကင်သည် နီနေသည်
နေဝင်သွားသည်။ ထို့ကြောင့် ကောင်းကင်၏ အရောင်သည် အနီရောင်ဖြစ်သွားသည်၊ နောက်နေ့သည် နေသာမည်ဟု ယုဒလူများက သိကြသည်။

**Matthew 16:3**

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲနှင့် ဇဒ္ဒုကဲများအား တုံ့ပြန်ချက်ကို ယေရှုက ဆက်ပြောနေသည်။

ညနေခင်းလာလျှင်...မနက်လာသည့်အခါ
"နေဝင်သွားသည့်အခါ...နေထွက်လာသည့်အခါ"

နီမောင်းသောရာသီဥတု
"တိမ်ထူ၊ မုန်တိုင်းလာမည့်ရာသီဥတု"

နီပြီး မိုးအုံ့သည်
"နီပြီး တိမ်ထူသည်"

ကောင်းကင်၏မျက်နှာကို မည်သို့ပိုင်းခြားရန် သင်တို့သိကြသည်
"ကောင်းကင်၏ မျက်နှာကိုကြည့်ပြီး ရာသီဥတု နက်ဖြန် မည်သို့ရှိမည်ကို သင်တို့နားလည်ကြသည်"

ကပ်ကာလ၏ နိမိတ်လက္ခဏာကို နားမလည်ကြ
"ယခုဖြစ်ပျက်နေသည်မှာ ဘာဖြစ်ပျက်နေသည်ကို မည်သို့ ကြည့်ရမည့် အကြောင်း သင်တို့မသိကြ၊ ဆိုလိုချက်ကို နားမလည်ကြ"

ဆိုးညစ်၍ မျောက်မထားသောအမျိုး
"မျောက်မထား" သည် ဘုရားသခင်ထံ သစ္စာမရှိသူများကို တင်စားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ္စာမရှိသော မျိုးဆက်" သို့မဟုတ် "ဘုရားမဲ့ မျိုးဆက်" 12:38 ၌ ရေးထားသည့်အတိုင်းရေးရန် ဖြစ်သည်။

နမိတ်လက္ခဏာကို ရှာဖွေနေသည်
ဘာသာရေးခေါင်းဆောင်များက ယေရှုကို စမ်းသပ်ကြသည့်အတွက် စိတ်ဆိုးသည်။ ယေရှုက နမိတ်လက္ခဏာများစွာ ပြုလုပ်ပြီးသော်လည်း သူတို့ မယုံကြည်ကြသေး။ 12:38 ၌ ရေးထားသည့်အတိုင်းရေးရန်ဖြစ်သည်။

မည်သည့်နိမိတ်လက္ခဏာမှ ပေးမည်မဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က နိမိတ်လက္ခဏာမပေး" 12:38 ၌ ရေးထားသည့်အတိုင်းရေးရန်ဖြစ်သည်။

ယောန၏ နိမိတ်လက္ခဏာမပါဘဲ
"ပရောဖက်ယောနကို ဘုရားကပေးသည့် နိမိတ်လက္ခဏာနှင့်တူသည့် အရာမှတပါး" 12:38 ၌ ရေးထားသည့်အတိုင်းရေးရန်ဖြစ်သည်။

**Matthew 16:5**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲနှင့် ဇဒ္ဒုကဲများ အကြောင်းနှင့်ပတ်သက်ပြီး သူ့တပည့်တော်များကို သတိပေးသည်။

အခြားတဖက်
နားလည်ထားသည့်အချက်ကို ရှင်းလင်းစွာ ရေးရန်ဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေအိုင်၏ အခြားတဖက်" သို့မဟုတ် "ဂါလိလဲပင်လယ်၏ အခြားတဖက်"

ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေး
"တဆေး" သည် မကောင်းသည့် အကြံနှင့်သင်ကြားချက်များကို ဆိုလိုသည်။ "တဆေး" ဟုသာပြန်ပြီး အဓိပ္ပါယ်ကိုရှင်းပြရန် မလိုပါ။ 16:12 ၌ ဆိုလိုရင်း ရှင်းမည်ဖြစ်သည်။

သူတို့ကိုယ်တိုင်ဆွေးနွေးကြသည်
"တစ်ယောက်နှင့် တစ်ယောက်ဆွေးနွေးကြသည်"

ယုံကြည်အားနည်းသောသင်တို့
"ဤမျှလောက်သောနည်းသည့် ယုံကြည်ခြင်းရှိသည့် သင်တို့" လူတို့က ဘုရားသခင်ကို ယုံကြည်ခြင်း အားနည်းကြသည့်အတွက် ယေရှုက ပုတ်ခတ်ခြင်းဖြစ်သည်။ 6:30 ၌ ရေးထားသည့်အတိုင်း ရေးရန်ဖြစ်သည်။

မုန့်မပါသည်မှာ မည်သည့်အကြောင်းကြောင့်နည်း။
သူပြောသည့်အရာကို သူ့တပည့်တော်များက နားမလည်ကြသည့်အတွက် ယေရှုက ပုတ်ခတ်သည့်အနေဖြင့် မေးခွန်းသုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ တဆေးအကြောင်းကို ငါပြောသည့်အတွက် သင်တို့ မုန့်ယူလာရန် မေ့ကြသည်က ငါ့ကို စိတ်ညစ်စေသည်"

**Matthew 16:9**

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲနှင့် ဇဒ္ဒုကဲများအကြောင်းကို ယေရှုက သူ့တပည့်တော်များအား သတိပေးခြင်း ဖြစ်သည်။

သင်တို့စုသိမ်းသည်ကို.....သင်တို့နလုံးမသွင်း မအောက်မေ့ဘဲနေကြသလော။
ယေရှုက သူ့တပည့်တော်များကို မေးခွန်းဖြင့် ပုတ်ခတ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့စုသိမ်းသည်ကို...သင်တို့ အမှန်သတိရကြမည်"

ငါးထောင်...လေးထောင်
"၅၀၀၀...၄၀၀၀"

မုန့်ခုနစ်လုံး...သင်ယူသည်
"မုန့်ခုနစ်လုံးကို သင်သတိမရသလော" ယေရှုက သူ့တပည့်တော်များကို မေးခွန်းဖြင့် ပုတ်ခတ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုန့် ခုနစ်လုံးကို သင်တို့သတိရမည် မှန်သည်..."

**Matthew 16:11**

ဆက်စပ်မှုဖော်ပြချက်
ဖာရိရှဲနှင့် ဇဒ္ဒုကဲများအကြောင်းကို ယေရှုက သူ့တပည့်တော်များအား သတိပေးခြင်း ဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

မုန့်အကြောင်း သင်တို့ကို ငါမပြောသည့်အတွက် သင်တို့နားမလည်ကြသည်မှာ အဘယ်နည်း။
ယေရှုက သူ့တပည့်တော်များကို မေးခွန်းဖြင့် ပုတ်ခတ်ပြောဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မုန့်အကြောင်း ငါအမှန်မပြောကြောင်း သင်တို့ နားလည်သင့်သည်"

ဖာရိရှဲနှင့် ဇဒ္ဒုကဲတို့၏ တဆေး
"တဆေး" သည် မကောင်းသည့်အကြံနှင့်သင်ကြားချက်များကို ဆိုလိုသည်။ "တဆေး" ဟုသာပြန်ပြီး အဓိပ္ပါယ်ကိုရှင်းပြရန် မလိုပါ။ 16:12 ၌ ဆိုလိုရင်း ရှင်းမည်ဖြစ်သည်။

သူတို့...သူတို့ကို
တပည့်တော်များကို ဆိုလိုသည်။

### Matthew 16:13

ဆက်စပ်မှုဖော်ပြချက်
နောက်တစ်ခန်းသို့ ကူးပြောင်းသွားခြင်း ဖြစ်သည်။ ယေရှုက သူ့တပည့်တော်များအား သူ့အား မည်သို့ နားလည်ကြသည်ကို မေးသည်။

သို့ရာတွင်
ဇာတ်လမ်းအသစ်တွင် ဇာတ်ဝင်သစ် ဝင်လာသည်ကို အချက်ပြသည်။ ဇာတ်လမ်းအသစ်ကို မသဲ က စပြောသည်။

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

အသက်ရှင်သောဘုရားသခင်၏သားတော်
ဘုရားသခင်နှင့် ဆက်သွယ်ထားရာတွင် အရေးကြီးသည့် ယေရှု၏ နာမည်ဖြစ်သည်။

အသက်ရှင်သောဘုရားသခင်
"အသက်ရှင်သော" သည် ဣသရေလတို့၏ ဘုရားကို လူတို့ ကိုးကွယ်ကြသည့် အခြားဘုရားများကို ရုပ်တုများနှင့် နှိုင်းယှဉ်ထားသည်။ ဣသရေတို့၏ ဘုရားသခင် သာလျှင် အသက်ရှင်ပြီး တန်ခိုးရှိသည်ဖြစ်သည်။

### Matthew 16:17

ရှိမုန်ဗာယောန
"ယောနသား၊ ရှိမုန်"

အသွေးနှင့် အသားက ဖော်ပြသည်မဟုတ်
"အသွေးနှင့်အသား" က လူသားကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားက ဖွင့်ပြသည် မဟုတ်"

သင့်ထံသို
"ဤ" သည် ယေရှုသည် အသက်ရှင်သောဘုရားနှင့် ခရစ်တော်ဖြစ်ကြောင်း ပြောသည့် ပေတရု၏ အဆိုကို ဆိုလိုသည်။

ကောင်းကင်၌ရှိသော ငါ့အဘ
နားလည်ထားသည့်အရာကို ရှင်းလင်းစွာ ရေးရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာ သင့်အားဖွင့်ပြသူမှာ ကောင်းကင်ဘုံရှိ ငါ့အဘပေတည်း"

ငါ့အဘ
ယေရှုနှင့် ဘုရားသခင် ဆက်သွယ်သည်ကို ဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသော နာမည်ဖြစ်သည်။

ငါလည်းသင့်ကိုပြောသည်
ယေရှုပြောသည့် အရာကို အလေးနက်ပေးထားသည်။

သင်သည် ပေတရုဖြစ်သည်
ပေတရု၏ နာမည်သည် "ကျောက်ဆောင်" ဖြစ်သည်။

ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို တည်မည်
ယေရှုကို ယုံကြည်သောသူများ အဖွဲ့အစည်း၏ ခေါင်းဆောင်သည် ပေတရုဖြစ်သင့်ကြောင်း ယေရှုက ပုံဆောင်ချက်ဖြင့် ပြောဆိုခြင်း ဖြစ်သည်။

မရဏာနိုင်ငံတံခါးတို့သည် မနိုင်ရာ
"မရဏာ" သည် လူသေများကို ထိန်းသိမ်းထားပြီး ဂိတ်များပါသည့် မြို့ရိုးများဖြင့်ကာထားသည့်မြို့အဖြစ် ပြောထားသည်။ "မရဏာ" က သေခြင်းကိုလည်းကောင်း၊ "ဂိတ်များ" က တန်ခိုးများကို ကိုယ်စားပြုသည်။ ဖြစ်နိုင်သည့် အဓိပ္ပါယ်များ

### Matthew 16:19

သင့်ကိုငါပေးမည်
"သင်" သည် ပေတရုကို ရည်ညွှန်းသည့် အနည်းကိန်းဖြစ်သည်။

ကောင်းကင်နိုင်ငံတော်၏ သော့များ
"သော့များ" က ယေရှုက ပေတရုကိုပေးသည့် အာဏာများကို ကိုယ်စားပြုသည်။ ပေတရုသည် နိုင်ငံတော်ကိုပိုင်ဆိုင်သည်ဟု ဆိုလိုခြင်းမဟုတ်ပေ၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မည်သူဝင်နိုင်သည်ဟု ဆုံးဖြတ်နိုင်သည့် အာဏာ သူ့မှာရှိကြောင်းကိုသာ ဆိုလိုသည်။

ကောင်းကင်နိုင်ငံတော်
ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးသည်ကို ဆိုလိုသည်။ "ကောင်းကင်နိုင်ငံတော်" သည် မသဲတွင်သာသုံးထားသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ရန်ဖြစ် သည်။

သော့များ
တံခါးများကို ပိတ်ရန်နှင့် ဖွင့်နိုင်ရန် အသုံးပြုသည့်အရာများ

မြေကြီးပေါ်၌ချည်နှောင်ထားသည့်အရာသည် ကောင်းကင်၌ဖြေလျှော့ထားမည်....မြေကြီးပေါ်၌ဖြေလျှော့ထားသည့်အရာသည် ကောင်းကင်၌ဖြေလျှော့ထားမည်
မြေကြီးပေါ်၌ ပေတရုခွင့်ပြုထားသည့်အရာများနှင့် တားမြစ်ထားသည့်အရာများကို ကောင်းကင်၌ ဘုရား သခင်က အသိမှတ်ပြုမည်ကို ဆိုလိုသည့် တင်စားချက်ဖြစ်သည်။

"ချည်နှောင်ခြင်းခံရမည်...ဖြေလျှော့ခြင်းခံရမည်" အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားက ချည်နှောင်မည်...ဘုရားက ဖြေလျှော့မည်"

### Matthew 16:21

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူသေမည့်အချိန်ကို ကြိုတင်၍ ပြောသည်။ သူ့နောက်လိုက်မည့် တပည့်တော်များ ပေးဆပ်မည့်အရာများကိုလည်း ပြောပြသည်။



generated on Tue Mar 12 16:35:02 2024

ထိုအချိန်မှ
သူသည် ခရစ်တော်ဖြစ်ကြောင်းကို မည်သူ့ကိုမျှ မပြောကြရန် တပည့်တော်များကို ယေရှုက အမိန့်ပေးသည်။ ယေရုရှလင်မြို့၌ ဖြစ်ပျက်လာမည့်အကြောင်းကို ပြောပြသည်။

အသက်ကြီးသူများ၊ ယဇ်ပရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြုဆရာများ၏ လက်ထဲတွင် ခံစားကြရသည်
"လက်" သည် တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အသက်ကြီးသူများ၊ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြုဆရာများက သူ့ကို နှိပ်စက်ကြမည့် နေရာတွင်"

အသတ်ခံရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က သူ့ကိုသတ်ကြသည်"

တတိယနေ့၌ အသက်ပြန်ရှင်လာသည်
အခြားသောဘာသာပြန်ဆိုချက်၊ "တတိယနေ့တွင် ဘုရားသခင်က သူ့ကို အသက်ပြန်ရှင်စေသည်"

တတိယနေ့

ဤပြဿနာသည် သင့်ထံမှ ဝေးသွားသည်
"ဤအရာလုံးဝ မဖြစ်ပျက်ပါ" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မဟုတ်ပါ" သို့မဟုတ် "ဘယ်တော့မှ" "ဘုရားသခင်က တားဆီးပါစေ"

စာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်သည် ငါ့၏တိုက်မိ၍ လဲစရာဖြစ်သည်
ဘုရားသခင်လုပ်ခိုင်းသည့်အရာကို ပြီးမြောက်စွာမလုပ်ရန် ပေတရုက ယေရှုကို တားဆီးနေသည်ကို ပေတရုသည် စာတန်ကဲ့သို့ဖြစ်သည်ဟု ယေရှုက ဆိုလိုခြင်းဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့နောက်သို့ဆုတ်ပါ၊ သင်သည် စာတန်ကဲ့သို့ဖြစ်သည်။ သင်သည့် ငါ့အတွက် ထိမိ၍ လဲစရာဖြစ်သည်" သို့မဟုတ် "စာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်သည် ငါ့အတွက် ထိမိ၍လဲစရာဖြစ်သောကြောင့် သင့်ကို စာတန်ဟု ငါခေါ်မည်"

ငါ့နောက်သို့ဆုတ်လော့
"ငါ့ထံမှ အဝေးသို့ သွားပါ"

## Matthew 16:24

ငါ့နောက်လိုက်သည်
ယေရှုနောက်လိုက်သည်က သူ့တပည့်ဖြစ်သည်ကို ဖော်ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့တပည့်ဖြစ်လျက်"

သူ့ကိုယ်သူ ငြင်းရမည်
"သူ့ဆန္ဒကို ဦးစားမပေးရ" သို့မဟုတ် "သူ့ဆန္ဒကို စွန့်လွှတ်ရမည်"

သူ့ကားတိုင်ကိုထမ်းလျက်၊ ငါ့နောက်လိုက်ပါ
"သူ့ကားတိုင်ကို ထမ်းပြီး ငါ့နောက်လိုက်သည်" ကားတိုင်သည် သေခြင်းနှင့် ခံစားမှုများကို ကိုယ်စားပြုသည်။ ကားတိုင်ကို ထမ်းသည်သည် သေရန်နှင့် ခံစားမှုများခံရလိုခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေမည့် အချိန်နှင့် ဝေဒနာခံသည့် အချိန်မျိုးတွင်လည်း ငါ့ကို နာခံမည်"

ငါ့နောက်လိုက်
ယေရှုနောက်လိုက်ခြင်းသည် သူ့ကို နာခံသည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကို နာခံလျက်"

လိုချင်သူတိုင်း
"လိုချင်သည့် သူတိုင်း"

ပျောက်စေမည်
လူတယောက်သည် မရှိမဖြစ် သေမည်ကို ဆိုလိုခြင်းမဟုတ်ပါ။ လူတယောက်က ယေရှုသည် သူ့အသက်ထက် နာခံရန် အရေးကြီးသည်ကို ဆိုလိုသည်။

ငါ့အတွက်
"သူသည် ငါ့ကို ကိုးစားသောကြောင့်" သို့မဟုတ် "ငါ့ကြောင့်"

၎င်းကိုတွေ့မည်
လူတယောက်က ဘုရားသခင်နှင့်အတူ ဝိညာဉ်အသက်တာတွေ့ကြုံမည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မှန်သော အသက်ကို ရမည်"

သူ့ဘဝ...မည်သည့်အရာက အကျိုးဖြစ်စေမည်နည်း။
ယေရှုက သူ့တပည့်တော်များကို သင်ကြားဖို့ မေးခွန်းသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အသက်ထက်... သူကဘာမျှ အကျိုးမရှိ"

ကမ္ဘာတစ်ခုလုံးကိုသူရ၍
ဘုရားသခင်နှင့်စစ်မှန်သောအသက်ရခြင်းသည် ကမ္ဘာပေါ်ရှိ မည်သည့်အရာနှင့်မျှ မတန်ကြောင်းကို ယေရှုက အလေးနက်ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာပေါ်ရှိအရာအားလုံးကို သူရလျှင်"

မိမိအသက်ဝိညာဉ်ရှုံးလျှင်
"သူ့အသက်ကို ဆုံးရှုံးသည်"

လူတယောက်က သူ့အသက်ကို ဘာနှင့်လဲ နိုင်သနည်း။
ယေရှုက သူ့တပည့်တော်များကို သင်ကြားရန် မေးခွန်းများကိုသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတယောက်က သူ့အသက်ပြန်ရဖို့ရန် မည်သည့်အရာမျှပေး၍ မရပါ"

## Matthew 16:27

လူသား...သူ့အဘ...သူ
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသား... ငါ့အဘ... ထို့နောက် ငါ"

သူ့အဘ၏ဘုန်းတော်ဖြင့်
"သူ့အဘ ဘုန်းတော်ရှိသည့် အတိုင်း ရှိသည်"

သူ့ကောင်းကင်တမန်များနှင့်
"ကောင်းကင်တမန်များသည် သူနှင့် နေကြသည်" ယေရှုနှင့် ပထမပုဂ္ဂိုလ်တို့ စကားပြောသည့် ဝါကျကို ဘာသာပြန်သည့်အခါ "ငါ့အဘ၏ ကောင်းကင်တမန်များသည် ငါနှင့်နေကြမည်" ဟုပြန်နိုင်သည်"

သူ့အဘ
လူသား ယေရှုနှင့် ဘုရားသခင်အကြား ဆက်သွယ်မှုပြုသည့်အကြောင်းပြသည့် ဘုရား၏ အရေးကြီးသည့် နာမည်ဖြစ်သည်။

သင့်ကိုငါအမှန်ပြောသည်
"သင့်ကိုငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သင်တို့
တပည့်တော်များကို ရည်ညွှန်းသည့် အများကိန်းဖြစ်သည်။

သေခြင်းကိုမမြည်းစမ်း
"မြည်းစမ်း" သည် တွေ့ကြုံသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေခြင်းကို မတွေ့ကြုံ" သို့မဟုတ် "မသေ"

လူသားသည် သူ့နိုင်ငံတော်နှင့်လာသည်ကို သင်တို့မြင်သည်အထိ
"နိုင်ငံတော်" သည် လူသားက ဘုရင်ကဲ့သို့အုပ်စိုးသည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားက ဘုရင်ကဲ့သို့အုပ်စိုးသည်ကို သူတို့မြင်သည့်အထိ"

သူတို့မြင်သည့်တိုင်
ယေရှုက တပည့်တော်များ အကြောင်းကို ဆက်ပြောနေသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်မြင်သည်အထိ"

---

## Translation Questions

### Matthew 16:1

ဖါရိရှဲနှင့်ဇဒ္ဒုကဲတို့သည် ယေရှုထံမှဘာကို မြင်လိုကြသနည်း။
ဖါရိရှဲနှင့်ဇဒ္ဒုကဲတို့သည် ယေရှုထံမှကောင်းကင်မှလာသော နိမိတ်လက္ခဏာကိုမြင်လိုကြပါသည်။

### Matthew 16:3

ယေရှုကဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အား မည်သည့်အရာကိုပေးမည်ဟုပြောသနည်း။
ယေရှုကဘဖါရိရှဲနှင့်ဇဒ္ဒုကဲတို့အား ပရောဖက် ယောန ၏နိမိတ်နိမိတ်လက္ခဏာကို ပေးမည်ဟုပြောပါသည်။

### Matthew 16:5

ယေရှုက တပည့်တော်တို့အား မည်သည့်အရာကိုသတိထားရန်ပြောသနည်း။
ယေရှုကတပည့်တော်တို့အား ဖါရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကို သတိထားရန်ပြောပါသည်။

### Matthew 16:11

ယေရှုကတပည့်တော်တို့အား သတိထားဖို့ပြောသည့်အခါ ယေရှုက အမှန်တကယ်ပြောလိုသောအကြောင်းအရာ မှာ အဘယ်နည်း။
ယေရှုက တပည့်တော်တို့အားအမှန်တကယ်ပြောလိုသော အကြောင်းအရာမှာဖါရိရှဲနှင့်ဇဒ္ဒုကဲတို့၏ဩဝါဒကိုသတိထားရှောင်ကြဉ်ရန် ပြောခြင်းဖြစ်ပါသည်။

### Matthew 16:13

ယေရှုသည်ဖိလိပ္ပုကဲသရိမြို့၏ကျေးလက်သို့ ကြွရောက်သောအခါ၊ တပည့်တော်တို့ကို မည်သည့်အရာမေးမြန်းခဲ့သနည်း။
ယေရှုကတပည့်တော်တို့အား၊ လူသားဖြစ်သောငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်းဟုမေးမြန်းခဲ့ပါသည်။

လူအချို့တို့ကယေရှုကိုမည်သူဖြစ်သည်ဟုယူဆကြသနည်း။
လူအချို့တို့ကယေရှုကိုဗတ္တိဇံဆရာယောဟန်၊သို့မဟုတ်ဧလိယ၊ သို့မဟုတ်ယေရမိ၊ သို့မဟုတ် ပရောဖက် တပါးပါးဖြစ်သည်ဟုဆိုကြပါသည်။

ပေတရုမှယေရှု၏မေးခွန်းကိုမည်သို့ဖြေဆိုခဲ့သနည်း။
ပေတရုမှယေရှုသည် ခရစ်တော်တည်းဟူသောအသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်သည်ဟု ဖြေဆိုခဲ့ပါသည်။

### Matthew 16:17

ပေတရုသည် ယေရှုမေးသောမေးခွန်း၏အဖြေကိုမည်ကဲ့သို့ သိရှိသနည်း။
ပေတရုသည် ယေရှုမေးသောမေးခွန်း၏အဖြေကို၊ ခမည်းတော်၏ဘော်ပြတော်မူခြင်းကြောင့် သိရှိပါသည်။

### Matthew 16:19

ပေတရုအားယေရှုကမြေကြီးပေါ်မှာ၊ မည်သည့်အာဏာကိုပေးခဲ့သနည်း။
ပေတရုအား ယေရှုက၊ ကောင်းကင်နိုင်ငံတော်၏သော့ကိုပေးခဲ့ခြင်းအားဖြင့်၊ သူသည်မြေကြီးပေါ်မှာ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်ခြင်းရှိလိမ့်မည်၊ မြေကြီးပေါ်မှာ ဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြည်လွှတ်လျက်ရှိလိမ့်မည် ဟူသော အာဏာကိုပေးခဲ့ပါသည်။

### Matthew 16:21

ထိုအချိန်၌ ယေရှုသည်တပည့်တော်တို့အား မည်သည်အရာကိုရှင်းလင်းစွာ စတင်ပြောဆိုခဲ့သနည်း။
ယေရှုက၊ မိမိသည်ယေရုရှလင်မြို့သို့သွားရမည်၊ ဒုက္ခများစွာကိုခံရမည်၊ အသေသတ်ခြင်းကိုလည်းခံရမည်၊ သုံးရက်မြောက်သောနေ့မှာ ထမြောက်လိမ့်မည်ဟု၊ တပည့်တော်တို့အားစတင်ပြောဆိုခဲ့ပါသည်။

ယေရှုက ပေတရုအားထိုအရာများတို့သည် မိမိ၌ဖြစ်လိမ့်မည်ဟုဖေါ်ပြခဲ့သည့်တွင်၊ပေတရုက ကန့်ကွက်ခြင်းကိုယေရှုကမည်သို့ပြန်လည်ပြောဆိုသနည်း။
ယေရှုကပေတရုအား၊ အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့ဟုဆိုခဲ့ပါသည်။

### Matthew 16:24

လူသည် မည်သည့်အကျိုးကို မရနိုင်ဟု၊ ယေရှုကဆိုခဲ့သနည်း။
ယေရှုက၊ လူသည်မိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင်၊ ဤလောကတခုလုံးကိုပိုင်ဆိုင်ရသော်လည်း အကျိုးကိုမရနိုင်ဟု ဆိုခဲ့ပါသည်။

ယေရှုနောက်တော်သို့လိုက်လိုသောမည်သူမဆို၊ အဘယ်အရာကိုပြုရမည်နည်း။
ယေရှုနောက်တော်သို့လိုက်လိုသောသူ မည်သူမဆို၊ ကိုယ်ကိုကိုယ်ငြင်းပယ်၍၊ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်းရမည်။


generated on Tue Mar 12 16:35:02 2024

**Matthew 16:27**

ယေရှုက၊ လူသားသည်မည်ကဲ့သို့ကြွလာမည်ဟုဆိုခဲ့သနည်း။
ယေရှုက၊ လူသားသည်မိမိအဘခမည်းတော်၏ဘုန်း
အာနုဘော်တော်ကိုဆောင်လျက်၊
ကောင်းကင်တမန်အခြံအရံတို့နှင့်ကြွလာတော်မူမည်ဟုဆိုခဲ့ပါသည်။

လူသားသည်ကြွလာသောအခါ၊
လူအသီးအသီးတို့အားမည်သို့အခပေးဆပ်မည်ဟုဆိုသနည်း။
လူသားသည်ကြွလာသောအခါ၊
လူအသီးအသီးတို့အားမိမိတို့ကျင့်သောအကျင့်အလျောက်အကျိုးအပြစ်ကိုပေးဆ

လူသားသည်နိုင်ငံတော်တည်လျှက်ကြွလာသည်ကိုမည်သူတို့က
တွေ့ရမည်ဟုယေရှုကဆိုသနည်း။
လူသားသည်နိုင်ငံတော်တည်လျှက်ကြွလာသည်ကို၊ မိမိ
နှင့်အတူရပ်လျှက်နေသောသူများမှ တွေ့ရမည်ဟုဆိုခဲ့ပါသည်။

---

## Chapter 17

1 ခြောက်ရက်လွန်သောအခါ ယေရှုသည် ပေတရု၊ ယာကုပ်၊ ယာကုပ်ညီ ယောဟန်တို့ကိုခေါ်၍၊ မြင့်လှ စွာသော တောင်ပေါ်တွင်
ဆိတ်ကွယ်ရာအရပ်သို့ ဆောင်ကြွတော်မူ၏။ 2 သူတို့ရှေ့၌ ထူးခြားသောအဆင်းအရောင်နှင့် ပြည့်စုံသည်ဖြစ်၍၊ မျက်နှာတော်သည်
နေကဲ့သို့ထွန်း တောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ဖြူလျက်ရှိ၏။ 3 မောရှေနှင့်ဧလိယသည် ထင်ရှား၍
ကိုယ်တော်နှင့်အတူစကားပြောလျက်နေကြ၏။ 4 ထိုအခါ ပေတရုက၊ သခင်၊ ဤအရပ်၌နေဘွယ်ကောင်းပါ၏။
ကိုယ်တော်ဘို့တဲတဆောင်၊ မောရှေဘို့ တဆောင်၊ ဧလိယဘို့တဆောင်၊ တဲသုံးဆောင်ကို အလိုတော်ရှိလျှင် အကျွန်ုပ်တို့သည်
ဆောက်လုပ်ပါမည်ဟု လျှောက်လေ၏။ 5 ထိုသို့လျှောက်စဉ်တွင်၊ ထွန်းလင်းသောမိုဃ်းတိမ်သည် ထိုသူတို့ကိုလွှမ်းမိုး၍၊ ဤသူသည်
ငါနှစ်သက် မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟု မိုဃ်းတိမ်ကအသံတော်ဖြစ်လေ၏။ 6
တပည့်တော်တို့သည် ကြားရလျှင်၊ ပြပ်ဝပ်၍ အလွန်ကြောက်လန့်ခြင်းရှိကြ၏။ 7 ယေရှုသည်လာ၍ သူတို့ကို
လက်နှင့်တို့တော်မူလျက်၊ ထကြ၊ မကြောက်ကြနှင့်ဟု မိန့်တော်မူသော်၊ 8 သူတို့သည် ကြည့်မြော်သဖြင့်၊
ယေရှုတယောက်တည်းမှတပါး၊ အဘယ်သူကိုမျှ မမြင်ကြ။ 9 တောင်ပေါ်မှဆင်းကြသောအခါ ယေရှုက၊ လူသားသည်သေခြင်းမှ
မထမြောက်မှီတိုင်အောင်၊ သင်တို့ ယခုမြင်သော ရူပါရုံကို အဘယ်သူအားမျှမပြောကြနှင့်ဟု တပည့်တော်တို့ကို ပညတ်တော်မူ၏။ 10
ထိုအခါ တပည့်တော်တို့က၊ ဧလိယသည် အရင်လာရမည်ဟု ကျမ်းပြုဆရာတို့သည် အဘယ်ကြောင့် ဆိုပါသနည်းဟု
မေးလျှောက်ကြလျှင်၊ 11 ယေရှုက၊ ဧလိယသည်အရင်လာ၍ အလုံးစုံတို့ကို ပြုပြင်ရသည်မှန်ပေ၏။ 12 ငါဆိုသည်ကား၊
ဧလိယရောက်လာပြီ။ လူများသည်သူ့ကိုမသိသဖြင့် သူ့အားပြုချင်သမျှကိုပြုကြပြီ။ ထို နည်းတူ လူသားသည်လည်း ထိုလူများလက်၌
ခံရမည်ဟုမိန့်တော်မူသော်၊ 13 ဗတ္တိဇံဆရာယောဟန်ကို အမှတ်ပြု၍ မိန့်တော်မူကြောင်းကို တပည့်တော်တို့သည် နားလည်ကြ၏။ 14
လူအစုအဝေးရှိရာသို့ ရောက်ကြသောအခါ၊ လူတယောက်သည် အထံတော်သို့ချဉ်းကပ်၍ ဒူးထောက် လျက်၊ သခင်၊ 15
အကျွန်ုပ်၏သားကို ကယ်မသနားတော်မူပါ။ ဝက်ရူးနာစွဲ၍ ပြင်းစွာခံစားရပါ၏။ မီး၌၎င်း၊ ရေ၌၎င်း အကြိမ်ကြိမ်လဲတတ်ပါ၏။ 16
တပည့်တော်တို့ထံသို့ ဆောင်ခဲ့၍ သူတို့သည်ချမ်းသာမပေးနိုင်ကြပါဟု လျှောက်လျှင်၊ 17 ယေရှုက၊ ယုံကြည်ခြင်းမရှိ၊
ဖောက်ပြန်သောအမျိုး၊ ငါသည် သင်တို့နှင့်တကွ အဘယ်မျှကာလပတ်လုံး နေရမည်နည်း။ သင်တို့ကို
အဘယ်မျှကာလပတ်လုံးသည်းခံရမည်နည်း။ သူငယ်ကို ငါ့ထံသို့ယူခဲ့ကြဟု မိန့်တော် မူ၏။ 18 ယေရှုသည် သူ့ကိုဆုံးမတော်မူလျှင်၊
နတ်ဆိုးသည် သူမှထွက်သွားသဖြင့်၊ ထိုခဏမှစ၍ သူငယ်သည် ကျန်းမာပကတိဖြစ်လေ၏။ 19 ထိုအခါ တပည့်တော်တို့သည်
ဆိတ်ကွယ်ရာအရပ်၌ ယေရှုထံတော်သို့ချဉ်းကပ်၍၊ အကျွန်ုပ်တို့သည် ထိုနတ်ဆိုးကိုအဘယ်ကြောင့် မနှင်ထုတ်နိုင်ပါသနည်းဟု
လျှောက်ကြသော်၊ 20 သင်တို့သည် ယုံကြည်ခြင်းမရှိသောကြောင့် မနှင်ထုတ်နိုင်ကြ။ ငါအမှန်ဆိုသည်ကား၊ သင်တို့သည်
မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင်၊ ထိုတောင်ကို နေရာမှရွေ့လော့ဟုဆိုကြသော်၊ နေရာမှ ရွေ့လိမ့်မည်။
ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ။ 21 သို့သော်လည်း ဆုတောင်းခြင်း၊ အစာရှောင်ခြင်းမှတပါး
အဘယ်သို့သောအားဖြင့်၊ ထိုအမျိုးသည် မ ထွက်တတ်ဟု မိန့်တော်မူ၏။ 22 ဂါလိလဲပြည်၌နေကြစဉ်တွင် ယေရှုက၊ လူသားကို
လူတို့လက်သို့အပ်နှံရသောအချိန်နီးပြီ။ 23 သူတို့သည် သတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟု
တပည့်တော်တို့အား မိန့်တော်မူ၏။ သူတို့သည်လည်း အလွန်ဝမ်းနည်းခြင်းရှိကြ၏။ 24 ကပေရနောင်မြို့သို့ရောက်သောအခါ၊
ဗိမာန်တော်အခွန်တည်းဟူသော ဒိဒြမ္မကိုခံသောသူတို့သည် ပေတရုဆီသို့လာ၍ သင်၏ဆရာသည်ဒိဒြမ္မကိုမပေးသလောဟု
မေးမြန်းလျှင်၊ ပေးပါသည်ဟု ပေတရုဆို၏။ 25 ပေတရုသည် အိမ်သို့ဝင်သောအခါ၊ ယေရှုသည် တင်ကူး၍၊ အချင်းရှိမုန်၊
သင်သည်အဘယ်သို့ထင်သ နည်း။ လောကီရှင်ဘုရင်တို့သည် အဘယ်သူမှာအခွန်ကိုခံကြသနည်း။ မိမိသားမှာခံကြသလော။
သူတပါးမှာ ခံကြသလော၊ ဟုမေးတော်မူလျှင်၊ 26 ပေတရုက၊ သူတပါးမှာခံကြပါသည်ဟုလျှောက်သော်၊ ယေရှုကလည်းသို့ဖြစ်လျှင်
သားမူကား လွတ်ရ ၏။ သို့သော်လည်း ထိုသူတို့သည် ငါတို့ကြောင့်မမှားယွင်းမည်အကြောင်း၊ အိုင်သို့သွား၍ ငါးမျှားကိုချလော့။ 27
ရှေ့ဦးစွာရသောငါးကိုယူ၍ ပစပ်ကိုဖွင့်လျှင်၊ သတာတဲတပြားကိုတွေ့လိမ့်မည်။ ထိုငွေကိုယူ၍ ငါ့အဘို့ နှင့် သင့်အဘို့
ထိုသူတို့အားပေးလော့ဟု မိန့်တော်မူ၏။

---

### Matthew 17:1

ယေဘုယျအချက်အလက်
ယေရှု၏ ပုံသဏ္ဍာန်တော် ပြောင်းလဲနေခြင်းကို ဖော်ပြသည်။

ပေတရု၊ ယာကုပ်နှင့် သူ့ညီယောဟန်
"ပေတရု၊ ယာကုပ်နှင့် ယာကုပ်၏ ညီယောဟန်"

သူသည် ပုံသဏ္ဍာန်ပြောင်းသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ယေရှု၏ပုံသဏ္ဍာန်ကို လုံးဝပြောင်းလဲစေသည်"

အဝတ်များ
အဝတ်အစားများ

သူ့မျက်နှာသည် နေကဲ့သို့ထွန်းလင်းသည်၊ သူ့အဝတ် အစားများသည် အလင်းကဲ့သို့ တောက်ပလျက်ရှိသည်။
ယေရှု၏ ပုံသဏ္ဍာန်သည် တောက်ပလျက်ရှိသည်ကို အလေးနက်ပေးသည့် တင်စားချက်ဖြစ်သည်။

### Matthew 17:3

ကြည့်ပါ
အံ့သြစရာကောင်းသည့် အရာကို အာရုံစိုက်ရန် အချက်ပြစာလုံးဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

သူတို့ကို
ပေတရု၊ ယာကုပ်နှင့် ယောဟန် တို့ကို ရည်ညွှန်းသည်။

သူနှင့်အတူ
"ယေရှုနှင့်အတူ"

ဖြေပြီး ပြောသည်
"ပြောပြီး" ပေတရုက မေးခွန်းကို တုံ့ပြန်ခြင်း မဟုတ်ပါ။

ဒီမှာရှိခြင်းက ငါတို့အတွက်ကောင်းသည်
"ငါတို့" သည် ပေတရု၊ ယာကုပ်နှင့်ယောဟန် တို့ကို ရည်ညွှန်းသည့်အရာလော၊ ယေရှု၊ ဧလိယနှင့်မောရှေတို့အပါ အဝင် ထိုနေရာရှိလူတိုင်းကို ရည်ညွှန်းသည်လော မရှင်း လင်းပါ။ နှစ်ခုစလုံးကို ရည်ညွှန်းနိုင်သည့်စာလုံးရှိပါက သုံးနိုင်သည်။

ခိုလှုံစရာများ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) လူတို့က ကိုးကွယ်ရန်လာကြသည့်နေရာများ၊ သို့မဟုတ်(၂) လူများ ယာယီအိပ်ရန်နေရာများ။

## Matthew 17:5

ကြည့်ပါ
အံ့သြစရာကောင်းသည့် အရာကိုအာရုံစိုက်ရန် အချက်ပြစာလုံးဖြစ်သည်။

သူတို့အပေါ်သို့ အရိပ်ကျသည်
"သူတို့အပေါ်သို့ လာသည်" (UDB)

မိုးယံးတိမ်ကအသံတော်
"အသံ" သည် ဘုရားသခင် စကားပြောသည်ကို ဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူတို့ကို မိုးတိမ်ပေါ်မှ စကားပြောသည်"

တပည့်တော်တို့သည် ကြားရလျှင်
"ဘုရားသခင် စကားပြောသည်ကို တပည့်တော်များက ကြားကြသည်"

ပြပ်ဝပ်၍
"မြေပေါ်၌ ပြပ်ဝပ်သည်"

## Matthew 17:9

ဆက်စပ်မှုဖော်ပြချက်
တပည့်တော်သုံးယောက်က ယေရှု၏ ပုံသဏ္ဍာန်ပြောင်းလဲသည်ကို တွေ့ကြသည့်နှင့်ချက်ခြင်း ဖြစ်ပျက်သည့်အရာဖြစ်သည်။

သူတို့သည်
"ယေရှုနှင့် တပည့်တော်များ"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

ဧလိယသည် အရင်လာမည်ဟု ကျမ်းပြုဆရာတို့က အဘယ့်ကြောင့် ဆိုကြသနည်း။
တပည့်တော်များက မေရှိယမတိုင်မီ ဧလိယသည် ကမ္ဘာသူများထံသို့ တဖန်ပြန်လာမည် ဟူသော ယုံကြည်ချက်ကို ဆိုလိုခြင်းဖြစ်သည်။

## Matthew 17:11

အလုံးစုံတို့ကို ပြုပြင်ရသည်
"အမှုအားလုံးကို ပြန်လည်စီစဉ်သည်" သို့မဟုတ် "မေရှိယကို လက်ခံရန် လူများအား အသင့်ပြင် ခိုင်းသည်"

သို့သော် သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သူတို့..သူတို့၏
ဤနာမ်စားအားလုံးသည် (၁) ယုဒခေါင်းဆောင်များ (၂) ယုဒလူအားလုံး တစ်ခုခုကို ဆိုလိုသည်။

လူသားသည်လည်း သူတို့လက်ထဲတွင် ခံရမည်
"လက်" သည် တန်ခိုးကိုဆိုလိုသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "သူတို့က လူသားကို နှိပ်စက်ကြမည်"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

## Matthew 17:14

ဆက်စပ်မှုဖော်ပြချက်
နတ်ဆိုးရှိသည့် ကလေးငယ်ကို ယေရှုက ကုသသည့်အကြောင်းဖြစ်သည်။ ယေရှုနှင့် သူ့တပည့်တော်များ တောင်ပေါ်မှ ပြန်ဆင်းသည်အချိန် ခဏတွင် ဤအဖြစ်အပျက်ကို ကြုံရသည်။

အကျွန်ုပ်၏သားကို ကယ်မသနားတော်မူပါ
ဤလူက သူ့သားကိုအနာငြိမ်းစေရန် ယေရှုကို အလိုရှိသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့သားကို သနားပြီး သူ့ကို ကုသပေးပါ"

ဝက်ရူးနာစွဲ၍
တခါတရံ သတိမေ့တတ်ပြီး၊ ထိန်းမရအောင် ရုန်းရင်းဆန်ခတ် ပြုတတ်သည်။

## Matthew 17:17

ယုံကြည်ခြင်းမရှိ၊ ဖောက်ပြန်သောအမျိုး
ဤမျိုးဆက်သည် ဘုရားသခင်ကို မယုံကြည်၊ အမှား အမှန်ကို မသိကြ"

သင်တို့နှင့်အတူ မည်မျှလောက် ငါနေရမည်နည်း။ သင်တို့ကို မည်မျှလောက်သည်းခံရမည်နည်း။
ဤမေးခွန်းက ယေရှု စိတ်မချမ်းသာသည်ကို ပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့နှင့်အတူ နေခြင်းကို ငါ ငြီးငွေ့ပြီ။ သင်တို့၏ မယုံကြည်မှု၊ အကျင့်ပျက်မှုများက ငါ့ကို ငြီးငွေ့စေပြီ"

ကလေးငယ်သည် အနာငြိမ်းလေသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ကလေးငယ်သည် ပြန်ကောင်းလာသည်"

ထိုအချိန်မှ
အခြားသောဘာသာပြန်ဆိုချက်၊ "ရုတ်တရက်" သို့မဟုတ် "ထိုခဏတွင်"


generated on Tue Mar 12 16:35:02 2024

## Matthew 17:19

ငါတို့
"ငါတို့" သည် ကြားနာသူများကို မဟုတ်ဘဲ စကားပြောသူများကို ဆိုလိုသည်။

ဘာ့ကြောင့် သင်က မနှင်ထုတ်နိုင်သလဲ
"လူငယ်လေးမှ နတ်ဆိုးထွက်လာအောင် ဘာ့ကြောင့် ငါတို့ မလုပ်နိုင်ကြသနည်း"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါ အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးထားသည်။

သင်သည် မုန်ညင်းစေ့လောက်သော ယုံကြည်ခြင်းရှိလျှင်
နိမိတ်လက္ခဏာပြုလုပ်နိုင်ရန် မုန်ညင်းစေ့မျှလောက်ကြီးသည့် ယုံကြည်ခြင်းရှိရန် ယေရှုက ခိုင်းနှိုင်းထားပါသည်။ မုန်ညင်းစေ့သည် အလွန်သေးငယ်သည်၊ သို့သော် အပင်ကြီးအဖြစ် ကြီးထွားလာတတ်သည်။ ယေရှုက ကြီးမားသည့် နိမိတ်လက္ခဏာပြုလုပ်နိုင်ရန် သေးငယ်သည့် ယုံကြည်ခြင်းသာ လိုအပ်ကြောင်း ပြောထားသည်"

သင်တို့မတတ်နိုင်သောအမှုမရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်အအရာကိုမဆို သင်လုပ်နိုင်မည်"

## Matthew 17:22

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူသေမည့်အချိန်နှင့် ဒုတိယအကြိမ်ပြန်ရှင်လာမည့်အချိန်ကို ကြိုပြောထားသည်။

နေကြစဉ်
"ယေရှုနှင့် သူ့တပည့်တော်များ နေထိုင်ကြသည်"

လူသားကို အပ်နှံခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က လူသားကို အပ်နှံမည်"

လူသား...သူ့ကို...သူ
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းထားသည်။

ပေးသည်
"ပေးထားသည်"

လူတို့လက်သို့
"လက်" သည် တန်ခိုး၊ ထိန်းချုပ်မှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့၏ ထိန်းချုပ်မှုသို့" သို့မဟုတ် "လူများ ထံသို့"

တတိယနေ့

သူသည် ပြန်ထလာမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကို ထစေမည်" သို့မ ဟုတ် "သူသည် ပြန်ရှင်လာမည်"

## Matthew 17:24

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပေတရုကို ဗိမာန်တော်အခွန်နှင့် ပတ်သက်၍ သင်ကြားပေးသည်။

သူတို့
"ယေရှုနှင့် သူ့တပည့်တော်များ"

အခွန်တဝက်
ယေရုရှလင်က ဗိမာန်တော်ကို အထောက်အပံ့ပေးဖို့ ယုဒလူတို့က ပေးရသည့် အခွန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗိမာန်တော် အခွန်"

အိမ်
"လူများ နေထိုင်သည့်နေရာ"

အချင်းရှိမုန်၊ သင်သည်အဘယ်သို့ထင်သနည်း။ လောကီရှင်ဘုရင်တို့သည် အဘယ်သူမှာအခွန်ကိုခံကြသနည်း။ မိမိသားမှာခံကြသလော။ သူတပါးမှာ ခံကြသလော၊
ရှိမုန်ကို သင်ကြားရန် ဤမေးခွန်းကို ယေရှုက မေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှိမုန် နားထောင်ပါ၊ ရှင်ဘုရင်က အခွန်ကောက်သည့် အချိန်မှာ သူ့နိုင်ငံသားများထံမှသာ ကောက်သည်ထက် ဧည့်သည်များထံမှ ကောက်ကြသည်ကို ငါတို့ သိကြသည်"

မြေကြီးပေါ်ရှင်ဘုရင်
ခေါင်းဆောင်များကို ဆိုလိုသည်။

ခံသူများ
အုပ်ချုပ်သူ၊ ဘုရင်အောက်ရှိ လူများ

## Matthew 17:26

ဆက်စပ်မှုဖော်ပြချက်
ဗိမာန်တော်အခွန်အကြောင်းကို ပေတရုအား ယေရှုက ဆက်လက်သင်ကြားပေးသည်။

ယေဘုယျအချက်အလက်
13:54, ၌ စသည့်အကြောင်းအရာ၏ အဆုံးပိုင်းဖြစ်သည်။ ယေရှု၏ သာသနာကို ဆန့်ကျင်သည့်အကြောင်းနှင့် ကောင်းကင်နိုင်ငံတော်အကြောင်း တင်ပြချက်များဖြစ်သည်။

ပေတရုက "ဧည့်သည်များထံမှ" ဟုပြောသည်
17: 24 က ယေရှု၏ မေးခွန်းကို ဘာသာပြန်လျှင် ဖြစ်နိုင်သည့် တုံ့ပြန်ချက်ကို ပေးရန်လိုအပ်မည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပေတရုက "ဟုတ်၊ မှန်သည်။ ဘုရင်က နိုင်ငံခြားသားများထံမှ အခွန်ကောက်သည်" ဤစကားပြောခန်းကို သွယ်ဝိုက်စကားပြောခန်းအဖြစ် ပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပေတရုက ယေရှုကို ထောက်ခံပြီးနောက်"

ဧည့်သည်များထံမှ
ခေတ်သစ်တွင် ခေါင်းဆောင်များက နိုင်ငံသားများကိုသာ အခွန်ကောက်ကြသည်။ ရှေးခေတ်တွင်မူ သူတို့အုပ်ချုပ်သည့် နိုင်ငံခြားသားများကိုသာ အခွန်ကောက်ကြသည်။

လူများ
ဘုရင်၊ အုပ်ချုပ်သူ လက်အောက်ရှိ လူများ


generated on Tue Mar 12 16:35:02 2024

အခွန်ကောက်များကို ငါတို့က အပြစ်မဖြစ်စေပါ
"အခွန်ကောက်များကို ငါတို့က စိတ်မဆိုးစေပါ၊ ထို့ကြောင့် သွားပါ"

ငါးမျှားချိတ်ထဲသို့ ပစ်ပါ
တံငါသည်က ကြိုး၏ အဆုံးတွင် ငါးမျှားချိပ်ကို ချိတ်ထားရသည်။ ထို့နောက် ရေထဲသို့ ပစ်ချပြီး ငါးကို ဖမ်းသည်။

၎င်း၏ပါးစပ်
"ငါး၏ ပါးစပ်"

သတာတဲတပြား
လေးရက်လုပ်ခနှင့် ညီမျှသည့် ငွေပြား

၎င်းကို ယူပါ
"သတာတဲတပြားကို ယူပါ"

သင်နှင့်ငါ့အတွက်
"သင်" သည် ပေတရုကို ညွှန်းသည့် အနည်းကိန်းဖြစ် သည်။ လူတိုင်းက သတာတဲတပြား၏ တဝက်စီကို အခွန်အဖြစ်ပေးကြရသည်။ ထို့ကြောင့် သတာတဲတခုသည် ယေရှုနှင့်ပေတရုအတွက် အခွန်ပေးရန် လုံလောက်သည်။

---

## Translation Questions

### Matthew 17:1

ယေရှုနှင့်အတူမြင့်လှစွာသောတောင်ပေါ်သို့၊ မည်သူတို့သွားသနည်း။
ယေရှုနှင့်အတူမြင့်လှစွာသောတောင်ပေါ်သို့ ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ သွားပါသည်။

ထိုတောင်ပေါ်တွင်ယေရှု၏ ရုပ်အသွင်မည်သို့ဖြစ်သနည်း။
ယေရှုသည် ထူးခြားသောအဆင်းအရောင်အသွင်ပြောင်း၍၊ မျက်နှာတော်သည်နေကဲ့သို့ထွန်းတောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ဖြူလျက်ရှိ၏။

### Matthew 17:3

မည်သူတို့သည် ထင်ရှား၍ယေရှုနှင့် စကားပြောသနည်း။
မောရှေနှင့် ဧလိယတို့သည် ထင်ရှား၍၊ ယေရှုနှင့်အတူစကားပြောလျက်နေကြသည်။

ပေတရုမှ မည်သည့်အရာကို လုပ်ဆောင်ပေးရန်လျှောက်သနည်း။
ပေတရုမှ လူသုံးဦးအတွက် တဲသုံးဆောင်ကိုဆောက်လုပ်ပေးမည်ဟု လျှောက်ပါသည်။

### Matthew 17:5

ထိုအခါ၊ မိုးတိမ်မှအသံက မည်သို့ဆိုသနည်း။
ထိုအခါမိုးတိမ်မှအသံက၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း၊ သူ၏စကားကိုနားထောင်ကြလော့ဟုဆိုပါသည်။

### Matthew 17:9

တောင်ပေါ်မှဆင်းကြသောအခါ၊ ယေရှုကတပည့်တော်တို့အားမည်သည့်အရာကို ပညတ်တော်မူသနည်း။
တောင်ပေါ်မှဆင်းကြသောအခါ၊ ယေရှုကတပည့်တော်တို့အားလူသားသည် သေခြင်းမှမထမြောက်မီတိုင်အောင်၊ယခုမြင်သောရူပါရုံကို အဘယ်သူအားမျှ မပြောဆိုရန်ပညတ်တော်မူ၏။

### Matthew 17:11

ယေရှုက၊ ဧလိယသည်အရင်လာရမည်ဟူသောသွန်သင်ချက်နှင့်ပတ်သက်၍မည်သို့ဆိုသနည်း။
ယေရှုက၊ ဧလိယသည်အရင်လာ၍ အလုံးစုံတို့ကိုပြုပြင်ရသည်မှန်ပေ၏ ဟုဆိုပါသည်။

ယေရှုက၊ ဧလိယသည်မည်သူဖြစ်၍၊ အရင်ရောက်လာခဲ့ပြီး၊ မည်ကဲ့သို့ပြုလုပ်ခံခဲ့ရသည် ဟုဆိုသနည်း။
ယေရှုက ဗတ္တိဇံဆရာယောဟန်သည် ဧလိယဖြစ်၍၊ အရင်ရောက်လာခဲ့ပြီး၊ လူများသည်သူ့အားပြုချင်သမျှကိုပြုကြပြီဟုဆိုပါသည်။

### Matthew 17:14

တပည့်တော်တို့သည်၊ ဝက်ရူးနာစွဲသောသူငယ်အားမည်သို့ပြုနိုင်ခဲ့သနည်း။
တပည့်တော်တို့သည်၊ ဝက်ရူးနာစွဲသောသူငယ်အား ကုသမှု မပေးနိုင်ခဲ့ပါ။

### Matthew 17:17

ယေရှုက၊ ဝက်ရူးနာစွဲသောသူငယ်အား၊ မည်သို့ဆောင်ရွက်ပေးခဲ့သနည်း။
ယေရှုက၊ နတ်ဆိုးအားနှင်ထုတ်၍၊ သူငယ်သည်ထိုအချိန်နာရီတွင်၊ ပျောက်ကင်းခဲ့ပါသည်။

### Matthew 17:19

တပည့်တော်တို့သည် အဘယ်ကြောင့်ဝက်ရူးနာစွဲသောသူငယ်အားပျောက်ကင်းအောင် ကုသမပေးနိုင်ခဲ့သနည်း။
ယေရှုက၊ တပည့်တော်တို့သည် ယုံကြည်မှုအားနည်းသောကြောင့်၊ ဝက်ရူးနာစွဲသောသူငယ်အား ပျောက်ကင်းအောင်ကုသမပေးနိုင်ခဲ့ပါဟု ဆိုပါသည်။

### Matthew 17:22

ယေရှုက၊ မည်သည့်အရာကိုပြောဆိုခဲ့၍၊ တပည့်တော်များတို့သည် အလွန်ဝမ်းနည်းခြင်းဖြစ်ကြသနည်း။
ယေရှုက၊ လူသားကိုလူတို့လက်သို့အပ်နှံရသောအချိန်နီးပြီ၊ သူတို့သည်သတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟု တပည့်တော်တို့အားပြောဆိုခဲ့ပါသည်။

### Matthew 17:26

ပေတရုနှင့် ယေရှုတို့သည်
သတာတဲတပြားအခွန်ကိုမည်သို့ပေးဆောင်ခဲ့သနည်း။

ယေရှုကပေတရုအား၊အိုင်သို့သွား၍ငါးမျှားကိုချစေလျက်၊
ရှေးဦးစွာရသောငါးကိုယူ၍ပစပ်ကိုဖွင့်စေပြီးလျှင်၊
ထိုငါး၏ပစပ်တွင်တွေ့သော သတာတဲတပြားကိုယူ၍
နှစ်ယောက်အတွက် အခွန်ကိုပေးဆောင်စေပါသည်။


generated on Tue Mar 12 16:35:02 2024

## Chapter 18

[1] ထိုအခါ တပည့်တော်တို့သည် ချဉ်းကပ်၍ ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည်သာ၍ကြီးမြတ် ပါအံ့နည်းဟု
မေးလျှောက်ကြသော်၊ [2] သူငယ်တယောက်ကိုခေါ်တော်မူ၍၊ တပည့်တော်တို့အလယ်၌ထားပြီးမှ၊ [3] ငါအမှန်ဆိုသည်ကား၊
သင်တို့သည်ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်သို့ မ ရောက်ရကြ။ [4] ထို့ကြောင့် အကြင်သူသည်
ဤသူငယ်ကဲ့သို့ မိမိကိုမိမိနှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်။ [5] အကြင်သူသည်
ငါ့မျက်နှာကိုထောက်၍ ဤကဲ့သို့သောသူငယ်တစုံတယောက်ကို လက်ခံ၏၊ ထိုသူ သည် ငါ့ကိုပင်လက်ခံ၏။ [6] ငါ့ကိုယုံကြည်သော
ဤသူငယ်တစုံတယောက်ကို အကြင်သူသည်မှားယွင်းစေ၏၊ ထိုသူသည် လည် ပင်း၌ ကြိတ်ဆုံကျောက်ကိုဆွဲ၍ နက်နဲသောပင်လယ်၌
နစ်မြုပ်ခြင်းကို ခံရလျှင်အနေသာ၍ကောင်း၏။ [7] မှားယွင်းစရာအကြောင်းများရှိသောကြောင့် လောကီသားတို့သည်
အမင်္ဂလာရှိကြ၏။ မှားယွင်းစရာ အကြောင်းရှိရမည်။ သို့သော်လည်း မှားယွင်းစရာအကြောင်းကို ဖြစ်စေသောသူသည်
အမင်္ဂလာရှိ၏။ [8] သင်၏လက်ခြေသည် သင့်ကို မှားယွင်းစေလျှင် လက်ခြေကိုဖြတ်ပစ်လော့။ လက်ခြေအစုံနှင့် ထာဝရ
မီးထဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါချို့တဲ့၍ အသက်ရှင်ခြင်းသို့ ဝင်စားသော်သာ၍ကောင်း၏။ [9] သင်၏မျက်စိသည်လည်း
သင့်ကိုမှားယွင်းစေလျှင်၊ မျက်စိကိုထုတ်ပစ်လော့။ မျက်စိနှစ်ဘက်စုံနှင့် ငရဲမီးထဲသို့ချခြင်းကို ခံရသည်ထက် မျက်စိတဘက်နှင့်
အသက်ရှင်ခြင်းသို့ဝင်စားသော် သာ၍ကောင်း၏။ [10] သင်တို့သည် ဤသူငယ်ကို တစုံတယောက်ကို မထီမဲ့မြင်မပြုမည်အကြောင်း
သတိရှိကြလော့။ ငါဆို သည်ကား၊ သူတို့၏ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော
ငါ့အဘ၏မျက်နှာတော်ကိုအစဉ် မပြတ်ဖူးမြင်ကြ၏။ [11] ထိုမှတပါး လူသားသည်ပျောက်သောသူတို့ကို ကယ်တင်အံ့သောငှာ
ကြွလာသတည်း။ [12] အဘယ်သို့ထင်ကြသနည်း။ သိုးတရာရှိသောသူ၌ သိုးတကောင်သည်လမ်းလွဲ၍ပျောက်လျှင်၊ ထိုသူ သည်
ကိုးဆယ်ကိုးကောင်သောသိုးတို့ကို တောင်ပေါ်မှာထားခဲ့ပြီးမှ၊ လမ်းလွဲ၍ပျောက်သော သိုးတကောင်ကို သွား၍ရှာတတ်သည်
မဟုတ်လော။ [13] တွေ့ပြီးလျှင်၊ လမ်းမလွဲ၍ပျောက်သောသိုး ကိုးဆယ်ကိုးကောင်၌ ဝမ်းမြောက်ခြင်းရှိသည်ထက်၊ ထိုသိုး တကောင်၌
သာ၍ဝမ်းမြောက်ခြင်းရှိသည်ဟု ငါအမှန်ဆို၏။ [14] ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်
ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေ ခြင်းငှာ အလိုတော်မရှိ။ [15] ထို့ကြောင့် သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊
သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏ အပြစ်ကိုပြ၍ ဆုံးမလော့။ သူသည် သင်၏စကားကိုနားထောင်လျှင် ညီအစ်ကို ကိုရပြီ။
[16] သို့မဟုတ် သင်၏စကားကိုနားမထောင်လျှင်။ လူနှစ်ဦးသုံးဦး သက်သေခံ၍စကားရှိသမျှတို့ကို တည် စေခြင်းငှာ ကိုယ်နှင့်အတူ
လူတဦးနှစ်ဦးကိုခေါ် ဦးလော့။ [17] ထိုသူတို့၏စကားကို နားမထောင်လျှင် အသင်းတော်အားကြားပြောလော့။ အသင်းတော်၏စကားကို
နားမထောင်လျှင်၊ သာသနာပလူကဲ့သို့၎င်း၊ အခွန်ခံကဲ့သို့၎င်း ထိုသူကိုမှတ်လော့။ [18] ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့
ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြည်လွှတ်သမျှသည် ကောင်းကင်ဘုံ၌
ဖြည်လွှတ်လျက်ရှိလိမ့်မည်။ [19] တဖန်ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်း
လျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။ [20] အကြောင်းမူကား၊
အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု
မိန့်တော်မူ၏။ [21] ထိုအခါ ပေတရုသည်ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည် သူ၏ အပြစ်ကို
ဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော်၊ ယေရှုက၊
ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည် ငါမဆို။ [22] အကြိမ်ခုနှစ်ဆယ် ခုနစ်လီမြောက်အောင် လွှတ်ရမည် ငါဆို၏။ [23] ထို့ကြောင့်
ကောင်းကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကိုစာရင်းယူခြင်းငှာ အလိုရှိသောမင်းကြီး တ ဦးနှင့်တူ၏။ [24] စာရင်းယူစဉ်တွင်၊
ငွေအခွက်တသိန်းကြွေးတင်သောသူတယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ [25] ထိုသူသည် ကြွေးဆပ်ရန်မရှိသောကြောင့်၊
ကိုယ်မှစ၍ သားမယားဥစ္စာရှိသမျှတို့ကိုရောင်း၍ ကြွေးကို ဆပ်စေဟု သူ၏သခင်စီရင်၏။ [26] ထိုကျွန်သည်ညွတ်ပြပ်ဝပ်တွားလျက်၊
သခင်၊ ကျွန်တော်ကိုသည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါ မည်ဟုလျှောက်လျှင်၊ [27] သူ၏သခင်သည် သနားခြင်းရှိသဖြင့်
ကြွေးရှိသမျှကိုလွှတ်၍ချမ်းသာပေးလေ၏။ [28] ထိုကျွန်သည်ထွက်သွားရာတွင် မိမိငွေဒေနာရိတရာကြွေးတင်သော
ကျွန်ချင်းတယောက်ကိုတွေ့လျှင်၊ လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကိုဆပ်ပေးလော့ဟုဆို၏။ [29] ထိုကျွန်ချင်းသည်
ကျွေးရှင်၏ခြေရင်း၌ပြပ်ဝပ်လျက် ကျွန်တော်ကိုသည်းခံတော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု တောင်းပန်သော်လည်း၊ [30]
ငွေရှင်သည် နားမထောင်ဘဲသွား၍ ကြွေးကိုမဆပ်မှီတိုင်အောင် သူ့ကိုထောင်ထဲမှာလှောင်ထား၏။ [31] ထိုအမှုအရာကို
အခြားသောကျွန်ချင်းတို့သည် မြင်လျှင် အလွန်နာကြည်းသောစိတ်နှင့်သွား၍၊ ပြုလေ သမျှတို့ကို မိမိတို့သခင်၌ ကြားလျှောက်ကြ၏။
[32] ထိုအခါ သခင်သည်ထိုကျွန်ကိုခေါ်၍၊ ဟယ် ဆိုးညစ်သောကျွန်၊ သင်သည်ငါ့ကိုတောင်းပန်သော ကြောင့်
သင်၌တင်သမျှသောကြွေးကို ငါရှင်းလင်းစေ၏။ [33] ငါသည်သင့်ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကို
မသနားအပ်သလောဟု ဆိုလျက်၊ [34] အမျက်ထွက်၍ ကြွေးရှိသမျှကို မဆပ်မှီတိုင်အောင် အာဏာသားတို့လက်ကိုအပ်လေ၏။ [35]
သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက်အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော
ငါ၏အဘသည် ထိုနည်းတူ သင်တို့ကိုစီရင်တော်မူလတံ့ဟု မိန့်တော်မူ၏။


generated on Tue Mar 12 16:35:02 2024

## Matthew 18:1

ယေဘုယျအချက်အလက်
ဇာတ်လမ်းအသစ်ကို အစပြုသည်။ ကောင်းကင်နိုင်ငံ တော်၌ အသက်ရှင်ပုံကို ယေရှုက သင်ကြားပေးသည်။ ယေရှုက ကလေးငယ်ကို သုံးပြီး တပည့်တော်များကို သင်ကြားပေးသည်။

မည်သူက အကြီးဆုံးနည်း
"မည်သူက အရေးကြီးဆုံးဖြစ်သနည်း" သို့မဟုတ် "ငါတို့ထဲ၌ မည်သူက အရေးကြီးဆုံးဖြစ်မည်နည်း" (UDB)

ကောင်းကင်နိုင်ငံတော်၌
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးသည်ကို ဆိုလိုသည်။ ဤစကားစုကို မဿဲတွင်သာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟု ပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏နိုင်ငံတော်ကိုဝင်သည်" သို့မဟုတ် "ငါတို့၏ ကောင်းကင်ဘုံရှိ ဘုရားသခင်က မြေကြီးပေါ်မှာ သူ၏ အုပ်စိုးမှုတည်ထောင်လာခြင်းနှင့် သက်ဆိုင်သူ"

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါသည် အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

သင်ပြန်မလှည့်ရင်...ဝင်စရာလမ်းမရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်ပြောင်းလဲရမည်... ဝင်နိုင်ဖို့ရန်"

သူငယ်ကဲ့သို့မဖြစ်လျှင်
မည်သူက အရေးကြီးဆုံးဖြစ်သည်ဟူသော ငြင်းခုံမှုနှင့် အချိန်ကုန်ကြသည့် တပည့်တော်များကို ဤဥပမာဖြင့် ယေရှုက သင်ကြားသည်။ သူတို့သည် ကလေးကဲ့သို့ နှိမ့်ချသင့်သည်။

ကောင်းကင်နိုင်ငံတော်သို့ မ ရောက်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးသည်ကို ဆိုလိုသည်။ ဤစကားစုကို မဿဲတွင်သာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟု ပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏နိုင်ငံတော်ကိုဝင်သည်" သို့မဟုတ်"ငါတို့၏ ကောင်းကင်ဘုံရှိဘုရားသခင်က မြေကြီးပေါ်မှာ သူ၏အုပ်စိုးမှုတည်ထောင်လာခြင်းနှင့် သက်ဆိုင်သူ"

## Matthew 18:4

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များကို ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ချင်သောသူသည် ကလေးကဲ့သို့နှိမ့်ချရန်လိုအပ်ကြောင်း သင်ကြားပေးသည်။

အကြီးမြတ်ဆုံး
"အရေးအကြီးဆုံး" သို့မဟုတ် "အရေးကြီးသူ ဖြစ်မည်"

ကောင်းကင်နိုင်ငံတော်ထဲ၌
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်စိုးသည်ကိုဆိုလိုသည်။ ဤစကားစုကို မဿဲတွင်သာသုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟု ပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ နိုင်ငံတော်ကို ဝင်သည်" သို့မဟုတ် "ငါတို့၏ ကောင်းကင်ဘုံရှိဘုရားသခင်က မြေကြီးပေါ်မှာ သူ၏အုပ်စိုးမှုတည်ထောင်လာခြင်းနှင့် သက်ဆိုင်သူ"

ငါ၏နာမ၌
"ငါ့နာမ" သည် လူတစ်ခုလုံးကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကြောင့်" သို့မဟုတ် "သူသည့်ငါ့တပည့်ဖြစ်သောကြောင့်"

ငါ့ကိုလက်ခံပါ
ယေရှုက သူ့ကိုကြိုဆိုသည်နှင့်အတူတူဖြစ်သည် ဟုဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကိုကြိုဆိုသည်နှင့်တူသည်" နှင့် "ငါ့ကိုကြိုဆိုသည်နှင့်တူသည်"

ထိုသူသည် လည် ပင်း၌ ကြိတ်ဆုံကျောက်ကိုဆွဲ၍ နက်နဲသောပင်လယ်၌ နစ်မြုပ်ခြင်းကို ခံရလျှင်အနေသာ၍ကောင်း၏
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်ယောက်ကို သူ့လည်ပင်းတွင် ကြိတ်ဆုံကြီးကို ချိတ်ထားပြီး ပင်လယ်ထဲသို့ သူ့ကို ပစ်ချလျှင်"

ကြိတ်ဆုံ
ကြီးပြီး လေးသော လုံးဝန်းသည့်ကျောက်၊ မုန့်အမှုန့်ကြိတ်ရာတွင် အသုံးပြုသည့်အရာဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လေးလံသော ကျောက်"

## Matthew 18:7

ဆက်စပ်မှုဖော်ပြချက်
တပည့်တော်များကို သင်ကြားရန် ယေရှုက ကလေးငယ်ကို အသုံးပြုသည်။ ကလေးငယ်ကို အပြစ်ဖြစ်စေခြင်းသည် ကြောက်စရာကောင်းသော အကျိုးဆက်များဖြစ်လာမည်ဖြစ်ကြောင်း သတိပေးသည်။

လောကီသား
"ကမ္ဘာ သည် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာပေါ်ရှိလူများ"

မှားယွင်းစရာအကြောင်းကို ဖြစ်စေသောသူသည်
"တခြားသူကို အပြစ်ဖြစ်စေ သူတစ်ယောက်"

အပြစ်ဖြစ်စေသည့်အရာ
"ခလုတ်တိုက်" သည် အပြစ်အတွက် တင်စားထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများကို အပြစ်ဖြစ်စေသည့် အရာများကြောင့်"

တခြားသူကိုအပြစ်ဖြစ်စေသူတစ်ယောက်
"တခြားသူကို အပြစ်ဖြစ်စေသူ တစ်ယောက်"

သင့်လက်နှင်သင့်ခြေထောက်က သင့်ကို ခလုတ်တိုက်စေလျှင်၊ ဖြတ်ပစ်ပြီး အဝေးသို့လွှတ်ပစ်ပါ
ယေရှုက သူမည်မျှလောက်ဖြစ်သည်ကို အလေးနက်ပြု သည်။ အပြစ်ကို ဖြစ်စေသည့်အရာ မည်သည့်အရာမဆို ဖယ်ရှားရမည်ဟု ယေရှုက ဆိုလိုသည်။

သင်၏...သင်
ဤနာမ်စားအားလုံးသည် အနည်းကိန်းများ ဖြစ်ကြသည်။ ယေဘုယျလူအားလုံးကို ယေရှုက ရည်ညွှန်းသည်။ သင့်ဘာသာစကားတွင် "သင်တို့" ဟု အများကိန်းဖြင့် ပြန်ရန်လိုအပ်နိုင်သည်။

အသက်သို့
"ထာဝရအသက်"

လက်နှစ်ချောင်း၊ ခြေနှစ်ချောင်းရှိသည့်ထက် ထာဝရမီးထဲသို့ပစ်ချသည်
အခြားသောဘာသာပြန်ဆိုချက်၊
"လက်နှင့်ခြေနှစ်ခုလုံးရှိသည်ထက် ဘုရားသခင်က
ထာဝရမီးထဲသို့ သင့်ကိုပစ်ချသည်"

**Matthew 18:9**

သင်၏မျက်စိသည်လည်း သင့်ကိုမှားယွင်းစေလျှင်၊ မျက်စိကိုထုတ်ပစ်လော့
ယေရှုက သူမည်မျှလောက်ဖြစ်သည်ကို အလေးနက်ပေး သည်။
အပြစ်ကို ဖြစ်စေသည့်အရာ မည်သည့်အရာမဆို
ဖယ်ရှားရမည်ဟု ယေရှုက ဆိုလိုသည်။

သင့်ကိုမှားယွင်းစေလျှင်
"ခလုတ်တိုက်သည်" သည် အပြစ်အတွက်
တင်စားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊
"သင့်ကိုအပြစ်ဖြစ်စေလျှင်"

သင်၏...သင်
ဤနာမ်စားအားလုံးသည် အနည်းကိန်းများဖြစ်ကြသည်။
ယေဘုယျလူအားလုံးကို ယေရှုက ရည်ညွှန်းသည်။
သင့်ဘာသာစကားတွင် "သင်တို့" ဟု အများကိန်းဖြင့် ပြန်ရန်
လိုအပ်နိုင်သည်။

အသက်သို့
"ထာဝရ အသက်သို့"

မျက်စိနှစ်ဘက်စလုံးရှိသည်ထက် ထာဝရမီးသို့ပစ်ချသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က
သင့်ကိုထာဝရမီးထဲသို့ ပစ်ချသည်ထက် မျက်စိနှစ်လုံးကို"

**Matthew 18:10**

ထိုအရာကိုကြည့်ပါ
"ထိုအရာကို ဂရုစိုက်ပါ"

ဤအငယ်ဆုံးများကို သင်သည် အထီမဲ့မြင်မလုပ်
"ဤအငယ်ဆုံးများကို အရေးမကြီးသည်ဟု သင်မထင်ပါ"
အဆိုဝါကျဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအငယ်ဆုံးသောသူများကို
သင် လေးစားမှုပြုသည်"

သင့်ကိုငါပြောသည့်အတွက်
ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏
မျက်နှာတော်ကိုအစဉ် မပြတ်ဖူးမြင်ကြ၏
ယုဒဆရာများက အရေးကြီးဆုံးသော တမန်တော်များကသာ
ဘုရားရှေ့တော်၌ ရှိနိုင်သည်ဟု သင်ကြားပေးကြသည်။ ယေရှုက
အရေးကြီးဆုံး တမန်တော်များက ဘုရားရှေ့တွင်
ဤအငယ်ဆုံးသူများ အကြောင်းပြောသည်ဟု သင်ပေးသည်။

ငါ့အဘ၏ မျက်နှာတော်ကိုအစဉ် မပြတ်ဖူးမြင်
သူတို့သည် ဘုရားသခင်၏ မျက်မှောက်တွင် ရှိကြသည်ကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အဘနှင့်အမြဲ
နီးကပ်၌ နေသည်" သို့မဟုတ် "ငါ့အဘမျက်မှောက်တွင်
အမြဲနေသည်"

ငါ့အဘ
ယေရှုနှင့် ဘုရားသခင် ဆက်သွယ်မှုပြသည့်အရာ၊
ဘုရားသခင်အတွက် အရေးကြီးသည့် အမည်နာမဖြစ်သည်။

**Matthew 18:12**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက တပည့်တော်များကို သင်ဖို့ ကလေးများကို သုံးပြီး
ဘုရားသခင်က လူတို့ကို မည်မျှဂရုစိုက်သည်ကို ရှင်းပြသည်။

သင်မည်သို့ထင်သနည်း။
ယေရှုက လူတို့အာရုံကို ရချင်သည့်အတွက် ဤမေးခွန်းကို
သုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့မည်သို့
လုပ်ရှားသည်ကို စဉ်းစားပါ" (ရှု၊|Rhetorical Question)

သင်တို့...သင်တို့၏
အများကိန်းများဖြစ်ကြသည်။

လမ်းမလွဲသည့်...တစ်ယောက်
ယေရှုက တပည့်တော်များကို သင်ကြားဖို့ ပုံဥပမာကိုသုံး သည်။

တစ်ရာ...ကိုးဆယ့်ကိုး
"၁၀၀..၉၉"

သူလမ်းလွဲသည် မဟုတ်လော
ယေရှုက တပည့်တော်များကို သင်ကြားဖို့ မေးခွန်းသုံးသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူက အမြဲတမ်း
ထွက်သွားသည်... လမ်းလွဲသည်" (ရှု၊|Rhetorical Question)

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါ အမှန်တရား ပြောသည်" ယေရှုပြောသည့်အရာကို
အလေးနက် ပေးထားသည်။

ဤအငယ်ဆုံးသောသူများ ပျက်စီးရန်ကို ကောင်းကင်ဘုံရှိ သင်တို့အဘက
အလိုမရှိ
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအငယ်ဆုံးသော
သူအားလုံးအသက်ရှင်ဖို့ ကောင်းကင်ဘုံရှိ သင့်အဘက
လိုချင်သည်"

အဘ
ဘုရားသခင်၏ အရေးကြီးသည့် နာမည်ဖြစ်သည်။

**Matthew 18:15**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ခွင့်လွှတ်ခြင်းနှင့် ပြန်သင့်မြတ်သည့် အကြောင်းကို
သူ့တပည့်တော်များအား သင်ကြားသည်။

သင့်ညီအစ်ကို
ဘုရားသခင်၌ ယုံကြည်သူအဖော်ကို ဆိုလိုသည်။
သွေးရင်းညီအစ်ကိုကို မဆိုလိုပါ။

သင့်ညီအစ်ကိုကို သင်ခေါ်နိုင်သည်
"သင့်ယုံကြည်သူ အဖော်ကို နောက်တဖန်ကောင်းစွာ
ပြန်ဆက်ဆံရမည်"

နှစ်ယောက်၊ သုံးယောက်၏သက်သေကို တည်စေရမည်
"ပါးစပ်" နှင့် "စကား" သည် လူတစ်ယောက်ပြောသည့်စကားကို
ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ယုံကြည်သူ

အဖော်အကြောင်း သင်ပြောသည့်အရာမှန်သည်ကို လူနှစ်ဦး သုံးဦးတို့၏ သက်သေအားဖြင့် တည်စေမည်"

နှစ်ယောက်၊ သုံးယောက်၏ သက်သေအားဖြင့် စကားတိုင်းကို တည်စေမည်
ယေရှုက မောရှေကလူတို့ကို ပေးသည့် ပညတ်တော် တစ်ခုကို ဆိုလိုသည်။

## Matthew 18:17

သူတို့ကို နားထောင်ဖို့ ငြင်းဆန်နေလျှင်
"သင့်ယုံကြည်သူအဖော်က သင်နှင့်အတူလာသူများ၏ သက်သေကို ငြင်းဆန်လျှင်"

အသင်းတော်သို့
"ယုံကြည်သူအသိုင်းအဝိုင်းတစ်ခုလုံးသို့"

သူ့ကို အခွန်ခံ၊ တပါးအမျိုးသားကဲ့သို့ သတ်မှတ်လော့
"အခွန်ခံနှင့် တပါးအမျိုးသားများ ဆက်ဆံသည့်အတိုင်း သူ့ကို ဆက်ဆံပါ" သူ့ကို ယုံကြည်သူ အသိုင်းအဝိုင်းမှ ဖယ်ထားဖို့ ဆိုလိုသည်။

## Matthew 18:18

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါ အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သင်တို့
အများကိန်းများဖြစ်သည်။

ချည်သည်...ချည်ခဲ့သည်...ဖြေသည်...ဖြေလျှော့ခဲ့သည်
ပေတရုက မြေကြီးပေါ်၌ တားမြစ်သည့်အရာ၊ ခွင့်ပြုထားသည့်အရာကို ကောင်းကင်ဘုံရှိ ဘုရားသခင်က အသိအမှတ်ပြုမည်ဟု ဆိုလိုခြင်းဖြစ်သည်။ 16:19 ၌မည်သို့ ရေးထားသည်ကို ကြည့်နိုင်သည်။

ချည်ခြင်းခံရမည်...ဖြေလွှတ်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားက ချည်မည်...ဘုရားက ဖြေလျှော့မည်'

သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သင်တို့နှစ်ယောက်
"အနည်းဆုံး သင်တို့နှစ်ယောက်" သို့မဟုတ် "သင်တို့မှ နှစ်ယောက်နှင့်အထက်"

သူတို့...သူတို့ကို
"သင်တို့မှနှစ်ယောက်" ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်...သင်"

ငါ့အဘ
ယေရှုနှင့် ဘုရားသခင်ဆက်သွယ်သည့် အခြေနေကို ပြသည့်အရာ၊ ဘုရားသခင်၏ အရေးကြီးသောနာမည်ဖြစ်သည်။

နှစ်ယောက် သို့မဟုတ် သုံးယောက်
ယေရှုက "နှစ်ခုနှင့်အထက်" သို့မဟုတ် "အနည်းဆုံးနှစ်ယောက်" ဟု ဆိုလိုသည်။

စုရုံးကြသည်
"တွေ့ကြသည်"

ငါ့နာမ၌
"နာမ" သည် လူတစ်ခုလုံးကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကြောင့်" "သူတို့သည် ငါ့တပည့် တော်များဖြစ်ကြသည့်အတွက်"

## Matthew 18:21

ခုနစ်ကြိမ်
"၇ ကြိမ်"

ခုနစ်ဆယ့် ခုနစ်ကြိမ်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "(၇၀) အကြိမ် ခုနစ်ကြိမ် " (UDB) သို့မဟုတ် (၂) "၇၇ ကြိမ်" (UDB)
ကိန်းဂဏာန်းကိုသုံးပါက ရှုပ်ထွေးစရာဖြစ်နိုင်သည်။
"သင်ရေနိုင်သည့်အထက် အကြိမ်ရေပေါင်း" သို့မဟုတ် "သူ့ကို သင်က အမြဲ ခွင့်လွှတ်ရမည်"

## Matthew 18:23

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ခွင့်လွှတ်ခြင်းနှင့် ပြန်သင့်မြတ်သည့်အကြောင်းကို သူ့တပည့်တော်များအား သင်ကြားသည်။

ကောင်းကင်နိုင်ငံတော်သည် ဆင်တူသည်
ပုံဥပမာကို မိတ်ဆက်သည်။ 13:24 ၌ မည်သို့ရေးသည်ကို ကြည့်နိုင်သည်။

သူ့ကျွန်များနှင့် စာရင်းတွက်သည်
"သူ့ကျွန်များက သူ့ကိုပေးရန် အကြွေး"

ကျွန်တစ်ယောက်ကိုခေါ်လာသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်၏ ကျွန်တစ်ယောက်ကို လူတစ်ယောက်က ခေါ်လာသည်"

ငွေအခွက်တစ်သိန်း
" အခွက် ၁၀၀၀၀" သို့မဟုတ် "ကျွန်က ပြန်ပေးနိုင်သည်ထက်များသည့် ငွေ"

သူ့ကိုရောင်း၍..ပေးရန် သူ့သခင်ကအမိန့်ပေးသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်က သူ့ကျွန်များကို ထိုလူကိုရောင်းရန် ... ရောင်းရငွေဖြင့် အကြွေးပေးရန်... အမိန့်ပေးသည်"

## Matthew 18:26

ပြပ်ဝပ်သည်
ကျွန်က ဘုရင်ကို အနှိမ့်ချဆုံးသော အပြုအမူဖြင့် ချဉ်းကပ်သည်။

သူ့ရှေ့တွင်
"ဘုရင်ရှေ့တွင်"

သူသည် သနားခြင်းနှင့်တကွ
"ကျွန်ကို သူက သနားသည်"

 generated on Tue Mar 12 16:35:02 2024

သူ့ကိုလွှတ်ပါ
"သူ့ကို သွားခိုင်းပါ"

**Matthew 18:28**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ပုံဥပမာ ဆက်ပြောပြသည်။

ဒေနာရိတစ်ရာ
"ဒေနာရိ ၁၀၀" သို့မဟုတ် "ရက်တစ်ရာလုပ်အားခ"

လည်ပင်းကိုကိုင်ညှစ်၍
"ပထမကျွန်က သူ့အဖော်ကျွန်ကို ဆုပ်ကိုင်သည်"

ကိုင်ညှစ်
"ကိုင်သည်" သို့မဟုတ် "ဆုတ်သည်" (UDB)

ပြပ်ဝပ်သည်
ကျွန်က ဘုရင်ကို အနှိမ့်ချဆုံးသော အပြုအမူဖြင့် ချဉ်းကပ်သည်။ 18:26 ၌မည်သို့ ရေးထားသည်ကို ကြည့်နိုင်သည်။

**Matthew 18:30**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ပုံဥပမာ ဆက်ပြောပြသည်။

သူသွား၍ သူ့ကိုထောက်ချသည်
"ပထမကျွန်က သွား၍ သူ့အဖော် ကျွန်ကို ထောင်ချသည်"

သူ့အဖော်ကျွန်များ
"တခြားသော ကျွန်များ"

သူတို့သခင်ကိုပြောသည်
"ဘုရင်ကို ပြောသည်"

**Matthew 18:32**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်များကို ပုံဥပမာ ဆက်ပြောပြသည်။

ထိုကျွန်၏ သခင်က သူ့ကိုခေါ်သည်
"ဘုရင်က ပထမကျွန်ကို ခေါ်သည်"

သင် ငါ့ကိုတောင်းပန်သည်
"သင်ငါ့ကို တောင်းပန်သည်"

သင်မရှိသင့်သလော..သင်။
ရှင်ဘုရင်က ပထမကျွန်ကို ဆူရန် မေးခွန်းသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ရှိသင့်သည်..သင်"

**Matthew 18:34**

ဆက်စပ်မှုဖော်ပြချက်
ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်သည့်အကြောင်း သူ့ပုံဥပမာကို ယေရှုက အဆုံးသတ်သည်။

ယေဘုယျအချက်အလက်
18:1 ၌စသည့် ဇာတ်လမ်း ကောင်းကင်နိုင်ငံတော်၌အသက်တာအကြောင်း ယေရှုသင်ပေးသည့်အရာ၏ အဆုံးပိုင်းဖြစ်သည်။

သူ့သခင်
"ရှင်ဘုရင်"

သူ့ကို အပ်ထားသည်
"သူ့ကိုပေးထားသည်" ရှင်ဘုရင်ကိုယ်တိုင်က နှိပ်စက်သူများထံသို့ ပထမကျွန်ကိုခေါ်သွားသည်မဟုတ်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကိုပေးအပ်ကြဖို့ရန် ဘုရင်က သူ့ကျွန်များကအမိန့်ပေးသည်"

နှိပ်စက်သူများ
"သူ့ကို နှိပ်စက်သူများ"

အကြွေးယူထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ပထမကျွန်က ရှင်ဘုရင်ထံယူထားသည့်အကြွေး"

ငါ၏ကောင်းကင်အဘ
ယေရှုနှင့် ဘုရားသခင်အကြားဆက်နွယ်မှုကို ပြသည့်အရာ၊ ဘုရားသခင်၏ အရေးကြီးသော နာမည်ဖြစ်သည်။

သင်သို့..သင်၏
အများကိန်းများဖြစ်သည်။ ယေရှုက သူ့တပည့်တော်များကို ပြောသည်။ ဤပုံဥပမာက ယုံကြည်သူအားလုံးကို အမှန်တရား ပြောပြနေသည်။

သူ့ညီ
"သင့်ညီ"

သင့်စိတ်နှလုံးမှ
အခြားသောဘာသာပြန်ဆိုချက်၊ "ရိုးသားစွာ" သို့မဟုတ် "လုံးဝ"

---

## Translation Questions

**Matthew 18:1**

ယေရှုက ကျွန်ုပ်တို့ ကောင်းကင်နိုင်ငံတော်သို့ဝင်ရန် မည်သို့လုပ်ရမည်ဆိုသည်ကို ပြောပါသနည်း။
ယေရှုက ကျွန်ုပ်တို့ကောင်းကင်နိုင်ငံတော်သို့ဝင်ရန်နောင်တရ၍သူငယ်ကဲ့သို့ဖြစ်ရမည်ဟု ပြောပါသည်။

**Matthew 18:4**

ယေရှုက ကောင်းကင်နိုင်ငံတော်တွင် မည်သူသည်အကြီးမြတ်ဆုံးဖြစ်သည်ဟု ပြောသနည်း။
ယေရှုကသူငယ်ကဲ့သို့ မိမိကိုယ်ကိုနှိမ့်ချသောသူသည်ကောင်းကင်နိုင်ငံတော်တွင် အကြီးမြတ်ဆုံးဖြစ်သည်ဟုပြောပါသည်။

ယေရှုကိုယုံကြည်သောသူငယ်တစုံတယောက်ကိုပြစ်မှားလျှင်ဘာဖြစ်မည်နည်း။
ယေရှုကို ယုံကြည်သောသူငယ်တစုံတယောက်ကို မှားယွင်းစေလျှင် ထိုသူသည် လည်ပင်း၌ကြိတ်ဆုံကျောက်ကိုဆွဲ၍နက်နဲသော ပင်လယ်၌နှစ်မြှုပ်ခြင်းကိုခံရမည်။

**Matthew 18:7**

ကျွန်ုပ်တို့သည် အမှားအယွင်းပြုလုပ်မိလျှင် ဘာလုပ်ရမည်ဟုယေရှုက ပြောသနည်း။
ကျွန်ုပ်တို့သည်အမှားအယွင်းပြုလုပ်မိလျှင် အမှားမှန်သမျှကိုအဝေးသို့လွှင့်ပစ်ရမည်ဟု ယေရှုကပြောပါသည်။

**Matthew 18:10**

အဘယ်ကြောင့် ယေရှုသည် သူငယ်တစုံတယောက်ကိုမထီမဲ့မြင်မပြုရန် ကျွန်ုပ်တို့အား ပြောသနည်း။
ယေရှုကကျွန်ုပ်တို့အားသူငယ်တစုံတယောက်ကိုမထီမဲ့မြင်မပြုရန်ပြောရခြင်းမှာ သူငယ်တို့၏ ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိသောအဘ၏မျက်နှာတော်ကိုအစဉ် ဖူးမြင်သောကြောင့်ဖြစ်ပါသည်။

**Matthew 18:12**

မည်သည့်အတွက်ကြောင့် ကောင်းကင်ဘုံ၌ရှိသောအဘကဲ့သို့ပျောက်သောသိုးကိုရှာသနည်း။
ကောင်းကင်ဘုံ၌ရှိသောအဘသည် သူငယ်တစုံတယောက်ကိုမျှပျက်စီးရန် အလိုမရှိသောကြောင့်ဖြစ်ပါသည်။

**Matthew 18:15**

အကယ်၍သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်ရှေးဦးစွာ သင်ဘာလုပ်သင့်သနည်း။
ရှေးဦးစွာသင်၏ညီအစ်ကိုထံသို့သွား၍ သူ၏အမှားများကိုဖော်ပြဆုံးမခြင်းကို နှစ်ယောက်တည်းတွေ့ဆုံ ပြောပြသင့်ပါသည်။

အကယ်၍သင်၏ညီအစ်ကိုသည် စကားနားမထောင်လျှင်ဒုတိယအကြိမ် သင်ဘာလုပ်သင့်သနည်း။
သင်၏ညီအစ်ကိုသည်စကားနားမထောင်လျှင်၊ ဒုတိယအကြိမ်တွင် သင်၏စကားအတည်ဖြစ်စေရန် သက်သေ နှစ်ဦးသုံးဦးကိုခေါ်ထားသင့်ပါသည်။

**Matthew 18:17**

ထိုသူတို့၏စကားကို နားမထောင်လျှင် တတိယအကြိမ်ဘာလုပ်သင့်သနည်း။
တတိယအကြိမ်အဖြစ် အသင်းတော်အားကြားပြောသင့်ပါသည်။

သင့်ညီအစ်ကိုသည် အသင်းတော်၏စကားကိုနားမထောင်လျှင် လုံး၀ နားမထောင်ပါက မည်သို့လုပ်ရမည်နည်း။
အသင်းတော်၏စကားကိုနားမထောင်လျှင်ထိုညီအစ်ကိုအား သာသနာပလူအဖြစ်၎င်း၊ အခွန်ခံအဖြစ်၎င်း မှတ်ယူရမည်ဖြစ်ပါသည်။

**Matthew 18:18**

ငါ၏နာမ၌ လူနှစ်ဦးသုံးဦးသည် စည်းဝေးကြလျှင်၊ ယေရှုက မည်သည့်ဂတိကိုပြုသနည်း။
ငါ၏နာမ၌လူနှစ်ဦးသုံးဦးသည် စည်းဝေးကြလျှင်၊ ယေရှုကထိုသူတို့၏ အလယ်မှာငါရှိမည်ဟု ဂတိပြုပါသည်။

**Matthew 18:21**

ယေရှုက ညီအစ်ကိုချင်း ဘယ်နှစ်ကြိမ်မြောက်အောင် ခွင့်လွှတ်ရမည်ဟု ပြောသနည်း။
ယေရှုက ညီအစ်ကိုချင်းအကြိမ်ခုနစ်ဆယ်ခုနစ်လီမြောက်အောင် ခွင့်လွှတ်ရမည်ဟုပြောပါသည်။

**Matthew 18:23**

အစေခံကျွန်သည်သခင်ထံမှ မည်သည့်အကြွေးယူပြီး ထိုအကြွေးကိုပြန်ပေးဆပ်နိုင်ပါသလား။
အစေခံကျွန်သည်သူ၏သခင်ထံမှ ငွေအခွက်တစ်သိန်းအကြွေးယူပြီး၊ ပြန်လည်မပေးဆပ်နိုင်ပါ။

**Matthew 18:26**

အဘယ်ကြောင့်သခင်သည် သူ၏အစေခံအားအကြွေးမှကင်းလွတ်ခွင့်ပေးသနည်း။
သခင်သည်သနားကြင်နာသောစိတ်ရှိသဖြင့် သူ၏အစေခံအားအကြွေးမှ ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါသည်။

**Matthew 18:30**

အကြွေးမှကင်းလွတ်သောအစေခံသည် သူ့ထံမှဒေနာရိတစ်ရာအကြွေးယူထားသောကျွန်ချင်းအားမည်သို့လုပ်သနည်း။
အကြွေးမှကင်းလွတ်သောအစေခံသည်စိတ်မရှည်ဘဲ သူ၏ကျွန်ချင်းကိုထောင်ထဲ၌လှောင်ထားစေပါသည်။

**Matthew 18:32**

အစေခံသည်မိမိကျွန်ချင်းအပေါ်ပြုလုပ်ခဲ့ခြင်းအတွက်သူ၏သခင်သည်ဘာပြောသနည်း။
သခင်ကသူ၏အစေခံအား ငါသည်သင့်ကိုသနားသကဲ့သို့ သင်သည်လည်းသင်၏ကျွန်ချင်းကိုသနားအပ်သည်ဟုပြောပါသည်။

**Matthew 18:34**

သခင်သည်သူ၏အစေခံအား မည်သို့ပြုသနည်း။
သခင်သည်သူ၏အစေခံအားသူ့အကြွေးရှိသမျှကိုမဆပ်မီတိုင်အောင်အာဏာသား

ယေရှုကကျွန်ုပ်တို့သည်မိမိညီအစ်ကိုအားစိတ်နှလုံးထဲမှခွင့်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိသောအဘသည် မည်သို့လုပ်လိမ့်မည်ဟု ပြောသနည်း။
ကျွန်ုပ်တို့သည်မိမိညီအစ်ကိုအားစိတ်နှလုံးထဲမှခွင့်မလွှတ်လျှင်၊ သခင်သည်သူ၏အစေခံအားပြုသကဲ့သို့ကောင်းကင်ဘုံ၌ရှိသောအဘသည်ကျွန်ုပ်

## Chapter 19

1 ထိုဒေသနာတော်ကို ယေရှုသည်အကုန်အစင် ဟောတော်မူပြီးလျှင်၊ ဂါလိလဲပြည်မှပြောင်း၍ ယုဒပြည် စွန်း၊ ယော်ဒန်မြစ်တဘက်သို့
ကြွတော်မူ၏။ 2 လူများအပေါင်းတို့သည် နောက်တော်သို့လိုက်ကြသည်ဖြစ်၍၊ ထိုအရပ်၌ အနာရောဂါများကို ငြိမ်းစေ တော်မူ၏။ 3
ဖာရိရှဲတို့သည် အထံတော်သို့လာ၍ လူသည် ခပ်သိမ်းသောအပြစ်ကြောင့် မိမိမယားနှင့် ကွာအပ်သ လောဟု စုံစမ်းနှောင့်ရှက်ခြင်းငှာ
မေးလျှောက်ကြသော်၊ 4 ကိုယ်တော်က၊ အစအဦး၌ ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့်မိန်းမနှစ်ယောက်တည်းကို
ဖန်ဆင်းတော်မူ၏။ 5 ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူနှစ် ယောက်တို့သည်
တသားတကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မတတ်ဘူးသလော။ 6 ထို့ကြောင့် လင်မယားတို့သည်
နှစ်ဦးမဟုတ်တဦးတည်းဖြစ်၏။ ဘုရားသခင်ဘက်စပ်၍ ထမ်းဘိုးတင် တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏။ 7
ဖာရိရှဲတို့ကလည်း၊ ထိုသို့မှန်လျှင် ဖြတ်စာကိုပေး၍ မယားနှင့်ကွာစေခြင်းငှာ မောရှေသည် အဘယ် ကြောင့်စီရင်သနည်းဟု
လျှောက်ကြသော်၊ 8 ကိုယ်တော်က၊ သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကို မောရှေသည် စီရင် ၏၊
အစအဦး၌ ထိုသို့မဟုတ်။ 9 ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာ၍
အခြားသောမိန်းမနှင့်စုံဘက်သောသူသည် မိမိမယားကိုပြစ်မှား၏။ ကွာသောမိန်းမနှင့်စုံဘက်သောသူသည် လည်း
သူ့မယားကိုပြစ်မှားသည်ဟုမိန့်တော်မူ၏။ 10 တပည့်တော်တို့ကလည်း၊ လင်မယားအမှုသည်
ဤသို့ဖြစ်လျှင်စုံဘက်ခြင်းကိုမပြုကောင်းပါဟု လျှောက် ကြ၏။ 11 ကိုယ်တော်ကလည်း၊ ထိုစကားကို လူတိုင်းမခံမယူနိုင်။
အခွင့်ရသောသူတို့သာ ခံယူနိုင်ကြ၏။ 12 လူအချို့တို့သည် အမိဝမ်းတွင်းကပင် မိန်းမလျှာဖြစ်ကြ၏။ အချို့တို့သည် သူတပါးဆုံးမ၍
မိန်းမလျှာ ဖြစ်ကြ၏။ အချို့တို့သည် ကောင်းကင်နိုင်ငံတော်အဘို့အလို့ငှာ မိမိကိုယ်ကိုဆုံးမ၍ မိန်းမလျှာဖြစ်ကြ၏။ ထို စကားကို
ခံယူနိုင်သောသူသည် ခံယူစေဟုမိန့်တော်မူ၏။ 13 ထိုအခါ သူငယ်တို့အပေါ်မှာ လက်တော်ကိုတင်၍ မေတ္တာပို့တော်မူစေခြင်းငှာ
အထံတော်သို့ဆောင်ခဲ့ သည်ဖြစ်၍ တပည့်တော်တို့သည် အပြစ်တင်ကြ၏။ 14 ယေရှုကလည်း၊ ထိုသူငယ်တို့ကို ရှိစေတော့။
ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံ တော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သည်ဟု မိန့်တော်မူ၍၊ 15
သူငယ်တို့အပေါ်မှာ လက်တော်ကိုတင်ပြီးလျှင်၊ ထိုအရပ်မှ ကြွသွားတော်မူ၏။ 16 ထိုနောက်လူတယောက်သည် ချဉ်းကပ်၍၊
ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို ရအံ့သောငှာ အကျွန်ုပ်သည် အဘယ်ကောင်းမှုကို ပြုရပါမည်နည်းဟု မေးလျှောက်သော်၊
17 ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်းမြတ် တော်မူ၏။ အသက်ရှင်ခြင်းသို့
ဝင်စားလိုလျှင်ပညတ်တော်တို့ကို စောင့်ရှောက်လော့ဟု မိန့်တော်မူ၏။ 18 အဘယ်ပညတ်တို့ကို စောင့်ရှောက်ရမည်နည်းဟု
လျှောက်ပြန်သော်၊ လူအသက်ကိုမသတ်နှင့်။ သူ့ မယားကို မပြစ်မှားနှင့်။ သူ့ဥစ္စာကို မခိုးနှင့်။ မမှန်သောသက်သေကို မခံနှင့်။ 19
မိဘကိုရိုသေစွာပြုလော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟု မိန့်တော်မူ၏။ 20 ထိုလုလင်ကလည်း၊
ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့်လိုသေးသနည်းဟု
လျှောက်ပြန်လေ၏။ 21 ယေရှုကလည်း၊ သင်သည်စုံလင်ခြင်းသို့ ရောက်လိုလျှင်သွားလော့။ ကိုယ်ဥစ္စာများကိုရောင်း၍ ဆင်းရဲ
သောသူတို့အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့ လိုက် လော့ဟု မိန့်တော်မူ၏။
22 ထိုလုလင်သည် များစွာသောဥစ္စာကို ရတတ်သောသူဖြစ်၍၊ ထိုစကားကိုကြားလျှင် စိတ်မသာသည်နှင့် သွားလေ၏။ 23
ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ငွေရတတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ခဲလှ ၏။ 24 တဖန် ငါဆိုသည်ကား၊
ကုလားအုပ်သည် အပ်နဖါးကိုလျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရား သခင်၏နိုင်ငံတော်သို့ ဝင်ခဲသည်ဟု
တပည့်တော်တို့အားမိန့်တော်မူ၏။ 25 ထိုသူတို့သည်ကြားလျှင် အလွန်မိန်းမောတွေဝေခြင်းရှိ၍၊ သို့ဖြစ်လျှင် အဘယ်သူသည်
ကယ်တင် တော်မူခြင်းသို့ ရောက်နိုင်မည့်နည်းဟု ပြောဆိုကြ၏။ 26 ယေရှုသည်လည်း သူတို့ကိုကြည့်ရှု၍ ဤအမှုကိုလူမတတ်နိုင်။
သို့သော်လည်း ဘုရားသခင်သည် ခပ် သိမ်းသော အမှုတို့ကို တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။ 27 ထိုအခါ ပေတရုက၊
အကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်ပစ်၍ ကိုယ်တော်နောက်သို့လိုက်ကြပါပြီ။ အဘယ် အကျိုးကို ရကြပါမည်နည်းဟု လျှောက်လေသော်၊
28 ယေရှုက၊ ငါအမှန်ဆိုသည်ကား၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူ့သားသည် ဘုန်းရှိသော
ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအခါ၊ ငါ့နောက်သို့လိုက်ကြသောသင်တို့သည် တဆယ်နှစ်ခု သော ပလ္လင်ပေါ်မှာထိုင်လျက်၊
ဣသရေလ လူတဆယ်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့။ 29 အကြင်သူသည် ငါ၏နာမကြောင့် အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊
သားမယားတည်းဟူသော တပါး ပါးကိုစွန့်၏။ ထိုသူသည် အဆတရာသောအကျိုးကိုရ၍ ထာဝရအသက်ကို အမွေခံရလတံ့။ 30
နောက်ကျသောသူအများတို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျသောသူအများတို့သည် နောက်ကျ ကြလိမ့်မည်။

---

### Matthew 19:1

ယေဘုယျအချက်အလက်
ယေရှုက ယုဒပြည်၌ သာသနာလုပ်သည့်အကြောင်း 22:45 ထိပါသည့် ဇာတ်လမ်းအကြောင်းကို ဤအပိုဒ်၌ အစပြုသည်။

ယေဘုယျအချက်အလက်
ယေရှုမည်ကဲ့သို့ ယုဒပြည်ကို လာသည့်အကြောင်း ဤအပိုဒ်က ပြောပြသည်။

ထို့နောက်
ယေရှု၏ သင်ကြားမှုမှ အခြားသို့ ကူးသွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်၊ ပြီးနောက်"

 generated on Tue Mar 12 16:35:02 2024

ဤစကားလုံးများကို ပြီးစီးသည်
"စကားလုံးများ" သည် ယေရှု သင်ကြားသည့် အရာကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်ကြားမှု ပြီးစီးသည်"

ထွက်လာသည်
"လမ်းလျှောက်ထွက်သည်" သို့မဟုတ် "ထွက်သွားသည်"

**Matthew 19:3**

ဆက်စပ်မှုဖော်ပြချက်
လက်ထပ်ခြင်းနှင့် ကွာစဲခြင်းအကြောင်းကို ယေရှုက စသင်ကြားပေးနေသည်။

သူ့ဆီလာပါ
"ယေရှုထံ လာပါ"

သူ့ကိုစမ်းသပ်သည်၊ သူ့ကိုပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို မေးခြင်းဖြင့် သူ့ကို စိန်ခေါ်ပါ"

အစအဦး၌ဖန်ဆင်းတော်မူသောသူသည် ယောကျ်ားနှင့်မိန်းမ နှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏
ဖာရိရှဲများကို တုံ့ပြန်ဖို့ ယေရှုက မေးခွန်းသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အစအဦး၌ ဘုရားသခင်သည် လူများကို ဖန်ဆင်းသည့်အခါ ယောကျ်ားနှင့်မိန်းမကိုသာ ဖန်ဆင်းသည်ကို သင်တို့ ဖတ်ကြမည်ဖြစ်သည်"

**Matthew 19:5**

ယေဘုယျအချက်အလက်
အပိုဒ် (၅) မှာ ကမ္ဘာဦးကျမ်းကို ပြန်ကိုးကားပြီး လင်နှင့်မယားသည် မကွဲကွာသင့်ကြောင်းကို ပြောထားသည်။

သူတို့ကိုပြုလုပ်သည်...ဤအကြောင်းကြောင့်
19:3 ၌ ယေရှုက ဖာရိရှဲများကို ပြန်တုံ့ပြန်သည့်မေးခွန်း၏ အဆက်ဖြစ်သည်။ ဤတိုက်ရိုက်ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်အဖြစ် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပြောသည့်အရာကို သင်လည်း အမှန်သိသည်..."

ဤအချက်ကြောင့်
ကမ္ဘာဦးကျမ်းက အာဒံနှင့်ဧဝတို့ အကြောင်းကို ပြန်ကိုးကားခြင်းဖြစ်သည်။ ယောကျ်ားသည် သူ့မိဘကို စွန့်ရမည့်အကြောင်းရင်းမှာ ဘုရားသခင်က မိန်းမကို ယောကျ်ား၏ အဖော်အတွက် ဖန်ဆင်းခြင်းဖြစ်သည်။

သူ့မယားနှင့်ပေါင်းရန်
"သူ့မယားနှင့် နီးကပ်စွာနေရန်" သို့မဟုတ် "သူ့မယားနှင့်အတူနေရန်"

ထိုသူနှစ် ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်
လင်နှင့်မယားတို့၏ စည်းလုံးမှုကို အလေးနက်ပေးသည့် တင်စားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ " သူတို့သည် တစ်ယောက်ကဲ့သို့ ဖြစ်လာကြသည်"

လင်မယားတို့သည် နှစ်ဦးမဟုတ်တဦးတည်းဖြစ်၏
လင်နှင့်မယားတို့၏ စည်းလုံးမှုကို အလေးနက်ပေးသည့် တင်စားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လင်နှင့်မယားတို့သည် နှစ်ခုမဟုတ်တော့ဘဲ၊ သူတို့သည်တစ်ယောက်ကဲ့သို့ဖြစ်လာကြသည်"

**Matthew 19:7**

သူတို့က သူ့ကိုပြောကြသည်
"ဖာရိရှဲတို့က ယေရှုကို ပြောကြသည်"

ငါတို့ကို မိန့်တော်မူသည်
"ငါတို့ ယုဒလူများကို အမိန့်ပေးသည်"

ကွာရှင်းလက်မှတ်
လက်ထပ်မှု အဆုံးသတ်ကြောင်း တရားဝင်စာရွက်စာတမ်းဖြစ်သည်။

သင့်စိတ်နှလုံးခိုင်မာမှု
"စိတ်ခိုင်မာမှု" သည် ခေါင်းမာမှုကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ခေါင်းမာသည့်အတွက်"

သင့်ခိုင်မာမှု...သင့်ကိုခွင့်ပြုသည်...သင့်မိန်းမ
"သင်တို့" နှင့် "သင်တို့၏" တို့သည် အများကိန်းများဖြစ်ကြသည်။ ယေရှုက ဖာရိရှဲများကို စကားပြောသည်။ သို့သော် ဤမိန့်တော်မူချက်ကို ရှေးကာလ၌ မောရှေက ဘိုးဘေးများကို ပေးထားခဲ့သည့်အရာဖြစ်သည်။ မောရှေ၏ မိန့်တော်မူချက်က ယုဒလူယောကျ်ားအားလုံးအတွက် အကျုံးဝင်သည်။

အစအဦး၌
"အစအဦး" သည် ဘုရားသခင်က ယောကျ်ားနှင့်မိန်းမ စတင်ဖန်ဆင်းသည့်အချိန်ကို ဆိုလိုသည်။

သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

တခြားသူကိုလက်ထပ်သူ
နားလည်ထားသည့်အရာကို ရှင်းလင်းစွာရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တခြားမိန်းမကို လက်ထပ်သည်"

လင်ကွဲပြီးသောမိန်းမအား လက်ထပ်သောယောကျ်ားသည် ပြစ်မှားသည်
တစ်ခြား ပြန်ဆိုမှုများတွင် ရှေ့က စာလုံးများ မပါဝင်ပါ။

**Matthew 19:10**

ခွင့်ပြုချက်ရထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ခွင့်ပြုသောသူများ"

သူတို့အမေဝမ်းဗိုက်မှ မိန်းမလျှာများအဖြစ်မွေးလာသူများ
မြုပ်ထားသည့်အရာကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောကျ်ားများ လက်မထပ်သည့်အကြောင်းရင်းများစွာ ရှိသည်။ ဥပမာ- မိန်းမလျှာများအဖြစ်မွေးလာသည့် ယောကျ်ားများ"

လူများက မိန်းမလျှာအဖြစ် လုပ်ကြသည့် မိန်းမလျှာများ
အခြားသောဘာသာပြန်ဆိုချက်၊ "တခြားလူများက မိန်းမလျှာများအဖြစ် လုပ်ကြသည့် မိန်းမလျှာများ"

မိန်းမလျာများ သူတို့ကိုသူတို့ မိန်းမလျာဖြစ်စေသူများ
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

ကောင်းကင်နိုင်ငံတော်အတွက်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်စိုးသည့်အချိန်ကိုဆိုလိုသည်။ ဤအသုံးနှုန်းကို မသဲတွင်သာတွေ့နိုင်သည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကောင်းကင်ဘုံ ဘုရားသခင်ကို ကောင်းစွာ အမှုဆောင်ကြရန်"

ဤသင်ကြားချက်ကို လက်ခံပါ...လက်ခံပါ
"ဤသင်ကြားချက်ကိုလက်ခံပါ...၎င်းကို လက်ခံပါ"

**Matthew 19:13**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကလေးငယ်များကို လက်ခံပြီး ကောင်းကြီးပေးသည်။

ကလေးတချို့ကို သူ့ဆီခေါ်သွားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတချို့က ကလေးများကို ယေရှုထံ ခေါ်လာကြသည်"

ခွင့်ပြုသည်
"ဝင်ခွင့်ပြုသည်"

ငါ့ထံလာမည်သူများကို မတားဆီးကြနှင့်
"ငါ့ထံလာသူများကို မရပ်တန့်စေနှင့်"

ကောင်းကင်နိုင်ငံတော်သည် ထိုသူများနှင့်သာဆိုင်သည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်စိုးသည့်အချိန်ကိုဆိုလိုသည်။ ဤအသုံးနှုန်းကို မသဲတွင်သာတွေ့နိုင်သည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့၏ ကောင်းကင်ဘုံအဘက မြေကြီးပေါ်မှာ သူ့အုပ်စိုးမှုတည်ထောင်လာသည့်အခါ၊ ထိုသို့သောသူများကို ဘုရင်အဖြစ်အုပ်ချုပ်မည်" သို့မဟုတ် "ဘုရားသခင်က ထိုသို့သောသူမျိုးကို နိုင်ငံတော်သို့ ဝင်ခွင့်ပြုမည်"

ထိုအရာနှင့်သက်ဆိုင်သည်
"ကလေးများနှင့် သက်ဆိုင်သူများ" ကလေးများ ကဲ့သို့နှိမ့်ချသူများသာ ဘုရားသခင်နိုင်ငံတော်ကို ဝင်ကြမည့်အကြောင်းကို တင်စားသည့် ဥပမာဖြစ်သည်။

**Matthew 19:16**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူဌေးကြီးအား သူ့နောက်လိုက်ဖြစ်ခြင်းကြောင့် ကုန်ကျမည့်အရာများ ရှင်းပြဖြစ်သည်။

ကြည့်ပါ
"ကြည့်ပါ" သည် ဇာတ်လမ်းတွင် လူသစ်ဝင်လာသည်ကို အချက်ပြသည်။ သင့်ဘာသာစကားတွင် ထိုသို့ သုံးနိုင်သည်။

ကောင်းသည့်အရာ
ဘုရားသခင်က စိတ်ကျေနပ်စေသည့်အရာကို ဆိုလိုသည်။

မည်သည့်အရာကောင်းသည်ဟု ငါ့ကိုဘာ့ကြောင့်မေးသနည်း။
ယေရှုက လူကို တုံ့ပြန်သည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းသည့်အရာကို ငါ့အားသင်က မမေးသင့်ပါ"

တစ်ယောက်သာကောင်းသည်
"ဘုရားသခင် တစ်ပါးတည်းသာ ကောင်းသည်"

အသက်ရရန်
"ထာဝရ အသက်ရရန်"

**Matthew 19:18**

သင့်အိမ်နီးနားကိုချစ်ပါ
ယုဒလူများက သူတို့အိမ်နီးနားများသည် ယုဒလူများသာဖြစ်ကြသည်ဟု ထင်ကြသည်။ ယေရှုက ၎င်း၏ ဆိုလိုချက်မှာ လူသားအားလုံးဖြစ်ကြောင်း အကျယ်ချဲ့ရှင်းပြသည်။

**Matthew 19:20**

သင်အလိုရှိလျှင်
"သင်လိုချင်လျှင်"

ဆင်းရဲသားများဆီသို့
အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲသော သူများ"

ကောင်းကင်၌ဘဏ္ဍာရမည်
"ကောင်းကင်ဘဏ္ဍာ" သည် ဘုရားပေးမည့် ဆုလဒ်ကိုဆို လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ကောင်းကင်ဘုံ၌ သင့်ကို ဆုချမည်"

**Matthew 19:23**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား သူ့နောက်လိုက်လျှင် မိမိစည်းစိမ်ဥစ္စာများနှင့် မိမိနှင့်သက်ဆိုင်သည့်အရာများ စွန့်လွှတ်ရမည်အကြောင်း ပြောပြထားသည်။

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

ကောင်းကင်နိုင်ငံတော်ကိုဝင်ရန်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးသည့်အချိန်ကို ဆိုလိုသည်။ ဤအသုံးနှုန်းကို မသဲတွင်သာ တွေ့နိုင်သည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့၏ ကောင်းကင်ဘုံဘုရားကို ရှင်ဘုရင်အဖြစ်လက်ခံရန်" သို့မဟုတ် "ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရန်"

ပိုလွယ်သည်...ဘုရားသခင်၏နိုင်ငံတော်
ချမ်းသာသည့်လူများ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရန်မှာ အလွန်ခက်ခဲကြောင်းကို ယေရှုက တင်စားချက်ဖြင့် အလေးအနက် ပေးထားသည်။

အပ်နဖား
အပ်ချည်ထည့်သည့် အပ်၏ အပေါက်

### Matthew 19:25

အလွန်မိန်းမောတွေဝေခြင်းရှိ၍
"တပည့်တော်များသည် အံ့သြကြသည်" ချမ်းသာခြင်းက ဘုရားသခင်သည် တစ်စုံတစ်ယောက်ကို အသိအမှတ်ပြုသည်ခြင်းဟု သူတို့ယုံကြည်ထားသည့်အတွက်ဖြစ်သည်"

မည်သူက ကယ်တင်ခြင်းရမည်နည်း။
တပည့်တော်များက သူတို့အံ့သြသည်ကို မေးခွန်းဖြင့် အလေးနက်ပေးထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ကယ်တင်မည့်သူ မည်သူမျှ မရှိ" သို့မဟုတ် "ထာဝရအသက်ကို ရမည့်သူ မည်သူမျှမရှိ"

ငါတို့ချန်ထားရသည်
"ငါတို့၏ ချမ်းသာမှုများကို ချန်ထားရမည်" သို့မဟုတ် "ငါတို့ ပိုင်ဆိုင်မှုအားလုံးကို ပေးထားရမည်"

ငါတို့ဘာဖြစ်မည်
"မည်သည့်ကောင်းသည့်အရာကို ဘုရားက ငါတို့အား ပေးမည်နည်း။"

### Matthew 19:28

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရား ပြောသည်" ယေရှုပြောသည့်အရာကို အလေးအနက်ပေးသည်။

အသစ်သောကာလ
"အသစ်သောအချိန်" ဘုရားသခင်က အရာအားလုံး မူလအခြေနေသို့ ပြန်ရောက်သည့်အချိန်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အရာအားလုံးကို ဘုရားသခင်က အသစ် ပြန်လုပ်သည့်အချိန်"

လူသား
ယေရှုက သူ့ကိုယ်သူ ရည်ညွှန်းခြင်းဖြစ်သည်။

သူ၏ဘုန်းကြီးသောနန်းတော်တွင်ထိုင်လျက်
သူ့နန်းတော်တွင်ထိုင်ခြင်းက ဘုရင်အဖြစ်အုပ်ချုပ်သည်ကိုဆိုလိုသည်။ ဘုန်းကြီးသော သူ့နန်းတော်သည် ဘုန်း ကြီးစွာဖြင့် သူ့အုပ်ချုပ်မှုဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ၏ ဘုန်းကြီးသော နန်းတော်တွင် ဘုရင်ကဲ့သို့ ထိုင်လျက်" သို့မဟုတ် "ရှင်ဘုရင်ကဲ့သို့ ဘုန်းကြီးစွာအုပ်ချုပ်လျက်"

နန်းတော်ဆယ့်နှစ်ပါးပေါ်မှာထိုင်သည်
"နန်းတော်" သည် ဘုရင်အုပ်ချုပ်သည်ကို ဆိုလိုသည်။ တပည့်တော်များသည် နန်းတော်ပေါ်ထိုင်သည့် ယေရှုနှင့် တန်းတူနိုင်ကြမည် မဟုတ်ပါ။ သူ့ထံမှ အာဏာကိုသာ ရရှိကြမည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်ကဲ့သို့ နန်းတော် (၁၂) ပါးတွင် ထိုင်သည်"

ဣသရေလလူမျိုး ဆယ့်နှစ်ပါး
"လူမျိုး" သည် ထိုလူမျိုးများမှ လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူမျိုး ဆယ့်နှစ်ပါးမှ လူများ"

### Matthew 19:29

ငါ့နာမအတွက်
"နာမ" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကြောင့်" သို့မဟုတ် "ငါ့ကိုသူကယုံကြည်သောကြောင့်"

အဆ တစ်ရာရရှိမည်
"သင်ပေးသည့်ကောင်းသည့်အရာများထက် ဘုရားသခင်ထံမှ အဆ တစ်ရာပြန်ရရှိမည်"

ထာဝရအသက်အမွေခံမည်
"ဘုရားသခင်က ထာဝရအသက်နှင့် ကောင်းကြီးပေးမည်" သို့မဟုတ် "ဘုရားသခင်က သူတို့ကို ထာဝရအသက်ရှင်စေမည်" ကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။

နောက်ကျသောသူများအရင်ကျကြလိမ့်မည်။ အရင်ကျသောသူများ နောက်ကျကြလိမ့်မည်။
ယေရှုက ယခုခေတ်ကို လာမည့်ခေတ်နှင့် နှိုင်းယှဉ်ထားသည်။ ယခုအရေးကြီးသောသူများ၊ ဘုရားသခင်က သူ့နိုင်ငံတော်ကို မြေကြီးပေါ်မှာတည်ထောင်လာသည့်အခါ အရေးမကြီးသောသူများအဖြစ် ယူဆမည်။ ယခုအရေးမကြီးသော သူများသည်၊ ဘုရားသခင်က သူ့နိုင်ငံတော်တည်ထောင်လာသည့်အခါ အရေးကြီးသူများအဖြစ် သတ်မှတ်မည်။

---

## Translation Questions

### Matthew 19:3

စုံစမ်းရန်အလို့ငှာဖါရိရှဲတို့သည် ယေရှုအား မည်သည့်အရာကိုမေးမြန်းသနည်း။
လူသည်ခပ်သိမ်းသောအပြစ်ကြောင့်မိမိမယားနှင့်ကွာရှင်းအပ်သလော ဟု ဖါရိရှဲတို့က ယေရှုကိုစုံစမ်းမေးမြန်းပါသည်။

ယေရှုက အစအဦး၌ မည်သည့်အရာကိုဖန်ဆင်းသည်ဟုပြောသနည်း။
ယေရှုက အစအဦး၌ ဘုရားသခင်သည် လူယောက်ျားနှင့်လူမိန်းမကို ဖန်ဆင်းသည်ဟုပြောပါသည်။

### Matthew 19:5

ဘုရားသခင်သည် လူယောက်ျားနှင့်လူမိန်းမကိုဖန်ဆင်းပြီး၊ လူယောက်ျားအားမည်သို့ ပြုမူရမည်ဟု ယေရှု ပြောသနည်း။
ယေရှုကလူယောက်ျားသည်ကိုယ်မိဘကိုစွန့်၍ ဇနီးနှင့်ပေါင်းဖက်ရမည်ဟုပြောပါသည်။

ယေရှုက ယောက်ျားနှင့်မိန်းမ စုံဖက်သည့်အခါ မည်သို့ဖြစ်မည်ဟု ပြောသနည်း။
ယေရှုက ယောက်ျားသည်မိန်းမနှင့်စုံဖက်သဖြင့် သူတို့နှစ်ယောက်သည်တသားတကိုယ်တည်းဖြစ်သည်ဟု ပြောပါသည်။

ဘုရားသခင်စုံဖက်သော အိမ်ထောင်တွင်လူယောကျာ်းသည် မည်သို့မလုပ်ရန် ယေရှုက ပြောသနည်း။
ယေရှုကဘုရားသခင်စုံဖက်သောအိမ်ထောင်ကို လူတို့မခွဲမခွါစေရန်ပြောပါသည်။

**Matthew 19:7**

လင်မယားကွာရှင်းခွင့်ကို မည်သည့်အတွက်ကြောင့် မောရှေကစီရင်ထားခြင်းဖြစ်သည်ဟု ယေရှုကပြောသနည်း။
ယုဒလူမျိုးတို့၏စိတ်နှလုံးခိုင်မာသောကြောင့်လင်မယားကွာရှင်းခွင့်ကိုမောရှေကစီရင်ထားခြင်းဖြစ်သည်ဟုယေရှုကပြောပါသည်။

မည်သူသည်ပြစ်မှားသူဖြစ်သည်ဟု ယေရှုကပြောသနည်း။
ယေရှုကမှားယွင်းခြင်းအမှုမှလွဲ၍ အခြားအကြောင်းဖြင့်မိမိဇနီးနှင့်ကွာရှင်းပြီးအခြားမိန်းမကိုယူလျှင်ထိုသူသည်မိမိဇနီးကိုပြစ်မှားသူဖြစ်ပါသည်။ ထို့အတူလင်မယားကွာထားသောမိန်းမကိုယူသူသည်လည်းသူများဇနီးကိုပြစ်မှားသူဖြစ်သည်ဟုယေရှုကပြောပါသည်။

**Matthew 19:10**

မည်သူသည်မိန်းမလျာဖြစ်သည်ကိုလက်ခံနိုင်သည်ဟုယေရှုကပြောသနည်း။
ယေရှုက အမိဝမ်းတွင်းကပင်ဖြစ်လာသည်ဖြစ်စေ၊ သူတပါးဆုံးမ၍ဖြစ်စေ၊ မိမိကိုယ်ကို ဆုံးမ၍ဖြစ်စေ မိန်းမလျာဖြစ်သည်ကိုလက်ခံနိုင်သောသူသည် လက်ခံပါစေဟုပြောပါသည်။

**Matthew 19:13**

ကလေးသူငယ်များကို ယေရှုထံတော်သို့ ခေါ်ဆောင်လာသောအခါ တပည့်တော်တို့ဘာလုပ်ကြသနည်း။
ကလေးသူငယ်များကို ယေရှုထံတော်သို့ ခေါ်ဆောင်လာသောခါ တပည့်တော်တို့သည် အပြစ်တင်ကြပါသည်။

ယေရှုက ကလေးသူငယ်များကိုမြင်သောအခါ ဘာပြောသနည်း။
ယေရှုက ကလေးသူငယ်များကို ငါ့ထံသို့လာရန်မဆီးတားကြရန်နှင့် ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်ဟု ပြောပါသည်။

**Matthew 19:16**

ထာဝရအသက်ကိုရရန် အဘယ်သို့ပြုရမည်နည်းဟုမေးသောလူငယ်အား ယေရှုကမည်သို့ပြောသနည်း။
ထာဝရအသက်ကိုရရန် ဘာလုပ်ရမည်နည်းဟု မေးသောလူငယ်အားယေရှုကပညတ်တော်တို့ကိုစောင့်ရှောက်ပါဟုပြောပါသည်။

**Matthew 19:20**

လူငယ်ကမိမိသည် ပညတ်တော်များကိုစောင့်ရှောက်ပါသည်ဟုပြောသောအခါ ယေရှုကလူငယ်အား မည်သည့်အလုပ်ဆက်လုပ်ရန်ပြောသနည်း။
လူငယ်က မိမိသည်ပညတ်တော်များကို စောင့်ရှောက်ပါသည်ဟုပြောသောအခါ ယေရှုက သင်၏စည်းစိမ်ဥစ္စာများကိုရောင်းချ၍ ဆင်းရဲသားများကိုပေးပါဟု ပြောပါသည်။

ယေရှုကသူ၌ရှိသောစည်းစိမ်များကိုရောင်းချရန်မိန့်တော်မူသောအခါ လူငယ်ကမည်သို့ တုံ့ပြန်သနည်း။
လူငယ်သည်များစွာသောစည်းစိမ်ဥစ္စာတို့ကိုရတတ်သောသူဖြစ်သောကြောင့် စိတ်မကောင်းစွာဖြင့်အဝေးသို့ထွက်ခွါသွားပါသည်။

**Matthew 19:25**

ယေရှုက ချမ်းသာသောသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်ခဲသည်ဟု အဘယ်ကြောင့်ပြောသနည်း။
ယေရှုကထိုအမှုအရာကိုလူတို့မတတ်နိုင်၊ သို့သော်လည်းဘုရားသခင်သည် ခပ်သိမ်းသောအမှုအရာ အလုံးစုံကိုတတ်နိုင်သည်ဟု ပြောပါသည်။

**Matthew 19:28**

ယေရှုက သူ့နောက်သို့လိုက်သော တပည့်တော်များအားမည်သည့်ဆုကျေးဇူးရမည်ဟု ပြောသနည်း။
ယေရှုက အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ သူ့နောက်သို့လိုက်သော တပည့်တော်များအား ပလ္လင်တဆယ့်နှစ်ခုပေါ်မှာ ထိုင်လျက် ဣသရေလလူ တဆယ့်နှစ်မျိုးကိုစစ်ကြောရသောအခွင့် ပေးမည်ဟုပြောပါသည်။

**Matthew 19:29**

ယေရှုက အရင်ကျသောသူနှင့်နောက်ကျသောသူတို့အတွက် မည်သို့ပြောသနည်း။
ယေရှုကအရင်ကျသောသူတို့သည် နောက်ကျကြ၍ ၊ နောက်ကျသောသူတို့သည် အရင်ကျကြလိမ့်မည်ဟုပြောပါသည်။

---

## Chapter 20

1 ဥပမာကား၊ ကောင်းကင်နိုင်ငံတော်သည် စပျစ်ဥယျာဉ်ကို လုပ်ဆောင်သောသူတို့ကို ငှါးခြင်းငှါ နံနက် စောစောထွက်သွားသော
အိမ်ရှင်နှင့်တူ၏။ 2 ထိုသူသည် တနေ့လျှင် ဒေနာရိတပြားစီပေးမည်ဟူ၍ လုပ်ဆောင်သောသူတို့နှင့် ဝန်ခံပြီးမှ စပျစ် ဥယျာဉ်သို့
စေလွှတ်လေ၏။ 3 နံနက်တချက်တီးအချိန်၌ ထွက်ပြန်လျှင်၊ အခြားသောသူတို့သည် အလုပ်ကိုမလုပ်၊ ဈေး၌ရပ်နေသည် ကို မြင်၍၊ 4
သင်တို့လည်း ငါ့စပျစ်ဥယျာဉ်သို့သွားကြ။ တော်လျော်စွာ ငါပေးမည်ဟုဆိုလျှင် ထိုသူတို့သည် သွားကြ ၏။ 5 တဖန်
နှစ်ချက်တီးအချိန်၊ တဖန် သုံးချက်တီးအချိန်၌ ထွက်၍ရှေ့နည်းအတူပြုလေ၏။ 6 ဆယ်တနာရီအချိန်၌လည်း ထွက်ပြန်လျှင်
အခြားသောသူတို့သည် အလုပ်ကိုမလုပ်၊ ရပ်နေသည်ကို တွေ့၍၊ သင်တို့သည် တနေ့လုံးအလုပ်ကိုမလုပ်ဘဲ ဤအရပ်၌
အဘယ်ကြောင့်နေကြသနည်းဟုမေးသော်၊ 7 ထိုသူတို့က၊ ကျွန်တော်တို့ကိုအဘယ်သူမျှ မငှါးပါဟု ပြောဆိုကြလျှင်၊ သင်တို့လည်း
ငါ့စပျစ်ဥယျာဉ်သို့ သွားကြသော် လျော်စွာရကြလိမ့်မည်ဟု ဆိုလေ၏။ 8 ညအချိန် ရောက်သောအခါ စပျစ်ဥယျာဉ်ရှင်က
လုပ်ဆောင်သော သူတို့ကိုခေါ်ခဲ့လော့။ နောက်ဝင် သောသူမှစ၍ အရင်အဦးဝင်သောသူတိုင်အောင် အခကိုပေးလော့ဟု
မိမိစာရေးကိုမှာလိုက်လေ၏။ 9 ထို့ကြောင့် ဆယ်တနာရီအချိန်၌ ဝင်သောသူတို့သည်လာ၍ ဒေနာရိတပြားစီ ခံကြ၏။ 10
အရင်ဝင်သောသူတို့သည် လာကြသောအခါ ငါတို့သည်သာ၍ရမည်ဟု စိတ်ထဲမှာထင်မှတ်သော် လည်း ဒေနာရိတပြားစီ ခံရကြ၏။ 11
ထိုသို့ခံပြီးလျှင် အိမ်ရှင်ကို ကဲ့ရဲ့ပြစ်တင်၍၊ 12 နောက်ဝင်သောသူတို့သည် တနာရီခန့်မျှသာ လုပ်ဆောင်သော်လည်း၊
တနေ့လုံးအမှုဝန်ကို ထမ်းရွက် ၍ နေပူဆင်းရဲခံရသော အကျွန်ုပ်တို့နှင့်အညီအမျှ ကိုယ်တော်စီရင်ပါပြီတကားဟု ဆိုကြ၏။ 13
အိမ်ရှင်ကလည်းအဆွေ၊ သင်၌ မတရားသောအမှုကိုငါမပြု။ ဒေနာရိတပြားကိုအမှတ်ပြု၍ သင်သည် ငါနှင့်ဝန်ခံသည်မဟုတ်လော။
14 သင်၏ဥစ္စာကို ယူ၍သွားလော့။ နောက်ဝင်သောသူတို့အား သင်နှင့်အညီအမျှပေးခြင်းငှါ ငါအလိုရှိ၏။ 15 ငါသည် ကိုယ်ဥစ္စာကို
ပြုလိုသမျှမပြုရသလော။ ငါ့သဘောကောင်းသောကြောင့် သင်သည် မျက်မုန်း ကြိုးရသလောဟု ဆိုလေ၏။ 16 ထိုနည်းတူ
နောက်ကျသောသူတို့သည် အရင်ကျကြလိမ့်မည်။ အရင်ကျသောသူတို့သည် နောက်ကျ ကြလိမ့်မည်။
ခေါ်တော်မူသောသူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်ဟု မိန့်တော်မူ၏။ 17 ယေရှုသည် ယေရုရှလင်မြို့သို့
တက်ကြွတော်မူစဉ်၊ လမ်းခရီး၌ တကျိပ်နှစ်ပါးသော တပည့်တော်တို့ကို ဆိတ်ကွယ်ရာအရပ်သို့ခေါ်၍၊ 18 ငါတို့သည်
ယေရုရှလင်မြို့သို့ ယခုသွားကြ၏။ လူသားသည် ယဇ်ပုရောဟိတ် အ ကြီး၊ ကျမ်းပြုဆရာတို့လက်သို့ ရောက်လိမ့်မည်။ ထိုသူတို့သည်
သေပြစ်ကို စီရင်ကြလိမ့်မည်။ 19 လူသားအား ပြက်ယယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ပြုစေခြင်းငှါ
တ ပါးအမျိုးသားတို့လက်သို့ အပ်နှံကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟု မိန့်တော်မူ၏။ 20 ထိုအခါ
ဇေဗေဒဲ၏သားတို့အမိသည် သားတို့နှင့်အတူ အထံတော်သို့ချဉ်း၍ ပြပ်ဝပ်လျက်ဆုကျေးဇူး ကို တောင်းပန်လေ၏။ ကိုယ်တော်က
သင်သည် အဘယ်ဆုကျေးဇူးကို အလိုရှိသနည်းဟု မေးတော်မူပါသော်၊ 21 ကိုယ်တော်၏နိုင်ငံတွင် ကျွန်မ၌
ဤသားနှစ်ယောက်တို့သည် လက်ျာတော်ဘက်၌တယောက်၊ လက်ဝဲ တော်ဘက်၌တယောက် ထိုင်ရသောအခွင့်ကိုပေးတော်မူပါဟု
လျှောက်လေ၏။ 22 ယေရှုကလည်း၊ သင်တို့သည် အဘယ်သို့တောင်းပန်သည်ကို သင်တို့မသိကြ။ ငါသောက်ရအံ့သော ခွက်ကို
သောက်ခြင်းငှါ၎င်း၊ ငါခံသောဗတ္တိဇံကိုခံခြင်းငှါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင်သလောဟု မေးတော်မူ လျှင်၊ အကျွန်ုပ်တို့သည်
တတ်စွမ်းနိုင်ပါ၏ဟု လျှောက်ကြသော်၊ 23 ငါ၏ခွက်ကို သင်တို့သည်သောက်ရကြလိမ့်မည်။ ငါခံသော ဗတ္တိဇံကိုလည်း
သင်တို့သည်ခံရကြ လိမ့် မည်။ သို့သော်လည်း ငါ၏လက်ျာဘက်၊ လက်ဝဲဘက်မှာထိုင်ရသောအခွင့်ကိုကား အကြင်သူတို့အဘို့
အလို့ငှါ ငါ့ခမည်းတော်သည် ပြင်ဆင်၏။ ထိုသူတို့အားသာ ငါပေးပိုင်သည်ဟု မိန့်တော်မူ၏။ 24
အခြားသောတပည့်တော်တကျိပ်တို့သည် ကြားသိလျှင်၊ ထိုညီအစ်ကိုနှစ်ယောက်တို့ကို အမျက်ထွက် ကြ၏။ 25 ယေရှုသည်
ထိုသူတို့ကိုခေါ်တော်မူ၍၊ သင်တို့ သိသည်အတိုင်း လောကီမင်းတို့သည်အစိုးတရ ပြု တတ်ကြ၏။ 26 အကဲအမှူးတို့သည်
အာဏာထားတတ်ကြ၏။ 27 သင်တို့မူကား ထိုသို့မပြုကြနှင့်။ လူသားသည် သူတပါးကိုစေစားခြင်းငှါမလာ၊ 28 သူတပါးအစေကို
ခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင်အကဲအမှူးပြုလိုသောသူကို
သင်တို့အစေခံဖြစ်စေ။ သင်တို့တွင်အထွဋ်အမြတ် လုပ်ချင် သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏။ 29 ယေရိခေါ်မြို့မှ
ထွက်သွားကြစဉ်တွင် လူများအပေါင်းတို့သည် နောက်တော်သို့လိုက်ကြ၏။ 30 ယေရှုသည် ကြွသွားတော်မူကြောင်းကို
လမ်းနားမှာထိုင်နေသော လူကန်းနှစ်ယောက်တို့သည် ကြားရ လျှင်၊ ဒါဝိဒ်၏သားတော်အရှင်၊ အကျွန်ုပ်တို့ကို
ကယ်မသနားတော်မူပါဟု ဟစ်ကြော်လေ၏။ 31 ထိုသူတို့ကို တိတ်ဆိတ်စွာနေစေခြင်းငှါ လူအစုအဝေးတို့သည်ငေါက်၍
ဆိုကြသော်လည်း၊ ဒါဝိဒ်၏ သားတော်အရှင်၊ အကျွန်ုပ်တို့ကို ကယ်မသနားတော်မူပါဟု သာ၍ဟစ်ကြော်ကြ၏။ 32 ယေရှုသည်လည်း
ရပ်တော်မူလျက် ထိုသူတို့ကိုခေါ်၍ သင်တို့၌အဘယ်သို့ ပြုစေလိုသနည်းဟု မေး တော်မူလျှင်၊ 33 သခင်၊ အကျွန်ုပ်တို့ မျက်စိကို
ပွင့်လင်းစေခြင်းငှါ ပြုတော်မူပါဟု လျှောက်ကြသော်၊ 34 ယေရှုသည် သနားခြင်းစိတ်တော်ရှိ၍ သူတို့မျက်စိကို လက်နှင့်တို့တော်မူ၏။
ထိုခဏခြင်းတွင် ထိုသူ တို့သည် မျက်စိမြင်၍ နောက်တော်သို့လိုက်ကြ၏။

**Matthew 20:1**

ဆက်စပ်မှုဖော်ပြချက်
ဘုရားသခင်က ကောင်းကင်နိုင်ငံတော်နှင့် သက်ဆိုင်သူများကို မည်ကဲ့သို့ ဆုပေးမည်ကို မြေပိုင်ရှင်ကအလုပ်သမားများ ငှားသည့် ပုံဥပမာဖြင့် ယေရှုက သရုပ်ဖော်ထားသည်။

ကောင်းကင်နိုင်ငံတော်သည် ဆင်တူသည်
ပုံဥပမာ၏အစဖြစ်သည်။ ပုံဥပမာ၏ နိဒါန်းကို 13:24 တွင် သင်မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

သူသဘောတူပြီးနောက်
"မြေပိုင်ရှင်က သဘောတူပြီးနောက်"

ဒေနာရိတစ်ပြား
"တစ်ရက် လုပ်အားခ"

သူ့စပျစ်ဥယျာဉ်သို့ သူတို့ကိုပို့သည်
"သူ့စပျစ်ဥယျာဉ်သို့ အလုပ်လုပ်ဖို့ရန် သူတို့ကို ပို့သည်"

**Matthew 20:3**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာအကြောင်းကို ဆက်၍ ပြောပြသည်။

ထွက်ပြန်လျှင်
"မြေပိုင်ရှင်က နောက်ထပ်သွားသည်"

တတိယနာရီ
တတိယနာရီသည် မနက်ကိုးနာရီလောက် ဖြစ်သည်။

ဈေး၌ရပ်နေသည်
"ဘာမှမလုပ်ဘဲ ဈေး၌ ရပ်နေသည်" သို့မဟုတ် "အလုပ်မရှိဘဲ ဈေး၌ ရပ်နေသည်"

ဈေး
လူများက စားစရာနှင့်တခြားသောအရာများ အရောင်းအဝယ်ပြုလုပ်သည့်နေရာ

**Matthew 20:5**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်။

ထွက်၍ရှေ့နည်းအတူပြုလေ
"မြေပိုင်ရှင် ထွက်သွားပြန်သည်"

ခြောက်နာရီနှင့် နောက်ထပ်ကိုးနာရီ
ခြောက်နာရီသည် နေ့လည်ဝန်းကျင်ဖြစ်သည်။ ကိုးနာရီသည် ညနေသုံးနာရီဝန်းကျင် ဖြစ်သည်။

ထိုအတူလုပ်ပါ
မြေပိုင်ရှင်က ဈေးသို့ သွားပြီး အလုပ်သမား ငှားသည်ကိုဆိုလိုသည်။

ဆယ့်တစ်နာရီ
ညနေ ငါးနာရီဝန်းကျင်ဖြစ်သည်။

မလုပ်မရှိ ရပ်နေသည်
"ဘာမှ မလုပ်ဘဲ" သို့မဟုတ် "မည်သည့် အလုပ်မျှမရှိ"

**Matthew 20:8**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်။

အစမှစ၍ အဆုံးတိုင်အောင်
နားလည်ထားသည့်အရာကို ရှင်းလင်းစွာ ဖော်ပြရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နောက်ဆုံး၌ ငှားသည့် အလုပ်သမားများနှင့်စပြီး၊ အရင်ငှားသည့်အလုပ် သမားများကို နောက်၌ လုပ်အားခကို ပေးသည်"

ငှားရမ်းသည့်လူများ
အခြားသောဘာသာပြန်ဆိုချက်၊ "မြေပိုင်ရှင်က ငှားရမ်းသူများ"

ဒေနာရိတစ်ပြား
"တစ်ရက်လုပ်အားခ"

**Matthew 20:11**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်။

သူတို့လက်ခံသည့်အခါ
"အချိန်အကြာဆုံး လုပ်ခဲ့ကြသည့် အလုပ်သမားများက ရရှိကြသည့်အခါ"

မြေပိုင်ရှင်
"ဥယျာဉ်ပိုင်ဆိုင်သူ"

သင်က ငါတို့ကို သူတို့နှင့်အညီစီရင်လျက်
"ငါတို့ကို ပေးသည့်အတိုင်း သူတို့ကိုလည်း သင်ကပေးသည်"

တနေ့လုံးအမှုဝန်ကိုထမ်းရွက်၍ နေပူဆင်းရဲခံရသော အကျွန်ုပ်တို့
"တနေ့လုံးအမှုဝန်ကို ထမ်းရွက်၍" သည် သူတို့အလုပ်ကြိုးစားနေကြသည်ကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေပူကြီးထဲ၌ တနေ့လုံးအလုပ်ကြိုးစား အလုပ်လုပ်ကြသည့် ကျွန်ုပ်တို့"

**Matthew 20:13**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်။

သူတို့မှတယောက်
"အကြာဆုံးလုပ်သူအလုပ်သမားများထဲမှ တယောက်"

သူငယ်ချင်း
လူတစ်ယောက်က ယဉ်ကျေးစွာ ဆဲဆိုသည့် အခြားလူကိုဆိုလိုသည်။

ဒေနာရိတစ်ပြားနှင့် သင်သည်ငါ့ကို ဝန်ခံသည့်မဟုတ်လော။
စောဒကတက်သည့် အလုပ်သမားများကို မြေပိုင်ရှင်က မေးခွန်းဖြင့် ဆူပူသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒေနာရိတစ်ပြားကို သင်တို့အား ငါကပေးဖို့ သဘောတူကြပြီးပြီ"


generated on Tue Mar 12 16:35:02 2024

ဒေနာရိတစ်ပြား
"တစ်ရက် လုပ်အားခ"

### Matthew 20:15

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်။

ငါသည် ကိုယ့်ဥစ္စာကို ပြုလိုသည့်အတိုင်း မပြုရသလော။
မြေပိုင်ရှင်က စောဒကတက်သည့် အလုပ်သမားများကို မေးခွန်းဖြင့် ဆဲဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ဥစ္စာကို ငါကြိုက်သလို လုပ်လို့ရသည်"

ငါသည် ရက်ရောသောကြောင့် သင်တို့မနာလိုဖြစ်သလော။
မြေပိုင်ရှင်က စောဒကတက်သည့်အလုပ်သမားများကို မေးခွန်းဖြင့် ဆဲဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တခြားသူများအပေါ် ငါ၏ ရက်ရောမှုကို မနာလို မဖြစ်ပါနှင့်"

နောက်ကျသောသူ အရင်ကျမည်၊ အရင်ကျသောသူသည် နောက်ကျလိမ့်မည်။
ယေရှုက ယခုခေတ်ကို လာမည့်ခေတ်နှင့် နှိုင်းယှဉ်ထားသည်။ ယခုအရေးကြီးသောသူသည် ဘုရားသခင်က သူ့နိုင်ငံတော်ကို ဤကမ္ဘာပေါ်တွင်တည်ထောင်လာသည့်အခါ ထိုသူကို အရေးမပါသူအဖြစ် သတ်မှတ်မည်။ ယခုအရေးမကြီးသောသူသည် ဤကမ္ဘာပေါ်တွင်တည်ထောင်လာသည့်အခါ ထိုသူကို အရေးပါသူအဖြစ် သတ်မှတ်မည်။ 19:29 တွင် မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

အရင်ကျသောသူသည် နောက်ကျလိမ့်မည်
ပုံဥပမာသည် ဤနေရာတွင် ယေရှုပြောသည့်အရာဖြင့်အဆုံးသတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုက "အရင်ကျသောသူသည် နောက်ကျလိမ့်မည်" ဟုပြောသည်"

### Matthew 20:17

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့သေခြင်းနှင့် ပြန်ရှင်ပြန်ထမြောက်မည့်အကြောင်းကို သူနှင့်သူ့တပည့်တော်များ ယေရုရှလင်သို့ တတိယအကြိမ်သွားကြသည့်အခါ ကြိုပြောသည်။

ယေရုရှလင်မြို့သို့ တက်ကြွတော်မူစဉ်
ယေရုရှလင်သည် တောင်ပေါ်ထိပ်တွင်တည်ရှိသည့်အတွက် လူများက တက်သွားကြရသည်။

ငါတို့သည် ယေရုရှလင်မြို့သို့ ယခုသွားကြ၏
"ကြည့်ပါ" သည် ယေရှုက သူ့တပည့်တော်များအား နားထောင်စေခိုင်းသည်အတွက် အာရုံစိုက်စေချင်လို့ပြောခြင်းဖြစ်သည်။

ငါတို့သွားကြသည်
"ငါတို့" သည် ယေရှုနှင့် တပည့်တော်များကို ဆိုလိုသည်။

လူသားကို အပ်နှံခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်ယောက်ယောက်က လူသားကိုအပ်နှံမည်"

လူသား...သူ့ကို....သူ
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ပြန်ရည်ညွှန်းထားသည်။ လိုအပ်ပါက ပထမပုဂ္ဂိုလ်အဖြစ် ပြန်သုံးနိုင်သည်။

သူတို့က ပြက်ယယ်ပြုကြမည်..အပြစ်စီရင်ကြမည်။
ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများကို စီရင်ပြီး တပါးအမျိုးသားများဆီကို အပ်မည်။ တပါးအမျိုးများက ယေရှုကို ပြက်ယယ်ပြုကြမည်။

ရိုက်ပုတ်သည်
"သူ့ကို ရိုက်ပုတ်သည်"

တတိယနေ့

သူသည် ပြန်ထလာမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကိုပြန်ထစေမည်"

### Matthew 20:20

ဆက်စပ်မှုဖော်ပြချက်
တပည့်တော်နှစ်ယောက်၏ အမေက တုံ့ပြန်သည့်အနေဖြင့် မေးခွန်းမေးသည်။ ယေရှုက သူ့တပည့်တော်များကို အာဏာနှင့် ကောင်းကင်နိုင်ငံတော်တွင် အမှုတော်ဆောင်ခြင်းအကြောင်းကို သင်ပြပေးနေသည်။

ဇေဗေဒဲ၏သား
ယာကုပ်နှင့် ယောဟန်တို့ကို ဆိုလိုသည်။

သင့်လက်ယာဘက်...သင့်လက်ဝဲဖက်
တန်ခိုး၊ အာဏာနှင့် လေးစားမှုရှိသည်ကို ဆိုလိုသည်။

သင်၏နိုင်ငံတော်
"နိုင်ငံတော်" သည် ယေရှုက ဘုရင်အဖြစ် အုပ်စိုးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဘုရင်ဖြစ်လာသည့်အခါ"

### Matthew 20:22

သင်တို့မသိကြ
"သင်တို့" သည် အများကိန်း၊ သားနှစ်ယောက်နှင့်မိခင်ကိုဆိုလိုသည်။

သင်တို့တတ်နိုင်သလော
"သင်တို့" သည် အများကိန်း၊ ယေရှုက သားနှစ်ယောက်ကိုသာ စကားပြောသည်။

ငါသောက်မည့်ခွက်ကို သောက်ပါ
သူခံစားရမည့် ဝေဒနာကိုဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသွားရမည့်ခံစားမှုကို သင်တို့ သွားရမည်"

သူတို့ကပြောသည်
"ဇေဗေဒဲ၏ သားများက ပြောကြသည်" သို့မဟုတ် "ယောဟန်နှင့် ယာကုပ်တို့က ပြောကြသည်"

သင်တို့အမှန်သောက်ရမည့် ငါ့ခွက်
သူခံစားရမည့်ဝေဒနာကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ခံစားသည့်အတိုင်း သင်တို့ ခံစားကြမည်"

လက်ယာ...လက်ဝဲ
တန်ခိုး၊ အာဏာနှင့် လေးစားမှု ရှိသည်ကို ဆိုလိုသည်။ 20:20.၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ငါ့ခမည်းတော်ကပြင်ဆင်ပေးသောသူများ
အခြားသောဘာသာပြန် ဆိုချက်၊ "ငါ့ခမည်းတော်သည် ထိုနေရာများကို ပြင်ဆင်ပြီး သူရွေးကောက်သော သူများကို ပေးမည်"

ငါ့အဘ
ဘုရားသခင်နှင့် ယေရှုဆက်သွယ်မှု ရှိကြောင်းပြသည့်၊ ဘုရားသခင်၏ အရေးကြီးသောနာမည်ဖြစ်သည်။

ဤအရာကိုကြားကြသည်
"ယာကုပ်နှင့် ယောဟန်က ယေရှုအားမေးသည့် မေးခွန်းကို ကြားကြသည်"

သူတို့သည် ထိုညီအစ်ကိုနှစ်ယောက်တို့ကို အမျက်ထွက်ကြသည်။
ဘာ့ကြောင့် တပည့်တော် ဆယ်ယောက်သည်အမျက်ထွက် ကြသည်ကို ဖော်ပြရန် လိုအပ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့က ယေရှု၏ ဘေးတွင် လေးစားမှုကို ခံလျက်ထိုင်ချင်ကြသည့်အတွက် သူတို့က ထိုညီအစ်ကိုနှစ်ယောက်ကို အမျက်ထွက်ကြသည်"

**Matthew 20:25**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များအား အာဏာနှင့်တခြားသူများ အမှုဆောင်ခြင်းအကြောင်းကို အဆုံးသတ်သည်။

သူတို့ကိုခေါ်သည်
"တပည့်တော် ဆယ့်နှစ်ပါးကို ခေါ်သည်"

တပါးအမျိုးအုပ်ချုပ်သူများက သူတို့ကို အစိုးရပြုကြသည်"
"တပါးအမျိုးရှင်ဘုရင်များက သူတို့လူများအပေါ်သို့ အတင်းအုပ်စိုးတတ်ကြသည်"

သူတို့၏ အရေးကြီးသောလူများ
"တပါးအမျိုးသားများကြား အရေးကြီးသော လူများ"

သူတို့အပေါ်သို့ အာဏာပြသည်
"လူများအပေါ်သို့ ထိန်းချုပ်မှုပြသသည်"

လိုချင်သူများ
"လိုချင်သူ မည်သူမဆို" သို့မဟုတ် "ဆန္ဒရှိ သူတိုင်း"

ပထမဖြစ်ရန်
"အရေးကြီးဆုံးဖြစ်ရန်"

လူသား...သူ့အသက်
ယေရှုက သူ့ကိုသူ တတိယပုဂ္ဂိုလ်ဖြင့် ပြန်ရည်ညွှန်းသည်။ လိုအပ်ပါက ပထမပုဂ္ဂိုလ်ဖြင့် ဘာသာပြန်ဆိုနိုင်သည်။

အမှုဆောင်စေရန် လာခြင်းမဟုတ်
အခြားသောဘာသာပြန်ဆိုချက်၊ "တပါးသူများက သူ့အစေခံကြရန် လာခြင်းမဟုတ်ပါ" သို့မဟုတ် "ငါ့ကို တခြားသူများက အမှုဆောင်ပေးကြရန် လာခြင်းမဟုတ်ပါ"

အမှုဆောင်ရန်
နားလည်ထားသည့်အရာကို ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တခြားလူများကို အမှုဆောင်ပေးရန်"

သူ့ကိုအသက်ပေးရန်
အခြားသောဘာသာပြန်ဆိုချက်၊ "သေဆုံးရန်"

အများအတွက် လွှတ်မြောက်လျက်
"လွှတ်မြောက်" ကို ကျွန်အဖြစ်မှ၊ ထောင်မှလွှတ်မြောက်စေခြင်းကို ဆိုလိုသည်။ ဘုရားသခင်က သူတို့အပြစ်များအတွက် အပြစ်ပေးခြင်းမှ ယေရှုက ပြန်ရွေးနှုတ်ခြင်းကို ဆိုလိုသည်။

အများအတွက်
နားလည်ထားသည့်အရာကို ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူ အများအတွက်"

**Matthew 20:29**

ဆက်စပ်မှုဖော်ပြချက်
မျက်ကန်းနှစ်ယောက်ကို ယေရှုက အနာငြိမ်းစေသည့်အကြောင်းဖြင့် စတင်သည်။

သူတို့သွားကြလျက်
တပည့်တော်များနှင့် ယေရှုတို့ကို ဆိုလိုသည်။

သူ့ကိုနောက်လိုက်သည်
"ယေရှု နောက်လိုက်သည်"

မျက်ကန်းနှစ်ယောက်ထိုင်နေကြသည်
တခါတရံ "ကြည့်ပါ၊ လူနှစ်ယောက်ထိုင်ကြသည်" ဟုပြန်နိုင်သည်။ စာရေးသူက ဇာတ်လမ်းတွင်လူသစ်များဝင်လာသည်ကို အချက်ပြသည်။ သင့်ဘာသာစကားတွင် ထိုသို့ရေးနိုင်သည်။

သူတို့ကြားသည်အခါ
"မျက်ကန်းနှစ်ယောက်က ကြားသည့်အခါ"

ဖြတ်သန်းလျက်
"သူတို့ကို ဖြတ်သန်းသွားလျက်"

ဒါဝိဒ်၏သား
ယေရှုသည် ဒါဝိဒ်၏ သား အမှန်တော့မဟုတ်ပါ။ "ဒါဝိဒ်၏ မျိုးဆက်" (UDB) ဟုပြန်နိုင်သည်။ သို့သော် " ဒါဝိဒ်၏ သား" သည် မေရှိယကို ရည်ညွှန်းသည့် ယေရှု၏ နာမည်ဖြစ်သည်။

**Matthew 20:32**

သူတို့ကို ခေါ်ပါ
"မျက်ကန်းတို့ကို ခေါ်ပါ"

သင်လိုချင်သလော
"သင်လိုချင်သလော"


generated on Tue Mar 12 16:35:02 2024

ငါတို့မျက်စိများဖွင့်လျက်
"ငါတို့မျက်စိများဖွင့်လျက်" သည် ပြန်မြင်စွမ်းကို ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ကို ပြန်မြင်နိုင်ရန် သင့်ကို အလိုရှိသည်" သို့မဟုတ် "ငါတို့သည် ပြန်၍မြင်ချင်ကြသည်"

သနားခြင်းစိတ်နှင့်
"သနားခြင်းရှိသည်" သို့မဟုတ် "သူတို့ကို သနားသည်"

---

## Translation Questions

### Matthew 20:1

နံနက်စောစောအလုပ်လုပ်ရန် လူငှားများအား ဥယျာဉ်မှူးကလုပ်ခမည်မျှပေးမည်ဟု သဘောတူသနည်း။
နံနက်စောစောအလုပ်လုပ်ရန် လူငှားများအားဥယျာဥ်မှူးကဒေနာရိတပြားစီပေးမည်ဟု သဘောတူကြပါသည်။

### Matthew 20:3

သုံးနာရီအချိန်၌အလုပ်လုပ်ရန် လူငှားများအားဥယျာဥ်မှူးကလုပ်ခမည်မျှပေးမည်နည်း ဟုပြောသနည်း။
သုံးနာရီအချိန်အလုပ်လုပ်သောလူငှားများ အားယျာဥ်မှူးကလုပ်ခသင့်လျော်စွာပေးမည်ဟု ပြောပါသည်။

### Matthew 20:8

ဆယ့်တစ်နာရီအချိန်တွင်အလုပ်လုပ်သော လူငှားသည်လုပ်ခမည်မျှရသနည်း။
ဆယ့်တစ်နာရီအချိန်တွင်အလုပ်လုပ်သောလူငှားသည်လုပ်ခ ဒေနာရိတပြားရပါသည်။

### Matthew 20:11

မနက်စောစောအလုပ်လုပ်ရသောလူငှားတို့က မည်သို့စောဒကတက်ကြသနည်း။
မနက်စောစောအလုပ်လုပ်ရသောလူငှားတို့က မိမိတို့သည်တနေ့လုံးအလုပ်လုပ်ကြရပြီး တနာရီသာလုပ်ရသောလူငှားတို့နှင့်လုပ်ခ အတူတူသာရသည်ဟုစောဒကတက်ကြပါသည်။

### Matthew 20:13

လူငှားတို့၏ စောဒကတက်သည်ကို ဥယျာဥ်မှူးကမည်သို့တုံ့ပြန်သနည်း။
ဥယျာဥ်မှူးက ငါသည်မတရားသဖြင့်ပြုသည်မဟုတ်၊ ငါပိုင်ဆိုင်သောဥစ္စာထဲမှ ငါကြိုက်သလိုပြုသည်ဟု တုံ့ပြန်ပါသည်။

### Matthew 20:17

ယေရှုသည် တပည့်တော်တို့အားမိမိတို့ယေရုရှလင်မြို့သို့သွားကြသည့်အခါ၊ မည်သည့်အရေးကြီးသောစကားကိုကြိုတင်ပြောသနည်း။
ယေရှုက တပည့်တော်တို့အား မိမိတို့ယေရှုရှလင်မြို့သို့သွားကြသည့်အခါ၊ ငါသည်ယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်းပြုဆရာတို့ထံ ပို့ဆောင်ခြင်းခံရပြီး သူတို့သည်ငါ့အားလက်ဝါးကပ်တိုင်၌သေဒဏ်ပေးကြလိမ့်မည်။ သုံးရက်မြောက်သောနေ့တွင်ငါသည်ရှင်ပြန်ထမြောက်မည်ဟုကြိုတင်ပြောပါသည်၊

### Matthew 20:20

ဇေဗေဒဲ၏မိခင်သည် ယေရှုအားဘာကိုတောင်းဆိုသနည်း။
ဇေဗေဒဲ၏မိခင်သည်ယေရှုအား ကိုယ်တော်၏နိုင်ငံတော်တွင်သူမ၏သားနှစ်ယောက်အား လက်ျာဖက်၌တယောက် လက်ဝဲဖက်၌တယောက် ထိုင်ရသောအခွင့် ပေးပါရန်တောင်းဆိုပါသည်။

### Matthew 20:22

ယေရှုက သူ၏လက်ျာဖက်နှင့် လက်ဝဲဖက်၌ထိုင်ရသောအခွင့်ကိုမည်သူကဆုံးဖြတ်မည် ဟုပြောသနည်း။
သူ၏လက်ျာဖက်နှင့်လက်ဝဲဖက်၌ထိုင်ရသောအခွင့်ကိုသူ၏ ခမည်းတော်သာ ဆုံးဖြတ်မည်ဟု ယေရှုကပြောပါသည်။

### Matthew 20:25

ယေရှုက တပည့်တော်တို့အထဲ၌ အကြီးအကဲလုပ်လိုသောသူကို မည်သို့ဖြစ်ရမည်ဟုပြောသနည်း။
ယေရှုကတပည့်တော်တို့အထဲ၌ အကြီးအကဲလုပ်လိုသောသူကို သူတို့၏အစေကိုခံရမည်ဟု ပြောပါသည်။

ယေရှုက သူကြွလာခြင်းသည် အဘယ်ကြောင့်ဖြစ်သည်ဟုပြောသနည်း
ယေရှုက သူကြွလာခြင်းသည် သူတပါး၏အစေကိုခံရန် နှင့် မိမိအသက်ကိုပေး၍ လူသားများကိုရွေးရန်ဖြစ်သည်ဟုပြောပါသည်။

### Matthew 20:29

လမ်းဘေးတွင်ထိုင်နေသောမျက်မမြင်နှစ်ယောက်သည်ယေရှုဖြတ်သွားသည့်အခါ မည်သို့ပြုလုပ်သနည်း။
ထိုမျက်မမြင်နှစ်ယောက်သည် ယေရှုဖြတ်သွားသည့်အခါ၊ ဒါဝိဒ်၏သားတော်အရှင်၊ ကျွန်ုပ်တို့ကိုကယ်မသနားတော်မူပါဟု အော်ဟစ်ကြွေးကြော်ပါသည်။

### Matthew 20:32

ယေရှုသည် အဘယ်ကြောင့်မျက်မမြင်နှစ်ယောက်ကိုမျက်စိမြင်စေသနည်း။
ယေရှုသည်သနားကြင်နာသောစိတ်ရှိသဖြင့် မျက်မမြင်နှစ်ယောက်ကို မျက်စိမြင်စေခြင်းဖြစ်ပါသည်။

---


generated on Tue Mar 12 16:35:02 2024

## Chapter 21

1 ယေရုရှလင်မြို့အနီးသို့ချဉ်း၍ သံလွင်တောင်ခြေရင်း၌ ဗက်ဖာဂေရွာသို့ ရောက်ကြသောအခါ ယေရှု သည်
တပည့်တော်နှစ်ယောက်တို့ကို စေလွှတ်၍၊ 2 သင်တို့ရှေ့၌ရှိသောရွာသို့သွားကြ။ ထိုရွာ၌ ချည်နှောင်လျက်ရှိသောမြည်းမနှင့်
မြည်းကလေးကို သင် တို့သည် ချက်ခြင်းတွေ့လိမ့်မည်။ မြည်းကြိုးကိုဖြည်၍ ငါ့ထံသို့ ဆောင်ခဲ့ကြ။ 3 သူကတပါးသည် သင်တို့အား
တစုံတခုကိုဆိုလျှင် သခင်အလိုရှိသည်ဟုပြန်ပြောကြလော့။ ထိုသို့ ပြော လျှင် ထိုသူသည် ချက်ခြင်းပေးလိုက်မည်ဟု
မှာထားတော်မူ၏။ 4 ထိုအကြောင်းအရာမူကား၊ သင်၏ အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကိုစီး၍၊ 5
နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့ဟု ဇိအုန်သတို့သမီးအား ပြောကြလော့ဟူသော
ပရောဖက်၏ နှုတ်ထွက်ပြည့်စုံမည်အကြောင်း ဖြစ်သတည်း။ 6 တပည့်တော်တို့သည်သွား၍ အမိန့်တော်အတိုင်းပြုသဖြင့်၊ 7
မြည်းမနှင့် မြည်းကလေးကိုဆောင်ခဲ့၍ မြည်းကျောပေါ်မှာ မိမိတို့အဝတ်ကိုတင်ကြပြီးလျှင် ကိုယ်တော် သည် စီးတော်မူ၏။ 8
အတိုင်းမသိများစွာသောလူတို့သည် မိမိတို့အဝတ်ကို လမ်း၌ခင်းကြ၏။ အချို့တို့သည် သစ်ကိုင်း သစ်ခက်များကိုခုတ်၍
လမ်း၌ခင်းကြ၏။ 9 ရှေ့နောက်လိုက်သွားသော အခြံအရံများတို့က ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏာဖြစ်စေသတည်း။
ထာဝရဘုရား၏အခွင့်နှင့် ကြွလာတော်မူသောသူသည်မင်္ဂလာရှိစေသတည်း။ ကောင်းကင်ဘဝဂ်ဝယ် ဟောရှဏ္ဏာ ဖြစ်စေသတည်းဟု
ကြွေးကြော်ကြ၏။ 10 ယေရုရှလင်မြို့သို့ ဝင်တော်မူသောအခါ တမြို့လုံးအုတ်အုတ်သဲသဲဖြစ်၍၊ ဤသူကား အဘယ်နည်းဟု
မေးမြန်းကြလျှင်၊ 11 လူအစုအဝေးတို့က၊ ဤသူသည် ဂါလိလဲပြည် နာဇရက်မြို့၌ ပေါ်ထွန်းသောရောဖက်ယေရှုပေတည်း ဟု
ပြောဆိုကြ၏။ 12 ယေရှုသည် ဘုရားသခင်၏ဗိမာန်တော်သို့ ဝင်တော်မူပြီးလျှင်၊ ဗိမာန်တော်၌ရောင်းဝယ်သောသူ အပေါင်းတို့ကို
နှင်ထုတ်၍၊ ငွေလဲသောသူတို့၏ ခုံများကိုငှင်း၊ ချိုးငှက်ရောင်းသောသူတို့၏ ထိုင်နေရာကိုငှင်း တွန်းလှဲတော်မူလျက်၊ 13 ငါ့အိမ်ကို
ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့ဟု ကျမ်းစာ၌လာသော်လည်း၊ သင်တို့သည် ထို အိမ်ကို ထားပြတွင်းဖြစ်စေကြပြီတကားဟု
မိန့်တော်မူ၏။ 14 ထိုအခါ ဗိမာန်တော်၌ မျက်စိကန်းသောသူ၊ ခြေမစွမ်းသောသူတို့သည် အထံတော်သို့လာ၍ သူတို့ အနာရောဂါကို
ငြိမ်းစေတော်မူ၏။ 15 ကိုယ်တော်ပြုတော်မူသော အံ့ဩဘွယ်အမှုတို့ကိုငှင်း၊ သူငယ်တို့ကလည်း၊ ဒါဝိဒ်၏သားတော်အား
ဟောရှဏ္ဏာဖြစ်စေသတည်းဟု ဗိမာန်တော်၌ကြွေးကြော်ကြသည်ကိုငှင်း၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့ သည်
ကြားမြင်လျှင် အမျက်ထွက်ကြ၍၊ 16 ဤသူတို့သည် အဘယ်သို့ပြောဆိုသည်ကို ကြားသလောဟု ယေရှုအား မေးကြလေသော်၊
ငါကြား၏။ နို့စို့သူငယ်တို့ နှုတ်ထဲမှကိုယ်တော်သည် ချီးမွမ်းခြင်းကိုပြင်ဆင်တော်မူသည်ဟူသော စကားကို သင်တို့သည် တရံတခါမျှ
မဘတ်ဘူးသလောဟု မိန့်တော်မူ၏။ 17 ထိုအခါ သူတို့ကိုထားခဲ့၍ မြို့ထဲမှထွက်ပြီးလျှင် ဗေသနိရွာသို့ကြွ၍ ထိုည၌ကို
လွန်စေတော်မူ၏။ 18 နံနက်အချိန်၌ မြို့သို့ ပြန်စဉ်တွင် ဆာမွတ်တော်မူ၏။ 19 လမ်းနားမှာသင်္ဘောသဖန်းပင်တပင်ကို မြင်လျှင်၊
ထိုအပင်သို့ကြွသွား၍ အရွက်ကိုသာတွေ့တော်မူ သည်ရှိသော်၊ ယခုမှစ၍ အစဉ်မပြတ် သင်၌အသီးမသီးစေနှင့်ဟု မိန့်တော်မူလျှင်၊
ထိုအပင်သည် ချက်ခြင်း သွေ့ခြောက်လေ၏။ 20 တပည့်တော်တို့သည် မြင်လျှင်၊ သင်္ဘောသဖန်းပင်သည်
ချက်ခြင်းသွေ့ခြောက်ပါပြီတကားဟု အံ့ဩ၍ ဆိုကြ၏။ 21 ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည်
ယုံမှားခြင်းနှင့်ကင်းသော ယုံကြည်ခြင်းရှိလျှင်၊ သင်္ဘောသဖန်းပင်၌ ပြုသကဲ့သို့ သင်တို့ပြုနိုင်သည်သာမက၊ ထိုတောင်ကိုပင်
နေရာမှရွေ့လော့၊ ပင်လယ်၌ ကျ လော့ဟုဆိုလျှင်ဆိုသည်အတိုင်း ဖြစ်လိမ့်မည်။ 22 ယုံကြည်ခြင်းပါလျက် ပဋ္ဌနာပြု၍
ဆုတောင်းသမျှတို့ကို သင်တို့သည်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ 23 ဗိမာန်တော်သို့ ဝင်ပြန်၍ ဆုံးမဩဝါဒပေးတော်မူစဉ်တွင်၊
ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် အကြီးအကဲဖြစ်သောသူတို့သည် အထံတော်သို့ချဉ်းကပ်၍၊ ကိုယ်တော်သည် ဤအမှုများကို
အဘယ်အခွင့်နှင့် ပြုသနည်း။ ထိုအခွင့်ကို အဘယ်သူပေးသနည်းဟု မေးလျှောက်ကြသော်၊ 24 ယေရှုက၊ ငါသည်
တစုံတခုကိုမေးဦးမည်။ သင်တို့ဖြေလျှင် ဤအမှုများကို အဘယ်အခွင့်နှင့် ငါပြု သည်ကို ငါပြောမည်။ 25 ယောဟန်၏
ဗတ္တိဇံတရားသည် အဘယ်ကဖြစ်သနည်း။ ဘုရားကဖြစ်သလော။ လူကဖြစ်သလောဟု မေးတော်မူ၏။ ထိုသူတို့သည်
အချင်းချင်းဆင်ခြင်၍ ဘုရားကဖြစ်သည်ဟု ငါတို့ဖြေလျှင်၊ သင်တို့သည် ယောဟန်ကို အဘယ်ကြောင့် မယုံသနည်းဟု
သူမေးလေဦးမည်။ 26 လူကဖြစ်သည်ဟု ငါတို့ဖြေလျှင်လူများကိုကြောက်ရ၏။ အကြောင်းမူကား၊ လူအပေါင်းတို့သည် ယောဟန်ကို
ပရောဖက်ကဲ့သို့ ထင်မှတ်ကြ၏ဟု အချင်းချင်းဆင်ခြင်ပြီးမှ၊ 27 အကျွန်ုပ်တို့မသိပါဟု ယေရှုအား ပြန်ပြောကြ၏။
ကိုယ်တော်ကလည်း၊ ထိုအတူ ဤအမှုများကို အဘယ်အခွင့်နှင့် ငါပြုသည်ကို ငါမပြော။ 28 သင်တို့သည် အဘယ်သို့ထင်ကြသနည်း။
တစုံတယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအကြီး ဆီသို့သွား၍ ငါ့သား၊ ယနေ့ ငါ့စပျစ်ဥယျာဉ်သို့သွား၍
လုပ်ဆောင်လော့ဟုဆိုလျှင်၊ 29 သားက ငါမသွားဘူးဟု ပြန်ပြောသော်လည်း၊ နောက်မှ နောင်တရ၍သွားလေ၏။ 30 အဘသည်
အခြားသောသားဆီသို့သွား၍ ရှေ့နည်းအတူဆိုလျှင်၊ သားကသွားပါမည်အဘသခင် ဟု ဆိုသော်လည်း မသွားဘဲနေ၏။ 31
ထိုသားနှစ်ယောက်တို့တွင် အဘယ်သူသည် အဘ၏အလိုကိုဆောင်သနည်းဟု မေးတော်မူလျှင်၊ သား အကြီးဆောင်ပါသည်ဟု
လျှောက်ကြသော်၊ ယေရှုကလည်း ငါအမှန်ဆိုသည်ကား၊ အခွန်ခံတို့နှင့် ပြည်တန်ဆာ တို့သည် သင်တို့အရင်
ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်တတ်ကြ၏။ 32 အကြောင်းမူကား၊ ယောဟန်သည် ဖြောင့်မတ်သောအကျင့်ကိုကျင့်၍ သင်တို့ဆီသို့
လာသော်လည်း သင်တို့မယုံကြည်ကြ။ အခွန်ခံတို့နှင့် ပြည်တန်ဆာတို့မူကား ယုံကြည်ကြ၏။ ထိုအကြောင်းကို သင်တို့သည် မြင်
သော်လည်း ယုံကြည်မည်အကြောင်း နောက်တဖန်နောင်တမရကြ။ 33 အခြားသော ဥပမာကိုနားထောင်ကြလော့။ အိမ်ရှင်တဦးသည်
စပျစ်ဥယျာဉ်ကိုစိုက်ပျိုး၍၊ စောင်ရန်း ကို လုပ်ပြီးမှ စပျစ်သီးနယ်ရာ ကျင်းကိုတူးလေ၏။ မှီခိုရာလင့်စင်ကိုလည်းဆောက်လေ၏။
လုပ်ဆောင်သော သူတို့အား ဥယျာဉ်ကိုငှါး၍ အခြားသောပြည်သို့သွားလေ၏။ 34 အသီးသီးချိန်ရောက်သောအခါ၊
အသီးကိုခံစေခြင်းငှါ ငယ်သားတို့ကို ဥယျာဉ်စောင့်တို့ရှိရာသို့ စေ လွှတ်လေ၏။ 35 ထိုသူတို့သည် ငယ်သားများကို ဘမ်းပြီးလျှင်
တဦးကိုရိုက်၍၊ တဦးကိုသတ်၍၊ တဦးကို ခဲနှင့်ပစ်ကြ၏။ 36 နောက်တဖန် အရင်ထက်များသော အခြားငယ်သားတို့ကို
စေလွှတ်ပြန်လျှင်၊ ဥယျာဉ်စောင့်တို့သည် ရှေ့နည်းတူပြုကြ၏။ 37 နောက်ဆုံး၌ ဥယျာဉ်ရှင်က၊ ထိုသူတို့သည်ငါ့သားကို

အားနာကြလိမ့်မည်ဟုဆို၍ မိမိသားကို စေလွှတ် လေ၏။ 38 ဥယျာဉ်စောင့်တို့သည် သားကိုမြင်လျှင် ဤသူသည်အမွေခံဖြစ်၏။
လာကြ၊ သူ့ကိုသတ်၍ သူ၏ အမွေဥစ္စာကို ယူကြကုန်အံ့ဟု အချင်းချင်းတိုင်ပင်၍၊ 39 ဥယျာဉ်ရှင်၏သားကို ဘမ်းယူပြီးမှ
ဥယျာဉ်ပြင်သို့ထုတ်၍ သတ်ပစ်ကြ၏။ 40 သို့ဖြစ်လျှင် ဥယျာဉ်ရှင်သည်လာသောအခါ၊ ဥယျာဉ်စောင့်တို့ကို အဘယ်သို့
ပြုမည်နည်းဟုမေးတော် မူ၏။ 41 ပရိသတ်တို့ကလည်း ထိုလူဆိုးတို့အား ဆိုးသောဖျက်ဆီးခြင်းကို စီရင်ပါလိမ့်မည်။
အသီးသီးချိန်တွင် အသီးကို ဆက်အံ့သောအခြားလူတို့အား ထိုဥယျာဉ်ကို ငှါးပါလိမ့်မည်ဟု လျှောက်ကြ၏။ 42 ယေရှုကလည်း၊
တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသောကျောက်သည် နောက်တဖန် တိုက် ထောင့်အထွဋ်ဖျားသို့ရောက်ပြန်၏။ ထိုအမှုသည်
ထာဝရဘုရားပြုတော်မူသောအမှုဖြစ်၏။ ငါတို့ မျက်မှောက်၌ လည်း အံ့ဩဘွယ်ဖြစ်၏ဟူသောစကားကို ကျမ်းစာ၌ သင်တို့သည်
တရံတခါမျှမဘတ်ဘူးသလော။ 43 ထို့ကြောင့် ငါဆိုသည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့မှနှုတ်၍ နိုင်ငံတော်၏အသီးကို
သီး အံ့သောလူမျိုးအား ပေးရလတံ့။ 44 အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည် ကျိုးလတံ့၊ အကြင်သူ၏အပေါ်သို့
ထို ကျောက်သည်ကျ၏၊ ထိုသူသည် ညက်ညက်ကြေလတံ့ဟု မိန့်တော်မူ၏။ 45 ထိုဥပမာစကားကို ယဇ်ပုရောဟိတ်အကြီးနှင့်
ဖာရိရှဲတို့သည်ကြားရလျှင်၊ မိမိတို့ကို ရည်ဆောင်၍ ဟောပြောတော်မူသည်ကို သိကြ၏။ 46 ကိုယ်တော်ကို ဘမ်းဆီးခြင်းငှါ
ရှာကြံသော်လည်း စုဝေးသောသူများကို ကြောက်ကြ၏။ အကြောင်း မူကား၊ ထိုသူတို့သည် ကိုယ်တော်ကို ပရောဖက်ကဲ့သို့
ထင်မှတ်ကြ၏။

---

### Matthew 21:1

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ ယေရုရှင်မြို့သို့ ဝင်သည့်အခန်းကို ပြောပြသည်။ ဤနေရာ၌ ယေရှုက သူ့တပည့်တော်များကို မည်သို့ လုပ်သင့်သည့်အကြောင်း ပြောပြသည်။

ဗက်ဖာဂေရွာ
ယေရုရှလင်မြို့နားက ရွာနာမည်ဖြစ်သည်။

မြည်းတစ်ကောင်ချည်ထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က ချည်ထားသည့် မြည်းတစ်ကောင်"

ထိုနေရာမှာ ချည်နှောင်မည်
မည်ကဲ့သို့ မြည်းကို ချည်ထားသည်ကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သစ်တိုင်တွင် ချည်ထားသည်" သို့မဟုတ် "သစ်ပင်တွင် ချည်ထားသည်"

မြည်း
"မြည်းငယ်"

### Matthew 21:4

ယေဘုယျအချက်အလက်
ယေရှုက မြည်းကို စီးလျက် ယေရုရှလင်သို့ သွားခြင်းအားဖြင့် ဇာခရိ၏ ပရောဖက်ပြုချက် ပြည့်စုံစေသည်ကို ဖော်ပြသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ ခဏနားသည့် အချက်ပြစာလုံးဖြစ်သည်။ မဿဲသည် ယေရှု၏ အပြုအမူက မည်သို့ ကျမ်းစကား ပြည့်စုံစေသည်ကို ရှင်းပြသည်။

ပရောဖက်၏နှုတ်ထွက်ပြည့်စုံမည်အကြောင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ရှေးပရောဖက်မှ တဆင့် ဘုရားသခင် ပြောခဲ့သည့်အရာကို ယေရှုက ပြည့်စုံစေရန်အတွက် ဖြစ်သည်"

ပရောဖက်မှတဆင့်
ပရောဖက်ပြောသည့်အရာကို ဖော်ပြထားနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်ဇာခရိမှတဆင့်"

ဇိအုန်သမီး
"သမီး" သည် ထိုမြို့ရှိလူများကိုဆို လိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဇိအုန်လူများ" သို့မဟုတ် "ဇိအုန်၌ နေထိုင်သူများ"

ဇိအုန်
ယေရုရှလင်၏ အခြားနာမည်ဖြစ်သည်။

မြည်း...လား...မြည်းမ
ငယ်ရွယ်သည့် မြည်းဟုကို ဆိုလိုသည်။

### Matthew 21:6

အဝတ်များ
အပြင် အဝတ်အစားများဖြစ်သည်။

အတိုင်းမသိများစွာသောလူတို့သည် မိမိတို့အဝတ်ကို လမ်း၌ခင်းကြ၏။ အချို့တို့သည် သစ်ကိုင်း သစ်ခက်များကိုခုတ်၍ လမ်း၌ခင်းကြ၏
ယေရှုသည် ယေရုရှလင်မြို့သို့ ဝင်လာသည့်အတွက် သူ့အား ဂုဏ်ပြုသည့်အနေဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။

### Matthew 21:9

ဟောရှဏ္ဏာ
"ငါတို့ကို ကယ်တင်ပါ" ကို ဆိုလိုသည်။ သို့သော် "ဘုရားသခင်ကို ချီးမွမ်းပါစေ" ဟုလည်း ဆိုလိုပါသည်။

ဒါဝိဒ်၏သား
ယေရှုသည် ဒါဝိဒ်၏ သားအမှန်မဟုတ်ပါ။ "ဒါဝိဒ်မျိုးဆက်" (UDB) ဟု ဘာသာပြန်ဆိုနိုင်သည်။ သို့သော် "ဒါဝိဒ်၏ သား" သည် မေရှိယ၏ နာမည်၊ ယေရှုကို ခေါ်သည့် နာမည်ဖြစ်သည်။

သခင်၏နာမ၌
"နာမ၌" သည် "တန်ခိုး၌" သို့မဟုတ် "ကိုယ်စားပြုသည်" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သခင်၏ တန်ခိုး၌" သို့မဟုတ် "သခင်၏ ကိုယ်စား"

ဟောရှဏ္ဏာ အမြင့်ဆုံးဖြစ်စေသတည်း
"အမြင့်ဆုံး" သည် အမြင့်ဆုံးကောင်းကင်မှ အုပ်ချုပ်သည့် ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊


generated on Tue Mar 12 16:35:02 2024

"အမြင့်ဆုံးကောင်းကင်၌ ရှိသည့် ဘုရားကို ချီးမွမ်းပါသည်" (UDB) သို့မဟုတ် "ဘုရားသခင် ဘုန်းကြီးပါစေ"

မြို့အားလုံးသည် အုတ်အုတ်သဲသဲဖြစ်သည်
"မြို့" သည် ထိုနေရာရှိလူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြို့နေလူအားလုံးတို့သည် အုတ်အုတ်သဲသဲဖြစ်ကြသည်" (UDB)

မွှေသည်
"စိတ်လှုပ်ရှားသည်"

**Matthew 21:12**

ဆက်စပ်မှုဖော်ပြချက်
ယေရှု ဗိမာန်တော်တွင်းသို့ ဝင်သွားသည့်အကြောင်းကို စတင်သည်။

ယေဘုယျအချက်အလက်
အပိုဒ် (၁၃) ၌ ပရောဖက်ဟေရှာယကို ပြန်ကိုးကားပြီး ယေရှုက ရောင်းချသူများနှင့် ငွေလဲလှယ်သူများကို ဆဆိုသည်။

ယေရှုက ဗိမာန်တော်သို့ဝင်သွားသည်
ယေရှုသည် ဗိမာန်တော်သို့ အမှန် မဝင်ဟုတ်ပါ။ ဗိမာန်တော်အဝန်းရှိ ခြံတံခါးသို့ ဝင်သွားသည်ကိုသာဆိုလိုသည်။

ဝယ်သူနှင့်ရောင်းသူ
ကုန်သည်များက တိရိစ္ဆာန်များနှင့် အခြားအရာများကို ရောင်းဝယ်ကြသည်။ ခရီးသွားများက ဗိမာန်တော်၌ သူတို့ ယဇ်ပူဇော်ရန် သူတို့လိုအပ်သည့် အရာများကို ဝယ်ကြသည်။

သူက သူတို့ကပြောသည်
"ပုက်ဆံလဲခြင်း၊ ဈေးအရောင်းအဝယ် ပြုလုပ်သည့်လူများကို ယေရှုက ပြောသည်။

ရေးထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်များက ရှေးတွင် ရေးခဲ့ကြသည်" သို့မဟုတ် "ရှေးတွင် ဘုရားသခင်ပြောခဲ့သည်"

ငါ့အိမ်ကိုခေါ်ကြမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့အိမ် မူကား"

ငါ့အိမ်
"ငါ၏" သည် ဘုရားသခင်၊ "အိမ်" သည် ဗိမာန်တော်ကိုဆိုလိုသည်။

ဆုတောင်းရာအိမ်
အခြားသောဘာသာပြန်ဆိုချက်၊ "လူများ ဆုတောင်းကြသည့်နေရာ"

ဓားပြတွင်း
ဗိမာန်တော်၌ လူတို့က အရောင်းအဝယ်လုပ်ကြသည်ကို ဆဲဆိုသည့်အနေဖြင့် ယေရှုက သုံးခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဓားပြများ ပုန်းခိုကြသည့်နေရာကဲ့သို့"

မျက်ကန်းနှင့် ခြေမစွမ်း
အခြားသောဘာသာပြန်ဆိုချက်၊ "မျက်စိကန်းသူများနှင့် ခြေမစွမ်းသူများ"

ခြေမစွမ်းသောသူ
ခြေထောက် အနာတရဖြစ်၍ လမ်းမလျှောက်နိုင်သောသူ

**Matthew 21:15**

ယေဘုယျအချက်အလက်
အပိုဒ် (၁၆) တွင် လူများ တုံ့ပြန်ခြင်းနှင့် ပတ်သက်ပြီး ယေရှုက ဆာလံကို ပြန်ကိုးကားသည်။

အံ့သြဖွယ်သောအရာများ
"အံ့သြဖွယ်သောအရာများ" သို့မဟုတ် "နိမိတ်လက္ခဏာများ" 21:12.၌ ယေရှုက မျက်ကန်းများနှင့် ခြေလက်သေသူများ အနာငြိမ်းခြင်းပေးသည်ကို ဆိုလိုသည်။

ဟောရှဏ္ဏာ
"ငါတို့ကို ကယ်တင်ပါ" ဟု ဆိုလိုသည်။ သို့သော် "ဘုရားသခင်ကို ချီးမွမ်းပါစေ" လည်း ဆိုလိုပါသည်။21:9. ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ဒါဝိဒ်၏သား
ယေရှုသည် ဒါဝိဒ်၏ သား အမှန်မဟုတ်ပါ။ "ဒါဝိဒ်မျိုးဆက်" (UDB) ဟု ဘာသာပြန်ဆိုနိုင်သည်။ သို့သော် "ဒါဝိဒ်၏ သား" သည် မေရှိယ၏ နာမည်၊ ယေရှုကို ခေါ်သည့်နာမည်ဖြစ်သည်။ 21:9. ၌ မည်သို့ဘာသာပြန်သည် ကို ကြည့်နိုင်သည်။

သူတို့ အလွန်အမျက်ထွက်ကြသည်
သူတို့က ယေရှုသည် ခရစ်တော်ဖြစ်သည်ကို မယုံကြည်၊ တခြားသူများက ယေရှု ချီးမြှောက်ကြသည်ကို သူတို့မလိုချင်ကြပေ။ အခြားသောဘာသာပြန်ဆိုချက်၊ "လူများက သူ့ကို ချီးမွမ်းကြသည့်အတွက် သူတို့က အလွန်အမျက်ထွက်ကြသည်"

ဤလူများ၏ ပြောကြားချက်ကို သင်ကြားသလော။
ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများက သူတို့အမျက်ထွက်ကြသည်ဖြစ်၍ ယေရှုကို ပုတ်ခတ်ကြသည့်အနေဖြင့် သူ့ကို မေးခွန်းထုတ်ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အကြောင်း လူများပြောကြသည်ကို သင်ခွင့်မပြုသင့်ပေ"

သင်တို့မဖတ်ဖူး...ချီးမွမ်းစကား။
ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများက ကျမ်းစာ၌ သူတို့လေ့လာခဲ့သည့်အရာကို ယေရှုက သတိပေးသည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ကို ငါကြားသည်၊ သို့သော် ကျမ်းစာ၌ သင်တို့ ဖတ်ဖူးသည့်အရာကို မမေ့သင့်ပေ"

ကလေးများ၏ပါးစပ်နှင့် နို့စို့သူငယ်များတွင်သာ သင်တို့က ချီးမွမ်းကြသည်
"ပါးစပ်" က စကားပြောခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကလေးငယ်များနှင့် နို့စို့သူငယ်များအား ချီးမွမ်းစကားပြောစေသည်"

ယေရှုက ထွက်သွားသည်
"ယေရှုက ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများကို ထားသွားသည်"

## Matthew 21:18

ဆက်စပ်မှုဖော်ပြချက်
ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းကို ယေရှုက သူ့တပည့်တော်များအား သင်္ဘောသဖန်းပင်ဖြင့် သင်ကြားသည်။

သို့ရာတွင်
ဇာတ်လမ်းတစ်ခုမှ အခြားအကြောင်းပြောသည့် အချက်ပြ စကားလုံးဖြစ်သည်။ ယေရှုဆာလောင်သည့်အတွက် သင်္ဘောတဖန်းပင်၌ ရပ်သည့်အကြောင်းကို မသဲက ရှင်းပြသည်။

ညှိုးနွမ်းသည့်
"သေသည်"

## Matthew 21:20

မည်ကဲ့သို့ တဖန်းပင်သည် ညှိုးနွမ်းသွားသနည်း။
တပည့်တော်များက သူတို့မည်မျှ အံ့အားကြသည်ကို အလေးနက်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "တဖန်းပင် ရုတ်တရက်သေ သွားသဖြင့် ငါတို့ အံ့သြကြသည်"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပြသည်။

သင် ယုံကြည်ခြင်းရှိလျှင်၊ သံသယမရှိနှင့်
ယေရှုက အငြင်းနှင့်အဆို နှစ်ခုစလုံးဖြင့် အဆိုတစ်ခုကို ဆိုလိုသည်။ ထိုယုံကြည်ခြင်းသည် စစ်မှန်သော ယုံကြည်ခြင်းဖြစ်သင့်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်အမှန် ယုံကြည်လျှင်"

ညှိုးနွမ်းသည်
"ခြောက်ပြီး သေဆုံးသည်"

ထိုတောင်ကိုပင် နေရာမှရွေ့လော့ ၊ ပင်လယ်၌ကျလော့ဟုဆိုလျှင် ဆိုသည့်အတိုင်းဖြစ်လိမ့်မည်
ဤတိုက်ရိုက်စကားပြောခန်းကို သွယ်ဝိုက်စကားပြောခန်းဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤတောင်ကိုပင် ထ၍ သူ့ကိုယ်သူ ပင်လယ်ထဲသို့ရွေ့သွားရန် ပြောလျှင် ပြောသည့်အတိုင်းဖြစ်မည်"

ဖြစ်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "၎င်းဖြစ်ပျက်လာမည်"

## Matthew 21:23

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များက ယေရှု၏ အာဏာအကြောင်း မေးသည့်အကြောင်းဖြစ်သည်။

ဗိမာန်တော်သို့ ဝင်လာသည်
ယေရှုက ဗိမာန်တော်သို့ အမှန်ဝင်ခြင်းကို မဆိုလိုပါ။ ဗိမာန်တော် ခြံဝန်းထဲသို့ ဝင်ခြင်းကို ဆိုလိုသည်။

ဤအရာများ
ဗမာန်တော်၌ ယေရှု၏ သင်ကြားမှုနှင့် အနာငြိမ်းခြင်းပေးသည်ကို ဆိုလိုသည်။ အရင်နေ့များက ရောင်းသူများနှင့် ဝယ်သူများကို ယေရှုက မောင်းထုတ်ခဲ့သည်ကိုလည်း ဆိုလိုသည်။

## Matthew 21:25

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များကို ယေရှုက ဆက်လက်တုံ့ပြန်သည်။

အဘယ်ကဖြစ်သနည်း
"ထိုအခွင့်ကို အဘယ်က ရသနည်း"

ချင်းချင်းဆင်ခြင်၍ ဘုရားကဖြစ်သည်ဟု ငါတို့ဖြေလျှင်၊ သင်တို့သည် ယောဟန်ကို အဘယ်ကြောင့် မယုံသနည်းဟု သူမေးလေဦးမည်
ကိုးကားချက်ထဲမှ ကိုးကားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောဟန်က သူ့အာဏာကို ကောင်းကင်မှ ရသည်ဟု ငါတို့ ယုံကြည်သည်ကို ငါတို့ပြောလျှင်၊ ယေရှုက ငါတို့ကို ဘာ့ကြောင့်ယောဟန်ကို မယုံကြည်ကြသလဲဟု မေးနိုင်သည် ဟု သူတို့ပြောကြသည်"

ကောင်းကင်မှ
"ကောင်းကင်" က ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ရှိ ဘုရားသခင်ထံမှ"

သူ့ကိုဘာ့ကြောင့် မယုံကြည်သနည်း။
ဘာသာရေးခေါင်းဆောင်များက ယေရှုသည် အဖြေမလိုသည့်မေးခွန်းဖြင့် သူတို့ကိုဆူလာမည်ကို သိကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဗတ္တိဇံယောဟန်ကို သင်တို့ ယုံကြည်အပ်သည်"

"လူများမှ" ဟုငါတို့ပြောလျှင်
ကိုးကားချက်ထဲမှ ကိုးကားချက်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောဟန်က သူ့အာဏာကို လူများထံမှရသည်ဟု ငါတို့ ယုံကြည်သည်ကို ငါတို့ပြောလျှင်"

လူများကိုကြောက်ရ၏
"လူများတို့သည် အခြားထင်၍ မိမိတို့ကို ထိခိုက်မည်ကို ကြောက်ရွံ့သည်"

လူအပေါင်းတို့သည် ယောဟန်ကို ပရောဖက်ကဲ့သို့ ထင်မှတ်ကြ၏
"သူတို့က ယောဟန်ကို ပရောဖက်ဟု ယုံကြည်ကြသည်"

## Matthew 21:28

ဆက်စပ်မှုဖော်ပြချက်
သားနှစ်ယောက်အကြောင်း ပုံဥပမာကို ယေရှုက သုံးပြီး ဘာသာရေးခေါင်းဆောင်များကို ပုတ်ခတ်ရန်နှင့် သူတို့ ၏ အယုံကြည်ချက်ကို ခိုင်းနှိုင်းရန် ပြောပြသည်။

သင်တို့သည် အဘယ်သို့ထင်ကြသနည်း
ယေရှုက ပြောမည့် ပုံဥပမာကို ဘာသာရေးခေါင်းဆောင်များက လေးနက်စွာ စဉ်းစားကြရန် မေးခွန်းသုံးပြီး စိန်ခေါ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ငါပြောသည့်အရာ သင်တို့ ဘယ်လို ရှုမြင်ကြောင်း ငါ့အား ပြောကြပါ"

နောင်တရ၍
သားက သူ၌ ရွေးချယ်စရာအများအပြားရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

## Matthew 21:31

သူတို့ကပြောသည်
"ယဇ်ပုရောဟိတ် အကြီးအကဲများနှင့် သက်ကြီးသူများကိုပြောသည်"

ယေရှုက သူတို့ကိုပြောသည်
"ယေရှုက ယဇ်ပုရောဟိတ် အကြီးအကဲများနှင့် သက်ကြီးသူများကို ပြောသည်"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါ အမှန်တရားပြောသည်" ယေရှု ပြောသည့်အရာကို အလေးနက်ပြုသည်။

သင်တို့မဝင်ခင် အခွန်ခံများနှင့် ပြည့်တန်ဆာများသည် ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ကြမည်
"ဘုရားသခင်၏ နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးမည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက် "ဘုရားသခင်က ဤကမ္ဘာပေါ်တွင် သူ့အုပ်စိုးမှု တည်ထောင်လာသည့်အခါတွင် ပြည့်တန်ဆာများနှင့် အခွန်ခံများကို သင်တို့ထက် အရင်ကျ၍ အုပ်ချုပ်မည်"

သင်မလုပ်ခင်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ဘုရားသခင်သည် အခွန်ခံများနှင့် ပြည့်တန်ဆာများ၊ နောက်မှ ယုဒဘာသာရေးခေါင်းဆောင်များကို လက်ခံမည်" သို့မဟုတ် (၂) ဘုရားသခင်သည် ယုဒဘာသာရေးခေါင်းဆောင်များအစား ပြည့်တန်ဆာများနှင့် အခွန်ခံများကို လက်ခံမည်။

ယောဟန်သည် သင်တို့ဆီကိုလာသည်
"သင်တို့" သည် အများကိန်း၊ ဘာသာရေးခေါင်းဆောင်များသာမကဘဲ ဣသရေလလူအားလုံးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောဟန်သည် ဣသရေလလူများ ဆီသို့ လာသည်"

ဖြောင့်မတ်ခြင်းလမ်း၌
ယောဟန်က အသက်ရှင်ရန် မှန်ကန်သည့်လမ်းကို လူများအားပြသည်ကို ဆိုလိုခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို ဘုရားသခင် အသက်ရှင်စေချင်သည့် အသက်တာ"

သင်တို့ သူ့ကို မယုံကြည်ကြ
"သင်တို့" သည် အများကိန်း၊ ဘာသာရေးခေါင်းဆောင်များကို ဆိုလိုသည်။

## Matthew 21:33

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များကို ပုတ်ခတ်ရန်နှင့် သူတို့၏ မယုံကြည်မှုကို သရုပ်ဖော်ရန် ယေရှုက တော်လှန်မှု ပြုသည့် ကျွန်၏ ပုံဥပမာဖြင့် ပြောပြသည်။

မြေပိုင်ရှင်
"ပိုင်ဆိုင်မှု တစ်စုံတစ်ခုကို ပိုင်ဆိုင်သူ"

စောင်ရန်း
"နံရံ" သို့မဟုတ် "ခြံစည်းရိုး"

စပျစ်သီးနယ်ရာကျင်းကိုတူးသည်
"စပျစ်သီးများကို ညှစ်ရန် စပျစ်ခြံအတွင်းတွင် တွင်းတူးသည်။

စပျစ်စိုက်ပျိုးသူများအဖြစ်ငှားသည်
"စပျစ် စိုက်ပျိုးသူများကို ခြံစောင့်များအဖြစ် ခန့်ထားသည်" ပိုင်ရှင်က ခြံကို ဆက်လက်၍ ပိုင်ဆိုင်သည်။

စပျစ်စိုက်ပျိုးသူများ
စပျစ်ကို မည်သို့ ဂရုစိုက်ရန် သိသူများဖြစ်သည်။

## Matthew 21:35

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောနေသည်"

သူ့ကျွန်များ
"မြေပိုင်ရှင်၏ ကျွန်များ"

## Matthew 21:38

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကိုဆက်ပြောနေသည်"

## Matthew 21:40

သို့ရာတွင်
"သို့ရာတွင်" သည် "ထိုခဏ" ကို ဆိုလိုခြင်း မဟုတ်ပါ။ ပြောဆိုလိုသည့်အကြောင်းကို အာရုံစိုက်ရန် ဖိတ်ခေါ် ခြင်းဖြစ်သည်။

သူတို့က သူ့ကိုပြောကြသည်
ယေရှုကို မည်သူက ပြန်ဖြေသည်ကို မသဲကွဲ ရှင်းလင်းစွာ မဖော်ပြပါ။ "လူတို့က ယေရှုကို ပြောကြသည်" ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။

## Matthew 21:42

ဆက်စပ်မှုဖော်ပြချက်
တော်လှန်တတ်သည့် ကျွန်၏ ပုံဥပမာကို ယေရှုက ရှင်းပြနေသည်။

ယေဘုယျအချက်အလက်
ဘာသာရေးခေါင်းဆောင်များ ပယ်ထားသူကို ဘုရားသခင်က လေးစားမှု ပြုမည်ဖြစ်ကြောင်း ပရောဖက်ဟောရှာယကို ယေရှုက ပြန်ကိုးကားထားသည်။

ယေရှုက သူတို့ကိုပြောသည်
ယေရှုက မေးခွန်းကို မည်သူများအားမေးကြောင်း မရှင်းလင်းပါ။ "သူတို့ကို" ကို ရှင်းလင်းစွာ ရေးလိုပါက 21:40 က ရှိသည့် ပရိသတ်ကို သုံးနိုင်သည်။

သင်တို့ဖတ်ဖူးသလော... မျက်မှောက်၌
ဤကျမ်းစာ၏ ဆိုလိုရင်းကို သူ့ပရိသတ်များက လေး နက်စွာ စဉ်းစားကြဖို့ရန် ယေရှုက မေးခွန်းဖြင့် မေးထား သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ဖတ်ပြီးသည့်အရာကို ကောင်းစွာ ဆင်ခြင်ကြပါ... သင်တို့မျက်မှောက်တွင်"

 generated on Tue Mar 12 16:35:02 2024

အိမ်ဆောက်သူများက ပယ်ထားသည့်ကျောက်သည် တိုက်ထောင့်အထွဋ်ဖျားဖြစ်လာသည်။

ယေရှုက ဆာလံကျမ်းမှ ကိုးကားသည်။ ဘာသာရေးခေါင်းဆောင်များက အိမ်ဆောက်သူများကဲ့သို့ ယေရှုကို ပယ်ထားကြမည်၊ သို့သော် ဘုရားသခင်က သူ့ကို နိုင်ငံတော်၌ အရေးကြီးဆုံးသူ၊ တိုက်ထောင့်အထွဋ်ဖျား ဖြစ်စေမည်။

အုတ်မြစ်ဖြစ်စေသည်

အခြားသောဘာသာပြန်ဆိုချက်၊ "အုတ်မြစ် ဖြစ်လာသည်"

ဤဟာသည် သခင်ဆီမှဖြစ်သည်

"ဤကြီးမားသည့် ပြောင်းလဲမှုကို သခင်က ဖြစ်စေသည်"

ဤဟာသည် သင့်မျက်စိ၌ အံ့ဩစရာဖြစ်သည်

"သင့်မျက်စိ" သည် မြင်နိုင်မှုကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြင်ရသည့်အခါ အံ့ဩစရာဖြစ်သည်"

**Matthew 21:43**

သင့်ကို ငါပြောသည်

ယေရှုပြောသည့်အရာကို အလေးနက်ပြုထားသည်။

သင့်ဆီ

"သင်တို့" သည် အများကိန်းဖြစ်သည်။ ယေရှုသည် ဘာသာရေးခေါင်းဆောင်များနှင့် ယေဘုယျ ယုဒလူများကို ပြောထားသည်"

ဘုရားသခင်၏နိုင်ငံတော်ကို သင်တို့ထံမှနှုတ်၍ အသီးသီးသောလူမျိုးကိုပေးအပ်သွားမည်။

"ဘုရားသခင်၏ နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်စိုးသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်နှင့် ယုဒလူများကို ဘုရားက ငြင်းပယ်မည်၊ အသီးသီးသော လူမျိုးတို့၏ ဘုရင်ဖြစ်မည်"

အသီးကိုထုတ်သည့်အပင်

နာခံမှုကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အမိန့်တော်ကိုနာခံသည်"

မည်သူမဆို သူ့အပေါ်သို့ ဤကျောက်ကျလျှင် ကျိုးမည်

"ဤကျောက်" သည် 21:42 က ကျောက်ဖြစ်သည်။ ခရစ်တော်က သူ့ကို တော်လှန်သူတိုင်းကို ဖျက်ဆီးမည်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမဆို သူ့အပေါ်သို့ ကျောက်တုံးကျလျှင် အပိုင်းပိုင်းအဖြစ်ကျိုးပဲ့မည်"

မည်သူမဆို သူ့အပေါ်သို့ကျလျှင် ညက်ညက်ကြေမည်

ရှေ့က အပိုဒ်နှင့် အတူတူဖြစ်သည်။ ခရစ်တော်က နောက်ဆုံးသော တရားစီရင်သော နေ့တွင် သူ့ကို ငြင်းပယ်ထားသူတိုင်းကို ဖျက်ဆီးမည် ဖြစ်ကြောင်းကို ဆိုလိုသည်။

**Matthew 21:45**

ဆက်စပ်မှုဖော်ပြချက်

ဘာသာရေးခေါင်းဆောင်များက ယေရှုပြောသည့် ပုံဥပမာကို ပြန်တုံ့ပြန်ကြသည်။

သူ့ပုံ ဥပမာများ

"ယေရှု၏ ပုံဥပမာများ"

---

## Translation Questions

**Matthew 21:1**

ယေရှုကသူ၏ တပည့်တော်နှစ်ယောက်အား သူတို့အရှေ့ကရွာတွင် မည်သည့်အရာတွေ့မည်ဟုပြောသနည်း။

ယေရှုက သူတို့အားသူတို့အရှေ့ကရွာတွင် ကြိုးချည်ထားသောမြည်းမနှင့်မြည်းကလေးကိုတွေ့ရှိမည်ဟု ပြောပါသည်။

**Matthew 21:4**

ဤအကြောင်းအရာနှင့်ပတ်သက်၍ ပရောဖက်တို့ကမည်ကဲ့သို့ဟောကိန်းထုတ်ခဲ့သနည်း။

အရှင်မင်းကြီးသည်မြည်းမနှင့်မြည်းကလေးကို စီးလျက်ကြွလာလိမ့်မည် ဟုပရောဖက်တို့ကဟောကိန်း ထုတ်ခဲ့ပါသည်။

**Matthew 21:6**

ယေရှုကြွလာသောအခါ၊ ယေရုရှလင်မြို့ထဲသို့ဝင်ရာလမ်းတလျောက်၌ရှိသောလူအများသည် မည်သို့မည်ပုံလုပ်ကြသနည်း။

ယေရုရှလင်မြို့ထဲဝင်ရာလမ်းတလျောက်ရှိလူအများသည်မိမိတို့၏အဝတ်များနှင့်သစ်ကိုင်းသစ်ခက်များကိုခုတ်၍ လမ်း၌ခင်းကြပါသည်။

**Matthew 21:9**

ယေရှုကြွသွားသောအခါ လူအများက မည်သူ့ကိုအော်ဟစ်ကြွေးကြော်သနည်း။

လူအများတို့ကဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏာဖြစ်စေသတည်း၊ ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည်မင်္ဂလာရှိစေသည်း၊ ကောင်းကင်ဘဝဂ်ဝယ် ဟောရှဏ္ဏာဖြစ်စေသတည်းဟု အော်ဟစ်ကြွေးကြော်ကြပါသည်။

**Matthew 21:12**

ယေရုရှလင်မြို့ရှိ ဘုရားသခင်၏ ဗိမာန်တော်သို့ဝင်သောအခါ ယေရှု မည်သို့လုပ်သနည်း။

ယေရှုက ဗိမာန်တော်၌ ရောင်းဝယ်နေသူများအား နှင်ထုတ်ခြင်း၊ ငွေလဲသူနှင့်ချိုးငှက်ရောင်းသောသူတို့၏ ခုံများကိုတွန်းလှဲခြင်းများပြုလုပ်ပါသည်။

ဈေးရောင်းသူကုန်သည်များသည် ဘုရားသခင်၏ဗိမာန်တော်အားမည်သို့လုပ်သည်ဟု ယေရှုကပြောသနည်း။

ဈေးရောင်းသူကုန်သည်များသည် ဘုရားသခင်၏ ဗိမာန်တော်ကိုထားမြတွင်းဖြစ်စေကြသည်ဟု ပြောပါသည်။

## Matthew 21:15

ကလေးသူငယ်များသည်
ယေရှုအားကြွေးကြော်ကြသည်ကိုယဇ်ပုရောဟိတ်အကြီးနှင့်
ကျမ်းပြုဆရာတို့သည်ကန့်ကွက်သောအခါ
ယေရှုကသူတို့အားဘာပြောသနည်း။
ယေရှုကပရောဖက်တို့၏ရေးသားချက်များကို ကိုးကားလျက်၊
နို့စို့သူငယ်၏နှုတ်ထဲမှကိုယ်တော်သည် ချီးမွမ်းခြင်း
ကိုပြင်ဆင်တော်မူသည်ဟု သူတို့အားပြောပါသည်။

## Matthew 21:18

ယေရှုသည် သင်္ဘောသဖန်းပင်ကို မည်သို့လုပ်သနည်း။ အဘယ်ကြောင့်နည်း။
ယေရှုသည်သင်္ဘောဖန်းပင်ကိုသွေ့ခြောက်စေပါသည်။
အဘယ်ကြောင့်ဆိုသော်
အပင်ပေါ်တွင်အသီးမသီးသောကြောင့်ဖြစ်ပါသည်။

## Matthew 21:20

သွေ့ခြောက်သောသင်္ဘောသဖန်းပင်အားဖြင့်
ယေရှုကသူ၏တပည့်တော်များအား မည်ကဲ့သို့ဆုတောင်းရန်သွန်သင်သနည်း။
ယေရှုကသူ၏ တပည့်တော်များအား ယုံကြည်ခြင်းပါလျက်
ဆုတောင်းသမျှတို့ကို
သင်တို့သည်ရကြလိမ့်မည်ဟုသွန်သင်ပါသည်။

## Matthew 21:23

ယေရှုသည်ဆုံးမသြဝါဒပေးနေစဉ်
ယဇ်ပုရောဟိတ်အကြီးနှင့်လူအကြီးအကဲတို့က
ယေရှုအားဘာမေးမြန်းသနည်း။
ယဇ်ပုရောဟိတ်အကြီးနှင့်
လူအကြီးအကဲတို့ကယေရှုသည်မည်သူ့အခွင့်အာဏာနှင့်
ဤအရာများကိုပြုလုပ်သည်ကို သိလိုကြောင်းမေးမြန်းပါသည်။

## Matthew 21:25

ယေရှုက ယဇ်ပုရောဟိတ်အကြီးနှင့် လူအကြီးအကဲတို့အား
မည်သို့ပြန်မေးသနည်း။
ယေရှုက သူတို့အား
နှစ်ခြင်းဆရာယောဟန်၏ဗတ္တိဇံတရားသည်ကောင်းကင်မှဖြစ်သလော
လူမှဖြစ်သလောဟုပြန်၍မေးပါသည်။

နှစ်ခြင်းဆရာယောဟန်၏ ဗတ္တိဇံတရားသည်ကောင်းကင်မှဖြစ်သလောဟူသည့်
အမေးကိုယဇ်ပုရောဟိတ်အကြီးနှင့်
ကျမ်းပြုဆရာတို့ကအဘယ်ကြောင့်မဖြေလိုကြသနည်း။
သူတို့သည်နှစ်ခြင်းဆရာယောဟန်ကို မယုံကြည်သောကြောင့်
ယေရှုမေးခြင်းဖြစ်ကြောင်း သူတို့သည်သိကြသ ဖြင့်
မဖြေလိုကြခြင်းဖြစ်ပါသည်။

နှစ်ခြင်းဆရာယောဟန်၏
ဗတ္တိဇံတရားသည်လူမှဖြစ်သလောဟူသည့်အမေးကိုယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်းပြုဆရာတို့ကအဘယ်ကြောင့်မ
ဖြေလိုကြသနည်း။
လူအများတို့က
နှစ်ခြင်းဆရာယောဟန်ကိုပရောဖက်ကဲ့သို့ထင်မှတ်ကြသောကြောင့်
ထိုလူအများကိုကြောက်သဖြင့် မဖြေလိုကြခြင်းဖြစ်ပါသည်။

## Matthew 21:28

ယေရှု၏အဘနှင့် သားနှစ်ယောက် ဥပမာတော်တွင် အဘက
ပထမသားအားစပျစ်ဥယျာဉ်၌အလုပ်သွားလုပ်ရန်ပြောသောအခါ
သားအကြီးက မည်သို့လုပ်သနည်း။
ပထမသားက မသွားနိုင်ဟုသူ့အဘအား
ပြန်ပြောသော်လည်းနောက်မှ
မိမိ၏စိတ်ပြောင်းပြီးစပျစ်ဥယျာဉ်သို့သွားပါသည်။

အဘက ဒုတိယသားအားစပျစ်ဥယျာဉ်၌
အလုပ်သွားလုပ်ရန်ပြောသောအခါထိုသားက မည်သို့လုပ်သနည်း။
ဒုတိယသားက သွားပါမည်ဟုသူ၏အဘအား
ပြန်ပြောသော်လည်း စပျစ်ဥယျာဉ်သို့မသွားဘဲနေပါသည်။

## Matthew 21:31

မည်သည့်သားသည်အဘ၏အလိုကိုဆောင်သောသူဖြစ်သနည်း။
ထမသားသည်အဘ၏အလိုကိုဆောင်သောသူဖြစ်ပါသည်။

ယေရှုကအခွန်ခံနှင့်ပြည့်တန်ဆာတို့သည်သင်တို့ထက်အရင်ကောင်းကင်နိုင်ငံတော်သို့ဝင်ရမည်ဟုယ
ယေရှုကအခွန်ခံနှင့်ပြည့်တန်ဆာတို့သည်နှစ်ခြင်းဆရာယောဟန်ကိုယုံကြည်ကြပြီး၊
ယဇ်ပုရောဟိတ်အကြီးနှင့်ကျမ်းပြုဆရာတို့မူကား
မယုံကြည်ကြသောကြောင့်အခွန်ခံနှင့်ပြည်တန်ဆာတို့သည်သင်တို့ထက်အရင်ကော

## Matthew 21:35

စပျစ်ဥယျာဉ်ပိုင်ရှင်က သူ၏ငယ်သားများအား
စပျစ်သီးယူရန်စေလွှတ်သည့်အခါ
စပျစ်ပင်စိုက်ပျိုးသူတို့ကသူတို့အားမည်သို့လုပ်သနည်း။
စပျစ်ပင်စိုက်ပျိုးသူတို့ကငယ်သားတဦးကိုရိုက်နှက်၍၊
တဦးကိုသတ်ပြီး၊ တဦးကိုကျောက်ခဲနှင့်ပစ်ပါသည်။

စပျစ်ဥယျာဉ်ပိုင်ရှင်က နောက်ဆုံး၌ ဥယျာဉ်သို့မည်သူ့ကိုစေလွှတ်သနည်း။
စပျစ်ဥယျာဉ်ပိုင်ရှင်ကနောက်ဆုံး၌သူ၏သားကိုစေလွှတ်ပါသည်။

## Matthew 21:38

စပျစ်ဥယျာဉ်ပိုင်ရှင်၏
နောက်ဆုံးစေလွှတ်သောသားကိုစပျစ်ပင်စိုက်ပျိုးသူတို့မည်သို့လုပ်သနည်း။
စပျစ်ပင်စိုက်ပျိုးသူတို့ကပိုင်ရှင်၏သားကိုသတ်ပစ်ကြပါသည်။

## Matthew 21:40

လူအပေါင်းတို့ကပိုင်ရှင်သည်မည်သို့လုပ်မည်ဟုပြောကြသနည်း။
လူအပေါင်းတို့ကပိုင်ရှင်သည်
ပထမစပျစ်ပင်စိုက်ပျိုးသူတို့အားဖျက်ဆီး၍၊
အသီးသီးချိန်တွင်အသီးပြန်လည်ပေးအပ်မည့်စပျစ်ပင်စိုက်ပျိုးသူတို့အား
ငှားပါမည်ဟုပြောကြပါသည်။

## Matthew 21:42

ယေရှုကကျမ်းစာကိုကိုးကား၍
တိုက်ဆောက်သောသူတို့ပယ်ထားသောကျောက်သည် မည်သို့ဖြစ်မည်နည်း။
တိုက်ဆောက်သောသူတို့ပယ်ထားသောကျောက်သည်တိုက်ထောင့်အထွဋ်ဖျားသို့ေ

**Matthew 21:43**

ကျမ်းစာ၏အခြေခံကို ယေရှုသည်ကိုးကား၍၊ မည်သို့ဖြစ်မည်ဟု သူကပြောသနည်း။

ယေရှုကဘုရားသခင်၏နိုင်ငံတော်ကိုယဇ်ပုရောဟိတ်အကြီးနှင့်ဖါရိရှဲ[illegible]ပြီး
နိုင်ငံတော်၏အသီးကိုသီးစေသောလူမျိုးအားပေးမည်ဟုပြောပါသည်။

**Matthew 21:45**

ယဇ်ပုရောဟိတ်အကြီးနှင့် ဖါရိရှဲတို့သည်ယေရှုကိုအဘယ်ကြောင့်ချက်ချင်း မဖမ်းဆီးသနည်း။

[illegible]ယေရှုအား
ပရောဖက်ကဲ့သို့ထင်မှတ်သောကြောင့်၊
သူတို့သည်ထိုသူအပေါင်းကိုကြောက်သ ဖြင့်ချက်ချင်း
မဖမ်းဆီးခြင်းဖြစ်ပါသည်။

## Chapter 22

1 တဖန် ယေရှုသည် ဥပမာကိုဆောင်၍ ပရိသတ်တို့အား မိန့်မြွက်တော်မူသည်ကား၊ 2 ကောင်းကင်နိုင်ငံတော်သည် မိမိသားအဘို့
ထိမ်းမြားမင်္ဂလာဆောင်ပွဲကို စီရင်သောမင်းကြီးနှင့် တူ၏။ 3 ထိုမင်းကြီးသည် ဘိတ်ပြီးသောသူတို့ကို ခေါ်စေခြင်းငှါ
လုလင်တို့ကိုစေလွှတ်သောအခါ ထိုသူတို့သည် မလာဘဲနေကြ၏။ 4 တဖန် အခြားသောလုလင်တို့ကို စေလွှတ်၍ ငါ့ပွဲကို ငါပြင်ဆင်ပြီ။
နွားမုစသော ဆူဖြိုးသော တိရစ္ဆာန် များကို သတ်၍ပြီးပြီ။ အလုံးစုံတို့သည် အသင့်ရှိပြီ။ မင်္ဂလာဆောင်ပွဲသို့ လာကြပါဟု
ဘိတ်ပြီးသောသူတို့အား ပြောကြဟု မှာလိုက်ပြန်၏။ 5 သို့သော်လည်း ထိုသူတို့သည် နားမထောင်ဘဲ အချို့တို့သည်
မိမိလယ်သို့သွားကြ၏။ အချို့တို့သည် ကုန်သွယ်ရာသို့ သွားကြ၏။ 6 ကြွင်းသောသူတို့သည်လည်း လုလင်တို့ကိုဘမ်းဆီး၍
ညှဉ်းဆဲခြင်း၊ အသေသတ်ခြင်းကို ပြုကြ၏။ 7 ထိုမင်းကြီးသည်ကြားလျှင် အမျက်ထွက်၍ စစ်ချီစေသဖြင့်၊ လူအသက်ကိုသတ်သော
ထိုသူတို့ကို အပြီးလုပ်ကြံ၍ သူတို့၏မြို့ကို မီးရှို့လေ၏။ 8 ထိုနောက်မှ မင်းကြီးသည်လုလင်တို့ကိုခေါ်၍ ငါ၏မင်္ဂလာဆောင်ပွဲသည်
အသင့်ရှိ၏။ ခေါ်ဘိတ် သောသူတို့သည် မထိုက်မတန်သောကြောင့်၊ 9 လမ်းမလမ်းကြားသို့သွား၍ တွေ့သမျှသောသူတို့ကို
ပွဲသို့ခေါ်ဘိတ်ကြဟု အမိန့်တော်ရှိသည်အတိုင်း၊ 10 လုလင်တို့သည် လမ်းများသို့ထွက်သွား၍ ကောင်းမကောင်းတွေ့သမျှသော
လူအပေါင်းတို့ကို စုဝေး စေ၍ ပွဲတော်၌အပြည့်ရှိလေ၏။ 11 မင်းကြီးသည် ပွဲ၌ လျောင်းသောသူတို့ကို ကြည့်ရှုခြင်းငှါ
ဝင်တော်မူသောအခါ၊ မင်္ဂလာဆောင်ပွဲ၏ အဝတ်ကိုမဝတ်သောသူတယောက်ကိုမြင်လျှင်၊ 12 အဆွေ၊ မင်္ဂလာဆောင်ပွဲ၏
အဝတ်မရှိဘဲ အဘယ်ကြောင့်ဝင်သနည်းဟု မေးတော်မူသည်ကို ထိုသူ သည် မပြောနိုင်ဘဲနေ၏။ 13 ထိုအခါ မင်းကြီးသည်
အခြံအရံတို့အား ထိုသူ၏လက်ခြေကိုတုပ်နှောင်လော့။ ငိုကြွေးခြင်း အံသွားခဲ ကြိတ်ခြင်းရှိရာ၊ ပြင်အရပ် မှောင်မိုက်ထဲသို့
ယူသွားချလိုက်ကြဟု အမိန့်တော်ရှိ၏။ 14 ထိုသို့ ခေါ်တော်မူသောသူ အများရှိသော်လည်း၊ ရွေးကောက်တော်မူသော သူနည်းသည်ဟု
မိန့်တော် မူ၏။ 15 ထိုအခါ ဖာရိရှဲတို့သည် ထွက်သွားပြီးလျှင်၊ ငါတို့သည်သူ၏စကားကို ချောင်းမြောင်း၍ အပြစ်ပြုခွင့်ကို
အဘယ်သို့ရနိုင်သနည်းဟု မေးမြန်းတိုင်ပင်ပြီးမှ၊ 16 မိမိတပည့်တို့နှင့် ဟေရုဒ်တပည့်တို့ကို အထံတော်သို့စေလွှတ်၍ အရှင်ဘုရား၊
ကိုယ်တော်သည် သစ္စာ ရှိပါ၏။ အဘယ်သူကိုမျှမကြောက်၊ လူမျက်နှာကိုမထောက်ဘဲ ဘုရားသခင်၏တရားလမ်းကို ဟုတ်မှန်စွာ
ပြတော်မူသည်ကို အကျွန်ုပ်တို့ သိကြပါ၏။ 17 သို့ဖြစ်၍ ကိုယ်တော်သည် အဘယ်သို့ထင်တော်မူသနည်း။ ကဲသာဘုရင်အားအခွန်ကို
ဆက်အပ်သ လော။ မဆက်အပ်သလော အကျွန်ုပ်တို့အား မိန့်တော်မူပါဟု မေးလျှောက်ကြ၏။ 18 ယေရှုသည်
ထိုသူတို့၏ဆိုးညစ်သောသဘောကို သိတော်မူလျှင်၊ လျှို့ဝှက်သောသူတို့၊ အဘယ်ကြောင့် ငါ့ကို စုံစမ်းနှောင့်ရှက်ကြသနည်း။ 19
အခွန်ငွေတပြားကိုပြပါဟု မိန့်တော်မူ၍၊ ဒေနာရိတပြားကို ယူခဲ့ကြ၏။ 20 ဤပုံ ဤလိပ်စာကား၊ အဘယ်သူ၏ပုံ
အဘယ်သူ၏လိပ်စာဖြစ်သနည်းဟု မေးတော်မူလျှင်၊ 21 ကဲသာဘုရင်၏ပုံ၊ လိပ်စာဖြစ်ပါသည်ဟု လျှောက်ကြသော်၊ ယေရှုကလည်း၊
ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့ဟု မိန့်
တော်မူ၏။ 22 ထိုသူတို့သည် ကြားရလျှင်အံ့သြ၍ အထံတော်မှ ထွက်သွားကြ၏။ 23 ထမြောက်ရှင်ပြန်ခြင်းမရှိဟူ၍ အယူရှိသော
ဇဒ္ဒုကဲတို့သည် ထိုနေ့၌ အထံတော်သို့ချဉ်းကပ်၍၊ 24 အရှင်ဘုရား၊ လူမည်သည်ကား သားမရှိဘဲသေလျှင်၊ သူ၏မယားကို
သူ့ညီသိမ်းယူ၍ အစ်ကိုအမျိုး မပြတ်ဆက်နွယ်စေဟု မောရှေစီရင်ပါပြီ။ 25 အကျွန်ုပ်တို့တွင် ညီအစ်ကိုခုနစ်ယောက်ရှိပါ၏။
အစ်ကိုအကြီးသည် မိန်းမနှင့်စုံဘက်၍ သားမရှိဘဲ သေသဖြင့် မိမိမယားကို မိမိညီနှင့် ကျန်ရစ်စေ၏။ 26 ထိုအတူ
တယောက်နောက်တယောက် ခုနစ်ယောက်သောညီအစ်ကိုတို့သည် ထိုမိန်းမနှင့် စုံဘက်ပြီးမှ သေကြ၏။ 27 နောက်ဆုံး၌
မိန်းမသည်လည်း သေလေ၏။ 28 သို့ဖြစ်၍ ထမြောက်ရာကာလ၌ ထိုမိန်းမသည် ခုနစ်ယောက်သောညီအစ်ကိုတို့တွင် အဘယ်သူ၏
မယားဖြစ်ရပါမည်နည်း။ ထိုသူအပေါင်းတို့သည် ထိုမိန်းမနှင့် စုံဘက်ခြင်းကို ပြုကြပြီဟု မေးလျှောက်ကြ၏။ 29 ယေရှုကလည်း၊
သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကို မသိသော ကြောင့် မှားသောအယူကိုယူကြ၏။ 30
ထမြောက်ရာကာလ၌ စုံဘက်ခြင်းကို မပြု၊ ထိမ်းမြားပေးစားခြင်းကို မပြု။ 31 ကောင်းကင်သားဘုရားသခင်၏ တမန်တော်ကဲ့သို့
ဖြစ်ကြ၏။ 32 ထိုမှတပါး သေလွန်သောသူတို့သည် ထမြောက်ခြင်းအရာမှာ၊ ဘုရားသခင်က၊ ငါသည် အာဗြဟံ၏ ဘုရား၊
ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟု သင်တို့အား မိန့်မြွက်တော်မူကြောင်းကို သင်တို့သည် မဘတ်ဘူးသလော။
ဘုရားသခင်သည် သေနေသောသူတို့၏ ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ ဘုရားဖြစ်တော်မူသည်ဟု မိန့်တော်မူ၏။ 33
ပရိသတ်များတို့သည် ကြားရလျှင် ဆုံးမဩဝါဒ ပေးတော်မူသည်ကို အံ့သြခြင်းရှိကြ၏။ 34 ဇဒ္ဒုကဲတို့၏ စကားကို
ချေတော်မူကြောင်းကို ဖာရိရှဲတို့သည်ကြားလျှင် စုဝေးကြ၍၊ 35 သူတို့အဝင်အပါဖြစ်သော ကျမ်းတတ်တယောက်သည် ကိုယ်တော်ကို
စုံစမ်းနှောင့်ရှက်ခြင်းငှါ၊ 36 အရှင်ဘုရား၊ ပညတ္တိကျမ်း၌ အဘယ်မည်သော ပညတ်သည်သာ၍ ကြီးသနည်းဟု မေးလျှောက်သော်၊ 37
ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ 38 ဟူသော ပညတ်သည်
ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ 39 ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော
ဒုတိယကပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။ 40 ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏
အချုပ်အခြာပင်ဖြစ်သတည်းဟု မိန့်တော်မူ၏။ 41 ဖာရိရှဲတို့သည် စုဝေး၍နေကြစဉ်တွင် ယေရှုက၊ သင်တို့သည် ခရစ်တော်ကို
အဘယ်သို့ထင်မှတ်ကြ သနည်း။ 42 အဘယ်သူ၏ သားဖြစ်သနည်းဟု မေးတော်မူလျှင်၊ ဒါဝိဒ်၏သားဖြစ်သည်ဟု လျှောက်ကြသော်၊
43 သို့ဖြစ်လျှင် ဒါဝိဒ်သည် ခရစ်တော်ကို သခင်ဟူ၍ ဝိညာဉ်တော်အားဖြင့် အဘယ်ကြောင့်ခေါ် သနည်း။ 44 ဒါဝိဒ်၏စကားမှာ
ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား
မိန့်တော်မူသည်ဟု ဒါဝိဒ်ဆိုသတည်း။ 45 ထိုသို့ ဒါဝိဒ်သည် ခရစ်တော်ကိုသခင်ဟူ၍ ခေါ်လျှင်၊ အဘယ်သို့ သူ၏သားဖြစ်သနည်းဟု

မေးတော် မူသည့်ရှိသော်၊ **46** အဘယ်သူမျှ စကားတခွန်းကိုပြန်လျှောက်ခြင်းငှါ မတတ်နိုင်ကြ။ ထိုနေ့မှစ၍ နောက်တဖန် အဘယ် သူမျှ မမေးမလျှောက်ဝံ့ကြ။

---

### Matthew 22:1

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များကို ပုတ်ခတ်ရန်နှင့် သူတို့၏ မယုံကြည်မှုအကြောင်းကို ယေရှုက မင်္ဂလာဆောင်ပွဲ ပုံဥပမာဖြင့် သရုပ်ဖော်ထားသည်။

သူတို့ကို
"လူများကို"

ကောင်းကင်နိုင်ငံတော်သည် တူသည်
ပုံဥပမာ၏ အစဖြစ်သည်။ 13:24 ၌ မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ဖိတ်ခြင်းခံရသူများ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရင်က ဖိတ်သောလူများ"

### Matthew 22:4

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောပြသည်။

ကျွန်များက "ဖိတ်ခြင်းခံရသူများကို ပြောပါ" ဟုပြောကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်များက ဖိတ်ခြင်းခံရသူများကို အမိန့်ပေးထားသည်"

ကြည့်ပါ
"ကြည့်ပါ" သို့မဟုတ် "နားထောင်သည်" သို့မဟုတ် "သင့်ကို ငါပြောမည့်အရာကို အာရုံစိုက်သည်"

ငါ့နွားထီးနှင့် ဆူဖြိုးသောတိရစ္ဆာန်သတ်ထားသည်။
တိရစ္ဆာန်များသည် ချက်ပြုတ်ပြီးသော စားရန်အသင့်ဖြစ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ကျွန်များက ငါ့နွားထီးနှင့် ဆူဖြိုးသောတိရစ္ဆာန်များကို သတ်၍ ချက်ပြုတ်ပြီးပြီ"

ငါ့နွားထီးနှင့် ဆူဖြိုးသောတိရစ္ဆာန်
"စားရန်အတွက် အကောင်းဆုံးသော ငါ့နွားထီးနှင့် တိရစ္ဆာန်"

### Matthew 22:5

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောပြသည်။

သူတို့က မည်သည့်အာရုံမှ မစူးစိုက်ကြ
"ရှင်ဘုရင် ဖိတ်ထားသည့် ဧည့်သည်များက ဖိတ်ကြားချက်ကို လျစ်လျူရှုကြသည်"

ထိုလူသတ်သမားများကို သတ်ပါ
ရှင်ဘုရင်၏ စစ်သားများက လူသတ်သမားများကို သတ်ကြသည်ကို ဆိုလိုသည်။

### Matthew 22:8

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောပြသည်။

ဖိတ်ခြင်းခံရသူများ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ဖိတ်ထားသောသူများ"

လမ်းမလမ်းကားသို့သွား၍
"မြို့၏ အဓိကလမ်းများ" လူများ ရှာဖွေနိုင်သည့်နေရာများသို့ ရှင်ဘုရင်က ကျွန်များကို စေလွှတ်သည်။

အဆိုးနှင့်အကောင်းနှစ်ခုစလုံး
"ကောင်းသော လူများနှင့် ဆိုးသော လူများနှစ်ခုစလုံး"

မင်္ဂလာဆောင်ပွဲခန်းမသည် ဧည့်သည်များနှင့်ပြည့်နေသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဧည့်သည်များက မင်္ဂလာဆောင်ခန်းမကို ပြည့်စေကြသည်။"

ခန်းမ
ကြီးသောအခန်း

### Matthew 22:11

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာကို ဆက်ပြောပြသည်။

မင်္ဂလာဆောင်အဝတ်ကို မဝတ်ဘဲ မည်သို့သင်ဝင်လာသနည်း။
ရှင်ဘုရင်က ဧည့်သည်ကို ဆူဆဲရန် မေးခွန်းကိုသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မင်္ဂလာဆောင်ပွဲနှင့်သင့်တော်သည့် အဝတ်အစားသင် မဝတ်စားဘဲ ဒီမှာ သင် မနေသင့်ဘူး"

ထိုလူသည် တိတ်ဆိတ်လျက်နေသည်
"ထိုလူသည် တိတ်ဆိတ်လျက် နေသည်"

### Matthew 22:13

ဆက်စပ်မှုဖော်ပြချက်
လက်ထပ်မင်္ဂလာပွဲအကြောင်းပြောသည့် ပုံဥပမာကို ယေရှုက အဆုံးသတ်သည်။

ဤလူကို လက်နှင့်ခြေကိုချည်နှောင်ပါ
"သူ့ခြေလက်များ မလှုပ်ရှားနိုင်ရန် သူ့ကို ချည်ထားပါ"

ပြင်အရပ်မှောင်မိုက်ထဲ
ဘုရားသခင်ကို ငြင်းပယ်သောသူများအတွက် ထာဝရကံဆိုးခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်နှင့် ဝေးသည့် မှောင်မိုက်သော နေရာ" 8:11 ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

အံ့သွားခဲ့ကြိတ်ခြင်းရှိရာ
လွန်ကဲသည့် ဝမ်းနည်းမှုနှင့် ခံစားမှုကို ကိုယ်စားပြုသည်။ 8:11 ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

လူအများခေါ်ထားသော်လည်း၊ ရွေးချယ်သောသူနည်းသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က လူအများကြီးခေါ်ထားသည်၊ သို့သော် အနည်းငယ်ကိုသာ သူရွေးချယ်သည်"

အတွက်ကြောင့်
အကူးအပြောင်းကို မှတ်သားသည့် စာလုံးဖြစ်သည်။ ယေရှုက ပုံဥပမာကို အဆုံးသတ်သည်။ ပုံဥပမာ၏ အဓိကအချက်ကို ရှင်းပြနေသည်။

**Matthew 22:15**

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များက ခက်ခဲသည့်မေးခွန်းများစွာဖြင့် ယေရှုကို ဖမ်းရန် ပရိယာယ်ဆင်ကြသည်။ ဤနေရာ၌ ဖာရိရှဲများက ကဲသာဘုရင်ဆီ အခွန်ပေးသည့်အကြောင်းကို မေးကြသည်။

သူတို့သည် ယေရှု၏ စကားဖြင့်ချောင်းမြောင်းပြီး အပြစ်ပြုခွင့်ကိုမည်သို့ရကြမည်နည်း
"သူတို့က ယေရှုကိုဖမ်းနိုင်ရန် ယေရှုအား မည်သို့ မှားအောင် စကားပြောခိုင်းမည်နည်း"

သူတို့၏တပည့်တော်များ...ဟေရောဒိ
ဖာရိရှဲတို့၏ တပည့်များက ယုဒအာဏာပိုင်များကိုသာ အခွန်ပေးချင်ကြသည်။ ဟေရောဒိများက ရောမအာဏာပိုင်များကိုသာ ပေးချင်ကြသည်။ ဖာရိရှဲတို့က ယေရှု ပြောမည့်အရာသည် အုပ်စုတစ်ခုခုကိုတိုက်ခိုက်မည်ဟု ယုံကြည်ကြသည်။

ဟေရောဒိ
ယုဒဘုရင် ဟေရှဒ်၏ နောက်လိုက်များနှင့် အရာရှိများဖြစ်ကြသည်။ သူသည် ရောမအာဏာပိုင်များနှင့် သူငယ်ချင်းများ ဖြစ်သည်။

လူတို့အကြားတွင် သင်သည် မျက်နှာလိုက်မှုမရှိသလော
"လူတချို့ကို လေးစားမှု မပြမည်လော" သို့မဟုတ် "သင်သည် လူတချို့သည့် အခြားလူတချို့ထက်အရေးကြီးသည်ဟု မထင်သလော"

ကဲသာဘုရင်အားအခွန်ပေးသည်
လူတို့က ကဲသာဘုရင်ထံသို့ တိုက်ရိုက် အခွန်မပေးကြပါ။ သူ၏ အခွန်ခံတစ်ယောက်အား ပေးကြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကဲသာဘုရင် တောင်းဆိုသည့် အခွန်များကို ပေးရန်"

**Matthew 22:18**

လျှို့ဝှက်သောသူတို့ အဘယ့်ကြောင့် ငါ့ကိုစမ်းသပ်ကြသနည်း။
ယေရှုက သူ့ကိုဖမ်းရန် ပရိယာယ်ဆင်သူများကို မေးခွန်းဖြင့် ဆဲဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ လျှို့ဝှက်သောသူတို့ ငါ့ကို မစမ်းသပ်ကြနှင့်" သို့မဟုတ် "သင်တို့ လျှို့ဝှက်သောသူတို့၊ ငါ့ကို စမ်းသပ်ချင်ကြသည်ကို ငါသိသည်"

ဒေနာရိ
တစ်ရက် လုပ်အားခနှင့် ညီမျှသည့် ရောမငွေဒင်္ဂါးဖြစ်သည်။

**Matthew 22:20**

သူတို့ကို
"သူတို့ကို" သည် ဟေရောဒိနှင့် ဖာရိရှဲတို့၏ တပည့်တော်များကို ဆိုလိုသည်။

အဘယ်သူ၏ပုံ အဘယ်သူ၏လိပ်စာဖြစ်သနည်း
ယေရှုက သူပြောသည့်အရာကို လေးနက်စွာ စဉ်းစားကြဖို့ရန် လူများအားမေးခွန်းမေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤပြားစေ့တွင် မည်သူ၏ ရုပ်နှင့် နာမည်ကိုတွေ့ကြသနည်း"

ကဲသာဘုရင်
သူတို့ တုံ့ပြန်ချက်ကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကဲသာဘုရင် ရုပ်ပုံနှင့်နာမည်ရေးထားသည် ပြားစေ့"

ကဲသာဘုရင်၏ ဥစ္စာ
"ကဲသာဘုရင်နှင့်ဆိုင်သော အရာများ'

ဘုရားသခင်၏ ဥစ္စာ
"ဘုရားသခင်နှင့်ဆိုင်သော အရာများ"

**Matthew 22:23**

ဆက်စပ်မှုဖော်ပြချက်
ဇဒ္ဒုကဲများက သေနေသော လူ ပြန်ရှင်ပြန်ထမြောက်မည့်အကြောင်းနှင့် လက်ထပ်မင်္ဂလာပွဲအကြောင်း စသည့်မေးခွန်းဖြင့် ယေရှုကို ပရိယာယ်ဆင်ရန် ကြိုးစားကြသည်။

ဆရာ၊ မောရှေက "လူတစ်ယောက်သေလျှင်"
ဘာသာရေးခေါင်းဆောင်များက ယေရှုကို မောရှေကကျမ်းစာတွင် ဘာရေးခဲ့သည့်အကြောင်းကို မေးကြသည်။ သင့်ဘာသာစကားတွင် ကိုးကားချက်အထဲ၌ ကိုးကားချက်ထားရန် အဆင်မပြေပါက သွယ်ဝိုက်ကိုးကားချက်ဖြင့် ရေးနိုင်သည်။ "ဆရာ၊ လူတစ်ယောက်သေလျှင် မောရှေက"

သူ့ညီအစ်ကို...သူ့မယား...သူ့ညီအစ်ကို
"သူ၏" သည် သေနေသောလူကို ဆိုလိုသည်။

**Matthew 22:25**

ဆက်စပ်မှုဖော်ပြချက်
ဇဒ္ဒုကဲများက ယေရှုကို မေးခွန်းဆက်မေးကြသည်။

ပထမ..ဒုတိယ..တတိယ..သတ္တမ

သူတို့အားလုံးပြီးနောက်
"ညီအစ်ကိုအားလုံး သေကြပြီးနောက်"

သို့ရာတွင်
ဇဒ္ဒုကဲများက သူတို့မေးသည့်မေးခွန်းမှ ညီအစ်ကိုခုနစ်ယောက်အကြောင်းကို မေးခွန်းမေးကြသည်။


generated on Tue Mar 12 16:35:02 2024

ရှင်ပြန်ထမြောက်ခြင်း၌
"သေနေသောလူ အသက်ပြန်ရလာလျှင်"

## Matthew 22:29

သင်သည်မှားသည်
ရှင်ပြန်ထမြောက်ခြင်းနှင့် ပတ်သက်၍ သူတို့အထင်သည်မှားကြောင်း ယေရှုက ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ရှင်ပြန်ထမြောက်ခြင်းနှင့် ပတ်သက်၍ မှားယွင်းစွာ ခံယူကြသည်"

ဘုရားသခင်၏တန်ခိုး
"ဘုရားသခင် တတ်နိုင်သည့်အရာ"

ရှင်ပြန်ထမြောက်သည့်ချိန်၌
"သေနေသောလူများ ထမြောက်ကြသည့်အခါတွင်"

သူတို့ စုံဖက်မည်မဟုတ်
"လူတို့က လက်ထပ်ကြမည် မဟုတ်"

ထိမ်းမြားပေးစားခြင်းမပြု
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့ကို စုံဖက်ခြင်းမပြုစေရပါ"

## Matthew 22:31

ယေဘုယျအချက်အလက်
အပိုဒ် 22:32 ၌ ယေရှုက ထွက်မြောက်ရာကျမ်းမှကောက်နုတ်ပြီး လူတို့သည် သေပြီးနောက် ပြန်ရှင်ကြသည့်အကြောင်းကို ပြောသည်။

သင်တို့မဖတ်ဖူးသလော...ယာကုပ်တို့။
ဘာသာရေးခေါင်းဆောင်များက ကျမ်းစာမှ သူတို့ဘာဖတ်ရှုခဲ့ကြသည့်အရာကို ယေရှုက ပြန်နှိုးဆော်သည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဖတ်ပြီးသည်ဟု ငါသိသည်၊ သို့သော် သင်တို့ နားမလည်သည့် ပုံပေါက်သည်....ယာကုပ်တို့။"

သင့်ထံသို့ပြောသည့်အရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်ဆီပြောသည့်အရာ"

ဘုရားသခင်က "ငါသည်...ယာကုပ" ပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေထံ စကားပြောသည့် ဘုရားသခင် အာဗြဟံ၏ ဘုရား၊ ဣဇက်၏ ဘုရား၊ ယာကုပ်၏ ဘုရားဖြစ်သည်ဟု ပြောသည်"

သေနေသောသူ၊ သို့သော် အသက်ရှင်နေသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "သေနေသော သူတို့၊ သို့သော် သူသည် အသက်ရှင်သော သူတို့၏ ဘုရားဖြစ်တော်မူသည်"

## Matthew 22:34

ဆက်စပ်မှုဖော်ပြချက်
မောရှေ၏ ဥပဒေများကို ကောင်းစွာနားလည်သူ တစ်ယောက်က ယေရှုကို ပရိယာယ်ဆင်ပြီး ဖမ်းရန် အကြီးမြတ်ဆုံး အမိန့်တော်နှင့်ပတ်သက်ပြီး ခက်ခဲသည့် မေးခွန်းကို မေးသည်။

ကျမ်းတတ်တစ်ယောက်
"ဥပဒေကျွမ်းကျင်သူ" မောရှေ၏ ဥပဒေများကို ကောင်းစွာ နားလည်နိုင်စွမ်းရှိသည့် ဖာရိရှဲဖြစ်သည်။

## Matthew 22:37

ယေဘုယျအချက်အလက်
ယေရှုက တရားဟောရာကျမ်းထဲမှ ကောက်နုတ်၍ အကြီးဆုံးသော ပညတ်တော်ကို ပြောသည်။

စိတ်နှလုံးအကြွင်းမဲ့ ညာဏ်ရှိသမျှ၊ စိတ်ရှိသမျှ
ဤစကားစုသုံးခု စလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ လူတစ်ယောက်က ဘုရားသခင်ကို သူ၏ အတွင်းစိတ်အားလုံးနှင့် ကိုးကွယ်၍ ချစ်ရန် ဖြစ်သည်။

အကြီးဆုံးနှင့်ပထမဆုံးသော ပညတ်တော်
"ကြီးသော" နှင့် "ပထမ" သည် အတူတူဖြစ်သည်။ ဤအရာသည် အရေးကြီးဆုံးသော ပညတ်တော်ဖြစ်ကြောင်းကို အလေးနက်ပေးချင်သည့်အတွက် ဖြစ်သည်။

## Matthew 22:39

ယေဘုယျအချက်အလက်
ယေရှုက ဝတ်ပြုရာကျမ်းမှ ဒုတိယအကြီးဆုံး ပညတ်တော်ကို ကိုးကားသည်။

ဒုတိယကပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "နောက်ထပ်အရေးကြီးသည့် ပညတ်တော်ရှိသေးသည်" သို့မဟုတ် (၂) "ထိုကဲ့သို့အရေးကြီးသည့် ဒုတိယပညတ်တော်ရှိသည်။ ယေရှုက ဤပညတ်တော်နှစ်ပါးသည် အခြားသောပညတ်တော်များထက် ပို၍အရေးကြီးသည်ကို ဆိုလိုသည်။

ဒုတိယပညတ်တော်

ကဲ့သို့
22:37 ထဲက ပညတ်တော်အတိုင်းကို ဆိုလိုသည်။

သင့်အိမ်နီးချင်း
"အိမ်နီးချင်း' သည် ငါတို့ နီးနားမှာနေထိုင်သူများထက်ပိုသည်ကို ဆိုလိုသည်။ ယေရှုက လူအားလုံးကို ချစ်ရန် ဆိုလိုသည်။

ဤပညတ်နှစ်ပါးတို့ကားပညတ္တိကျမ်းနှင့်အနာဂတ္တိ ကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်း။
"ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏" သည် ကျမ်းစာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေနှင့် ပရောဖက်များရေးသည့် ကျမ်းစာထဲကအားလုံးသည် ဤပညတ်နှစ်ပါးကိုသာ အခြေခံသည်"

## Matthew 22:41

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများအား ခက်ခဲသည့် မေးခွန်းမေးခြင်းဖြင့် ပရိယာယ်ဆင်၍ ဖမ်းရန်ကြိုးပမ်းမှုကို ရပ်တန့်စေသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ ကူးသွားသည့် အချက်ပြစာလုံးဖြစ်သည်။ ယေရှုက ဘာသာရေးခေါင်းဆောင်များကိုမေးခွန်းမေးသည့်အခါ မသဲက ဇာတ်လမ်းအသစ်ကိုပြောပြသည်။

သား…ဒါဝိဒ်၏ သား
"သား" နှစ်ခုစလုံးက "မျိုးဆက်" ကို ဆိုလိုသည်။

**Matthew 22:43**

ယေဘုယျအချက်အလက်
ခရစ်တော်သည် "ဒါဝိဒ်၏ သားတော်" ထက် ပိုသည်ကို ပြရန် ယေရှုက ဆာလံကို ကိုးကားသည်။

ဒါဝိဒ်သည် သူ့ကို သခင်ဟူ၍ ဝိညာဉ်တော်အားဖြင့် အဘယ့်ကြောင့်ခေါ်သနည်း။
သူကိုးကားထားသည့် ဆာလံအကြောင်းကို ဘာသာရေးခေါင်းဆောင်များက လေးနက်စွာ စဉ်းစားကြရန် ယေရှုက မေးခွန်းသုံးထားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အဘယ့်ကြောင့် ဒါဝိဒ်က သူ့ကို ဝိညာဉ်တော်အားဖြင့် သခင်ဟု ခေါ်သနည်း"

ဝိညာဉ်တော်ဖြင့် ဒါဝိဒ်
"ဝိညာဉ်တော်က မှုတ်သွင်းထားသည့် ဒါဝိဒ်" ဒါဝိဒ် ပြောသမျှကို သန့်ရှင်းသော ဝိညာဉ်တော်က လွှမ်းမိုးထားသည် ဟု ဆိုလိုသည်။

သူ့ကိုခေါ်ပါ
"သူ့ကို" သည် ခရစ်တော်၊ ဒါဝိဒ်၏ မျိုးဆက်ကို ဆိုလိုသည်။

သခင်ကပြောသည်
"သခင်" သည် ခမည်းတော်ဘုရားကို ဆိုလိုသည်။

ငါ့သခင်ဆီသို့
"သခင်" သည် ခရစ်တော်ကို ဆိုလိုသည်။ "ငါ၏" ဒါဝိဒ်ကိုလည်း ဆိုလိုသည်။ ခရစ်တော်သည် ဒါဝိဒ်ထက်ကြီးမြတ်သည်ကို ဆိုလိုသည်။

ငါ၏လက်ယာဘက်၌
"ငါ၏" သည် ခမည်းတော်ဘုရားကို ဆိုလိုသည်။ "လက်ယာ" သည် လေးစားမှုနေရာကို ရည်ညွှန်းရန် သုံးလေ့ရှိသည်။

သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါချထားသည့်တိုင်
အခြားသောဘာသာပြန်ဆိုချက်၊ "သင့်၏ ရန်သူများကို ငါအုပ်စိုးသည့်တိုင်" သို့မဟုတ် "သင့်ရန်သူများကို သင့်ရှေ့တွင် ပြပ်ဝပ်ခိုင်းသည့်တိုင်"

**Matthew 22:45**

ဆက်စပ်မှုဖော်ပြချက်
ဘာသာရေးခေါင်းဆောင်များက ယေရှုအား ခက်ခဲသည့်မေးခွန်းများဖြင့် ထောင်ချောက်ဆင်၍ ဖမ်းရန် ကြိုးစားနေမှု၏ အဆုံးပိုင်းဖြစ်သည်။

ယေဘုယျအချက်အလက်
19:1, ၌စဖော်ပြထားသည့် ယေရှု၏ ယုဒပြည်၌ သာသနာအကြောင်း၏ အဆုံးပိုင်းဖြစ်သည်။

ဒါဝိဒ်က ခရစ်တော်ကို သခင်ဟုခေါ်လျှင် "ဒါဝိဒ်၏သားများက မည်သို့နည်း"
သူပြောသည့်အရာကို ဘာသာရေးခေါင်းဆောင်များက လေးနက်စွာ စဉ်းစားကြရန် မေးခွန်းသုံးထားခြင်းဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဒါဝိဒ်က သူ့ကိုသခင်ဟု ခေါ်သည်။ ထို့ကြောင့် ခရစ်တော်သည် ဒါဝိဒ်မျိုးဆက်ထက် ကြီးမြတ်သည်"

ဒါဝိဒ်က ခရစ်တော်ကို ခေါ်လျှင်
ဒါဝိဒ်က ခရစ်တော်ကို "သခင်" ဟု ဆိုလိုသည်မှာ ယေရှုသည် ဒါဝိဒ်မျိုးဆက်သာမက သူ့ထက်ကြီးမြတ်သည်ကိုဆိုလိုသည်။

သူ့ကိုစကားဖြင့် ပြန်ဖြေသည်
"စကား" သည် လူပြောသည့်အရာကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို တစ်ခုခုဖြင့် ဖြေရန်" သို့မဟုတ် "သူ့ကို ဖြေကြားရန်"

မေးခွန်းရှိသေးသလော။
ဘာသာရေးခေါင်းဆောင်များက သူ့ကို ဖမ်းရန် ပြောမှားလာရန် မေးခွန်းမျိုး မည်သူကမျှ မမေးကြသည်ကိုဆိုလိုသည်။

---

## Translation Questions

**Matthew 22:5**

ဘုရင့်သားမင်္ဂလာဆောင် စားသောက်ပွဲသို့ ဖိတ်ကြားခြင်းခံရသောသူတို့သည် လာရောက်ဖိတ်သောဘုရင်၏အစေခံတို့ကို ဘာလုပ်သနည်း။
ဖိတ်ကြားခြင်းခံရသောသူအချို့တို့သည် အလေးအနက်မထားဘဲမိမိတို့၏ ကိုယ်ပိုင်အလုပ်ခွင်သို့သွားကြပြီး၊ အချို့တို့သည်ဘုရင့်အစေခံတို့ကို နှိပ်စက်ခြင်း၊ အသေသတ်ခြင်းပြုကြပါသည်။

မင်္ဂလာဆောင်ပွဲသို့ ပထမဖိတ်ကြားခြင်းခံရသူတို့အားဘုရင်ကဘာလုပ်သနည်း။
ဘုရင်သည်မိမိ၏စစ်တပ်ကို စေလွှတ်၍အစေခံတို့ကိုသတ်သောထိုသူတို့အား လုပ်ကြံ၍ မြို့ကိုပါမီးရှို့စေပါသည်။

**Matthew 22:8**

ထို့နောက်ဘုရင်က မည်သူတို့အား မင်္ဂလာဆောင်ပွဲသို့လာရန် ဖိတ်ကြားသနည်း။
ထို့နောက်ဘုရင်က သူ၏အစေခံတို့အား လမ်းမတကာသို့သွား၍တွေ့သမျှကောင်းသူ၊ မကောင်းသူအပေါင်းကိုရှာလျက် မင်္ဂလာဆောင်ပွဲသို့လာရန် ဖိတ်ကြားပါသည်။

**Matthew 22:13**

မင်္ဂလာဆောင်ပွဲသို့မင်္ဂလာဆောင်ပွဲ၏ဝတ်စုံမဝတ်သောသူတယောက်အားဘုရင်က မည်သို့လုပ်သနည်း။
ဘုရင်သည်ထိုသူ့အားတုပ်နှောင်စေလျက် အပြင်ဖက်မှောင်မိုက်ရာအရပ်သို့လွှင့်ပစ်လိုက်စေပါသည်။


generated on Tue Mar 12 16:35:02 2024

## Matthew 22:15

ဖါရိရှဲတို့သည် ယေရှုအား မည်သို့လုပ်ရန်ကြိုးစားသနည်း။
ဖါရိရှဲတို့က ယေရှုပြောသောစကားများအားဖြင့် ယေရှုအား ထောင်ချောက်ဆင်ရန် ကြိုးစားကြပါသည်။

ဖါရိရှဲတို့၏ လူများသည် ယေရှုကို မည်သည့်မေးခွန်းကိုမေးသနည်း။
ထိုသူတို့က ဥပဒေကြောင်းအရ အခွန်ငွေကိုကဲသာဘုရင်ထံဆက်အပ်သလော၊ မဆက်အပ်သလောဟု မေးကြပါသည်။

## Matthew 22:20

ဖါရိရှဲ၏ လူများမေးခွန်းကို ယေရှုကမည်သို့ဖြေသနည်း။
ယေရှုက ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်ထံသို့ဌင်း၊ ဘုရားသခင်၏ဥစ္စာကို ဘုရားသခင်ထံသို့ဌင်း ဆက်သရန်ဖြေကြားပါသည်။

## Matthew 22:23

ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ဇဒ္ဒုကဲတို့ကမည်သို့ယုံကြည်ကြသနည်း။
ဇဒ္ဒုကဲတို့ကရှင်ပြန်ထမြောက်ခြင်းမရှိဟု ယုံကြည်ကြပါသည်။

## Matthew 22:25

ဇဒ္ဒုကဲအကြောင်းနှင့်ပတ်သက်၍၊ မိန်းမတယောက်၌ ယောက်ျားဘယ်နှစ်ယောက်ရှိသနည်း။
ထိုမိန်းမ၌ ယောက်ျားခုနစ်ယောက် ရှိပါသည်။

## Matthew 22:29

ယေရှုက ဇဒ္ဒုကဲတို့မသိသောအရာနှစ်ခုကို မည်သို့ပြောသနည်း။
ယေရှုက ဇဒ္ဒုကဲတို့မသိသောအရာနှစ်ခုမှာ ကျမ်းစာကိုနားမလည်ခြင်းနှင့်ဘုရား၏တန်ခိုးကို မသိခြင်းတို့ ဖြစ်ကြောင်း ပြောပါသည်။

ယေရှုက ထမြောက်ရာကာလ၌ထမ်းမြားခြင်းနှင့်ပတ်သက်ပြီး မည်သို့ပြောသနည်း။
ယေရှုက ထမြောက်ရာကာလ၌ ထိမ်းမြားစုံဖက်ခြင်းမရှိဟု ပြောပါသည်။

## Matthew 22:31

ကျမ်းစာထဲမှ ထမြောက်ခြင်းအကြောင်းကို ယေရှုကမည်သို့ဖေါ်ပြသနည်း။
ယေရှုကကျမ်းစာကိုကိုးကားလျက်၊ ဘုရားသခင်က ငါသည်အာဗြဟံ၊ ဣဇက် နှင့် ယာကုပ်တို့၏ အသက်ရှင်သောဘုရား ဖြစ်သည်ဟုဖေါ်ပြပါသည်။

## Matthew 22:34

ဖါရိရှဲ၏ရှေ့နေက မည်သည့်မေးခွန်းကို ယေရှုအားမေးသနည်း။
ဖါရိရှဲ၏ရှေ့နေက ပညတ်တကာတို့တွင် မည်သည့်ပညတ်သည်အမြတ်ဆုံးဖြစ်သနည်းဟု ယေရှုအားမေးပါသည်

## Matthew 22:37

ယေရှုကမည်သည့်ပညတ်သည်အမြတ်ဆုံးနှင့် ပထမဆုံးဖြစ်သည်ဟု ပြောသနည်း။
ယေရှုက သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုယ်၊စိတ်၊နှလုံး သုံးပါးနှင့်ချစ်ပါဟူသောပညတ်သည်အမြတ်ဆုံးနှင့်ပထမဆုံးပညတ်ဖြစ်သည်ဟု

## Matthew 22:39

ဒုတိယပညတ်မှာ မည်သို့ဖြစ်သည်ဟု ယေရှုကပြောသနည်း။
ယေရှုက ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ပါဟူသောပညတ်မှာ ဒုတိယပညတ်ဖြစ်သည်ဟု ပြောပါသည်။

## Matthew 22:41

ယေရှုက ဖါရိရှဲတို့အား မည်သို့မေးသနည်း။
ယေရှုကဖါရိရှဲတို့အားခရစ်တော်သည် မည်သူ၏သားဖြစ်သနည်းဟု မေးပါသည်။

ဖါရိရှဲတို့ကယေရှုအားမည်သို့ပြန်ဖြေသနည်း။
ဖါရိရှဲတို့က ခရစ်တော်သည် ဒါဝိဒ်၏သားဖြစ်သည်ဟုယေရှုအားပြန်ဖြေပါသည်။

## Matthew 22:45

ယေရှုက ဖါရိရှဲတို့အား ဒုတိယအကြိမ်မည်သည့် မေးခွန်းကိုမေးသနည်း။
ယေရှုက ဒါဝိဒ်သည် ခရစ်တော်ကိုအဘယ်ကြောင့်အရှင်သခင်ဟု ခေါ် ရသနည်းဟု ဖါရိရှဲတို့အား ဒုတိယအကြိမ်မေးပါသည်။

ဖါရိရှဲတို့က ယေရှုအားမည်သို့ ပြန်ဖြေသနည်း။
ဖါရိရှဲတို့သည် ယေရှုအား မည်သို့မျှ မဖြေကြားနိုင်ပါ။

## Chapter 23

1 ထိုအခါ ယေရှုသည် တပည့်တော်တို့နှင့် လူပေါင်းတို့အား ဟောပြောတော်မူသည်ကား၊ 2 ကျမ်းပြုဆရာ၊ ဖာရိရှဲတို့သည်
မောရှေ၏ထိုင်ရာ ပလ္လင်ပေါ်မှာထိုင်ကြ၏။ 3 ထို့ကြောင့် သူတို့စီရင်ထုံးဖွဲ့သမျှတို့ကို စောင့်ရှောက်၍ပြုကြလော့။ သူတို့၏
အကျင့်အတိုင်း မကျင့် ကြနှင့်။ အကြောင်းမူကား၊ သူတို့သည် စီရင်ထုံးဖွဲ့သော်လည်း ကိုယ်တိုင်မကျင့်ကြ။ 4 အလွန်လေး၍
ထမ်းခဲသောဝန်တို့ကို ပြင်ဆင်၍သူတပါးပခုံးပေါ်မှာ တင်တတ်ကြ၏။ မိမိတို့မူကား လက်ဖျားနှင့်မျှ မရွေ့လိုကြ။ 5 သူတို့သည်
ပြုသမျှသောအကျင့်အမှုတို့ကို လူများရှေ့မှာ ထင်ရှားစေခြင်းငှါပြုကြ၏။ ကျယ်သော လက်ဖွဲ့တို့ကိုငှင်း၊ ကြီးသော ပန်းပွားတို့ကိုငှင်း
ဝတ်လေ့ရှိကြ၏။ 6 ပွဲသဘင်၊ တရားစရပ်တို့၌ မြင့်မြတ်သောနေရာ ထိုင်ရာကိုငှင်း၊ 7 ဈေး၌ ရိုသေစွာနှုတ်ဆက်ခြင်းကိုငှင်း၊
အရှင်ဘုရား အရှင်ဘုရားဟု လူများခေါ်ဝေါ်ခြင်းကိုငှင်း နှစ် သက်ကြ၏။ 8 သင်တို့မူကား အရှင်ဘုရားဟု ခေါ်ဝေါ်ခြင်းကိုမခံကြနှင့်။
ခရစ်တော်တည်းဟူသော သင်တို့ဥပဇ္ဈာယ် ဆရာတပါးတည်းရှိ၏။ သင်တို့အပေါင်းသည် ညီအစ်ကို ချင်းဖြစ်ကြ၏။ 9 မြေကြီးပေါ်မှာ
အဘယ်သူကိုမျှအဘဟူ၍မခေါ်ဝေါ်ကြနှင့်။ ကောင်းကင်ဘုံ၌ သင်တို့အဘတပါး တည်းရှိတော်မူ၏။ 10 ဥပဇ္ဈာယ်ဆရာဟု
ခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ ခရစ်တော်တည်းဟူသော သင်တို့ဥပဇ္ဈာယ်ဆရာတပါး တည်းရှိ၏။ 11 သင်တို့တွင်
အကြီးဖြစ်သောသူသည် သင်တို့အစေခံဖြစ်ရ၏။ 12 အကြင်သူသည် မိမိကိုချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းသို့ရောက်လတံ့။
အကြင်သူသည် မိမိကို နှိမ့်ချအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ ရောက်လတံ့။ 13 လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊
သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်း ကင်နိုင်ငံတော်၏ တံခါးကိုလူတို့ရှေ့မှာပိတ်ထား၍ မိမိတို့လည်းမဝင်၊
ဝင်လိုသောသူတို့ကိုလည်း ဆီးတား ကြ၏။ 14 လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။
အကြောင်းမူကား၊ မုတ်ဆိုးမ အိမ်ကို လုယူသိမ်းစား၍၊ အပြစ်မပေါ်စေခြင်းငှါ ရှည်စွာသော ပဌနာစကားကို ရွတ်တတ်ကြ၏။
ထို့ကြောင့် သာ၍ ကြီးစွာသော ဒဏ်ကိုခံရကြလတံ့။ 15 လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။
အကြောင်းမူကား၊ လူ တ ယောက်ကိုပင် ဘာသာသွင်းခြင်းငှါ ကုန်းကြောင်းရေကြောင်းပတ်ပတ်လှည့်လည်၍ ဘာသာသွင်းပြီးသောသူ
ကိုလည်း၊ မိမိတို့ထက် နှစ်ဆသောငရဲသားဖြစ်စေကြ၏။ 16 လမ်းပြသောလူကန်းတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။
ဗိမာန်တော်ကိုတိုင်တည်၍ ကျိန်ဆိုခြင်းကို ပြုလျှင်မတည်။ ဗိမာန်တော်၏ ရွှေကိုတိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလျှင်
တည်သည်ဟုသင်တို့ဆိုကြ၏။ 17 လူမိုက်လူကန်းတို့၊ အဘယ်အရာသည်သာ၍ မြတ်သနည်း။ ထိုရွှေကားမြတ်သလော။ ထိုရွှေကို
သန့်ရှင်းစေသော ဗိမာန်တော်ကားမြတ်သလော။ 18 တနည်းကား၊ ယဇ်ပလ္လင်ကို တိုင်တည်၍ ကျိန်ဆိုခြင်းကိုပြုလျှင် မတည်။
ယဇ်ပလ္လင်ပေါ်မှာရှိသော ပူဇော်သက္ကာကို တိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလျှင် တည်သည်ဟု သင်တို့ဆိုကြ၏။ 19 လူမိုက်လူကန်းတို့၊
အဘယ်အရာသည်သာ၍ မြတ်သနည်း။ ထိုပူဇော်သက္ကာကား မြတ်သလော။ ထို ပူဇော်သက္ကာကို သန့်ရှင်းစေသော
ယဇ်ပလ္လင်ကားမြတ်သလော။ 20 ထို့ကြောင့် ယဇ်ပလ္လင်ကိုတိုင်တည်၍ ကျိန်ဆိုလျှင်၊ ယဇ်ပလ္လင်မှစ၍ ယဇ်ပလ္လင်ပေါ်မှာ ရှိသမျှကို တိုင်
တည်၍ ကျိန်ဆိုသတည်း။ 21 ဗိမာန်တော်ကိုတိုင်တည်၍ ကျိန်ဆိုလျှင်၊ ဗိမာန်တော်မှစ၍ ဗိမာန်တော်၌ ကျိန်းဝပ်တော်မူသောသူ ကို
တိုင်တည်၍ ကျိန်ဆိုသတည်း။ 22 ကောင်းကင်ဘုံကိုတိုင်တည်၍ ကျိန်ဆိုလျှင်၊ ပလ္လင်တော်ကိုငှင်း၊ ပလ္လင်တော်ပေါ်မှာ
ထိုင်တော်မူသော သူကိုငှင်း တိုင်တည်၍ကျိန်ဆိုသတည်း။ 23 လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်း၊ စမွတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဘို့တဘို့ လှူကြသည်တွင်
တရားသဖြင့်စီရင်ခြင်း၊ သူတပါးကို သနား ခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားတွင် လေးသောအရာတို့ကိုကား
လုပ်၍ထားကြ၏။ အရင် ဆိုသောအရာတို့ကို မလုပ်မထား၊ နောက်ဆိုသောအရာတို့ကို ကျင့်ရမည်။ 24 လမ်းပြသောလူကန်းတို့၊
သင်တို့သည် ခြင်တကောင်ကိုမျှ မပါစေခြင်းငှါ ရေကိုစစ်လျက်နှင့် ကုလား အုပ်ကို မျိုကြ၏။ 25 လျှို့ဝှက်သော ကျမ်းပြုဆရာ၊
ဖာရိရှဲတို့ ၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ဖလား၊ လင်ပန်းကို အပြင်၌ဆေးကြောကြ၏။ အတွင်း၌ကား
လုယူခြင်း၊ မတရားသဖြင့် ကျင့်ခြင်းနှင့် ပြည့်လျက်ရှိ၏။ 26 မျက်စိကန်းသော ဖာရိရှဲ၊ ဖလား၊ လင်ပန်းကို အတွင်း၌ရှေ့ဦးစွာ
ဆေးကြောလော့။ သို့ပြုလျှင် အပြင် ကား သန့်ရှင်းလိမ့်မည်။ 27 လျှို့ဝှက်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်
အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ အဖြူ သုတ်သောသင်္ချိုင်းတွင်းနှင့်တူကြ၏။ ထိုတွင်းသည် အပြင်၌တင့်တယ်စွာတကား။
အတွင်း၌ကား လူသေအရိုး၊ အညစ်အကြေးအမျိုးမျိုးနှင့် ပြည့်လျက်ရှိ၏။ 28 ထိုအတူ သင်တို့သည်အပြင်၌
လူတို့ရှေ့မှာဖြောင့်မတ်ဟန်ရှိ၏။ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရား သဖြင့် ကျင့်ခြင်းနှင့် ပြည့်လျက်ရှိကြ၏။ 29 လျှို့ဝှက်သော
ကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပရောဖက်မှစ၍ ဖြောင့်မတ်သောသူတို့၏
သင်္ချိုင်းတွင်းနှင့် အရိုးအိုးတို့ကို တည်လုပ်၍ တန်ဆာဆင်သဖြင့်၊ 30 ငါတို့သည် ဘိုးဘေးတို့လက်ထက်၌ရှိလျှင်၊ ပရောဖက်တို့ကို
သက်သည်အမှုကိုလက်မခံပြီဟု ဆိုကြ၏။ 31 ထိုသို့ဆိုသော်၊ သင်တို့သည် ပရောဖက်တို့ကိုသတ်သောသူတို့၏
အမျိုးအနွယ်ဖြစ်သည်ကို ကိုယ်အဘို့ ကိုယ်သက်သေခံကြ၏။ 32 သို့ဖြစ်၍ ဘိုးဘေးတို့၏ အကျင့်ပမာဏကိုမှီအောင် ကျင့်ကြလော့။
33 မြွေဆိုးအမျိုးတို့၊ သင်တို့သည် အပြစ်ငရဲမှ အဘယ်သို့လွတ်နိုင်ကြမည်နည်း။ 34 ထို့ကြောင့် ဗျာဒိတ်တော်အချက်ဟူမူကား
ပရောဖက်ပညာရှိကျမ်းပြုဆရာတို့ကို သင်တို့ရှိရာသို့ ငါ စေလွှတ်၏။ ထိုသူအချို့တို့ကိုကွပ်မျက်၍ လက်ဝါးကပ်တိုင်၌
သတ်ကြလိမ့်မည်။ အချို့တို့ကို တရားစရပ်၌ ရိုက်၍ တမြို့မှတမြို့သို့ ညှဉ်းဆဲနှင်ထုတ်ကြလိမ့်မည်။ 35 ထို့ကြောင့် ဖြောင့်မတ်သော
အာဗေလ၏အသွေးမှစ၍၊ အတွင်းဗိမာန်တော်နှင့် ယဇ်ပလ္လင်၏ အကြား ၌ သင်တို့သတ်ကြသော
ဗာရခိသားဇာခရိ၏အသွေးတိုင်အောင် မြေကြီးအပေါ်၌ သွန်းပြီးသမျှသော သူတော် ကောင်းတို့၏အသွေးသည် သင်တို့ ခေါင်းပေါ်သို့
ရောက်လိမ့်မည်။ 36 ငါအမှန်ဆိုသည်ကား၊ ဤအရာများတို့သည် ယခုဖြစ်သောလူများအပေါ်သို့ ရောက်ကြလိမ့်မည်။ 37
အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည်ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့်
ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ
ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ 38 သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏။ 39 ငါဆိုသည်ကား၊

ထာဝရဘုရား၏အခွင့်နှင့် ကြွလာသောသူသည်မင်္ဂလာရှိစေသောဟု သင်တို့မပြောမီ တိုင်အောင် ယခုမှစ၍ သင်တို့သည်ငါ့မျက်နှာကို မမြင်ရကြဟု မိန့်တော်မူ၏။

---

---

### Matthew 23:1

ယေဘုယျအချက်အလက်
25:44 ထိ ဖော်ပြသည့် ကယ်တင်ခြင်းနှင့်နောက်ဆုံးတရားစီရင်ခြင်းအကြောင်း ယေရှုသင်ပေးသည့်အကြောင်းအရာဖြစ်သည်။ ဤနေရာ၌ ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကို သတိထားရန် လူများအား သင်ပေးထားသည်။

မောရှေ၏ထိုင်ခုံတွင်ထိုင်သည်
"ထိုင်ခုံ" သည် အုပ်ချုပ်မှု အာဏာနှင့် တရားစီရင်ခြင်းအာဏာကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မောရှေ၌ ရှိသည့် အာဏာရှိခြင်း" သို့မဟုတ် "မောရှေ ပညတ်တော်ပြောသည့် အာဏာရှိခြင်း"

မည်သည့်အရာမဆို
"ဘယ်အရာမဆို" သို့မဟုတ် "အရာရာတိုင်း"

### Matthew 23:4

ထမ်းရန်ခက်သောဝန်တို့ကို ပြင်ဆင်၍ တပါးသူပခုံးပေါ်မှာတင်တတ်ကြသည်။
"ဝန်များ" သည် ဘာသာရေးခေါင်းဆောင်များက ဖန်တီးကြသည့် စည်းမျဉ်းစည်းကမ်းများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လိုက်နာရန် ခက်ခဲသည့် စည်းမျဉ်းများကို သင်တို့အား လိုက်နာစေသည်"

သူတို့ကိုယ်တိုင် လက်ချောင်းကို မရွေ့လို့ကြ
"လက်ချောင်းရွေ့" သည် အကူညီပေးခြင်းကို တင်စားသည့်အရာ ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့က ကူညီမှု အနည်းငယ်ကိုမျှ မပေးလိုကြ"

သူတို့က သူတို့လုပ်သည့်အရာအားလုံးကို လူများအားမြင်စေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့ ဘာလုပ်ကြသည်ကို လူများက မြင်နိုင်ကြရန် လုပ်ကြသည်"

သူတို့၏ထမ်းခဲသောဝန်ကို ကျယ်စေ၍၊ သူတို့အဝတ်ဖျားများကို ကြီးစေကြသည်
ဤစကားစုနှစ်ခုလုံးက ဖာရိရှဲတို့က တခြားသောလူများထက် ဘုရားသခင်ကို လေးစားကြသည့် အတွက် ဖြစ်သည်။

ထမ်းခဲသောဝန်
ကျမ်းစာနှင့် စာရွက်များပါသည့် သားရေသေတ္တာငယ်

သူတို့အဝတ်များ၏ အဖျားများကို ကြီးစေကြသည်
ဖာရိရှဲများက သူတို့၏ ပန်းပွားများကို ကြိုးအရှည်ကြီးထား၍ ဘုရားသခင်အား သူတို့၏ ကိုးကွယ်မှုကို ပြသကြသည်။

### Matthew 23:6

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ဖာရိရှဲများအကြောင်းကို လူအုပ်နှင့်သူ့တပည့်တော်များအား ဆက်ပြောပြသည်။

မြင့်မြတ်သောနေရာ...မြင့်မြတ်သောထိုင်ခုံ
ဤစကားလုံးနှစ်ခုစလုံးက အရေးကြီးဆုံးသောလူများထိုင်သည့်နေရာများကို ဆိုလိုသည်။

ဈေးများ
လူများက အရောင်း၊ အဝယ်ပြုလုပ်ကြသည့်နေရာ

လူများက "ဆရာ" ဟုခေါ်စေချင်ကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူများက သူတို့ကို "ဆရာ" ဟုခေါ်စေချင်ကြသည်"

### Matthew 23:8

သင်တို့သည် ခေါ်ခြင်းမခံရကြ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို မည်သူကမျှ မခေါ်စေကြနှင့်"

သင်
"သင်တို့" အားလုံးသည် အများကိန်းဖြစ်ပြီး ယေရှု၏ နောက်လိုက်များကိုဆိုလိုသည်။

သင်တို့သည် ညီအစ်ကိုများဖြစ်ကြသည်
"ညီအစ်ကို" သည် "ယုံကြည်သူအဖော်များ" ကိုဆိုလိုသည်။

မြေကြီးပေါ်မှာ အဘယ်သူကိုမျှ အဘဟူ၍မခေါ်ကြနှင့်
"အဘဟု မြေကြီးပေါ်မှာ မည်သူကိုမျှ မခေါ်ကြနှင့်" သို့မဟုတ် "မြေကြီးပေါ်မှာ သင့်အဖေဟု မည်သူကို မျှမခေါ်နှင့်"

သင်တို့သည် ခမည်းတော်တပါးတည်းသာရှိသည်
"ခမည်းတော်" သည် ဘုရားသခင်၏ အရေးကြီးသောနာမည် ဖြစ်သည်။

မည်သူမျှ သင်တို့ကိုမခေါ်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ကို မည်သူကမျှမခေါ်စေနှင့်"

သင်တို့တွင်ဥမ္မဇ္ဈယ်ဆရာတပါး ခရစ်တော်သာရှိသည်
ယေရှုက "ခရစ်တော်" ဟု ပြောလျှင် သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ ခရစ်တော်သည် သင်တို့၏ ဆရာတစ်ပါးတည်းဖြစ်သည်။

### Matthew 23:11

သင်တို့တွင် မည်သူက အကြီးမြတ်ဆုံးနည်း
"သင်တို့တွင် အရေးကြီးဆုံးသောသူ"

သင်တို့ကြား၌
"သင်တို့" သည် အများကိန်း၊ ယေရှု၏ နောက်လိုက်များကို ဆိုလိုသည်။

သူ့ကိုသူ ချီးမြှောက်မည်
"သူ့ကိုယ်သူ အရေးကြီးသောသူဖြစ်စေမည်"


generated on Tue Mar 12 16:35:02 2024

နှိမ့်ချခြင်းခံမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နှိမ့်ချမည်"

ချီးမြှောက်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က အရေးကြီးသောသူ ဖြစ်စေမည်" သို့မဟုတ် "ဘုရားသခင်က လေးစားမည်"

**Matthew 23:13**

ဆက်စပ်မှုဖော်ပြချက်
သူတို့၏ ဟန်ဆောင်မှုများကြောင့် ဘာသာရေးခေါင်းဆောင်များကို ယေရှုက ပုတ်ခတ်သည်။

သင်တို့သည် အမင်္ဂလာရှိကြသည်
"သင်တို့အတွက် မည်မျှလောက် ကြောက်စရာကောင်းသနည်း" 11:20. ၌ မည်သို့ရေးသည်ကို ကြည့်နိုင်သည်။

ကောင်းကင်နိုင်ငံတော်၏ တံခါးကို လူတို့ရှေ့မှာပိတ်ထား၍
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့ သို့ အုပ်စိုးသည်ကို ဆိုလိုသည်။ မဿဲကျမ်းတွင်သာတွေ့ရသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟု ဘာသာပြန်သင့်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်း ကင်ဘုံရှင်ဘုရားကို သူတို့ဘုရင်အဖြစ် လက်ခံချင်သည့်လူများကို သင်တို့တားဆီးသည်"

သင်တို့လည်းမဝင်
"ဘုရားသခင်ကို သင်တို့ ဘုရင်အဖြစ် လက်မခံ"

ဝင်လိုသောသူတို့လည်းတားဆီးကြသည်
"ဘုရားသခင်ကို သူတို့ဘုရင်အဖြစ် လက်ခံချင်သောသူများကိုလည်း သင်တို့က ခွင့်မပြု"

ကုန်းကြောင်းရေကြောင်း ပတ်ပတ်လှည့်လည်၍
သူတို့ဝေးသည့်နေရာသို့ သွားကြသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် အလွန်ဝေးသည့် နေရာသို့ ခရီးသွားသည်"

တစ်ယောက်ကို ပြောင်းလဲစေသည်
"သင့်ဘာသာကို လက်ခံစေရန် တစ်စုံတစ်ယောက်အား ပြုလုပ်သည်"

ငရဲသား
"သား" သည် သက်ဆိုင်ခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငရဲနှင့် သက်ဆိုင်သောသူ" သို့မဟုတ် "ငရဲသို့ သွားသင့်သောသူ"

မုဆိုးမ၏အိမ်ကို အတင်းယူသည်
"အတင်းယူသည်" ကို မှတ်စုတွင် ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကာကွယ်မည့်အမျိုးသား မရှိသော မိန်းမတို့၏ ပစ္စည်းကို ခိုးသည်"

**Matthew 23:16**

မျက်ကန်းလမ်းပြ.... မျက်ကန်းမိုက်မဲ
ယုဒခေါင်းဆောင်များသည် ဝိညာဥ်ပိုင်းအရ မျက်ကန်းများ ဖြစ်ကြသည်။ သို့သော် သူတို့ကိုယ် သူတို့ ဆရာများဟုထင်ကြသည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်နိုင်ကြသည်။ 15:12 ၌ "မျက်ကန်းလမ်းပြ" ကို မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ဗိမာန်တော်အားဖြင့် မဟုတ်လျှင် ငွေ့ကဘာမှမဟုတ်ပါ
"ဗိမာန်တော်အားဖြင့် ဤကျိန်ဆိုခြင်းကို မပြု"

ကျိန်ဆိုခြင်းကိုပြုလျှင်
"ကျိန်ဆိုခြင်းနှင့် နှောင်ဖွဲ့သည်" သူလုပ်ဆောင်ရန် ပြော ထားသည့်အရာကို ကျိန်ဆိုခြင်းဖြင့် နှောင်ဖွဲ့သည်ဟု သုံး နှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူကတိထားသည့်အရာကို လုပ်ရမည်"

အဘယ်အရာ ကြီးမြတ်သနည်း။ ရွှေလော ထိုရွှေကို သန့်ရှင်းစေသော ဗိမာန်တော်လော။
ဖာရိရှဲတို့က ရွှေသည် ဗိမာန်တော်ထက် ကြီးမြတ်သည်ဟု ယူဆကြသည့်အတွက် ယေရှုက ဤမေးခွန်းဖြင့် သူတို့ကိုပုတ်ခတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရွှေကို ဘုရားသခင်ဆီ ဆက်ကပ်သော ဗိမာန်တော်သည် ရွှေထက် အရေးကြီးသည်"

ထိုရွှေကို သန့်ရှင်းစေသော ဗိမာန်တော်
"ရွှေကို ဘုရားတပါးတည်းနှင့်သာ သက်ဆိုင်စေသည့်ဗိမာန်တော်"

**Matthew 23:18**

တနည်းကား
နားလည်ထားသည့်အရာကို ရှင်းလင်းစွာဖော်ပြရန်လိုအပ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည်လည်း ပြောသည်"

မည်သည့်အရာမျှ မဟုတ်
"သူကတိထားသည့်အရာကို သူမလုပ်ခဲ့"

ပူဇော်သက္ကာ
တိရိစ္ဆာန် (ဝါ) သီးနှံကို ဘုရားသခင်၏ ယဇ်ပလ္လင်ပေါ်မှာတင်ပြီး လူက ဘုရားအတွက် ယူလာခြင်းဖြစ်သည်။

ကျိန်ဆိုခြင်းကိုပြုလျှင်
"ကျိန်ဆိုခြင်းနှင့် နှောင်ဖွဲ့သည်" သူလုပ်ဆောင်ရန် ပြော ထားသည့်အရာကို ကျိန်ဆိုခြင်းဖြင့် နှောင်ဖွဲ့သည်ဟု သုံး နှုန်းထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူဂတိထားသည့်အရာကို လုပ်ရမည်"

မျက်ကန်းလူများ
ယုဒခေါင်းဆောင်များသည် ဝိညာဥ်ပိုင်းအရ မျက်ကန်းများ ဖြစ်ကြသည်။ သို့သော် သူတို့ကို သူတို့ ဆရာများဟုထင်ကြသည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်နိုင်ကြသည်။

အဘယ်အရာ ကြီးမြတ်သနည်း။ ပူဇော်သက္ကာလော၊ ပူဇော်သက္ကာကိုသန့်ရှင်းစေသည့် ယဇ်ပလ္လင်လော။
ဖာရိရှဲတို့က ပူဇော်သက္ကာသည် ယဇ်ပလ္လင်ထက် ကြီးမြတ်သည်ဟု ယူဆကြသည့်အတွက် ယေရှုက ဤမေးခွန်းဖြင့် သူတို့ကို ပုတ်ခတ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပူဇော်သက္ကာကို သန့်ရှင်းစေသည့် ယဇ်ပလ္လင်သည် ပူဇော်သက္ကာထက် အရေးကြီးသည်"

ပူဇော်သက္ကာကို သန့်ရှင်းစေသည့် ယဇ်ပလ္လင်
"ပူဇော်သက္ကာကို ဘုရားသခင်အတွက် အထူးဖြစ်သည့်ယဇ်ပလ္လင်"

 generated on Tue Mar 12 16:35:02 2024

**Matthew 23:20**

ၵင်းအပေါ်ရှိသည့်အရာတိုင်း
"ၵင်းအပေါ်လူများထားသည့် ပူဇော်သက္ကာအားလုံး"

ထိုအထဲ၌နေသောသူ...ထိုအပေါ်မှာထိုင်သောသူ
ဤစကားစုနှစ်ခုလုံးက ခမည်းတော် ဘုရားသခင်ကို ဆိုလိုသည်။

**Matthew 23:23**

သင်တို့ အမင်္ဂလာရှိကြသည်
"သင်တို့အတွက် မည်မျှလောက်ကြောက်စရာကောင်းသနည်း"
11:20. ၌ မည်သို့ ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

ပင်စိမ်း။ စမွတ်၊ ဇီယာ
ဤအရာများသည် လူတို့က အစားအစာအရသာရှိရန် သုံးသည့် အသီးအရွက်၊ အစေ့များဖြစ်ကြသည်။

သင်တို့ မကျင့်သောအရာ
"သင်တို့ မလိုက်နာသောအရာ"

လေးသောအရာများကို
"ပို၍အရေးကြီးသော အရာများ"

သင်တို့ကျင့်ရမည့်အရာများ
"ပို၍အရေးကြီးသည့် ပညတ်တော်များကို သင်တို့ လိုက်နာသင့်သည်"

အရင်ဆိုသောအရာကို မလှပ်မထား
အခြားသောဘာသာပြန်ဆိုချက်၊ "အရေးသိပ်မကြီးသည့် ပညတ်တော်များကိုလည်း လိုက်နာလျက်"

မျက်ကန်းလမ်းပြဖြစ်သည့် သင်တို့
ဖာရိရှဲများကို ဖော်ပြချင်သည့်အတွက် ယေရှုက ဤတင်စားချက်ကို သုံးထားသည်။ ဖာရိရှဲတို့သည်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားမလည်၊ သူ့ကို စိတ်မချမ်းသာ စေနိုင်ကြသည်။ ထို့ကြောင့် တပါးသူများကို ဘုရားသခင် ကျေနပ်စေနည်း သူတို့ကို မသင်ပေးနိုင်ပါ။ 15:12 ၌ " မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

ခြင်ကိုဖယ်ရှားသော်လည်း ကုလားအုတ်ကိုမျိုချသည့် သင်တို့
အရေးမကြီးသည့် ပညတ်တော်များကို လိုက်နာပြီး၊ အရေးကြီးသည့် ပညတ်တော်များကို လျစ်လျူရှုကြသည်။ သင်တို့သည် မသန့်ရှင်းသော တိရစ္ဆာန်အသေး ဆုံးကို မမျိုချရန် သတိပြုသော်လည်း၊ မသန့်ရှင်းသော တိရစ္ဆာန်အကြီးဆုံး၏ အသားကို ရည်ရွယ်ချက်ရှိရှိ သင်တို့စားကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် သူ့သောက်ရေမှကျသည့် ခြင်ကို ဖယ်ထားသော်လည်း ကုလားအုတ်ကို မျိုချသည့် အရူးများဖြစ်ကြသည်"

ခြင်တစ်ကောင်မျှ မပါစေခြင်းငှာ
သောက်စရာရေမှ ခြင်ကို ရေစစ်ဖြင့် ဖယ်ရှားသည်။

ခြင်
သေးငယ်ပြီး ပျံနိုင်သည့် အင်းဆက်

**Matthew 23:25**

သင်တို့ အမင်္ဂလာရှိကြသည်
"သင်တို့အတွက် မည်မျှလောက်ကြောက်စရာကောင်းသနည်း"
11:20. ၌ မည်သို့ဘာသာပြန်သည်ကို ပြန်ကြည့်နိုင်သည်။

သင်တို့အတွက်မူ ဖလားနှင့် ပန်းကန်၏ အပြင်ကိုသာ သန့်ရှင်းသည်။ သို့သော် အထဲတွင်မူ လောဘနှင့် ကိုယ့်အလိုလိုက်ခြင်းနှင့် ပြည့်နေသည်။
"ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကို ဆိုလိုသည်။ သူတို့သည် တပါးသူအမြင်၌ အပြင်ပန်းတွင် စင်ကြယ်ကြပြီး၊ သူတို့အထဲတွင်မူ အလွန်ဆိုးညစ်ကြသည်"

သူတို့သည် လောဘနှင့် ကိုယ့်အလိုကိုလိုက်ကြသည်
အလိုလိုက်ခြင်း-"တပါးသူများရှိသည့်အရာကို တပ်မက်ကြသည်၊ သူတို့စိတ်ဝင်စားသည့်အတိုင်း ပြုမူကြသည်"

သင်တို့မျက်ကန်းဖာရိရှဲများ
ဖာရိရှဲများသည် ဝိညာဉ်ပိုင်းအရ မျက်စိကန်းကြသည်။ သို့သော် သူတို့ကိုယ်သူတို့ ဆရာများအဖြစ် ယူဆကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူတို့ နားမလည်နိုင်ကြ။

ပန်းကန်၊ ဖလားတို့၏အတွင်းကိုရှေးဦးစွာဆေးလော့။ သို့ပြုလျှင် အပြင်ကား သန့်ရှင်းလိမ့်မည်။
အတွင်း၌ သန့်ရှင်းမည်ဆိုလျှင် အပြင်တွင်မူ ကောင်းစွာသန့်ရှင်းမည်ကို ဆိုလိုသည်။

**Matthew 23:27**

သင်တို့သည် အဖြူသုတ်သော သင်္ချိုင်းတွင်းများနှင့်တူကြသည်...မသန့်ရှင်းကြပါ
ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့သည် အပြင်၌ စင်ကြယ်ဟန်ရှိကြသော်လည်း၊ အတွင်း၌ ညစ်ပတ်ကြသည်ကို ဆို လိုသည့် ဥပမာအသုံးအနှုန်းဖြစ်သည်။

အဖြူသုတ်သော သင်္ချိုင်းတွင်းများ
"တစ်စုံတစ်ယောက်က သင်္ချိုင်းကို အဖြူဆေးသုတ်သည်"
ယုဒလူတို့က သင်္ချိုင်းများကို အဖြူဖြင့် ဆေးသုတ်ကြသည်၊ ထို့ကြောင့် လူတို့က လွယ်လွယ်မြင်ပြီး မထိကြရန်ဖြစ်သည်။ သင်္ချိုင်းထိသူသည် ဘာသာရေးအရမသန့်ရှင်းစေသည်ဟု သတ်မှတ်ကြသည်။

**Matthew 23:29**

ဖြောင့်မတ်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောလူများ"

ငါတို့အဘများ၏ခေတ်တွင်
"ငါတို့ ဘိုးဘေးများ၏ အချိန်တုန်းက"

သူတို့နှင့်အတူ ငါတို့မပါဝင်သင့်ပေ
"သူတို့နှင့်အတူ ငါတို့ မပတ်သက်သင့်ပေ"

သွေးစွန်းသည်
"သွေး" သည် အသက်ကို ဆိုလိုသည်။ သွေးစွန်းသည်သည် သတ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သတ်ခြင်း" သို့မဟုတ် "လူသတ်ခြင်း"

သင်တို့သည် သားများဖြစ်ကြသည်
"သားများ" သည် "မျိုးဆက်များ" ကို ဆိုလိုသည်။

 generated on Tue Mar 12 16:35:02 2024

## Matthew 23:32

သင်တို့လည်း သင်တို့အဘများ၏ အကျင့်ပမာဏကို မှီကြသည်
ဖာရိရှဲတို့က သူတို့ဘိုးဘေးများ ညစ်ပတ်ကြသည့်အတိုင်းညစ်ပတ်ကြသည်။ ပရောဖက်များကိုသတ်ကြသည်ကို ယေရှုကဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဘိုးဘေးများ စတင်ခဲ့သည့် အပြစ်များကို သင်တို့က အဆုံးသတ်ကြသည်"

သင်တို့ မြွေဆိုးအမျိုးများ
"မြွေဆိုးနှင့် မြွေပွေးများသည် အတူတူဖြစ်သည်။ သူတို့သည် အန္တရာယ်ရှိကြသည်။ အပြစ်၏ သင်္ကေတများဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် မြွေများကဲ့သို့ အဆိပ်ရှိလျက်၊ အန္တရာယ်ရှိသော အပြစ်သားများ ဖြစ်ကြသည်"

မြွေဆိုးအမျိုးတို့
"အမျိုး" သည် "တစ်ခု၏ အကျင့်စရိုက်ရှိခြင်း" ကိုဆိုလို သည်။ 3:7.၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သင်တို့သည် အပြစ်ငရဲမှ အဘယ်သို့လွတ်မည်နည်း
ယေရှုက ပုတ်ခတ်ရန်အတွက် ဤမေးခွန်းကို သုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်ငရဲမှ လွတ် မြောက်ရန် သင့်အတွက် လမ်းမရှိပေ"

## Matthew 23:34

ငါပို့လိုက်သည်
"ငါပို့မည်" "ငါ" သည် ယေရှုကို ဆိုလိုသည်။

မြေကြီးပေါ်မှာစွန်းသော ဖြောင့်မတ်သူများ၏သွေးသည် သင့်ပေါ်မှာလာမည်
"သင့်ပေါ်မှာ လာမည်" သည် ပြစ်ဒဏ်ပေးခြင်းကို ရရှိမည်ကို ဆိုလိုသည့် အသုံးအနှုံးဖြစ်သည်။ "သွေး" သည် လူ့အသက်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူများ သတ်သည့်အတွက် ဘုရားသခင်သည် သင့်ကို သတ်မည်"

သွေးမှ...သွေးသို့
"သွေး" သည် လူတစ်ယောက်၏ အသက်ကို ဆိုလိုသည်။ "သွေးစွန်းသည်" လူသတ်သည်" ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသတ်သူမှ.... လူသတ်သူသို့"

အာဗေလ...ဇာခရိ
အာဗေလသည် ပထမဦးဆုံး လူသတ်သူဖြစ်သည်။ ဇာခရိသည် နောက်ဆုံးဖြင့် ဗိမာန်တော်၌ ယုဒလူများ၏ သတ်ခြင်းခံရသူဟု သတ်မှတ်သည်။ ဤလူနှစ်ယောက်က ဖြောင့်မတ်သူများ အသတ်ခံရသူများ အားလုံးကို ကိုယ်စားပြုသည်။

ဇာခရိ
ဇာခရိသည် ဗတ္တိဇံယောဟန်၏ ဖခင် မဟုတ်ပါ။

သင်သတ်သောသူ
ဇာခရိကို သတ်သည့်သူများကို ယေရှုက မဆိုလိုပါ။ သူတို့ဘိုးဘေးများ လုပ်ခဲ့သည့်အရာကိုသာ ပြောခြင်းဖြစ်သည်။

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါ အမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးအနက်ပြုသည်။

## Matthew 23:37

ဆက်စပ်မှုဖော်ပြချက်
ယေရုရှလင်လူများက ဘုရားသခင်ပို့သည့် တမန်တော်တိုင်းကို ငြင်းပယ်ကြသည့်အတွက် ယေရုရှလင်လူများအပေါ် ယေရှု ဝမ်းနည်းသည်။

ယေရုရှလင်၊ ယေရုရှလင်
ယေရှုက ယေရုရှလင် လူများကို ပြောသည်။

သင့်ဆီပို့ထားသောသူများ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင့်ဆီပို့သော သူများ"

သင့်ကလေးများ
ယေရှုက ယေရုရှလင်မြို့ကို ကြက်မအဖြစ်နှင့် လူများကို သူ့ကလေးများအဖြစ် ပြောဆိုထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်လူများ" သို့မဟုတ် "နေထိုင်သူများ"

ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့
ယေရှု၏ ချစ်ခြင်းမေတ္တာနှင့် သူတို့ကိုမည်သို့ ကာကွယ်ချင်သည်ကို အလေးနက်ပေးသည့် ဥပမာဖြစ်သည်။

ကြက်မ
ကြက်မ။ သူမ၏ သားများကို အတောင်အောက်တွင် ထားပြီး ကာကွယ်ပေးသည့် မည်သည့် ငှက်မျိုးဖြင့် မဆိုအစားထိုး နိုင်သည်။

သင့်အိမ်သည် တိတ်ဆိတ်လျက်ကျန်ခဲ့မည်
"ဘုရားသခင်သည် သင့် အိမ်ကို ချန်ထားမည်၊ တိတ်ဆိတ်လျက် ကျန်ခဲ့မည်"

သင့်အိမ်
"ဘုရားသခင်သည် သင့် အိမ်ကို ချန်ထားမည်၊ တိတ်ဆိတ်လျက် ကျန်ခဲ့မည်"

သင့်ကိုငါပြောသည်
ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

သခင်၏နာမ၌လာသောသူသည် မင်္ဂလာရှိပါစေ
"နာမ၌" သည် "တန်ခိုး၌" သို့မဟုတ် "ကိုယ်စားပြု" ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သခင်၏ တန်ခိုးဖြင့် လာသောသူသည် မင်္ဂလာရှိပါစေ" သို့မဟုတ် "သခင်၏ ကိုယ်စားလာသောသူသည် မင်္ဂလာရှိစေသတည်း" 21:9. ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

# Translation Questions

## Matthew 23:1

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည် မောရှေ၏ပလ္လင်၌ထိုင်လျက်သူတို့ဩဝါဒနှင့် ပတ်သက်ပြီးယေရှုက လူအပေါင်းတို့ကို မည်သို့ပြောသနည်း။
ယေရှုက ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည်မောရှေ၏ ပလ္လင်ပေါ်၌ ထိုင်လျက် သူတို့စီရင်ထုံးဖွဲ့သည့် ဩဝါဒနှင့်အညီ လူအပေါင်းတို့အား စောင့်ရှောက်ရန် ပြောပါသည်။

ယေရှုက လူအပေါင်းတို့အား ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏ပြုမူကျင့်ကြံမှုတို့ကို အဘယ်ကြောင့် အတုမယူရှန်ပြောသနည်း။
ယေရှုကလူအပေါင်းတို့အားသူတို့သည်သူတို့ပြောသည့်အတိုင်းသူတို့ကိုယ်တိုင်မကျင့်ကြသောကြောင့် သူတို့၏ ပြုမူကျင့်ကြံမှုတို့ကို အတုမယူရန်ပြောခြင်းဖြစ်ပါသည်။

## Matthew 23:4

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏ ပြုမူကျင့်ကြံမှုတို့သည် မည်သည့် ရည်ရွယ်ချက်ကြောင့်ဖြစ်သနည်း။
သူတို့၏ပြုမူကျင့်ကြံသည့်ရည်ရွယ်ချက်မှာ သူတို့အားလူအပေါင်းတို့ မြင်စေရန်ဖြစ်ပါသည်။

## Matthew 23:8

ကျွန်ုပ်တို့၏တဦးတည်းသောအဘနှင့် တဦးတည်းသောဆရာသည် မည်သူဖြစ်သည်ဟု ယေရှုကပြောသနည်း။
ကျွန်ုပ်တို့၏ တဦးတည်းသော အဘသည် ကောင်းကင် ဘုံ၌ ရှိ၍၊ တဦးတည်းသောဆရာမှာ ခရစ်တော်ဖြစ်သည်ဟု ယေရှုကပြောပါည်။

## Matthew 23:11

ဘုရားသခင်သည် မိမိကိုယ်မိမိချီးမြှောက်သူနှင့်မိမိကိုယ်မိမိနှိမ့်ချသူတို့အား မည်သို့လုပ်လိမ့်မည်နည်း။
ဘုရားသခင်က မိမိကိုယ်မိမိနှိမ့်ချသူအားချီးမြှောက်ခြင်းခံရ၍၊ မိမိကိုယ်မိမိချီးမြှောက်သူအား နှိမ့်ချခြင်းသို့ရောက်စေလိမ့်မည်ဖြစ်ပါသည်။

## Matthew 23:13

ယေရှုသည်ဖါရိရှဲနှင့် ကျမ်းပြုဆရာတို့ဖေါ်ပြသော သူတို့၏အကျင့်စရိုက်ကြောင့် မည်သို့မကြာခဏပြောသနည်း။
ယေရှုကဖါရိရှဲနှင့် ကျမ်းပြုဆရာတို့အား လျှို့ဝှက်သောသူတို့ဟုမကြာခဏပြောပါသည်။

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည် ဘာသာပြောင်းပြီးသောသူကို မည်သူ၏သားဖြစ်စေသနည်း။
ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့သည် ဘာသာပြောင်းပြီးသောသူကို သူတို့ထက်နှစ်ဆသောငရဲသား ဖြစ်စေပါသည်။

## Matthew 23:16

ယေရှုက ကျိန်ဆိုခြင်းနှင့်ပတ်သက်၍ ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့ သွန်သင်ချက်ကို မည်သို့ပြောသနည်း။
ယေရှုကဖါရိရှဲနှင့်ကျမ်းပြုဆရာတို့အား ကန်းသောသူကိုလမ်းပြသော လူမိုက်လူကန်း ဟုပြောပါသည်။

## Matthew 23:23

ပင်စိမ်း၊ စမွတ်နှင့် ဇီယာအသီးအရွက်တို့ကိုလှူသည်တွင်ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့က မည်သည့်အရာများကိုချန်လှပ်ထား သနည်း။
ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့က တရားသဖြင့်စီရင်ခြင်း၊ သနားကြင်နာခြင်းနှင့်ယုံကြည်ခြင်း စသည့်ပညတ်တရားများတွင် လေးသောအရာတို့ကို ချန်လှပ်ထားပါသည်။

## Matthew 23:25

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည်မည်ကဲ့သို့ ဆေးကြောသန့်ရှင်းမှု အမှားပြုလုပ်သနည်း။
ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏အမှားမှာ ခွက်ဖလားတို့၏အတွင်းဖက်ကို ဆေးကြောသန့်ရှင်းမှု မပြုလုပ်ခြင်းဖြစ်ပါသည်။
အတွင်းကိုဆေးကြောလျှင်အပြင်ပါသန့်ရှင်းမည်ဖြစ်ပါသည်။

## Matthew 23:27

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏စိတ်အတွင်း၌ မည်သည့်အရာနှင့်ပြည့်နေသနည်း။
ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏စိတ်အတွင်း၌ လျှို့ဝှက်ခြင်း၊ မတရားသဖြင့်ပြုကျင့်ခြင်း၊ လူသူတော်ကောင်းဟန်ဆောင်ခြင်း နှင့် မတရားမှုများနှင့်ပြည့်နေပါသည်။

## Matthew 23:29

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏ ဘိုးဘေးများသည် ဘုရားသခင်၏ပရောဖက်များကို မည်သို့လုပ်သနည်း။
ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏ ဘိုးဘေးများသည် ဘုရားသခင်၏ပရောဖက်များကို သတ်ပါသည်။

## Matthew 23:32

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည် မည်ကဲ့သို့တရားစီရင်ခြင်းနှင့်ရင်ဆိုင်ရမည်နည်း။
ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည် ငရဲ၌တရားစီရင်ခြင်းနှင့်ရင်ဆိုင်ရမည်ဖြစ်ပါသည်။

## Matthew 23:34

ယေရှုကဖါရိရှဲနှင့် ကျမ်းပြုဆရာတို့သည် ပရောဖက်များ၊ ပညာရှိများနှင့်မိမိစေလွှတ်သော ကျမ်းပြုဆရာတို့အား မည်သို့လုပ်သည်ဟုပြောသနည်း။
ယေရှုက သူတို့သည်ကွပ်မျက်ခြင်း၊ လက်ဝါးကပ်တိုင်၌သတ်ခြင်း၊ ရိုက်နှက်ခြင်းနှင့် တမြို့မှတမြို့သို့လိုက်လံဖမ်းဆီးခြင်းများပြုလုပ်မည်ဟုပြောပါသည်။

ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့သည် သူတို့၏အကျင့်အားဖြင့်သူတို့အပေါ်သို့မည်သည့်အပြစ် သက်ရောက်မည်နည်း။
မြေကြီးပေါ်မှာကျပြီးသောသူတော်ကောင်းတို့၏ အသွေးသည် ဖါရိရှဲနှင့်ကျမ်းပြုဆရာတို့၏ ခေါင်းပေါ်သို့ကျသောအပြစ် သက်ရောက်မည်ဖြစ်ပါသည်။


generated on Tue Mar 12 16:35:02 2024

ယေရှုက ဤအမှုအရာများကို မည်သည့်လူမျိုးနွယ်စုတိုင်အောင်ရောက်မည်ဟု ပြောသနည်း။

ယေရှုက ဤအမှုအရာများသည် ယခုဖြစ်သောလူများအပေါ်သို့ရောက်မည်ဟု ပြောပါသည်။

### Matthew 23:37

ယေရှုကယေရုရှလင်မြို့သားများအား မည်ကဲ့သို့ဖြစ်ရန်အလိုရှိသနည်း။ အဘယ်ကြောင့်အလိုမပြည့်စုံရသနည်း။

ယေရှုကယေရုရှလင်မြို့သားများစည်းလုံးညီညွတ်ကြရန်အလိုရှိပါသည်။ သူတို့သည်စည်းလုံးညီညွတ်ရန်သဘောမတူကြသောကြောင့် အလိုမပြည့်စုံခြင်းဖြစ်ပါသည်။

ယေရုရှလင်မြို့၏ အိမ်များသည် ယခုအခါ မည်သို့ကျန်ရစ် သနည်း။

ယေရုရှလင်မြို့၏ အိမ်များသည် ယခုအခါဆိတ်ညံလျက်ကျန်ရစ်ပါသည်။

## Chapter 24

1 ယေရှုသည် ဗိမာန်တော်မှ ထွက်ကြွတော်မူသည်ရှိသော်၊ တပည့်တော်တို့သည် ဗိမာန်တော်၏ တိုက် ဆောင်များကို ပြခြင်းငှါ
အထံတော်သို့ ချဉ်းကပ်ကြ၏။ 2 ယေရှုကလည်း၊ ဤအရာအလုံးစုံကို သင်တို့သည်မြင်ကြသည်မဟုတ်လော။ ငါအမှန်ဆိုသည်ကား၊
မဖြိုမချဘဲ ကျောက်တခုပေါ်မှာ တခုမျှမတည်မနေရဟု မိန့်တော်မူ၏။ 3 ထိုနောက် သံလွင်တောင်ပေါ်မှာ ထိုင်တော်မူစဉ်၊
တပည့်တော်တို့သည် အခြားသူမပါဘဲချဉ်းကပ်၍၊ ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုင်၊ ကိုယ်တော်သည်ကြွလာ၍
ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုင်၊ အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။ 4 ယေရှုကလည်း၊
သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့။ 5 အများသောသူတို့က၊ ငါသည် ခရစ်တော်ဖြစ်၏ဟု ဆိုလျက်၊
ငါ၏အယောင်ကိုဆောင်၍ ပေါ်လာ သဖြင့် လူအများတို့ကို လှည့်ဖြားကြလိမ့်မည်။ 6 သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုင်၊
စစ်တိုက်အံ့သော သိတင်းစကားကိုင် ကြားရကြလိမ့် မည်။ သို့သော်လည်း စိုးရိမ်တုန်လှုပ်ခြင်းမရှိစေခြင်းငှါ သတိပြုကြလော့။
ထိုအမှုအရာများသည်ဖြစ်ရမည်။ သို့သော်လည်း အဆုံးသည်မဖြစ်သေး။ 7 လူတမျိုးနှင့်တမျိုး တနိုင်ငံနှင့်တနိုင်ငံ
ရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည် ဖြစ်ကြလိမ့်မည်။ 8
ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏ အစအဦးပင်ဖြစ်သတည်း။ 9 ထိုကာလ၌ လူများတို့သည် သင်တို့ကိုညှဉ်းဆဲခြင်း၊
အသေသတ်ခြင်းကိုခံစေခြင်းငှါ အပ်နှံကြလိမ့် မည်။ ငါ၏နာမကြောင့်လည်း ခပ်သိမ်းသောလူမျိုးတို့သည် သင်တို့ကို
မုန်းကြလိမ့်မည်။ 10 ထိုကာလ၌ အများသောသူတို့သည် ဖောက်ပြန်ခြင်းသို့ရောက်၍၊ အချင်းချင်းတယောက်ကိုတယောက်
အပ်ကြလိမ့်မည်။ 11 အချင်းချင်မုန်းကြလိမ့်မည်။ မိစ္ဆာပရောဖက်အများတို့သည် ပေါ်လာ၍လူအများတို့ကို လှည့်ဖြားကြ လိမ့်မည်။
12 မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့် မည်။ 13 အကြင်သူသည်
အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ 14 လူမျိုးအပေါင်းတို့အား
သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ
အဆုံးသည်ဖြစ်လတံ့။ 15 ထို့ကြောင့် ပရောဖက်ဒံယေလ ဟောသည်အတိုင်း ဖျက်ဆီးတတ်သောရွံရှာဘွယ်အရာသည် သန့်
ရှင်းသောအရပ်ဌာန၌ စိုက်နေသည်ကို သင်တို့မြင်ရလျှင်၊ ကျမ်းစာကိုကြည့်သောသူသည် နားလည်ပါစေ။ 16 ထိုသို့ မြင်ရလျှင်၊
ယုဒပြည်၌ ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ။ 17 အိမ်မိုးပေါ်မှာ ရှိသောသူသည် အိမ်ထဲက ဥစ္စာကိုယူခြင်းငှါ မဆင်းစေနှင့်။
18 လယ်၌ရှိသောသူလည်း မိမိအဝတ်ကို ယူခြင်းငှါ နောက်သို့ မပြန်စေနှင့်။ 19 ထိုနေ့ရက်၌ ကိုယ်ဝန်ဆောင်သောမိန်းမနှင့်
နို့စို့သူငယ်ရှိသောမိန်းမတို့သည် အလွန်ခက်ကြလိမ့်မည်။ 20 သင်တို့ ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျ၊
ဥပုသ်နေ့၌လည်းမကျမည်အကြောင်း ဆု တောင်းကြလော့။ 21 အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ယခုတိုင်အောင်မဖြစ်စဖူး၊
နောက်၌လည်း မဖြစ်လတံ့သော ကြီး စွာသော ဒုက္ခသည် ထိုကာလ၌ဖြစ်လိမ့်မည်။ 22 ထိုကာလတာရှည်လျှင်
အဘယ်သူမျှမလွတ်နိုင်ရာ။ ရွေးချယ်သောသူတို့အဘို့အလို့ငှါ ထိုကာလသည် တိုလိမ့်မည်။ 23 ထိုအခါ သူတပါးက ဤအရပ်၌
ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟု ဆိုသော်လည်းမယုံကြနှင့်။ 24 အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့်
မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်
ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ် သောအမှုတို့ကို ပြကြလိမ့်မည်။ 25 ထိုအကြောင်းအရာတို့ကို ငါပြောနှင့်ပြီ။ 26 ထို့ကြောင့်
သူတို့ကခရစ်တော်သည် တော၌ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြနှင့်။ တိုက်ခန်း၌ ရှိသည်ဟု ဆိုသော်လည်း မယုံကြနှင့်။ 27
လျှပ်စစ်သည် အရှေ့မှပြက်၍အနောက်တိုင်အောင် ထွန်းလင်းသကဲ့သို့၊ လူသားသည် ကြွလာတော် မူလတံ့။ 28 အသေကောင်ရှိရာ၌
ရွှေလင်းတတို့သည် စုဝေးကြလတံ့။ 29 ထိုကာလ၏ ဒုက္ခဆင်းရဲခြင်းနောက် ရုတ်ခနဲ နေသည်မိုက်လိမ့်မည်။ လသည်
အရောင်ကိုမပေး။ ကြယ်တို့သည် ကောင်းကင်မှ ကျကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်။ 30 ထိုအခါ
လူသား၏နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာ လူအပေါင်း တို့သည် ငိုကြွေးမြည်တမ်းကြ၍၊
လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုဃ်းတိမ် ကိုစီး၍ ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။ 31
လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့်၊ သူတို့သည် ရွေး ချယ်တော်မူသောသူတို့ကို
အရပ်လေးမျက်နှာ၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံးကြလတံ့။ 32 သင်္ဘောသဖန်းပင်ကို အစွဲပြု၍
ပုံသက်သေတခုကိုမှတ်ကြလော့။ သင်္ဘောသဖန်းပင်သည် အခက် အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို
သင်တို့သိကြ၏။ 33 ထိုနည်းတူ၊ ထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသားသည်တံခါးဝတိုင်အောင် အနီးသို့
ရောက်တော်မူသည်ကို သိမှတ်ကြလော့။ 34 ငါအမှန်ဆိုသည်ကား၊ ယခုဖြစ်သောလူများမကုန်မီ ထိုအကြောင်းအရာအလုံးစုံတို့သည်
ဖြစ်ကြလိမ့် မည်။ 35 ကောင်းကင်နှင့် မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်။ 36 ထိုအချိန်နာရီကိုကား
အဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တပါးတည်းသာ သိ တော်မူ၏။ 37 လူသားသည် ကြွလာသောအခါ
နောဧလက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။ 38 ရေလွှမ်းမိုးခြင်းမဖြစ်မီကာလ၌ နောဧသည် သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင်
လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဘက်လျက်နေ၍၊ 39 ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကို
သုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည် နည်းတူ၊ လူသားကြွလာသောအခါ၌ ဖြစ်လိမ့်မည်။ 40 ထိုအခါ လယ်၌ရှိသော
သူနှစ်ယောက်တို့တွင် တယောက်ကိုသိမ်းယူ၍ တယောက်မူကား နေရစ်ရ လတံ့။ 41 ကြိတ်ဆုံကြိတ်သောသူနှစ်ယောက်တို့တွင်
တယောက်ကိုသိမ်းယူ၍ တယောက်မူကား နေရစ်ရလတံ့။ 42 သင်တို့အရှင်သည် အဘယ်အချိန်နာရီ၌ရောက်လာမည်ကို
သင်တို့မသိသောကြောင့် စောင့်နေကြ လော့။ 43 သူခိုးလာမည်အချိန်နာရီကို အိမ်ရှင်သိရလျှင်၊ မိမိအိမ်ကိုမထွင်းမဖောက်စေခြင်းငှါ၊
စောင့်နေလိမ့် မည်ကို သင်တို့သိကြ၏။ 44 ထို့ကြောင့် သင်တို့သည်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့
မထင်မမှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်။ 45 အရှင်သည် မိမိအိမ်သူအိမ်သားအပေါင်းတို့အား အချိန်တန်လျှင်

အစားအသောက်တို့ကို ဝေဖန်စေ ခြင်းငှါ အအုပ်အချုပ်ခန့်ထား၍၊ သစ္စာနှင့်ရင်း၊ သတိပညာနှင့်ရင်း ပြည့်စုံသောကျွန်ကား
အဘယ်သူနည်း။ 46 အကြင်ကျွန်သည် ဤသို့ပြုလျက်နေသည်ကို အရှင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်သည် မင်္ဂလာရှိ ၏။ 47
ငါအမှန်ဆိုသည်ကား၊ အရှင်သည် မိမိဥစ္စာရှိသမျှတို့ကို ထိုကျွန်၌ အပ်လိမ့်မည်။ 48 သို့မဟုတ်မူကား၊ အကြင်ကျွန်ဆိုးက
ငါ့အရှင်လာခဲ့လိမ့်မည်ဟု စိတ်ထဲ၌အောက်မေ့သည်။ 49 ကျွန်ချင်းတို့ကို ရိုက်ပုတ်လျက် သေသောက်ကြူးသောသူတို့နှင့်တကွ
စားသောက်လျက်နေ၏။ 50 ထိုကျွန်မကြည့်မမျှော်သောနေ့ရက်၊ မကြားမသိသောအချိန်နာရီ၌ သခင်သည်ရောက်လာလျှင်၊ 51
ထိုကျွန်သည် ပြင်းပြစွာကွပ်မျက်ဆုံးမ၍၊ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအရပ်၌ လျှို့ဝှက်သော သူတို့နှင့်တကွ နေရာချလတံ့။

---

### Matthew 24:1

ဆက်စပ်မှုဖော်ပြချက်
နောက်ဆုံးသောအချိန်များ သူနောက်ထပ်ပြန်မလာသေးခင် ဖြစ်ပျက်လာမည့်အရာများကို ယေရှုက စတင်ဖော်ပြသည်။

ဤဗိမာန်တော်မှ
ယေရှုသည် ဗိမာန်တော်၌ မရှိသည်ကို ဆိုလိုသည်။ ဗိမာန်တော် ပတ်လည်ရှိ ခြံဝင်းတွင် ရှိသည်။

ဤအရာအားလုံးကို သင်မမြင်သလော။
ယေရှုက သူ့တပည့်တော်များကို ပြောမည့်အရာကို သူတို့က လေးနက်စွာ ဆင်ခြင်ကြရန် မေးခွန်းဖြင့် ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤအဆောက်အအုံ၏ အကြောင်းအားလုံးကို သင့်အား ငါပြောပါရစေ"

သင့်ကိုငါအမှန်ပြောသည်
"သင့်ကို ငါအမှန်တရား ပြောသည်"ယေရှု ပြောသည့်အရာကို အလေးနက်ပြုသည်။

မဖြိုမချဘဲ ကျောက်တခုပေါ်မှာ တခုမျှမတည်မနေရ
ရန်သူ့စစ်သားများက ကျောက်များကို ဖြိုချကြမည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရန်သူ့စစ်သားများ လာကြသည့်အခါ ဤအဆောက်အအုံရှိကျောက်တိုင်းကို သူတို့က ဖြိုချကြမည်"

### Matthew 24:3

နောက်ဆုံးသောကာလနှင့် သင်ပြန်လာမည့်အချိန်၏ လက္ခဏာသည့််
အဘယ်နည်း။
"သင်၏လာခြင်း" သည် ယေရှုက မြေကြီးပေါ်မှာ တန်ခိုးဖြင့် ဘုရားသခင် အုပ်စိုးခြင်းကို တည်ထောင်ပြီး ဤခေတ်ကာလ အဆုံးသတ်စေမည့်အချိန် ဖြစ်သည်။

မည်သူမျှသင့်ကို လမ်းမမှားစေရန် သတိထားပါ
"ဤအရာများနှင့် ပတ်သက်၍ မည်သူကိုမျှ သင်က မယုံရမည်အကြောင်း သတိပြုပါ"

ငါ့နာမဖြင့် အများကြီးလာကြမည်
"ငါ့နာမ" သည် တစ်ယောက်ယောက်၏ "အာဏာ" သို့မဟုတ် "ကိုယ်စားပြုခြင်း"ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူအများကြီးက ငါ့နာမဖြင့်လာကြသည်ဟု ပြောလာကြမည်" သို့မဟုတ် "လူအများက ငါ့အတွက်ဟု ပြောလာကြမည်"

### Matthew 24:6

သင်တို့သည် ဒုက္ခမကြုံရကြ
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအရာများက သင့်ကို ဒုက္ခမပေးပါ"

လူတမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံ ရန်ဘက်ပြုကြမည်
ဤစကားစုနှစ်ခုလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ နေရာတိုင်း၌ ရှိသည့် လူများ တစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်ကြမည်ကို ယေရှုအလေးနက်ပြုခြင်းဖြစ်သည်။

မွေးဖွားခြင်းအစ၏ နာကျင်မှုများ
အမျိုးသမီးက ကလေးမွေးခါနီး၌ ခံစားသည့် နာကျင်မှုများကို ဆိုလိုသည်။ ဤတင်စားချက်များက စစ်ပွဲများ၊ အစာခေါင်းပါးမှုများနှင့် ငလျှင် လှုပ်ခြင်းများသည် နောက်ဆုံးသော ကာလကို ရောက်စေမည့် အဖြစ်အ ပျက်များ၏ အစသာဖြစ်သည်။

### Matthew 24:9

သူတို့က သင်တို့ကို ဘေးဒဏ်ကြီးကာလတိုင်အောင် အပ်နှံကြမည်၊ သင်တို့က သတ်ကြမည်
"လူတို့က သင့်ကို ညှင်းပန်းနှိပ်စက်နိုင်ပြီး သတ်နိုင်သည့် အာဏာရှိသူများလက်သို့ အပ်နှံကြမည်"

သင်တို့သည် လူမျိုးတိုင်း၏မုန်းတီးခြင်းကို ခံရကြမည်
"လူမျိုးများ" သည် နိုင်ငံရှိ လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတိုင်းမှ လူများက သင်တို့ကို မုန်းတီးကြမည်"

ငါ့နာမအတွက်
"နာမ" သည် ထိုလူကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါ့ကို ယုံကြသောကြောင့်

ပေါ်လာမည်
"လာမည်"

### Matthew 24:12

မတရားသော အမှုသည် များပြားလာသဖြင့်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့သည် ပို၍ ပို၍ အပြစ်လုပ်လာကြမည်"

အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

 generated on Tue Mar 12 16:35:02 2024

တည်ကြည်သောသူ
"သစ္စာနှင့် ဆက်နေသူ"

အဆုံးတိုင်
"အဆုံး" သည် လူသေဆုံးမည့်အချိန်လော၊ ညှင်းပန်းနှိပ်စက်ခြင်း အဆုံးသတ်ခြင်းလော၊ ဘုရားသခင်က သူ့ကိုယ်သူဘုရင်အဖြစ် ပြန်လာမည့်အချိန် ခေတ်ကာလ၏ နောက်ဆုံးချိန်ကို ဆိုလိုခြင်းလော မရှင်းလင်းပါ။ အဓိကဆိုလို ရင်းမှာ လိုအပ်သည့်အချိန်အထိ သူတို့တည်ကြည်ရမည်ကို ဆိုလိုသည်။

ကယ်တင်ခြင်းခံရမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ထိုလူကို ဘုရားသခင်က ကယ်တင်မည်"

ဤနိုင်ငံတော်၏သတင်းကောင်းကို ဟောပြောခြင်းခံရမည်
"နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်စိုးသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အုပ်ချုပ်ခြင်းအကြောင်းကို လူတို့က ပြောကြမည်"

လူမျိုးအားလုံး
"လူမျိုး" သည် လူများကို ကိုယ်စားပြုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နေရာများရှိ လူများ"

ထို့နောက်အဆုံး
"ကမ္ဘာကြီး၏ အဆုံးပိုင်း" သို့မဟုတ် "ခေတ်ကာလ၏ အဆုံး"

## Matthew 24:15

ဖျက်ဆီးတတ်သောရွံ့ရှာဖွယ်အရာ
"ဘုရားသခင်နှင့်ဆိုင်သည့်အရာများကို ညစ်ပတ်စေသည့် ရှက်စရာ ကောင်းသည့်အရာ"

ပရောဖက်ဒံယေလပြောခဲ့သည့်အရာ
အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်ဒံယေလရေးသားခဲ့သည့် အကြောင်းအရာ"

စာဖတ်သူက နားလည်ပါစေ
ယေရှုက စကားပြောရုံသာမဟုတ်ပေ။ ယေရှုကဤစကားလုံးများကို သုံးရခြင်းမှာ စာဖတ်သူများမှ ၎င်းတို့ကိုဆင်ခြင်ပြီး အနက်ဖွင့်ရန် မဿဲက ရေးခြင်းဖြစ်သည်။

အိမ်မိုးပေါ်မှာရှိသောသူ
ယေရှုနေသည့် အိမ်မိုးသည် ပြားပြီး လူများ မတ်တန့်ရပ်ရန်နိုင်သည့်နေရာ ဖြစ်သည်။

## Matthew 24:19

ကိုယ်ဝန်ဆောင်သောမိန်းမ
"ဗိုက်ကြီးသော မိန်းမ" ကို ယဉ်ကျေးစွာ ပြောသည့်စကားဖြစ်သည်။ (ရှု၊|Euphemism)

ထိုကာလများ၌
"ထိုအချိန်၌"

သင်တို့ပြေးရသောအချိန်သည် ကျမည်မဟုတ်
"သင် ထွက်ပြေးရန် မလို" သို့မဟုတ် "သင် ပြေးရန် မလို"

ဆောင်းကာလ
"အေးသော ရာသီ"

ထိုကာလမတိုစေလျှင်၊ မည်သူမျှ မလွတ်ရ
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ထိုဒုက္ခခံစားရသည့်ချိန်များကို မတိုစေလျှင်၊ လူတိုင်းသေလိမ့်မည်" (ရှု၊|Double Negatives and|Active or Passive)

အသား
"လူများ" ဤနေရာ "အသား" သည် လူသားအားလုံးကိုဆိုလိုသည့် စာလုံးဖြစ်သည်၊ "(ရှု၊|Synecdoche)

ထိုနေ့များသည် တိုလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဒုက္ခခံစားရသည့်အချိန်ကို ဘုရားက တိုစေမည်" (ရှု၊|Active or Passive)

## Matthew 24:23

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များကို ဆက်စကားပြောနေသည်။

မယုံကြည်နှင့်
"သူတို့က သင်တို့ကိုပြောသည့် မှားယွင်းသောအရာများကို မယုံကြည်နှင့်"

လှည့်ဖြားလောက်အောင်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ကို နာမခံသော လူများဖြစ်စေသည်"

ရွေးချယ်သောသူတို့ပင် လမ်းမှားနိုင်လျှင်
အခြား သောဘာသာပြန်ဆိုချက်၊ "လမ်းမှားသည်။ ဖြစ်နိုင်လျှင် ရွေးချယ်သော သူများကိုလည်း ဘုရားကို နာမခံအောင် လုပ်နိုင်ကြသည်"

## Matthew 24:26

"သူသည် တော၌ရှိသည်" ဟုသင့်ကို သူတို့ကပြောလျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က ခရစ်တော်သည် တော၌ ရှိသည်ဟု သင့်ကို ပြောလျှင်"

သူသည် "တိုက်ခန်း၌ရှိသည်"
အခြားသောဘာသာပြန်ဆိုချက်၊ "တစ်စုံတစ်ယောက်က ခရစ်တော်သည် တိုက်ခန်းအတွင်းတွင် ရှိသည်ဟု သင့်ကိုပြောလျှင်"

တိုက်ခန်း
"တိတ်တဆိတ်အခန်း" (UDB) သို့မဟုတ် "တိတ်တဆိတ်နေရာ"

လျှပ်စစ်ထွန်းလင်းသကဲ့သို့...လာမည်
လူသားသည် အမြန်ဆုံးနှင့်ပြန်လာမည်၊ သူ့ကို လွယ်လွယ်နှင့် မြင်နိုင်ရမည်။

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းခြင်းဖြစ်သည်။

လူသေရှိသည့်အရပ်၌ လင်းတများစုရုံးကြမည်
ယေရှု ခေတ်တုန်းက လူတို့နားလည်သည့် စကားပုံဖြစ် သည်။ ဖြစ်နိုင်သည့် အဓိပ္ပါယ်များ

ရွှေလင်းတ
လူသေအလောင်းများနှင့် သေနေသည့်အကောင်များ၏ အသားကို စားသည့်ငှက်များ

**Matthew 24:29**

ရုတ်တရက်
"ချက်ခြင်း"

ထိုကာလ ဒုက္ခဆင်းရဲခြင်း
"ထိုအချိန် ဒုက္ခဆင်းရဲခြင်း"

နေသည် မှောင်မိုက်လိမ့်မည်
အခြားသောဘာသာပြန် ဆိုချက်၊ "ဘုရားသခင်သည် နေကို မှောင်မိုက်စေမည်"

ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်
အခြားသောဘာသာပြန် ဆိုချက်၊ "ဘုရားသခင်သည် ကောင်းကင်အရာများနှင့် ကောင်းကင်အပေါ်ရှိ အရာများကို တုန်လှုပ်စေမည်"

**Matthew 24:30**

လူသား... သူ.. သူ၏
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။

လူမျိုးအားလုံး
"လူမျိုးများ" သည် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူမျိုးအားလုံးရှိ လူများ" သို့မဟုတ် "လူအားလုံး"

မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူမည်
"တံပိုးမှုတ်သံများဖြင့် ကောင်းကင်တမန်များကို သူစေလွှတ်မည်" သို့မဟုတ် "ကောင်းကင်တမန်များက တံပိုးကို မှုတ်ကြလျက် ကောင်းကင်တမန်များကို သူစေလွှတ်မည်"

သူတို့စုရုံးမည်
"သူ့ကောင်းကင်တမန်များသည် စုရုံးကြမည်"

သူ့ရွေးကောက်သောသူ
လူသားက ရွေးချယ်သောသူများ

အရပ်လေးမျက်နှာမှမုန်တိုင်း၊ ကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ
ဤစကားစုနှစ်ခုလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ "နေရာတိုင်းမှ" ကို ဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ကမ္ဘာတဝန်းလုံးမှ"

**Matthew 24:32**

သူနီးလာသည်
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြန်လာမည့် အချိန်သည် နီးလာသည်"

တံခါးဝတိုင်အောင်
"ဂိတ်များနှင့် နီးသည်" မြို့၏ ခြံဝန်း ဂိတ်နားသို့ ဘုရင်

**Matthew 24:34**

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှု ပြောသည့်အရာကို အလေးနက်ပြုသည်။

ဤမျိုးဆက်သည် မကုန်မှီ
"မကုန်မှီ" သည် သေဆုံးသည်ကို ယဉ်ကျေးစွာဖြင့် ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခုအသက်ရှင်သည့် လူများ အားလုံး မသေကြခင်"

ဤအရာအားလုံးဖြစ်ပျက်လာမည်
"ဘုရားသခင်က ဤအရာအားလုံးကို ဖြစ်ပျက်စေမည်"

ကောင်းကင်နှင့်မြေကြီးသည် မတည်
"ကောင်းကင်နှင့် မြေကြီးသည် ဆက်မတည်"

ငါ့စကားများသည် မပျောက်ပျက်စေမည်
"စကားများ" သည် ယေရှု ပြောသည့်အရာများကို ဆိုလို သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါပြောသည့်အရာတိုင်းသည် မှန်လိမ့်မည်"

**Matthew 24:36**

ထိုနေ့နှင့်အချိန်
"နေ့" နှင့် "အချိန်" သည် လူသားပြန်လာမည့် အချိန်ကိုဆိုလိုသည်။

သားလည်းမဟုတ်
"သား မဟုတ်သော"

သား
ဘုရားသခင်၏ သား၊ ယေရှုအတွက် အရေးကြီးသည့်နာမည်ဖြစ်သည်။

ခမည်းတော်
ဘုရားသခင်အတွက် အရေးကြီးသည့် နာမည်ဖြစ်သည်။

**Matthew 24:37**

နောဧခေတ်၌ဖြစ်သည့်နည်းတူ၊ လူသားပြန်လာသည့်အခါဖြစ်လိမ့်မည်
"လူသားပြန်လာသည့် အချိန်တွင် နောဧ လက်ထက်ကဖြစ်သည့်အတိုင်း ဖြစ်လာမည်"

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းခြင်း ဖြစ်သည်။

လှေကြီး၊ သူတို့ ဘာမှမသိ
ဤစကားစုကို သီးခြားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လှေကြီး၊ လူတို့က ဖြစ်ပျက်သည့်အရာကို သိကြမည် မဟုတ်ပါ"

ဖယ်ရှားသည်။ လူသားပြန်လာသည့်အခါတွင်
ဤစကားစုကို သီးခြားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖယ်ရှားသည်၊ လူသားပြန်လာသည့်အခါတွင် ဖြစ်ပျက်လာမည့်အရာ ဖြစ်သည်"


generated on Tue Mar 12 16:35:02 2024

## Matthew 24:40

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူပြန်လာမည့် အချိန်အတွက် အဆင်သင့်ဖြစ်ကြရန် သူ့တပည့်တော်များကို ပြောပြသည်။

ထို့နောက်
လူသားကြွလာသည့်အချိန် ဖြစ်သည်။

တစ်ယောက်ကိုခေါ်၍ အခြားတစ်ယောက်ကို ချန်ခဲ့မည်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

ကြိတ်ဆုံ
"ကြိတ်သည့် ကိရိယာ"

ထို့ကြောင့်
"သင်တို့ကို ငါပြောသည့် အရာကြောင့်"

စောင့်နေကြလော့
"အာရုံစိုက်ကြပါ"

## Matthew 24:43

အိမ်ရှင်...ထိုးဖောက်
ယေရှုက သူ့တပည့်တော်များသည် သူပြန်လာမည့်အချိန်အတွက် ပြင်ဆင်ကြရန်ကို သခင်နှင့် ကျွန်ဖြင့် သရုပ်ဖော်ပြီးပြောသည်။

သူခိုး
ယေရှုသည် လူများက မမျှော်လင့်ကြသည့်အချိန်တွင် ခိုးခြင်းငှာမဟုတ်ဘဲ အမှတ်မထင် လာမည်။

သူသည် စောင့်နေမည်
"သူ့အိမ်ကို စောင့်ရှောက်နေမည်"

မိမိအိမ်ကိုမထိုးဖောက်စေခြင်းငှာ
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အိမ်၌ ဝင်ပြီး ခိုးရန် မည်သူ့ကိုမျှ ခွင့်ပြုမည် မဟုတ်"

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းခြင်း ဖြစ်သည်။

## Matthew 24:45

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သခင်နှင့် ကျွန်ဥပမာဖြင့် သရုပ်ဖော်ပြီး သူ့တပည့်တော်များအား သူ ပြန်လာမည့်အချိန်အတွက် ပြင်ဆင်ကြရန် ပြောခြင်းဖြစ်သည်။

သူ့သခင်ပြန်လာသည့်အခါ သူ့သခင်အတွက် မည်သည့်ကျွန်က သစ္စာရှိသနည်း။
ယေရှု သူ့တပည့်တော်များအား စဉ်းစားစေချင်သည့် အတွက်မေးခွန်းဖြင့် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်ကျွန်သည် သစ္စာရှိလျက်၊ ပညာရှိမည်နည်း။ သူသည် သူ့သခင်အတွက်... အချိန်" သို့မဟုတ် "သူ့ သခင်အချိန်တွင်...သစ္စာရှိလျက် ပညာရှိသော ကျွန်"

သူတို့အစာပေးပါ
"သခင်၏ အိမ်တွင် လူများကို အစာပေးပါ"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရား ပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

## Matthew 24:48

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သခင်နှင့် ကျွန်ဥပမာဖြင့် သရုပ်ဖော်ပြီး သူ့တပည့်တော်များက သူပြန်လာမည့်အချိန်အတွက် ပြင်ဆင်ကြရန် ပြောခြင်းဖြစ်သည်။

စိတ်ထဲ၌အောက်မေ့လျက်
"စိတ်" သည် လူ၏ စိတ်ကို ဆိုလိုသည်။ အခြားသောဘာ သာပြန်ဆိုချက်၊ "သူ့စိတ်ထဲ၌ ထင်သည်"

ငါ့သခင်သည် နောက်ကျသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့သခင်သည် ပြန်လာရန် နေးကွေးသည်" သို့မဟုတ် "ငါ့သခင်သည် အကြာကြီး ပြန်လာမည် မဟုတ် "

ကျွန်ကမမျှော်လင့်သည့်ကာလနှင့် သူမသိသည့်အချိန်တွင်
ဤစကားစုနှစ်ခုစလုံး၏ ဆိုလိုရင်းမှာ အတူတူဖြစ်သည်။ ကျွန်များ မမျှော်လင့်ကြသည့် အချိန်တွင် သခင်ပြန်လာမည်ကို အလေးနက်ပြုသည်။

သူ့ကို ကံဆိုးစေသည်
"သူ့ကို ဆက်ဆံသည်"

သူ့ကို အပိုင်းပိုင်းဖြင့်ဖြတ်သည်
လူ့ကို ကြောက်စရာကောင်းသည့် ဒုက္ခဖြစ်စေမည်ကို ဆိုလိုခြင်းဖြစ်သည်။

အံသွားခဲကြိတ်ခြင်းရှိရာ
လွန်ကဲသည့် ဝမ်းနည်းခြင်းနှင့် ဒုက္ခကို ကိုယ်စားပြုသည်။ 8:11. ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

# Translation Questions

## Matthew 24:1

ယေရှုက ဗိမာန်တော်၏တိုက်ဆောင်များနှင့်ပတ်သက်၍ မည်သို့မိန့်ဆိုသနည်း။
ယေရှုက၊
ဗိမာန်တော်၏တိုက်ဆောင်များကိုမဖြိုမချဘဲကျောက်တခုပေါ်မှာတခုမျှ
မတည်မနေရဟု မိန့်တော်မူ၏။

## Matthew 24:3

ဗိမာန်တော်၏တိုက်ဆောင်များနှင့် ဆိုင်သောမိန့်ဆိုချက်ကိုကြားနာရပြီးနောက်၊ တပည့်တော်တို့သည်မည်သည့်အရာကိုယေရှုအား မေးမြန်းသနည်း။
တပည့်တော်တို့က ယေရှုအားထိုအမှုအရာတို့သည် အဘယ်ကာလမှဖြစ်မည်ကိုငင်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည်အဘယ်နိမိတ်ဖြစ်မည်ကိုငင်းမေးမြန်းကြ၏။

မည်ကဲ့သို့သောသူများသည်၊ လူအများကိုလှည့်ဖြားကြလိမ့်မည်ဟု ယေရှုကဆိုသနည်း။
ယေရှုက၊ အများသောသူတို့က၊ မိမိတို့သည်ခရစ်တော်ဖြစ်သည်ဟု အယောင်ဆောင်၍ ပေါ်လာသဖြင့်လူအများတို့ကိုလှည့်ဖြားကြလိမ့်မည်ဟု ဆိုပါသည်။

## Matthew 24:6

ယေရှုက၊ မည်သို့သောအရာများတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦး ဖြစ်မည်ဟုမိန့်ဆိုခဲ့သနည်း။
ယေရှုက၊အရပ်ရပ်တို့၌ စစ်မက်ဖြစ်ပွားခြင်း၊ အစာခေါင်းပါးခြင်းနှင့် မြေငလျှင်လှုပ်ခြင်းတို့သည်၊ ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်ကြလိမ့်မည်ဟု မိန့်ဆိုခဲ့ပါသည်။

## Matthew 24:9

ထိုကာလ၌၊ ယုံကြည်သူများတို့အပေါ် မည်ကဲ့သို့ဖြစ်လိမ့်မည်ဟုယေရှုကဆိုသနည်း။
ယေရှုက၊ယုံကြည်သူများတို့သည်ညှဉ်းဆဲခြင်းကိုခံရ၍၊ အချို့တို့သည်ဖောက်ပြန်လျှက်အချင်းချင်းတယောက်ကိုတယောက်အပ်ကြလိမ့်မည်ဟုဆိုပါသည်။

## Matthew 24:12

မည်သူတို့သည် ကယ်တင်ခြင်းကိုရလိမ့်မည်ဟု ယေရှုကဆိုသနည်း။
ယေရှုက၊
အဆုံးတိုင်အောင်တည်ကြည်သောသူတို့သည်ကယ်တင်ခြင်းကိုရလိမ့်မည်ဟု ဆိုပါသည်။

အဆုံးသောကာလမရောက်မီ၊ ဧဝံဂေလိတရားနှင့်စပ်ဆိုင်၍၊ မည်သည့်အရာဖြစ်လိမ့်မည်နည်း။
အဆုံးသောကာလမရောက်မီ၊ နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်၌ ဟောပြော ရလိမ့်မည်။

## Matthew 24:15

ယေရှုက၊ ယုံကြည်သူတို့အား၊ ဖျက်ဆီးတတ်သောရွံရှာ ဘွယ်အရာသည် သန့်ရှင်းသောအရပ်ဌာန၌စိုက်နေသည်ကိုမြင်လျှင်၊ မည်သို့ပြုရမည်ဟုဆိုသနည်း။
ယေရှုက၊ ယုံကြည်သူတို့သည် တောင်ပေါ်အရပ်သို့ပြေးရမည်ဟုဆိုပါသည်။

## Matthew 24:19

ထိုနေ့ရက်ကာလ၌၊ ဒုက္ခဆင်းရဲခြင်းသည်၊ မည်မျှလောက် ကြီးမားမည်နည်း။
ထိုနေ့ရက်ကာလ၌၊ ဒုက္ခဆင်းရဲခြင်းသည်၊ ကမ္ဘာဦးအစ၌ဖြစ်ခဲ့သမျှအားလုံးထက် သာ၍ကြီးမားလိမ့်မည်။

## Matthew 24:23

ခရစ်တော်အယောင်ဆောင်နှင့် ပရောဖက်အရောင်ဆောင်များတို့သည် လူအများတို့အားမည်ကဲ့သို့လှည့်ဖြားကြမည်နည်း။
ခရစ်တော်အရောင်ဆောင်နှင့် ပရောဖက်အရောင်ဆောင်များတို့သည်၊ နိမိတ်လက္ခဏာအံ့ဘွယ်သောအမှုတို့ကိုပြ၍လူအများတို့အား လှည့်ဖြားကြလိမ့်မည်။

## Matthew 24:26

လူသားသည်ကြွလာသောအခါ မည်သို့သောအသွင်ဖြစ်မည်နည်း
လူသားသည်ကြွလာသောအခါ၊ လျှပ်စစ်သည်အရှေ့မှပျက်၍အနောက်တိုင်အောင် ထွန်းလင်းသကဲ့သို့သောအသွင်ဖြစ်လိမ့်မည်။

## Matthew 24:29

ဒုက္ခဆင်းရဲခြင်းနေ့ရက်များ၏နောက်၌၊နေ၊ လနှင့်ကြယ်တို့သည်မည်ကဲ့သို့ဖြစ်လိမ့်မည်နည်း။
နေနှင့်လသည်မှောင်မိုက်၍၊ ကြယ်တို့သည်ကောင်းကင်မှကျကြလိမ့်မည်။

## Matthew 24:30

လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျှက်ကြွလာသောအခါ၊ မြေကြီးပေါ်မှာလူအမျိုးအနွယ်အပေါင်းတို့သည် မည်သို့ပြုကြမည်နည်း။
မြေကြီးပေါ်မှာလူအမျိုးအနွယ်အပေါင်းတို့သည်၊ ရင်ဘတ်ကိုထုလျှက် ငိုကြွေးမြည်တမ်းကြလိမ့်မည်။

လူသားသည်မိမိ၏ ကောင်းကင်တမန်တို့ကိုစေလွှတ်၍ရွေးချယ်သောသူတို့ကို စုရုံးစေသောအခါ၊မည်သို့သောအသံကို ကြားရမည်နည်း။
ကောင်းကင်တမန်တို့သည် ရွေးချယ်သောသူတို့ကိုစုရုံးစေသောအခါ၊ ကြီးသောတံပိုးခရာသံကို ကြားရပါမည်။

### Matthew 24:34

ယေရှုက၊ ဤအကြောင်းအရာများအားလုံး မဖြစ်ပြီး မချင်း၊ မည်သည့်အရာသည် ဖြတ်ကျော်မသွားနိုင်သနည်း။
ယေရှုက၊ ဤမျိုးဆက်တို့ မကုန်ဆုံးမှီဤအကြောင်းအရာများအားလုံးတို့သည် ဖြစ်ကြလိမ့်မည်ဟုဆိုပါသည်။

ယေရှုက၊ မည်သည့်အရာသည်မတည်မြဲ၍၊ မည်သည့်အရာသည်အစဉ်အမြဲတည်ရှိလိမ့်မည် ဟုဆိုသနည်း။
ယေရှုက၊ ကောင်းကင်နှင့်မြေကြီးသည် မတည်သော်လည်း၊ မိမိ၏စကားသည်အမြဲတည်လိမ့်မည်ဟုဆိုပါသည်။

### Matthew 24:36

ဤအချင်းအရာများဖြစ်မည်ကို မည်သူကသိသနည်း။
ဤအချင်းများဖြစ်မည်ကို ခမည်းတော်တဦးတည်းသာသိတော်မူ၏။

### Matthew 24:37

လူသားသည်ကြွလာသောအခါ၊ ရေလွှမ်းမိုးခြင်းမဖြစ်မှီနောဧလက်ထက်၌ ကဲ့သို့မည်သို့ဖြစ်မည်နည်း။
လူများတို့သည်စားသောက်လျက်၊ ထိမ်းမြားစုံဘက်လျှက်နေ၍၊ လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည်တိုင်အောင်သတိမဲ့နေကြလိမ့်မည်။

### Matthew 24:40

ယေရှုက၊ မိမိကြွလာမည့်အကြောင်းနှင့်ပတ်သက်၍ ယုံကြည်သောသူတို့သည် မည်သို့ပြုရမည့် အကြောင်းနှင့်၊ အဘယ်ကြောင့်ပြုရမည်ဟု ဆိုသနည်း။
ယေရှုက၊ မိမိကိုယုံကြည်သောသူတို့သည်မိမိတို့အရှင်ကြွလာမည့်နေ့ရက်ကို မသိသောကြောင့်၊ အစဉ် အဆင် သင့်ရှိရမည်ဟုဆိုပါသည်။

### Matthew 24:45

သစ္စာနှင့်ငှင်း၊ သတိပညာနှင့်ငှင်း ပြည့်စုံသောကျွန်သည်၊ မိမိ၏အရှင်ပြန်မလာမှီ မည်သို့ပြုသနည်း။
သစ္စာနှင့်ငှင်း၊ သတိပညာနှင့်ငှင်း ပြည့်စုံသောကျွန်သည်၊ မိမိ၏အရှင်ပြန်မလာမှီ အိမ်သူအိမ်သားအပေါင်းတို့အားကြည့်ရှုစောင့်ထိန်းခြင်းအမှုကို ပြုပါသည်။

အရှင်သည်၊ သစ္စာနှင့်ငှင်း၊ သတိပညာနှင့်ငှင်းပြည့်စုံသောကျွန်ကိုမိမိပြန်လာသောအခါ မည်သည့်ဆုကျေးဇူးကိုပြုသနည်း။
အရှင်သည်၊ သစ္စာနှင့်ငှင်း၊ သတိပညာနှင့်ငှင်းပြည့်စုံသောကျွန်ကိုမိမိပြန်လာသောအခါ မိမိဥစ္စာရှိသမျှတို့ကိုအပ်နှံပါသည်။

### Matthew 24:48

ဆိုးသောကျွန်သည်၊ မိမိအရှင်ပြန်မလာမှီမည်သို့ပြုသနည်း။
ဆိုးသောကျွန်သည်၊ မိမိအရှင်ပြန်မလာမှီကျွန်ချင်းတို့ကိုရိုက်ပုတ်လျက်၊ သေသောက်ကြူးသောသူတို့နှင့်တကွစားသောက်လျက်နေ၏။

ဆိုးသောကျွန်ကို၊ သခင်သည်ပြန်လာသောအခါမည်သို့ပြုသနည်း။
ဆိုးသောကျွန်ကို၊ သခင်သည်ပြန်လာသောအခါပြင်းပြစွာကွပ်မျက်ဆုံးမ၍၊ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအရပ်သို့ပို့ပါသည်။

## Chapter 25

1 ထိုအခါ ကောင်းကင်နိုင်ငံတော်သည်ကား၊ မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြုအံ့သောငှါ မီးခွက်ကို ကိုင်ယူ၍
ထွက်သွားသောသတို့သမီးတကျိပ်နှင့်တူ၏။ 2 ထိုသတို့သမီးတို့တွင် ငါးယောက်သည် ပညာသတိရှိကြ၏။ ငါးယောက်မူကား
အမိုက်ဖြစ်ကြ၏။ 3 မိုက်သောသူတို့သည် မီးခွက်တို့ကိုသာယူ၍ ဆီကို မယူကြ။ 4 ပညာသတိရှိသောသူတို့မူကား၊ မီးခွက်နှင့်တကွ
ဘူး၌ပါသောဆီကိုလည်း ယူကြ၏။ 5 မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်းတို့သည်
ငိုက်၍အိပ်ပျော်ကြ၏။ 6 သန်းခေါင်ယံ၌ကြည့်ပါ။ မင်္ဂလာဆောင်လုလင်သည် လာပြီ။ ခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်ဟု
ကြွေးကြော်လျှင်၊ 7 ထိုသတို့သမီးအပေါင်းတို့သည် ထ၍မီးခွက်များကို ပြင်ဆင်ကြ၏။ 8 မိုက်သောသူတို့က ငါတို့ဆီမီးသေပါပြီ။
သင်တို့ ဆီကိုအနည်းငယ်ပေးပါဟု ပညာရှိသောသူတို့အား တောင်းကြ၏။ 9 ပညာရှိသောသူတို့ကလည်း သင်တို့အဘို့နှင့် ငါတို့အဘို့
ဆီမလောက်။ ထို့ကြောင့် ဆီရောင်းသောသူ ရှိရာသို့သွား၍ ကိုယ်သုံးဘို့ဝယ်လျှင် သာ၍ကောင်းသည်ဟု ပြန်ပြောကြ၏။ 10
ထိုသူတို့သည် ဆီဝယ်သွားသည်အခိုက်တွင် မင်္ဂလာဆောင်လုလင်သည်လာ၍၊ အသင့်ရှိသော သတို့ သမီးတို့သည် လုလင်နှင့်အတူ
ပွဲသို့ဝင်ကြပြီးလျှင် တံခါးကိုပိတ်ထား၏။ 11 ထိုနောက် ကြွင်းသောသတို့သမီးတို့သည်လာ၍ အရှင်၊ အရှင်၊ ကျွန်မတို့အား
တံခါးကိုဖွင့်ပါဟု တောင်းလျှောက်ကြသော်၊ 12 အရှင်ကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့ကို ငါမသိဟု ပြန်ပြောလေ၏။ 13
သို့ဖြစ်၍ လူသားသည် ကြွလာအံ့သောနေ့ရက်၊ အချိန်နာရီကို သင်တို့သည်မသိသောကြောင့် စောင့် နေကြလော့။ 14 ဥပမာကား၊
လူတဦးသည် အခြားသောပြည်သို့သွားမည်ဟု အကြံရှိလျက်၊ မိမိငယ်သားတို့ကိုခေါ်၍ မိမိဥစ္စာများကို အပ်ပေး၏။ သူတို့သည်
အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း၊ တဦး၌ ငွေအခွက်ငါးဆယ်၊ 15 တဦး၌ အခွက်နှစ်ဆယ်၊ တဦး၌ အခွက်တဆယ်ကို
အပ်ပေးပြီးမှ ချက်ခြင်းသွားလေ၏။ 16 အခွက်ငါးဆယ်ကိုခံသောသူသည် သွား၍ကုန်သွယ်ခြင်းကိုပြုသဖြင့်
အခြားသောအခွက်ငါးဆယ်ကို အမြတ်ရလေ၏။ 17 ထိုနည်းတူ အခွက်နှစ်ဆယ်ကိုခံသောသူသည်လည်း၊
အခြားသောအခွက်နှစ်ဆယ်ကို အမြတ်ရလေ၏။ 18 အခွက်တဆယ်ကို ခံသောသူမူကား၊ သွား၍ မြေ၌တွင်းတူးပြီးလျှင်
အရှင်၏ငွေကိုဝှက်ထားလေ၏။ 19 ကာလကြာမြင့်ပြီးမှ ထိုငယ်သားတို့၏ အရှင်သည်လာ၍ သူတို့ကိုစာရင်းယူလေ၏။ 20
အခွက်ငါးဆယ်ကို ခံသောသူသည်ချဉ်းကပ်၍ အခြားသောအခွက်ငါးဆယ်ကိုဆက်လျက်၊ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၌
အခွက်ငါးဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်ငါးဆယ်ကို အကျွန်ုပ် အမြတ်ရပါပြီဟု လျှောက်လေ၏။ 21
အရှင်ကလည်၊ သာဓု၊ သစ္စာရှိသော ငယ်သားကောင်း။ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များ စွာသော အမှုအခွင့်ကို
သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော် မူ၏။ 22 အခွက်နှစ်ဆယ်ကို
ခံသောသူသည်လည်းချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၌ အခွက်နှစ် ဆယ်ကို အပ်ပေးတော်မူ၏။
အခြားသောအခွက်နှစ်ဆယ်ကို အကျွန်ုပ်အမြတ်ရပါပြီဟု လျှောက်လေသော်၊ 23 အရှင်က၊ သာဓု သစ္စာရှိသောငယ်သားကောင်း၊
သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏ သခင်နှင့်အတူ
စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။ 24 အခွက်တဆယ်ကို ခံသောသူသည်လည်း ချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည်
ခဲယဉ်းသောသူဖြစ် သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍၊ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းတတ်သည်ကို အကျွန်ုပ်
သိ၍၊ 25 ကြောက်သောကြောင့်၊ အခြားသို့သွား၍ ကိုယ်တော်၏ ငွေအခွက်တဆယ်ကို မြေ၌ဝှက်ထားပါပြီ။ ယခုကိုယ်တော်၏
ဥစ္စာရှိပါသည်ဟု လျှောက်၏။ 26 အရှင်ကလည်း၊ ဆိုးညစ်ပျင်းရိသောငယ်သား၊ ငါသည် ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍၊
ကိုယ် မဖြန့်မကြဲသောအရပ်၌ စုသိမ်းသည်ကို သင်သိသည်မှန်လျှင်၊ 27 ငါ့ငွေကို ပွဲစားလက်သို့အပ်ရမည်။ ထိုသို့အပ်လျှင်
ငါပြန်လာသောအခါ ငွေရင်းနှင့်အတိုးကိုရနိုင်၏။ 28 ထို့ကြောင့် အခွက်တဆယ်ကို ထိုသူ၏ လက်မှနှုတ်ကြ။
အခွက်တရာရှိသောသူကို ပေးကြ။ 29 အကြောင်းမူကား၊ အကြင်သူသည်ရတတ်၏။ ထိုသူ၌ ကြွယ်ဝပြည့်စုံစေခြင်းငှါ ပေးဦးမည်။
အကြင်သူ သည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင် နှုတ်လိမ့်မည်။ 30 အသုံးမရသော ထိုငယ်သားကိုငိုကြွေးခြင်း၊
အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ်မှောင်မိုက်ထဲသို့ နှင် ထုတ်ချလိုက်ကြဟု စီရင်တော်မူ၏။ 31 လူသားသည် မိမိဘုန်းအာနုဘော်ကို
ဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံ တို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာ
ထိုင်၍၊ 32 ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို အသီးအခြားခွဲ၍၊ 33 သိုးတို့ကို
လက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတံ့။ 34 ထိုအခါ လက်ျာတော်ဘက်၌ရှိသော သူတို့အား မင်းကြီးက၊
ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံကို လာ၍ အမွေခံကြလော့။ 35
အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည်
သောက်ဘို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကို
ပြုကြ၏။ 36 ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည် အနာ ရောဂါ စွဲသောအခါ
သင်တို့သည်ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာနေရသောအခါ သင်တို့သည် ငါ့ထံသို့လာကြ၏ဟု မိန့်တော်မူလျှင်၊ 37
ဖြောင့်မတ်သောသူတို့က၊ သခင်၊ ကိုယ်တော်သည် မွတ်သိပ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ် တို့သည်မြင်၍ ကိုယ်တော်ကို
လုပ်ကျွေးပါသနည်း။ ရေငတ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ ကိုယ်တော်ကို သောက်ဘို့ပေးပါသနည်း။ 38
ဧည့်သည်ဖြစ်တော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ဧည့်သည်ဝတ်ကို ကိုယ်တော် အား ပြုပါသနည်း။
အဝတ်အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါ၌ အကျွန်ုပ်တို့သည်မြင်၍ ကိုယ်တော် ကို အဝတ်နှင့်ဖုံးလွှမ်းပါသနည်း။ 39
အနာစွဲတော်မူသည်ကိုငင်း၊ ထောင်ထဲမှာ နေတော်မူသည်ကိုငင်း၊ အဘယ်အခါ၌ အကျွန်ုပ်တို့သည် မြင်၍ အထံတော်သို့
ရောက်ပါသနည်းဟု ပြန်၍လျှောက်ကြသော်၊ 40 မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင်
အငယ်ဆုံးသော သူတယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီဟု ပြန်၍မိန့်တော်မူလတံ့။ 41 ထိုအခါ

 generated on Tue Mar 12 16:35:02 2024

လက်ဝဲတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ကျိန်ခြင်းကို ခံရသောသူတို့၊ မာရန်နတ်နှင့် သူ၏တမန်တို့အဘို့
ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှ ခွာသွားကြလော့။ 42 အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့သည်မကျွေး၊
ငါသည် ရေငတ်သောအခါ သင် တို့သည် သောက်ဘို့မပေး။ 43 ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည် ဧည့်သည်ဝတ်ကိုမပြု။
ငါသည် အဝတ်အချည်းစည်းရှိ သောအခါ သင်တို့သည် အဝတ်နှင့်မဖုံးမလွှမ်း။ ငါသည် အနာရောဂါစွဲသောအခါ၌၎င်း၊ ထောင်ထဲမှာ
နေရ သောအခါ၌၎င်း၊ သင်တို့သည် မကြည့်ရှုမပြုစုကြဟု မိန့်တော်မူလျှင်၊ 44 ထိုသူတို့က၊ သခင်၊ ကိုယ်တော်သည်
မွတ်သိပ်တော်မူခြင်း၊ ရေငတ်တော်မူခြင်း၊ ဧည့်သည်ဖြစ်တော်မူ ခြင်း၊ အဝတ်အချည်းစည်းရှိတော်မူခြင်း၊ အနာစွဲတော်မူခြင်း၊
ထောင်ထဲမှာနေတော်မူခြင်းတို့ကို အကျွန်ုပ်တို့ သည် အဘယ်အခါ၌မြင်၍ ကိုယ်တော်ကို မပြုစုမလုပ်ကျွေးဘဲ နေပါသနည်းဟု
ပြန်၍လျှောက်ကြသော်၊ 45 မင်းကြီးက၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတို့တွင် အငယ်ဆုံးသောသူတယောက်အား
မပြုသမျှတို့ကို ငါ့အား မပြုကြပြီဟု ပြန်၍မိန့်တော်မူလတံ့။ 46 ထိုသူတို့သည် ထာဝရအပြစ်ဒဏ်ခံရာသို့၎င်း၊
ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာ သို့၎င်း သွားရကြလတံ့ဟု မိန့်တော်မူ၏။

---

**Matthew 25:1**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပညာရှိသော အပျိုများနှင့် မိုက်သောအပျိုများပုံဥပမာဖြင့် သူပြန်လာမည့်အချိန်အတွက် သူ့တပည့်တော်များအား ပြင်ဆင်ကြရန် ပြောခြင်းဖြစ်သည်။

ကောင်းကင်နိုင်ငံတော်သည် ထိုကဲ့သို့ဖြစ်မည်
"ကောင်းကင်နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်ချုပ်သည်ကိုဆိုလိုသည်။ "ကောင်းကင်နိုင်ငံတော်" ဟု မသဲကသာ သုံးသည်။ ဖြစ်နိုင်ပါက "ကောင်းကင်" ဟုပြန်ပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "ကောင်းကင်ဘုံရှိ ငါတို့အဘသည် ဘုရင်ကဲ့သို့ သူ့ကိုယ်သူပြန်လာလျှင်၊ ထိုအရာနှင့်တူမည်" 13:24. ၌မည်သို့ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

မီးခွက်များ
(၁) မီးအိမ် သို့မဟုတ် (၂) ဓာတ်မီးများ အဖြစ်ပြန်နိုင်သည်။

သူတို့မှ ငါးယောက်သည်
"အပျိုများမှ ငါးယောက်"

သူတို့နှင့်ဆီအပိုမပါ
"သူတို့ မီးခွက်ဖြင့်သာ ဆီ ပါကြသည်"

**Matthew 25:5**

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ကူးသွားသည့်အချက်ပြစာလုံးဖြစ်သည်။ ယေရှုက ဇာတ်လမ်းအသစ်ကို စပြောသည်။

သတို့သားနောက်ကျသည့်အခါ
အခြားသောဘာသာပြန်ဆိုချက်၊ "သတို့သားက ရောက်ရန်အချိန်အကြာကြီး ဖြစ်လျှင်"

သူတို့အားလုံးငိုက်၍ အိပ်ပျော်ကြသည်
"အပျိုစင်ဆယ်ယောက်လုံး အိပ်ပျော်ကြသည်"

ငိုကြွေးခြင်းရှိမည်
"တစ်စုံတစ်ယောက် ကြွေးကြော်သည်"

**Matthew 25:7**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ပုံဥပမာ ဆက်ပြောနေသည်။

သူတို့မီးခွက်များကို ပြင်ဆင်လျက်
"သူတို့မီးခွက်များ တောက်ပစွာ လင်းရန် လုပ်ဆောင်ကြသည်"

မိုက်မဲသူများက ပညာရှိများကိုပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "မိုက်မဲသော အပျိုစင်များက ပညာရှိသော အပျိုစင်များကို ပြောကြသည်"

ငါတို့မီးခွက်ဆီကုန်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့ ဆီမီး သေပါပြီ"

**Matthew 25:10**

ဆက်စပ်မှုဖော်ပြချက်
အပျိုစင်ဆယ်ယောက် ပုံဥပမာကို ယေရှုအဆုံးသတ်သည်။

သူတို့ထွက်သွားသည်
"မိုက်မဲသော အပျိုစင် ငါးယောက် ထွက်သွားကြသည်"

ဝယ်ရန်
နားလည်ထားသည့် အချက်အလက်ကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆီ အပိုဝယ်ရန်"

အဆင်သင့်ဖြစ်သောသူများ
ဆီအပို ပါလာသော အပျိုစင်များ ဖြစ်သည်။

တံခါးသည် ပိတ်ထားသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ကျွန်များက တံခါးကိုပိတ်ထားကြသည်"

ငါတို့အတွက်ဖွင့်ပါ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါတို့အထဲသို့ ဝင်လာနိုင်အောင် တံခါး ဖွင့်ပါ"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါ အမှန်တရားပြောသည်" သခင်ပြောသည့်အရာကို အလေးနက်ပြုသည်။

သင်တို့ကို ငါမသိ
"သင်တို့ မည်သူ ဆိုတာကို ငါမသိ" ပုံဥပမာ၏ အဆုံးဖြစ်သည်။

နေ့ရက်၊ အချိန်ကို သင်တို့မသိ
"နေ့ရက်" နှင့် "အချိန်" သည် တိကျသောအချိန်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လူသားပြန်လာမည့် အချိန်အတိအကျကို သင်တို့ မသိကြ"

 generated on Tue Mar 12 16:35:02 2024

## Matthew 25:14

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သစ္စာမရှိသောသူနှင့် သစ္စာရှိသော ကျွန်များ ပုံဥပမာဖြင့် သူ့တပည့်တော်များသည် သူမရှိသည့်အခါတွင် သစ္စာရှိလျက်၊ သူပြန်လာမည့်အချိန်အတွက် ပြင်ဆင်ကြရန် ပြောခြင်း ဖြစ်သည်။

ငှင်းသည့်တူသည်
"ကောင်းကင်နိုင်ငံတော်သည် တူသည်" (ရှု၊ 13:24)

သွားခါနီး
"သွားရန် အသင့်" သို့မဟုတ် "ခဏနေ သွားသည်"

သူ့ချမ်းသာမှုကို သူတို့အားပေးသည်
"သူ့ချမ်းသာမှုကို သူတို့အား အပ်ထားသည်"

ချမ်းသာမှု
"သူပိုင်ဆိုင်သည့်အရာ"

အခွက်ငါးဆယ်
"အခွက်" သည် နှစ်နှစ်ဆယ် လုပ်အားခနှင့် ညီမျှသည်။ ခေတ်သုံးဖြင့် ဘာသာပြန်ဆိုခြင်းကို ရှောင်ကြဉ်ပါ။ ပုံဥပမာက ငှင်းနှင့် ဆက်စပ်သည့် ငါး၊ နှစ်၊ တစ်ခုခုတို့ဖြင့် ချမ်းသာမှုကို နှိုင်းယှဉ်ထားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရွှေငါးအိတ်"

သူ၏အရည်အချင်းအရ
အခြားသော ဘာသာပြန်ဆိုချက်၊ "ချမ်းသာအောင် စီမံနိုင်သည့် ကျွန်တစ်ယောက်ချင်းစီ၏ အရည်အချင်း"

အခြားအခွက်ငါးဆယ်ကို ရသည်
"သူရင်းနှီးထားသည့်အရာမှ အခြားအခွက် ငါးဆယ်ကိုမြတ်သည်"

## Matthew 25:17

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့် ငွေအခွက် ပုံဥပမာကို ဆက်ပြောနေသည်။

တခြားနှစ်ခုကို ပြုလုပ်သည်
"အခြားအခွက် နှစ်ဆယ်ကို မြတ်သည်"

## Matthew 25:19

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့် ငွေအခွက် ပုံဥပမာကို ဆက်ပြောပြနေသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးသွားသည့် အချက်ဖြစ် သည်။ ယေရှုက အခြားပုံဥပမာအသစ်ကို ပြောသည်။

ငါသည် အခွက်ငါးဆယ်ကို ရသည်
"နောက်ထပ် အခွက်ငါးဆယ်ကို ငါမြတ်သည်"

အခွက်
"အခွက်" သည် နှစ်နှစ်ဆယ် လုပ်အားခနှင့်ညီမျှသည်။ ခေတ်သုံးစကားလုံးဖြင့် ဘာသာပြန်ခြင်းကို ရှောင်ကြဉ်ပါ။ 25:14.၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သာဓု
"သင်တော်သည်" သို့မဟုတ် "သင်မှန်သည်" သခင်က သူ့ကျွန်လုပ်သည့်အရာကို အသိအမှတ်ပြုသည့် စကားလုံး သင့်ဘာသာ စကားတွင် ရှိပါက သုံးနိုင်သည်။

သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့
"ဝမ်းမြောက်ခြင်းနှင့် ဝင်သည်" သည် အသုံးအနှုန်းဖြစ်သည်။ သခင်က သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ပြောသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လာ၍ ငါနှင့်အတူ ပျော်ရွှင်ပါ"

## Matthew 25:22

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့်ငွေအခွက်တို့အကြောင်း ပုံဥပမာကို ဆက်ပြောပြနေသည်။

နောက်ထပ် အခွက်နှစ်ဆယ်ကို မြတ်သည်
"နောက်ထပ် အခွက်နှစ်ဆယ်ကို ရသည်"

သာဓု
"သင်တော်သည်" သို့မဟုတ် "သင်မှန်သည်" သခင်က သူ့ကျွန်လုပ်သည့်အရာကို အသိအမှတ်ပြုသည့် စကားလုံး သင့်ဘာသာစကားတွင်ရှိပါက သုံးနိုင်သည်။ 25:19. ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့
"ဝမ်းမြောက်ခြင်းနှင့် ဝင်သည်" သည် အသုံးအနှုန်းဖြစ်သည်။ သခင်က သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ပြောသည်။ 25:19. ၌ မည်သို့ ဘာသာပြန်သည်ကို ကြည့်နိုင်သည်။

## Matthew 25:24

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့် ငွေအခွက် ပုံဥပမာကို ဆက်ပြောပြနေသည်။

သင်မစိုက်ပျိုးသောနေရာ၌ သင်ရိတ်သိမ်းသည်၊ သင်မကြဲသည့်နေရာ၌ သင်ရိတ်သိမ်းသည်
ဤအဆိုနှစ်ခုလုံးက၏ ဆိုလိုရင်းက အတူတူဖြစ်သည်။ သူနှင့်မသက်ဆိုင်သည့် သီးနှံကို ရိတ်သိမ်းသည့် လယ်သမားကို ဆိုလိုသည်။ ကျွန်က ဤစကားကို သူသည် ဂရုဏာမရှိသည့် စီးပွားရေးသမားဟု စွပ်စွဲချင်သည့် အတွက်သုံးခြင်း ဖြစ်သည်။

ဖြန့်ကြဲသည်
ထိုခေတ်၌ အတန်းလိုက် စိုက်ပျိုးသည်ထက် မျိုးစေ့များကို ကြဲပြီးမှသာ စိုက်ပျိုးကြသည်။

ယခုကိုယ်တော်၏ ဥစ္စာရှိပါသည်
"ကြည့်ပါ၊ သင်၏ ဥစ္စာ ဒီမှာ ရှိပါသည်"


generated on Tue Mar 12 16:35:02 2024

### Matthew 25:26

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့်ငွေအခွက် ပုံဥပမာကို ဆက်ပြောပြနေသည်။

ဆိုးညစ်ပျင်းရိသော သင်
"သင်သည် အလုပ်မလုပ်ချင်သော ဆိုးညစ်သည့် ကျွန်ဖြစ်သည်"

ငါမစိုက်ပျိုးသောနေရာ၌ ငါရိတ်သိမ်းသည်၊ ငါမကြဲသည့်နေရာ၌ ငါရိတ်သိမ်းသည်
ဤအဆိုနှစ်ခုလုံးက၏ ဆိုလိုရင်းက အတူတူဖြစ်သည်။ သူနှင့် မသက်ဆိုင်သည့် သီးနှံကို ရိတ်သိမ်းသည့် လယ်သမားကို ဆိုလိုသည်။ ကျွန်က ဤစကားကို သူသည် ဂရုဏာမရှိသည့် စီးပွားရေးသမားဟုစွပ်စွဲချင်သည့်အတွက် သုံးခြင်း ဖြစ်သည်။ 25:24.၌ ရေးသည့်အတိုင်းရေးရန် ဖြစ်သည်။

ငါ့ဥစ္စာကို ပြန်ရရှိသည်
နားလည်ထားသည့်အရာကို ရှင်းလင်းစွာ ရေးရန်လိုအပ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ငွေကို ပြန်ရရှိသည်"

အတိုး
ထိန်းသိမ်းထားသော ငွေမှ ငွေပိုင်ရှင်အား ပေးသည့် အမြတ်ငွေ

### Matthew 25:28

ဆက်စပ်မှုဖော်ပြချက်
ယေရှုက ကျွန်များနှင့်ငွေအခွက် ပုံဥပမာကို အဆုံးသတ်သည်။

ငွေအခွက်ကို ယူသည်
သခင်က တခြားကျွန်များကို စကားပြောနေသည်။

အခွက်
"အခွက်" သည် နှစ်နှစ်ဆယ် လုပ်အားခနှင့် ညီမျှသည်။ ခေတ်သုံးဖြင့် ဘာသာပြန်ခြင်းကို ရှောင်ကြဉ်ပါ။ ၌ သုံးထားသည့်အတိုင်း ရေးရန်ဖြစ်သည်။ 25:14.

ပိုင်ဆိုင်သောသူ
တစ်စုံတစ်ယောက်က တစ်ခုခု ပိုင်သည်ကို ပညာရှိစွာအသုံးပြုသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပိုင်သည့်အရာကို ကောင်းစွာ အသုံးပြုသူ"

ပိုပေးမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သူ့ကိုပိုပေးမည်" သို့မဟုတ် "ငါက သူ့ကို ပိုပေးမည်"

လုံလောက်လျက်
"ပို လုံလောက်လျက်"

မည်သည့်အရာမျှ မပိုင်သူထံမှ
တစ်စုံတစ်ယောက်က တစ်ခုခု ပိုင်သော်လည်း ပညာရှိစွာမသုံးတတ်သည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူပိုင်သည့်အရာကို ကောင်းစွာ အသုံးမပြုတတ်"

ရုတ်သိမ်းမည်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သိမ်းမည်" သို့မဟုတ် "ငါက သိမ်းမည်"

အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အရပ်မှောင်မိုက်ထဲသို့
"အံသွားခဲကြိတ်၍ ငိုကြွေးခြင်းသာ ရှိသည့် မှောင်မိုက်သည့် နေရာသို့"

### Matthew 25:31

ဆက်စပ်မှုဖော်ပြချက်
ယေရှုက နောက်ဆုံးသောအချိန် သူပြန်လာသည့်အချိန်၌ လူများကို မည်သို့ တရားစီရင်မည်ကို သူ့တပည့်တော်များ အား ပြောပြသည်။

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းခြင်း ဖြစ်သည်။

သူ့ရှေ့၌ လူမျိုးတိုင်းစုရုံးလာကြမည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ရှေ့၌ လူမျိုးတိုင်းကို စုရုံးစေမည်"

လူ၏ရှေ့၌
"သူ့ရှေ့၌"

လူမျိုးအားလုံး
"လူမျိုးများ" သည် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတိုင်းမှ လူအားလုံး"

သိုးထိန်းက သိုးများကို ဆိတ်များထံမှ ခွဲထားသည့်အတိုင်း
ယေရှုက လူများကို မည်သို့ ခွဲခြားထားမည်ကို ဥပမာစကားဖြင့် ခိုင်းနှိုင်းထားသည်။

သူသည် သိုးတို့ကိုလက်ယာဘက်၊ ဆိတ်တို့ကို လက်ဝဲဘက်တွင်ထားမည်
လူသားက လူအားလုံးကို သီးခြားစီထားမည်ကို ဆိုလိုသည့် တင်စားချက်ဖြစ်သည်။ ဖြောင့်မတ်သောသူများကို သူ၏ လက်ယာဘက်တွင်လည်းကောင်း၊ အပြစ်သားများကို သူ၏ လက်ဝဲဘက်တွင်လည်းကောင်း ထားမည်။

### Matthew 25:34

ရှင်ဘုရင်...သူ့လက်ယာဘက်၌
"ရှင်ဘုရင်" သည် လူသား၏ အခြားသော နာမည်ဖြစ် သည်။ ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ပြန်ရည်ညွှန်းသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၊ ရှင်ဘုရင်... ..ငါ၏ လက်ယာဖက်တွင်"

ငါ့ခမည်းတော်က ကောင်းကြီးပေးသော သင်တို့ လာကြ
အခြားသောဘာသာပြန် ဆိုချက်၊ " ငါ့ခမည်းတော်ကကောင်းကြီးပေးသော သူတို့ လာကြ"

ငါ့ခမည်းတော်
ယေရှုနှင့် ဘုရားသခင် ဆက်နွယ်မှုကိုပြသည့် ဘုရားသခင်အတွက် အရေးကြီးသည့် အမည်နာမဖြစ်သည်။

သင်တို့အဖို့ပြင်ဆင်သော နိုင်ငံတော်ကိုအမွေခံရမည်
အခြားသောဘာသာပြန် ဆိုချက်၊ "သင်တို့အတွက်ဘုရားသခင်အဆင်သင့်လုပ်ထား ပြီးသောနိုင်ငံကို အမွေခံသည်"


generated on Tue Mar 12 16:35:02 2024

သင်တို့အဖို့ပြင်ဆင်သော နိုင်ငံတော်ကို အမွေခံရမည်
"နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့ အုပ်ချုပ်မည့်အရာကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့အားပေးရန် ရည်ရွယ်ထားသည့် ဘုရားသခင်၏ အုပ်စိုးခြင်းကောင်းကြီးကို လက်ခံသည်"

ကမ္ဘာဦးအစမှ
"ကမ္ဘာကြီး သူဖန်ဆင်းသည့်အချိန်မှ စ၍"

### Matthew 25:37

ဖြောင့်မတ်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောလူများ"

ရေဆာသည်...အဝတ်အချည်းစည်းရှိသည်
နားလည်ထားသည့်အရာကို ရှင်းလင်းစွာရေးရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်အချိန်၌ ငါတို့က သင်ရေဆာသည်ကို တွေ့ကြသနည်း...မည်သည့်အချိန်၌ ငါတို့က သင်အဝတ်အချည်းစည်းရှိသည်ကို ငါတို့တွေ့ကြသနည်း"

ရှင်ဘုရင်
လူသား၏ တခြားသော နာမည်ဖြစ်သည်။ ယေရှု သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။

သူတို့ကိုပြောသည်
"သူ့လက်ယာဖက်၌ ရှိသောသူများကို ပြောသည်"

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

အငယ်ဆုံးသောသူ
"အရေးမကြီးဆုံးသောသူ"

ဤငါ၏ညီအစ်ကိုများ
"ညီအစ်ကိုများ" သည် ယောကျာ်း၊ မိန်းမ မည်သူမဆို ရှင်ဘုရင်ကို နာခံသူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ၏ ညီအစ်ကိုနှင့် နှမများ" သို့မဟုတ် "ငါ့ညီအစ်ကိုနှင့် နှမများနှင့် တူသော သူများ"

ငါ့အတွက်သင်တို့လုပ်သည်
"ငါ့အတွက် သင်လုပ်သည်ဟု ငါထင်သည်"

### Matthew 25:41

ထိုနောက် သူ
"ထိုနောက် ရှင်ဘုရင်က" ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်"

ကျိန်ခြင်းခံသော သင်တို့
"ဘုရားသခင်က ကျိန်ခြင်းပေးသော သင်တို့"

ပြင်ဆင်ထားပြီးသော ထာဝရမီး
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပြင်ဆင်ပြီးသော ထာဝရမီး"

သူ့ကောင်းကင်တမန်များ
သူ့ကို ကူညီသူများ

အဝတ်အချည်းစည်းရှိသည်၊ သို့သော်သင်တို့ အဝတ်နှင့်မဖုံး
"ငါ" သည် "အဝတ်အချည်းစည်း" က ရှေ့၌ လာသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် အဝတ်အချည်း စည်းရှိသည်၊ သို့သော် သင်တို့က ဝတ်ရန် အဝတ်အစားငါ့ကို မပေးကြ"

ဖျားနာ၍ ထောင်ထဲ၌
"ငါသည်" သည် "ဖျားနာခြင်း" ဖြင့် နားလည်ထားရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဖျားနာ၍ ထောင်ထဲ၌ ရှိစဉ်"

### Matthew 25:44

ဆက်စပ်မှုဖော်ပြချက်
ယေရှုက နောက်ဆုံးသောကာလ သူပြန်လာသည့်အခါ လူများကို မည်သို့ စီရင်မည်ကို တပည့်တော်များအား ပြောသည့်အရာကို အဆုံးသတ်သည်။

ယေဘုယျအချက်အလက်
23:1, ၌စသည့် ကယ်တင်ခြင်းနှင့် နောက်ဆုံးသောတရားစီရင်ခြင်းအကြောင်း ယေရှုသင်ပေးသည့်အကြောင်း၏ အဆုံးပိုင်းဖြစ်သည်။

သူတို့ကလည်း အဖြေပေးကြမည်
"သူ့လက်ဝဲဖက်၌ ရှိသော သူများကလည်း ဖြေကြမည်"

ဤအရာများထဲမှ အငယ်ဆုံးသောသူ
"ငါ့လူများမှ အရေးမကြီးဆုံးသောသူ"

ငါ့အတွက် သင်တို့မလုပ်ခဲ့ကြ
"ငါ့အတွက် သင်တို့ မလုပ်သည်ဟု ငါမှတ်သည်" သို့မဟုတ် "သင်တို့ မကူညီသော သူသည် ငါဖြစ်သည်"

ဤအရာများက ထာဝရအပြစ်ဒဏ်သို့ ပို့ဆောင်မည်
"ထိုလူများကို ရှင်ဘုရင်က မဆုံးနိုင်သည့် ပြစ်ဒဏ်ခံရမည့်နေရာသို့ ပို့မည်"

ထာဝရအသက်သို့ ဖြောင့်မတ်သူများ
နားလည်ထားသည့်အရာကို ရှင်းလင်းစွာ ရေးရန်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သောသူများကို ဘုရားသခင်နှင့်အတူ ထာဝရ နေကြဖို့ရန် ဘုရင်က ပို့မည်"

ဖြောင့်မတ်သူ
အခြားသောဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သော လူများ"


generated on Tue Mar 12 16:35:02 2024

## Translation Questions

### Matthew 25:1

မိုက်မဲသော သတို့သမီးတို့သည် သူတို့၏မင်္ဂလာဆောင်လုလင်တို့နှင့် သွားတွေ့သည့်အခါ မည်သို့လုပ်သနည်း။
မိုက်မဲသောသတို့သမီးတို့သည် သူတို့နှင့်အတူမီးခွက်များကိုယူသွားသော်လည်း ဆီဘူးကိုယူမသွားကြပါ။

ပညာရှိသော သတို့သမီးတို့သည် သူတို့၏မင်္ဂလာဆောင်လုလင်တို့နှင့်သွားတွေ့သည့်အခါ မည်သို့လုပ်သနည်း။
ပညာရှိသောသတို့သမီးတို့သည် သူတို့နှင့်အတူမီးခွက်များနှင့်တကွ ဆီဘူးကိုပါယူသွားကြပါသည်။

### Matthew 25:10

မင်္ဂလာဆောင်လုလင်တို့ လာကြသောအခါ ပညာရှိသောသတို့သမီးတို့ မည်သို့ဖြစ်ကြသနည်း။
ပညာရှိသောသတို့သမီးတို့သည် မင်္ဂလာဆောင်လုလင်တို့နှင့်အတူမင်္ဂလာပွဲသို့ သွားကြပါသည်။

မင်္ဂလာဆောင်လုလင်တို့လာကြသောအခါ မိုက်မဲသောသတို့သမီးတို့ ဘာဖြစ်သနည်း။
မိုက်မဲသောသတို့သမီးတို့သည် ဆီသွားဝယ်၍ပြန်လာ သည့်အခါ၊ မင်္ဂလာဆောင်ပွဲ၏တံခါးသည် သူတို့အတွက်ပိတ်ထားပါသည်။

ယေရှုက ယုံကြည်သူများသည် သတို့သမီးတို့၏ဥပမာတော်မှမည်ကဲ့သို့သော သင်ခန်းစာကိုယူရန်အလိုရှိသနည်း။
ယေရှုက ယုံကြည်သူများအား လူသားသည်မည်သည့်နေ့ရက် အချိန်နာရီတွင်ကြွလာမည်ကို မသိသောကြောင့် စောင့်နေကြရန်ပြောပါသည်။

### Matthew 25:14

ဥစ္စာငါးခုနှင့်နှစ်ခု ရရှိသောအစေခံနှစ်ယောက်သည်သူတို့သခင်ခရီးသွားနေစဥ် ထိုဥစ္စာတို့ကိုဘာလုပ်သနည်း။
ဥစ္စာငါးခုရသောအစေခံသည် နောက်ထပ်ငါးခုရရှိအောင်လုပ်ဆောင်ပြီး၊ ဥစ္စာနှစ်ခုရရှိသောအစေခံသည်နောက်ထပ်ဥစ္စာနှစ်ခု ရရှိအောင်လုပ်ဆောင်ပါသည်။

### Matthew 25:17

ဥစ္စာတခုရရှိသော အစေခံသည်သူ၏သခင် ခရီးသွားနေ စဥ် ထိုဥစ္စာကို မည်သို့လုပ်သနည်း။
ဥစ္စာတခုရသောအစေခံသည် မြေကြီး၌တွင်းတူး၍သူ့သခင်၏ ဥစ္စာငွေကိုဖွက်ထား ပါသည်။

### Matthew 25:19

သခင်သည် မည်မျှကြာကြာခရီးသွားသနည်း။
သခင်သည် ကြာမြင့်စွာခရီးထွက်သွား ပါသည်။

သခင်သည်ခရီးမှပြန်လာသောအခါ ဥစ္စာငါးခုနှင့်နှစ်ခုပေးခဲ့သောအစေခံတို့အား မည်သို့လုပ်သနည်း။
သခင်က သာဓု၊ သစ္စာရှိသောငယ်သားကောင်း၊ သင်တို့သည်အမှုငယ်တို့၌သစ္စာရှိသောကြောင့် များစွာသောအမှုတို့ကို သင်တို့အားပေးမည်ဟု ပြောပါသည်။

### Matthew 25:26

သခင်သည်ခရီးမှပြန်လာသည့်အခါ၊ ဥစ္စာတခုပေးခဲ့သောအစေခံအားဘာလုပ်သနည်း။
သခင်ကဆိုးညစ်ပျင်းရိသောငယ်သားဟုပြောလျက်၊ သူ့အားပေးထားသောဥစ္စာတခုကိုပြန်ယူပြီးအပြင်အရပ်မှောင်မိုက်ထဲသို့နှင်ထုတ်ပါ

### Matthew 25:31

လူသားသည်ကြွလာ၍ ဘုန်းရှိသောပလ္လင်ပေါ်မှာထိုင်လျက် မည်သို့လုပ်လိမ့်မည်နည်း။
လူသားသည်လူမျိုးအပေါင်းတို့ကိုစုဝေးစေလျက် လူအပေါင်းတို့ကို ခွဲခြားထားမည်ဖြစ်ပါသည်။

### Matthew 25:34

အရှင်၏ လက်ျာဖက်တွင်ရှိသော သူတို့သည်မည်သည့်အရာကို ရရှိလိမ့်မည်နည်း။
အရှင်၏လက်ျာဖက်တွင်ရှိသောသူတို့သည် ကမ္ဘာဦးကပင် ပြင်ဆင်ထားသောနိုင်ငံတော်ကို အမွေခံကြရလိမ့်မည်ဖြစ်ပါသည်။

အရှင်၏ လက်ျာဖက်တွင်ရှိသောသူတို့သည် သူတို့၏ အသက်တာ၌ မည်သို့လုပ်ဆောင်ခဲ့သနည်း။
လက်ျာဖက်တွင်ရှိသောသူတို့သည် သူတို့အသက်တာ၌ ဆာလောင်သူအားကျွေးမွေးခြင်း၊ ရေငတ်သူအားသောက်စရာပေးခြင်း၊ ဧည့်သည်အားဧည့်ဝတ်ပြုခြင်း၊ အဝတ်မရှိသူအားအဝတ်နှင့်ဖုံးလွှမ်းခြင်း၊ မကျန်းမာသူများအားပြုစုခြင်း နှင့် ထောင်သားများထံသွားရောက်ခြင်း တို့ပြုလုပ်ကြပါသည်။

### Matthew 25:41

အရှင်၏လက်ဝဲဖက်တွင်ရှိသော သူတို့သည် မည်သည့်အရာကိုရရှိလိမ့်မည်နည်း။
အရှင်၏လက်ဝဲဖက်တွင်ရှိသောသူတို့သည် မာရ်နတ်နှင့်သူ၏တမန်တို့အတွက် ပြင်ဆင်ထားသော ထာဝရမီးထဲသို့သွားရလိမ့်မည် ဖြစ်ပါသည်။

အရှင်၏ လက်ဝဲဖက်တွင်ရှိသောသူတို့သည် သူတို့၏အသက်တာ၌ မည်သို့လုပ်ဆောင်ခဲ့သနည်း။
အရှင်၏ လက်ဝဲဖက်တွင်ရှိသောသူတို့သည် သူတို့၏အသက်တာ၌ ဆာလောင်သူအား မကျွေးမွေး၊ ရေငတ်သူအားသောက်စရာမပေး၊ ဧည့်သည်အား ဧည့်ဝတ်မပြု၊ အဝတ်မရှိသူအား ဝတ်စရာမပေး၊ မကျန်းမာသူအား မပြုစု၊ ထောင်သားများထံ မသွားရောက်ခဲ့ကြပါ။

## Chapter 26

1 ထိုဒေသနာတော်ရှိသမျှတို့ကို ယေရှုသည် အကုန်အစင်ဟောတော်မူပြီးလျှင်၊ တပည့်တော်တို့အား၊ 2
နှစ်ရက်လွန်မှပသခါပွဲနေ့ရောက်မည်ကို သင်တို့သိကြ၏။ ထိုအခါ လူသားကိုလက်ဝါးကပ်တိုင်မှာ ရိုက် သတ်စေခြင်းငှါ
အပ်နှံကြလိမ့်မည်ဟု မိန့်တော်မူ၏။ 3 ထိုအခါ ယဇ်ပုရောဟိတ်အကြီးကျမ်းပြုဆရာတို့နှင့် လူတို့တွင်
အကြီးအကဲဖြစ်သောသူတို့သည်၊ ကယာဖအမည်ရှိသော ယဇ်ပုရောဟိတ်မင်း၏ အိမ်ဦး၌ စည်းဝေးကြပြီးလျှင်၊ 4 ယေရှုကို
ပရိယာယ်အားဖြင့် ဘမ်းဆီး၍ သတ်အံ့သောငှါ တိုင်ပင်ကြ၏။ 5 သို့သော်လည်း လူများတို့သည် ရုန်းရင်းခတ်ဖြစ်မည်ကိုစိုးရိမ်၍
ပွဲနေ့တွင်မပြုနှင့်ဦးဟု ပြောဆိုကြ၏။ 6 ဗေသနိရွာတွင် ရှိမုန်အမည်ရှိသောလူနူ၏ အိမ်၌ ယေရှုရှိတော်မူသည်ဖြစ်၍၊ 7
မိန်းမတယောက်သည် အဘိုးများစွာထိုက်သော ဆီမွှေးကျောက်ဖြူခွက်တလုံးကို အထံတော်သို့ ယူခဲ့၍၊ စားပွဲနားမှာ
လျောင်းတော်မူသော ကိုယ်တော်၏ခေါင်းပေါ်၌ သွန်းလောင်းလေ၏။ 8 တပည့်တော်တို့သည် မြင်လျှင် ဒေါသစိတ်ရှိသည်ဖြစ်၍
အဘယ်ကြောင့် အကျိုးမဲ့ဆုံးစေသနည်း။ 9 ထိုဆီမွှေးကို အဘိုးများစွာနှင့်ရောင်း၍ ဆင်းရဲသောသူတို့အား
ပေးစရာကောင်းသည်ဟုဆိုကြ၏။ 10 ယေရှုသည် သိတော်မူလျှင် ထိုမိန်းမကို အဘယ်ကြောင့်နှောင့်ရှက်ကြသနည်း။ သူသည် ငါ၌
ကောင်း သောအမှုကိုပြုပြီ။ 11 ဆင်းရဲသောသူတို့သည် သင်တို့၌ အစဉ်ရှိကြ၏။ ငါမူကား သင်တို့၌အစဉ်ရှိသည်မဟုတ်။ 12
ဤဆီမွှေးကို ငါ့ကိုယ်အပေါ်၌ သွန်းလောင်းသည်မှာ ငါ့အလောင်းကို သင်္ဂြိုဟ်မည်ဟု ပြင်ဆင်ခြင်းငှါ ပြုသတည်း။ 13
ငါအမှန်ဆိုသည်ကား၊ ဧဝံဂေလိတရားကို မြေတပြင်လုံးတွင် ဟောသောအရပ်ရပ်တို့၌ ဤမိန်းမကို အောက်မေ့စရာဘို့
သူပြုသောဤအမှုကို ကြားပြောရကြလတံ့ဟု မိန့်တော်မူ၏။ 14 ထိုအခါ တပည့်တော်တကျိပ်နှစ်ပါးအဝင်ဖြစ်သော
ယုဒရှကာရုတ်သည် ယဇ်ပုရောဟိတ်အကြီးတို့ထံ သို့သွား၍၊ 15 အကျွန်ုပ်သည် ယေရှုကို ကိုယ်တော်တို့လက်သို့အပ်လျှင်
အဘယ်မျှလောက်ပေးပါမည်နည်းဟု လျှောက်သော်၊ ထိုသူတို့က ငွေအကျပ်သုံးဆယ်ပေးမည်ဟု ဝန်ခံကြ၏။ 16 ထိုအခါမှစ၍
ကိုယ်တော်ကိုအပ်ခြင်းငှါ အဆင်သင့်သောအချိန်ကာလကို ရှာကြံလျက်နေ၏။ 17 အဇုမပွဲ ပဌမနေ့၌ တပည့်တော်တို့သည်
အထံတော်သို့ချဉ်းကပ်၍၊ ကိုယ်တော်သည် ပသခါပွဲကို စား တော်မူဘို့ရာ အဘယ်အရပ်၌ အကျွန်ုပ်တို့သည် ပြင်ဆင်စေခြင်းငှါ
အလိုရှိတော်မူသနည်းဟု မေးကြသော်၊ 18 ကိုယ်တော်က၊ မြို့တွင် ဤမည်သောသူ၏အိမ်သို့သွားကြ၊ ဆရာမှာလိုက်သည်ကား၊
ငါ့အချိန်နီးပြီ။ သင့်အိမ်၌ ငါ့တပည့်တို့နှင့်တကွ ပသခါပွဲကို ငါခံမည်ဟု ထိုသူကို ပြောကြလော့ဟု မိန့်တော်မူ၏။ 19
တပည့်တော်တို့သည် စီရင်တော်မူသည်အတိုင်းပြု၍ ပသခါပွဲကို ပြင်ဆင်ကြ၏။ 20 ညဦးယံအချိန်ရောက်မှ
တပည့်တော်တကျိပ်နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်းတော်မူ၏။ 21 စား၍နေကြစဉ် ကိုယ်တော်က၊ ငါအမှန်ဆိုသည်ကား၊
သင်တို့တွင် တစုံတယောက်သောသူသည် ငါ့ကို အပ်နှံလိမ့်မည်ဟု မိန့်တော်မူလျှင်၊ 22 တပည့်တော်တို့သည် အလွန်ဝမ်းနည်း၍ သခင်၊
အကျွန်ုပ်လောဟု အသီးအသီးမေးလျှောက်ကြ၏။ 23 ကိုယ်တော်ကလည်း ငါနှင့်အတူ ပုကန်တွင် လက်နှိုက်သောသူသည် ငါ့ကို
အပ်နှံလိမ့်မည်။ 24 ကျမ်းစာလာသည်အတိုင်း လူသားသည်သွားရမည်။ သို့သော်လည်း လူသားကိုအပ်နှံသောသူသည် အမင်္ဂလာရှိ၏။
ထိုသူသည် ဘွားမြင်ခြင်းကိုမခံရလျှင် အနေသာ၍ကောင်းသည်ဟု မိန့်တော်မူ၏။ 25 ကိုယ်တော်ကို အပ်နှံမည့်သူယုဒရှကာရုတ်
ကလည်း၊ အရှင်ဘုရား၊ အကျွန်ုပ်လောဟု မေးလျှောက် လျှင်၊ သင်ဆိုသည့်အတိုင်းမှန်သည်ဟု ပြန်ပြောတော်မူ၏။ 26 ထိုအခါ
စားလျက်နေကြစဉ်တွင်၊ ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏။
ယူ၍စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေးတော်မူ၏။ 27 ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ
သူတို့အားပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက် ကြလော့။ 28 ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍
လူများတို့၏အပြစ်ကိုလွတ်စေခြင်းငှါ သွန်းသော ငါ၏ အသွေးဖြစ်၏။ 29 ငါဆိုသည်ကား၊ ဤစပျစ်ရည်မျိုးအသစ်ကို
ငါ့ခမည်းတော်၏နိုင်ငံ၌ သင်တို့နှင့်အတူ ငါမသောက်မီ နေ့တိုင်အောင် ယခုမှစ၍တဖန် ငါမသောက်ရဟု မိန့်တော်မူ၏။ 30 ထို့နောက်
သီချင်းဆိုကြပြီးမှ သံလွင်တောင်သို့ ထွက်သွားကြ၏။ 31 ထိုအခါ ယေရှုကလည်း၊ ကျမ်းစာလာသည်ကား၊ သိုးထိန်းကိုငါရိုက်သတ်၍
သိုးတို့သည် ကွဲလွင့်ရကြ လိမ့်မည်ဟု ရေးထားသည်နှင့်အညီ၊ ယနေ့ညဉ့်တွင် သင်တို့ရှိသမျှသည် ငါ့ကြောင့်စိတ်ပျက်ကြလိမ့်မည်။ 32
သို့သော်လည်း ငါသည်ထမြောက်ပြီးမှ သင်တို့ရှေ့ ဂါလိလဲပြည်သို့သွားမည်ဟု မိန့်တော်မူသော်၊ 33 ပေတရုက၊ ဤသူရှိသမျှတို့သည်
ကိုယ်တော်ကြောင့်စိတ်ပျက်ကြသော်လည်း၊ အကျွန်ုပ်သည် စိတ် အလျှင်းမပျက်ပါဟု လျှောက်လေ၏။ 34 ယေရှုကလည်း၊
ငါအမှန်ဆိုသည်ကား၊ ယနေ့ညဉ့်တွင်ကြက်မတွန်မီ သင်သည်သုံးကြိမ်မြောက်အောင် ငါ့ကို ငြင်းပယ်လိမ့်မည်ဟု မိန့်တော်မူလျှင်၊ 35
ပေတရုက၊ ကိုယ်တော်နှင့်တကွသေရသော်လည်း အကျွန်ုပ်သည်ကိုယ်တော်ကို မငြင်းမပယ်ပါဟု လျှောက်ပြန်၏။
တပည့်တော်အပေါင်းတို့သည်လည်း ထိုနည်းတူလျှောက်ကြ၏။ 36 ထိုအခါ ယေရှုသည် သူတို့နှင့်အတူ ဂေသရေမန်အရပ်သို့
ရောက်တော်မူလျှင်၊ ငါသည် ဟိုအရပ်သို့ သွား၍ ဆုတောင်းစဉ်တွင် ဤအရပ်၌ ထိုင်နေကြလော့ဟု တပည့်တော်တို့အား
မိန့်တော်မူပြီးမှ၊ 37 ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ယောက်တို့ကို ခေါ်သွား၍၊ နှလုံးသောစိတ်ပူပန်ခြင်းသို့ ရောက်တော် မူ၏။ 38
ထိုအခါ ယေရှုက၊ ငါသည် သေလောက်အောင် စိတ်နှလုံးအလွန်ညှိုးငယ်ခြင်းရှိ၏။ ဤအရပ်၌ ငါနှင့် အတူစောင့်၍ နေကြလော့ဟု
တပည့်တော်သုံးယောက်တို့အား မိန့်တော်မူ၏။ 39 ထိုမှ အနည်းငယ်လွန်ပြန်လျှင် ပြပ်ဝပ်၍အကျွန်ုပ်အဘ၊ ဤခွက်သည်
အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။
ကိုယ်တော်အလိုရှိသည် အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏။ 40 တပည့်တော်တို့ရှိရာသို့ ပြန်၍ သူတို့သည်
အိပ်ပျော်လျက်နေကြသည်ကို တွေ့တော်မူလျှင်၊ သင်တို့ သည် တနာရီခန့်မျှ ငါနှင့်အတူစောင့်၍နေခြင်းငှါ ဤသို့မစွမ်းနိုင်သလော။ 41
စုံစမ်းနှောင့်ရှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ စိတ်ဝိညာဉ် ကား စေတနာရှိပြားသော်လည်း၊
ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ၊ 42 တဖန်သွား၍ အကျွန်ုပ်အဘ၊ ဤခွက်ကိုအကျွန်ုပ်မသောက်ဘဲ
လွန်၍မသွားရလျှင် ကိုယ်တော် အလို ရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းပြန်၏။ 43 ထိုနောက်တပည့်တော်တို့ရှိရာသို့လာ၍

သူတို့သည် မျက်စိလေးလံသဖြင့် တဖန်အိပ်ပျော်လျက် နေကြ သည်ကိုတွေ့တော်မူလျှင်၊ 44 သူတို့ကိုထားခဲ့၍ တဖန်သွားပြီးလျှင်
ရှေ့မြွက်ဆိုသည်နည်းတူ သုံးကြိမ်မြောက်အောင် ဆုတောင်း တော်မူ၏။ 45 ထိုနောက် တပည့်တော်တို့ရှိရာသို့ပြန်လာလျှင်
ယခုအိပ်ပျော်၍ ငြိမ်ဝပ်စွာနေကြလော့။ လူသားကို ဆိုးသောသူတို့လက်သို့ အပ်နှံရသောအချိန်ရောက်လာပြီ။ 46 ထကြ၊ ငါတို့သည်
သွားကြကုန်အံ့။ ငါ့ကို အပ်နှံသောသူသည် ရောက်လာပြီဟု မိန့်တော်မူ၏။ 47 ထိုသို့ မိန့်တော်မူစဉ်တွင်ပင်
တပည့်တော်တကျိပ်နှစ်ပါးအဝင်ဖြစ်သော ယုဒရှကာရုတ်လာ၏။ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင်အကြီးအကဲဖြစ်သောသူများ
စေလွှတ်သောလူအစုအဝေးအပေါင်း တို့ သည် ထားနှင့် ဒုတ်များကို ကိုင်လျက်ပါကြ၏။ 48 ကိုယ်တော်ကို အပ်နှံသောသူက၊
ငါနမ်းသောသူသည် ယေရှုပင်ဖြစ်၏။ သူ့ကိုဘမ်းကြဟု ထိုသူတို့အား အမှတ်ပေးခဲ့သည်အတိုင်း၊ 49 ကိုယ်တော်ရင်းသို့
ချက်ခြင်းချဉ်းကပ်၍ အရှင်ဘုရား၊ မင်္ဂလာရှိပါစေသောဟု ဆိုလျက်နမ်းလေ၏။ 50 ယေရှုကလည်း၊ အဆွေ၊ အဘယ်အခင်းရှိ၍
လာသနည်းဟုမေးတော်မူပြီးမှ၊ ထိုသူများတို့သည် လာ၍ ကိုယ်တော်ကို ဆွဲကိုင်ဘမ်းဆီးကြ၏။ 51 ထိုအခါ
ယေရှုနှင့်ပါသောသူတယောက်သည် လက်ကိုဆန့်၍ ထားကိုဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ် မင်း၏ ကျွန်တယောက်ကိုခုတ်သဖြင့်
နားရွက်ပြတ်လေ၏။ 52 ယေရှုကလည်း သင့်ထားကို သူ့နေရာ၌ပြန်ထားလော့။ ထားကိုကိုင်သောသူရှိသမျှတို့သည် ထားဖြင့်
ဆုံးခြင်းသို့ ရောက်ကြလိမ့်မည်။ 53 ယခုပင် ငါ့အဘကို ငါတောင်းနိုင်သည်ကိုင်၊ တောင်းလျှင် ကောင်းကင်တမန်နှစ်တပ်မက
ငါ့ထံသို့ စေလွှတ်တော်မူမည်ကိုင်၊ သင်သည်မထင်သလော။ 54 သို့ဖြစ်လျှင် ဤသို့သော အမှုအရာတို့သည်ဖြစ်ရမည်ဟူသော
ကျမ်းစာချက်သည် အဘယ်သို့ပြည့်စုံ အံ့နည်းဟု မိန့်တော်မူ၏။ 55 ထိုအခါ ယေရှုက၊ သင်တို့သည် ထားပြကိုဘမ်းသကဲ့သို့
ငါ့ကိုဘမ်းအံ့သောငှါ ထားနှင့်ဒုတ်များကို လက်စွဲလျက် လာကြသည်တကား။ ငါသည် ဗိမာန်တော်၌ နေ့တိုင်းဆုံးမဩဝါဒပေးလျက်
သင်တို့အလယ်၌ ထိုင်နေစဉ်အခါ၊ သင်တို့သည် ငါ့ကို မဘမ်းဆီးကြ။ 56 ထိုအကြောင်းအရာမှုကား၊ အနာဂတ္တိကျမ်းစာ
ပြည့်စုံမည်အကြောင်းတည်းဟု လူအစုအဝေးတို့ကို မိန့် တော်မူ၏။ ထိုအခါ တပည့်တော်အပေါင်းတို့သည် ကိုယ်တော်ကို
စွန့်ပစ်၍ပြေးကြ၏။ 57 ကိုယ်တော်ကို ဘမ်းဆီးသောသူတို့သည် ကျမ်းပြုဆရာ၊ လူအကြီးအကဲများစည်းဝေးရာ ယဇ်ပုရော ဟိတ်မင်း
ကယာဖထံသို့ ဆောင်သွားကြ၏။ 58 ပေတရုသည်လည်း၊ ယဇ်ပုရောဟိတ်မင်း၏ အိမ်ဦးတိုင်အောင်ကိုယ်တော်နှင့် ဝေးစွာလိုက်၍
အတွင်း သို့ ဝင်ပြီးလျှင်၊ ထိုအမှု၏ အဆုံးကိုသိမြင်ခြင်းငှါ မင်းလုလင်တို့နှင့်အတူ ထိုင်နေ၏။ 59 ယဇ်ပုရောဟိတ်အကြီးတို့နှင့်
လူအကြီးအကဲ၊ လွှတ်အရာရှိအပေါင်းတို့သည် ယေရှုကိုသတ်ရမည် အ ကြောင်းမမှန်သောသက်သေကို ရှာသော်လည်းမတွေ့ကြ။ 60
မမှန်သောသက်သေခံအများ လာသော်လည်း သက်သေကိုမတွေ့ကြ။ နောက်ဆုံး၌ မမှန်သော သက် သေခံနှစ်ယောက်တို့သည် လာ၍၊
61 ဤသူက ငါသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက်နိုင် သည်ဟု ပြောပါသည်ဟု
သက်သေခံကြ၏။ 62 ယဇ်ပုရောဟိတ်မင်းသည် ထ၍၊ သင်သည် တခွန်းမျှပြန်၍မပြောသလော။ ဤသူတို့သည် အဘယ်သို့
သက်သေခံသနည်းဟုဆိုလျှင်၊ 63 ယေရှုသည် တိတ်ဆိတ်စွာနေတော်မူ၏။ ယဇ် ပုရောဟိတ်မင်းကလည်း သင်သည် ခရစ်တော်တည်း
ဟူသော ဘုရားသခင်၏သားတော်မှန်သည် မမှန်သည်ကို ငါတို့အား ပြောစေခြင်းငှါ၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို
ငါတိုင်တည်၍ သင့်ကို ကျိန်ဆိုစေ၏ဟု ဆိုလျှင်၊ 64 ယေရှုက၊ သင်ဆိုသည့်အတိုင်းမှန်၏။ ထိုမျှမက ငါဆိုသည်ကား၊ နောင်ကာလ၌
လူသားသည် တန်ခိုး တော်၏လက်ျာဘက်၌ ထိုင်လျက် မိုဃ်းတိမ်ကိုစီး၍ ကြွလာသည်ကို သင်တို့ မြင်ရကြလတံ့ဟု မိန့်တော်မူ၏။ 65
ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် မိမိအဝတ်ကိုဆုတ်လျက် ဤသူသည်ဘုရားကို လွန်ကျူး၍ ပြော သောစကားကို ယခုပင် သင်တို့
ကြားရပြီ။ 66 အဘယ်သို့ ထင်မှတ်ကြသနည်းဟု မေးမြန်းလျှင်၊ ထိုသူတို့က ဤသူသည် အသေခံထိုက်ပေ၏ဟု ပြန် ၍ စီရင်ကြ၏။
67 ထိုအခါ မျက်နှာတော်ကို တံထွေးနှင့် ထွေးကြ၏။ လက်သီးနှင့် ထိုးကြ၏။ 68 အချို့တို့သည်လည်း ပါးတော်ကို လက်နှင့်ပုတ်၍၊
အချင်းခရစ်တော်၊ ကိုယ်တော်ကို အဘယ်သူပုတ် သည်ကို ပရောဖက်ပြု၍ ဟောတော်မူပါဟုဆိုကြ၏။ 69 ပေတရုသည်
ပြင်မှာအိမ်ဦး၌ထိုင်နေစဉ်၊ အစေအပါး မိန်းမတယောက်သည် သူ့ရှိရာသို့လာ၍ သင် သည်လည်း ဂါလိလဲလူ ယေရှုနှင့်
ပေါင်းတော်သောသူဖြစ်သည်ဟု ဆိုလျှင်၊ 70 ပေတရုက သင်ပြောသောအရာကို ငါမသိဟု လူအပေါင်းတို့ရှေ့၌ ငြင်းခုံလေ၏။ 71
ထို့နောက် ပေတရုသည် အိမ်ဦးရှေ့သို့ ထွက်ပြီးမှ အခြားသောမိန်းမသည် သူ့ကိုမြင်၍ ထိုအရပ်၌ ရှိသော သူတို့အား၊ ဤသူလည်း
နာဇရက်မြို့သားယေရှု နှင့်ပေါင်းဘော်သောသူဖြစ်သည်ဟု ဆိုလျှင်၊ 72 ပေတရုက၊ ထိုသူကို ငါမသိဟု ကျိန်ဆိုလျက်
တဖန်ငြင်းခုံပြန်၏။ 73 ထို့နောက် မများမကြာ ထိုအရပ်၌ရပ်နေသော သူတို့သည် ပေတရုအနီးသို့လာ၍၊ အကယ်စင်စစ်
သင်သည်လည်း ထိုသူတို့အဝင်ဖြစ်၏။ သင့်စကားသည် သင့်အကြောင်းကို ထင်ရှားစေ၏ဟု ဆိုကြလျှင်၊ 74 ပေတရုက၊ ထိုသူကို
ငါမသိဟု ဓိဋ္ဌာန်ပြု၍ ကျိန်ဆို၏။ ထိုခဏချင်းတွင် ကြက်တွန်လေ၏။ 75 ယေရှုက၊ ကြက်မတွန်မှီ သင်သည် သုံးကြိမ်မြောက်အောင်
ငါ့ကို ငြင်းပယ်လိမ့်မည်ဟု မိန့်တော်မူ သော စကားကို ပေတရုသည် သတိရသဖြင့် ပြင်သို့ထွက်၍ ပြင်းစွာငိုကြွေးလေ၏။

---

**Matthew 26:1**

ယေဘုယျအချက်အလက်
ယေရှု ကားစင်တင်မည့်အကြောင်း၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်မည့် အကြောင်းများ၏ အစပိုင်းဖြစ်သည်။ တပည့်တော်များကို သူခံစားမည့်ဝေဒနာနှင့် သူသေမည့်အကြောင်းများကို ပြောပြသည်။

ဖြစ်ပျက်လာသည်
ယေရှု၏ သင်ကြားချက်များအကြောင်းမှ အခြားသို့ကူးပြောင်းသွားသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထို့နောက်၊ ပြီးနောက်"

ဤစကားအားလုံး
24:3.၌ ယေရှုစတင်သည့် အရာများကို ဆိုလိုသည်။


generated on Tue Mar 12 16:35:02 2024

လူသားသည် ကားစင်သတ်ရန် အပ်နှံခြင်းခံရမည်
အခြားသောဘာသာပြန် ဆိုချက်၊ "တစ်စုံတစ်ယောက်က လူသားကို ကားစင်တင်မည့် အခြားလူလက်သို့ အပ်နှံမည်"

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။

**Matthew 26:3**

ဆက်စပ်မှုဖော်ပြချက်
ယုဒခေါင်းဆောင်များက ယေရှုကို ဖမ်းပြီးသတ်ရန် ကြံစည်မှုအကြောင်းကို ဤအပိုင်းတွင် ဖော်ပြသည်။

ယေရှုက တိတ်တဆိတ်
"ယေရှုက လျှို့ဝှက်စွာ"

ပွဲတော်အတွင်းမဟုတ်ဘဲ
ခေါင်းဆောင်များက ပွဲတော်အတွင်း မလုပ်စေချင်သည့်အရာကို ရှင်းလင်းစွာ ဖော်ပြရန်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပွဲတော်အတွင်း ယေရှုကို ငါတို့မသတ်သင့်"

ပွဲတော်
နှစ်စဉ်ကျင်းပသည့် ပသခါပွဲ ဖြစ်သည်။

**Matthew 26:6**

ဆက်စပ်မှုဖော်ပြချက်
ယေရှုမသေခင် သူ့အပေါ်၌ တန်ဖိုးကြီးသောဆီကို အမျိုးသမီးက လောင်းသည့်အကြောင်းဖြင့် စတင်သည်။

သို့ရာတွင်
ဇာတ်ဝင်ခန်း တစ်ခုမှ အခြားသို့ကူးသွားသည့် အချက်ပြစာလုံးဖြစ်သည်။ မဿဲက ဇာတ်လမ်းအသစ်ကို စပြောသည်။

လူနူ ရှိမုန်
နူနာရောဂါမှ ယေရှုအနာငြိမ်းစေသည့် လူဖြစ်သည်။

သူကမှီနေသည်
"ယေရှုက သူ့နားမှာ လဲလျောင်းနေသည်"
လူများစားသောက်နေချိန် နေထိုင်သည့် ပုံစံဖြင့် ပြန်ဆိုနိုင်သည်။

အမျိုးသမီးသည် သူ့ဆီသို့လာသည်
"အမျိုးသမီးသည် ယေရှုထံသို့ လာသည်"

ဆီမွှေးကျောက်ဖြူခွက်
ပျော့ပြောင်းသော ကျောက်ဖြင့် ပြုလုပ်ထားပြီး တန်ဖိုးကြီးသည့်ခွက် ဖြစ်သည်။

ဆီမွှေး
အနံ့အရသာ ကောင်းသည့် ဆီမွှေး

သူ့ခေါင်းပေါ်မှာသူမလောင်းသည်
ယေရှုအပေါ်သို့ အမျိုးသမီးက ပြုလုပ်သည်။

ဤအရာဖြုန်းတီးခြင်း၏ရည်ရွယ်ချက်ကမည်သည့်အရာနည်း။
အမျိုးသမီး၏ အပြုအမူအပေါ် တပည့်တော်များ စိတ်ဆိုးကြသည့်အတွက် မေးကြသည့် မေးခွန်းဖြစ်သည်။

အခြားသောဘာသာပြန်ဆိုချက်၊ "ဤအမျိုးသမီးက ဤဆီကိုဖြုန်းတီးပြီး မသင့်တော်သည့် အရာကို လုပ်သည်"

ဤအရာကို အဘိုးများစွာရောင်း၍ ပေးရန်
အခြားသောဘာသာပြန်ဆိုချက်၊ "သူမက ထိုအရာကို ပိုက်ဆံများစွာဖြင့် ရောင်းပြီး ထိုပိုက်ဆံကို"

ဆင်းရဲသူသို့
"ဆင်းရဲသူ" ကို နာမဝိသေသနဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲသော လူများသို့"

**Matthew 26:10**

ဤအမျိုးသမီးကို သင်တို့ဘာ့ကြောင့် ဒုက္ခပေးနေကြသနည်း။
ယေရှုက သူ့တပည့်တော်များကို ပုတ်ခတ်သည့်အနေဖြင့် မေးသည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ ဤအမျိုးသမီးကို ဒုက္ခ မပေးသင့်ဘူး"

သင်တို့ဘာ့ကြောင့်နည်း။
"သင်တို့" အားလုံးသည် အများကိန်းဖြစ်ပြီး တပည့်တော်များကို ဆိုလိုသည်။

ဆင်းရဲသူသို့
"ဆင်းရဲသူ" ကို နာမဝိသေသနဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆင်းရဲသော လူများထံသို့"

**Matthew 26:12**

ဆီမွှေး
ဤဆီသည် အနံ့ကောင်းသည့် ဆီဖြစ်သည်။ 26:6. ၌ ရေးသည့်အတိုင်းရေးရန် ဖြစ်သည်။

ငါအမှန်ဆိုသည်ကား
"သင့်ကိုငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပြုသည်။

ဤဧဝံဂေလိတရားစောပြောသည့်နေရာတိုင်းတွင်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က သတင်းကောင်းကို ဟောပြောကြသည့် နေရာတိုင်းတွင်"

ဤမိန်းမကို အောက်မေ့စရာဖို့ သူပြုသောဤအမှုကို ကြားပြောကြလော့
အခြားသောဘာသာပြန်ဆိုချက်၊ "ဤအမျိုးသမီး လုပ်သည့် အရာကို သူတို့သတိရကြရန် သူမအကြောင်းကို တခြားသူများအား ပြောကြပါ"

**Matthew 26:14**

ဆက်စပ်မှုဖော်ပြချက်
ယုဒရှကာရုတ်က ယေရှုကို ဖမ်းပြီး သတ်မည့် ယုဒခေါင်းဆောင်များအား ကူညီရန် သဘောတူသည်။

သူ့ကို သင်ထံသို့အပ်နှံသည်
"သူတို့ထံသို့ ယေရှုအပ်နှံသည်" သို့မဟုတ် "ယေရှုကို ဖမ်းရန် ကူညီသည်"

ငွေအကျပ်သုံးဆယ်
ဤစကားလုံးများသည် ဓမ္မဟောင်းကျမ်းရှိ ပရောဖက်ပြုချက်နှင့် ကိုက်ညီသည့်အတွက် ဤအတိုင်းပြန်ရန်ဖြစ်သည်။ ခေတ်သုံး အသုံးအနှုန်းဖြင့် အစားထိုး မပြန်သင့်ပါ။


generated on Tue Mar 12 16:35:02 2024

ငွေအကျပ်သုံးဆယ်
"၃၀ ပြား"

သူ့ကို သူတို့ထံသို့အပ်သည်
"ယေရှုကို ဖမ်းရန် ယဇ်ပုရောဟိတ်များကို ကူညီသည်"

### Matthew 26:17

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များနှင့်အတူ ပသခါပွဲ ကျင်းပကြသည့်အကြောင်းကို စဖော်ပြသည်။

သို့ရာတွင်
အစိကဇတ်လမ်းမှ အခြားသို့ ကူးသွာသည့် အချက်ပြစာလုံးဖြစ်သည်။ ဤနေရာ၌ မဿဲက ဇာတ်လမ်းသစ်ကို စပြောနေသည်။

သူက "မြို့တွင်ဤမည်သောသူ၏ အိမ်သို့သွားကြ၊ ဆရာမှာလိုက်သည်ကား ငါ့အချိန်နီးပြီ။ သင့်အိမ်၌ ငါ့တပည့်တို့နှင့်တကွ ပသခါပွဲကို ငါခံမည်ဟု ထိုသူကိုပြောကြလော့" ဟုပြောသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူက သူ့တပည့်များကို မြို့တွင်းသို့ သွားပြီး ထိုလူကို ဆရာက သူ့ကိုပြောသည်မှာ 'ငါ့အချိန်နီးပြီ။ ပသခါပွဲကို သင့်အိမ်၌ ငါ့တပည့်တော်များနှင့်အတူ ကျင်းပကြမည်" ဟုပြောသည်။'" သို့မဟုတ် "သူက သူ့တပည့်များကို မြို့တွင်းသို့ သွားကြပြီး ထိုလူကို ဆရာ၏ အချိန်နီးပြီ၊ ပသခါပွဲကို သူ့တပည့်တော်များနှင့်အတူ သင့်အိမ်တွင် ကျင်းပကြမည်" ဟုပြောသည်။

ငါ့အချိန်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "သင်တို့ကို ငါပြောသည့်အရာ၏ အချိန်" (UDB) သို့မဟုတ် (၂) " ငါ့အတွက်ဘုရားသခင် သတ်မှတ်သည့်အချိန်"

လက်ထဲ၌
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ

ပသခါပွဲကိုပြင်ဆင်ကြသည်
"ပသခါပွဲကို စားသုံးကြသည်" သို့မဟုတ် "အထူးစားပွဲကျင်းပသည့် အနေဖြင့် ပသခါပွဲကို ကျင်းပကြသည်"

### Matthew 26:20

သူသည် စားဖို့ထိုင်သည်
သင့်ပတ်ဝန်းကျင်၌ အစာစားသည့်အခါ နေထိုင်သည့် ပုံစံကို သုံးနိုင်သည်။

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို အလေးနက်ပေးသည်။

သခင် အကျွန်ုပ်လော"
"ငါမဟုတ်ဘူး မဟုတ်လား သခင်" ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

### Matthew 26:23

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။

သွားမည်
"သွား" သည် သေဆုံးသည်ကို ဆိုလိုသည့် ယဉ်ကျေးသည့်အသုံးနှုန်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူ့သေခြင်းသို့ သွားမည်" သိုမ့ဟုတ် "သေမည်"

သူ့အကြောင်းရေးထားသည့်အတိုင်း
အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းစာ၌ ပရောဖက်များက သူ့အကြောင်း ရေးကြသည့်အတိုင်း"

လူသားကိုသစ္စာဖောက်မည့်သူသည် ထိုလူဖြစ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားကို သစ္စာဖောက်သောလူ"

ဟုတ်လား၊ ဆရာ။
"ဆရာ၊ သင့်ကို သစ္စာဖောက်မည့် သူသည် ငါလော" ယုဒက ယေရှုကို သစ္စာဖောက်မည့်သူမှာ သူမဟုတ်ကြောင်းကို ငြင်းသည့် မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဆရာ၊ သင့်ကို သစ္စာဖောက်မည့် သူမှာ ငါအမှန်မဟုတ်ပါ"

သင့်ကိုယ်သင် ပြောပြီ
ယေရှုက 'ဟုတ်ကဲ့" ကိုဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင် ထိုအရာကို ပြောသည်" သို့မဟုတ် "သင်က ဝန်ခံသည်"

### Matthew 26:26

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သူ့တပည့်တော်များနှင့်အတူ ပသခါပွဲကို ကျင်းပသကဲ့သို့ သခင်၏ ညစာစားပွဲကို အစပြုသည်။

ယူသည်.ကောင်းကြီးပေးသည်...ချိုးသည်
14:19. ၌ ရေးထားသည့်အတိုင်း ပြန်ရန် ဖြစ်သည်။

### Matthew 26:27

သူယူသည်
"ယူသည်" ကို 14:19၌ရေးသည့် အတိုင်းရေးရန်ဖြစ်သည်။

ခွက်
"ခွက်" သည် ခွက်နှင့် ၎င်းအထဲရှိ ဝိုင်ကို ဆိုလိုသည်။

သူတို့ကိုပေးပါ
"တပည့်တော်များကို ပေးပါ"

သောက်ပါ
"ဤခွက်မှ ဝိုင်ကို သောက်ပါ"

ဤဟာသည် ငါ၏သွေး
"ဤစပျစ်ဝိုင်သည် ငါ့အသွေး"

ပဋိညာဉ်တရားသွေး
"ပဋိညာဉ်သည် အကျိုးသက်ရောက်သည်ကို ပြသည့် သွေး" သို့မဟုတ် "ပဋိညာဉ်ကို ဖြစ်စေနိုင်သည့် သွေး"

လောင်းထည့်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခန္ဓာမှ စီးဆင်းလာမည်" သို့မဟုတ် "ငါသေသည့်အခါ ငါ့ဒဏ်ရာမှ စီးဆင်းလာမည်"

ငါဆိုသည်ကား
ယေရှုပြောသည့် အရာကို အလေးနက်ပေးထားသည်။

စပျစ်၏အသီး
အခြားသောဘာသာပြန်ဆိုချက်၊ "စပျစ်ဝိုင်"

ငါ့ခမည်းတော်၏နိုင်ငံတော်
"နိုင်ငံတော်" သည် ဘုရားသခင်က ဘုရင်ကဲ့သို့အုပ်စိုးသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခမည်းတော်သည် မြေကြီးပေါ်မှာ သူ့အုပ်စိုးမှုကို တည်ထောင်သည့်အခါ"

ငါ့ခမည်းတော်၏
ယေရှုနှင့် ဘုရားသခင်ဆက်သွယ်မှုရှိသည်ကို ဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

**Matthew 26:30**

ဆက်စပ်မှုဖော်ပြချက်
ယေရှုက သံလွင်တောင်သို့ တက်သွားကြစဉ် သူ့တပည့် တော်များကို ဆက်လက် သွန်သင်နေသည်။

ယေဘုယျအချက်အလက်
အပိုဒ် ၃၁ တွင် ယေရှုက ပရောဖက်ဇာခရိကို ကိုးကားပြီး ပရောဖက်ပြုချက် ပြည့်စုံလာရန် သူ့တပည့်တော်များက သူ့ကို ထားခဲ့ကြမည်ဟု ပြောသည်။

ဓမ္မသီချင်း
ဘုရားသခင်ကို ချီးမွမ်းသည့် သီချင်း

ကွဲလွင့်
"ငါ့ကို ထားခဲ့သည်"

ရေးထားသည့်အတွက်
အခြားသောဘာသာပြန် ဆိုချက်၊ "ရှေးကတည်းက ကျမ်းစာ၌ ပရောဖက်ဇာခရိက ရေးထားပြီး ဖြစ်သည်။"

ငါသည် တိုက်ခိုက်မည်
"ငါ" သည် ဘုရားသခင်ကို ဆိုလိုသည်။ ဘုရားသခင်က ယေရှုကို ဒုက္ခပေးရန်နှင့် သတ်ရန် လူများကို ခွင့်ပြုမည်ဟု ဆိုလိုသည်။

သိုးထိန်း...သိုးအုပ်
ယေရှုနှင့် တပည့်တော်များကို ဆိုလိုသည့် တင်စားချက်ဖြစ်သည်။

သိုးအုပ်သည် ပြန့်ကြဲလိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သိုးအုပ်ကို သူတို့က ပြန့်ကြဲစေမည်" သို့မဟုတ် "သိုးအုပ်တို့သည် နေရာတိုင်းသို့ ပြေးကြမည်"

ငါပြန်ထပြီးနောက်
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါ့ကိုပြန်ထစေပြီးနောက်"

**Matthew 26:33**

ကွဲလွင့်
26:30. ၌ပြန်သည့်အတိုင်းပြန်ရန်ဖြစ်သည်။

ငါအမှန်ဆိုသည်ကား
"သင့်ကို ငါအမှန်တရားပြောသည်" ယေရှုပြောသည့်အရာကို ဆိုလိုသည်။

ကြက်ဖမတွန်ခင်
နေထွက်ခါနီး၌ ကြက်ဖတွန်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "နေမထွက်လာခင်"

ကြက်ဖ
နေထွက်ခါနီး၌ အသံကျယ်လောင်စွာ တွန်သည့် ကြက်ဖြစ်သည်။

တွန်သည်
ကြက်ဖက တွွန်သည့်အသံ ဖြစ်သည်။

သင်က ငါ့ကို သုံးကြိမ်ငြင်းမည်
"သင်သည် ငါ့နောက်လိုက် မဖြစ်ကြောင်း သုံးကြိမ်ငြင်းမည်"

**Matthew 26:36**

ဆက်စပ်မှုဖော်ပြချက်
ဤအပိုဒ်တွင်ယေရှုက ဂေသရှေမန်အရပ်တွင် ဆုတောင်းသည့်အချက်ကို စဖော်ပြသည်။

အလွန်ဝမ်းနည်းစပြုလာသည်
"သူအလွန် ဝမ်းနည်းလာသည်"

ငါ့ဝိညာဉ်သည် အလွန်ဝမ်းနည်းသည်
"ဝိညာဉ်" သည် လူတစ်ခုလုံးကို ကိုယ်စားပြုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါအလွန် ဝမ်းနည်းသည်"

သေသည့်တိုင်အောင်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသေလု မတတ် ခံစားရသည်"

**Matthew 26:39**

သူ့မျက်နှာမှာကျသည်
ရည်ရွယ်ချက်ရှိရှိ မြေပေါ်သို့ ဆုတောင်းရန် မျက်နှာချသည်။

ငါ့ခမည်းတော်
ယေရှုနှင့် ဘုရားသခင်တို့ကြား ဆက်သွယ်မှုကို ဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသောနာမည်ဖြစ်သည်။

ဤခွက်သည် ငါ့ကိုလွန်သွားစေပါ
"ခွက်" သည် ခွက်နှင့်၎င်းအထဲ၌ရှိသည့်အရာကို ကိုယ်စားပြုသည်။ ၎င်းအထဲရှိသည့်အရာမှာယေရှုက ခံမည့်ဝေဒနာကို ဆိုလိုသည်။ ယေရှုက ခမည်းတော်ကို ယေရှုရှုလင်၌ သူခံမည့်ဝေဒနာနှင့် သူသေရန်ကို သိသည့်အတွက် ဖြစ်နိုင်ပါက မသေရန် တောင်းဆိုသည်။

အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည် အတိုင်း ဖြစ်ပါစေသော
ဤဝါကျကို အပြည့်အစုံဖြင့် ပြန်ရေးနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သို့သော် သင်သည် ငါလိုချင်သည့်အရာကို မလုပ်ဘဲ၊ သင်လိုချင်သည့်အရာကိုသာလုပ်ပါ"

ပေတရုကို သူက "သင်မစောင့်နိုင်သလော" ဟု မေးသည်
ယေရှုက ပေတရုကို ပြောသည်။ "သင်တို့" သည် ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို ဆိုလိုသည်။

တနာရီခန့်မျှ ငါနှင့်အတူစောင့်နိုင်ကြသလော။
ယေရှုက ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို ဆူဆဲရန် မေးခွန်းသုံးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါနှင့်အတူ တစ်နာရီမျှ မနိုးနိုင်ကြသည်မှာ ငါစိတ်ပျက်သည်"

သင်တို့ စုံစမ်းနှောက်ယှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း
"စုံစမ်းခြင်း" စိတ္တဇနာမ်ကို ကြိယာ "စုံစမ်း" ဖြင့် ပြန်နိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမျှ သင့်ကို အပြစ်သို့ မသွေးဆောင်စေနှင့်"

စိတ်ဝိညာဉ်ကား စေတနာရှိသော်လည်း၊ ခန္ဓာကိုယ်မူကား အားနည်းသည်
"ဝိညာဉ်" သည် လူ၏ ဆန္ဒကို ကိုယ်စားပြုသည်။ "ခန္ဓာကိုယ်" သည် လူတစ်ခုလုံးကို ဆိုလိုသည်။ ဆိုလိုသည်မှာ သူတို့က ဆန္ဒရှိနိုင်သည်၊ လူသားများဖြစ်သည့်အတွက် သူတို့သည် အားနည်းလျက် ကျရှုံးကြသည်။

### Matthew 26:42

သူထွက်သွားသည်
"ယေရှု သွားသည်"

ဒုတိယအကြိမ်.. တတိယအကြိမ်

ငါ့ခမည်းတော်
ယေရှုနှင့် ဘုရားသခင်တို့ကြား ဆက်သွယ်မှုကို ဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသောအမည်နာမဖြစ်သည်။

ငါမသောက်ဘဲ ဖြတ်သွားနိုင်လျှင်
အခြားသောဘာသာပြန်ဆိုချက်၊ "ငါသောက်ရမည်ဆိုလျှင်"

ဖြစ်လျှင်
"ဤ" သည် ခွက်နှင့် ၎င်းထဲရှိသည့် အရာကို ဆိုလိုသည်။ (ရှု၊ 26:39)

၎င်းကိုငါမသောက်လျှင်
"၎င်းမှ ငါမသောက်လျှင်" သို့မဟုတ်" ဤဒုက္ခခွက်ကို ငါမသောက်လျှင်"

သင်လုပ်လိမ့်မည်
အခြားသောဘာသာပြန်ဆိုချက်၊ "သင်လိုချင်သည့် အရာ ဖြစ်ပျက်လာမည်"

သူတို့မျက်စိသည် လေးလံသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သူတို့သည် အလွန်အိပ်ငိုက်ကြသည်"

### Matthew 26:45

သင်သည် အိပ်ပျော်၍ ငြိမ်ဝပ်စွာနေသေးသလော။
ယေရှုက အိပ်နေကြသည့် တပည့်တော်များကို မေးခွန်းဖြင့် ဆဲဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့ အိပ်နေကြသေးသည့်အတွက် ငါစိတ်ပျက်သည်"

အချိန်သည် လက်ထဲသို့ရောက်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "အချိန်သည် ရောက်လာသည်"

လူသားသည် သစ္စာဖောက်ခြင်းခံရသည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူသားကို တစ်စုံတစ်ယောက်က သစ္စာဖောက်သည်"

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းခြင်းဖြစ်သည်။

အပြစ်သားတို့၏လက်ထဲသို့
"လက်" သည် ထိန်းချုပ်နိုင်မှုနှင့် တန်ခိုးကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အပြစ်သားများ၏ တန်ခိုးထဲသို့ သူ့ကိုအပ်နှံသည်" သို့မဟုတ် "အပြစ်သားများအား သူ့ကို အပ်နှံကြသည်"

ကြည့်ပါ
"သင့်ကို ငါပြောမည့်အရာကို အာရုံစိုက်ပါ"

### Matthew 26:47

ဆက်စပ်မှုဖော်ပြချက်
ယုဒက ယေရှုကို သစ္စာဖောက်ပြီး ဘာသာရေးခေါင်းဆောင်များက သူ့ကို ဖမ်းကြသည့်အကြောင်း စဖော်ပြသည်။

သူစကားပြောနေစဉ်
"ယေရှုသည် စကားပြောနေစဉ်"

ဒုတ်များ
လူများကို ရိုက်ရန် သစ်သားများ

ယခု...သူ့ကိုဖမ်းပါ
"ယခု" သည် အဓိကဇာတ်လမ်းမှ အခြားသို့ ကူးသွားသည့်အချက်ဖြစ်သည်။ မသိက ဤနေရာတွင် ယုဒရှကာရုတ်နှင့် ယေရှုကို သစ္စာဖောက်ရန် ရည်ရွယ်ချက်အကြောင်းကို ဖော်ပြသည်။

မည်သူမဆိုငါနမ်းသည့်သူကို ဖမ်းပါ ဟုပြောလျက်
တိုက်ရိုက် ကိုးကားချက်ကို သွယ်ဝိုက်ကိုးကားချက်ဖြင့်ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သူမဆို သူနမ်းသည့် သူသည် သူတို့ဖမ်းသင့်သည့်သူဖြစ်သည်"

ငါနမ်းသည့်သူမည်သူမဆို
"ငါနမ်းမည့် သူ" သို့မဟုတ် "ငါနမ်းမည့် သူတစ်ယောက်" (UDB)

နမ်းသည်
ဆရာတစ်ယောက်ကို လေးစားသည့် အနေဖြင့် နှုတ်ဆက်သည့်နည်း ဖြစ်သည်။

### Matthew 26:49

သူသည် ယေရှုထံသို့လာသည်
"ယုဒသည် ယေရှုထံသို့ လာသည်"

သူ့ကိုနမ်းသည်
"သူ့ကို နမ်းလျက်တွေ့သည်"

ထို့နောက်သူတို့လာကြသည်
"သူတို့" သည် ယုဒနှင့် ဘာသာရေးခေါင်းဆောင်များနှင့် ဒုတ်၊ ဓားများနှင့်လာသည့် လူများကို ဆိုလိုသည်။

ယေရှုပေါ်မှာ လက်များတင်လျက် သူ့ကို ဖမ်းကြသည်
"ယေရှုကို ချုပ်လျက် သူ့ကို ဖမ်းကြသည်"


generated on Tue Mar 12 16:35:02 2024

## Matthew 26:51

ကြည့်ပါ
"ကြည့်ပါ" သည် ပြောသည့်အရာကို အာရုံစိုက်ရန် နိုးဆော်သည့်အချက် ဖြစ်သည်။

ဓားကိုကိုင်သောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "တခြားသူများကို သတ်ရန် ဓားကိုင်သောသူ"

ဓားဖြင့် ပျက်စီးမည်
"ဓားဖြင့် သေဆုံးမည်" သို့မဟုတ် "သူတို့ကို တစ်စုံတစ်ယောက်က ဓားဖြင့် သတ်မည်"

ငါသည်ကောင်းကင်တမန်များကို မခေါ်နိုင်သည်ဟု ထင်သလော။
ယေရှုက ဓားနှင့် လာပြီး သူ့ကို ဖမ်းမည့်သူများကို ရပ်တန့်စေနိုင်ကြောင်းကို သူတို့အား သတိပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ကောင်းကင်တမန်များအား ခေါ်နိုင်သည်ကို သင်တို့ အမှန်သိကြသည်"

သင်ထင်သလော
"သင်" သည် အနည်းကိန်း၊ ဓားနှင်လာသည့်လူကိုဆိုလိုသည်။

ငါ့ခမည်းတော်
ယေရှုနှင့် ဘုရားသခင်တို့ကြား ဆက်သွယ်မှုကိုဖော်ပြသည့် ဘုရားသခင်၏ အရေးကြီးသော အမည်နာမဖြစ်သည်။

ကောင်းကင်တမန် နှစ်တပ်မထက်
"တပ်မ" သည် စစ်တပ်အသုံးအနှုန်း၊ စစ်သား

ဤအမှုအရာသည် ဖြစ်ရမည်ဟူသော ကျမ်းချက်သည် အဘယ်သို့ပြည့်စုံအံ့မည်နည်း
ယေရှုက လူများအား သူ့ကို ဖမ်းရန် ဘာ့ကြောင့်ခွင့်ပြုသည်ကို ရှင်းပြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာကို ငါလုပ်လျှင်၊ ကျမ်းစာ၌ ဘုရားသခင်က ဖြစ်ရမည့်အရာကို ငါသည်ပြည့်စုံစေနိုင်မည်မဟုတ်"

## Matthew 26:55

သင်တို့သည် ဓားပြကိုဖမ်းသကဲ့သို့ ငါ့ကိုဖမ်းရန်ဒုတ်၊ ဓားများဖြင့် လာကြသလော
သူ့ကို ဖမ်းမည့်သူများက မှားနေကြသည်ကို ယေရှုက မေးခွန်းဖြင့် မေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် ဓားပြ မဟုတ်သည်ကို သင်တို့ သိကြသည်၊ သင်တို့ ဒုတ်၊ ဓားများဖြင့် လာကြသည်မှာ မှားသည်"

ဒုတ်များ
လူကို ရိုက်ရန် ပြုလုပ်ထားသော သစ်သားများ

ဗိမာန်တော်၌
ယေရှုသည် ဗိမာန်တော်တွင် ရှိနေသည်ကိုဖော်ပြခြင်း မဟုတ်ပါ။ ဗိမာန်တော် ခြံဝန်းတွင်သာ သူရှိသည်။

ပရောဖက်များ၏ရေးသားချက်များသည် ပြည့်စုံနိုင်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "ကျမ်းစာ၌ ပရောဖက်အားလုံးရေးသားသည့်အချက်များကို ငါသည် ပြည့်စုံစေမည်"

သူ့ကို ခွင့်ပြုပါ
သူတို့က သူနှင့် အတူ ရှိနေသင့်ကြသော်လည်း သူ့ကို ထားခဲ့ကြသည်ကို ဆိုလိုသည့် စာလုံးရှိပါက သုံးနိုင်သည်။

## Matthew 26:57

ဆက်စပ်မှုဖော်ပြချက်
ယုဒဘာသာရေးခေါင်းဆောင်များ ရှေ့မှောက်၌ ယေရှုအား စစ်ကြောမေးမြန်းခြင်းအကြောင်းဖြစ်သည်။

ပေတရုက သူ့ကိုလိုက်သွားသည်
"ပေတရုက ယေရှုကို လိုက်သွားသည်"

ယဇ်ပုရောဟိတ်အကြီး၏ ခြံဝန်း
"ယဇ်ပုရောဟိတ်အကြီး၏ အိမ်နားက နေရာ"

သူအထဲသို့ ဝင်သွားသည်
"ပေတရုအထဲသို့ ဝင်သွားသည်"

## Matthew 26:59

သို့ရာတွင်
ဇာတ်လမ်းတစ်ခုမှ အခြားသို့ ကူးသွားကြောင်း အချက်ပြခြင်းဖြစ်သည်။ မသိခင်က ဇာတ်လမ်းအသစ်ကို စပြောသည်။

ထို့ကြောင့်သူတို့
"သူတို့" သည် ယဇ်ပုရောဟိတ်အကြီးများနှင့် ကောင်စီဝင်များကို ဆိုလိုသည်။

သူ့ကို အသေသတ်နိုင်သည့်
"သူ့ကို သတ်ရန် အကျိုးအကြောင်း ရှိနိုင်သည်"

နှစ်ယောက်ရှေ့သို့လာကြသည်
"လူနှစ် ယောက်ရှေ့သို့ လာကြသည်" (UDB) သို့မဟုတ် "သက်သေနှစ်ယောက် ရှေ့သို့ လာကြသည်"

ဤလူက "ငါသည် ဖျက်နိုင်သည်..နေ့များ"
အခြားသောဘာသာပြန်ဆိုချက်၊ "ဤလူက သူက ဖျက်ဆီးနိုင်သည်ဟု ပြောသည်... နေ့များ"

ဤလူက ပြောသည်
"ဤလူဖြစ်သော ယေရှုက ပြောသည်"

## Matthew 26:62

ဤသူတို့သည် အဘယ်မျှ သက်သေခံကြသနည်း။
ယဇ်ပုရောဟိတ်အကြီးက သက်သေများပြောသည့်အရာကို ယေရှုအား ပြန်၍မေးခြင်း မဟုတ်ပါ။ သူက သက်သေများ၏ပြောချက်သည်မှားကြောင်း ယေရှုကသက်သေပြန်ရန်သာ တောင်းဆိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သက်သေများပြောသည့်အရာကို သင်မည်သို့ တုန့်ပြန်မည်နည်း"

ဘုရားသား
ခရစ်တော်နှင့် ဘုရားသခင်အကြား ဆက်သွယ်မှုကိုဖော်ပြသည့် အရေးကြီးသော နာမည်ဖြစ်သည်။

 generated on Tue Mar 12 16:35:02 2024

အသက်ရှင်သော ဘုရားသခင်
"အသက်ရှင်သော" က ဣသရေလတို့၏ ဘုရားသခင်ကို လူတို့ ကိုးကွယ်ကြသည့် တခြားမှားယွင်းသော ဘုရားများနှင့် နှိုင်းယှဥ်သည်။ ဣသရေလတို့၏ ဘုရားသခင် တစ်ပါးတည်းကသာလျှင် တန်ခိုးရှိပြီး အသက်ရှင်သည်။ 16:13. ၌ပြန်သည့်အတိုင်း ရေးရန်ဖြစ်သည်။

သို့သော် သင့်တို့ကိုငါပြောသည်၊ ယခုမှစ၍
"သင်တို့" သည် အများကိန်း၊ ယဇ်ပုရောဟိတ်အကြီးနှင့် တခြားသောလူများကို ယေရှုက စကားပြောသည်"

ယခုမှ သင်တို့လူသားကိုတွေ့ကြလိမ့်မည်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) "ယခုမှစ၍" သည် အနာဂတ်၌ တခါတရံ လူသားကို သူ့တန်ခိုးနှင့် သူတို့တွေ့ကြမည်ကိုဆိုလိုသည့် အသုံးအနှုန်းဖြစ်သည်" သို့မဟုတ် (၂) "ယခုမှစ၍" သည် ယေရှု၏ စုံစမ်းခြင်းနှင့် ယေရှုက သူ့ကိုယ်သူ တန်ခိုးကြီးသောသူ၊ အောင်နိုင်သော မေရှိယဖြစ်ကြောင်း ပြလာမည့်အချိန်ကို ဆိုလိုသည်။

လူသား
ယေရှုက သူ့ကိုယ်သူ တတိယပုဂ္ဂိုလ်ဖြင့် ရည်ညွှန်းသည်။

လက်ယာဖက်၏တန်ခိုးဖြင့်
"တန်ခိုး" သည် ဘုရားသခင်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုန်းကြီးသော ဘုရားသခင်၏ လက်ယာ ဖက်၌"

ကောင်းကင်တိမ်များနှင့်လာမည်
"ကောင်းကင်တိမ်များကို စီးလျက် မြေကြီးသို့ လာမည်"

**Matthew 26:65**

ယဇ်ပုရောဟိတ်မင်းက သူ့အဝတ်ကိုဆုတ်ဖြဲသည်
အဝတ်များ ဆုတ်ဖြဲခြင်းသည် စိတ်ဆိုးခြင်းနှင့် ဝမ်းနည်းမှု၏ လက္ခဏာဖြစ်သည်။

သူက ဘုရားကိုလွန်ကျူးသောစကားကို ပြောပြီ။
ဘုရားလွန်ကျူးသော စကားပြောသည်ဟု ခေါ်ခြင်းဖြင့် ယေရှုသည် ဘုရားသခင်နှင့် တန်းတူဖြစ်သည်ဟု ယဇ်ပုရောဟိတ်မင်းက နားလည်သည်။

အဘယ့်ကြောင့် ငါတို့က သက်သေလိုသေးကြသနည်း။
ယဇ်ပုရောဟိတ်အကြီးက သူနှင့်ကောင်စီဝင်များက မည်သည့် သက်သေမှကြားရန် မလိုအပ်တော့ကြောင်းကို ဤမေးခွန်းဖြင့် အလေးနက်ပေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မည်သည့်သက်သေမျှ ငါတို့ မလိုအပ်တော့ပါ"

အခုတော့ သင်တို့ကြားရပြီ
"သင်တို့" သည် အများကိန်းဖြစ်ပြီး ကောင်စီဝင်များကိုဆိုလိုသည်။

**Matthew 26:67**

ထို့နောက် သူတို့
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) "လူအချို့" သို့မဟုတ် (၂) "စစ်သားများ"

သူ့မျက်နှာကို တံထွေးနှင့်ထွေးကြသည်
စော်ကားသည့် အနေဖြင့် လုပ်ခြင်းဖြစ်သည်။

ငါတို့ကိုပရောဖက်ပြုပါ
"ငါတို့ကို ပရောဖက်ပြုပါ" သည် ဘုရားသခင်၏ တန်ခိုးကို ဆိုလိုသည်။ အနာဂတ်၌ မည်သည့်အရာဖြစ်ပျက်လာမည်ကို ပြောရန် ဆိုလိုခြင်း မဟုတ်ပါ။

သင်ခရစ်တော်
ထိုရိုက်နှက်ချက်များကို ယေရှုကို ခရစ်တော်ဟု မမှတ်ကြသဖြင့် ရိုက်နှက်၍ လှောင်ပြောင်ခြင်း သက်သက်ဖြစ်သည်။ သူ့အား ပြက်ရယ် ပြုကြဖို့ ထိုသို့ခေါ်ကြခြင်းဖြစ်သည်။

**Matthew 26:69**

ဆက်စပ်မှုဖော်ပြချက်
ပေတရုက ယေရှုပြောခဲ့သည့်အတိုင်း ယေရှုကို မသိဟု သုံးကြိမ်ငြင်းသည့် အကြောင်းကို စမှတ်တမ်းတင်သည်။

ယေဘုယျအချက်အလက်
ဤအဖြစ်အပျက်သည် ဘာသာရေးခေါင်းဆောင်များရှေ့၌ ယေရှု၏ စုံစမ်းခြင်းခံသည့် အဖြစ်အပျက်နှင့် တချိန်တည်းတွင်ဖြစ်သည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးသွားသည့်အချက်ပြ စာလုံးဖြစ်သည်။ မဿဲကဇာတ်လမ်း အသစ်ကို စပြောနေသည်။

သင်ပြောသည့်အရာကို ငါမသိ
ပေတရုက ကျွန်မိန်းကလေးပြောသည့်အရာကို နားလည်သည်။ သူက ဤစကားလုံးများကို သုံးပြီး ယေရှုနှင့်အတူ မနေဖူးကြောင်း ငြင်းဆိုသည်။

**Matthew 26:71**

သူက
"ပေတရုက"

အိမ်ဦးရှေ့
ခြံပတ်လည်၌ ရှိသည့် တံခါး

ထိုသူကို ငါမသိဟု ကျိန်ဆိုလျက် တဖန်ငြင်းခုံပြန်၏
"သူက အဓိဋ္ဌာန်ပြု၍ ကျိန်ဆိုပြီး နောက်ထပ် "ထိုလူကိုငါမသိ" ဟု ငြင်းသည်။

**Matthew 26:73**

သူတို့မှတစ်ယောက်
"ယေရှုနှင့်အတူ ရှိသူများမှ တစ်ယောက်"

သင်ပြောသည့်စကားက သင့်အကြောင်းကို ထင်ရှားစေသည်
ဤအရာကို ဝါကျသစ်ဖြင့် ပြန်ရေးနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်က ဂါလိလဲ လူပြောသည့်အတိုင်း စကားပြောခြင်းကြောင့် သင်သည် ဂါလိလဲလူဖြစ်ကြောင်း ငါတို့ပြောနိုင်သည်"

ညွှင်းဆဲရန်
မိမိကိုယ်ကို ကျိန်ဆိုခြင်း


generated on Tue Mar 12 16:35:02 2024

ကြက်ဖတွန်သည်
နေထွက်လာခါနီး၌ ကျယ်လောင်စွာတွန်သည့် ငှက်ထီးမျိုးဖြစ်သည်။ ထိုငှက်ထီးပြုသည့်အသံကို "တွန်သည်" ဟုခေါ်သည်။ 26:33. ၌မည်သို့ရေးသည်ကို ပြန်ကြည့်နိုင်သည်။

"ကြက်ဖ မတွန်ခင် ငါ့ကို သင်က သုံးကြိမ်ငြင်းမည်"
ဟုယေရှုပြောခဲ့သည့်စကားများကို ပေတရုကသတိရသည်။
အခြားသောဘာသာပြန်ဆိုချက်၊ " ကြက်ဖ မတွန်ခင် ယေရှုကို သုံးကြိမ်ငြင်းမည်ဟု ယေရှု ပြောသည့်အရာကို ပေတရုက ပြန်သတိရသည်"

---

## Translation Questions

### Matthew 26:1

ယေရှုက၊ နှစ်ရက်လွန်သောအခါ မည်သည့်ယုဒပွဲနေ့သို့ရောက်မည်ဟု ဆိုခဲ့သနည်း။
ယေရှုက၊ နှစ်ရက်လွန်သောအခါ ပသခါပွဲနေ့သို့ရောက်မည်ဟုဆိုခဲ့ပါသည်။

### Matthew 26:3

ယဇ်ပရောဟိတ်အကြီး ကျမ်းပြုဆရာတို့နှင့်လူတို့တွင်အကြီးအကဲဖြစ်သောသူတို့သည်၊ ယဇ်ပရောဟိတ်မင်း၏အိမ်ဦး၌၊ မည်သည့်အရာကိုကြံစည်နေခဲ့ကြသနည်း။
ထိုသူတို့သည်၊ ယေရှုကိုပရိယာယ်ဖြင့် ဖမ်းဆီး၍သတ်ရန်ကြံစည်နေခဲ့ကြပါသည်။

ယဇ်ပရောဟိတ်မင်းနှင့်လူအကြီးအကဲတို့သည်၊ မည် သည့်အရာကို စိုးရိမ်ခဲ့ကြသနည်း။
သူတို့သည်၊ ပသခါပွဲနေ့၌ယေရှုကိုသတ်လျှင်၊ လူများတို့သည်ရုန်းရင်းခတ်ဖြစ်မည်ကို စိုးရိမ်ခဲ့ကြပါသည်။

### Matthew 26:6

မိန်းမတယောက်သည်၊ အဘိုးများစွာထိုက်တန်သော ဆီမွှေးကိုယေရှု၏ဦးခေါင်းပေါ်၌ သွန်းလောင်းသောအခါ၊ တပည့်တော်များက မည်သို့တုံ့ပြန်သနည်း။
တပည့်တော်များက ဒေါသစိတ်ဖြစ်၍၊ အဘယ်ကြောင့်ထိုဆီမွှေးကိုရောင်း၍ ဆင်းရဲသောသူတို့အား မပေးဘဲနေသနည်းဟုသိလိုကြ၏။

### Matthew 26:12

ယေရှုက ထိုမိန်းမသည် ဆီမွှေးကို မိမိအပေါ်၊ အဘယ်ကြောင့် လောင်းရသည်ဟု ဆိုသနည်း။
ယေရှုက ထိုမိန်းမသည်ဆီမွှေးကို မိမိအပေါ်လောင်းသည်မှာ၊ မိမိ၏အလောင်းကိုပြင်ဆင်ရန်အတွက်ဖြစ်သည် ဟုဆိုပါသည်။

### Matthew 26:14

ယုဒရှကာရုတ်သည် မည်သည့်အခဖြင့် ယေရှုကို ယဇ်ပရောဟိတ်အကြီးတို့ထံ အပ်နှံခဲ့သနည်း။
ယုဒရှကာရုတ်သည် ငွေကျပ်သုံးဆယ်အခဖြင့်၊ ယေရှုကိုယဇ်ပရောဟိတ်အကြီးတို့၏လက်ထဲသို့ အပ်နှံခဲ့ပါသည်။

### Matthew 26:20

ယေရှုက ညစာစားသောအချိန်၌၊ တပည့်တော်တယောက်သည် မိမိအားမည်သို့ပြုမည်ဟုဆိုသနည်း။
ယေရှုက တပည့်တော်တယောက်သည် မိမိအားသစ္စာဖေါက်လိမ့်မည်ဟုဆိုပါသည်။

### Matthew 26:23

ယေရှုက မိမိအားသစ္စာဖေါက်သောသူ၏ အနာဂတ်သည်မည်သို့ဖြစ်လိမ့်မည်ဟု ဆိုခဲ့သနည်း။
ယေရှုက၊ မိမိအားသစ္စာဖေါက်သောသူသည် ဘွားမြင်ခြင်းကိုမခံရလျှင် အနေသာ၍ကောင်းလိမ့်မည်ဟု ဆိုခဲ့ပါသည်။

ယုဒရှကာရုတ်မှ၊ မိမိသည်ယေရှုကိုသစ္စာဖေါက်မည်သူလောဟုမေးသောအခါ၊ ယေရှုကမည်သို့ဖြေဆိုသနည်း။
ယေရှုက၊ သင်ဆိုသည့်အတိုင်းမှန်သည်ဟု ဖြေဆိုပါသည်။

### Matthew 26:26

ယေရှုသည် မုန့်ကိုယူ၍ကျေးဇူးတော်ကို ချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍၊ တပည့်တော်တို့အားဝေပေးသောအခါ၊ မည်သည့်အရာကို ဆိုသနည်း။
ယေရှုက၊ ဤမုန့်ကားငါ၏ကိုယ်ဖြစ်၏၊ ယူ၍စားကြလော့ ဟုဆိုပါသည်။

### Matthew 26:27

ယေရှုက၊ ခွက်ကိုယူ၍ တပည့်တော်တို့အားပေးသောအခါ၊ မည်သို့ဆိုသနည်း။
ယေရှုက၊ ဤခွက်ကားပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွှတ်စေခြင်းငှာ သွန်းသောငါ၏အသွေးဖြစ်၏ ဟုဆိုပါသည်။

### Matthew 26:30

သံလွင်တောင်ပေါ်၌၊ ယေရှုကတပည့်တော်တို့အား ထိုညတွင်သူတို့သည် မည်သို့ဖြစ်လိမ့်မည်ဟု ဆိုခဲ့သနည်း။
ယေရှုက၊ တပည့်တော်တို့သည် ထိုညတွင် မိမိကြောင့်စိတ်ပျက်ကွဲလွင့်ကြလိမ့်မည်ဟု ဆိုခဲ့ပါသည်။

### Matthew 26:33

ပေတရုက မိမိသည်ဘယ်သောအခါမျှ စိတ်ပျက်ကွဲလွင့်ခြင်းမရှိဟု ဆိုသောအခါ၊ ယေရှုကပေတရုသည် ထိုညတွင်မည်သို့ ပြုလိမ့်မည်ဟု ဆိုခဲ့သနည်း။
ယေရှုက၊ ပေတရုသည် မိမိအားထိုညတွင် ကြက်မတွန်မီသုံးကြိမ်တိုင်အောင် ငြင်းပယ်လိမ့်မည်ဟုဆိုခဲ့ပါသည်။

### Matthew 26:36

ယေရှုက၊ ပေတရုနှင့်ဇေဗေဒဲ၏သားနှစ်ယောက်အား မိမိဆုတောင်းနေစဉ်အခါ၊ မည်သို့ပြုရန်ဆိုသနည်း။
ယေရှုက သူတို့အားစောင့်၍နေကြရန် မိန့်ဆိုခဲ့ပါသည်။

 generated on Tue Mar 12 16:35:02 2024

## Matthew 26:39

ယေရှုက၊ ခမည်းတော်အားမည်သည့်အရာကို တောင်းဆိုခဲ့သနည်း။
ယေရှုက၊ ဤခွက်သည်အကျွန်ုပ်ကို လွှန်သွားနိုင်လျှင်လွှန်သွားပါစေဟု တောင်းဆိုခဲ့ပါသည်။

ယေရှုသည်ဆုတောင်းနေရာမှ ပြန်၍လာသောအခါ၊ တပည့်တော်တို့သည် မည်သို့လုပ်နေကြသနည်း။
ယေရှုသည်ဆုတောင်းနေရာမှ ပြန်၍လာသောအခါ၊ တပည့်တော်တို့သည် အိပ်ပျော်လျက်နေကြသည်။

## Matthew 26:42

ယေရှုသည်၊ မိမိအလိုဆန္ဒမဟုတ်သော်ငြားလည်း မည်ကဲ့သို့သောဆုကို တောင်းခဲ့သနည်း။
ယေရှုက၊ မိမိအလိုဆန္ဒမဟုတ်သော်ငြားလည်း အဘခမည်းတော်၏အလိုအတိုင်း ဖြစ်ပါစေသော ဟုဆုတောင်းခဲ့ပါသည်။

ယေရှုသည်၊ တပည့်တော်တို့အား ဘယ်နှစ်ကြိမ်ထားခဲ့၍ ဆုတောင်းရန် သွားပါသနည်း။
ယေရှုသည်၊ တပည့်တော်တို့ကို သုံးကြိမ်တိုင်အောင်ထားခဲ့၍ ဆုတောင်းရန်သွားပါသည်။

## Matthew 26:47

ယုဒရှကာရုတ်သည်၊ မည်သည့်အမှတ်လက္ခဏာဖြင့်လူအစုအဝေးအပေါင်းတို့အား ယေရှုကိုဖမ်းဆီးရန်ပြသနည်း။
ယုဒရှကာရုတ်သည် ယေရှုကိုနမ်း၍ လူအစုအဝေးအပေါင်းတို့အား ယေရှုကိုဖမ်းဆီးရန် အမှတ်လက္ခဏာကိုပြပါသည်။

## Matthew 26:51

ယေရှုကိုဖမ်းဆီးစဉ်တွင် တပည့်တော်တယောက်သည်မည်သို့ပြုသနည်း
ယေရှု၏တပည့်တော်တယောက်သည် ထားကိုဆွဲထုတ်ပြီး၊ ယဇ်ပုရောဟိတ်မင်း၏ကျွန်တယောက်၏ နားရွက်ကိုဖြတ်ပါသည်။

ယေရှုက၊ မိမိကိုယ်ကိုကာကွယ်လိုခဲ့လျှင် မိမိအနေဖြင့်မည်သို့ပြုနိုင်သည်ဟု ဆိုသနည်း။
ယေရှုက၊ မိမိသည်အဘခမည်းတော်ကို တောင်းနိုင်သည်ကိုဂုဏ်၊ တောင်းလျှင်ကောင်းကင်တမန်တဆယ်နှစ်တပ် မက ငါ့ထံသို့စေလွှတ်တော်မူမည်ဟု ပြောပါသည်။

## Matthew 26:55

ထိုအခါတပည့်တော်အပေါင်းတို့သည် မည်သို့လုပ်ကြသနည်း။
ထိုအခါတပည့်တော်အပေါင်းတို့သည် ကိုယ်တော်ကိုထားခဲ့၍ ထွက်ပြေးကြပါသည်။

## Matthew 26:59

ယဇ်ပုရောဟိတ်အကြီးနှင့် လွှတ်တော်အရာရှိတို့သည်ယေရှုကိုသတ်ရန်အတွက် မည်သည့်အရာကိုရှာကြသနည်း။
သူတို့သည်ယေရှုကိုသတ်ရန်အတွက် မမှန်သောသက်သေကို ရှာကြပါသည်။

## Matthew 26:62

ယဇ်ပုရောဟိတ်မင်းက အသက်ရှင်သောဘုရားကိုကျိန်ဆို၍ ယေရှုအား မည်သည့်အမိန့်ပေးသနည်း။
ယဇ်ပုရောဟိတ်မင်းကယေရှုအား သင်သည်ခရစ်တော်တည်းဟူသောဘုရားသခင်၏သားတော်မှန်သည်မမှန်သည်ကို
အမိန့်ပေးပါသည်။

ယဇ်ပုရောဟိတ်မင်း၏ အမိန့်တော်ကိုယေရှုက မည်သို့တုံ့ပြန်သနည်း။
ယေရှုက ငါသည်သင်ပြောသည့်အတိုင်းမှန်၏ဟုတုံ့ပြန်ပါသည်။

ယေရှုသည်ယဇ်ပုရောဟိတ်မင်းအားမည်သို့ ပြောသနည်း။
ယေရှုက ယဇ်ပုရောဟိတ်မင်းအားပြောသည်မှာ
လူသားသည်တန်ခိုးတော်၏လက်ျာဖက်၌ထိုင်လျက်မိုးတိမ်ကိုစီး၍ကြွလာသည်ကို

## Matthew 26:65

ယေရှုကို ဆန့်ကျင်ဖက်ပြု၍ ယဇ်ပုရောဟိတ်မင်းသည်မည်သို့စွပ်စွဲသနည်း။
ယဇ်ပုရောဟိတ်မင်းကယေရှုသည် ဘုရားကိုပြစ်မှားသည် ဟုစွပ်စွဲပါသည်။

## Matthew 26:67

ယေရှုကိုစွဲချက်တင်ပြီးသောအခါ သူတို့သည် မည်သို့လုပ်ကြသနည်း။
သူတို့သည် ယေရှုအား မျက်နှာကိုတံတွေးနှင့်ထွေးခြင်း၊ ရိုက်နှက်ခြင်း၊
သူတို့၏လက်ဝါးနှင့်ပါးတော်ကိုပုတ်ခြင်းတို့ပြုလုပ်ကြပါသည်။

## Matthew 26:73

တယောက်သောသူက ဤသူသည်ယေရှုနှင့်အတူရှိသည်ဟုပြောသောအခါ ပေတရုကသုံးကြိမ်တိုင် မည်သို့ဖြေသနည်း။
ပေတရုက ငါသည်ယေရှုကိုမသိ ဟုဖြေပါသည်။

တတိယအကြိမ်ပေတရုဖြေဆိုသည့်အခါ ချက်ချင်း မည်သို့ ဖြစ်သနည်း။
တတိယအကြိမ်ပေတရုဖြေဆိုသည့်အခါ ချက်ချင်းပင် ကြက်တွန်ပါသည်။

တတိယအကြိမ်ဖြေဆိုပြီးသည့်အခါပေတရုသည်ဘာကိုသတိရသွားသနည်း။
သင်သည်ကြက်မတွန်မီသုံးကြိမ်တိုင်အောင်ငါ့ကိုငြင်းပယ်လိမ့်မည်ဟူသောယေရှု၏

## Chapter 27

1 နံနက်အချိန်ရောက်လျှင်၊ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူတို့တွင် အကြီးအကဲဖြစ်သောသူအပေါင်း တို့သည် ယေရှုကို
သတ်အံ့သောငှါ တိုင်ပင်၍၊ 2 ကိုယ်တော်ကို ချည်နှောင်ပြီးလျှင် မြို့ဝန်မင်း ပုန္တိပိလတ်ထံသို့ ဆောင်သွား၍ အပ်လိုက်ကြ၏။ 3
ထိုအခါ ကိုယ်တော်ကိုအပ်နှံသော ယုဒရှကာရုတ်သည် ကိုယ်တော်၌ သေပြစ်ကို စီရင်ကြသည်ကို သိမြင်လျှင်၊ နောင်တရ၍
ငွေသုံးဆယ်ကို ယဇ်ပုရောဟိတ်အကြီး၊ လူအကြီးအကဲတို့၌ ပြန်ပေး၍၊ 4 အကျွန်ုပ်ပြစ်မှားပါပြီ။ အပြစ်မရှိသောသူ၏
အသွေးကိုအပ်မိပါပြီဟု ဆို၏။ ထိုသူတို့ကလည်း ငါတို့ နှင့် အဘယ်သို့ ဆိုင်သနည်း။ ကိုယ်အမှုကို ကိုယ်ကြည့်လော့ဟု ဆိုကြသော်၊ 5
သူသည် ထိုငွေကို ဗိမာန်တော်၌ ပစ်ချခဲ့၍ အခြားသို့သွားပြီးလျှင် လည်ကြိုးတပ်၍ သေလေ၏။ 6 ယဇ်ပုရောဟိတ်အကြီးတို့သည်
ထိုငွေကို ယူ၍ အသွေး၏အဘိုးဖြစ်၏။ ဘဏ္ဍာတော်၌ မသွင်းအပ်ဟု ပြောဆို၊ 7 တိုင်ပင်ပြီးမှ၊ အိုးထိန်းသမား၏ မြေအကွက်ကို
တပါးအမျိုးသားတို့၏သင်္ချိုင်းဖြစ်စေဘို့ရာ ထိုငွေနှင့် ဝယ်ကြ၏။ 8 ထိုအကြောင်းကို အစွဲပြု၍ ယခုတိုင်အောင် ထိုမြေအကွက်ကို
သွေးမြေဟု ခေါ်တွင်ကြ၏။ 9 ပရောဖက်ယေရမိဟောသည်ကား၊ ဣသရေလလူတို့သည် အဘိုးပြက်သောသူ၏ ကိုယ်ဘိုးငွေသုံး
ဆယ်ကို သူတို့သည် ယူ၍ ထာဝရဘုရားသည် ငါ့ကို မှာထားတော်မူသည်အတိုင်း၊ 10 အိုးထိန်းသမား၏မြေအကွက်ကို
ဝယ်ကြ၏ဟူသော စကားသည်ထိုအခါပြည့်စုံခြင်းသို့ ရောက်လေ၏။ 11 ယေရှုသည် မြို့ဝန်မင်းရှေ့သို့ရောက်တော်မူသည်ရှိသော်
မြို့ဝန်မင်းက၊ သင်သည် ယုဒရှင်ဘုရင် မှန်သလောဟု မေးလျှင်၊ ယေရှုက၊ မင်းကြီးမေးသည်အတိုင်း မှန်သည်ဟု မိန့်တော်မူ၏။ 12
ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲတို့သည် အပြစ်တင်ကြသော် တခွန်းကိုမျှ ပြန်တော်မမူ၊ 13 ပိလတ်မင်းကလည်း၊
သင့်တဘက်၌ အဘယ်မျှလောက် သက်သေခံကြသည်ကို သင်မကြားသလောဟု ပြောဆိုသော်လည်း၊ 14 စကားတခွန်းကိုမျှ
ပြန်တော်မမူသည်ကို မြို့ဝန်မင်းသည် အလွန်အံ့ဩလေ၏။ 15 ထိုပွဲ၌ မြို့ဝန်မင်းသည် အကျဉ်းထားသောသူတို့တွင်၊ လူများတို့
အလိုရှိသောသူတယောက်ယောက် ကို လွှတ်မြဲထုံးစံရှိ၏။ 16 ထိုအခါ အကျဉ်းထားသောသူတို့တွင် ဗာရဗ္ဗအမည်ရှိသော
ကျော်စောသောသူတယောက်ရှိ၏။ 17 လူများ စည်းဝေးကြသည်ရှိသော်၊ ပိလတ်မင်းက၊ သင်တို့သည် အဘယ်သူကို
လွှတ်စေချင်သနည်း။ ဗာရဗ္ဗကိုလွှတ်စေချင်သလော။ ခရစ်ဟုခေါ်ဝေါ်သော ယေရှုကို လွှတ်စေချင်သလောဟု လူများတို့အား မေး
လေ၏။ 18 အဘယ်ကြောင့် ဤသို့ မေးသနည်းဟုမူကား၊ ထိုသူတို့သည် မနာလိုသောစိတ်နှင့် ယေရှုကို အပ်နှံ ကြောင်းကို
ပိလတ်မင်းသိ၏။ 19 ထိုမှတပါး တရားပလ္လင်ပေါ်မှာ ထိုင်စဉ်တွင်၊ မိမိခင်ပွန်းသည် လုလင်တယောက်ကို စေလွှတ်၍၊ ထို
ဖြောင့်မတ်သောသူကို အဘယ်သို့မျှ မပြုပါနှင့်။ ယနေ့ပင် ကျွန်မသည် ထိုသူကြောင့် အိပ်မက်၌ ပြင်းစွာခံရ ပါပြီဟု မှာလိုက်၏။ 20
လူအစုအဝေးတို့သည် ဗာရဗ္ဗကိုတောင်း၍ ယေရှုကိုသတ်စေခြင်းငှါ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူ အကြီးအကဲတို့သည် လူများကို
တိုက်တွန်းသွေးဆောင်ကြ၏။ 21 ထို့ကြောင့် မြို့ဝန်မင်းသည်၊ ဤသူနှစ်ယောက်တို့တွင် သင်တို့သည်အဘယ်သူကို
လွှတ်စေချင်သနည်း ဟု လူများကို တဖန်မေးသောအခါ၊ ဗာရဗ္ဗကို လွှတ်စေချင်ပါသည်ဟု လျှောက်ကြ၏။ 22 ပိလတ်မင်းကလည်း၊
သို့ဖြစ်လျှင် ခရစ်ဟု ခေါ်ဝေါ်သော ယေရှုကို အဘယ်သို့ ပြုရမည်နည်းဟု မေးပြန်သော်၊ ထိုသူအပေါင်းတို့က၊ သူသည်
လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံပါလေစေဟု ဆိုကြ၏။ 23 မြို့ဝန်မင်းကလည်း အဘယ်ကြောင့်နည်း။ အဘယ်အပြစ်ကို
ပြုဘိသနည်းဟုမေးလျှင်၊ ထိုသူသည် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ခံပါလေစေဟု လူများတို့သည် သာ၍ဟစ်ကြ၏။ 24
ပိလတ်မင်းသည် မိမိမနိုင်၊ လူများသာ၍ရုန်းရင်းခတ်မျှ ပြုကြသည်ကိုမြင်လျှင်၊ ရေကိုယူ၍ လူများ ရှေ့တွင် မိမိလက်ကိုဆေးလျက်၊
ဤဖြောင့်မတ်သော သူ၏အသွေးနှင့်ငါသည် ကင်းရှင်း၏။ ဤအမှုကို သင်တို့ ကြည့်ကြလော့ဟု ဆို၏။ 25 ထိုလူအပေါင်းတို့က
သူ၏အသွေးသည် ငါတို့၏ ခေါင်းပေါ်၌၎င်း တည်ရှိပါစေဟု ပြန်ပြောကြ၏။ 26 ပိလတ်မင်းသည်လည်း ဗာရဗ္ဗကို လူများတို့အား
လွှတ်လေ၏။ ယေရှုကိုကား ရိုက်ပြီးလျှင် လက်ဝါး ကပ်တိုင်မှာ သတ်စေခြင်းငှါ အပ်လိုက်လေ၏။ 27 ထိုအခါ မြို့ဝန်မင်း၏
စစ်သူရဲတို့သည် ယေရှုကို အိမ်တော်ဦးသို့ဆောင်သွား၍ စစ်သူရဲတတပ်လုံးကို အထံတော်၌ စုရုံးစေပြီးမှ၊ 28 အဝတ်တော်ကို ချွတ်၍
နီသောဝတ်လုံကို ခြုံစေကြ၏။ 29 ဆူးပင်နှင့်ရက်သောဦးရစ်ကို ခေါင်းတော်၌တင်ကြ၏။ ကျူတလုံးကိုလည်း လကျာလက်တော်နှင့်
ကိုင် စေပြီးလျှင် ရှေ့တော်မှာဒူးထောက်လျက် ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟူ၍ ကိုယ်တော်ကို
ပြက်ယယ်ပြုကြ၏။ 30 ကိုယ်တော်ကို တံတွေးနှင့်ထွေးကြ၏။ ကျူလုံးကိုယူ၍ ခေါင်းတော်ကို ရိုက်ကြ၏။ 31 ထိုသို့ ကိုယ်တော်ကို
ပြက်ယယ်ပြုသည်နောက်၊ မင်းဝတ်လုံကို ချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီး လျှင် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှါ
ထုတ်သွားကြ၏။ 32 သွားကြစဉ်တွင် ရှိမုန်အမည်ရှိသော ကုရေနေ ပြည်သားတယောက်ကိုတွေ့လျှင်၊ အနိုင်ပြု၍ လက်ဝါး
ကပ်တိုင်တော်ကို ထမ်းစေကြ၏။ 33 ဦးခေါင်းခွံအရပ်ဟု ဆိုလိုသော ဂေါလဂေါသ အမည်တွင်သောအရပ်သို့ ရောက်ကြသော်၊ 34
ဆေးခါးနှင့် ရောသောပုံးရည်ကို ကိုယ်တော်အား သောက်စိမ့်သောငှါပေးလျှင်၊ မြည်းစမ်းတော်မူ၍ မသောက်ချင်ဘဲ နေလေ၏။ 35
ကိုယ်တော်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီးလျှင် အဝတ်တော်တို့ကို စာရေးတံချ၍ ဝေဖန်ကြ၏။ 36 ထိုအရပ်၌လည်း ထိုင်လျက်
စောင့်နေကြ၏။ 37 အပြစ်ဘော်ပြသော ကမ္ပည်းလိပ်စာချက်ဟူမူကား၊ ဤသူသည် ယုဒရှင်ဘုရင် ယေရှုပေတည်းဟု ရေး ၍
ခေါင်းတော်ပေါ်မှာ တပ်သတည်း။ 38 ထိုအခါ ကိုယ်တော်နှင့်တကွ ထားပြနှစ်ယောက်တို့ကို လက်ျာတော်ဘက်၌ တယောက်၊
လက်ဝဲတော် ဘက်၌ တယောက်၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ 39 လမ်းမှာ သွားလာသောသူတို့ကလည်း၊ ဗိမာန်တော်ကို
ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက် ပြန်သောသူ၊ ကိုယ်ကိုကိုယ်ကယ်တင်လော့။ 40 ဘုရားသခင်၏သားတော်မှန်လျှင်
လက်ဝါးကပ်တိုင်မှဆင်းလော့ဟု မိမိတို့ခေါင်းကိုညှိတ်၍ ကဲ့ရဲ့သော စကားနှင့် ပြောဆိုကြ၏။ 41 ထိုနည်းတူ ယဇ်ပုရောဟိတ်အကြီး၊
ကျမ်းပြုဆရာ၊ လူအကြီးအကဲတို့က၊ ဤသူသည် သူတပါးတို့ကို ကယ်တင်တတ်၏။ 42 ကိုယ်ကို မကယ်တင်နိုင်ပါတကား။
ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေ စေ။ ဆင်းလျှင် ငါတို့ယုံကြည်မည်။ 43 သူသည်
ဘုရားသခင်ကိုကိုးစားပြီ။ ငါသည် ဘုရားသခင်၏သားဖြစ်၏ဟုဆိုပြီ။ သို့ဖြစ်၍ ဘုရား သခင်သည် သူ၌ အလိုတော်ရှိလျှင် ယခုပင်
ကယ်တင်တော်မူပါလေစေဟု ပြက်ယယ်ပြု၍ ပြောဆိုကြ၏။ 44 ထိုနည်းတူ ကိုယ်တော်နှင့်တကွ လက်ဝါးကပ်တိုင်မှာ

 generated on Tue Mar 12 16:35:02 2024

ရိုက်ထားသောထားပြတို့သည်လည်း ကဲ့ရဲ့အပြစ် တင်ကြ၏။ **45** မွန်းတည့်အချိန်မှစ၍ သုံးချက်တီးအချိန်တိုင်အောင် မြေတပြင်လုံး၌
မှောင်မိုက်အတိဖြစ်လေ၏။ **46** သုံးချက်တီးအချိန်၌ ယေရှုက၊ ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်
တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း ဟု ဆိုလိုသတည်း။ **47**
ထိုအရပ်၌ ရပ်နေသောသူအချို့တို့သည် ကြားလျှင်၊ သူသည် ဧလိယကိုခေါ်သည်ဟု ဆိုကြ၏။ **48** လူတယောက်သည်
ချက်ခြင်းပြေး၍ ရေမှိုတထွေးကို ပုံးရည်နှင့် ပြည့်စေပြီးလျှင်၊ ကျူလုံးဖျား၌ တပ်၍ ကိုယ်တော်အား သောက်စိမ့်သောငှါ ပေးလေ၏။
**49** ကြွင်းသောသူတို့က၊ ရှိစေတော့။ ဧလိယသည် သူ့ကိုကယ်တင်ခြင်းငှါလာမည်မလာမည်ကို ကြည့်ကြ ကုန်အံ့ဟု ဆိုကြ၏။ **50**
ယေရှုသည် ကြီးသောအသံနှင့်တဖန် ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ်တော်မူ၏။ **51** ထိုအခါ ဗိမာန်တော်၏
ကုလားကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏။ **52**
သင်္ချိုင်းတွင်းတို့သည် ပွင့်လစ်သဖြင့် ကျိန်းစက်လျက်ရှိသော သန့်ရှင်းသူတို့၏ အလောင်းများစွာတို့ သည် ထကြ၍၊ **53**
ကိုယ်တော်ထမြောက်တော်မူသည်နောက်၊ ထိုသူတို့သည် သင်္ချိုင်းတွင်းမှထွက်၍ သန့်ရှင်းသောမြို့ ထဲသို့ ဝင်ပြီးလျှင်၊
လူများစွာတို့အား ထင်ရှားကြ၏။ **54** ယေရှုကိုစောင့်သော တပ်မှူးမှစ၍ စစ်သူရဲများတို့သည် မြေကြီးလှုပ်ခြင်းစသည်တို့ကိုမြင်လျှင်
အလွန် ထိတ်လန့်၍၊ စင်စစ် ဤသူသည် ဘုရားသခင်၏သားတော်မှန်ပေ၏ဟု ဆိုကြ၏။ **55** ဂါလိလဲပြည်က ယေရှုနောက်တော်၌
အလုပ်အကျွေးလိုက်လာသော မိန်းမအများတို့သည်လည်း ထိုအရပ်၌ အဝေးကကြည့်ရှု၍ နေကြ၏။ **56** ထိုမိန်းမတို့တွင်
မာဂဒလမာရိ၊ ယာကုပ်နှင့် ယောသေတို့၏ အမိဖြစ်သောမာရိနှင့် ဇေဗေဒဲ၏ သား တို့၏ အမိပါကြသတည်း။ **57** ညအချိန်ရောက်မှ
အရိမသဲမြို့သား ယောသပ်အမည်ရှိသောသူဌေးသည် ယေရှု၏တပည့်တော် ဖြစ် သည်နှင့်၊ **58** ပိလတ်မင်းထံသို့ဝင်၍
ယေရှု၏အလောင်းတော်ကို တောင်းလေ၏။ ပိလတ်မင်းသည် အလောင်း တော်ကို ပေးစေခြင်းငှါ အမိန့်တော်ရှိသော်၊ **59**
ယောသပ်သည် အလောင်းတော်ကိုယူ၍ ဖြူစင်သောပိတ်ချောနှင့် ပတ်ရစ်ပြီးလျှင်၊ **60** ကျောက်၌
ထွင်းသောမိမိသင်္ချိုင်းတွင်းသစ်ထဲမှာ ထားလေ၏။ ကြီးစွာသော ကျောက်ကိုလည်း တွင်းဝ ၌ လှိမ့်ထားပြီးမှ သွား၏။ **61**
မာဂဒလမာရိနှင့် အခြားသောမာရိသည် ထိုအရပ်၌ သင်္ချိုင်းတော်ရှေ့မှာ ထိုင်လျက်နေရစ်ကြ၏။ **62** အဘိတ်နေ့လွန်၍
နက်ဖြန်နေ့ရောက်လျှင်၊ ယဇ်ပုရောဟိတ်အကြီးနှင့် ဖာရိရှဲတို့သည် ပိလတ်မင်းထံ ၌ စုဝေး၍၊ **63** ထိုလှည့်ဖြားသောသူက၊ ငါသည်
သုံးရက်မြောက်သောနေ့၌ ထမြောက်မည်ဟု မသေမှီပြောသည်ကို အကျွန်ုပ်တို့ မှတ်မိပါပြီ။ **64** ထိုကြောင့် သူ၏တပည့်တို့သည်
ညအခါလာ၍ အလောင်းကိုခိုးယူပြီးလျှင်၊ သူသည် သေခြင်းမှ ထ မြောက်တော်မူပြီဟု လူအပေါင်းတို့အား ပြောဆိုကြသော်၊
ရှေ့အမှားထက် နောက်အမှားသာ၍ ကြီးမည်ဟု စိုး ရိမ်စရာ အကြောင်းရှိသည်ဖြစ်၍၊ သင်္ချိုင်းတွင်းကို သုံးရက်မြောက်အောင်
လုံခြုံစွာစောင့်စိမ့်သောငှါ အမိန့် ရှိတော်မူပါဟု လျှောက်ကြလျှင်၊ **65** ပိလတ်မင်းက၊ သင်တို့၌ လူစောင့်တတပ်ရှိ၏။ သွားကြ၊
တတ်နိုင်သမျှအတိုင်း လုံခြုံစွာစောင့်စေကြ ဟု ဆိုလေ၏။ **66** ထိုသူတို့သည် သွား၍ ကျောက်ကို တံဆိပ်ခတ်ပြီးလျှင်
အစောင့်ထားလျက် သင်္ချိုင်းတွင်းတော်ကို လုံခြုံစွာ ပြုကြ၏။

---

**Matthew 27:1**

ဆက်စပ်မှုဖော်ပြချက်
ပိလတ်၏ ရှေ့တွင် ယေရှု၏ စုံစမ်းစစ်ကြောခြင်းအကြောင်းကို ဖော်ပြသည်။

သို့ရာတွင်
အစီကဇာတ်လမ်းမှ အခြားသို့ ကူးသွားသည့်အချက်ပြ စာလုံးဖြစ်သည်။ မဿဲကဇာတ်လမ်းအသစ်ကို စပြောနေသည်။

ယေရှုက သတ်အံ့သောငှာ ကြံစည်ကြသည်
ယေရှုကို သတ်ရန် ရောမခေါင်းဆောင်များ သဘောပေါက်လာအောင် ယုဒအကြီးအကဲများက ကြံစည်နေကြသည်"

သူ့ကိုအပ်နှံသည်
"သူ့ကို ပေးသည်" သို့မဟုတ် "သူ့ကို ယူသည်"

**Matthew 27:3**

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ စုံစမ်းစစ်ကြောခြင်းဇာတ်လမ်းကို ရပ်ပြီး ယုဒက သူ့ကိုယ်သူ မည်သို့ သတ်သေသည်ကို စာရေးသူက ပြောပြသည်။

ယောဘုယျအချက်အလက်
ယုဒဘာသာရေးခေါင်းဆောင်များရှေ့၌ ယေရှုစုံစမ်းစစ်ကြောခြင်းခံပြီးနောက် ဖြစ်ပျက်သည်။ သို့သော် ပိလတ်ရှေ့၌ ယေရှု၏ စုံစမ်းစစ်ကြောခြင်းအတွင်းလော၊ မဖြစ်ခင်လောဆိုသည်ကို မသိရပါ။

ထို့နောက် ယုဒ
ဇာတ်လမ်းအသစ်ကို စတင်သည်ကို ပြသည့် စာလုံးသင့်ဘာသာစကားတွင်ရှိပါက သုံးနိုင်သည်။

ယေရှုသည် အပြစ်တင်ခြင်းကို ခံသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ယုဒခေါင်းဆောင်များက ယေရှုကို ပြစ်တင်ကြသည်"

ငွေပြားသုံးဆယ်
ယဇ်ပုရောဟိတ်မင်းများက ယုဒအား ယေရှုကိုသစ္စာ ဖောက်သည့်အတွက်ပေးကြသည့် ငွေဖြစ်သည်။ 26:14.၌ မည်သို့ရေးသည်ကို ပြန်ကြည့်နိုင်သည်။

အပြစ်ကင်းသောအသွေး
အပြစ်ကင်းသော သူ၏ သေခြင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေရန် မထိုက်တန်သောပုဂ္ဂိုလ်"

 generated on Tue Mar 12 16:35:02 2024

ငါတို့၌ ဘယ်လိုနည်း။
ယုဒလူခေါင်းဆောင်များက ယုဒပြောသည့်အရာကို သူတို့က ဂရုမစိုက်သည့်အကြောင်းကို မေးခွန်းထုတ်မေးသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ထိုအရာသည် ငါတို့ပြဿနာမဟုတ်" သို့မဟုတ် "ထိုအရာသည် သင့်ပြဿနာဖြစ်သည်"

ငွေကိုဗိမာန်တော်၌ ပစ်ချခဲ့၍
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) ဗိမာန်တော် ခြံဝန်း၌ သူရှိနေစဉ် ငွေကို ပစ်ချခဲ့သည်" သို့မဟုတ် (၂) ဗိမာန်တော် ခြံဝန်းတွင် သူရပ်နေ၍ ဗိမာန်တော်ထဲသို့ ငွေများကို ပစ်ချသည်။

**Matthew 27:6**

ဤဟာကိုထားဖို့သည့် မသင့်တော်
"ဤဟာကို ထားဖို့ ငါတို့ ဥပဒေက ခွင့်မပြုပေ"

ဤဟာကိုထားပါ
"ဤငွေကို ထားပါ"

ဘဏ္ဍာ
ယဇ်ပုရောဟိတ်များနှင့် ဗိမာန်တော်အတွက် လိုအပ်သည့်အရာကို ဝယ်ရန် ပိုက်ဆံ သိမ်းထားသည့်နေရာကိုဆိုလိုသည်။

သွေး၏တန်ဖိုး
တစ်စုံတစ်ယောက်ကို သတ်ရန် အကူညီပေးသည့်ပုဂ္ဂိုလ်အားပေးသည့် ငွေကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်" လူတစ်ယောက်သေဖို့ ပေးသည့် ငွေ"

အိုးထိန်းသမား၏မြေကွက်
ယေရုရှလင်၌ သေဆုံးသည့် သူစိမ်းများကို မြှပ်နှံရန် ဝယ်ထားသည် လယ်ကွင်းကို ဆိုလိုသည်။

ထိုလယ်ကွင်းကို ခေါ်သည်
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က ထိုလယ်ကွင်းကိုခေါ် ကြသည်"

ယခုတိုင်အောင်
ဤစာအုပ်အား မဿဲရေးသည့် အချိန်ကို ဆိုလိုသည်။

**Matthew 27:9**

ယေဘုယျအချက်အလက်
စာရေးသူက ဓမ္မဟောင်းကျမ်းကို ကိုးကားပြီး ယုဒ၏ ကိုယ့်ကိုယ်ကို သတ်သေခြင်းသည် ပရောဖက်စကားပြည့်စုံခြင်းဖြစ်ကြောင်း ပြသသည်။

ပရောဖက်ယေရမိပြောခဲ့သည့်အရာကို ဤအရာက ပြည့်စုံစေသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ပရောဖက်ယေရမိပြောခဲ့သည့်အရာကို ဤအချက်က ပြည့်စုံစေသည်" (ရှု၊

ဣသရေလလူတို့ အဘိုးဖြတ်သောသူ၏ ကိုယ်ဖိုး
အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလ လူတို့က သူ့ကို အဖိုးဖြတ်သော အဖိုး"

ဣသရေလလူများ
ဣသရေလလူများအကြား၌ နေပြီး ယေရှုကို သတ်ရန်ပေးသူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဣသရေလလူအချို့" သို့မဟုတ် "ဣသရေလခေါင်းဆောင်များ"

ငါ့ကိုမှာထားသည်
"ငါ့ကို" သည် ယေရမိကို ဆိုလိုသည်။

**Matthew 27:11**

ဆက်စပ်မှုဖော်ပြချက်
27:1.၌ စသည့် ပိလတ်မင်းရှေ့ ယေရှု၏ စုံစမ်းခြင်းကို ဆက်ပြောသည်။

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးပြောင်းသွားသည့်အချက်ပြ စကားလုံးဖြစ်သည်။ မဿဲကဇာတ်လမ်းအသစ်ကို စပြောနေသည်။

မြို့ဝန်မင်း
"ပိလတ်မင်း"

ထိုအတိုင်း သင်ပြောသည်
ယေရှုက သူ၏ ဆိုလိုရင်းကို မရှင်းမလင်းစွာ "ဟုတ်ကဲ့" ဟုသာပြောခြင်း ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်က ၎င်းကိုပြောသည်" သို့မဟုတ် "သင်သည် ထိုအရာကို ဝန်ခံနေသည်"

သူ့ကို ယဇ်ပုရောဟိတ်မင်းများနှင့် လူအကြီးအကဲများက စွပ်စွဲကြသည့်အခါ
အခြားသောဘာသာပြန် ဆိုချက်၊ "ယဇ်ပုရောဟိတ်မင်းများနှင့် လူအကြီးအကဲများက သူ့ကို စွပ်စွဲကြသည့်အခါ"

သင့်တဘက်၌ အဘယ်မျှလောက်သက်သေခံကြသည်ကို သင်မကြားသလော
ယေရှုက တိတ်ဆိတ်နေသည့်အတွက် ပိလတ်မင်းက အံ့အားစွာ မေးသည့်မေးခွန်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင့်ကို မကောင်းသည့်အရာများကိုလုပ်သည်ဟု စွပ်စွဲနေကြသူများကို ပြန်မဖြေတာ ငါအံ့သြသည်"

စကားတစ်ခွန်းကိုမျှ မပြန်သဖြင့် မြို့ဝန်မင်းသည် အလွန်အံ့သြလေသည်
"စကားတစ်ခွန်း၊ မြို့ဝန်မင်းကို အလွန်အံ့အားသင့် စေသည်"

**Matthew 27:15**

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးပြောင်းသွားသည့်အချက်ကို ပြသည်။ စာရေးသူက 27:17၌ စတင်ခဲ့သည့်အဖြစ်အပျက်ကို စာဖတ်သူများ နားလည်နိုင်အောင်ကူညီပေးသည့် အချက်အလက်ပေးသည်။

ပွဲတော်
ပသခါပွဲ ကျင်းပခြင်းကို ဆိုလိုသည်။

လူအုပ်ကရွေးသည့် ထောင်သား
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်က ရွေးသည့်ထောင်သား"

ကျော်စောသောထောင်သား သူတို့၌ရှိသည်
"ကျော်စောသော ထောင်သားရှိသည်"

 

ကျော်စောသော
မကောင်းသည့်အရာကို လုပ်ပြီး ကျော်ကြားသော

### Matthew 27:17

သူတို့စုရုံးကြသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လူအုပ်က စုရုံးကြသည်"

ခရစ်တော်ဟုခေါ်သော ယေရှု
အခြားသောဘာသာပြန်ဆိုချက်၊ "လူတချို့က ခရစ်တော်ဟုခေါ် ကြသောသူ"

သူတို့က ယေရှုကို သူ့အားအပ်နှံကြသည်
ယုဒခေါင်းဆောင်များက ယေရှုကို သူ့ထံခေါ်လာကြသည်။ ပိလတ်မင်းက သူ့ကို စီရင်ဖို့ရန် ထိုသို့သူတို့လုပ်ခြင်းဖြစ်သည်။

သူထိုင်နေစဉ်
"ပိလတ်မင်းသည် ထိုင်နေစဉ်"

တရားစီရင်ရာထိုင်ခုံ၌ ထိုင်သည်
"တရားသူကြီး၏ ထိုင်ခုံတွင်ထိုင်သည်" တရားသူကြီးက ဆုံးဖြတ်ချက်ချသည့်အခါ ထိုင်သည့်နေရာဖြစ်သည်။

စကားပါးသည်
"စကား" သည် သတင်းကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သတင်းပို့သည်"

ယနေ့တွင် ကျွန်မသည် ပြင်းစွာခံရသည်
"ယနေ့ငါ အလွန်ဝမ်းနည်းသည်"

### Matthew 27:20

ယခု...ယေရှုကိုသတ်သည်
"ယခု" သည် အဓိကဇာတ်လမ်းမှ အခြားကို ကူးသွားသည့် အချက်ပြ စာလုံးဖြစ်သည်။ မဿဲက မည်သည့်အတွက် ဗာရဗ္ဗကို ရွေးကြသည့်အကြောင်း ဖော်ပြသည်။

ယေရှုကို သတ်ကြပြီးပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ရောမစစ်သားများကယေရှုကို သတ်ကြပြီ"

သူတို့ကိုမေးသည်
"လူအုပ်ကို မေးသည်"

ခရစ်တော်ဟုခေါ်ကြသော
အခြားသောဘာသာပြန်ဆိုချက်၊ "လူတချို့က ခရစ်တော်ဟု ခေါ် ကြသောသူ"

### Matthew 27:23

သူလုပ်ပြီးပြီ
"ယေရှုက လုပ်ပြီးပြီ"

သူတို့အော်ကြသည်
"လူအုပ် အော်ကြသည်"

လူအုပ်၏ရှေ့တွင် သူ့လက်ကိုဆေးကြောသည်
ပိလတ်မင်းက ယေရှု၏ သေဆုံးမှုတွင် သူတာဝန်မရှိကြောင်းကို ပြသည့် အချက်ဖြစ်သည်။

သွေး
"သွေး" သည် လူသေသည်ကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သေခြင်း"

သင့်ကိုယ်သင် ကြည့်ပါ
"ဤဟာသည် သင့်တာဝန်ဖြစ်သည်"

### Matthew 27:25

သူ၏အသွေးသည်ငါတို့နှင့် ငါတို့ကလေးများပေါ်သို့ ကျရောက်လာနိုင်သည်
"သွေး" သည် လူ၏ သေဆုံးခြင်းကို ဆိုလိုသည်။ "ငါတို့အပေါ်နှင့် ငါတို့ ကလေးများ အပေါ်" သည် ဖြစ်ပျက်နေသည့်အရာအပေါ် သူတို့တာဝန်ရှိသည်ကို လက်ခံကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဟုတ်ကဲ့၊ ငါတို့နှင့် ငါတို့မျိုးဆက်သည် သူ့ကို သတ်သည့် အမှု၌ တာဝန်ရှိသည်"

သူက ဗာရဗ္ဗကို သူတို့အား လွှတ်ပေးသည်
"ပိလတ်မင်းက ဗာရဗ္ဗကို လူအုပ်ထံသို့ လွှတ်ပေးသည်"

သူက ယေရှုကိုရိုက်သည်
ပိလတ်မင်း၏ စစ်သားများက ယေရှုကို ရိုက်ကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ပိလတ်မင်း၏ စစ်သားများက ယေရှုကို ရိုက်ကြသည်"

ကြာပွတ်
ကြာပွတ်ဖြင့် လူကို ရိုက်သည်။

ကားစင်သတ်ရန် သူ့ကိုအပ်နှံကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ပိလတ်မင်းက သူ့စစ်သားများအား ယေရှုကို ကားစင်သတ်ရန် အမိန့်ပေးသည်"

### Matthew 27:27

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ ကားစင်သတ်မှုနှင့် သေခြင်း အကြောင်းကိုဖော်ပြသည့် အပိုင်းဖြစ်သည်။

စစ်သားတတပ်လုံး
"စစ်သားများ အုပ်စု"

သူ၏အဝတ်တော်ကို ချွတ်ကြသည်
"သူ့ အဝတ်အစားများကို ချွတ်သည်" (UDB)

နီသောဝတ်လုံ
နီသော ဝတ်လုံ

ဆူးရစ်သရဖူ
"ဆူးကိုင်းခက်များဖြင့် ပြုလုပ်သည့် သရဖူ"

သူ့လက်ယာဖက်၌ ကျူတလုံး
ရှင်ဘုရင်ကိုင်သည့် ရာဇလှံတံကို ကိုယ်စားပြုသည့် တုတ်ချောင်းကို သူတို့က ယေရှုအား ပေးကြသည်။ ယေရှုကို ပြက်ရယ်ပြုကြသည့်အနေဖြင့် ထိုသို့လုပ်ခြင်းဖြစ်သည်။

ယုဒရှင်ဘုရင် မင်္ဂလာရှိစေသတည်း
ဤအရာကိုပြောပြီး ယေရှုကို ပြက်ရယ်ပြုကြသည်။ သူတို့က ယေရှုကို "ယုဒရှင်ဘုရင်" ဟုခေါ် ကြသည်။ သို့သော် သူဘုရင်ဖြစ်သည်ကို မယုံကြည်ကြပါ။ သို့သော်လည်း သူပြောသည့်အရာများသည် အမှန်ကန်များဖြစ်သည်။

မင်္ဂလာရှိစေသတည်း
"သင့်ကို ငါတို့လေးစားသည်" သို့မဟုတ် "သင်အသက်ရှည်ပါစေ"

**Matthew 27:30**

သူ့ကို သူတို့က တံတွေးထွေးကြသည်
"ယေရှုကို စစ်သားများက တံတွေးဖြင့် ထွေးကြသည်"

**Matthew 27:32**

သူတို့ထွက်လာသည်နှင့်
ယေရှုနှင့် စစ်သားများ မြို့ပြင်သို့ ထွက်လာကြသည်ကိုဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယေရုရှလင်မြို့မှ သူတို့ ထွက်လာကြသည်နှင့်"

သူတို့ လူတယောက်ကိုတွေ့ကြသည်
"စစ်သားများက လူတယောက်ကို တွေ့ကြသည်"

သူ့လက်ဝါးကပ်တိုင်ကိုသယ်ရန် လူတယောက်ကို အနိုင်ပြု၍
"ယေရှု၏ ကားတိုင်ကို ထမ်းရန် သူတို့နှင့်အတူသွားဖို့ လူတယောက်ကို စစ်သားများက အတင်းခိုင်းကြသည်"

ဂေါလဂေါသဟုခေါ်ကြသော နေရာ
အခြားသောဘာသာပြန်ဆိုချက်၊ "လူတို့က ဂေါလဂေါသဟုခေါ်သည့် နေရာ"

ဆေးခါးနှင့်ရောထားသည့်ဝိုင်
အခြားသောဘာသာပြန်ဆိုချက်၊ "ဆေးခါးနှင့် ရောထားသည့် ဝိုင်ကို"

ဆေးခါး
"အစာကြေရန်အတွက် သုံးသည့် အဝါရောင်ရှိပြီး ခါးသည့်အရည်"

**Matthew 27:35**

အဝတ်တော်များ
ယေရှုဝတ်ခဲ့သည့် အဝတ်အစားဖြစ်သည်။

သူတို့က သူ့ကိုဝေဖန်သည့်အရာ ထားကြသည်
သူတို့က ယေရှုကို သတ်ကြသည့်အကြောင်းကို တစ်ယောက်က ရေး၍ သူ့ခေါင်းပေါ်၌ တင်သည်။

**Matthew 27:38**

ညီအစ်ကိုနှစ်ယောက်လည်း သူနှင့်အတူ ကားစင်တင်သတ်ကြသည်
အခြားသောဘာသာပြန်ဆိုချက်၊ "စစ်သားများက ညီအစ်ကို နှစ်ယောက်ကို ယေရှုနှင့်အတူ သတ်ကြသည်"

သူတို့ခေါင်းများခါလျက်
ယေရှုကို လှောင်ပြောင်၍ လုပ်ကြခြင်းဖြစ်သည်။

သင်သည် ဘုရားသခင်၏သားမှန်လျှင်
သူတို့က ယေရှုသည် ဘုရားသခင်၏ သားဟု မယုံကြည်ကြပါ။ ထို့ကြောင့် ထိုအရာမှန်သည်ကို သက်သေပြရန် သူတို့ အလိုရှိကြသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သင်သည် ဘုရားသခင်၏ သားဖြစ်လျှင်၊ ကားတိုင်ပေါ်မှဆင်းပြီး သက်သေပြပါ"

ဘုရားသခင်၏သား
ဘုရားသခင်၏ သားနှင့် ခရစ်တော်ကြားဆက်သွယ်သည်ကိုဖော်ပြသည့် အရေးကြီးသော အမည်နာမ ဖြစ်သည်။

**Matthew 27:41**

သူတပါးများကိုကယ်တင်နိုင်ပြီး၊ ကိုယ့်ကိုကို မကယ်တင်နိုင်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ

သူသည် ဣသရေလရှင်ဘုရင်ဖြစ်သည်
ခေါင်းဆောင်များက ယေရှုကို ပြက်ရယ်ပြုကြသည်။ သူ့ကို "ဣသရေလရှင်ဘုရင်" ဟုခေါ်ကြသည်။ သို့သော် သူတို့က သူသည်ရှင်ဘုရင်ဖြစ်သည်ဟု မယုံကြည်ကြပါ။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် ဣသရေလရှင်ဘုရင်ဟု သူကပြောသည်"

**Matthew 27:43**

ဆက်စပ်မှုဖော်ပြချက်
ယုဒလူခေါင်းဆောင်များက ယေရှုအားဆက်၍ ပြက်ရယ်ပြုကြသည်။

"ငါသည် ဘုရားသခင်၏ သားဖြစ်သည်" ဟုသူပြောသည့်အတွက်
အခြားသောဘာသာပြန် ဆိုချက်၊ "ယေရှုက သူသည် ဘုရားသခင်၏ သားဟု ပြောသည့်အတွက်"

ဘုရားသခင်၏သား
ဘုရားသခင်နှင့် ဆက်သွယ်မှုကို ဖော်ပြသည့် ယေရှု၏ အရေးကြီးသော နာမည်ဖြစ်သည်။

သူနှင့်အတူသတ်ကြသည့် ဓားပြများ
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှုနှင့်အတူ စစ်သားများက သတ်ကြသည့် ဓားပြများ"

**Matthew 27:45**

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးသွားသည့်အချက်ကိုပြသည်။ မဿဲက ဇာတ်လမ်းအသစ်ကို စပြောနေသည်။

ခြောက်နာရီမှ...ကိုးနာရီထိ
"နေ့ခင်းမှ... သုံးနာရီကြာ" သို့မဟုတ် "နေ့လည်ဆယ့်နှစ်နာရီမှ.... ညနေသုံးနာရီတိုင်အောင်"

မှောင်မိုက်သည် မြေတပြင်လုံး၌ ရောက်လာသည်
"မှောင်မိုက်" သည် စိတ္တဇနာမ်ဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေတပြင်လုံး မှောင်မိုက်လာသည်"

ယေရှုငိုသည်
"ယေရှု အော်သည်"

ဧလိ ဧလိ လာမာရှာဗခသာနိ
ဤစကားလုံးများသည် ယေရှုက သူ့ဘာသာစကားဖြင့် အော်ဟစ်ပြောသည့်အရာဖြစ်သည်။ ဘာသာပြန်များက ဤအတိုင်းပြန်လေ့ရှိကြသည်။

### Matthew 27:48

သူတို့မှ တစ်ယောက်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) စစ်သားများမှတစ်ယောက် သို့မဟုတ် (၂) မတ်တပ်ရပ်ပြီးစောင့်ကြည့်နေသူတစ်ယောက်။

ရေမြှုပ်တထွေး
ပင်လယ်သတ္တဝါတစ်မျိုး၊ အရည်များကို ထိန်းနိုင်သည့် အရာဖြစ်သည်။ ဤအရည်များကို မကြာခင် ထုတ်ရန်ဖြစ်သည်။

သူ့ကိုပေး၍
"ယေရှုကို ပေး၍"

သူ့ဝိညာဉ်ကို လွှတ်တော်မူသည်
"ဝိညာဉ်" သည် လူပုဂ္ဂိုလ်အား အသက်ပေးသည့်အရာဖြစ်သည်။ ယေရှုသေဆုံးသည်ကို ပြောလိုသည့်အရာဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အား သူ့ဝိညာဉ်ကို ပေး၍ သူသေဆုံးသည်"

### Matthew 27:51

ဆက်စပ်မှုဖော်ပြချက်
ယေရှု သေဆုံးချိန်၌ ဖြစ်ပျက်သည့်အရာများ မှတ်တမ်းစတင်သည်။

ကြည့်ပါ
"ကြည့်ပါ" သည် အံ့သြစရာကောင်းသည့်အချက်ကို အာရုံစိုက်ရန် အချက်ပြစာလုံးဖြစ်သည်။

ဗိမာန်တော်၏ ကုလားကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏
အခြားသောဘာသာပြန် ဆိုချက်၊ "ဗိမာန်တော်၏ ကုလားကာသည် နှစ်ခြမ်းကွဲလေသည်" သို့မဟုတ် "ဗိမာန်တော်၏ ကုလားကာကို ဘုရားသခင်က နှစ်ခုအဖြစ်သို့ ကွဲပြဲစေသည်။

သင်္ချိုင်းတွင်းတို့သည် ပွင့်လစ်သဖြင့် ကျိန်းစက်လျက်ရှိသော သန့်ရှင်းသူတို့၏ အလောင်းများစွာတို့ သည် ထကြ၍
အခြားသောဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က သင်္ချိုင်းများကို ပွင့်စေပြီး သေဆုံးပြီးသော ဘုရားလူများ၏ အလောင်း အများအပြား ပြန်ထလာကြသည်"

အိပ်ပျော်ကြသည်
သေဆုံးသည်ကို ယဉ်ကျေးစွာ ပြောနည်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊" သေဆုံးသည်"

သင်္ချိုင်းများပွင့်နေကြသည်ကို...လူများအားထင်ရှားသည်
ဖြစ်ပျက်သည့် အရာက မရှင်းလင်းပါ။ ငလျှင်လှုပ်ပြီးမှ ယေရှုသေပြီး သင်္ချိုင်းများ ပွင့်နေကြသည်။ (၁) သန့်ရှင်းသည့် လူများ အသက်ပြန်ရှင်ကြသည်၊ ထို့နောက် ယေရှုအသက်ပြန်ရှင်လာသည်၊ သန့်ရှင်းသူများ ယေရုရှလင်သို့ဝင်ကြသည်ကို လူအများက မြင်ကြသည်။ သို့မဟုတ် (၂) ယေရှု အသက်ပြန်ရှင်လာသည်၊ ထို့နောက် သန့်ရှင်းသူများ အသက်ပြန်ရှင်လာကြပြီး လူအများတွေ့ရသည့်နေရာ မြို့တွင်းသို့ ဝင်သွားကြသည်။

### Matthew 27:54

သို့ရာတွင်
အဓိကဇာတ်လမ်းမှ အခြားသို့ ကူးပြောင်းသွားသည့်အချက်ကို ပြသည်။ မဿဲက ဇာတ်လမ်းအသစ်ကို စပြောနေသည်။

ယေရှုကို စောင့်ကြည့်သောသူများ
"ယေရှုကို စောင့်ကြည့်သော တခြားစစ်သားများ"

ဘုရားသခင်၏သား
ဘုရားသခင်နှင့် ဆက်သွယ်မှုကို ဖော်ပြသည့် ယေရှု၏ အရေးကြီးသော အမည်နာမဖြစ်သည်။

ဇေဗေဒဲ၏ သားများ၏ မိခင်
"ယောဟန်နှင့် ယာကုပ်တို့၏ မိခင်" (UDB) သို့မဟုတ် "ဇေဗေဒဲ၏ မိန်းမ"

### Matthew 27:57

ဆက်စပ်မှုဖော်ပြချက်
ယေရှုမြှုပ်နှံသည့် အကြောင်းကို မှတ်တမ်းတင်သည်။

အရိမသဲ
ဣသရေလနိုင်ငံရှိ မြို့၏ နာမည်ဖြစ်သည်။

ပိလတ်က သူ့ကိုပေးရန် အမိန့်ပေးသည်
အခြားသောဘာသာပြန်ဆိုချက်၊ "ပိလတ်က ယေရှု၏ အလောင်းကို ယောသပ်အား ပေးကြရန် စစ်သားများကိုအမိန့်ပေးသည် "

### Matthew 27:59

ပိတ်ချော
"ကောင်း၍ တန်ဖိုးကြီးသော အဝတ်"

သူကို ကျောက်ကိုထွင်းလျက်
ယောသပ်က ကျောက်ကို ဖောက်၍ သင်္ချိုင်းလုပ်တတ်သည့် အလုပ်သမားများ ရှိကြသည်ကို ဆိုလိုသည်။

ကျောက်တုံးကြီးကို သူက လှိမ့်ထားသည်
ယောသပ်ကို ကူညီမည့် တခြားသူများ ရှိကြဟန် တူသည်။

သင်္ချိုင်းတော်ရှေ့မှာ
"သင်္ချိုင်းကို ဖြတ်၍"

### Matthew 27:62

ပြင်ဆင်မှု
ဥပုဒ်နေ့အတွက် လူတိုင်း အဆင်သင့် ဖြစ်ကြသောနေ့ဖြစ်သည်။

ပိလတ်မင်းနှင့်အတူတူ စုရုံးကြသည်
"ပိလတ်မင်းကို တွေ့ဆုံကြသည်"

လှည့်ဖြားသောသူအသက်ရှင်သည့်အခါ
"လှည့်ဖြားသော ယေရှု အသက်ရှင်လာသည့်အခါ"

"သုံးရက်မြောက်ပြီးနောက် ငါပြန်ထလာမည်" ဟုသူပြောသည်
အခြားသောဘာသာပြန်ဆိုချက်၊ "သုံးရက်မြောက်ပြီးနောက် သူပြန်ထလာမည်ဟု သူပြောခဲ့သည်"

သင်္ချိုင်းကို စောင်ကြရန် အမိန့်ပေးပါ
အခြားသောဘာသာပြန်ဆိုချက်၊ "သင်္ချိုင်းကို စောင့်ရန် သင့်စစ်သားများကို အမိန့်ပေးပါ"

သုံးရက်မြောက်

သူ့ကို ခိုးသည်
"သူ့အလောင်းကို ခိုးသည်"

"သူသည် သေခြင်းမှ ပြန်ရှင်သည်" ဟုလူများကိုပြောလျက်
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ကြောင်း လူများကို ပြောသည်"

နောက်အမှားသည် ရှေ့အမှားထက် သာ၍ကြီးမည်
နားလည်ထားသည့်အရာကို ရှင်းလင်းစွာ ဖော်ပြရန် ဖြစ် သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငင်းကို ပြောပြီးလူများကို လှည့်စားလျှင်၊ သူသည် ခရစ်တော်ဟုပြောခြင်းထက် ယခုလူများကို လှည့်စားခြင်းက ပို၍ ဆိုးမည်"

**Matthew 27:65**

အစောင့်
လေးယောက်မှ ဆယ့်ခြောက်ယောက်ထိ ပါသည့် ရောမစစ်သားများ ဖြစ်သည်။

ကျောက်ကိုတံဆိပ်ခတ်သည်
ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ကျောက်ခဲ၏ ပတ်လည်တွင် ကြိုးချည်ထား၍ သင်္ချိုင်းအဝင်ပေါက် ကျောက်ဆောင်တွင် ချိပ်ပိတ်ထားသည်။ သို့မဟုတ် (၂) သူတို့က ကျောက်တုံးနှင့် နံရံကြားတွင် တံဆိပ်ခတ်ထားကြသည်။

အစောင့်များချထားသည်
"သင်္ချိုင်းခိုးမည့် လူများရန်ကို ကာကွယ်ရန် စစ်သားများကို အစောင့်ချ ထားသည်"

---

## Translation Questions

**Matthew 27:1**

နံနက်အချိန်တွင် ယဇ်ပုရောဟိတ်အကြီးနှင့်လူအကြီးအကဲတို့သည် ယေရှုကိုဘယ်ခေါ်သွားသနည်း။
နံနက်အချိန်တွင်သူတို့သည် ယေရှုအားမြို့ဝန်မင်း ပုန္တိပိလတ်ထံခေါ်သွားပါသည်။

**Matthew 27:3**

ယုဒရှုကာရှုတ်သည် ယေရှုအားပြစ်ဒဏ်စီရင်ကြသောအခါ မည်သို့လုပ်သနည်း။
ယုဒရှုကာရှုတ်သည် နောင်တရလျက်ယူထားသောငွေအားပြန်ပေးပြီး၊ အပြစ်မရှိသူ၏အသွေးကိုအပ်မိပြီဟုဆိုကာ အပြင်သို့သွားပြီးမှ လည်ပင်းကြိုးဆွဲချသေပါသည်။

**Matthew 27:6**

ယဇ်ပုရောဟိတ်အကြီးတို့သည် ငွေသုံးဆယ်ကိုဘာလုပ်သနည်း။
သူတို့သည်အိုးထိန်းသမား၏ မြေကွက်ကိုဝယ်ပြီးလျှင် တပါးအမျိုးသားတို့၏သင်္ချိုင်းဖြစ်စေပါသည်။

**Matthew 27:9**

ဤအမှုအရာသည် မည်သည့်ပရောဖက်၏ဟောကြားချက်ကိုပြည့်စုံစေသနည်း။
ဤအမှုအရာသည်ပရောဖက်ယေရမိ ဟောကြားချက်ကိုပြည့်စုံစေပါသည်။

**Matthew 27:11**

ပုန္တိပိလတ်မင်းကယေရှုကိုဘာမေးပြီး၊ ယေရှုကဘာ ပြန်ဖြေသနည်း။
ပုန္တိပိလတ်မင်းက သင်သည်ယုဒရှင်ဘုရင်အမှန်ဖြစ်သလောဟု မေးသည်ကို ယေရှုကမင်းကြီးမေးသည့်အတိုင်းအမှန်ဖြစ်သည်ဟုဖြေပါသည်။

ယေရှုက ယဇ်ပုရောိတ်အကြီးတို့နှင့်အကြီးအကဲတို့၏ စွပ်စွဲချက်ကို မည်သို့ဖြေသနည်း။
ယေရှုသည်စကားတခွန်းကိုမျှ ဖြေဆိုခြင်းမပြုပါ။

**Matthew 27:15**

လွတ်ငြိမ်းစေသောပွဲတော်ဓလေ့ ထုံးစံအရ ပုန္တိပိလတ်မင်းကယေရှုအတွက် မည့်သို့ဆန္ဒရှိသနည်း။
လွတ်ငြိမ်းစေသောပွဲတော် ဓလေ့ထုံးစံအရ ပုန္တိပိလတ်မင်းက ယေရှုအား လွတ်မြောက်စေလိုသောဆန္ဒ ရှိပါသည်။

**Matthew 27:17**

ပုန္တိပိလတ်မင်းသည် တရားပလ္လင်၌ထိုင်နေစဉ်သူ၏ဇနီးကသူ့ထံသို့ မည်သည့်သတင်းပေးပို့သနည်း။
ပုန္တိပိလတ်မင်း၏ဇနီးက ထိုဖြောင့်မတ်သောသူကိုမည်သို့မျှမပြုလုပ်ရန် သူ့ထံသို့သတင်းပေးပို့ပါသည်။

**Matthew 27:20**

လွတ်ငြိမ်းစေသောပွဲတော် ဓလေ့ထုံးစံအရအဘယ် ကြောင့် ဗရဗ္ဗအားလွတ်စေလျက်၊ ယေရှုအားမလွှတ်ပေးသနည်း။
အဘယ်ကြောင့်ဆိုသော် ယဇ်ပုရောဟိတ်အကြီးတို့နှင့်အကြီးအကဲတို့ကဗာရဗ္ဗကိုလွှတ်၍ ယေရှုအားမလွှတ်စေရန်လူအုပ်စုကြီးအားသွေးဆောင်သောကြောင့်ဖြစ်ပါသည်။

လူအုပ်စုကြီးကယေရှာအားဘာလုပ်စေလိုသည်ဟုအော်ဟစ်ကြွေးကြော်ကြသနည်း။
လူအုပ်စုကြီးကယေရှုအားလက်ဝါးကပ်တိုင်မှာရိုက်ထားပါဟုအော်ဟစ်ကြွေးကြော်

**Matthew 27:23**

ပုန္တိပိလတ်မင်းသည် ရုန်းရင်းဆန်ခတ်ဖြစ်လာသည်ကိုမြင်သောအခါသူသည် ဘာလုပ်သနည်း။
ပုန္တိပိလတ်မင်းက သူ၏လက်များကိုဆေးကြောပြီး၊ သူသည်ဖြောင့်မတ်သောသူ၏အသွေးမှ

 generated on Tue Mar 12 16:35:02 2024

ကင်းစင်သည်ဟုပြောလျက်
ယေရှုကိုလူအုပ်စုကြီးလက်သို့အပ်ပါသည်။

**Matthew 27:25**

ပုန္တိပိလတ်မင်းက ယေရှုအားလူအုပ်စုကြီးလက်သို့အပ်သည့်အခါ၊ သူတို့ကဘာပြောသနည်း။
လူအုပ်စုကြီးက သူ၏အသွေးသည် ငါတို့ခေါင်းပေါ်၌၎င်း၊ ငါတို့သားမြေးတို့၏ ခေါင်းပေါ်၌၎င်း
တည်ရှိပါစေဟုပြောကြပါသည်။

**Matthew 27:27**

မြို့ဝန်မင်း၏စစ်သားတို့သည် ယေရှုအားမည်သို့ပြုကြပါသနည်း။
စစ်သားတို့သည်ယေရှုအားနီသောဝတ်ရုံကိုခြုံစေလျက်၊
ဦးခေါင်းတွင်ဆူးဦးရစ်သရဖူကိုယူတင်ကြပါသည်။

**Matthew 27:32**

ကုရေနေပြည်သားရှိမုန်ကို မည်သို့အနိုင်အထက်ပြုသနည်း။
ကုရေနေပြည်သားရှိမုန်အား
အနိုင်အထက်ပြုလျက်ယေရှု၏လက်ဝါးကပ်တိုင်ကို
ထမ်းစေပါသည်။

ယေရှုအား ကားစင်တင်ကွပ်မျက်ရန် ဘယ်အရပ်သို့သွားကြသနည်း။
သူတို့သည်ဦးခေါင်းခွံဟု ခေါ်ဆိုသောဂေါလဂေါသ အရပ်သို့
သွားကြပါသည်။

**Matthew 27:35**

ယေရှုကို လက်ဝါးကပ်တိုင်မှာတင်ပြီးနောက် စစ်သားတို့သည် မည်သို့လုပ်ကြသနည်း။
စစ်သားတို့သည် ယေရှု၏အဝတ်တော်ကို
စာရေးတံချကြပြီးလျှင်၊ ထိုအရပ်၌စောင့်နေကြပါသည်။

ယေရှု၏ဦးခေါင်းအထက်၌ သူတို့သည်မည်သို့ရေးထားသည့်စာကိုတင်ထား သနည်း။
ယေရှု၏ဦးခေါင်းအထက်၌
ဤသူသည်ယုဒရှင်ဘုရင်ယေရှုဖြစ်သည်ဟုရေးထားသည့်စာကိုတင်

**Matthew 27:38**

ယေရှုနှင့်အတူမည်သူအား လက်ဝါးကပ်တိုင်မှာရိုက်ထားသနည်း။
ယေရှု၏လက်ျာဖက်နှင့် လက်ဝဲဖက်တို့၌
ယေရှုနှင့်အတူထားပြန်စ်ယောက်ကို
လက်ဝါးကပ်တိုင်၌ရိုက်ထားပါသည်။

**Matthew 27:41**

ယဇ်ပုရောဟိတ်အကြီးများ၊ ကျမ်းပြုဆရာများနှင့်လူအပေါင်းတို့က ယေရှုအားမည်သို့လုပ်ပြရန် စိမ်ခေါ်သနည်း။
သူတို့ကယေရှုအား
မိမိကိုယ်မိမိကယ်တင်ရန်နှင့်လက်ဝါးကပ်တိုင်ပေါ်မှဆင်းပြရန်
စိမ်ခေါ်ပါသည်။

**Matthew 27:45**

ခြောက်နာရီမှ ကိုးနာရီအထိ ဘာဖြစ်သနည်း။
ခြောက်နာရီမှ ကိုးနာရီအထိ
မြေတပြင်လုံးသည်မှောင်မိုက်လျက်ရှိပါသည်။

ကိုးနာရီအချိန်တွင် ယေရှုသည် ဘာကိုအော်ဟစ်ကြွေးကြော်သနည်း။
ယေရှုကအကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အဘယ်
ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်းဟု
အော်ဟစ်ကြွေးကြော်ပါသည်။

**Matthew 27:48**

ယေရှုသည်ကြီးစွာသောအသံဖြင့်ထပ်မံ ဟစ်ကြွေးပြီးနောက် မည်သို့ဖြစ်သနည်း။
ယေရှုသည် အသက်ချုပ်ငြိမ်း သွားပါသည်။

**Matthew 27:51**

ယေရှုသေဆုံးပြီးနောက် ဗိမာန်တော်တွင်ဘာဖြစ်သနည်း
ယေရှုသေဆုံးပြီးနောက်ဗိမာန်တော်၏
ကုလားကာသည်အထက်မှအောက်ထိတိုင်အောင်
နှစ်ခြမ်းစုတ်ကွဲပါသည်။

ယေရှုသေဆုံးပြီးနောက် သင်္ချိုင်းတို့၌ မည်သို့ဖြစ်သနည်း။
ယေရှုသေဆုံးပြီးနောက်သင်္ချိုင်းတွင်းမှာကျိန်းစက်လျက်ရှိသောသန့်ရှင်းသူအပေါင်
ထမြောက်ကြပါသည်။

**Matthew 27:54**

ဤအကြောင်းအရာများကို ကြည့်ပြီးရောမစစ်သားများသည် မည်သို့အရာကိုသက်သေခံသနည်း။
ဤအကြောင်းအရာများကိုကြည့်ပြီး
ရောမစစ်သားတို့ကထိုသူသည်ဘုရားသခင်၏သားတော်
အမှန်ဖြစ်သည်ဟုသက်သေခံကြပါသည်။

**Matthew 27:57**

ယေရှုသည်လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံပြီးနောက် သူ၏ခန္ဓာကိုယ် အလောင်း မည်သို့ဆက်ဖြစ်သနည်း
ယေရှု၏တပည့်တော်တဦးဖြစ်သော
သူဌေးယောသပ်သည်ပုန္တိပိလတ်မင်းထံဝင်၍
ယေရှု၏ခန္ဓာကိုယ်အလောင်းအား တောင်းယူပြီးလျှင်၊
[illegible]အဝတ်နှင့်ပတ်လျက်ကျောက်၌
ထွင်းထားသောမိမိ၏သင်္ချိုင်းတွင်ထားပါသည်။

**Matthew 27:59**

ယေရှုအလောင်းထားသော ကျောက်ဂူသင်္ချိုင်း အပေါက်ဝအား မည်သည်အရာနှင့်ပိတ်ဆို့ကာရံထား သနည်း။
ယေရှုအလောင်းထားသောကျောက်ဂူသင်္ချိုင်းအပေါက်ဝအားကြီးစွာသောကျောက်

**Matthew 27:62**

နောက်တနေ့တွင်ယဇ်ပုရောဟိတ်အကြီးများနှင့် ဖါရိရှဲတို့သည် ပုန္တိပိလတ်မင်းနှင့် အဘယ်ကြောင့်စုဝေးကြသနည်း။
ယဇ်ပုရောဟိတ်အကြီးများနှင့်ဖါရိရှဲတို့သည်အလောင်းတော်အား
မည်သူမျှမခိုးယူနိုင်ရန် အတွက်ယေရှု၏သင်္ချိုင်းအားလုံခြုံစွာ
စောင့်ရှောက်စေရန်အလိုရှိသောကြောင့်
ပုန္တိပိလတ်မင်းနှင့်စုဝေးခြင်းဖြစ်ပါသည်။

## Matthew 27:65

ပုန္တိပိလတ်မင်းကသူတို့အား သင်္ချိုင်းတွင် မည်သို့လုပ်ရန်အတွက် ခွင့်ပြုချက်ပေးသနည်း။

ပုန္တိပိလတ်မင်းကသူတို့အားကျောက်ဂူ သင်္ချိုင်းကိုတံဆိပ်ခတ်ပြီး အစောင့်များချထားရန်အတွက် ခွင့်ပြုချက် ပေးပါသည်။

---

## Chapter 28

1 ဥပုသ်နေ့လွန် ခုနစ်ရက်တွင် ပဌမနေ့ရက်မိုဃ်းလင်းအံ့ဆဲဆဲအချိန်၌၊ မာဂဒလမာရိနှင့် အခြားသော မာရိသည် သင်္ချိုင်းတော်ကို
အကြည့်အရှုသွားကြ၏။ 2 ထိုအခါ မြေကြီးသည် ပြင်းစွာလှုပ်လေ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ ကောင်းကင်တမန် သည်
ကောင်းကင်ဘုံမှ ဆင်းလာ၍၊ တွင်းဝ၌ပိတ်သောကျောက်ကို လှိမ့်လှန်ပြီးလျှင်၊ ထိုကျောက်ပေါ်မှာ ထိုင်နေ၏။ 3 သူ၏မျက်နှာသည်
လျှပ်စစ်ကဲ့သို့ထင်၏။ အဝတ်သည်လည်း မိုဃ်းပွင့်ကဲ့သို့ ဖြူ၏။ 4 လူစောင့်တို့သည် ကောင်းကင်တမန်ကို ကြောက်ရွံ့သဖြင့်
တုန်လှုပ်၍ သေမတတ်ဖြစ်ကြ၏။ 5 ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာသတ်သော ယေရှုကို
သင် တို့ရှာကြသည်ကို ငါသိ၏။ 6 ဤအရပ်၌မရှိ။ မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ။ လာကြ၊ သခင်လျောင်းတော်မူရာ အ
ရပ်ကို ကြည့်ကြလော့။ 7 အလျင်အမြန်ပြန်သွား၍ သေခြင်းမှ ထမြောက်တော်မူကြောင်းကို တပည့်တော်တို့အားပြောကြလော့။
သင်တို့ ရှေ့ဂါလိလဲပြည်သို့ ကြွတော်မူမည်။ ထိုပြည်၌ သင်တို့သည်ကိုယ်တော်ကို တွေ့မြင်ရကြလိမ့်မည်။ ငါပြောပြီဟု
ထိုမိန်းမတို့အား ကောင်းကင်တမန်ဆို၏။ 8 ထိုမိန်းမတို့သည်လည်း ကြောက်ရွံ့သဖြင့်ငင်း၊ အလွန်ဝမ်းမြောက်သဖြင့်ငင်း၊
သင်္ချိုင်းတော်မှ အလျင် အမြန်သွား၍ တပည့်တော်တို့အား ထိုသိတင်းစကားကို ကြားပြောခြင်းငှါ ပြေးကြ၏။ 9 လမ်းမှာသွားကြစဉ်
ယေရှုသည် ကြိုဆိုတော်မူ၍၊ သင်တို့အား မင်္ဂလာဖြစ်စေသတည်းဟု မိန့်တော် မူ၏။ ထိုမိန်းမတို့သည် ချဉ်းကပ်၍
ခြေတော်ကိုဘက်ယမ်းလျက် ပြပ်ဝပ်ကိုးကွယ်ကြ၏။ 10 ယေရှုကလည်း ကြောက်ရွံ့ခြင်းမရှိကြနှင့်။ သွားကြလော့။ ငါ့ညီတို့သည်
ဂါလိလဲပြည်သို့ သွားစေခြင်း ငှါ ဤသိတင်းစကားကို ကြားပြောကြလော့။ ထိုပြည်၌ သူတို့သည် ငါ့ကိုတွေ့မြင်ရကြလိမ့်မည်ဟု
မိန့်တော်မူ ၏။ 11 ထိုမိန်းမတို့သည် သွားကြစဉ်အခါ လူစောင့်အချို့တို့သည် မြို့ထဲသို့ဝင်၍ ဖြစ်လေသမျှသောအခြင်း အရာတို့ကို
ယဇ်ပုရောဟိတ်အကြီးတို့အား ပြန်ကြားကြ၏။ 12 ယဇ်ပုရောဟိတ်အကြီးတို့နှင့် လူအကြီးအကဲတို့သည် စုဝေး၍ တိုင်ပင်ပြီးမှ
စစ်သူရဲတို့အား ငွေအများ ကို ပေး၍၊ 13 ညဉ့်အခါ ငါတို့အိပ်ပျော်စဉ်တွင် ထိုသူ၏ တပည့်တို့သည်လာ၍ အလောင်းကို
ခိုးသွားကြသည်ဟု သင်တို့ပြောကြလော့။ 14 ထိုအကြောင်းကို မြို့ဝန်မင်းကြားပြန်လျှင်၊ ငါတို့သည် သူ့ကိုဖျောင်းဖျ၍သင်တို့၌
အမှုမရှိစေခြင်းငှါ ပြုမည်ဟု၊ 15 သွန်သင်သည်နှင့်အညီ စစ်သူရဲတို့သည် ငွေကိုယူ၍ပြုကြ၏။ ထိုစကားကို ယခုတိုင်အောင်
ယုဒလူတို့ သည် အနှံ့အပြားပြောဆိုကြ၏။ 16 တကျိပ်တပါးသော တပည့်တော်တို့သည် ဂါလိလဲပြည်သို့ သွား၍
ယေရှုမှာထားတော်မူသော တောင် ပေါ်သို့ တက်ကြလျှင်၊ ကိုယ်တော်ကိုတွေ့မြင်၍ ပြပ်ဝပ်ကိုးကွယ်ကြ၏။ 17 အချို့တို့သည်
ယုံမှားခြင်းရှိကြ၏။ 18 ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌ငင်း၊ မြေကြီးပေါ်၌ငင်း၊ စီရင်ပိုင် သော
အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ 19 သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊
သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ 20 ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို
စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြ လော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်
ရှိသည်ဟု တပည့်တော်တို့ အား မိန့်တော်မူ၏။

---

---

### Matthew 28:1

ဆက်စပ်မှုဖော်ပြချက်

ယေရှု သေခြင်းမှ ရှင်ပြန်ထမြောက်သည့်အကြောင်း မှတ်တမ်းတင်သည်။

ဥပုသ်နေ့လွန် ရက်သတ္တတစ်ပတ်၏ ပဌမရက်မိုးလင်းအံ့ဆဲဆဲတွင်

"ဥပုသ်ပြီး၍ တနင်္ဂနွေနေ့ နေထွက်လာခါနီး မနက်တွင်"

သို့ရာတွင်

အဓိကဇာတ်လမ်းမှ အခြားသို့ကူးပြောင်းသွားသည့်အချက်ကို ပြသည်။ မသဲက ဇာတ်လမ်းအသစ်ကို စ၍ ပြောနေသည်။

အခြားသောမာရိ

"မာရိအမည်ရှိသော တခြားအမျိုးသမီး" ယောသပ်နှင့် ယာကုပ်တို့၏ မိခင် မာရိ ဖြစ်သည်။ (ရှု၊ 27:54)

ကြည့်ပါ

"ကြည့်ပါ" သည် အံ့သြစရာ ကောင်းသည့်အချက်ကို အာရုံစိုက်ရန် အချက်ပြစာလုံးဖြစ်သည်။

ပြင်းစွာသော ငလျှင်လှုပ်လျက် သခင်၏ကောင်းကင် တမန်သည် ဆင်းလာပြီး ကျောက်တုံးကို လှိမ့်သည်

ဖြစ်နိုင်သည့်အဓိပ္ပါယ်များ (၁) ကောင်းကင်တမန် ဆင်းလာပြီး ကျောက်တုံးကို လှိမ့်သည့်အတွက် ငလျှင်လှုပ်သည်။ (ULB) သို့မဟုတ် (၂) ဤအရာအားလုံး တစ်ချိန်တည်းတွင် ဖြစ်ပျက်သည်။(UDB)

ပြင်းစွာလှုပ်လေ၏

မြေကြီးကို ရုတ်တရက် ပြင်းထန်စွာ တုန်လှုပ်စေသည်

### Matthew 28:3

သူ၏မျက်နှာ

"ကောင်းကင်တမန်၏ ရုပ်သွင်ပြင်"

လျှပ်စီးသကဲ့သို့

ကောင်းကင်တမန်သည် မည်မျှလောက် တောက်ပသည်ကို ဥပမာ တင်စားချက်ဖြင့် ပြောခြင်းဖြစ်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "လျှပ်စီးသကဲ့သို့ တောက်ပသည်"

သူ့အဝတ်သည် နှင်းပွင့်ကဲ့သို့ဖြူသည်

ကောင်းကင်တမန်၏ အဝတ်အစားသည် မည်မျှလောက်တောက်ပပြီး ဖြူသည်ကို ဥပမာ တင်စားချက်ဖြင့်

 generated on Tue Mar 12 16:35:02 2024

ပြောခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့အဝတ်သည် နှင်းကဲ့သို့ အလွန်ဖြူသည်"

သေမတတ်ဖြစ်ကြ၏
စစ်သားများ လဲကျပြီး မလှုပ်ရှားနိုင်ကြသည်ကို တင်စားခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "မြေပေါ်သို့ လဲကျလျက်၊ လူသေကဲ့သို့ လဲလျောင်းကြသည်"

**Matthew 28:5**

အမျိုးသမီးများ
"မာဂဒလမာရိနှင့် တခြားသောအမျိုးသမီး မာရိ"

ကားစင်သတ်ခြင်းခံရသောသူ
အခြားသောဘာသာပြန်ဆိုချက်၊ "လူများနှင့် စစ်သားများသတ်ကြသည့် လူ" သို့မဟုတ် "သူတို့ သတ်သည့် လူ"

သူသည်သေသူများအထဲမှထမြောက်သည်
"သေသူများအထဲမှ" သည် သေဆုံးပြီးသော သူများ၏ ဝိညာဉ်များနေသည့်နေရာဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အသက်ပြန်ရှင်လာသည်"

သူ့တပည့်တော်များကို "သူသည်သေသူများအထဲမှထမြောက်သည်။ ကြည့်ကြ၊ သူသည် သင်တို့၏ရှေ့တွင် ဂါလိလဲသို့သွားနှင့်သည်။ ထိုနေရာမှာ သူ့ကိုသင်တို့တွေ့မည်" ဟုပြောသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် သေသူများအထဲမှ ထမြောက်ပြီး သင်တို့၏ ရှေ့တွင် ဂါလိလဲသို့သွားသည်။ ထိုနေရာမှာ သင်တို့ သူ့ကိုတွေ့ကြမည်ဟု တပည့်တော်များကို ပြောသည်"

သင်တို့ရှေ့တွင်သွားသည်...သူ့ကိုသင်တို့တွေ့မည်
"သင်တို့" သည် အများကိန်း၊ အမျိုးသမီးများနှင့် တပည့်တော်များကို ဆိုလိုသည်။

သင်တို့ကို ငါပြောပြီးပြီ
"သင်တို့" သည် အများကိန်း၊ အမျိုးသမီးများကိုဆိုလိုသည်။

**Matthew 28:8**

အမျိုးသမီးများ
"မာဂဒလမာရိနှင့် တခြားသော အမျိုးသမီး မာရိ"

ကြည့်ပါ
"ကြည့်ပါ" သည် အံ့အားသင့်ဖွယ်သည့်အရာကို အာရုံစိုက်ရန် အချက်ပြသည့် စာလုံးဖြစ်သည်။

နှုတ်ဆက်သည်
ရိုးရိုးနှုတ်ဆက်ခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား၌ "ဟဲလို" နှင့် အတူတူပင် ဖြစ်သည်။

သူ့ခြေထောက်ကို ဘက်ယမ်းလျက်
"သူတို့သည် ဒူးထောက်ပြီး သူ့ခြေထောက်ကို ကိုင်ကြသည်"

ငါ့ညီအစ်ကိုများ
ယေရှု၏ တပည့်တော်များကို ဆိုလိုသည်။

**Matthew 28:11**

ဆက်စပ်မှုဖော်ပြချက်
ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သူတို့ကြားသည့်အခါ ယုဒဘာသာရေးခေါင်းဆောင်များ၏ တုံ့ပြန်မှုကို မှတ်တမ်းတင်သည်။

သို့ရာတွင်
ဇာတ်လမ်းတစ်ခုမှ အခြားသို့ ကူးပြောင်းသွားသည့်အချက်ကို ပြသည်။ မဿဲက ဇာတ်လမ်းအသစ်ကို စပြောနေသည်။

အမျိုးသမီးများ
"မာဂဒလမာရိနှင့် တခြားသော အမျိုးသမီး မာရိ"

ကြည့်ပါ
အခြားဇာတ်လမ်း၏ အစဖြစ်ကြောင်း ပြသည်။ ရှေ့ကအဖြစ်ပျက်ထက် ဤနေရာတွင် လူအမျိုးမျိုး ပါဝင်နိုင်ကြသည်။

သူတို့နှင့်အတူ ဆွေးနွေးပါ
"သူတို့သည် အချင်းချင်းတိုင်ပင်၍ အစီအစဉ်ဆွဲကြသည်" ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲများက စစ်သားများအား ငွေပေးရန်ကို ဆုံးဖြတ်ကြသည်။

"ယေရှု'တပည့်တော်များသည်...ငါတို့အိပ်ပျော်နေကြစဉ် လာကြသည်" ဟု တခြားသူများကိုပြောကြလော့။
အခြားသောဘာသာပြန်ဆိုချက်၊ "ယေရှု၏ တပည့်တော်များသည် ငါတို့ အိပ်ပျော်စဉ်တွင် လာကြသည်ဟု ... အခြားသူများကို ပြောကြပါ.."

**Matthew 28:14**

ဤအကြောင်း မြို့ဝန်မင်းထံရောက်သွားလျှင်
"သင်တို့ အိပ်ပျော်နေကြစဉ် ယေရှု၏ အလောင်းကို တပည့်တော်များက ခိုးယူသွားကြသည့်သတင်းကို မြို့ဝန်မင်း ကြားလျှင်"

မြို့ဝန်မင်း
"ပိလတ်မင်း" (27:1)

သူ့ကိုငါတို့ဖျောင်းဖျ၍ သင်တို့၌ အမှုမရှိစေခြင်းငှာ
"မစိုးရိမ်နှင့်။ သင့်တို့ကို အပြစ်မပေးရန် သူနှင့် စကားပြောပါမည်"

သူတို့သွန်သင်ခဲ့ကြသည့်အတိုင်း သူတို့လုပ်သည်
အခြားသောဘာသာပြန် ဆိုချက်၊ "ယဇ်ပုရောဟိတ်များက သူတို့ လုပ်ရန် သွန်သင်သည့်အတိုင်း လုပ်ကြသည်"

ဤအကြောင်းသည် ဂျူးများကြားတွင်ကျယ်ပြန့်စွာပျံ့နှံ့လျက်၊ ယနေ့ထိတိုင်ဆက်နေသည်။
"များစွာသော ယုဒလူများက ဤအကြောင်းကို ကြားကြ၍ ဤအကြောင်းကို အခြားသူများအား ဆက်၍ ပြန်ပြောနေကြသည်။

ယနေ့တောင်မှ
မဿဲက ဤကျမ်းစာကို ရေးသည့်အချိန်ကို ဆိုလိုသည်။


generated on Tue Mar 12 16:35:02 2024

### Matthew 28:16

ဆက်စပ်မှုဖော်ပြချက်
သူရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်များနှင့် ယေရှု တွေ့ဆုံသည့်အကြောင်းကို မှတ်တမ်းတင်သည်။

သူတို့က သူ့ကိုကိုးကွယ်ကြသည်၊ သို့သော် သံသယအချို့ရှိသည်
ဖြစ်နိုင်သည့် အဓိပ္ပါယ်များ (၁) တချို့က သံသယဖြစ်နေကြသော်လည်း သူတို့အားလုံးက ယေရှုကို ကိုးကွယ်ကြသည်။ သို့မဟုတ် (၂) တချို့က ယေရှုကို ကိုးကွယ်ကြသည်၊ သို့သော် တခြားသူများက သံသယရှိသည့်အတွက် သူ့ကို မကိုးကွယ်ကြပါ။

သို့သော် သံသယအချို့ရှိသည်
တပည့်တော်များက မည်သည့်အရာကို သံသယရှိသည်ကို ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူသည် အမှန်တကယ် ယေရှုဖြစ်သည်၊ အသက်ပြန်ရှင်လာသည်ကို တချို့က သံသယရှိ ကြသည်"

### Matthew 28:18

အာဏာအားလုံးကို ငါ့အားပေးထားပြီ
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့ခမည်းတော်က ခပ်သိမ်းသော အာဏာကို ငါ့အား ပေးသည်"

ကောင်းကင်ပေါ်၊ မြေကြီးပေါ်
"ကောင်းကင်" နှင့် "မြေကြီး" ကို အတူတူသုံးခြင်းသည် ကောင်းကင်နှင့် မြေကြီးပေါ်ရှိ လူတိုင်း၊ အရာတိုင်းကိုဆိုလိုသည်။

လူမျိုးအားလုံး
"လူမျိုးများ" သည် လူများကို ဆိုလိုသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "နိုင်ငံတိုင်းမှ လူအားလုံး"

နာမ၌
"နာမ" သည် အာဏာကို ဆိုလိုသည်။ အခြားသောဘာသာ ပြန်ဆိုချက်၊ "အာဏာအားဖြင့်"

ခမည်းတော်...သားတော်
ဘုရားသခင်နှင့် ယေရှုအကြား ဆက်သွယ်မှုရှိသည်ကို ဖော်ပြသည့် အရေးကြီးသော အမည်နာမတစ်ခု ဖြစ်သည်။

### Matthew 28:20

ကြည့်ပါ
"နားထောင်ပါ" သို့မဟုတ် "အာရုံစိုက်ပါ"

ကပ်ကမ္ဘာကုန်သည့်တိုင်
"ဤကာလ၏ အဆုံးတိုင်အောင်" (UDB) သို့မဟုတ် "ကမ္ဘာအဆုံးသည့် တိုင်"

---

## Translation Questions

### Matthew 28:1

မာဂဒလမာရိနှင့်အခြားသောမာရိသည်
ယေရှု၏သင်္ချိုင်းသို့မည်သည့်နေ့ရက်နှင့် အချိန်တွင်သွားသနည်း။
ခုနစ်ရက်တွင်ပဌမနေ့ရက်မိုးလင်းအံ့ဆဲဆဲအချိန်၌ သူတို့သည်ယေရှု၏သင်္ချိုင်းသို့ သွားကြပါသည်။

ယေရှု၏သင်္ချိုင်းဂူမှပိတ်ဆို့ထားသောကျောက်သည်
မည်ကဲ့သို့အဝေးသို့လှိမ့်လှန်သွားသနည်း။
ထာဝရဘုရား၏ကောင်းကင်တမန်သည်ကောင်းကင်ဘုံမှဆင်းသက်၍ကျောက်ကိုအခြားသို့လှိမ့်လှန်သွားပါသည်။

### Matthew 28:3

အစောင့်တို့သည်ကောင်းကင်တမန်ကိုမြင်သောအခါ မည်သို့ လုပ်ကြသနည်း။
အစောင့်တို့သည် ကောင်းကင်တမန်ကိုမြင်သောအခါကြောက်လန့်တုန်လှုပ်၍ သေမတတ်ဖြစ်ကြပါသည်။

### Matthew 28:5

ကောင်းကင်တမန်ကအမျိုးသမီးနှစ်ယောက်အား ယေရှုအကြောင်းဘာပြောသနည်း။
ကောင်းကင်တမန်ကယေရှုသည် ထမြောက်၍သင်တို့ရှေ့ကလိလဲပြည်သို့သွားသည်ဟု ပြောပါသည်။

### Matthew 28:8

အမျိုးသမီးနှစ်ယောက်သည် တပည့်တော်တို့ထံသွားရောက်ရာလမ်းခရီး၌ မည်သို့ဖြစ်ကြသနည်း။
အမျိုးသမီးတို့သည်ယေရှုနှင့်တွေ့သဖြင့်၊ ယေရှု၏ခြေတော်ကိုဖက်ယမ်းလျက်ပြပ်ဝပ်ကိုးကွယ်ကြပါသည်။

### Matthew 28:11

အစောင့်တို့ [illegible]
မည်သို့ဖြစ်သည်ကိုယဇ်ပုရောဟိတ်အကြီးတို့အားပြောသည့်အခါယဇ်ပုရောဟိတ်အကြီးက မည်သို့လုပ်သနည်း။
ယဇ်ပုရောဟိတ်အကြီးကအစောင့်တို့အားငွေများပေးပြီး၊ ယေရှု၏တပည့်တော်တို့သည်အလောင်းတော်အားခိုးသွားသည်ဟုပြောကြရန်အစေ

### Matthew 28:16

ဂါလိလဲပြည်တွင် တပည့်တော်တို့သည် ယေရှုကိုမြင်သောအခါ မည်သို့လုပ်ကြသနည်း။
တပည့်တော်တို့သည်ယေရှုအားပြပ်ဝပ်ကိုးကွယ်သော်လည်း အချို့တို့ကယုံမှားခြင်း ရှိကြပါသည်။

### Matthew 28:18

ယေရှုက သူသည်မည်သည့် အခွင့်တန်ခိုးအာဏာရရှိသည်ဟုပြောသနည်း။
ယေရှုကကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သောအခွင့်တန်ခိုးအာဏာကိုရရှိသည်ဟု ပြောပါသည်။

ယေရှုကသူ၏တပည့်တော်တို့အား ဘာလုပ်ရန်မိန့်တော်မူသနည်း။

ယေရှုကသူ၏တပည့်တော်တို့အား သင်တို့သွား၍လူမျိုးတကာတို့ကိုငါ၏ တပည့်ဖြစ်စေလျက် ထိုသူတို့အားနှစ်ခြင်းကိုပေးကြလော့ဟု မိန့်တော်မူပါသည်။

ယေရှုကတပည့်တော်တို့ကို မည်သည့်နာမအားဖြင့်နှစ်ခြင်းပေးရန်ပြောသနည်း။

ယေရှုက ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမအားဖြင့်နှစ်ခြင်းပေးရန်ပြောပါသည်။

## Matthew 28:20

တပည့်တော်တို့သည် မည်ကဲ့သို့ဆုံးမသွန်သင်ရန် ယေရှုကမိန့်တော်မူသနည်း။

ယေရှုကတပည့်တော်တို့အား ငါပေးသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမသွန်သင်ရန်မိန့်တော်မူပါသည်။

ယေရှုသည်တပည့်တော်တို့အား မည်သည့်နောက်ဆုံးဂတိကိုပေးသနည်း။

ယေရှုကတပည့်တော်တို့အား ငါသည်သင်တို့နှင့်အတူကပ်ကမ္ဘာကုန်သည်တိုင်အောင်အတူ အစဉ်မပြတ်ရှိမည်ဟု နောက်ဆုံးဂတိကို ပေးပါသည်။

# Translation Words

## ကပေရနောင်

### အချက်အလက်

ကပေရနောင်သည် ဂါလိလဲပင်လယ် အနောက်မြောက်ကမ်းခြေတွင်တည်ရှိသော တံငါရွာလေးဖြစ်သည်။

- ယေရှုသည် ဟောပြောသင်ကြားစဉ်တိုင်းဂါလိလဲနယ် ကပေရနောင်တွင်နေထိုင်ခဲ့သည်။
- ယေရှု၏တပည့်တော်အများစုသည် ကပေရနောင်မှဖြစ်သည်။
- ယေရှုသည် သေဆုံးနေသည့် မိန်းကလေးငယ်ကိုရှင်ပြန်စေသည့်အမှုအပါအဝင် အခြားသောအံ့ဖွယ်နမိတ်လက္ခဏာများကို ကပေရနောင်တွင်ပြုလုပ်ခဲ့သည်။
- ကပေရနောင်မြို့သည် ယေရှုကိုငြင်းဆိုပြီး သူ၏ဟောပြောမှုကိုမယုံကြည်သောကြောင့် ယေရှုသည် လူသိရှင်ကြား အပြစ်တင်ထားသော မြို့ (၃) မြို့ထဲမှတစ်မြို့ဖြစ်သည်။ သူတို့၏မယုံကြည်မှုကို ဘုရားကစီရင်မည့်ဖြစ်ကြောင်း ယေရှုသတိပေးခဲ့သည်။

## ကယာဖ

### အချက်အလက်

ကယာဖသည် နှစ်ခြင်းဆရာယောဟန်နှင့် ယေရှုခေတ်တွင် ဣသရေလလူမျိုးများ၏ ယဇ်ပုရောဟိတ်မင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

- ယေရှုကိုစစ်ဆေးခြင်း၊ စီရင်ချက်ချခြင်းတွင် ကယာဖသည် အဓိကနေရာမှ ပါဝင်ခဲ့သည်။
- ယဇ်ပုရောဟိတ်မင်း အန္နတ်နှင့် ကယာဖတို့သည် ပေတရုနှင့်ယောဟန်တို့သည် ခြေဆွံ့သူကိုပျောက်ကင်းစေပြီးနောက်ဖမ်းဆီးခံရချိန်တွင် စစ်ဆေးစုံစမ်းခဲ့ကြသူများဖြစ်ကြသည်။
- ကယာဖသည် တိုင်းနိုင်ငံတစ်ခုလုံးပျက်စီးရမည်ထက် လူတစ်ဦးပျက်စီးရခြင်းသည်ပို၍မြတ်သည်ဟု ပြောဆိုခဲ့သူဖြစ်သည်။ ယေရှုသေခြင်းသည် သူ၏လူများကိုကယ်တင်ခြင်းဖြစ်သည်ဟု ဘုရားသခင်က သူ့ကိုပရောဖက်ပြုခြင်းအနေဖြင့် ပြောဆိုစေခဲ့သည်။

## ကယ်တင်ခြင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ကယ်တင်ခြင်းဟူသော စကားလုံးသည် အပြစ်ဒုစရိုက်နှင့် အန္တရာယ်အမျိုးမျိုးထဲကနေ ကယ်လွှတ်ခြင်းခံရသောသူကို ရည်ညွှန်းပါသည်။

- ကျမ်းစာထဲတွင် ကယ်တင်ခြင်းသည် ယေရှုကို ယုံကြည်ပြီး ကိုယ့်အပြစ်များအတွက် နောင်တရသောသူတွေကို ဘုရားသခင်က ဝိညာဉ်ထာဝရလွတ်မြောက်ခြင်းပေးသောအရာကို အမြဲတမ်း ဆိုလိုပါသည်။
- ကျမ်းစာကလည်း ဘုရားသခင်သည် ရန်သူများ၏ လက်ထဲကနေ သူ့လူမျိုးများကို ကယ်တင် ရွေးနှုတ်ခဲ့ကြောင်း ပြောခဲ့ပါသည်။

### ဘာသာပြန်အကြံပြုချက်များ

- ထိုစကားလုံးကို ဘုရားသခင်က လူတွေကို ကယ်တင်ခဲ့သောအချိန်၌ ဘေးကင်းခြင်းကို ရရှိသည် (သို့) ကယ်တင်သည် ဟူ၍လည်း အသုံးပြုနိုင်ပါသည်။

## ကာန

### အချက်အလက်

ကာနမြို့သည် နာဇရက်မြို့၏မြောက်ဘက် (၉) မိုင်ခန့် ဂါလိလဲပြည်နယ်တွင်တည်ရှိမြို့ဖြစ်သည်။

- ကာနမြို့သည် တပည့်တော် (၁၂) ပါးအဝင်ဖြစ်သော နာသနေလ၏ မွေးရပ်မြေဖြစ်ပါသည်။
- ကာနမြို့ရှိ မင်္ဂလာပွဲကိုယေရှုသွားရောက်ခဲ့ပြီး ထိုမင်္ဂလာပွဲတွင် ပထမဆုံးနမိတ်လက္ခဏာဖြစ်သော ရေကိုစပျစ်ရည်အဖြစ် ယေရှုပြောင်းလဲပေးခဲ့သည်။


generated on Tue Mar 12 16:35:02 2024

- ထို့နောက်တွင် ယေရှုသည် ကာနမြို့သို့ပြန်လာပြီး သားဖြစ်သူကိုကုသပေးရန်တောင်းဆိုသော ကပေရနောင်မြို့မှ တပ်မှူးနှင့်တွေ့ဆုံခဲ့သည်။

## ကုရေနေ

### အချက်အလက်

ကုရေနေမြို့သည် ကရက်ကျွန်း၏တောင်ဘက်၊ မြေထဲပင်လယ်၏ အာဖရိကကမ်းရိုးတန်းမြောက်ပိုင်း ဂရိနိုင်ငံ၏မြို့တစ်မြို့ဖြစ်သည်။

- ဓမ္မသစ်ခေတ်တွင် ယုဒလူမျိုးများနှင့် ခရစ်ယာန်များသည် ကုရေနေမြို့တွင်နေထိုင်ကြသည်။
- သခင်ယေရှု၏ကားတိုင်ကို ကူထမ်းပေးခဲ့သော ကုရေနေမြို့သား ရှိမုန်ဟူ၍ လူသိများသောမြို့ဖြစ်ပါသည်။

## ကုလားကာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ကျမ်းစာထဲရှိ ကုလားကာ ဟူသောစကားမှာ လွန်စွာထူ၍ လေးလံပြီး ဗိမာန်တော်၊ တဲတော်ကို ကာထားသောအရာကိုဆိုလိုပါသည်။

- တဲတော် ကိုတည်ဆောက်ရာတွင် အမိုးနှင့်အကာအတွက် ကုလားကာများကိုအသုံးပြုထားသည်။ ထိုကုလားကာများကို အဝတ် သို့မဟုတ် တိရစ္ဆာန်သားရေဖြင့်ပြုလုပ်ပါသည်။
- အဝတ်ကုလားကာများဖြင့် တဲတော်အတွင်းပိုင်း နေရာလွတ်ကိုကာထားသည်။ ထိုကုလားကာများသည် အပင်၏ အမျှင်ဖြင့်ပြုလုပ်ထားသော လိုင်နင် အသားဖြစ်သည်။
- တဲတော်၊ ဗိမာန်တော် စသည်တို့တည်ဆောက်ရာတွင် သန့်ရှင်းသောနေရာနှင့် အသန့်ရှင်းဆုံးနေရာ ကိုထူထဲသော ကုလားကာဖြင့်ကာထားသည်။ ထိုကုလားကာသည် ယေရှုသေဆုံးချိန်၌ ထူးဆန်းစွာ ထက်ခြမ်းကွဲသွားခဲ့သည်။

### ဘာသာပြန်အကြံပြုချက်များ

- ယနေ့ခေတ်ကုလားကာနှင့် သမ္မာကျမ်းစာခေတ်ရှိ ကုလားကာသည် လွန်စွာကွဲပြားသောကြောင့် ဘာသာပြန်ဆိုရာတွင် မတူညီသောအသုံးအနှုန်းဖြင့် အသုံးပြုသင့်သည်။
- ဖုံးကာသောကုလားကာ၊ အကာ၊ ထူထဲသောအဝတ်၊ တိရစ္ဆာန်သားရေ၊ ချိတ်ဆွဲထားသောအဝတ် စသည်ဖြင့် အသုံးပြုနိုင်သည်။

## ကုလားအုပ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ကုလားအုပ်ဆိုသည်မှာ ဘို့နှစ်လုံးပါရှိသော ခြေလေးချောင်းသတ္တဝါဖြစ်ပါသည်။

## ကျိုင်းကောင်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ကျိုင်းကောင်" သည် ကိုယ်ထည်ကြီးမား၍ ပျံတတ်သော နှံကောင်တစ်မျိုးဖြစ်ကာ သူပျံသန်းရာလမ်းတစ်လျှောက်တွင်ရှိသော ကောက်ပဲသီးနှံများကို ကိုက်စား ဖျက်ဆီးတတ်သည်။

- ကျိုင်းကောင် နှင့် နှံကောင်များသည် ဖြောင့်တန်းသောအတောင်ပံများရှိကာ ရှည်လျားသောနောက်ခြေများကို အားပြု၍ အဝေးသို့ခုန်လွှားနိုင်စွမ်းသော ပိုးမွှားများဖြစ်ကြသည်။
- ဓမ္မဟောင်းခေတ်ကာလတွင် "ကျိုင်းကောင်အုပ်စု" ဟုဆိုလိုက်သည်နှင့် ကပ်းဘေးကျရောက်ပုံကို တင်စားသုံးနှုန်းသောအသုံးနှုန်းများဖြစ်ကြောင့်အလိုအလျောက်နားလည်ရသည်။ ထိုကပ်ဘေးသည် ဣသရေလလူမျိုး၏ နာမခံမှု ဆိုးကျိုးပင်ဖြစ်သည်။
- ဘုရားသခင်သည် ကျိုင်းကောင်များကိုစေလွှတ်၍ အဲဂုတ္တုပြည်၌ ကပ်ဘေး ဖြစ်စေခဲ့သည်။
- ဓမ္မသစ်ကျမ်းစာတွင် ကျိုင်းကောင်များသည် တောဥ္စနေသော ဗတ္တိဇံဆရာယောဟန်၏ အဓိက အစာဖြစ်ကြောင်း ဖော်ပြထားသည်။

 generated on Tue Mar 12 16:35:02 2024

## ချီးမွမ်းခြင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

တစ်စုံတစ်ယောက်ကို ချီးမွမ်းခြင်းသည် ထိုသူကို လေးစား ချီးမြှောက်ခြင်း ဖြစ်သည်။

- လူတို့သည် ဘုရားသခင်ကို လောကကြီး၏ ကယ်တင်ရှင်နှင့် ဖန်ဆင်းရှင်ဖြစ်၍ ထူးဆန်းအံ့အော်ဖွယ်ရာ လက်ရာများကြောင့် ချီးမွမ်းကြသည်။
- ဘုရားသခင်ကို ချီးမွမ်းရာတွင် သူ၏ကြီးမားသော လုပ်ဆောင်ချက်များကြောင့် ကျေးဇူးတင်မှုများလည်း ပါသည်။
- ဘုရားသခင်ကို ချီးမွမ်းရာတွင် သီချင်းဆိုချင်းများလည်း ပါသည်။
- ဘုရားသခင်ကို ချီးမွမ်းခြင်းသည် ဘုရားသခင်ကို ကိုးကွယ်ခြင်းလည်း ဖြစ်သည်။
- ချီးမွမ်းခြင်းဟူသော စကားလုံးကို ချီးသာလှပစွာ ပြောဆိုခြင်း သို့မဟုတ် ရိုသေလေးစားခြင်း သို့မဟုတ် ကောင်းကြောင်း ပြောဆိုခြင်း ဟူ၍လည်း ဘာသာပြန်နိုင်သည်။
- ချီးမွမ်းခြင်း ဟူသော နမ် သည် လေးစား စကား သို့မဟုတ် ကောင်းမှုတရားများ ပြောဆိုခြင်း ဟူ၍လည်း ဘာသာပြန်နိုင်သည်။

## ခြေနင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ခြေနင်းသည် အလွန်ရိုးရှင်း၍ပြားသော ဖိနပ်တစ်မျိုးဖြစ်၍ သရေပတ်များဖြင့် ခြေထောက်နှင့် ခြေမျက်စိပေါ်ဖိနပ်ကို တွယ်ထားသောဖိနပ်ပြားဖြစ်သည်။ ခြေနင်းကို ယောကျ်ားမိန်းမအားလုံးစီးကြသည်။

- ခြေနင်းသည် တစ်ယောက်နှင့် တစ်ယောက် အရောင်းအဝယ်လုပ်သော အချိန်၌ ခြေနင်းကိုချွတ်၍ တစ်ယောက်အားပေးခြင်းအားဖြင့် တရားဝင်အရောင်းအဝယ် လုပ်ရာတွင် အတည်ပြုဖို့ရန် တစ်ခါတရံ အသုံးခဲ့သည်။
- လူတစ်ယောက်၏ ဖိနပ် (သို့) ခြေနင်းကို ချွတ်ခြင်းသည်လည်း အထူးသဖြင့် ဘုရားသခင်ရဲ့ မျက်မှောက်မှာ ချစ်ကြောက်ရိုသေခြင်းအမှုကို ပြသည့်ပုံစံတစ်မျိုးဖြစ်သည်။
- ရှင်ယောဟန်သည် အနိမ့်ဆုံးသော ကျွန်များလုပ်ရသည့်အရာ သခင်ယေရှု၏ ခြေနင်းတော်ကို အထုံးဖြည့်ဖို့အတွက်ပင် မထိုက်တန်ပါဟူ၍ ပြောခဲ့သည်။

## ဂျုံစပါး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဂျုံသည် လူတို့ အစားအစာအတွက် စိုက်ပျိုးသော ဂျုံစပါး အမျိုးအစားဖြစ်သည်။ သမ္မာကျမ်းစာက ''ဂျုံစပါး'' (သို့) ''အစေ့များ'' ဟု ဖော်ပြသောအခါ၊ ဂျုံစပါး (သို့) အစေ့များကို မကြာခဏ ပြောခြင်းဖြစ်သည်။

- ဂျုံစေ့များ (သို့) ဂျုံစပါးများသည် ဂျုံစပါးပင်၏ထိပ်တွင် ပေါက်ကြသည်။
- ဂျုံစပါးရိတ်သိမ်းသောအခါ၊ ချွေလိုက်ခြင်းအားဖြင့် ဂျုံစပါးစေ့များသည် ရိုးတံနှင့် သီးခြားဖြစ်သွားသည်။ ဂျုံစပါးပင်၏ ရိုးတံကို ''ကောက်ရိုး'' ဟူ၍လည်းခေါ်ပြီး၊ တိရိစ္ဆာန်များ အိပ်ရန်အတွက် မြေပေါ်တွင် မကြာခဏထားလေ့ရှိသည်။
- ခြွေပြီးသည့်နောက်၊ လှေ့ခြင်းအားဖြင့် အစေ့ကို ဝန်းရံထားသောအခွံသည် အစေ့နှင့်သီးခြား ဖြစ်သွားပြီး၊ လွင့်ပစ်လိုက်ရပါသည်။
- လူတို့သည် ဂျုံစပါးစေ့များကို ကြိတ်ချေပြီး ဂျုံမှုန့်ဖြစ်စေသည်။ ၎င်းကို ပေါင်မုန့်ပြုလုပ်ရာတွင် အသုံးပြုကြသည်။

## ငွေ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ငွေသည် တောက်ပပြီး မီးခိုးရောင်သန္တာအဖိုးထိုက်သော အရာတစ်ခုဖြစ်ပြီး ဒင်္ဂါး၊ ကျောက်မြတ်ရတနာများ၊ ပုံစံခွက်များ၊ အဆင်တန်ဆာများ ပြုလုပ်ရန်အသုံးပြုသည်။

- ပုံစံခွက်ဟုဆိုရာတွင် ငွေခွက်များ၊ ဖလားခွက်များပါဝင်ပြီး အခြားသောအရာများချက်ပြုတ်ရန်၊ စားသောက်ရန်၊ တည်ခင်းကျွေးမွေးရန်တို့ဖြစ်သည်။
- ငွေနှင့်ရွှေကို တည်တော်နှင့်ဘုရားဝတ်ပြုရန်နေရာများတည်ဆောက်ရန်အသုံးပြုသည်။ ယေရုရှလင်မြို့ရှိဝတ်ပြုကျောင်းတွင် ငွေဖြင့်ပြုလုပ်သော ပုံစံခွက်များရှိသည်။
- သမ္မာကျမ်းစာအချိန်အခါတွင် ငွေဒင်္ဂါးနှင့် ငွေအချိန်အစကို ရွေးယခင်ငွေကြေးစနစ်ဟုခေါ်သည်။
- ယောသပ်၏ညီအစ်ကိုများက သူ့အားငွေစနစ်ဆယ်ဖြင့် ကျွန်ပြုရန်ရောင်းစားခဲ့ကြသည်။
- ယုဒသည် ယေရှုခရစ်တော်အား ငွေသားသုံးဆယ်ဖြင့် အပ်နှံရောင်းခဲ့သည်။

## စိတ်နှလုံး

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

စိတ်နှလုံး သည်စဉ်းစားခြင်းနှင့်ဆုံးဖြတ်မှုလုပ်ဆောင်သည့် လူ့အစိတ်အပိုင်းဖြစ်သည်။

- လူတစ်ယောက်၏ စိတ်နှလုံးသည် သူ၏တွေးတောခြင်းနှင့်ဆင်ခြင်တွက်ဆခြင်းအားလုံးကိုဆိုလိုသည်။
- "ခရစ်တော်၏ စိတ်နှလုံးရှိခြင်း" သည် ခရစ်တော်ပြုလုပ်မည့်၊ စဉ်းစားမည့်အတိုင်းလုပ်ဆောင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်တန်ခိုးပေးခြင်းအားဖြင့် ခမည်းတော်ဘုရားကိုနာခံခြင်း နှင့် ခရစ်တော်ရဲ့သွန်သင်ခြင်းများကို လိုက်လျှောက်ခြင်းဖြစ်သည်။
- "စိတ်နှလုံးပြောင်းလဲခြင်း" သည် တစ်ယောက်က အရင်စဉ်းစားသည့်အတိုင်းမဟုတ်ဘဲ ဆုံးဖြတ်ချက်ပြောင်းလဲသည် သို့မဟုတ် မတူသည့်ထင်မြင်ချက်ရှိခြင်းကို ဆိုလိုသည်။

### ဘာသာပြန် အကြံပြုချက်များ

- "စိတ်နှလုံး" သည် "အတွေးအခေါ်များ"၊ "ဆင်ခြင်တုံတရား"၊ "စဉ်းစားခြင်း" သို့မဟုတ် "နားလည်ခြင်း" ဟုလည်း ပြန်ဆိုနိုင်သည်။
- "စိတ်ထဲတွင်မှတ်ထားသည်" ဆိုသည့်ဖော်ပြချက်သည်လည်း "သတိရသည်"၊ "အာရုံစိုက်သည်" သို့မဟုတ် "သိကြောင်းထင်ရှားသည်" ဟုလည်းဘာသာပြန်နိုင်သည်။
- "နှလုံးသား၊ ဝိညာဉ် နှင့် စိတ်နှလုံး" များကိုလည်း "ကျွန်ုပ်တို့ ခံစားချက်၊ ယုံကြည်ချက်နှင့်ထင်မြင်ချက်" ဟုလည်းဘာသာပြန်နိုင်သည်။
- "ပြန်လည်စဉ်းစားသည်" ဆိုသည့် အသုံးအနှုန်းကိုလည်း "သတိရသည်" သို့မဟုတ် "စဉ်းစားသည်" ဟုပြန်နိုင်သည်။
- "စိတ်ပြောင်း၍ ထွက်သွားသည်" ဆိုသည့်အသုံးအနှုန်းကိုလည်း "မတူအောင်စိတ်ဆုံးဖြတ်၍ ထွက်သွားသည်"၊ "နောက်ဆုံးတော့သွားဖို့ဆုံးဖြတ်သည်" သို့မဟုတ် "ထင်မြင်ချက်ပြောင်း၍ ထွက်သွားသည်" ဟုလည်း ပြန်နိုင်သည်။

## စိတ်ဝိညာဉ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

စိတ်ဝိညာဉ်သည် အတွင်းဆုံးသောအရာဖြစ်ပြီး လူတစ်ဦး၏အတွင်းထဲမှ ဖြစ်သည်။ ထိုအရာသည် မြင်နိုင်သောလူ၏ကိုယ်ထည်မဟုတ်သောအရာကို ရည်ညွှန်းခြင်းဖြစ်သည်။

- "စိတ်ဝိညာဉ်" နှင့် "ဝိညာဉ်" တွင် မတူညီသောအခြေအနေနှစ်ရပ် ရှိကောင်းရှိနိုင်သည် (သို့) ထိုအရာနှစ်ခုတို့သည် တူညီသောအကြောင်းအရာနှစ်ခုကို ရည်ညွှန်းခြင်းလည်းဖြစ်နိုင်သည်။၏
- လူတစ်ဦးသေဆုံးသွားသောအခါ သူ၏ဝိညာဉ်သည် ခန္ဓာကိုယ်ကို စွန့်လိုက်သည်။
- "စိတ်ဝိညာဉ်" ဟူသော စကားလုံးကို တခါတရံတွင် မြင်သာအောင် လူပုဂ္ဂိုလ်တစ်ဦး၏အရာတစ်ခုလုံးကို ဆိုလိုသည်။ ဥပမာအနေဖြင့် "အပြစ်ရှိသောဝိညာဉ်" ၏အဓိပ္ပါယ်သည် "အပြစ်ရှိသောလူသား" နှင့် "ကျွန်ုပ်၏ဝိညာဉ်ပင်ပန်းနေသည်" ဟူ၍ဖြစ်သည်။

## ဆီ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

အပင်(အသီး) တို့မှ ထုတ်ယူရရှိသော ကြည်လင်ပြစ်နှစ်သောအရည်ကိုခေါ်ပါသည်။ သမ္မာကျမ်းစာတွင် ဆီသည် သံလွင်ပင်(သီး) မှ ထွက်သော ဆီကို ဆိုလိုပါသည်။

- သံလွင်ဆီကို ဟင်းချက်ရာတွင်၎င်း၊ ဘိတ်သိက်ပေးရာတွင်၎င်း၊ ယဇ်ပူဇော်ရာ၎င်း၊ မီးထွန်းရာတွင်၎င်း၊ ဆေးဝါးအဖြစ်၎င်း အသုံးပြုသည်။
- ရှေးယခင်က သံလွင်ဆီကို ဈေးနှုန်းကြီးစွာဖြင့် ပေးဝယ်ပြီး ထိုဆီကို မည်မျှပိုင်ဆိုင်ခြင်းအားဖြင့် ထိုသူ၏ကြွယ်ဝချမ်းသာမှုကို တိုင်းတာပါသည်။
- ဤနေရာတွင်အသုံးပြုသောဆီသည် ဟင်းချက်ရာတွင်အသုံးပြုသောဆီကို ဆိုလိုပြီး မော်တော်ယာဉ်သုံးဆီ မဟုတ်ကြောင်းရှင်းလင်းစွာ သိရန်လိုပါသည်။ အချို့ဘာသာစကားများတွင်ဆီကိုအမျိုးအစား အမျိုးမျိုးနှင့်ခွဲခြား၍ အသုံးပြုကြသည်။


generated on Tue Mar 12 16:35:02 2024

## ဇဒ္ဒုကဲ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဇဒ္ဒုကဲများသည် ယေရှုခရစ်တော်အသက်ရှင်ချိန်တွင် ယဇ်ပရောဟိတ်အကြီးအကဲ အုပ်ချုပ်သောသူများ ဖြစ်ခဲ့ကြပြီး ရောမ၏အုပ်ချုပ်မှုကို ထောက်ခံသောသူများနှင့် ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ခဲ့ကြသော သူများဖြစ်သည်။

- ဇဒ္ဒုကဲအများသည် ချမ်းသာကြွယ်ဝပြီး ယဇ်ပရောဟိတ်အကြီးအကဲများကဲ့သို့ ဦးဆောင်မှုပိုင်းတွင် တန်ခိုးအာဏာကြီးသော အထက်တန်းလွှာ လူမျိုးများဖြစ်ကြသည်။
- ဇဒ္ဒုကဲများ၏ အလုပ်တာဝန်သည် ရှုပ်ထွေးနေသော ဗိမ္မာန်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့နှင့် ပူဇော်သက္ကာများကို လုပ်ဆောင်ဖို့ တာဝန်ဝတ္တရားတွေပါဝင်သည်။
- ဇဒ္ဒုကဲများနှင့် ဖာရိရှဲတို့သည် ယေရှုကားစင် တင်သတ်ဖို့ရန် ရောမခေါင်းဆောင်များ၏ လွှမ်းမိုးမှုကို အလွန်ခံစားခဲ့ကြသည်။
- ယေရှုက ဒီဘာသာဝါဒနှင့် ဆိုင်သော အဖွဲ့အစည်းနှစ်ခုကို ပြင်းဆန်ပြောဆိုခဲ့ခြင်းသည် သူတို့၏ တစ်ကိုယ်ကောင်းဆန်မှုနှင့် ဟန်ဆောင်ခြင်းတွေကြောင့်ဖြစ်သည်။

## ဇာဒုတ်

### အချက်အလက်

ဇာဒုတ်သည် ဣသရေလနိုင်ငံ၌ ဒါဝိဒ်မင်းကြီးလက်ထက်တွင် အလွန်အရေးပါသောယစ်ပရောဟိတ်မင်းတစ်ပါးဖြစ်သည်။

- ဒါဝိဒ်မင်းကြီးအား အဗရှလုံတော်လှန်သောအခါ ဇာဒုတ်သည် ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့သို့ ပြန်သယ်ဆောင်လာနိုင်အောင် ဒါဝိဒ်မင်းကြီးကိုကူညီမစခဲ့သည်။
- နှစ်များကြာပြီးနောက်၊ ဒါဝိဒ်မင်းကြီး၏သားရှောလမုန်အား ရှင်ဘုရင်အဖြစ် ဆီဖြင့်လိမ်း၍ဘိသိက်တင်မြောက်သည့် အခမ်းအနားတွင်လည်းပါဝင်ခဲ့သူဖြစ်သည်။
- (ဇာဒုတ်အမည်ဖြင့်လူနှစ်ဦး) သည် နေဟမိလက်ထက်၌ ယေရုရှလင်မြို့ရိုးကိုပြန်လည် တည်ဆောက်ရာ၌ပါဝင်ကူညီခဲ့ကြ၏။
- ဇာဒုတ်ဟူသောအမည်သည် ရှင်ဘုရင်ယောသံ၏အဘိုး၏အမည်လည်းဖြစ်၏။

## ဇာဗုလုန်

### အချက်အလက်

ယာကုပ်နှင့်လေအာတို့မှ နောက်ဆုံးမွေးသောသား ဇာဗုလုန်သည် ဣသရေလအနွယ် ဆယ့်နှစ်မျိုး၌ပါဝင်သော မျိုးနွယ်စုတစ်စုဖြစ်သည်။

- ဣသရေလအနွယ်ဖြစ်သော ဇာဗုလုန်မျိုးနွယ်စုသည် ဆားပင်လယ်၏အနောက်ဖက်ဒေသကိုတိုက်ရိုက် အမွေးအဖြစ် ပိုင်ဆိုင်ရရှိသည်။
- တစ်ခါတစ်ရံ "ဇာဗုလုန်" ကို ဣသရေလအနွယ်များနေထိုင်ရာဒေသ ဟူ၍သမုတ်တတ်ကြ၏။

## ဇေဗေဒဲ

### အချက်အလက်

သခင်ယေရှု၏တပည့်တော်ယာကုပ်နှင့်ယောဟန်တို့၏ဖခင်ဖြစ်သည်။ သူသည်တံငါသည်ဖြစ်သည်" ထိုသူနှစ်ဦးကိုဓမ္မသစ်ကျမ်းတွင် မကြာခဏ"ဇေဗေဒဲ၏သား"နှစ်ဦးဟူ၍ဖေါ်ပြလေ့ရှိသည်။

- ဇေဗေဒဲသားများသည်လည်း သူနှင့်အတူငါးဖမ်းသော တံငါသည်များဖြစ်ကြ၏။
- ယာကုပ်နှင့်ယောဟန်တို့သည် ဖခင်ဇေဗေဒဲနှင့်အတူလုပ်သောတံငါးသည်လုပ်ငန်းကိုစွန့်ပြီး သခင်ယေရှုနောက်တော်သို့လိုက်သွားကြ၏။

## ဇေရုဗဗေလ

### အချက်အလက်

ဓမ္မဟောင်းကျမ်း၌ဇေရုဗဗေလအမည်တွင်သောလူနှစ်ဦးရှိသည်။

- ထိုလူနှစ်ဦးထဲ၌ တစ်ဦးသည် ယောယကိန်နှင့်ဇေဒကိတို့ထံမှ ဆင်းသက်သူဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

- အခြားသောဇေရုဗဗေလက ရှာလသေလ ၏သားတော်ဖြစ်သည်။ သူသည် "ဇေရာနှင့်နေဟမိ" တို့ခေတ် ပေရသိရှင်ဘုရင် "ကုရု" မင်းကြီးလက်ထက် ဣသရေလလူမျိုးတော်ကို ဖမ်းဆီးသွားခြင်းမှပြန်လွန်လိုက်သောကာလ၌ ယုဒအမျိုးအနွယ်တို့ကိုခေါ်ဆောင်ခဲ့သူဖြစ်သည်။
- ဇေရုဗဗေလနှင့် ယစ်ပရောဟိတ်မင်း ယောရှုတို့သည် ယေရုရှ လင်ဖိမ္မာန်တော်နှင့်ဘုရားသခင်၏

ယစ်ပလ္လင်တော်ကိုပြန်လည်တည်ဆောက်သူများ၌ပါဝင်ခဲ့သည်။

## ညီအစ်ကို

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ညီအစ်ကို ဆိုသည်မှာမိဘတစ်ဦးဦးအားဖြင့် သွေးသားတော်စပ်သော ယောကျာ်းနှစ်ဦးဖြစ်သည်။

- ဓမ္မဟောင်းကျမ်းတွင် ညီအစ်ကိုဆိုသည်မှာ ယေဘုယျအားဖြင့် တူညီသောမျိုးနွယ်၊ လူစု ထိမှဖြစ်သောလူများကိုဆိုလိုပါသည်။
- ဓမ္မသစ်ကျမ်းတွင် တမန်တော်ပေါလုက ခရစ်တော်၌ယုံကြည်သော ယောကျာ်း၊ မိန်းမ များကို ညီအစ်ကို ဟူသောအသုံးအနှုန်းဖြင့် ခေါ်ဆိုလေ့ရှိသည်။ ထိုသူတို့သည် ကောင်းကင်ရှင်အဖဘုရား၏ မိသားစုဝင်များပင်ဖြစ်ကြသည်။
- တမန်တော်ပေါလုက ညီအစ်မများ ဟုသုံးနှုန်းသော အသုံးအနှုန်းကိုလည်း တစ်ခါတစ်ရံတွေ့နိုင်ပါသည်။ ဥပမာ- ရှင်ယုဒက စားစရာနှင့်အဝတ်အထည်လိုအပ်သော ညီအစ်ကို၊ ညီအစ်မများကို ရည်ညွှန်းပြီး ယုံကြည်သူအားလုံးကိုပြောဆိုခဲ့ပါသည်။

ဘာသာပြန်အကြံပြုချက်များ

- သွေးသားတော်စပ်သော ညီအစ်ကို၊ သွေးသားမတော်စပ်သောညီအစ်ကို စသည်ဖြင့် မရောထွေးစေရန် အခြားစကားလုံးကိုအသုံးပြုသင့်သည်။ သို့သော် အဓိပ္ပါယ်ရောထွေးခြင်းမရှိပါက အသုံးပြုနိုင်ပါသည်။
- ဓမ္မဟောင်းတွင် ညီအစ်ကို ဟုဆိုရာ၌ မျိုးနွယ်တူသောလူအုပ်စုကို ရည်ညွှန်းပါသည်။ ထို့ကြောင့် ဘာသာပြန်ရာတွင် ဆွေမျိုး၊ မျိုးနွယ်ဝင်၊ ဣသရေလလူမျိုး ဟုထည့်သွင်းသင့်ပါသည်။
- ခရစ်တော်၌နောက်လိုက်ဖြစ်ခြင်းကို ရည်ညွှန်းရာတွင် ဤစကားကို ခရစ်တော်၌ညီအစ်ကို၊ ဝိညာဉ်ရေးညီအစ်ကို ဟုပြန်ဆိုသင့်သည်။
- ရည်ညွှန်းသောလူစုတွင် အမျိုးသမီးများပါဝင်ပါက ညီအစ်ကို ဟူသောစကားလုံးသည် အဓိပ္ပါယ်မပြည့်စုံပေ။ ထို့ကြောင့် ယောကျာ်း၊ မိန်းမ ပါဝင်သောယေဘုယျ စကားလုံးကို အသုံးပြုသင့်သည်။
- အမျိုးသား၊ အမျိုးသမီးပါဝင်သောအသုံးအနှုန်းမှာ နောက်လိုက်ယုံကြည်သူများ၊ ခရစ်ယာန်ညီအစ်ကိုမောင်နှမများ ဟုအသုံးပြုနိုင်သည်။
- ယောကျာ်းကိုရည်ညွှန်းခြင်းလား၊ ယောကျာ်းမိန်းမ(၂) မျိုးလုံးကို ရည်ညွှန်းခြင်းလား ဆိုသည်ကို သတိထားပြီး ဘာသာပြန်ဆိုသင့်ပါသည်။

## ညှဥ်းဆဲခြင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ညှဥ်းဆဲခြင်း" ဆိုတာ ဆိုးရွားသော ဆင်းရဲ ဒုက္ခကို ရည်ညွှန်းသည်။ တစုံတယောက်ကို ညှဥ်းဆဲခြင်းဆိုတာ ရက်စက်ကြမ်းကြုတ်သော နည်းလမ်းဖြစ်သည်။

- တခါတရံမှာ "ညှဥ်းဆဲခြင်း" ဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာ နာကျင်ခြင်းနှင့် ဆင်းရဲဒုက္ခခံရခြင်းဖြစ်သည်။ ဥပမာ ဗျာဒိတ်ကျမ်းမှာ နောက်ဆုံးသော ကာလ၌ "သားရဲ" ကို ကိုးကွယ်သောသူများရဲ့
- ခန္ဓာကိုယ်ကို ညှဥ်းပန်းနှိပ်စက်ခြင်းကို ခံရမည်ဟု ဖော်ပြထားသည်။
- ညှဥ်းပန်းနှိပ်စက်ခြင်းကို ဝိညာဉ်ရေးရာနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်ခြင်းမျိုးကို ယောဘက တွေ့ကြုံခဲ့ဖူးသည်။
- ဗျာဒိတ်ကျမ်းအရ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် မယုံကြည်သောသူများကို ငရဲမီးအိုင်ထဲတွင် ထာဝရ ညှဥ်းပန်းနှိပ်စက်ခြင်းကို ခံရမည်။
- ဤညှဥ်းပန်းနှိပ်စက်ခြင်းကို " ဆိုးရွားသော ဆင်းရဲဒုက္ခ" သို့မဟုတ် "တစုံတယောက် ကြောင့် ဆင်းရဲ ဒုက္ခခံရခြင်း" သို့မဟုတ် " ဝေဒနာ" ဟု ပြန်ဆိုနိုင်သည်။

## တဆေး,တဆေးပါသော (အချည်ဖောက်သည်)

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"တဆေးပါသော (အချည်ဖောက်သည်)" ဟူသောအသုံန်းနှုန်းသည် "ဂျုံမှုန့်များပွလာအောင် ပြုလုပ်ခြင်းဖြစ်သည်။

- အချို့သောအင်္ဂ လိပ်အဘိဓာန်၌ "တဆေးပါသော (အချည်ဖောက်သည်)"ကို "တဆေး" ၊ဂျုံမှုန့်ဖုတ်ရန်နယ်ထားပြီး ပွတက်လာရန် ထည့်သောအမှုန့်ဟု အဓိပ္ပါယ်ဖွင့်သည်။ တဆေးကြောင့်နယ်ထားသောဂျုံမှုန့်တခုလုံးပွတက်လာစေသည်။

- ဓမ္မဟောင်းခေတ်၌ နယ်ထားသော ဂျုံမှုန့်ကို အနည်ထိုင်စေပြီးတဆေးဖြစ်စေ၍ထိုတဆေးဖြင့်မှုန့်ကိုပွစေသည်။ နောက်တဖန်ထိုနယ်ပြီးပယ်ချထားသော မှုန့်နယ်ဖတ်ကို တဆေးအဖြင့်နှင့် ပြန်

လည်အသုံးပြုလေ့ရှိသည်။

- ဣသရေလလူမျိုးများ အဲကုတ္တုပြည်မှလွတ်မြောက်လာသောအခါ မှုန့်ပွလာအောင် တဆေးထည့်ရန်အချိန်မရခဲ့သောကြောင့်တဆေးမပါသောမှုန့်ကိုသာလုပ်လျှက်လမ်းခရီးအတွက် ယူဆောင်သွားခဲ့ကြသည်။ ထိုအကြောင်းအရာကို အောင့်မေ့သတိရစေခြင်းငှာ ယုဒလူမျိုးများကျင်းပသော ပသခါပွဲတော်၌ တဆေးမပါသောမှုန့်ကိုစားသုံးကြ၏။
- "တဆေး"ကို သမ္မာကျမ်းစာ၌ အပြစ်သည် လူတစ်ဦး၏အသက်တာ၌ပြန့်ပွား ကူစက်လွမ်းမိုးနိုင်သည့် အသွင်သဏ္ဍာန်ဆောင် ပုံဖေါ်ထား၏။
- လူသားများ၌မှားယွင်းသောသင်ကြားမှုပြန့်ပွားခြင်းကို တဆေးဖြင့်ဥပမာပေး၏။
- ဘုရားသခင်၏နိုင်ငံတော် လူတစ်ဦးမှတစ်ဦးသို့ ပြန့်ပွားခြင်းကိုလည်း အပြုသဘောဖြင့် တဆေးကိုပုံပမာပေးတတ်၏။

ဘာသာပြန်အကြံပြုချက်များ

- "တဆေး" သို့မဟုတ် "ပွတက်စေသောအရာ"ဟုအဓိပ္ပါယ်ပြန်ဆိုသည်။ "ပွတက်ခြင်းကိုချဲ့ထွင်လာခြင်း" သို့မဟုတ် "ကြီးမားလာခြင်း"သို့မဟုတ်"ဖောင်းကြွလာခြင်းဟုလည်းဘာသာပြန်ဆိုနိုင်သည်။
- တဆေးသည် မုန့်နယ်ကိုဖေါင်ကြွစေ၍ ဘာသာစကားတစ်ခုဟာ လူတကားသိခဲ့လျှင် "တဆေးဖြစ်သော"စကားဟူ၍ သုံးရန်အလွန်ကောင်းမြတ်လှ၏။

## တပည့်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"တပည့်" ဆိုသည်မှာ အချိန်ယူပြီး ဆရာထံမှ ဆရာ၏ပညာများနှင့်အတူ အမူအကျင့်များကို လေ့လာသင်ကြားမှုခံယူသူကို "တပည့်"ဟု ခေါ်သည်။

- လူအများက သခင်ယေရှု၏ အနောက်သို့လိုက်၍၊ သခင်ယေရှု သင်ကြားခြင်းကို နားထောင်ခြင်း၊ နာခံလိုက်လျှောက်ခြင်း စသည် လူများကို တပည့်များဟု ခေါ်သည်။
- နှစ်ခြင်းဆရာယောဟန်တွင်လည်း နောက်လိုက်တပည့်များ ရှိသည်။
- သခင်ယေရှု၏သာသနာပြုခြင်းတွင် တပည့်အတော်များများသည် ယေရှု၏နောက်သို့လိုက်ပြီး သင်ကားပေးခြင်းများကို နားထောင်ခံယူခဲ့ကြသည်။
- သခင်ယေရှုက သူ၏အနီးကပ်တပည့်များအဖြင့် လူ (၁၂) ဦးကို ရွေးချယ်ခဲ့ပြီး၊ ထိုတပည့်များသည် သခင်ယေရှု၏တမန်တော်များ ဖြစ်လာခဲ့သည်။
- သခင်ယေရှု၏ တမန်တော် (၁၂) ကို သခင်ယေရှု၏ "တပည့်တော်များ" သို့မဟုတ် "တမန်တော် ၁၂ ပါး" အဖြစ် သိလာကြသည်။
- သခင်ယေရှုကောင်းကင်သို့ မတက်ကြွမီ၊ သူ၏တပည့်တော်များအား လူအများကို သခင်ယေရှု၏နောက်လိုက် တပည့်များ ဖြစ်လာစေရန် မည်သို့ပြုမူပြောဆိုရမည်ကို သင်ကြားပေးခဲ့သည်။
- သခင်ယေရှုကို ယုံကြည်သောသူ ကြင့် သခင်ယေရှု စကားကို နားထောင်လိုက်လျောက်သောသူတိုင်ကို သခင်ယေရှု၏ တပည့်ဟု ခေါ်ဆိုနိုင်သည်။

ဘာသာပြန် အကြံပြုချက်

- "တပည့်" ဆိုသည့်စကားလုံးကို "နောက်လိုက်" သို၌မဟုတ် "ကျောင်းသား" သို့မဟုတ် "သင်ကြားခံသူ" သို့မဟုတ် 'သင်ယူသူ" ဟု ခေါ်ဆိုနိုင်ပါသည်။
- ဤသို့ဆိုရာတွင် အခန်းထဲတွင် စာသင်ကြားနေခြင်းကိုသာ ဆိုလိုသည်မဟုတ်ပါ။
- ဤ ပြန်ဆိုမှုတွင် 'တမန်တော်' နှင့် တပည့် ကွာခြားသည်ကို ကွဲပြားစေလိုပါသည်။

## တရားစရပ်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

တရားစရပ် ဆိုသည်မှာ ဂျူးလူမျိုးများဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန်တည်ဆောက်ထားသောနေရာဖြစ်သည်။

- ရှေ့ခေတ်ကတည်းက တရားစရပ်၏ အလုပ်များမှာ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း နှင့် ကျမ်းစာကို သွန်သင်ပေးခြင်း စသည်တို့ပါဝင်သည်။

- ဂျူးလူမျိုးများသည် သူတို့၏ ပြည်များတွင် ဘုရားသခင်အား ဆုတောင်းရန်နှင့် ကိုးကွယ်ရန် တရားစရပ်များကို ဆောက်လုပ်ခြင်းများ အစပြုထားသည်၊ အဘယ်ကြောင့်ဆိုသော် အများစုသည် ဗိမ္မာန်တော်တည်ရှိသော ယေရုဆလင်မြို့နှင့် ဝေးကွာသောအရပ်တွင် နေထိုင်ကြသောကြောင့်ဖြစ်သည်။
- ယေရှုသည် တရားစရပ်တွင် သင်ကြားပေးပြီး ကျန်းမာခြင်းကို ဖြစ်စေသည်။
- "တရားစရပ်" ဟူသောစကားလုံးသည် လူအုပ်စုများ တွေ့ဆုံနိုင်သောနေရာကို ပုံဆောင်ချက်အဖြစ် အသုံးပြုထားပါသည်။

## တရားသူကြီး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

တရားသူကြီးသည် လူပုဂ္ဂိုလ်ဖြစ်ပြီး မှန်သော၊ မှားသော အမှုကိစ္စကို ဆုံးဖြတ်သူဖြစ်သည်။

- သမ္မာကျမ်းစာမှာက ဘုရားသခင်သည် မကြာခဏညွှန်းဆိုတာက စီရင်ခြင်းတခုအနေနှင့် ဖော်ပြထားပါသည်။
- ဣသရေလလူများ ခါနန်ပြည်ကို ဝင်ရောက်ပြီးနောက် ဘုရင် မအုပ်ချုပ်ခင်မှာ ဘုရားသခင်သည်တရားသူကြီးကို ခန့်အပ်ပြီး ဒုက္ခန့်ကြားမှ ဦးဆောင်ခိုင်းပါသည်။ ထိုတရားသူကြီးများသည် စစ်အာဏာရှင်များ၏ ခေါင်းဆောင်များကို ကယ်နုတ်ခဲ့ပါသည်။
- နေရာဒေသအရ တရားသူကြီးများကို ဆုံးဖြတ်သူ၊ ခေါင်းဆောင်၊ စာပို့ဆောင်သူ၊ ပြည်နယ်အုပ်ချုပ်သူဟု ခေါ်ဆိုကြသည်။

## တာမာ

အချက်အလက်

ဓမ္မဟောင်းကျမ်းထဲတွင် တာမာ ဟူသော အမျိုးသမီးများ၏ နာမည်ဖြစ်သည်။ ထိုနာမည်ကို ဓမ္မဟောင်းကျမ်းထဲတွင် မြို့အများအပြား၏ အမည် (သို့) အခြားနေရာ များ၏အမည်ဖြစ်သည်။ တာမာသည် ယုဒ၏ ချွေးမ ဖြစ်သည်။ သူမသည် ဖာရက် ကို မွေးဖွားပြီး ထိုသူသည် ယေရှုခရစ်တော်၏ ဘိုးဘေးဖြစ်သည်။ ဒါဝိဒ်မင်းကြီးတွင် တာမာ ဟုခေါ်သော သမီးရှိ ပြီး သူမသည် အဗရှလုံ၏ နှမ ဖြစ်သည်။ သူမ၏ ဝမ်းကွဲ အကို အာမနုန်သည် အဓမ္မပြုကျင့်၍ ထားခဲ့သည်။ အဗရှလုံတွင်လည်း တာမာ ဟုခေါ်သော သမီးတစ်ယောက်ရှိသည်။ ဒေ့ ပြည်တွင် အင်ေဒီအမည်ကို ဟာဇဇုန်တာမာ ဟုခေါ်သည်။ ဗာလ တာမာ ဟုလည်းခေါ်နိုင်သည်။ တာမာလို့ ယေဘုယျ ရည်ညွှန်းထားသော နေရာများဟာ မြို့များလည်းဖြစ်နိုင်သည်။

## တိုင်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"တိုင်" ဟူသော အသုံးအနှုန်းသည် အိမ်ဆောက်ရာတွင် ထောက်ရန်အဖြစ် ဒေါင်လိုက်ထောင်သောအရာကို ဆိုလိုသည်။ "တိုင်" ကို အခြားတဖက်တွင် "ကော်လံ" ဟုလည်းသုံးကြသည်။

- ကျောက်တုံးတစ်ခုကို ထွင်းရာတွင် အဆောက်အဦးဆောက်ရန် အတွက် တိုင်ကို ဓမ္မဟောင်းခေတ်တွင် သုံးကြသည်။
- ဓမ္မဟောင်းခေတ်တွင် ဖိလိတ္တိလူများ ဖမ်းသွားကြသောအခါ သူတို့၏ဘုရားကျောင်းထောက်ထားသော တိုင်ကို တွန်းသဖြင့် သူတို့၏ဘုရားကျောင်းပြိုကျခဲ့သည်။
- "တိုင်" ဟူသော စကားလုံးကို တခါတရံတွင် အရေးကြီးသော အကြောင်းအရာဖြစ်ပျက်သည့်နေရာနှင့် အောက်မေ့ဖွယ်မှတ်တိုင်ပြုလုပ်ရာတွင် ကျောက်ပုံစီခြင်းကိုလည်း ရည်ညွှန်းတတ်သည်။
- တခါတရံ လွဲမှားသောဘုရားကို ဝတ်ပြုရန် ပြုလုပ်သော ရုပ်တုကိုလည်း ရည်ညွှန်းတတ်သည်။ အခြားအမည်ကို "ထွင်းထားသောရုပ်တု" ဟုခေါ် ပြီး "ရုပ်တု" အဖြစ်ဘာသာပြန်နိုင်သည်။
- "တိုင်" ဟူသော အသုံးအနှုန်းသည် တိုင်ကဲ့သို့ ပြုလုပ်သောအရာဝတ္ထုအတွက်လည်း အသုံးပြုသည်။ သဲကန္တာရတွင် ဣသရေလလူမျိုးများကို ခေါ်ဆောင်လာသော မီးကို "မီးတိုင်" ဟူ၍ရှင်း၊ လောတ၏ မိန်းမသည် နေရင်းမြို့ဘက်သို့ လှည့်ကြည့်ခြင်းကြောင့် "ဆားတိုင်" စသည်ဖြင့် အသုံးပြုသည်။
- အဆောက်အဦး ထောက်ထားသော "တိုင်" သို့မဟုတ် "ကော်လံ"ကို "အထက်ကိုထောက်ထားသောအရာ" သို့မဟုတ် "ကျောက်၊ အဆောက်အဦးကို ထောက်သည်" စသည်ဖြင့် ပြန်နိုင်သည်။
- "တိုင်" ကိုအခြားတဖက်တွင် "ရုပ်တု၊ ကျောက်အုံ၊ ကျောက်ခဲများ၊ အောက်မေ့ဖွယ်မှတ်တိုင် သို့မဟုတ် လေးလံပြီးရှည်သောအရာ" စသည်ဖြင့် အကြောင်းအရာကို ကြည့်ပြီး ဘာသာပြန်နိုင်သည်။

## တောခွေး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

တောခွေးသည် ကြမ်းကြုတ်သည်၊ အသားစားသည့်တိရိစ္ဆာန်ဖြစ်ပြီး တောရိုင်းခွေးတစ်မျိုးဖြစ်သည်။

- တောခွေးများသည် အုပ်စုလိုက် အမဲလိုက်ကြပြီး လိမ္မာပါးနပ်ပြီး၊ ငြိမ်သက်စွာ သားကောင်ကိုချောင်းတတ်ကြသည်။

- ကျမ်းစာတွင် "တောခွေး" ဟုသုံးခြင်းသည် မှားယွင်းသော ပရောဖက်များနှင့် မှားယွင်းသောအရာများကို တင်စားခေါ်ဝေါ်ခြင်းဖြစ်ပြီး၊ ယုံကြည်သူများကို သိုးနှင့် ခိုင်းနှိုင်းသည်။ မှားယွင်းသော သွန်သင်ချက်သည် မှားယွင်းစွာယုံကြည်စေပြီး၊ လူများအပေါ်မကောင်းမှု သက်ရောက်စေသည်။
- ဤခိုင်းနှိုင်းချက်သည် တောခွေးများမှ သိုးများကို အလွယ်တကူ စားသုံး တိုက်ခိုက်နိုင်ခြင်းနှင့် သိုးများမှ မိမိကိုယ်ကို မကာကွယ်နိုင်ခြင်းပေါ် အခြေခံထားသည်။

## တံပိုး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

'တံပိုး' သည် ဂီတသံထွက်သော တူရိယာတစ်မျိုးဖြစ်ပြီး အစည်းအဝေးပြုလုပ်ရန် ဖိတ်ခေါ်ခြင်း၊ လူများစုဝေးစေခြင်းစသည်တို့ကို ပြုလုပ်ရန်အချက်ပေးအဖြစ်အသုံးပြုသည်။

- တံပိုးကို တိရစ္ဆာန်ဦးချို၊ ပင်လယ်နေသတ္တဝါများ၏ အခွံနှင့် သတ္တုများဖြင့် ပြုလုပ်နိုင်သည်။
- တံပိုးကို စစ်တိုက်ရန်လူများကို စုဝေးခြင်း၊ လူထုအစည်းအဝေးပြုလုပ်ခြင်းအတွက် တီးမှုတ်ခြင်းဖြင့် ဖိတ်ခေါ်လေ့ရှိသည်။
- ဗျာဒိတ်ကျမ်းတွင် ကောင်းကင်တမန်မှ တံပိုးတော်ကို မှုတ်လိုက်ခြင်းသည် ဘုရားသခင်၏ အမျက်တော်အား မြေကြီးပေါ်သို့ စတင်ကျရောက်လာမည့် အရိပ်လက္ခဏာအဖြစ် ဖော်ပြထားသည်။

## တွန်းသည်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"တွန်းသည်"ဟူဆိုသော အသုံးအနှုန်း၏ တိုက်ရိုက်ဆိုလိုရင်းမှာ ခွန်အားသုံးခြင်းအားဖြင့် တစုံတစ်ခုကို ရွေ့လျားစေခြင်းဖြစ်သည်။ ဤအသုံးအနှုန်းတွင် များစွာသော တင်စားသောဆိုလိုရင်းများရှိသည်။

- "တွန်းလိုက်သည်" ဟူသောဖော်ပြချက်သည် "ငြင်းပယ်သည်" သို့မဟုတ် "ကူညီရန်ငြင်းဆိုသည်" ဟု ဆိုလိုနိုင်သည်။
- "အောက်သို့တွန်းလိုက်သည်" ဟူသော ဖော်ပြချက်သည်လည်း "ဖိနှိပ်သည်"၊ "နှိပ်ကွက်သည်"၊ "အောင်နိုင်သည်" ဟု ဆိုလိုနိုင်သည်။ လူတစ်ယောက်သည်မြေပေါ်သို့ တွန်းခြင်းကိုခံနေရသည် ဟူ၍လည်း တိုက်ရိုက်ဘာသာပြန်နိုင်သည်။
- "ရှေ့သို့တွန်းလိုက်သည်" ဟူသောဖော်ပြချက်သည် ထိန်းသိမ်းဖို့ရန်နှင့် အမှားအမှန်မသေချာဘဲ တစုံတစ်ခုကို ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်သည်။

## ဒန်

အချက်အလက်

ဒန် သည် ဣသရေလအမျိုးနွယ် ၁၂ ခု ထဲမှ ယာကုတ်၏ ၅ ယောက်မြောက်သား ဖြစ်သည်။ ဒန် မျိုးနွယ်စုများသည် ကာနန်ပြည်မြောက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ကြပြီး ယင်းဒေသကို "ဒန်နယ်" ဟု သမုတ် ခေါ်ဝေါ်ခဲ့ကြသည်။

- အာဗြဟံခေတ်တွင် ဒန် မြို့သည် ယေရုဆလင်မြို့၏အနောက်ဖက်တွင် တည်ရှိသည်။
- နှစ်ကာလ အတန်ကြာတော့ ဣသရေလလူမျိုးတို့သည် ဂတိတော်တိုင်းပြည်သို့ ဝင်ရောက်လာကြပြီး ယေရုဆလင်မြို့မြောက်ဖက် မိုင် ပေါင်း ၆၀ ကွာဝေးသည့် နေရာတွင် ဒန်မြို့သစ် ကို တည်ထောင်ကြပါသည်။
- "ဒန်လူမျိုးများ" သည် ဒန် မှ ဆင်းသက်လာသော မျိုးနွယ်စုများကို ခေါ်ဆိုခြင်း ဖြစ်သည်။

## ဒါဝိဒ်

အချက်အလက်

ဒါဝိဒ်သည် ဒုတိယမြောက် ဣသရေလရှင်ဘုရင်ဖြစ်ပြီး၊ ဘုရားသခင်ကို ယုံကြည်ကိုးစားသူ တစ်ယောက် ဖြစ် သည်။ သူသည် ဆာလံကျမ်းကို ရေးသားသော အဓိက ပုဂ္ဂိုလ် ဖြစ်သည်။

- ဒါဝိဒ်သည် ငယ်စဥ် ကမိသားစုပိုင် သိုးများထိန်းကျောင်းခဲ့သူ ဖြစ်ပြီး၊ နောက်ပိုင်းတွင် ဣသရေလလူမျိုးများ၏ရှင်ဘုရင်အဖြစ် ဘုရားသခင်ခန့်ထားတော်မူခဲ့သည်။
- ဒါဝိဒ်သည် ရဲရင့်သော စစ်သူကြီးတစ်ဦး ဖြစ်လာပြီး ဣသရေလလူမျိုးများစစ်တိုက်ရာတွင် ပါဝင်ဦးဆောင်ခဲ့ပါသည်။ ဖိလိတ္တိပြည်သားစစ်သူကြီးဂေါလျက်ကိုသတ်ဖြတ်နိုင်ခြင်းဖြင့်လူသိများခဲ့သည်။
- ရှောလုဘုရင်သည် ဒါဝိဒ်ကို လုပ်ကြံရန် ကြိုးစားခဲ့သည်၊ သို့သော ဘုရားရှင် ကာကွယ်ခဲ့၍ ရှောလု ကွယ်လွန်သွားသည့်နောက်ပိုင်းတွင် ရှင်ဘုရင် ဖြစ်လာခဲ့ သည်။
- ဒါဝိဒ် အပြစ်ကျူးလွန်မိ သော်လည်း ပြန်လည်နောင်တရ သဖြင့် ဘုရား သခင် ခွင့်လွှတ်ပေးခဲ့ သည်။
- မေရှိယ ယေရှုသည် ဒါဝိဒ်မင်းမျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်သဖြင့် "ဒါဝိဒ်၏သား"ဟု ခေါ်ဝေါသမုတ်ခြင်း ဖြစ်သည်။

## ဒေသနာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ဒေသနာ"၏အဓိပ္ပါယ်မှာ 'သင်ကြားခြင်း' ဖြစ်သည်။ ဘာသာရေးအရသင်ကြားပေးခြင်းကို ဆိုလိုသည်။

- ခရစ်ယာန်တို့၏ဆုံးမသွန်သင်ခြင်းတွင် "ဒေသနာ" ဆိုသည်မှာ ဘုရားသခင်၏အကြောင်း၊ ခမည်းတော်၊ သားတော် နှင့် သန့်ရှင်းသောဝိညာဏ်တော် ပါဝင်သော ဘုရားသခင်၏ဂုဏ်အင်္ဂါများနှင့် ဘုရားသခင်၏ဆောင်ရွက်ခဲ့မှုများ ပါဝင်ပါသည်။
- ခရစ်ယာန်အသက်တာတွင် မည်ကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ရန်နှင့် ဘုရားသခင်၏နာမတော်ကို ဖော်ဆောင်သော ခရစ်ယာန်များ ဖြစ်စေရန် ဘုရားသခင်မှ သွန်သင်သောအရာများအားလုံးကို "ဒေသနာ"ဟု ခေါ်သည်။
- အချို့က "ဒေသနာ"ဆိုသည့် စကားကို သက်ရှိလူသားများ သွင်းသင်သော မှားယွင်းစေသည့် ဘာသာရေး သွန်သင်ခြင်းများတွင် အသုံးပြုတက်ကြသည်။ ရှင်းလင်းစွာသဘောပေါက်ရန် လိုအပ်သည်၊
- ဤစကားလုံးသည် "သင်ကြားခြင်း" ဟုလည်း ခေါ်ဆိုနိုင်သည်။

## နားထောင်ခြင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

နားထောင်ခြင်းသည် ပညတ်ပြဌာန်ထားသောရာများကို လိုက်လျှောက်လုပ်ဆောင်ခြင်းဖြစ်သည်။နားထောင်ခြင်းသည် နာခံမှုကို ဆိုလိုသည်။ နားထောင်ခြင်းသည် နာခံသူတစ်ဦး၌ရှိသော အရည်အသွေးဖြစ်သည်။ တစ်ခါတစ်ရံပညတ်ချက်မှ တစ်စုံတစ်ကို မပြုလုပ်ရန်ဖြစ်သည်။ ဥပမာ သူ့ဥစ္စာမခိုးရ။

- သာမန်အားဖြင့် နားထောင်နာခံခြင်းသည် ပညတ်ချက်များကို လိုက်လျှောက်ခြင်း သို့မဟုတ် ဩဇာအာဏာရှိသူ၏ တရားဥပဒေကို လိုက်လျှောက်ခြင်းအပေါ်တွင် အခြေခံသည်။
- ဥပမာအားဖြင့် ပြည်သူလူထုက နိုင်ငံခေါင်းဆောင်များ၊ ရှင်ဘုရင် သို့မဟုတ် အဖွဲ့အစည်းများ၏ ပညတ်ချက်နှင့် ဥပဒေသများကို လိုက်နာခြင်းဖြစ်သည်။
- နားထောင်ခြင်းဆိုသည်မှာ သားသမီးများက မိဘစကားကို နားထောင်ခြင်း၊ အစေခံကျွန်များကသခင်၏ စကားကို နာခံခြင်း၊ လူများကဘုရားစကားကို နားထောင်ခြင်း၊ နိုင်ငံသားများက နိုင်ငံ

တော်၏ တရားဥပဒေကိုလိုက်နာခြင်း ဖြစ်သည်။

- အများပြည်သူအား မပြုလုပ်ရန် တားမြစ်ထားသော အရာကို ပြည်သူကလည်း ဥပဒေအတိုင်း နာခံပြီး မကျူးလွန်ခြင်း။
- နားထောင်ခြင်းဟူသည့် စကားလုံး၏ အဓိပ္ပါယ်မှာ ပညတ်တော်ကိုနာခံလိုက်လျှောက်ခြင်း သို့မဟုတ် အမိန့်အတိုင်းနာခံခြင်း သို့မဟုတ် ဘုရားပြောသည့်အတိုင်း လုပ်ဆောင်ခြင်း

ဆိုသည့် သဘောဖြစ်သည်။

- နားထောင်ခြင်းဆိုသော ဝေါဟာရကို ပညတ်ချက်ကိုပြုလုပ်ခြင်း သို့မဟုတ် အမိန့်နာခံလိုက်လျှောက်ခြင်း သို့မဟုတ် ဘုရားသခင်၏ အမိန့်တော်ကိုနာခံခြင်းဟုဘာသာပြန်ဆိုနိုင်သည်။

## နောင်တ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"နောင်တ" နှင့် "နောင်တရခြင်း"  ဝေါဟာရသည် အပြစ်ကနေထွက်ခွာခြင်းနှင့် ဘုရားသခင်ဘက်သို့ပြန်လှည့်လာခြင်းဖြစ်သည်။

- "နောင်တ" ၏ အဓိပ္ပါယ်သည် "တစ်စုံတစ်ယောက်၏ စိတ်ပြောင်းလဲခြင်း"
- ကျမ်းစာတွင် "နောင်တရခြင်း" ၏ အဓိပ္ပါယ်ကို အပြစ်မှ ပြန်လှည့်လာခြင်း၊ လူ့အတွေးအခေါ်နှင့်လုပ်ဆောင်ခြင်းမှ ဘုရားဘက်ကိုလှည့်လာကာ ဘုရား၏ အလိုတော်အတိုင်း လိုက်လျှောက်ခြင်း ဖြစ်သည်။
- မိမိအပြစ်ကို အမှန် နောင်တရသည့် အချိန်မှစ၍ ဘုရား၏ ခွင့်လွှတ်ခြင်းနှင့် ကူညီမစခြင်းများသည် နာခံတတ်ရန် အစပြုလာသည်။

### ဘာသာပြန်အကြံပြုချက်

- "နောင်တရခြင်း" ဆိုသည့် ဝေါဟာရသည် "ပြန်လှည့်လာခြင်း" ဟူ၍ အဓိပ္ပါယ်ရှိသည်။

 generated on Tue Mar 12 16:35:02 2024

## နောဧ

### အချက်အလက်

နောဧသည်လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်လောက်က်အသက်ရှင်သောသူဖြစ်ပြီး၊ ထိုအချိန်က မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ ဘုရားသခင်သည်ရေလွှမ်းမိုးခြင်းဖြင့်ဖျက်ဆီးခဲ့သည်။ နောဧနှင့် မိသားစုသည် အသက်ရှင်နိုင်ရန်သ ဘောကြီးကိုဆောက်ဖို့ဘုရားသခင်မိန့်တော်မူသည်။

- နောဧသည်ဘုရားသခင်ကို နာခံ၍ ဖြောင့်မတ်သောသူဖြစ်သည်။
- နောဧသည်ဘုရားသခင်မိန့်တော်မူသည့်အတိုင်း သင်္ဘောကြီးကိုဆောက်လေသည်။
- နောဧနှင့်သူ၏မိသားစုများသည် သင်္ဘောထဲ၌လုံခြုံစွာနေရ၏။ သူတို့၏သားစဉ်မြေးဆက်များအားဖြင့် ကမ္ဘာကိုလူပြန်ပြည့်စေသည်။
- ရေလွှမ်းမိုးပြီးနောက် မွေးဖွားလာသောသူများကို နောဧမှဆင်းသက်လာသူများဖြစ်ကြသည်။

## နှင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"နှင်း" ဟူသောစကားလုံး၏ ရည်ညွှန်းချက်သည် အေးခဲသောရေဖြူခဲတစ်ခုဖြစ်ကာ အေးမြသောပြမှတ်တိမ်တိုက်တစ်နေရာမှ ကျဆင်းလာခြင်းဖြစ်သည်။

- ဣသရေလတိုင်းပြည်မြင့်မားသောအရပ်မှ ဆင်းသက်လာသောနှင်းများဖြစ်ကာ ထိုနှင်းတို့သည် အချိန်အတန်ကြာအောင်နေရခြင်းမရှိပဲ အရည်ပျော်သွားရကြသည်။ တောင်၏ထိပ်ဖျားပေါ်တွင်သော ကြာရှည်နေနိုင်ပေသည်။ သမ္မာကျမ်းစာ၏ဖော်ပြချက်ရှိ လေဗနုန်တောင်အကြောင်းကို ဥပမာအားဖြင့်တွေ့ရပေမည်။
- နှင်း၏အရောင်အဆင်းကို တခါတရံတွင် အဖြူရောင်ဖြင့်နှိုင်းယှဥ်၍ ရနိုင်သည်။ ယေရှုခရစ်တော်ဝတ်ဆင်ထားသောအဝတ်အစားများနှင့် ဆံချည်မျှင်တို့သည် "နှင်းကဲ့သို့ဖြူသည်"ဟု တင်စားထားသည်။
- နှင်းများ၏ ဖြူစင်မှုကို သင်္ကေတအနေဖြင့်ဖော်ပြရလျှင် သန့်ရှင်းသည် ဖြူစင်သည်။ ဥပမာအားဖြင့် ထာဝရဘုရား၏သန့်စင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏အပြစ်များကို ရာနှုန်းပြည့် "နှင်းကဲ့သို့ဖြူစင်သွားစေပြီ"ဟု ညွှန်းဆိုနိုင်သည်။
- အချို့သောဘာသာစကားများတွင် နှင်းကို "အေးခဲသောမိုး" (သို့) "ရေခဲအပွင့်အဖတ်" ဟု ရည်ညွှန်းထားသည်။
- "နှင်းရေ" ကို နှင်း၏အရည်ပျော်ခြင်းမှ ဖြစ်ပေါ်လာသောရေကို ရည်ညွှန်းနိုင်သည်။

## ပညာသတိရှိသော

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ပညာသတိရှိသော" ဟူဆိုသော အသုံးအနှုန်းသည် သူ၏လုပ်ဆောင်ချက်များကို သတိရှိစွာ တွေးတောသောနှင့် ပညာရှိသော ဆုံးဖြတ်ချက်ကို ချသောသူကို ဖော်ပြလိုခြင်းဖြစ်သည်။

- "ပညာသတိရှိခြင်း" ဆိုသည်မှာ လက်တွေ့ကျပြီး ပညာရှိသော ဆုံးဖြတ်ချက်၊ ငွေရေးကြေးရေးဆိုင်ရာ နှင့် ပိုင်ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲခြင်းများနှင့် ရုပ်ပိုင်းဆိုင်ရာများ ကိုင်တွယ်ဖြေရှင်းနိုင်သော အရည်အချင်းကိုရည်ညွှန်းသည်။
- "ပညာသတိရှိခြင်း" နှင့် " ဉာဏ်ပညာ" သည် အဓိပ္ပါယ်ချင်းဆင်တူဖြစ်သော်လည်း တစ်ခါတစ်ရံ " ဉာဏ်ပညာ" သည်ပို၍ ယေဘုယျဆန်ပြီး စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားပိုင်းကို အသားပေးသည်။
- ရေခံမြေခံအပေါ်တွင်မူတည်၍ "ပညာသတိရှိခြင်း" ကို "လိမ္မာပါးနပ်သော"၊ "သတိရှိသော" သို့မဟုတ် "အမြော်အမြင်ရှိသော" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်သည်။

## ပဋိညာဉ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ပဋိညာဉ်" ဆိုသည်မှာ နှစ်ဦးနှစ်ဖက် သဘောတူထားပြီး နှစ်ဦးနှစ်ဖက်ပြည့်စုံအောင်ဆောင်ရွက်ရသောအရာဖြစ်သည်။

- တစ်ဦးတစ်ယောက်ကြားရှိ သဘောတူညီချက်မျိုးဖြစ်နိုင်သလို၊ အဖွဲ့လိုက်၊ သို့မဟုတ် ဘုရားနှင့်လူ ကြားရှိသဘောတူညီချက်မျိုးလည်းဖြစ်နိုင်သည်။
- လူတစ်ဦးနှင့်တစ်ဦး ပဋိညာဉ်ပြုလုပ်ရာတွင် တစ်စုံတစ်ခုလုပ်မည်ဟုကတိပေးကြပြီး အမှန်တကယ်လုပ်ရမည်လည်းဖြစ်ပါသည်။
- လူသားများပြုလုပ်သော ပဋိညာဉ်များမှာ "လက်ထပ်ခြင်း၊ စီးပွားဖက်ပြုလုပ်ခြင်း၊ နိုင်ငံများကြားရှိ စာချုပ်ရေးထိုးခြင်း" စသည်တို့ဖြစ်ပါသည်။
- သမ္မာကျမ်းစာထဲတွင် ဘုရားသခင်သည် သူ၏လူမျိုးတော်နှင့်ပြုလုပ်သော ပဋိညာဉ်များရှိပါသည်။


generated on Tue Mar 12 16:35:02 2024

- အချို့သောပဋိညာဉ်များတွင် ဘုရားကသူ၏အပိုင်းကိုအခြေနေပေါ်မမူတည်ဘဲပြည့်စုံစေမည်ဟု ကတိပေးတတ်သည်။ ဥပမာ- ဘုရားက လူကိုရေဖြင့်မစီရင်တော့ကြောင်း ပဋိညာဉ်ပြုလုပ်ချိန်ဖြစ်ပြီး ဤပဋိညာဉ်သည် လူအနေဖြင့် ဘာမျှပြုလုပ်စရာမလိုသော ပဋိညာဉ်ဖြစ်ပါသည်။
- အချို့ပဋိညာဉ်များတွင် လူသားများဖက်မှ ကတိပြည့်စုံမှသာ ဘုရားကမိမိဖက်က ပဋိညာဉ်ကိုပြည့်စုံစေမည်ဖြစ်ကြောင်း ပါရှိပါသည်။

ဘာသာပြန်အကြံပြုချက်များ

- ရေခံမြေခံပေါ်မူတည်ပြီး "သဘောတူညီချက်ကိုချမှတ်သည်၊ တရားဝင်ကတိပြုခြင်း၊ ကတိ၊ စာချုပ်" ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။
- အချို့ဘာသာစကားတွင် ပြုလုပ်ရမည်ဖြစ်သော ကတိကဝတ်များအပေါ်မူတည်ပြီး ပဋိညာဉ်အစား အခြားသောစကားလုံးဖြင့် အသုံးပြုနိုင်သည်။ ပဋိညာဉ်မှာ တစ်ဖက်တည်းဖြစ်နေပါက "ကတိကဝတ်အဖြစ်" သာဘာသာပြန်ဆိုရမည်။
- ပဋိညာဉ်ဟူသောအဓိပ္ပာယ်မှာ လူသားများဖက်က တောင်းဆိုသောအရာမဟုတ်ပေ။ ဘုရားနှင့်လူကြားပြုလုပ်သော ပဋိညာဉ်အားလုံးတွင် ဘုရားဖက်ကသာစတင်ပြုလုပ်ခြင်းဖြစ်သည်။

## ပရောဖက်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ပရောဖက်" သည် ဘုရားသခင်၏ သတင်းစကားတော်ကို လူများဆီသို့ ဖွင့်ဟပြောဆို သောသူဖြစ်သည်။ ဤကဲ့သို့ဖွင့်ဟပြောဆိုသော အမျိုးသမီးကို "ပရောဖက်မ" သို့မဟုတ် "အမျိုးသမီးပရောဖက်"ဟု ခေါ်သည်။

- ပရောဖက်များသည် လူများကို ဘုရားသခင်ကို နာခံဖို့နှင့် အပြစ်မှနောင်တရပြီး ပြန်လှည့်ကြရန် သတိပေးခဲ့ကြသည်။
- "ပရောဖက်ပြုခြင်း" ဟူသော ပရောဖက်များ ဖွင့်ဟပြောဆိုသော သတင်းစကားဖြစ်သည်။ "ပရောဖက်ပြုခြင်း" ဆိုသည်မှာ ဘုရား၏သတင်းစကားတော်များကို ပြောဆိုခြင်းဖြစ်သည်။
- တခါတရံ ပရောဖက်ပြုချက်များသည် အနာဂါတ်တွင်ဖြစ်လာမည့်အရာများဖြစ်သည်။
- ဓမ္မဟောင်းကျမ်းမှ ပရောဖက်ပြုချက်များသည် ပြည့်စုံခဲ့ကြပြီးဖြစ်သည်။
- သမ္မာကျမ်းစာထဲမှ ပရောဖက်များရေးသားထားသော စာအုပ်များကို "ပရောဖက်ကျမ်းများ" ဟုခေါ်ဆိုသည်။
- "ပရောဖက်များနှင့် ပညတ်တော် (ဥပဒေ)" ဟူသော စကားစုသည် ဓမ္မဟောင်းကျမ်းဟု သိမှတ်ခဲ့ကြသော ဟေဗြဲ သမ္မာကျမ်းစာကိုလည်း ရည်ညွှန်းတတ်သည်။
- "ပရောဖက်" ဟူဆိုသော အသုံးနှုန်းကို "အာရုံဖြင့် ကြိုမြင်သောသူ" သို့မဟုတ် "မြင်သောသူ" ဟူ၍ ရှေးတွင် အသုံးပြုခဲ့သည်။
- တခါတရံ "အာရုံဖြင့် ကြိုမြင်သောသူ" ဟူသောအသုံးအနှုန်းဖြစ်သည်" မှားယွင်းသသော ပရောဖက် သို့မဟုတ် ဂမ္ဘီရဉာဏ်ကို ကျင့်သုံးသောသူကိုရည်ညွှန်းထားသည်။

ဘာသာပြန်အကြံပြုချက်

- "ပရောဖက်" ဟူသော အသုံးနှုန်းကို "ဘုရားသခင်၏ ပြောရေးဆိုခွင့်ရှိသူ" "ဘုရားသခင်အတွက် ပြောသောသူ" သို့မဟုတ် "ဘုရားသခင်၏ သတင်းစကားတော်ကို ပြောသောသူ" ဟူ၍ ဘာသာပြန်ဆိုနိုင်သည်။
- "အာရုံဖြင့် ကြိုမြင်သောသူ" ဟူဆိုသော အသုံးအနှုန်းကို "ရူပါရုံများကို မြင်သောသူ" သို့မဟုတ် "ဘုရားထံတော်မှ အနာဂါတ်ကိုမြင်သောသူ" ဟူ၍ ဘာသာပြန်ဆိုနိုင်ပါသည်။
- "ပရောဖက်မ" သို့မဟုတ် "အမျိုးသမီးပရောဖက်" ဟူဆိုသော အသုံးနှုန်းကို "ဘုရားသခင်အတွက်ပြောရေးဆိုခွင့်ရှိသောအမျိုးသမီး" "ဘုရားသခင်အတွက်ပြောဆိုသောသူ" သို့မဟုတ် "ဘုရားသခင်၏ သတင်းစကားတော်ကို ပြောသောသူ" ဟူ၍ဘာသာပြန်ဆိုနိုင်သည်။
- "ပရောဖက်ပြုခြင်း" ကို ဘာသာပြန်ရာတွင် "ဘုရားသခင်ထံမှသတင်းစကား" သို့မဟုတ် " ပရောဖက် သတင်းစကား" များ ပါဝင်နိုင်သည်။
- "ပရောဖက်ပြုခြင်း" ဟူဆိုသော အသုံးအနှုန်းကို "ဘုရားသခင်ထံမှ သတင်းစကားကိုဖွင့်ဟပြောဆိုခြင်း" သို့မဟုတ် " ဘုရားသခင်၏ သတင်းစကားတော်" ကို ပြောဆိုခြင်းဖြစ်သည်။
- တင်စားပုံဖော်ထားသော "ပရောဖက်များ နှင့် ပညတ်တော် (ဥပဒေ) " ကိုလည်း ""ပရောဖက်များ နှင့် ပညတ်တော် (ဥပဒေ) များ၏စာအုပ်များ " သို့မဟုတ် "ဘုရားသခင်၏ပညတ်တော် (ဥပဒေ)ပရောဖက်များဟောပြောခဲ့သောအရာများနှင့် ဘုရားသခင်နှင့် သူ၏လူမျိုးတော်များအကြောင်းရေးသားထားသောအရာများ" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်သည်။

## ပလ္လင်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ပလ္လင်ဆိုသည်မှာ ဣသရေလလူမျိုးများ ဘုရားသခင်ကို တိရစ္ဆာန်၊ အသီးအနှံများပူဇော်ရန် မီးရှို့တင်လှူသောနေရာမြင့်တစ်ခုဖြစ်သည်။

- သမ္မာကျမ်းစာခေတ်၌ ပလ္လင်တည်ဆောက်သောအခါ မြေကြီးဖြင့်လုပ်သောမြင့်သောနေရာ သို့မဟုတ် ကျောက်တုံးများကိုစုပုံပြီး လုပ်ထားသောနေရာဖြစ်သည်။
- အချို့သော သေတ္တာပုံပလ္လင်များမှာ သစ်သားနှင့် ရွှေ၊ ကြေးဝါ၊ ကြေးနီပေါင်းစပ်ပြုလုပ်ထားသော နေရာဖြစ်သည်။
- ဣသရေလလူမျိုး၏အနီးအနားတွင်နေထိုင်သော လူမျိုးများသည်လည်း သူတို့ကိုးကွယ်သောဘုရားများအတွက် ယဇ်ပလ္လင်များတည်ထားခဲ့ကြသည်။

## ပလ္လင်တော်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ပလ္လင်တော်သည် ထိုင်ခုံပုံစံရှိပြီး ဘုရင်များထိုင်ရသော နေရာဖြစ်ပြီး အမှုလျှောက်လာသော သူများ၏ တောင်းဆိုချက်များကို စီရင်ပေးသော နေရာဖြစ်သည်။

- ပလ္လင်တော်သည် ရှင်ဘုရင်၌ ရှိသည့် အခွင့်အာဏာ၊ တန်ခိုးကြီးခြင်းကို ပုံဆောင်ပါသည်။
- "ပလ္လင်" ဟူသောစကားလုံးသည် ဘုရင်၊ သူ၏ အုပ်စိုးမှု၊ သို့မဟုတ် ဩဇာကြီးခြင်းကို ဆိုလိုသည်။
- သမ္မာကျမ်းစာတွင် ဘုရားသခင်ကို ပလ္လင်ပေါ်တွင် ထိုင်နေသော ဘုရင်အဖြစ် တင်စားထားသည်။ ယေရှုသည် ပလ္လင်ပေါ်တွင် ထိုင်နေလျက် ဘုရားသခင်၏ လက်ယာတော်၌ ထိုင်နေကြောင်း ဖော်ပြထားသည်။
- ယေရှုသည် ကောင်းကင်နိုင်ငံမှာ ဘုရားသခင်၏ ပလ္လင်တော် ဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ "ဘုရားသခင် စိုးစံရာအရပ်" ဟု ပြန်ဆိုနိုင်သည်။

## ပသခါပွဲ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ပသခါပွဲဟူသည် ဘာသာရေးပွဲတစ်ခုဖြစ်၍ ဣသရေလလူမျိုးများ အဲဂုတ္တုပြည် ကျွန်ခံရာမှကယ်တင်ခဲ့သည့်အကြောင်းကို အမှတ်ရရန် ယုဒလူမျိုးများနှစ်စဉ်ကျင်းပသည့် ဘာသာရေးပွဲတော်ဖြစ်သည်။

- ဤပွဲသည် ဘုရားသခင်က သူ၏ လူမျိုးများနေထိုင်ရာ အိမ်ကို ကျော်၍ ချမ်းသာရပြီး အခြားအဲဂုတ္တုအမျိုးသားများ အိမ်သို့ ဝင်ကာ သူတို့၏ သားဦးကိုသတ်ဖြတ်သည့် အင်္ဂလိပ်စကား "passed-over" မှ ဆင်းသက်လာသည်။
- ပသခါပွဲကျင်းပရာတွင် အပြစ်အနာအဆာကင်းသော သိုးသူငယ်ကိုသတ်၍ မီးကင်ပြီး တံဆေးမပါသောပေါင်မုန့်ကို စားသုံးကြပါသည်။ ဤအစာများသည် ဣသရေလလူမျိုးများ အဲဂုတ္တုပြည်မှသူတို့မထွက်ခွာမီ ညအချိန်တွင် စားသုံးခဲ့သော အစားအစာကိုပြန်လည်သတိရရန်ဖြစ်ပါသည်။
- ဣသရေလလူမျိုးများသည် ဤအစားအစာများကို နှစ်စဉ်စားသုံးခြင်းအားဖြင့်သူတို့အိမ်ကိုဘုရားသခင်၏ ချမ်းသာပေးခြင်းနှင့် အဲဂုတ္တုပြည် ကျွန်ခံရာမှလွတ်မြောက်စေသည့် အဖြစ်ကို ပြန်လည်သတိရရန် ထာဝရဘုရား အမိန့်တော်ပေးခဲ့ပါသည်။

ဘာသာပြန်အကြံပြုချက်

- ပသခါပွဲဟူသော ဝေါဟာရသည် ကျော်ဖြတ် နှင့် တစ်ဖက်သို့ စကားလုံးနှစ်ခုပေါင်းစပ်ခြင်းကိုဘာသာပြန်ဆိုခြင်း သို့မဟုတ် ဤအဓိပ္ပါယ်ရှိသောအခြားစကားလုံးများပေါင်းစပ်ပြီးဘာသာပြန်ဆိုခြင်းဖြစ်နိုင်ပါသည်။
- ဤပွဲတော်၏အမည်သည် ဘုရားသခင်၏ကောင်းကင်တမန်ကဣသရေလလူမျိုးတို့၏အိမ်ကိုကျော်ဖြတ်၍သူတို့၏သားများစေးနဲကိုခြင်းဖော်ပြရာတွင်အသုံးပြုသောစကား

## ပိလတ်မင်း

အချက်အလက်

ပိလတ်သည် ရောမအင်ပါယာရှိ ယုဒနယ်ကို အုပ်စိုး၍ ယေရှုကားတိုင်ပေါ်တင်ရန် စီရင်ခဲ့သူဖြစ်သည်။

- အဘယ့်ကြောင့်ဆိုသော် ပိလတ်သည် အုပ်ချုပ်သူဖြစ်၍ အပြစ်ရှိသူများကို သေစေရန် စီရင်ပိုင်သည်။

- ယုဒဘာသာရေးခေါင်းဆောင်များမှ ပိလတ်အားယေရှုကို ကားတိုင်ပေါ်သတ်စေချင်ကြသည်။ ထို့ကြောင့် သူတို့သည် လိမ်လည်ပြီး ယေရှု၌ အပြစ်ရှိကြောင်း ပြောကြသည်။
- ပိလတ်သည် ယေရှုအပြစ်မရှိကြောင်းသိသည်။ သို့ရာတွင် လူအုပ်ပို ကြောက်ပြီး သူတို့ကိုကျေနပ်စေချင်သည်။ ထို့ကြောင့် သူ၏စစ်သားများမှ ယေရှုကို ကားစင်တင်ရန် အမိန့်ပေးခဲ့သည်။

## ပျက်စီး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ပျက်စီးခြင်း" ဟူသည် အသုံးမဝင်ခြင်း သို့မဟုတ် ပျက်စီး၊ဖျက်ဆီးသည် မည်၏။ "ဖျက်ဆီး" သို့မဟုတ် "ပျက်စီးမှုများ" သည် ကျန်သောအုတ်ကျိုးအုတ်ပဲ့အရာများ ပျက်စီးပြီ ဟုရည်ညွှန်းသည်။

- ပရောဖက်ဇေဖနိ ပြောသည့်မှာ တစ်နေ့ကမ္ဘာကြီးကို အပြစ်ပေးခြင်းနှင့် တရားစီရင်လိမ့်မည်။ ဘုရားသခင်၏ အမျက်တော်သည် "ဖျက်ဆီးသည့်နေ့ရက်" ကဲ့သို့ဖြစ်သည်။
- သုတ္တံကျမ်းတွင် ဘုရားမဲ့သော သူများသည် ပျက်စီးခြင်းနှင့် ဖြိုဖျက်ခြင်း ခံရမည်။
- "ဖျက်ဆီးရန်" ကို "ပျက်စီးရန်" သို့မဟုတ် " ဖျက်ဆီးရန်" သို့မဟုတ် "ချိုးဖျက်ရန်" သို့မဟုတ် "အသုံးမဝင်စေရန်" တို့ဖြစ်သည်။
- "ဖျက်ဆီး" ဝါ "ဖျက်ဆီးမှုများ" ကို ရေခံမြေခံပေါ်မူတည်၍ "ပျက်စီးခြင်း" သို့မဟုတ် "ချိုးဖျက်ခြင်း" သို့မဟုတ် "ကြီးစွာသောအပျက်အစီး" သို့မဟုတ် " မြို့ပျက်စီးခြင်း" သို့မဟုတ် "အဆောက်အအုံများကျိုးပဲ့ပျက်စီးခြင်း" ဟူ၍ နားလည်ရသည်။

## ပြည့်စုံသော

အသုံးအနှုန်းများ၏အဓိပ္ပါယ်

သမ္မာကျမ်းစာတွင် ပြည့်စုံသော ဟူသည့် ဝေါဟာရသည် ခရစ်ယာန်အသက်တာ၌ ရင့်ကျက်ခြင်းကိုဆိုလိုသည်။

- ပြည့်စုံခြင်းနှင့်ရင့်ကျက်ခြင်းသည် နာခံသော အသက်တာနှင့် အပြစ်ကင်းစင်ခြင်း အဓိပ္ပါယ်ဆောင်သည်။
- ပြည့်စုံခြင်း ဟူသောဝေါဟာရသည် စုံလင်သော (သို့) လုံးဝဥဿုံ ဟူ၍လည်း အဓိပ္ပါယ်ရှိသည်။
- ဓမ္မသစ်ကျမ်း ရှင်ယာကုပ်သြဝါဒစာစောင်တွင် ယုံကြည်ခြင်း၌ ဆန္ဒပြင်းပြစွာ ဇွဲထုတ်၍ စုံလင်ခြင်းနှင့် ရင့်ကျက်ခြင်းကို ထုတ်ဖော်ခြင်းဟု ဖော်ပြထားပါသည်။
- ယုံကြည်သူများသည် သမ္မာကျမ်းစာကိုလေ့လာခံယူပြီး ဝိညာဉ်ရေးရာ၌ ပြည့်စုံခြင်းနှင့် ရင့်ကျက်ခြင်းရရှိလာကာ၊ သူတို့၏အကျင့်စရိုက်သည်ပို၍ ခရစ်တော်ကဲ့သို့ဖြစ်လာပါသည်။

ဘာသာပြန် အကြံပြုချက်

- ဤဝေါဟာရသည် အပြစ်အနာအဆာမရှိ (သို့) အမှားအယွင်းမရှိ (သို့) ချို့ယွင်းချက်မရှိ (သို့) အပြစ်မရှိ (သို့) အမှားများတစ်ခုမှမရှိ ဟု ဘာသာပြန်ဆိုနိုင်ပါသည်။

## ပွဲတော်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ယေဘုယျအားဖြင့် ပွဲတော်သည် လူစုလူဝေးတစ်ခုထဲ၌ ပြုလုပ်ကျင်းပသော ပွဲအခမ်းအနားမျိုးဖြစ်သည်။

- "ပွဲတော်" ဟူသောစကားလုံးကို စမ္မဟောင်းကျမ်းစာတွင် "ချိန်းချက်သောအချိန်" ဟု ဆိုထားသည်။
- ထိုပွဲတော်ရက်များကို ဣသရေလလူမျိုးများက ဘုရားသခင်မိန့်ဆိုထားသောကာလ ချိန်းချက်ထားသောအချိန်တို့၌ အထူးသဖြင့်ကျင့်ပလေ့ရှိသည်။
- အချို့သော အင်္ဂလိပ်ဘာသာပြန်သူတို့က ထို "စားသောက်ပွဲ" ဟူသောစကားလုံးကို ပွဲတော် ဟူသောစကားလုံးနေရာ၌ အစားထိုးအသုံးပြုထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုပွဲတော်ကြီး၌ အတူတကွ စားသောက်ပွဲကြီးကို ကျင်းပကြသောကြောင့် ဖြစ်သည်။
- ဣသရေလလူမျိုးတို့၌ နှစ်စဉ်အစီကပြုလုပ်သော ပွဲတော်ကြီးများရှိသည်။ ၎င်းတို့မှာ-
- ပသခါပွဲ
- အဇုမပွဲ
- ကောက်ရိတ်သိမ်းပွဲ
- ပင်တေကုတ္တေပွဲ
- တံပိုးမှုတ်ပွဲ
- အပြစ်ဖြေရာပွဲ
- တဲတော်ပွဲ စသည်တို့ဖြစ်သည်။


generated on Tue Mar 12 16:35:02 2024

- ဤပွဲတော်များ၏ ရည်ရွယ်ချက်မှာ ဘုရားသခင်ပြုလုပ်ပေးခဲ့သောအံ့ဩဖွယ် ကယ်တင်ခြင်း၊ ကာကွယ်ပေးခြင်း၊ ထောက်ပံ့ပေးခြင်းများကို ကျေးဇူးတင်သတိရစေသောပွဲနေ့များဖြစ် ပြုလုပ်ကြသည်သည်။

## ဖာရိရှဲ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဖာရိရှဲများသည် ယေရှုအချိန်အခါတွင် ဩဇာညောင်းသော ယုဒဘာသာရေးခေါင်းဆောင်များ ဖြစ်ကြသည်။

- အများစုသည် စီးပွားရေးလုပ်သော လူလတ်တန်းစားများဖြစ်ကြပြီး၊ အချို့မှာ ယဇ်ပရောဟိတ်များဖြစ်ကြသည်။
- ယုဒခေါင်းဆောင်များထဲတွင် ဖာရိရှဲများသည် အခြားသော ဥပဒေများ၊ ထုံးတမ်းစဉ်လာများထက် မောရှေ၏ပညတ်တော်များကို တင်းကျပ်စွာလိုက်နာကြသည်။
- သူတို့သည် ဣသရေလလူမျိုးများကို တစ်ပါးအမျိုးသားများ၏ လွှမ်းမိုးမှုမရှိရန် အထူးဂရုပြုကြသည်။ ဖာရိရှဲဟူသော အမည်သည် "ခွဲထွက်ခြင်း" ဟူသော စကားလုံးမှလာသည်။
- ဖာရိရှဲများသည် သေပြီးနောက်ဘဝရှိကြောင်း ယုံကြည်ကြသည်။ ထို့ပြင် ကောင်းကင်တမန်များနှင့် အခြားသောဝိညာဥ်တည်ရှိမှုကိုလည်း ယုံကြည်ကြသည်။
- ဖာရိရှဲများနှင့် ဇဒ္ဒုကဲများသည် ယေရှုနှင့် တပည့်တော်များကို ဆန့်ကျင်ခဲ့ကြသည်။

## ဖွဲ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ဖွဲ" ဆိုသည်မှာအစေ့ကိုဖုံးအုပ်ထားသည့်အခွံဖြစ်သည်။ လူများသည် "ဖွဲ" ကိုစား၍မရသော အစေ့နှင့်ပိုင်းခြားပြီး လွှင့်ပစ်တတ်ကြသည်။

- အစေ့ဆန်များကို လေထဲသို့ပင့်ပြီး အစေ့နှင့်ဖွဲကို ခွဲထုတ်ရသည်။ "ဖွဲ" မှာ လေနှင့်လွင့်ပါသွားပြီး အစေ့များက မြေပြင်သို့ကျသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းကို "ခြွေလှေ့ခြင်း။ စကာချခြင်း" ဟုခေါ်သည်။
- ကျမ်းစာထဲတွင် ထိုဝေါဟာရသည် မကောင်းသောသူ၊ အသုံးမကျသောအရာများကို ခိုင်းနှိုင်း သုံးနှုန်းထားပါသည်။

## ဗာဗုလုန်

အချက်အလက်

ဗာဗုလုန်မြို့သည် ရှေးဗာဗုလုန်ဒေသ၏ မြို့တော်ဖြစ်ပြီး ထိုနေရာသည် ဗာဗုလုန်နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်သည်။

- ဗာဗုလုန်သည် ယူဖရေးတီးမြစ်တစ်လျှောက်၊ ဗာဗုလုန်ရဲတိုက်ကြီးတည်ဆောက်ခဲ့သောနေရာတွင် တည်ရှိသည်။
- တစ်ခါတစ်ရံတွင် ဗာဗုလုန်ဟူသောစကားလုံးမှာ ဗာဗုလုန်နိုင်ငံတော်ကြီးကိုရည်ညွှန်းပါသည်။ ဥပမာ ဗာဗုလုန်ဘုရင်သည် မြို့ကိုသာမဟုတ်ဘဲ ဗာဗုလုန်နိုင်ငံတစ်ခုလုံးကိုအုပ်ချုပ်သူဖြစ်သည်။
- ဗာဗုလုန်လူမျိုးများသည် ခွန်အားကြီးသောသူများဖြစ်ပြီး ယုဒနိုင်ငံကိုတိုက်ခိုက်သိမ်းပိုက်ပြီး ဗာဗုလုန်တွင် နှစ်ပေါင်း (၇၀) ကြာကျွန်ပြုခဲ့သည်။
- အချို့သောနယ်မြေကို ခါလဒဲ ဟုခေါ်ဆိုပြီး ထိုနေရာတွင်နေထိုင်သူများကို ခါလဒဲလူများဟုခေါ်ဆိုသည်။ ထို့ကြောင့် ခါလဒဲ ဟူသောအမည်မှာ ဗာဗုလုန်ကိုရည်ညွှန်းခြင်းပင်ဖြစ်သည်။
- ဓမ္မသစ်ကျမ်းစာတွင် ဗာဗုလုန် ဟူသောစကားမှာ ရုပ်ထုကိုးကွယ်ပြီး ဆိုးညစ်သောအရာများပြုလုပ်နေသော နေရာ၊ လူမျိုး၊ စဉ်းစားတွေးခေါ်မှုပုံစံ ကိုတင်စားခေါ်ဆိုခြင်းဖြစ်သည်။
- ကြီးမြတ်သောဗာဗုလုန်၊ ကြီးမြတ်သောဗာဗုလုန်မြို့တော် ဟူသောအသုံးအနှုန်းမှာ ကြီးမားခြင်း၊ချမ်းသာခြင်း၊အပြစ်များခြင်း ဟူသော ရှေးခေတ်ဗာဗုလုန်မြို့တော်ကြီးကို ပုံပမာပေးတင်စားပြောဆိုခြင်းဖြစ်သည်။

## ဗာဗုလုန်

အချက်အလက်

ဗာဗုလုန်မြို့သည် မက်ဆိုပိုတေးမီးယားတောင်ပိုင်းရှိ ရှိနာ တွင်တည်ရှိသည်။ ရှိနာကိုနောက်ပိုင်းတွင် ဗာဗုလုန်ဟုခေါ်ဆိုခဲ့သည်။

- ဗာဗုလုန်မြို့ကို ဟာမ၏မြေး ရှိနာဒေသကိုအုပ်ချုပ်ခဲ့သူ နိမ်ရောဒ တည်ထောင်ခဲ့သည်။
- ရှိနာပြည်ရှိလူများတို့သည် စိတ်မြင့်လာကြပြီး ကောင်းကင်အထိရောက်နိုင်သော ရဲတိုက်ကိုတည်ဆောက်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုအရာကို ဗာဗုလုန်ရဲတိုက်ဟု လူသိများလာခဲ့သည်။
- ဘုရားသခင်က ပျံ့နှံ့စေဟုကတိတော်ပေးထားသော်လည်း ထိုသူများကငြင်းဆန်သောကြောင့် ထိုသူတို့၏ဘာသာစကားကို ဘုရားသခင်က ရှုတ်ထွေးစေခဲ့သည်။ ဤအကြောင်းကြောင့် လူများတို့သည် ကမ္ဘာ့နေရာအနှံ့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်။

- ဗာဗုလုန်ဟူသောစကား၏မူရင်းအဓိပ္ပာယ်မှာ ရှုတ်ထွေးခြင်း ဖြစ်ပြီးဘုရားသခင်ကလူတို့၏ ဘာသာစကားရှုတ်ထွေးစေခဲ့ခြင်းကို ရည်ညွှန်းခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

## ဗာရဗ္ဗ

အချက်အလက်

ယေရှုအဖမ်းခံရချိန်တွင် ဗာရဗ္ဗ သည်ယေရုရှလင်ထောင်တွင်ရှိနေသော ထောင်သားဖြစ်သည်။

- ဗာရဗ္ဗသည် လူသတ်၊ ရောမအစိုးရကိုတော်လှန်ပုန်ကန်သော ရာဇဝတ်သားတစ်ယောက်ဖြစ်သည်။
- ပိလတ်မင်းက မည်သူကိုလွှတ်ရမည်ဟု လူထုကိုမေးသောအခါ လူထုက ဗာရဗ္ဗကိုလွှတ်စေခဲ့သည်။
- ထို့ကြောင့် ပိလတ်မင်းသည် ဗာရဗ္ဗကိုလွှတ်ပြီး ယေရှုကိုသတ်ရန်အမိန့်ချခဲ့သည်။

## ဗာသောလမဲ

အချက်အလက်

ဗာသောလမဲ သည်ယေရှု၏တပည့်တော် (၁၂) ပါးမှ တစ်ပါးဖြစ်သည်။

- အခြားသောတမန်တော်များနည်းတူ ဗာသောလမဲသည်လည်း ဧဝံဂေလိဟောကြားခြင်း၊ ယေရှု၏နာမဖြင့် အံ့သြဖွယ်နမိတ်များလုပ်ဆောင်ခဲ့သည်။
- ယေရှုကောင်းကင်သို့ပြန်တက်ကြွသွားခြင်းကို မြင်ခဲ့ရသူတစ်ဦးလည်းဖြစ်သည်။
- ရက်သတ္တပတ်များအကြာ၌ ဗာသောလမဲနှင့်အခြားတမန်တော်များသည် ယေရုရှလင်မြို့ ပင်တေကုတ္တေပွဲ၌ သန့်ရှင်းသောဝိညာဉ်တော် သူတို့အပေါ်သက်ရောက်ခဲ့သည်။

## ဗိမာန်တော်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဗိမာန်တော်အဆောက်အဦးဝန်းသည် နံရံများဖြင့် ကာရံထားပြီး ထိုနေရာသည် ဣသရေလလူမျိုးများ ဆုတောင်းသောနေရာနှင့် ဘုရားသခင်ကို ယဇ်ပူဇော်ရန် ပြုလုပ်ရန်လာသောနေရာဖြစ်သည်။ ထိုနေရာသည် ယေရှုရှလင် မြို့ထဲ ရှိမောရိတောင်ပေါ်တွင်ရှိသည် ။

- ဗိမာန်တော်ဟူသော စကားလုံးဟာ ဗိမာန်တော်တခုလုံး၏ အစိတ်အပိုင်း ဖြစ်ပြီ ဝန်းများကို အဓိက အဆောက်အဦးများနဲ့ ကာရံ ထားသည်။ တခါတရံမှာ အဆောက်အဦးကိုသာ ဆိုလိုခြင်းဖြစ်သည်။
- ဗိမာန်တော်အဆောက်အဦးတွင် သန့်ရှင်းသောနေရာနှင့် အသန့်ရှင်းဆုံး နေရာ ဟူ၍ အခန်းနှစ်ခန်းပါဝင်သည်။
- ဘုရားသခင်သည် ဗိမာန်တော်ကို သူကျိန်းဝပ်သောနေရာဟု ရည်ညွှန်းသည်။
- ရှောလမုန်မင်းကြီး စိုးစံချိန်တွင် သူသည် ဗိမာန်တော်ကို တည်ဆောက်ပြီး ထိုနေရာသည် ယေရှုရှလင်မြို့တွင် အမြဲမပြတ် ကိုးကွယ်သောနေရာ ဖြစ်သည်။
- ဓမ္မသစ်ကျမ်းထဲတွင် သန့်ရှင်းသောဝိညာဉ်၏ ဗိမာန်တော်သည် ယေရှုကိုယုံကြည်သောသူကို ခေါ်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသော ဝိညာဉ်သည် သူတို့အထဲတွင် ကျိန်းဝပ်သောကြောင့်ဖြစ်သည်။

## ဗေလဇေဗုလ

အချက်အလက်

ဗေလဇေဗုလ သည်စာတန် (သို့) နတ်ဆိုး၏အခြားအမည်ဖြစ်သည်။

- အဓိပ္ပာယ်မှာ ပျံသန်းသူများ၏သခင်၊ နတ်ဆိုးများကိုအုပ်ချုပ်သူဖြစ်သည်။ အဓိပ္ပာယ်ကို ဘာသာပြန်ခြင်းထက် မူလအသံထွက်အတိုင်းအသုံးပြုခြင်းသည် ပို၍သင့်တော်ပါသည်။
- ပိုပြီးရှင်းလင်းစေရန် ဗေလဇေဗုလနတ်ဆိုး ဟုဘာသာပြန်ဆိုသင့်သည်။
- ဤနာမည်သည် ဗာလဘုရားနှင့်လည်း ဆက်နွယ်မှုရှိသည်။

## ဗေသနိ

အချက်အလက်

ဗေသနိမြို့သည် ယေရုရှလင်မြို့၏အရှေ့ဘက် (၂) မိုင်အကွာ၊ သံလွင်၏ အရှေ့တောင်စောင်းတွင်တည်ရှိသည်။

- ဗေသနိ သည် ယေရုရှလင်နှင့် ယေရိခေါမြို့သွားသော လမ်းအလယ်တွင်တည်ရှိပါသည်။



generated on Tue Mar 12 16:35:02 2024

- ဗေသနိတွင်ရှိသော အရင်းနှီးဆုံးမိတ်ဆွေ မာရိ၊ မာသ၊ လာဇရုတို့ထံ ယေရှုမကြာခဏသွားရောက်လေ့ရှိသည်။
- ဗေသနိသည် ယေရှုမှ လာဇရုကို သေခြင်းမှရှင်ပြန်ထမြောက်စေသော နေရာသည် ဖြစ်သည်။

## ဖောဇ

### အချက်အလက်

ဖောဇသည် ရုသ၏ခင်ပွန်း ဣသရေလအမျိုး၊ ဘုရင်ဒါဝိဒ်၏ဘေးတော်၊ ယေရှုခရစ်တော်၏ဆွေစဉ်တော်ဖြစ်ပါသည်။

- ဣသရေလပြည်တွင် တရားသူကြီးအုပ်စိုးသောကာလတွင် ဖောဇ နေထိုင်အသက်ရှင်ခဲ့ပါသည်။
- ဖောဇသည် နောမိနှင့်ဆွေမျိုးဖြစ်ပြီး နောမိဆိုသူမှာ ခင်ပွန်းနှင့်သားများသေဆုံးသောအခါတွင် မောဘပြည်မှပြန်လာသော ဣသရေလအမျိုးသမီး ဖြစ်ပါသည်။
- ဖောဇသည် နောမိ၏ချွေးမဖြစ်သူ ရုသကိုလက်ထပ်ပြီး သားသမီးများထွန်းကားခဲ့သူဖြစ်သည်။
- ဖောဇ၏ ဘဝဇာတ်လမ်းမှာ ယေရှုက ကျွန်ုပ်တို့ကို အပြစ်မှရွေးနုတ်ကယ်တင်သောပုံပမာနှင့် တူနေပါသည်။

## ဗျာဒိတ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ဗျာဒိတ်" ဆိုသည်မှာ အကြောင်းအရာတစ်ခုကို သိရှိစေခြင်းဖြစ်သည်။ "ဗျာဒိတ်တော်" သည် ဖြစ်လာမည့် အရာကို သိရှိဖွင့်ဟပြီးခြင်း ဖြစ်သည်။

- သမ္မာကျမ်းစာတွင် "ဖွင့်လှစ်တော်မူခြင်း" မှာ ဘုရားသခင်သည် မိမိကိုယ်မိမိ ဖွင့်ပြတော်မူခြင်း ဖြစ်သည်။
- ဘုရားသခင်သည် မိမိကိုမိမိ ဖန်ဆင်းခြင်းအရာများအားဖြင့် လူတွေနဲ့ဆက်သွယ်ခြင်းဖြင့် ပြောဆိုခြင်းဖြင့် သော်လည်းကောင်း၊ သတင်းစကားအားဖြင့် ဖော်ပြခြင်းဖြင့် သော်လည်းကောင်း ဖွင့်ပြသည်။
- ဘုရားသခင်သည် အိပ်မက်များအားဖြင့် သို့မဟုတ် ရူပါရုံအားဖြင့်လည်း ဖွင့်ပြသည်။
- တမန်တော်ရှင်ပေါလု ပြောသည်မှာ "သခင်ခရစ်တော်ထံမှဗျာဒိတ်တော်" ကို ရရှိသည်ဆိုသည့်အဓိပ္ပါယ်မှာ ခရစ်တော်ကိုယ်တိုင်က တမန်တော်ပေါလုကိုခရစ်ဝင်ကျမ်းကို ဖွင့်ပြသည်ဟုဆိုလိုသည်။
- "ဗျာဒိတ်ကျမ်း" သည် ဘုရားသခင် ဖွင့်ပြထားသော အဖြစ်အပျက်များ၊ ၎င်းအကြောင်းအရာများသည် နောက်ဆုံးသော အချိန်ကာလတွင် ဖြစ်လာလိမ့်မည်။ ဘုရားသခင်သည် တမန်တော်ယောဟန်အား ရူပါရုံအားဖြင့် ဖွင့်ပြတော်မူသည်။

### ဘာသာပြန်အကြံပြုချက်

- တစ်နည်းအားဖြင့် "ဖွင့်လှစ်တော်မူသည်" ကို "သိစေသည်" သို့မဟုတ် "ဖွင့်ပြောသည်" သို့မဟုတ် "ရှင်းလင်းစွာပြသည်" ဟူ၍ဖြစ်သည်။
- ဖြစ်နိုင်သည့်နည်းလမ်းများ "ဗျာဒိတ်တော်" သည် "ဘုရားသခင်ထံမှဆက်ဆံရေး" သို့မဟုတ် " ဘုရားသခင်၏ ဖွင့်ပြတော်မူသောအရာများ" သို့မဟုတ် "ဘုရားသခင်အကြောင်း သင်ပေးခြင်း"။ ဗျာဒိတ်တော်သည် အကောင်းဆုံး နားလည်နိုင်သော "ဖွင့်လှစ်တော်မူသည်" စာလုံးဖြစ်သည်။
- "ဗျာဒိတ်တော်မရှိခဲ့ရင်" ဆိုသောစာကြောင်းကို "ဘုရားသခင်သည် လူတွေကို မဖွင့်ပြခဲ့လျှင်" သို့မဟုတ် "ဘုရားသခင်သည်လူတွေနဲ့စကားမပြောခဲ့လျှင်" သို့မဟုတ် "လူတွေကြားမှာ ဘုရားသခင်သည် မည်သူဖြစ်သည်ဟူ၍မဆက်သွယ်ခဲ့ရင်" ဟူ၍ ပြန်ဆိုနိုင်သည်။

## မနာရှေ

### အချက်အလက်

ဓမ္မဟောင်းကျမ်းထဲ၌ မနာရှေဟူသောအမည် ငါးမျိုးရှိသည်။

- မနာရှေသည် ယောသပ်၏ ပထမဆုံးဘွားမြင်သော သားနာမည်ဖြစ်သည်။
- မနာရှေနှင့်သူ၏ညီ ဧဖရိမ်တို့သည် ယောသပ်၏ဖခင်ယာကုပ်ဆီမှ ဣသရေလမျိုးနွယ်စု ဆယ့်နှစ်မျိုးစာရင်း၌ထည့်သွင်းရန် မွေးစားသူများဖြစ်ကြသည်။
- မနာရှေအမျိုးဆင်းသက်လာပုံမှာ ဣသရေလမျိုးနွယ်စုတစ်ခုမှဖြစ်သည်။
- မနာရှေ မျိုးနွယ်စုအား မနာရှေမျိုးနွယ်မှသေးတစ်ဝက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခါနန်မျိုးနွယ်စုမှတစ်ဝက်ပါသောကြောင့်ဖြစ်ပြီး ဂျော်ဒန်မြစ်၏အနောက်ပိုင်းတွင်တည်ရှိသောကြောင့်ဖြစ်သည်။ ကျန်တစ်ဝက်မှာ ဂျော်ဒန်မြစ်၏အရှေ့ဘက်တွင်တည်ရှိသောကြောင့်ဖြစ်သည်။
- ယုဒပြည်ရှင်ဘုရင်တစ်ယောက်၏ အမည်လည်း မနာရှေဖြစ်သည်။
- ရှင်ဘုရင်မနာရှေသည် ဆိုးသွမ်းသောဘုရင်ဖြစ်ပြီး သူ၏သားအား မှားယွင်းသောဘုရားများထံသို့ ယဇ်ပူဇော်သူလည်းဖြစ်သည်။

- ဘုရားသခင်က ဘုရင်မနာရှေအား ရန်သူလက်သို့ဖမ်းဆီးစေရန်အတွက် ပြစ်ဒဏ်ပေးခဲ့သည်။ ဘုရင်မနာရှေမှ ဘုရားသခင်ဆီသို့ပြန်လှည့်လာပြီး ရုပ်တုကိုးကွယ်ပူဇော်မှုတို့ကိုစွန့်လွှတ်ခဲ့သည်။
- မနာရှေအမည်ရှိ ယောက်ကျားနှစ်ယောက်သည် ဧဇရခေတ်ချိန်တွင် အသက်ရှင်ခဲ့ကြသည်။ ၎င်းတို့နှစ်ဦး၏မိန်းမများသည် ဘုရားအများကိုးကွယ်ပြီးအသက်ရှင်သောကြောင့် ကွာရှင်းချင်ခဲ့ကြသည်။
- အခြားသော မနာရှေအမည်မှာ နတ်ဘုရားများကို ကိုးကွယ်သော ဒန်အမျိုးသားတို့၏ဘိုးဘေးဖြစ်သည်။

## မပြုအပ်သောအမှု

အသုံးအနှုန်းများ၏အဓိပ္ပါယ်

'မပြုအပ်သောအမှု' ဝေါဟာရသည် ဥပဒေတစ်ခုကို ချိုးဖောက်တဲ့အပြုမူများအား ဖော်ပြရန် အသုံးပြုသည်။

- သမ္မာသစ်ကျမ်းစာတွင် မပြုအပ်သောအမှု ဝေါဟာရကို ဘုရားသခင်၏ ပညတ်(ဥပဒေသ) ကို ချိုးဖောက်ခြင်းကိုသာ ရည်ညွှန်းသာ မဟုတ်ပဲ ဂျူးလူမျိုးတွေပြုလုပ်တဲ့ ဂျူးဘာသာတွေရဲ့ ဥပဒေပညတ်ကို ချိုးဖောက်ခြင်းလည်းပဲ မကြာခဏ ရည်ညွှန်းလျှက်ရှိသည်။
- ဂျူးလူမျိုးတွေက ဘုရားသခင်က သူတို့အားပေးထားတဲ့ပညတ်၊ ဥပဒေတွေကို နှစ်ပေါင်းများစွာက ထပ်ဖြည့်ခဲ့ကြသည်။ ဂျူးခေါင်းဆောင်တွေက သူတို့ရဲ့ ဥပဒေ၊ ပညတ်နဲ့ မလျှော်ညီတဲ့အရာဖြစ်လျှင် မပြုအပ်သော အမှုရာဟု သတ်မှတ်ကြသည်။
- ယေရှုနှင့် တပည့်တော်တို့သည် ဥပုသ်နေ့၌ စပါးအသီးအနှံကို ဆွတ်စားခဲ့ကြချိန် ဖာရိရှဲတို့သည် မပြုအပ်သောအရာကို ပြုကြသည်ဟု သူတို့ကို စွပ်စွဲခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဥပုသ်နေ့၌ အလုပ်မလုပ်ရဟူသော ဂျူးပညတ် ဥပဒေကို ချိုးဖောက်ရာဖြစ်သောကြောင့်ဖြစ်သည်။
- ပေတရုက မစင်ကြယ်သော အစားများ စားသုံးခြင်းသည် မပြုအပ်သောအမှုဟု ဆိုရာတွင် ဘုရားသခင်က ဣသရေလလူမျိုးများအား မစားသုံးရန် ပညတ်ထားတဲ့ ထိုအစားစာကို စားမိလျှင် ပညတ်ဥပဒေချိုးဖောက်ရာရောက်မည့်အကြောင်းကို သူဆိုလိုခြင်းဖြစ်သည်။

ဘာသာပြန်အကြံပြုချက်များ

- ဤဝေါဟာရကို ဥပဒေ၊ ပညတ်ချိုးဖောက်ခြင်းကို ဆိုလိုတဲ့ဖော်ပြချက်၊ စကားလုံး အသုံးနှုန်းအဖြစ် ဘာသာပြန်ဆိုသင့်သည်။
- မပြုအပ်သောအမှုကို တစ်ခြားနည်းလမ်းဖြင့် ဘာသာပြန်ဆိုရာတွင် ကျွန်ုပ်တို့ ပညတ်၊ ဥပဒေများနှင့် မလျှော်ညီခြင်း၊ ဘုရားသခင်ပညတ်ချက်နဲ့ မလျော်ညီခြင်း၊ ခွင့်ပြုချက်မရှိခြင်းများ ဖြစ်နိုင်သည်။
- ပညတ်၊ ဥပဒေကို ဆန့်ကျင်ဖော်ပြချက်သည် မပြုအပ်သောအမှုနှင့် တူညီသော အဓိပ္ပာယ်ရှိသည်။

## မာသ

အချက်အလက်

မာသသည် ဗေသနိရွာမှ ခရစ်တော်နောက်လိုက်သော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

- မာသတွင်မာရိအမည်ရှိညီမတစ်ယောက်နှင့် လာဇရုအမည်ရှိ မောင်တစ်ယောက်ရှိပြီး သူတို့လည်း သခင်ယေရှုနောက်လိုက်များဖြစ်ကြသည်။
- ယေရှုသည်သူတို့အိမ်သို့လာလည်သောအခါ မာသသည် အစားအသောက်များအတွက်ပြင်ဆင်ရန်အလုပ်များနေစဉ် သူ့ညီမမာရိကယေရှု၏တရားစကားကိုထိုင်လျက်နားထောင်နေသည်။
- လာဇရုသေသောအခါ ယေရှုသည်ဘုရားသခင်၏သားဖြစ်ကြောင်းကို ယုံကြည်ကြောင်း မာသက ယေရှုကိုပြောခဲ့သည်။

## မိန်းမလျှာ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"မိန်းမလျှာ" သည်သာမန်အားဖြင့် သင်းကွပ်ထားသောအမျိုးသားကို ရည်ညွှန်းသည်။ နောက်ပိုင်းတွင် ဤအသုံးအနှုန်းသည် မည်သည့်အနာအဆာမျှမရှိသော အစိုးရဝန်ထမ်းတိုင်းကို ရည်ညွှန်းသော စကားလုံးဖြစ်လာသည်။

- ယေရှုက အချို့သောသူတို့သည် အမိဝမ်းတွင်းကပင် မိန်းမလျှာ ဖြစ်ကြသည်ဟုပြောခဲ့သည်၊
- လိင်အင်္ဂါချို့တဲ့သောကြောင့်သော်လည်းကောင်း၊ လိင်မှုဆိုင်ရာတွင် ကောင်းစွာအလုပ်မလုပ်နိုင်သောကြောင့်ဖြစ်နိုင်သည်။ အခြားသောသူများသည် အိမ်ထောင်မပြုဘဲ မိန်းမလျှာ အဖြစ်သာနေရန်ရွေးချယ်ကြသည်။
- ရှေးခေတ်တွင်မူ မိန်းမလျှာ (သင်းကွပ်ထားသောအမျိုးသား) များသည် အမျိုးသမီးအဆောင်များတွင် အုပ်ထိန်းသူများအဖြစ်တာဝန်ထမ်းဆောင်သော ဘုရင်၏အစေခံများ ဖြစ်လေ့ရှိသည်။
- သံကဏ္ဍရတွင် ဖိလိပ္ပု နှင့်တွေ့သော အဲသယောပိ အမတ်ကဲ့သို့သော အချို့ မိန်းမလျှာ များမှာ အရေးကြီးအစိုးရတာဝန်ရှိပုဂ္ဂိုလ်များဖြစ်သည်။

## မိန်းမောတွေဝေခြင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

မိန်းမောတွေဝေခြင်းသည် လူတစ်ယောက်က နိုးကြားပေမဲ့ သူ၏ စိတ်သည် ပတ်ဝန်းကျင်တွင်ရှိသည့် အရာကို စိတ်မဝင်စားခြင်းဖြစ်သည်။

- ဓမ္မသစ်ကျမ်းထဲတွင် မိန်းမောတွေဝေခြင်း စကားလုံးကို ဘုရားသခင်က ပေတရုနှင့် ပေါလုကို ရူပါရုံကို ပြောပြသောအခါမှာ သူတို့၏စိတ်မှာ မိန်းမောတွေဝေသွားခြင်းကို ဖော်ပြသည်။
- ထို့နောက်မှာ ပေတရုနှင့် ပေါလုတို့ မိန်းမော တွေဝေသွားသောအချိန်မှာ ဆုတောင်းကြသည်။
- သူတို့ကို မိန်းမောတွေဝေခြင်းကို ဖြစ်စေသောသူမှာ ဘုရားသခင်သာဖြစ်သည်။
- "မိန်းမောတွေဝေခြင်း" သည် "ရူပါရုံ" သို့မဟုတ် "အိပ်မက်" နှင့် ကွဲပြားသောကြောင့် မတူညီအောင် ဘာသာပြန်ဆိုရမည်။
- "မိန်းမောတွေဝေစဉ်" ၏အဓိပ္ပါယ်သည် နိုးကြားနေစဉ် ရုတ်တရက် အိပ်နေသကဲ့သို့ ဖြစ်ခြင်းကို ဆိုလိုသည်။

## မိဖုရား

အသုံးအနှုန်းများ၏အဓိပ္ပါယ်

မိဖုရားဆိုသည်မှာတိုင်းပြည်တစ်ခုကို အုပ်ချုပ်သော အမျိုးသမီးအစိုးရ (သို့) ဘုရင်တစ်ဦး၏ မိဖုရားကို ခေါ်သည်။

- ဧသတာသည် ဘုရင်အာရွှေရုနှင့် ထိမ်းမြားပြီးနောက် ပေရသိအင်ပါယာ၏ မိဖုရားဖြစ်လာသည်။
- မိဖုရားယေဇဗေလသည် ဆိုးညစ်သောဘုရင် အာဟတ်မင်း၏ဇနီးဖြစ်သည်။
- ရှောလမုန်ရှင်ဘုရင်ထံသို့ အလည်အပတ်လာသော ရှေဘမိဖုရားသည် ကျော်ကြားသောအုပ်ချုပ်သူ အစိုးရတစ်ဦးဖြစ်သည်။
- မိဖုရား အာသလိ ဆိုသောစကားလုံးသည် မိခင်တစ်ဦး (သို့) ဘုရင်၏ ယောက္ခမ (သို့) ကွယ်လွန်သွားသော ယခင်အစိုးရဘုရင်၏ မယား (မုဆိုးမ) ကို ရည်ညွှန်းသည်။
- ရေငတ်ခြင်းနှင့် မီးငြိမ်းခြင်း ၂ ခုစလုံး၌ ရေဖြင့် ငြိမ်းသတ်သည်။
- ရှင်ပေါလုက ဝိညာဉ်တော်၏ အရှိန်ကို မငြိမ်းစေရန် သွန်သင်သောအခါ ဤ 'ငြိမ်းသတ်ခြင်း' ဆိုသည့် စကားလုံးနှင့် ပုံဆောင်ပြ၍ ရေးထားသည်။ ယုံကြည်သူများ ဝိညာဉ်အသီးများ သီးလာရန်နှင့် ဝိညာဉ်ဆုကျေးဇူးများ ပေါ်ထွက်လာရန် သန့်ရှင်းသော ဝိညာဉ်တော်ကို ခွင့်ပြုရန် အားမလျှော့ဘို့ ဆိုလိုခြင်းဖြစ်သည်။
- မိဖုရား၏ မိခင်ဖြစ်သူသည် လွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ လူတို့ကို ရုပ်တုကိုးကွယ်ရန် အားပေးလွှမ်းမိုးနိုင်သော မိဖုရား အာသလိကို မြင်နိုင်သည်။

## မီး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

မီးသည် အပူ၊ အလင်း၊ မီးတောက်မီးလျှံ ဖြစ်၍ လောင်ကျွမ်းသောအချိန်၌ ထုပ်လွှင့်သည်။

- သစ်သားကို မီးဖြင့်လောင်ကျွမ်းခြင်းဖြင့် သစ်သားသည် ပြာအဖြစ်သို့ ပြောင်းလဲသွားသည်။
- "မီး" ဟူသော စကားလုံးကို ရုပ်ပုံတစ်ခုအနေဖြင့် တင်စားထားပြီး၊ တရားစီရင်ခြင်း (သို့) သန့်ရှင်းစင်ကြယ်စေခြင်း ဟူ၍လည်း ရည်ညွှန်းထားသည်။
- မယုံကြည်သောသူများ၏နောက်ဆုံးသောတရားစီရင်ခြင်းသည် ထာဝရမီးငရဲအိုင်ဖြစ်သည်။
- မီးသည် အခြားသော ရွှေ၊ သတ္တုများကို စစ်ရာတွင်လည်း အသုံးပြုသည်။ သမ္မာကျမ်းစာ၌ ထိုကဲ့သို့သောဖြစ်စဉ်ကို ဘုရားသခင်က သူ၏လူများကို ခက်ခဲသောအရာများဖြင့် ကင်းစေရန်အသုံးပြုသည်။
- "မီးဖြင့်ဗတ္တိဇံ (နှစ်ခြင်း) ပေးခြင်း" ဟူသောစကားစုကို "သင့်၌နာကြင်ဖွယ်အတွေ့အကြုံများကို သန့်စင်ပေးခြင်း" ဟုပြန်ဆိုနိုင်သည်။

## မုရန်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

မုရန် သည် အာရှနှင့် အာဖရိကတွင်တည်ရှိသော မုရန်ပင်၏အစေးမှပြုလုပ်သော ဆီ သို့မဟုတ် အမွှေးအကြိုင် ဖြစ်သည်။ လော်ဗန် နှင့်ဆက်စပ်သည်။

- မုရန် သည် သေဆုံးသောခန္ဓာကိုယ်များကို ပြင်ဆင်ဖို့ နှင့် ဆေးဝါး၊ ရေမွှေးနှင့် အမွှေးနံ့သာ များကိုပြုလုပ်ရာတွင်လည်း အသုံးပြုသည်။
- မုရန် သည် ယေရှုမွေးဖွားလာချိန်တွင် ပညာရှိသုံးပါးပေးအပ်သော လက်ဆောင်များထဲက တစ်မျိုးလည်းဖြစ်သည်။
- ယေရှုအသေသတ်ခြင်းခံစဉ်တွင် အနာသက်သာဖို့ သူ့ကို မုရန် နှင့်ရောသောဝိုင်ကိုပေးခဲ့ကြသည်။


generated on Tue Mar 12 16:35:02 2024

## မေတ္တာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"မေတ္တာ" ဟူသည် တစ်စုံတစ်ဦးကို ဂရုစိုက်ခြင်း၊ တစ်စုံတစ်ဦးအတွက် အကျိုးဆောင်ပေးခြင်း ကိုဆိုလိုသည်။ "မေတ္တာ" တွင် အနက်အဓိပ္ပာယ်အမျိုးမျိုး ရှိသည်။ ၎င်းတို့မှာ -

(၁) ဘုရားသခင့်ထံတော်ပါးမှ လာသော မေတ္တာဖြစ်သည်။ ထိုမေတ္တာသည် ကိုယ်ကျိုးမဖက်ဘဲ သူ့အကျိုးဆောင်သော မေတ္တာမျိုးဖြစ်သည်။ သူမည်သည့်အရာကို လုပ်နေသည်ဖြစ်စေ သူ့ကိုဂရုစိုက်မှုပေးနိုင်သော မေတ္တာဖြစ်သည်။ ဘုရားသခင်ကိုယ်တော်တိုင် ချစ်ခြင်းမေတ္တာဖြစ်၍ မေတ္တာစစ် မေတ္တာမှန် ပေါက်ဖွားရာ ဇာစ်မြစ်လည်းဖြစ်သည်။

- ယေရှုသည်ဤမေတ္တာစစ်မေတ္တာမှန်ကြောင့် ကျွန်ုပ်တို့ကိုယ်စား သူ့အသက်ကိုပေးဆပ်ပူဇော်ကာ အပြစ်တရား နှင့် သေခြင်းတရား မှ ကျွန်ုပ်တို့အား ရွေးနှုတ်ကယ်တင်ခဲ့သည်။ သူ့နောက်လိုက်တပည့်တော်များကိုလည်း ပေးဆပ်မေတ္တာဖြင့် သူတပါးအားချစ်ရန်မိန့်ကြားခဲ့သည်။
- မေတ္တာစစ်တွင် လုပ်ဆောင်မှုပါသည်။ ခွင့်လွှတ်ခြင်းလည်းပါသည်။ လူသားအချင်းချင်းမေတ္တာစစ်နှင့်ချစ်ကြမည်ဆိုလျှင် လူသားတို့ဘဝရှင်သန်ရပ်တည်နိုင်ရေးအချင်းချင်းကူညီရိုင်းပင်းရမည်။

(၂) နောက် မေတ္တာ တစ်မျိုးမှာ မိသားစုမေတ္တာ (သို့) မိတ်ဆွေမေတ္တာဖြစ်သည်။

- ဤမေတ္တာသည် မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးညာတိများကို ချစ်သော လူသားမေတ္တာဖြစ်သည်။
- "သူတို့သည် ပွဲလမ်းသဘင်၌ မြင့်ရာမြတ်ရာထိုင်ခုံပေါ်ထိုင်ရခြင်းကို ချစ်မြတ်နိုးကြသည်" ဟူသော စကားစပ်တွင် "ချစ်မြတ်နိုးသည်" ဟူသောစကားစုသည် "အလွန်နှစ်သက်ခုံမင်သည်" ဟူ၍ လည်းကောင်း၊ "အလွန်စွဲလန်းသည်" ဟူ၍လည်းကောင်း အဓိပ္ပာယ်ရသည်။

(၃) နောက်ထပ်တစ်မျိုးမှာ အမျိုးသား နှင့် အမျိုးသမီး တို့အချင်းချင်း ထားကြသော အိမ်ထောင်ရေးမေတ္တာ ဖြစ်သည်။ (၄) "ယာကုပ်ကိုငါချစ်၏။ ဧသောကိုငါမုန်း၏" ဟူသော ပုံဆောင်ဖော်ပြချက်တွင် "ချစ်ခြင်း" သည် "ရွေးချယ်ခြင်း" ကိုဆိုလိုသည်။ ဘုရားသခင်သည် သူနှင့်ပဋိညာဉ်ဖွဲ့ရန် ယာကုပ်အားရွေးချယ်ခဲ့သည်။ ဧသောကိုမူ သူနှင့် ပဋိညာဉ်ဖွဲ့ရန် အခွင့်မပေးခဲ့ပေ။ ကောင်းကြီးသာလျှင်ပေးခဲ့သည်။ ဤနေရာ၌ "မုန်းခြင်း" သည် "ငြင်း ပယ်ခြင်း" ကိုဆိုလိုသည်။

### ဘာသာပြန်အကြံပြုချက်

- သမ္မာကျမ်းစာတွင်သုံးထားသောမေတ္တာသည် ဘုရားသခင်ထံမှလာသော ပေးဆပ်မေတ္တာ (သို့) အနန္တတာခံမေတ္တာ ကိုအများဆုံးရည်ညွှန်းလေ့ရှိသည်။
- တစ်ချို့ ဘာသာစကားတွင် အတ္တမဲ့မေတ္တာ နှင့် ပေးဆပ်မေတ္တာ အတွက် အခေါ်ဝေါ်သီးသန့်ရှိသည်။

ဤမေတ္တာမျိုးကို ဘာသာပြန်ဆိုရာ၌ "ပုံအပ်ခြင်း"၊ "ကိုယ်ကျိုးမဖက် ဂရုစိုက်ပေးခြင်း"၊ "ဘုရား သခင့်ထံမှလာသောချစ်ခြင်း" စသဖြင့် ပြန်ဆို၍ရသည်။ သို့သော် ဘုရားသခင်၏မေတ္တာသည် ကိုယ်ကျိုးစွန့်၍ သူတပါးအကျိုးဆောင်သော မေတ္တာဖြစ်ကြောင်း စာဖတ်သူများကွက်ကွက်ကွင်း ကွင်းမြင်နိုင်အောင် ဘာသာပြန်ဆိုပေးရမည်။

- မေတ္တာဟူသော မြန်မာစကားသည် သူ့အဓိပ္ပာယ်နှင့်သူနက်ရှိုင်းပြီးဖြစ်သည်။ သို့သော် တခါတရံ "မြတ်နိုးသည်"၊ "ဂရုစိုက်သည်"၊ "ချစ်ခင်စွဲလန်းသည်" ဟူ၍လည်း ဘာသာပြန်ဆို၍ရပေသည်။
- တစ်ချို့ စာပိုဒ်တွင် "မေတ္တာ" ကို တစ်စုံတစ်ရာအား အလွန်အမင်း နှစ်သက်ကြောင်းဖော်ရာတွင် အသုံးပြုသည်။ ဤကဲ့သို့နေရာမျိုးတွင် "အသည်းအသန်ခုံမင်သည်"၊ "လွန်စွာနှစ်သက်သည်"၊ "ပြင်းပြစွာလိုလားသည်" ဟူ၍ဘာသာပြန်ဆိုနိုင်သည်။
- တစ်ချို့ဘာသာစကားတွင် လင်မယားမေတ္တာကိုဖော်ပြရန်သီးသန့်စကားလုံးရှိသည်။ (မြန်မာဘာသာတွင် 1500 အချစ်ဟုဆိုစမှတ်ပြုကြသည်)။
- တစ်ချို့ဘာသာစကားတွင် "မေတ္တာ" ဟုဆိုလိုက်ရုံနှင့် လုပ်ဆောင်ချက်ပါပြီးကြောင်းအလို အလျောက်နားလည်ရသည်။ သာဓကအားဖြင့် "မေတ္တာသည် စိတ်ရှည်တတ်၏။ မေတ္တာသည် ကြင်နာတတ်၏" ဟူသောဝါကျကို "ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်ကိုချစ်သောအခါ ထိုသူအား စိတ်ရှည်သည်။ ကြင်နာသည်" ဟူ၍ နားလည်ရသည်။

## မောရှေ

### အချက်အလက်

မောရှေ သည်ပရောဖက်တစ်ပါးဖြစ်၍ နှစ်ပေါင်း လေးဆယ် က္ကသရေလလူမျိုးများ၏ ခေါင်းဆောင်ဖြစ်ခဲ့သည်။

- မောရှေ ကလေးလေးအရွယ်တွင် အဲဂုတ္တုပြည်သား ဖာရောဘုရင်မသိအောင် သူ့မိဘများမှ တောင်းထဲတွင်ထား၍ နိုင်းမြစ်တစ်လျှောက်ရှိကျူပင်များကြားတွင် ထားကြသည်။ မောရှေအစ်မ မိရိအံသည်သူ့ကိုစောင့်ကြည့်သည်။ ဖာရောဘုရင်၏သမီးတော်မှ မောရှေကိုတွေ့၍ မိမိသားအဖြစ်မွေးစားရန် နန်းတော်သို့ခေါ်သွားသောကြောင့်မောရှေအသက်လွတ်လေသည်။

- ဘုရားသခင်သည် အဲဂုတ္တုပြည်ကျွန်ဘဝမှ ဣသရေလလူမျိုးများကိုကယ်တင်ပြီး ဂတိတော်ထားရာပြည်ကိုခေါ်ဆောင်ဖို့ မောရှေကို ရွေးခဲ့သည်။
- ဣသရေလလူမျိုးများ အဲဂုတ္တုပြည်မှထွက်လာပြီး သဲကန္တာရတွင်တောလည်နေစဉ်တွင် ဘုရားသခင်သည် မောရှေအား ပညတ်တော် ဆယ်ပါးရေးထားသော ကျောက်ပြားနှစ်ပြားပေးခဲ့သည်။
- အသက်ဆုံးခါနီးတွင် မောရှေသည် ဂတိတော်ထားရာပြည်ကိုမြင်ခဲ့သော်လည်း ဘုရားသခင်ကို မနာခံမှုကြောင့် မဝင်ခဲ့ရပေ။

## မျက်နှာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"မျက်နှာ" ဆိုတဲ့ စကားလုံးသည် တိုက်ရိုက်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၌ ရှိသော ဦးခေါင်း၏ အရှေ့ ဖက်၌ ရှိသော အပိုင်းကို ရည်ညွှန်းပါသည်။ ထိုစကားလုံး၌ ပုံဆောင်ခိုင်းနှိုင်းထားသော အဓိပ္ပာယ်အမျိုးမျိုးလည်း ရှိသည်။

- "မင်းမျက်နှာ" ဟူ၍ပြောဆိုခြင်းသည် "မင်း၊ နင်၊ သင်" ဟူ၍ မကြာခဏခိုင်းနှိုင်းဆိုလိုခြင်းဖြစ်သည်။ ထိုနည်းတူ၊ "ငါ့မျက်နှာ" ဟု ပြောဆိုရာတွင် "ငါ၊ ကျွန်ုပ်" (သို့) "ကျွန်ုပ်ပါ" ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုလေ့ရှိသည်။
- ရုပ်ဆိုင်ရာအသိတရား၌၊ "မျက်နှာချင်းဆိုင်" ဟုဆိုရာတွင် တစ်စုံတစ်ယောက် (သို့) တစ်စုံတစ်ရာနှင့် မျက်နှာချင်းဆိုင် ထိပ်တိုက် တွေ့ဆုံရန်ဟု ဆိုလိုသည်။
- "မျက်နှာချင်းဆိုင်"ဟု ပြောလျှင် "တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်" သည်ဟု အဓိပ္ပာယ်ရသည်။
- "တစ်ယောက်နဲ့တစ်ယောက်ကြည့်သည်" ဆိုသည်မှာ လူပုဂ္ဂိုလ်နှစ်ဦးက တစ်ဦးနှင့်တစ်ဦး နီးကပ်စွာစိုက်ကြည့်လျက်ရှိနေသည့် အခြေနေကို ဆိုလိုသည်။
- ဆိုလိုရင်းမှာ "သခင်ယေရှုထို ယေရုရှလင်မြို့သို့ သွားရန် တည်ကြည် ခိုင်မာစွာစိတ်ပိုင်း ဖြတ်ထားသည်" ဟုအဓိပ္ပါယ်ရပါသည်။
- ဆိုလိုသည်မှာ "လူ (သို့) မြို့ ဟုဆိုလျှင် လူ (သို့) မြို့ ကို ထပ်၍ ကူညီထောက်ပံ့ခြင်း မလုပ်တော့ရန် (သို့) ငြင်းပယ်ရန်၊ ဆန့်ကျင်ရန် ခိုင်မာစွာ စိတ်ပိုင်းဖြတ်သည်" ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။
- "မြေမျက်နှာသွင်ပြင်" ဆိုသည်မှာ ကမ္ဘာကြီး၏မြေမျက်နှာသွင်ပြင် ကို ရည်ညွှန်းပြီး များသောအားဖြင့် ကမ္ဘာကြီး တစ်ခုလုံး၊ ကမ္ဘာတစ်ဝန်းလုံးကိုဆိုလိုလေ့ရှိသည်။ ဥပမာ- ကြီးမားကျယ်ပြန့်လှသည့် အစာခေါင်းပါးခြင်းသည် ကမ္ဘာပေါ် ရှိ အသက်ရှင်နေထိုင်သော လူများမြောက်များစွာကို ရိုက်ခတ်သွားသည် ဟုဆိုလိုပါသည်။
- ဆိုလိုသည်မှာ သွယ်ဝိုက်ခိုင်းနှိုင်းပြောဆိုချက်သည် "မင်းရဲ့ လူတွေကိုမငြင်းပယ်လိုက်ပါနဲ့ " (သို့) "မင်းရဲ့ လူတွေအပေါ် ဂရုစိုက်နေခြင်းကို မရပ်တန့်လိုက်ပါနဲ့ " ဟုဆိုလိုပါသည်။

## မြေကြီး

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

မြေကြီးသည် အသက်ရှိသောအရာအားလုံးနှင့် အသက်ရှိသော လူသားတို့နေထိုင်ရာလောကကို ဆိုလိုသည်။

- နယ်မြေဒေသ တခုကို ဖုံးအုပ်ထားသော မြေကိုလည်း ဆိုလိုသည်။
- မြေကြီးပေါ်တွင် နေထိုင်သောလူကိုလဲ မြေ၊ မြေမှုန့်ဟူ၍ ပုံဆောင်ချက်ပြု၍ သုံးနှုံးတတ်သည်။
- မြေကြီးဝမ်းမြောက်စေ ဆိုသောစကားနှင့်သူသည် မြေကြီးကို တရားစီရင်လိမ့်မည်ဆိုသော စကားစုများသည် ပုံဆောင်ချက်နှင့် ရေးထားသောစကားများဖြစ်သည်။
- ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ခြားနားမှုကို ရည်ညွှန်းရာ၌လည်း အသုံးပြုသည်။

### ဘာသာပြန်အကြံပြုချက်များ

- ဤစကားလုံးကို ဒေသခံစကားလုံး (သို့) စကားစုအားဖြင့် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေဂြိုဟ်ဟုလည်း အသုံးပြုကြသည်။
- သုံးနှုံးသည့်အခြေအနေပေါ်မူတည်၍ မြေကြီးကို လောက၊ မြေ၊ မြေစာ၊ မြေဆီလွှာ ဟူ၍လည်း သုံးကြသည်။
- မြေပေါ်မှာနေထိုင်သူများ၊ မြေကြီးပေါ်ရှိသက်ရှိလူများ၊ မြေကြီးပေါ်ကရှိသမျှအရာအားလုံး ဟူ၍လည်း သုံးနှုံးကြသည်။
- ရုပ်ပိုင်းဆိုင်ရာ (သို့) မြေကြီးပေါ်ရှိ အရာများအားလုံး (သို့) မြင်ရသောအရာများကိုလည်း မြေကြီးအရာများဟူ၍ သုံးနှုံးတတ်ကြသည်။

## ယဇ်ပုရောဟိတ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ကျမ်းစာထဲ၌ ယဇ်ပုရောဟိတ် တစ်ယောက်သည် ဘုရားသခင်၏ကိုယ်စား ဘုရားသခင်ထံ ယဇ်ပူဇော်ခြင်း ပြုလုပ်ရန် ရွေးချယ်ခြင်းခံရသောသူ ဖြစ်သည်။

- ဓမ္မဟောင်းကျမ်းထဲ၌ ဘုရားသခင်သည် အရှန်နှင့် သူ၏အမျိုးကို ဣသရေလလူမျိုးအတွက် သူ၏ ယဇ်ပုရောဟိတ်များအဖြစ် ရွေးချယ်ခဲ့သည်။

- ယဇ်ပုရောဟိတ်ဘဝသည် လေဝိအမျိုးတွင် ဖခင်မှ သားသို့ တာဝန်ပေးသောဆက်ခံမှုဖြစ်သည်။
- ဣသရေလ ယဇ်ပုရောဟိတ်များသည် တခြားသောတာဝန်များနှင့်တကွ ဗိမာန်တော်ထဲ၌ လူများအတွက် ဘုရားသခင်ထံ ယဇ်ပူဇော်ရန် တာဝန်ရှိကြသည်။
- ခရစ်တော်သည် ဘုရားသခင်၏ရှေ့၌ ငါတို့အတွက် သံတမန်အဖြစ် ယဇ်ပုရောဟိတ်ကြီး ဖြစ်သည်။ ဤအရာ၌ ခရစ်တော်သူ ငါတို့၏ အပြစ်များအတွက် သူ့ကိုသူ ယဇ်ပူဇော်ခဲ့သည်။ ထိုကြောင့် လူသားများလုပ်သော ယဇ်ပူဇော်ခြင်းသည် မလိုအပ်တော့ပေ။
- ယဇ်ပုရောဟိတ်များသည် လူတွေကို ကောင်းချီးမင်္ဂလာပေး၍ ဘုရားသခင်၏ နှုတ်ကပတ်တော်တရားကို သင်ပေးကြသည်။
- ခရစ်တော်၏ အချိန်၌ ယဇ်ပုရောဟိတ်များ၊ ယဇ်ပုရောဟိတ်မင်းကြီးများ ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။
- ခရစ်တော်သည် ကျွန်တော်တို့အတွက် ဘုရားသခင်၏ အထံတော်၌ ပြောပေးသော ကျွန်တော်တို့၏ ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်တော်မူ၏။ အပြစ်များအတွက် သူ့ကိုသူ ဆက်ကပ်တော်မူ၏။ လူသား ယဇ်ပုရောဟိတ်များ လုပ်လေ့ရှိသော ယဇ်ပူဇော်ခြင်း မလိုတော့ပါ။
- သမ္မာသစ်ကျမ်းခေတ်၌ ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် ဘုရားသခင်ထံ တိုက်ရိုက် စကားပြော ဆက်သွယ်နိုင်သော ယဇ်ပုရောဟိတ်များ ဖြစ်ကြသည်။
- ရှေးအချိန်တွင် ဗာလဘုရားတည်းဟူသော ဘုရားအစစ် မဟုတ်သော ဘုရားများထံသို့ ယဇ်ပူဇော်ခြင်း လုပ်သော ပုရောဟိတ်များလည်း ရှိခဲ့ဖူးကြသည်။

ဘာသာပြန် အကြံပေးချက်

- အခြေအနေအပေါ် မူတည်၍ ယဇ်ပုရောဟိတ်ဟူသည့် စကားလုံးကို ယဇ်ပူဇော်သူ သို့မဟုတ် ဘုရားသခင်၏ ကြားမှဆက်သွယ်ပေးသူ သို့မဟုတ် ကြားနေယဇ်ပူဇော်သူ စသည်ဖြင့် ဘာသာပြန်နိုင်သည်။
- ယဇ်ပုရောဟိတ်နှင့် ကြားနေဖျန်ဖြေပေးသူ ဟူသည့်စကားလုံးများ ဘာသာပြန်ရာတွင် တူညီမည်မဟုတ်ပေ။
- ဘာသာပြန်တချို့က ဣသရေလလူမျိုးတို့၏ ယဇ်ပုရောဟိတ် သို့မဟုတ် ဂျူးလူမျိုးတို့၏ ပုရောဟိတ် သို့မဟုတ် ဘုရားသခင်၏ ယဇ်ပုရောဟိတ် သို့မဟုတ် ဗာလ ယဇ်ပုရောဟိတ် ဟူ၍ နားလည်အောင် ပြောကြားသည်။
- ယဇ်ပုရောဟိတ်နှင့် ယဇ်ပုရောဟိတ်မင်းကြီး ဟူသည့်စကားလုံးများကို ခွဲခြားတတ်ရမည်။

## ယဇ်ပုရောဟိတ်မင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ယဇ်ပုရောဟိတ်မင်း" ဆိုသည်မှာ ယေရှုအသက်ရှင်စဉ်အချိန်က ယုဒလူတို့၏ အရေးပါသောဘာသာရေးခေါင်းဆောင်များ ဖြစ်သည်။

- ဗိမာန်တော်ရှိ ဝတ်ပြုခြင်းဆိုင်ရာကိစ္စအားလုံးကို ယဇ်ပုရောဟိတ်မင်းများက တာဝန်ယူထားရသည်။ ဗိမာန်တော်ရှိ အလှူငွေများကိုလည်း တာဝန်ယူရသောသူများဖြစ်သည်။
- သာမာန်ယဇ်ပုရောဟိတ်များထက် ယဇ်ပုရောဟိတ်မင်းက ရာထူး၊အာဏာ ပိုမြင့်မားသည်။ ယဇ်ပုရောဟိတ်မင်း သာလျှင်ပိုပြီး သြဇာအာဏာရှိသည်။
- ယေရှုအဖမ်းခံရန် ရောမခေါင်းဆောင်များကိုလွှမ်းမိုးတိုက်တွန်းသောသူများမှာ ယဇ်ပုရောဟိတ်မင်းများဖြစ်သည်။ ထို့ကြောင့် ယေရှု၏အဓိကရန်သူတော်များဖြစ်သည်။

ဘာသာပြန်အကြံပြုချက်များ

- "ယဇ်ပုရောဟိတ်မင်း" ကို "ယဇ်ပုရောဟိတ်ခေါင်းဆောင်"၊ "ဦးဆောင်ယဇ်ပုရောဟိတ်"၊ "အုပ်စိုးသောယဇ်ပုရောဟိတ်" ဟုဘာသာပြန်ဆိုနိုင်သည်။
- "အဆင့်မြင့်ပုရောဟိတ်" နှင့်မတူညီအောင် ဘာသာပြန်ဆိုသင့်သည်။

## ယဟောရံ, ဟောရံ

အချက်အလက်

ယဟောရံသည်ဓမ္မဟောင်းတွင်ဘုရင်နှစ်ပါး၏နာမည်ဖြစ်သည်။ ဘုရင်နှစ်ပါးစလုံးကိုယဟောရံဟုသိကြသည်။

- ဘုရင်တစ်ပါးယဟောရံသည်ယုဒပြည်ကို ရှစ်နှစ်အုပ်စိုးသည် သူသည်ဘုရင်ယောရှဖတ်၏သားဖြစ်သည် ဤဘုရင်ကိုအများအားဖြင့် ယဟောရံဟု သိကြသည်။
- နောက်ထပ်ဘုရင်တစ်ပါးယဟောရံသည်ဣသရေလပည်ကို ၁၂နှစ် အုပ်စိုးသည်။ သူသည်ဘုရင်အာဟပ်၏သားဖြစ်သည်။
- ယေဟောယကိမ်မင်းကြီးသည် ပရောဖက် ယေရမိ၊ ဒံယေလ၊ သြဗဒိ၊ နှင့် ယေဇကျေလ တို့ ခေတ်ကာလ၌ ယုဒနိုင်ငံကို ပရောဖက်ပြုသောသူများဖြစ်ကြသည်။
- ယဟောရံ သည် သူ့ခမည်းတော် ယေဟောရှဖတ် ယုဒကို အုပ်စိုးခဲ့စဉ်က စိုးစံခဲ့သောသူလည်းဖြစ်သည်။

- "တချို့ဘာသာပြန်များက "ယေဟောရံ" ဟူသောနာမည်ကို ယုဒနိုင်ငံအတွက် "ယောရံ" ဟူသောနာမည်ကို ဖော်ပြရာတွင် အသုံးပြုထားသောနာမည် အဖြစ်ရွေးချယ်ထားနိုင်သည်။
- တခြားပိုရှုပ်ထွေးသော နည်းတစ်မျိုးမှာ စကားလုံးတစ်ခုစီသည် သူ့ဖခမည်းတော်၏ နာမည်ကို ပါဝင်စေသည်။

## ယုဒ

အချက်အလက်

ယုဒသည် ယာကုပ်၏သားကြီးတစ်ပါးဖြစ်သည်။ သူ၏ မိခင်မှာ လေအာ ဖြစ်သည်။ သူသည် ယုဒမျိုးနွယ်ကနေ ဆင်းသက်လာပါသည်။

- ယုဒ သူ၏ညီအစ်ကိုများကို ပြောထားသည့်အရာမှာ သူတို့ညီကိုများအနက် အငယ်ဆုံးဖြစ်သော ယောသပ်ကို ကျွန်အဖြစ် ရောင်းစားရန် အလွန်နက်သော တွင်းထဲထည့်ထားကြရအောင်ဟု ပြောခဲ့ပါသည်။
- ဒါဝိဒ်မင်းကြီးနှင့် ဘုရင်အားလုံးသည် ယုဒမျိုးနွယ်စုမှ ဆင်းသက်လာပြီး၊ ယေရှုသည်လည်း ယုဒမျိုးနွယ်စုမှ ဆင်းသက်လာခဲ့ပါသည်။
- ရှောလမုန် အုပ်ချုပ်သော အဆုံးပိုင်းလေးတွင် အစ္စရေးနိုင်ငံဟာ နှစ်ပိုင်းဖြစ်သွားပါသည်။ မြောက်ပိုင်းယုဒပြည်နှင့် တောင်ပိုင်းဟူ၍ ဖြစ်သွားခဲ့ပါသည်။
- ဓမ္မသစ် ဗျာဒိတ်ကျမ်းမှာ ယေရှု ခရစ်တော်ကို ယုဒ၏ ခြင်္သေ့ဟု ခေါ်ဆိုခြင်းခံရပါသည်။
- "ဂျူး" နှင့် "ယုဒပြည်"ဟူသော စကားလုံးမှာ ယုဒမှ ဆင်းသက်လာသော စကားလုံးဖြစ်ပါသည်။

## ယုဒမြို့

အချက်အလက်

ယုဒမြို့သည် ရှေးအစ္စရေး၏ မြို့တမြို့ဖြစ်သည်။ တခါတရံမှာ အသုံးနည်းပြီး၊ တခါတရံအသုံးများပါသည်။

- ယုဒမြို့သည် ပင်လယ်သေ၏ အနောက်ဘက် ရှိသည်။ အချို့သောနေရာတွင် ယုဒပြည်နယ်ဟု ခေါ်ဆိုကြသည်။
- ယုဒပြည်သည် ရှေးအစ္စရေးနိုင်ငံ၏ ဂါလိလဲပြည်၊ ရှမာရိနယ်၊ ပါရီယား၊ အိဒုံမိ၊ ယုဒပြည်ဟူ၍ သုံးနှုန်းကြပါသည်။
- ရှင်လုကာခရစ်ဝင်ကျမ်း ၁း၅ မှာ ယုဒတိုင်းပြည်၊ ရှင်လုကာခရစ်ဝင်ကျမ်း ၁း၃၉ မှာ ယုဒပြည်နယ်အဖြစ် သုံးနှုန်းပြီး၊ ယုဒလူမျိုးများ၏ မူရင်းဒေသဖြစ်သည်။

## ယုဒရှကာရုတ်

အချက်အလက်

ယုဒရှကာရုတ်သည် သခင်ခရစ်တော်၏ တမန်တော်တပါးဖြစ်ပါသည်။ သူသည် သခင်ယေရှုကို သစ္စာဖောက်သူတစ်ယောက်လည်း ဖြစ်ပါသည်။

- "ရှကာရုတ်" ဟူသော စကားလုံးသည် "ကေရှုတ်မြို့" ဟူသော စကားလုံးမှ ဆင်းသက်လာသော စကားလုံးဖြစ်သည်။ ယုဒရှကာရုတ်သည် ကေရှုတ်မြို့တွင် ကြီးပြင်းခဲ့သည်။
- ယုဒရှကာရုတ်သည် တမန်တော်များ၏ ငွေကို စီမံခန့်ခွဲပြီး ပုံမှန်အားဖြင့် ထိုငွေများကို ခိုးယူလေ့ရှိသည်။
- ယုဒရှကာရုတ်သည် ယေရှုကို သစ္စာဖောက်ခဲ့သည်ဟု ဘာသာရေးခေါင်းဆောင်များက ပြောဆိုပါသည်။ ထို့ကြောင့် သခင်ယေရှု ဖမ်းဆီးခြင်းခံခဲ့ရပါသည်။
- ထို့နောက် ဘာသာရေးခေါင်းဆောင်များက ယေရှုကို သေစေရန် ရှုတ်ချကြပါသည်။ ယုဒရှကာရုတ်သည် ထိုအဖြစ်အပျက်အတွက် နောင်တရပါသည်။ ထို့ကြောင့် ယေရှုသေပြီးနောက် သူသည် ဂျူးဘာသာခေါင်းဆောင်များထံသို့ သူယူထားသော ငွေကို ပြန်အမ်းပေးပါသည်။
- တခြားသော တမန်တော်များကိုလည်း ယုဒဟုခေါ်ဆိုကြသည်။ ယေရှု၏ ညီကိုများနှင့် ကျမ်းစာမှာ ယုဒအမည်ရှိသော လူများစွာပါရှိပါသည်။

## ယုဒရှင်ဘုရင်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ယုဒရှင်ဘုရင်" ဟူသော အသုံးအနှုန်းသည် ယေရှု၊ မေရှိယကို ပေးသော ရာထူးဖြစ်သည်။

- ပထမဆုံးအကြိမ် ကျမ်းစာတွင် ပညာရှိများမှ သူငယ်ဖြစ်သော "ယုဒရှင်ဘုရင်" ကို လိုက်ရှာရန် ဗက်လင်မြို့သို့ ရောက်ကြသည် ဟူ၍အသုံးပြုသည်။
- ကောင်းကင်တမန်သည် မာရိအား သူမ၏သားသည် ရှင်ဘုရင် ဒါဝိဒ် အမျိုးဖြစ်ပြီး၊ သူသည် ထာဝရအုပ်စိုးမည့်သူ ဖြစ်ကြောင်းဖော်ပြခဲ့သည်။

- ယေရှုကားစင်မတင်ခင်တွင် ရောမစစ်သားများသည် သူ့ကို "ယုဒရှင်ဘုရင်" ဟုလှောင်ပြောင်ကြသည်။ ဤစာသားကိုရေးပြီး ယေရှု၏ကားတိုင်ထိပ်တွင် တပ်ဆင်ကြသည်။
- ယေရှုသည် အမှန်တကယ် ယုဒရှင်ဘုရင်ဖြစ်ပြီး ဖန်ဆင်းခံအားလုံးပေါ်တွင်လည်း ရှင်ဘုရင်ဖြစ်သည်။

ဘာသာပြန်အကြံပြုချက်

- "ယုဒရှင်ဘုရင်" အသုံးအနှုန်းများကို "ယုဒလူမျိုး၏ဘုရင်"၊ "ယုဒလူများကို အုပ်စိုးသောဘုရင်" သို့မဟုတ် "ယုဒလူမျိုးများအပေါ်အာဏာရှိ အုပ်ချုပ်သူ" ဟူ၍ ပြန်ဆိုနိုင်သည်။
- အခြားနေရာများတွင် "ရှင်ဘုရင်၏" ဟူသောစကားစုကို မည်သို့ဘာသာပြန်ကြောင်းကိုလည်း စစ်ဆေးပါ။

## ယုံကြည်ခြင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ယေဘုယျအားဖြင့် "ယုံကြည်ခြင်း" ဟူသော ဝေါဟာရသည် တစ်စုံတစ်ဦးကို ယုံကြည်မှု (သို့) ယုံကြည်စိတ်ချမှုကို ရည်ညွှန်းသည်။

- တစ်စုံတစ်ယောက်ကို "ယုံကြည်ခြင်းရှိ" ဆိုသည်မှာ ထိုသူ၏ပြောခြင်းနှင့် လုပ်ဆောင်မှုသည် မှန်ကန်ပြီး၊ အားကိုးထိုက်သည်ဟူ၍ ယုံကြည်ရန် ဖြစ်ပါသည်။
- "ယေရှု၌ ယုံကြည်ခြင်းရှိ" အဓိပ္ပါယ် မှာ ယေရှုအကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ သွန်သင်ခြင်းအားလုံး ကိုယုံကြည်ဖို့ကိုဆိုလိုပါသည်။ အထူးသဖြင့် လူများတို့၏မိမိအပြစ်ကို သန့်ရှင်းစေရန်နှင့် သူတို့သည် မိမိတို့ အပြစ်တရား၏ပြစ်ဒဏ်မှ ကယ်တင်ရန် ယေရှုနှင့် ယဇ်ပူဇော်သောသူ၌ ခိုလှုံခြင်းကို ဆိုလိုသည်။
- စစ်မှန်သောယုံကြည်ခြင်း (သို့) ယေရှုကိုယုံကြည်ခြင်းသည် လူတစ်ဦး၏အသက်တာတွင်ကောင်းသောဝိညာဉ်အသီးအပွင့်များ (သို့) ပြုမူကျင့်ကြံပုံများ ဖြစ်ပေါ်စေရန် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအဓိက ဖြစ်သည်။
- တစ်ခါတစ်ရံ "ယုံကြည်ခြင်း" ဟူသောဝေါဟာရသည် ယေရှု၏သွန်သင်ခြင်းအကြောင်းအရာများကို ရည်ညွှန်းရာတွင် "ယုံကြည်ခြင်း၏ သမ္မာတရားများ" ဟူ၍ ဖော်ပြသည်။
- ထိုကဲ့သို့သော "ယုံကြည်ခြင်းကိုစောင့်ရှောက်" (သို့) "ယုံကြည်ခြင်းကိုစွန့်လွှတ်ခြင်း၊" "ယုံကြည်ခြင်း" ဟူသော ဝေါဟာရသည် ယေရှုခရစ်တော်သင်ကြားပေးခဲ့သော အကြောင်းအရာများကို ယုံကြည်နေသောအခြေအနေကို ရည်ညွှန်းသည်။

## ယေခေါနိ

အချက်အလက်

ယေခေါနိသည်ယုဒပြည်ကိုအုပ်ချုပ်ခဲ့သောဘုရင်တစ်ပါးဖြစ်သည်။

- ယောယကိမ်သည် အသက် ၁၈ နှစ်တွင်နန်းတက်သည် သူသည် သုံးလသာ နန်းစံခဲ့ပြီးနောက် စစ်သုံ့ပန်းအဖြစ် ဗာဗုလုန်ပြည်သို့ခေါ် ဆောင်သွားခြင်းခံခဲ့ရသည်။
- တိုတောင်းသောအုပ်ချုပ်သာလ၌ သူ၏ယခင်ယောယကိမ်မင်းကြီးနှင့်သူ၏အဖိုး မနာရှေမင်းကြီးကဲ့သို့ဆိုးယုတ်သောအမှုတို့ကိုပြုခဲ့သည်။

## ယေရမိ

အချက်အလက်

ယေရမိသည် ယုဒပြည်၌ပရောဖက်ဖြစ်သည် ဓမ္မဟောင်းကျမ်းတွင်ယေရမိ၏ ပရောဖက်ပြုချက်များပါဝင်သည်။

- ဘုရားသခင်သည် ဣသရေလလူမျိုးအပေါ်သူတို့၏အပြစ်ကြောင့် အပြစ်ဒဏ်ပေးမည့်အကြောင်းကို အခြားသောပရောဖက်ကဲ့သို့ သတိပေးလေ့ရှိခဲ့သည်။
- ယေရမိသည် ယေရုရှလင်မြို့ကို ဗာဗုလုန်တွေ သိမ်းဆည်းမည့်အကြောင်းကို ပရောဖက်ပြုသော ကြောင့် ယုဒလူတို့သည် သူ့ကိုအမျက်ဒေါသထွက်ခဲ့သည်။ ထိုကြောင့် သူတို့သည် ယေရမိကိုသေစေရန် နက်၍ခြောက်သွေ့သောရေတွင်း၌ထည့်ထားခဲ့သည်။ သို့ သော်လည်း ယုဒဘုရင်သည်ယေရမိကို ရေတွင်းမှနုတ်ယူရန် သူ့လူကိုအမိန့်ပေးခဲ့သည်။
- ယေရမိသည် သူ၏လူမျိုးများ ပုံကန်ခြင်း ဆင်းရဲဒုက္ခကြုံတွေ့မှုအပေါ် အလွန်ဝမ်းနည်းကြေကွဲပြီး သူ၏မျက်စိမှထွက်သော မျက်ရည်များသည် စမ်းရေတွင်းကဲ့သို့ ဖြစ်ကြောင့် ရေးသားဖော်ပြခဲ့သည်။

 generated on Tue Mar 12 16:35:02 2024

## ယေရိခေါ

အချက်အလက်

ခါနန်ပြည် ယေရိခေါမြို့သည် အင်အားကြီးမားသောမြို့ဖြစ်ခဲ့သည်ထိုသည် ယောဒန်မြစ်အနောက်ပိုင်းနှင့်(ပင်လယ်သေ) ဆားငန်ပင်လယ်မြောက်ပိုင်းကြားတွင်တည်ရှိသည်။

- ယေရိခေါလူတို့သည် ခါနန်လူများများကဲ့သို့ မှားယွင်းသောဘုရားများကိုဝတ်ပြုခဲ့ကြသည်။
- ဘုရားသခင်သည်ဣသရေလလူမျိုးများကို ခါနန်ပြည်မှ ယေရိခေါမြို့သို့ ပထမဆုံးသိမ်းယူနန်မှာကြားခဲ့သည်။
- ယောရှုသည် ဣသရေလလူမျိုးကို ဦးဆောင်ပြီးယေရိခေါမြို့ကိုတိုက်ခိုက်စဥ် ဘုရားသခင်သည်ကြီးမားသောနိမိတ်လက္ခဏာပြခြင်းဖြင့် အနိုင်ရအောင်ကူညီခဲ့သည်။

## ယေရုရှလင်

အချက်အလက်

ယေရုရှလင်သည် မူလရှေ့ဟောင်းခါနန်မြို့ ဖြစ်ခဲ့ပြီးနောက် ဣသရေလပြည်၌ အလွန်အရေးကြီးဆုံးသောမြို့ တစ်မြို့ဖြစ်ခဲ့သည်။ ဤမြို့သည် ပင်လယ်သေ အနောက်ပိုင်းနှင့် ဗက်လင်မြို့၏ မြောက်ပိုင်း၌ တည်ရှိသည်။ ယနေ့ထိတိုင်အောင် ဤမြို့သည် ဣသရေလ ပြည်၏ မြို့တော်ဖြစ်သည်။

- ယောရှုမှတ်စာတွင် ယေရုရှလင်အမည်ကို ပထမဦးဆုံးဖော်ပြခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ဤမြို့အမည်ကို "ရှာလင်၊ ယေဗု "မြို့နှင့်" ဇီးအုန်" ဟုခေါ်သည်။ ယေရုရှလင် နှင့် ရှလင် နှစ်ခုစလုံးသည်
- ငြိမ်းချမ်းခြင်းဟု အဓိပ္ပါယ်ရှိသည်။
- ဘုရင်ဒါဝိဒ်သည် မူလယေဗု သိတော (ဇိအုန်) သိမ်းပိုက်ပြီး ယေရုရှလင် ကိုမြို့တော်ပြုလုပ်ခဲ့သည်။
- ယေရုရှလင်မြို့သည် ဘုရင်ဒါဝိဒ်၏သားတော် ရှောလမုန် ပထမဗိမ္မာန်တော် တည်ဆောက်သောနေရာနှင့် အဗြံဟံသည် သူ၏သားဣဇက်ကို ဘုရားသခင်အား ယစ်ပူဇော်သော မောရိတောင်
- နေရာဖြစ်သည်။ ဤဗိမ္မာန်တော်သည် ဗာဗုလုန်များ ဖျက်ဆီးခဲ့ပြီးနောက် ပြန်လည်တည်ဆောက်ခဲ့သည်။
- ယေရုရှလင်မြို့၌ ဗိမ္မာန်တော်ရှိသောကြောင့် ယုဒဘာသာ၏အရေးကြီးသော ပွဲတော်များကို ကျင်းပလေ့ရှိသည်။
- ယေရုရှလင်မြို့သည် တောင်ပေါ်တွင်တည်ရှိသောကြောင့်ပုံမှန်အားဖြင့် အပေါ် သို့တက်သည်ဟုရည်ရွယ်ပြောဆိုကြသည်။

## ယေရှဲ

အချက်အလက်

ယေရှဲသည် ဒါဝိဒ်သားဖြစ်ပြီး ဗောဇနှင့် ရုသတို့၏ မြေးဖြစ်သည်။

- ယေရှဲသည် ယုဒအမျိုးဖြစ်သည်။
- သူသည် ဧဖရတ်မြို့ (ဗက်လင်မြို့) မှလာသော ဧဖရတ်မြို့သား ဖြစ်သည်။
- ပရောဖက်ဟေရှာယက ယေရှဲ၏အမြစ် (သို့ ) အကိုင်းခက်မှ အသီးသီးမည်ဟု ပရောဖက်ပြု ပြောဆိုခဲ့သည်။

## ယောန

အချက်အလက်

ယောနသည် ဓမ္မဟောင်းကျမ်းတွင်ရှိသော ဟေဗြဲပရောဖက်တစ်ပါးဖြစ်သည်။

- ယောနဝတ္တုသည် ဘုရားသခင်မှယောနအား နိနေဝေ မြို့သူ၊ သားများဆီသို့ တရားဟောရန်စေလွှတ်သော အကြောင်းကိုဖော်ပြချက်ဖြစ်သည်။
- ယောနသည် နိနေဝေမြို့ သို့သွားရန်ငြင်းဆိုပြီး သင်္ဘောဖြင့်အခြားသို့ထွက်သွားခဲ့သည်။
- ဘုရားသခင်သည်သင်္ဘောအား ကြီးမားသောလေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းကိုဖြစ်စေသည်။
- သင်္ဘောသမားများမှ ယောနသည် ဘုရားသခင်ကိုမနာခံကြောင့်သိသောအခါ မုန်တိုင်းတိုက်ခတ်သောပင်လယ်ထဲသို့ လွှင့်ပစ်လိုက်ကြသည်။
- ငါးကြီးမှယောနအားဝါးမြိုပြီး ငါးကြီးဝမ်းဗိုက်ထဲ၌ သုံးရက်သုံးညနေခဲ့သည်။
- ၎င်းနောက်တွင် ယောနသည် နိနေဝေ မြို့သို့သွားပြီး အပြစ်မှနောင်တရပြီး ဘုရားထံလှည့်လာရန်ဟောပြောခဲ့သည်။

## ယောယကိမ်

အချက်အလက်

BC-600 လောက်တွင် ယောယကိမ်သည် ယုဒပြည်ကိုအုပ်စိုးသော ယုတ်မာသောဘုရင်ဖြစ်သည်။
သူသည်ဘုရင်ယောရှိ၏သားဖြစ်သည် သူ၏နာမည်အရင်းသည်ဧလျာကိမ်ဖြစ်သည်။

- အဲဂုတ္တုဖါရောဘုရင် နေခေါသည်ဧလကိမ်ကိုယောယကိမ်ဟုအမည်သစ်ပေးပြီးယုဒပြည်ဘုရင်အဖြင့်နန်းတင်ခဲ့သည်။
- နေခေါသည် ယောယကိမ်အားအဲဂုတ္တုပြည်ကိုကြီးမားသောအခွန်အကောက်များကောက်ခံဆက်သရန် အတင်းအကြပ်စေခိုင်းခဲ့သည်။
- ယုဒပြည်သည် ရှင်ဘုရင်နေဗုခဒ်နေဇာ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် ယောယကိမ်သည် ဗာဗုလုန်သို့ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည်။
- ယောယကိမ်သည်ယုဒလူမျိုးကိုဘုရားသခင်ထံမှဝေးကွာအောင်

ဦးဆောင်သော အလွန်ဆိုးညစ်သည့်ဘုရင်ဖြစ်သည်။ ပရောဖက်ယေရမိသည်သူ့ကိုဆန့်ကျင်ပရောဖက်ပြုခဲ့သည်။

## ယောရှ

အချက်အလက်

ဓမ္မဟောင်းကျမ်းတွင် ယောရှအမည်ရှိသော အမျိုးသားတချို့တွေ့ရသည်။

- ဣသရေလလူများကို ကယ်နုတ်သော ဂိဒေါင်၏အဘဖြစ်သည်။
- ယောရှနောက်တဦးမှာ ယာကုပ်၏ ညီအငယ်ဆုံးဖြစ်သော ဗင်ယာမိန်၏ မျိုးဆက်ဖြစ်သည်။
- လူသိများသောယောရှတဦးမှာ အသက်ခုနှစ်နှစ်အရွယ်တွင် ရှင်ဘုရင်ဖြစ်သော ယုဒဘုရင်ယောရှဖြစ်သည်။ အသတ်ခံရသော ယုဒရှင်ဘုရင် အာခဇိ၏သားဖြစ်သည်။
- ယောရှ ကလေးဘဝတွင် သူအသတ်မခံရဘဲ့ သူ၏ အဒေါ် ဖြစ်သူက ယောရှကို ဘုရင်တယောက်ဖြစ်လာနိုင်သည့် အရွယ်ထိ ရောက်အောင် ဝှက်ထားပေးခဲ့သည်။
- အစပိုင်းတွင် ယောရှဘုရင်သည် ဘုရားစကားနားထောင်ပြီး ကောင်းသောဘုရင်တဦးဖြစ်ခဲ့သည်။ သို့ရာတွင် မြင့်သောအရပ်တို့ကို မဖယ်ရှားခဲ့သောကြောင့်ဣသရေလလူမျိုးများသည် ရုပ်တုကို တဖန်ကိုးကွယ်ကြပြန်သည်။
- ယောရှ ဘုရင်သည် ဣသရေလကို အုပ်ချုပ်နေချိန်တွင် ဘုရင်ယောရှသည် ယုဒပြည်ကို နှစ်အတော်အတန် အုပ်ချုပ်ခဲ့သည်။ ဘုရင် ၂ ပါး မတူကြပါ။

## ယောရှဖတ်

အချက်အလက်

ယောရှဖတ်၏နာမည်ကို ဓမ္မဟောင်း၌အနည်းဆုံး နှစ်ဦးတွေ့ရသည်။

- ဘုရင်ယောရှဖတ်ကိုယုဒပြည်၌ စတုတ္ထဘုရင်အဖြင့် လူသိများကြသည်။
- သူသည်ယုဒပြည်နှင့် ဣသရေလပြည်နှစ်ခုကြား ငြိမ်းချမ်းရေးတည်ထောင်ခဲ့သည်။ မှားယွင်းသောဘုရားများ၏ယစ်ပလ္လင်များကိုဖျက်ဆီးခဲ့သည်။
- အခြားတစ်ဦးဖြစ်သောယောရှဖတ်သည် ဘုရင်ဒါဝိဒ်နှင့် ရှောလမုန်တို့အတွက် "မှတ်တမ်းတင်သူ" ဖြစ်သည်။ သူ၏အလုပ်သည် ဘုရင်လက်မှတ်ရေးထိုးရန် စာချုပ်စာတန်းရေးသားခြင်းနှင့် တိုင်းပြည်၌ အရေးကြီးသောဖြစ်ရပ်များ၊ သမိုင်းများကိုမှတ်တမ်းတင်ရန်ဖြစ်သည်။

ရန်ဖြစ်သည်။

## ယောရှိ

အချက်အလက်

ယောရှိဟာဘုရားတရား ကြည်ညိုသောဘုရင်ဖြစ်ပြီး၊ သူဟာယုဒပြည်ကို သုံးဆယ့်တစ်နှစ်တိုင်တိုင်အုပ်ချုပ်ခဲ့သည်။ သူဟာ ယုဒပြည်သူလူထုများ နောင်တတရားနှင့် ယာဝေဘုရားကို ဝတ်ပြုကိုးကွယ်ဖို့ရန် ဦးဆောင်ခဲ့သည်။

- ယောရှိ၏ ဖခင်အသတ်ခံရပြီးနောက်၊ ယောရှိဟာ အသက်ရှစ်နှစ်အရွယ်မှာပဲ ဘုရင်နန်းတက်ခဲ့သည်။
- ဆယ့်ရှစ်နှစ်အုပ်ချုပ်ပြီးနောက်၊ ဘုရင်ယောရှိဟာ ယဇ်ပုရောဟိတ် ဟိလခိကို ဘုရား၏ ဗိမ္မာန်တော် ပြန်လည်တည်ဆောက်ရန် မိန့်မှာခဲ့ပါသည်။ ဗိမ္မာန်တော် ပြီးတဲ့အခါမှာ ဥပဒေစာအုပ်ကို တွေ့ရှိခဲ့သည်။


generated on Tue Mar 12 16:35:02 2024

- ယောရှိဟာ ဥပဒေစာအုပ်ကို ဖတ်သောအခါ၊ သူ၏လူတွေဟာ ဘုရားစကားနာခံနေပြီးသကာလ သူဟာ သောကဒုက္ခရောက်ခြင်းခံခဲ့ရပါသည်။ သူမိန့်ဆိုတာက နေရာအနှံ့မှာ ကိုးကွယ်နေတဲ့ ရုပ်တုဘုရားများကို ဖျက်ဆီးရန်နှင့် မှားယွင်းသောဘုရားကို ကိုးကွယ်နေသော ဘုန်းကြီးများကို သတ်စေ ဆိုပြီး မိန့်ဆိုခဲ့သည်။
- ထို့နောက် ယောရှိဟာ သူ့ပြည်သူလူထုများကို ထူးခြားသော အောင်ပွဲအခန်းအနား ကျင်းပဖို့ရန် မိန့်ဆိုခဲ့ပါသည်။

## ယောသံ

### အချက်အလက်

ဓမ္မဟောင်းကျမ်းတွင် ယောသံအမည်ရှိသော လူပုဂ္ဂိုလ် သုံးဦးရှိပါသည်။

- ယောသံဟာ ဂိဒေါင်၏သားအငယ်ဆုံးဖြစ်သည်။ ယောသံဟာ သူ၏ အစ်ကိုကြီးဖြစ်သော အဘိမလက်မင်း၏ စစ်ရှုံးခြင်းကို ကူညီခဲ့သည်။ ကျန်ရှိသောသူ၏ ညီကိုများအားလုံး အသတ်ခံခဲ့ရသည်။
- ယောသံအမည်ရှိနောက် တယောက်ဟာသူ၏ ဖခင်ဩဇိသေဆုံးပြီးနောက်၊ ယောသံဟ ယုဒပြည်ကို ဆယ့်ခြောက်နှစ်တိုင် ဘုရင်နိစ္စထာဝရပလ္လင်ကို ဆက်ခံခဲ့သည်။
- ယောသံသည် သူ၏ ဖခင်ကဲ့သို့ မှန်မြတ်တဲ့ဘုရင်ဖြစ်ပြီး ဘုရားသခင်ကို ကိုးစားနာခံသော ရှင်ဘုရင်ဖြစ်ခဲ့သည်။
- သို့သော်လည်းသူဟာ ရုပ်တုဆင်းတုများကို မဖယ်ရှားနိုင်ခဲ့သော်လည်း ယုဒလူထုကို ဘုရားသခင်ထံ ခေါ်ဆောင်သွားနိုင်ခဲ့သည်။
- ယောသံဟာ ရှင်မဿဲခရစ်ဝင်ကျမ်းမှာ ယေရှု၏ ဆွေစဉ်မျိုးဆက် ဘိုးဘေးဘီဘင်သမိုင်းတွင် ပါဝင်နေသူဖြစ်သည်။

## ရာခပ်

### အချက်အလက်

ရာခပ်သည် ဣသရေလများ ယေရိခေါမြို့ကို တိုက်ခိုက်စဉ် ယေရိခေါမြို့တွင် နေထိုင်သောသူ အမျိုးသမီးဖြစ်သည်။ သူမသည် ပြည့်တန်ဆာတစ်ဦးလည်း ဖြစ်သည်။

- ရာခပ်သည် ဣသရေလလူမျိုးများ ယေရိခေါမြို့ကို မတိုက်ခိုက်မီ ဣသရေလမှ သူလျှိုနှစ်ဦးအား ဝှက်ထားသူဖြစ်သည်။ သူမသည် သူလျှိုနှစ်ဦးအား ဣသရေလသို့ ပြန်လည်လွတ်မြောက်ရန်လည်း ကူညီခဲ့သည်။
- ရာခပ်သည် ယေဟောဝါအား ယုံကြည်လာ တစ်ဦးဖြစ်လာသည်။
- ရာခပ်နှင့် သူမ၏ မိသားစုသည် ယေရခေါမြို့ဖျက်ဆီးခြင်းခံရချိန်၌ လွတ်ငြိမ်းချမ်းသာခွင့်ရပြီး ဣသရေလလူမျိုးများနှင့် အတူနေထိုင်ရန် အခွင့်ရခဲ့ကြသည်။

## ရာခေလ

### အချက်အလက်

ရာခေလသည် ယာကုပ်၏ အမျိုးသမီးဖြစ်သည်။ ရာခေလနှင့် သူမ၏ အမလေအာတို့သည် ယာကုပ်၏ ဦးလေး လာဗန်၏ သမီးများဖြစ်ကြသည်။

- ရာခေလသည် ယောသပ်နှင့်ဗယ်ာမိန် တို့၏ အမေဖြစ်၏။ ဣသရေလမျိုးနွယ်စု ဖြစ်လာမည့် ညီအစ်ကိုနှစ်ယောက်ဖြစ်သည်။
- နှစ်ပေါင်းကြာသည့်တိုင် ရာခေလသည် သန္ဓေမတည်နိုင်ခဲ့ပေ။ ထို့နောက် ယောသပ်အား ဖွားမြင်သောအခွင့်ကို ထာဝရဘုရားပေးတော်မူ၏။
- နှစ်အနည်းငယ်ပြီးနောက် ဗယ်ာမိန်အား ဖွားချိန်တွင် ယာခေလ သေဆုံးလေ၏။ သူမအား ယာကုပ်သည် ဗက်လင်မြို့အနီး၌ သင်္ဂြိုဟ်၏။

## ရာဇ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ရာဇ" ဆိုသည်ကို ရှင်ဘုရင် သို့မဟုတ် မိဖုရားနှင့် သက်ဆိုင်သည့်လူနှင့်အရာဝတ္ထုများကို ဖော်ညွှန်းသည်။

- "ရာဇ" တွင် သရဖူ သို့မဟုတ် ပလ္လင်၊ နန်းတော်၊ ရှင်ဘုရင်၏ အဝတ်အစား စသည်တို့ကို ဆိုလိုသည်။
- နန်းတော်တွင် ဘုရင် သို့မဟုတ် မိဖုရား တို့ နေထိုင်သည်။
- ရှင်ဘုရင်သည် ကောင်းသောအဝတ်စားကို တစ်ခါတရံ "ရာဇ,ဝတ်လုံ" ဟုခေါ်သည်။ တစ်ခါတရံ ဘုရင်၏ အဝတ်အစားသည် ရှားပါး၍ ဈေးကြီးသောခရမ်းရောင်အဝတ်တွေကို ဝတ်ဆင်သည်။
- ဓမ္မသစ်ကျမ်းတွင်သခင်ခရစ်တော်ကိုယုံကြည်သောသူများကို "ရာဇပုရောဟိတ်"ဟုခေါ်သည်။ နောက်တစ်မျိုးအနေဖြင့် "ဘုရားသခင်အတွက် ရာဇပုရောဟိတ်" သို့မဟုတ် " ဘုရားသခင်ခေါ် ခြင်းခံသော ရာဇပုရောဟိတ်" ဟူ၍လည်းဖြစ်သည်။
- "ရာဇ" ကို "ဘုရင်ပိုင်ဆိုင်သော" သို့မဟုတ် "ဘုရင်တို့၏" ဟုလည်း ပြန်ဆိုရသည်။

## ရှိသေ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ရှိသေ" ဆိုသောဝေါဟာရသည် အလေးအနက်ထားသည်၊ တစ်ခုခု သို့မဟုတ် တစ်ဦးတစ်ယောက်ကို ကြည်ညိုခြင်းကို ရည်ညွှန်းသည်။

- ရှိသေပေးခြင်း ဆိုသည်မှာ လူတစ်ယောက်ရဲ့ ပြုမူလုပ်ဆောင်ခြင်းကို ကြည့်ခြင်းအားဖြင့်လည်း တွေ့နိုင်ပါသည်။
- ထာဝရဘုရားကို ကြောက်ရွံ့ရှိသေခြင်းသည် ဘုရားသခင်၏ ပညတ်တော်များကို နာခံလိုက်လျှောက်ခြင်းဖြစ်သည်။
- ဤဝေါဟာရကို "ကြောက်ရွံ့ခြင်းနှင့်လေးစားမှု" သို့မဟုတ် "စစ်မှန်သောလေးစားမှု" ဟူ၍ ပြန်ဆိုနိုင်သည်။

## ရုသ

### အချက်အလက်

ရုသ သည်ဣသရေလတိုင်းပြည်ကို တရားသူကြီးများအုပ်စိုးစဉ်အချိန်သူမ့်သားစုနှင့်အတူ မောဘပြည်သို့ပြောင်းရွှေ့သွားသူ ဣသရေလလူတစ်ယောက်ကို လက်ထပ်ယူခဲ့သောမောဘအမျိုးသမီးတစ်ယောက်ဖြစ်သည်။

- ရုသယောက်ျားကွယ်လွန်ပြီးနောက်ဣသရေလတိုင်းပြည်ရှိသူမ၏မြို့တော်ဗက်လင်မြို့သို့ ပြန်မည့်သူ့ယောက္ခမနောမိနှင့်အတူလိုက်သွားရန်မောဘပြည်ကို သူမစွန့်ခွာခဲ့သည်။
- ရုသသည် ယောက္ခမနောမိအပေါ်သစ္စာရှိပြီး သူမကိုလုပ်ကျွေးဖို့ရန်ကြိုးစားခဲ့သူဖြစ်သည်။
- သူမသည်ဣသရေလတို့၏ စစ်မှန်သောဘုရားတစ်ပါးကိုသာ အစေခံခြင်းငှါ အပ်နှံထားသူလည်းဖြစ်သည်။
- ရုသသည် ဘောဇဟုအမည်ရသော ဣသရေလအမျိုးသားတစ်ယောက်ကိုလက်ထပ်ယူခဲ့ပြီး ယေရှု၏ဆွေစဉ်မျိုးဆက်နှင့်ဒါဝိဒ်မင်း၏ အဘိုးဖြစ်လာခဲ့သူသားတစ်ယောက်ကိုလည်းမွေးဖွားပေးနိုင်ခဲ့သည်။

## ရေလွှမ်းမိုးခြင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"ရေလွှမ်းမိုးခြင်း" ဟူသော စကားလုံးသည် ကြီးမားသောရေကြီးခြင်းအားဖြင့် ကုန်းမြေတစ်ခုလုံးကို ဖုံးအုပ်ထားခြင်းကို ရည်ညွှန်းထားခြင်းဖြစ်သည်။

- "ရေလွှမ်းမိုးခြင်း" ဟူသောစကားလုံးသည် ကြီးမားသောအရာတစ်ခုကလွှမ်းမိုးလိုက်ခြင်း အထူးသဖြင့် ရုတ်တရက်ဖြစ်ပေါ်မျိုးကို တင်းစားခြင်းကိုလည်း ရည်ညွှန်းသည်။
- နောဧ၏အချိန်ကာလ၌ လူအပေါင်းတို့သည် ဘုရားသခင်ရှေ့တော်၌ အပြစ်များသောကြောင့် ကမ္ဘာမျက်နှာပြင်တစ်ခုလုံးကို ရေလွှမ်းမိုးစေ၍ တောင်တန်းကြီးများလည်းရေဖြင့်လွှမ်းမိုးခြင်းခံခဲ့သည်။ နောဧ၏သင်္ဘောထဲ၌ မပါရှိသောသူမှန်သမျှသည် နစ်မြုပ်ခံခဲ့ကြရသည်။ အရာအားလုံးနစ်မြုပ်ပြီးသေးငယ်သော ကုန်းမြေတစ်ခုသာကျန်ရှိတော့သည်။
- ဤစကားလုံးကို မျက်မြင်ဖော်ပြရလျှင် "မြစ်ရေလွှမ်းမိုးသောကုန်းမြေ" ဟူ၍ ဖော်ပြနိုင်သည်။

## ရောဗောင်

### အချက်အလက်

ရောဗောင်သည် ရှောလမုန်မင်းကြီး၏ သားတော်ဖြစ်ပြီး ရှောလမုန်မင်းကြီး နတ်ရွာစံပြီးနောက် ဣသရေလလူမျိုးတို့၏ ရှင်ဘုရင်ဖြစ်လာသူဖြစ်သည်။

- သူ၏ အုပ်ချုပ်ခြင်းအစ၌ ရောဗောင်မင်းကြီးသည် သူ၏လူများကို မညှာမတာပြုသောကြောင့် ဣသရေလ၏ မျိုးနွယ်စု (၁၀) စုသည် သူ့အားပုန်ကန်ပြီး မြောက်ပိုင်းအရပ်တွင် ဘုရင်နိုင်ငံ အစပြုကာ ဣသရေလတိုင်းပြည် ထူထောင်လေ၏။
- ရောဗောင်သည် တောင်ပိုင်းတိုင်းပြည်၏ ဘုရင်အဖြစ် ဆက်လက်အုပ်ချုပ်သည်။ ယုဒနှင့် ဗယာမင်မျိုးနွယ်စုနှစ်စု ပါဝင်သော ယုဒပြည်ကို အုပ်ချုပ်သည်။
- ရောဗောင်သည် လွဲမှားသော နတ်ဘုရားများကို ကိုးကွယ်ပြီး ဘုရားသခင်အားဆန့်ကျင်သော ရက်စက်သည့် ဘုရင်တစ်ပါးဖြစ်သည်။

## ရွှေ၊

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ရွှေသည်အဝါရောင်ရှိသောသတ္တုဖြစ်ပြီး လက်ဝတ်ရတနာများနှင့် ဘာသာရေးနှင့်ဆိုင်သည့်အရာဝတ္ထုများတွင်အသုံးပြုလေ့ရှိသည်။ ထို့ကြောင့်ရှေးကာလ၌တန်ဖိုးအရှိဆုံးအရာတစ်ခုဖြစ်ခဲ့သည်။

- သမ္မာကျမ်းစာခေတ်တွင် ရည်ရွယ်ချက်အမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးဖြင့် ရွှေများကိုအနုပညာပါပါပြုလုပ်ခဲ့ ပါသည်။
- ၎င်းအထဲတွင် နားကပ်နှင့် အခြား လက်ဝတ်ရတနာများ၊ ပညတ်တော်သေတ္တာ အပါအဝင် ဗိမာန်တော်တန်ဆာဆင်ခြင်းပစ္စည်းများ ပါဝင် ပါသည်။
- ဓမ္မဟောင်းခေတ်တွင်မူ ရွှေကို ကုန်ပစ္စည်းရောင်းဝယ်ခြင်း ကြားခံပစ္စည်းအဖြစ် အသုံးပြုသည်။ အလေးကိုချိန်ပြီး တန်ဘိုးဖြတ်ကြသည်။
- နောက်ပိုင်းတွင် ရွှေတင်မက ငွေနှင့် အခြားသတ္တုများ ကို ဒင်္ဂါးအဖြစ် ပြုလုပ်ကာ ကုန်ပစ္စည်းရောင်းဝယ်ရာတွင် သုံးစွဲလာကြသည်။
- ရွှေ ကို သုံးစွဲရာတွင် အတုံးလိုက်အခဲလိုက် သုံးစွဲခြင်း မဟုတ်ဘဲ ရွှေရတု၊ ရွှေရည်စိမ်၊ အလှကုန်လက်ဝတ်ရတနာပစ္စည်းအနေနှင့် ပြုလုပ် သုံးစွဲ လာကြပါ သည်။
- တစ်ခါတစ်ရံ ရွှေရောင်ပြုလုပ်ထားသော အလှဆင်ပစ္စည်းများလည်းရှိ ပါသည်။ သို့သော် ရွှေစစ်စစ် နှင့်ပြုလုပ်ထားခြင်းမဟုတ်ပါ။

## ရှေမ

### အချက်အလက်

ကမ္ဘာဦးကျမ်းထဲမှာ တစ်လောကလုံးကို ရေလွှမ်းမိုးစဉ်အချိန်တွင် နောဧ၏သားသုံးယောက်ထဲကမှ တစ်ယောက်အပါအဝင် ရှေမသည် သင်္ဘောကြီးနှင့်အတူ ထွက်ခွာခဲ့သည်။

- ရှေမအနွယ်သည် အာဗြဟံ၏ ဘိုးဘွားဘီဘင်ဖြစ်သည် သာမက သူ့ထံမှလည်း ဆင်းသက်လာသည်။
- ရှေမအနွယ်မှ ဆင်းသက်သော ဟေဗြဲနှင့်အရမ်အဖြစ် ဆီးမိုက်ဘာသာစကားများ "ဆီမိုက်" အဖြစ်လူသိများခဲ့သည်။
- ဓမ္မကျမ်းစာတွင် ရှေမ၏အသက် ခြောက်ရာ နီးပါးရှည်လျားသည်ကို မှတ်တမ်းသင်ထားပါသည်။

## ရှေသ

### အချက်အလက်

ကမ္ဘာဦးကျမ်း ထဲတွင် ရှေသသည် အာဒံနှင့် ဧဝတို့၏ တတိယ မြောက်သားဖြစ်သည်။

- ဧဝသည် သူ့အကိုကာဣနသတ်သော အာဗေလကိုယ်စား ရှေသကို ပေးပြီးဟုဆိုသည်။
- နောဧသည် ရှေသ၏ အမျိုးနွယ်မှ ဆင်းသက်သူတစ်ဦးဖြစ်သောကြောင့် ရေလွှမ်းမိုးချိန်ကတည်းကရှိသော သူအားလုံးသည့်လည်း ရှေသ၏ အနွယ်မှ ဆင်းသက်လာသောသူများ ဖြစ်ကြသည်။
- ရှေသနှင့် သူ၏မိသားစု တို့သည် ပထမဦးဆုံးသော ထာဝရဘုရား၏နာမတော်ကို အမှီပြု ခေါ်သောသူများဖြစ်သည်။

## ရှောလမုန်

### အချက်အလက်

ရှောလမုန်သည် ရှင်ဘုရင်ဒါဝိဒ်၏သားတစ်ဦးဖြစ်သည်။ သူ၏မိခင်မှာ ဗာသရှေဘဖြစ်သည်။

- ရှောလမုန်ဘုရင်ဖြစ်လာချိန်တွင် ထာဝရဘုရားကသူ့အားလိုချင်တောင်းတသောအရာကို ပေးမည်ဟုမိန့်တော်မူခဲ့သည်။ ထို့ကြောင့် ရှောလမုန်သည် ထာဝရဘုရားထံတော်မှ လူတို့အားသမ္မာသမတ်ကျကျအုပ်ချုပ်နိုင်သော ဉာဏ်ပညာကိုတောင်းလျှောက်ခဲ့သည်။ ထာဝရဘုရားကလည်းသူ၏ဆန္ဒဖြစ်သော ဉာဏ်ပညာနှင့် ကြွယ်ဝမှုကို ပေးတော်မူခဲ့သည်။
- ရှောလမုန်မင်းကြီးအားအများစုက ယေရုရှလင်မြို့တော်တွင် ခမ်းနားထယ်ဝါသောဗိမာန်တော်ကို တည်ဆောက်သူအဖြစ် သိထားကြသည်။
- အစပိုင်းသူ၏အုပ်ချုပ်ရာနှစ်များတွင် ဉာဏ်ပညာရှိစွာအုပ်ချုပ်သောလည်း နောက်ပိုင်းတွင် တစ်ပါးအမျိုးသမီးများနှင့် မိုက်မဲစွာ ထိမ်းမြားခဲ့ခြင်းနှင့် နတ်ဘုရားများကို ကိုးကွယ်ခြင်းတို့ကို မိုက်မဲစွာစတင်လုပ်ဆောင်ခဲ့သည်။
- ရှောလမုန်၏အဖြောင့်မတ်ခြင်ကြောင့်ဖြစ်ကာ သူအနိစ္စရောက်သောနောက်တွင် ထာဝရဘုရားက တိုင်းပြည်ကို နှစ်ခြမ်းခွဲစေခဲ့သည်။ ထိုတိုင်းပြည်နှစ်ခုသည် အချင်းချင်းတိုက်ခိုက်ခြင်းများကို ပြုခဲ့ကြသည်။

## လက်ခံ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဤဝေါဟာရသည် ယေဘုယျအားဖြင့် ပေးထားသော၊ ဖော်ပြထားသော အရာတစ်ခုခုကို လက်ခံရရှိခြင်းဖြစ်သည်။

- 'လက်ခံ' ဟူသည် ခံစားသည် သို့မဟုတ် ကြုံတွေ့ဖူးသည့်အရာ "မိမိခံစားခဲ့သည့် အပြစ်အတွက် ပြစ်ဒဏ်""
- လူတစ်ယောက်အား 'လက်ခံခြင်း' ဟူသည် အထူး နားလည်ခံယူတတ်ခြင်းလည်း ဖြစ်သည်။ ဥပမာအားဖြင့် ဧည့်သည်အား 'လက်ခံရန်' သည် သူတို့အား ကြိုဆိုရန် (သို့) ဧည့်ခံရန်ဟူ၍ အဓိပ္ပာယ်ရပြီး နွေးထွေးသော ဆက်ဆံရေးတည်ဆောက်ရန် ဖြစ်သည်။
- သန့်ရှင်းသော ဝိညာဥ်တော်၏ ဆုကျေးဇူးကို လက်ခံရရှိရန် ကျွန်ုပ်တို့၏ ဘဝအသက်တာတွင် သန့်ရှင်းသော ဝိညာဥ်တော်အား လက်ခံသက်ဝင်စေပြီး လမ်းပြစေခြင်းကို ဆိုလိုသည်။
- ယေရှုခရစ်အားလက်ခံရန်မှာ ယေရှုခရစ်အားဖြင့် ဘုရား၏ ကယ်တင်ခြင်းကို လက်ခံယုံကြည်ခြင်းကို ဆိုလိုသည်။
- မျက်မမြင်သောလူတစ်ဦးက အမြင်အာရုံကို လက်ခံရရှိပါက ဘုရားသခင်အားဖြင့် သူ့အားကုစားခြင်းနှင့် တတ်နိုင်စေခြင်းကို ဆိုလိုသည်။

### ဘာသာပြန်အကြံပြုချက်

- အခြေအနေနှင့် အချိန်အခါအရ လက်ခံခြင်းကို 'လက်ခံရရှိခြင်း' (သို့) 'ကြိုဆိုခြင်း' (သို့) 'ကြုံတွေ့ခြင်း' (သို့) အပေးခံခြင်းဟု ပြန်ဆိုနိုင်သည်။
- 'သင်တို့သည် ဘုန်းတန်ခိုးကိုလက်ခံရလိမ့်မည်' ဟူသည့်ဖော်ပြချက်သည် 'သင်တို့သည် ဘုန်းတန်ခိုးကိုရလိမ့်မည်' (သို့) 'ဘုရားသခင်က သင်တို့အား ဘုန်းတန်ခိုးပေးလိမ့်မည်' (သို့) 'ဘုန်းတန်ခိုးကသင်တို့အပေါ်တွင် ဖြစ်ပေါ်လိမ့်မည်' ဟူ၍ ပြန်ဆိုနိုင်သည်။

## လောဗန်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

လောဗန်ကို မွှေးကြိုင်သောဟင်းခတ်အမွှေးအကြိုင်ပြုလုပ်သည့် ထင်းရှူးစေးဖြင့်ပြုလုပ်သည်။ ထိုအရာကို ရေမွှေးနှင့် အမွှေးနံ့သာ ပူဇော်ခြင်းများ ပြုလုပ်ရန် အသုံးပြုနိုင်သည်။

- သမ္မာကျမ်းစာအချိန်အခါ၌ လောဗန်သည် အရေးကြီးသောအမွှေးနံ့သာဖြစ်၍ လူသေများ သင်္ဂြိုလ်ရာတွင် ပြင်ဆင်ရန် အသုံးပြုသည်။
- ဤအမွှေးအကြိုင်သည် အရည်အသွေးငြိမ်သက်ရန်နှင့် ပျောက်ကင်းစေရန် တန်ဖိုးကြီးသော အရာတစ်ခုဖြစ်သည်။
- အရှေ့ပြည်မှလသောလူကြီးများ ဗက်လဟင်မြို့တွင် မွေးဖွားသော သူငယ်တော် ယေရှု့ခရစ်ထံသို့ လာရောက်ကြချိန်တွင် လောဗန်သည် သူတို့သယ်ဆောင်လာသောလက်ဆောင်များထဲတွင် တတိယတစ်ခုဖြစ်သည်။

## လျှာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

- ကျမ်းစာထဲတွင် လျှာ၏ အဓိပ္ပါယ်ကို များစွာ တွေ့ရသည်။
- ကျမ်းစာ ထဲတွင် လျှာ၏ အဓိပ္ပါယ်ကို " ဘာသာစကား" (သို့) "စကား" ဟု ဖော်ပြထားသည်။
- တခါတရံ မှာ "လျှာ"ကို လူသားများရဲ့ ဘာသာစကားအနေဖြင့် ရည်ညွှန်းသည်။
- တခြားအချိန်မျိုးမှာ သဘာဝလွန် ဘာသာစကားကို သန့်ရှင်းသော ဝိညာဥ်တော်က ယုံကြည်သူများကို "ဝိညာဉ်တော်၏ ဆုကျေးဇူးများ" အဖြစ် ရည်ညွှန်းသည်။
- "လျှာ" ကို "မီးတောက် မီးလျှံ" အဖြစ် ဖော်ပြသည်။
- " ငါ့လျှာ ရွှင်လန်းခြင်း" ဆိုတဲ့ စကားစုတွင် "လျှာ" ဟူသည် လူတစ်ဦးရဲ့ ဖြစ်ခြင်းကို ဆိုလိုသည်။
- "မုသာ၌ ကျင်လည်သော လျှာ " စကားစုမှာ လူတစ်ဦးရဲ့ အသံ သို့မဟုတ် စကား ကို ရည်ညွှန်းသည်။

### ဘာသာပြန် အကြံပြုချက်

- " လျှာ" ဟူသည့် စကားကို " ဘာသာစကား" (သို့) " ဝိညာဉ် ဘာသာစကား" ဟူ၍ စကားစုပေါ် မူတည်ပြီး ဖော်ပြထားသည်။ အကယ်၍ ရည်ညွှန်းချက်ကို မရှင်းလင်းခဲ့ပါက အကောင်းဆုံး ဘာသာပြန်ဆိုခြင်းမှာ "ဘာသာစကား" ဟု ပြန်ဆိုနိုင်သည်။
- အကယ်၍ မီးလျှံဟု ရည်ညွှန်းတဲ့ အခါမှာ "မီးတောက် မီးလျှံ" ဟု ပြန်ဆိုနိုင်သည်။
- " ငါ့ဝိညာဉ် ရွှင်လန်းခြင်း" ဆိုတာကို " ငါဝမ်းမြောက်၍ ဘုရားကို ချီးမွမ်း" (သို့) " ငါဝမ်းမြောက်စွာ ဘုရားကို ချီးမွမ်း" ဟု ပြန်ဆိုနိုင်သည်။
- "မုသာသုံးသော လျှာ" ဆိုတာကို " မုသာ ပြောသောသူ" (သို့) "လူများကို လိမ်ညာသူ" ဟု ပြန်ဆိုနိုင်သည်။

 

- "သူတို့၏ လျှာ" ဆိုတာကို "သူတို့ဘာပြောလဲ" (သို့) "သူတို့၏ စကားများအားဖြင့်" ဟု ပြန်ဆိုနိုင်သည်။

## ဝမ်းမြောက်ခြင်း

အသုံးအနှုန်းများ၏အဓိပ္ပါယ်

'ပြန်လည်ဝမ်းမြောက်ခြင်း' ဟူသော ဝေါဟာရသည် 'ပျော်ရွှင်ခြင်းနှင့် ပြည့်စုံခြင်း' နှင့် 'ဝမ်းသာခြင်း' ဟူ၍ ဖြစ်သည်။

- ဤဝေါဟာရသည် ဘုရားသခင်ပြုတော်မူသော ဆုကျေးဇူးများအပေါ် အလွန်ပျော်ရွှင်ခြင်းကို ဆိုလိုသည်။
- 'အလွန်ပျော်ရွှင်ခြင်း' (သို့) 'အလွန်ဝမ်းသာခြင်း' (သို့) 'ပျော်ရွှင်စရာနှင့်ပြည့်နေခြင်း' ဟူ၍ ဘာသာပြန်နိုင်သည်။
- 'ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်းမည်' ဟု မာရိကဆိုသောအခါ 'ဘုရားသခင်က ကျွန်ုပ်အားဝမ်းမြောက်စေသည်' (သို့) 'ဘုရားသခင်၏ ဆုကျေးဇူးကြောင့် ကျွန်ုပ်သည် ပျော်ရွှင်ခြင်းကို ခံစားလျှက်ရှိသည်' ဟု ဆိုလိုပါသည်။

## သတို့သမီး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

သတို့သမီးဆိုသည်မှာ မင်္ဂလာပွဲတွင် သတို့သားနှင့်လက်ထပ်မည့်သူဖြစ်သည်။

- ယေရှုကိုယုံကြည်သူများ(အသင်းတော်) ကိုလည်းသတို့သမီးဟု ခိုင်းနှိုင်းပြောဆိုလေ့ရှိသည်။
- အသင်းတော်အတွက် ယေရှုသည် မင်္ဂလာသတို့သားဖြစ်သည်။

## သဖန်းသီး

အသုံးအနှုန်းများ၏အဓိပ္ပါယ်

သဖန်းသီးသည် သေးငယ်၍ နူးညံ့ပြီး ချိုမြိန်ပြီး အပင်၌တွယ်၍ကြီးပြင်းအသီးဖြစ်သည်။ အသီးမှည့်သောအခါ အသီးသည် အညိုရောင်၊ အဝါရောင်နှင့် ခရမ်းနုရောင် များကဲ့သို့အရောင်မျိုးစုံရှိသည်။

- သဖန်းပင်သည် ၆ မီတာအမြင့်ထိရှည်ပြီး၊ ကြီးမားသော အရွက်များသည် သာယာသောအရိပ်ကို ဖန်တီးပေးသည်။ ထိုသဖန်းသီးသည်လည်း ၃-၅ စင်တီမီတာခန့်ရှည်လျားသည်။
- အာဒံနှင့် ဧဝအပြစ်ထဲသို့ ကျရောက်ပြီးချိန်တွင် သူတို့၏အရှက်ကို ကာကွယ်ရန် ထိုသဖန်းရွက်များကို အဝတ်ကဲ့သို့ အသုံးပြုကြသည်။
- သဖန်းသီးများကို ချက်ပြုတ်ကာ စားသုံး၍လည်းရသည်။ တစ်ချို့သောသူများက ယင်းအသီးများကို အပိုင်းပိုင်းခုတ်ဖြတ်ကာ ကိတ်မုန့်အဖြစ်ဖိသိပ်၍ နောက်၌စားသုံးကြ၏။
- သမ္မာကျမ်းစာအချိန်အခါ၌ သဖန်းပင်သည် အဓိကအစားအစာနှင့် ဝင်ငွေပင်ဖြစ်သည်။
- ယခုမျက်မှောက်ခေတ်အချိန်တွင် သဖန်းပင်၏အသီးများကို သမ္မာကျမ်းစာ၌ အောင်မြင်ခြင်းလက္ခဏာတစ်ခုအနေဖြင့် ဖော်ပြထားသည်။
- ယေရှုခရစ်တော်သည် သဖန်းပင်ကို သူ၏တပည့်တော်များ၏ ဝိညာဉ်ရေးရာအမှန်တရားကို မြင်သာမှုရှိစေရန် ထိုသဖန်းပင်ကို အကြိမ်များစွာ အသုံးပြုထားသည်။

## သာသနာပလူ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဓမ္မဟောင်းခေတ်တွင် "သာသနာပလူ" ဟူသောစကားလုံးသည် ထာဝရဘုရားအစား မှားယွင်းသောဘုရား ကိုးကွယ်သူများ ဖော်ပြရာတွင်အသုံးပြုသည်။

- ထိုသူတို့နှင့် တစ်ခုခုနှီးနွယ်သော ယဇ်ပလ္လင်တွင် ဝတ်ပြုကိုးကွယ်ခြင်း၊ သူတို့ပြုလုပ်သောဘာသာဓလေ့နှင့် သူတို့ယုံကြည်ခြင်းတို့သည် ရုပ်တုကိုးကွယ်ခြင်းသဘော ဖြစ်သည်။
- သာသနာပလူတို့ ယုံကြည်သည့်စနစ်သည် မှားယွင်းသောဘုရားကိုးကွယ်ခြင်းနှင့်သဘာဝတရားကို ကိုးကွယ်ခြင်းများပါဝင်သည်။
- သာသနာပလူ တစ်ချို့တို့သည် ရှုံရှာဖွယ်ကောင်းသော လိင်ဆက်ဆံမှု သို့မဟုတ် ဝတ်ပြုကိုးကွယ်ရာ၌ လူ့အသက်ကိုပင် သတ်ခြင်းများပါဝင်သည်။

## သားဦး

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"သားဦး" ဆိုသည်မှာ လူ (သို့) တိရ စ္ဆာန်တို့၏အဦးဆုံး မွေးသောအရာဖြစ်ပြီး၊ အခြားသောသူများကို မမွေးခင်မွေးသေူသူဖြစ်သည်ကို ရည်ညွှန်းသည်။

- သမ္မာကျမ်းစာထဲတွင် "သားဦး" ကို အဦးဆုံးဖွားသော သားကို ရည်ညွှန်းခြင်းဖြစ်သည်။
- သမ္မာကျမ်းစာအချိန်၌ အဦးဆုံးသော သားကို အခြားသောသားများထက် မိသားစုက အမွေအနှစ်ကို ထင်ပေါ်ကျော်စောစေရန် ပေးအပ်ထားသောနေရာတစ်ခုဖြစ်သည်။
- တစ်ခါတစ်ရံ၌ တိရ စ္ဆာန်တို့၏အဦးဆုံးသော သားဦးများကို ဘုရားသခင်ထံ ယဇ်ပူဇော်ဖို့ရန်အသုံးပြုသည်။
- ဤအယူအဆသည် တင်စားခြင်းလည်းဖြစ်သည်။ ဥပမာ- ဣသရေလတိုင်းပြည်ကို ဘုရားသခင်၏သားဦးလည်းဖြစ်၍ အခြားသောတိုင်းနိုင်ငံများထက် အထူးအခွင့်အလမ်းများပေးအပ်ထားခြင်းဖြစ်သည်။
- ဘုရားသခင်၏သားတော် ယေရှုသည် ဘုရားသခင်၏အဦးဆုံးသောသား ဖြစ်၍ လူတိုင်းအပေါ်မှာ သူ၏အရေးပါမှုနှင့် အာဏာတော်သည် သာလွန်သည်။

## သောဒုံ

### အချက်အလက်

သောဒုံသည် ခါနန်ပြည်၏တောင်ဖက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်ကာ အာဗြဟံ၏တူ လောတနှင့် သူ၏မိသားစုတို့နေထိုင်ခဲ့သောအရပ်ဖြစ်သည်။

- သောဒုံမြို့၏ဘေးပတ်လည်ရှိ ကုန်းတို့သည် မြေသြဇာကြွယ်ဝကာ ရေကောင်းသောအရပ်ဖြစ်သည်။ ထိုအရာများကြောင့် လောတသည် ထိုအရပ်ကို ရွေးချယ်ကာ ခါနန်ပြည်တွင် အခြေချခဲ့သည်။
- ထိုမြို့၏တည်နေကို အတိအကျမသိရပါ အဘယ်ကြောင့်ဆိုသော သောဒုံမြို့သည် ဂေါမောရမြို့၏အနီးတွင် ရှိသောကြောင့်ဖြစ်သည်။ သူတို့ပြုသော ဒုစရိုက်များကြောင့်ထာဝရဘုရား၏ပြစ်ဒဏ်ကို အပြည့်အဝခံရကြသောအရပ်လည်းဖြစ်သည်။
- သောဒုံနှင့်ဂေါမောရမြို့၏အဓိကထင်ရှားသောအပြစ်သည် မတရားသောမေထုန်ပြုခြင်းကြောင့်ဖြစ်သည်။

## သောမ

### အချက်အလက်

သောမသည် တပည့်တော်ဆယ့်နှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်သည်။ သူ့ကို ဒိဒုမုဟု သိရပြီး အမွှာဟု အဓိပ္ပါယ်ရပါသည်။

- ယေရှု၏ဘဝနောက်ဆုံးပိုင်းရောက်ခါနီးအချိန်တွင် တပည့်တော်များအား အဖနှင့်အတူ နေရမည်အကြောင်းနှင့် သူတို့နေထိုင်ရန် အခန်းပြင်ဆင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သောမသည် ယေရှုအား ထိုနေရာသို့ သွားရာလမ်းကို မည်သို့ သိနိုင်မည်နည်းဟု မေးမြန်းခဲ့သည်။
- ယေရှု သေပြီးလို့ ရှင်ပြန်ထမြောက်သည့်အချိန်တွင် သောမသည် သခင်ယေရှုကို လူချင်းတွေ့၍ သူ၏ ဒဏ်ချက်တော်များကို မိမိလက်ဖြင့် စမ်းသပ်ခွင့်ရှိမှ ယုံမည်ဟု ပြောကြားခဲ့သည်။

## သံလွင်တောင်

### အချက်အလက်

သံလွင်တောင် သည် တောင် သို့မဟုတ် ကြီးသောတောင်စောင်း သည်ယေရုရှလင်မြို့အရှေ့ပိုင်းတွင်တည်ရှိသည်။ တောင်၏အမြင့်မှာ ၇၈၇ မီတာခန့်မြင့်မားသည်။

- ဓမ္မဟောင်းကျမ်းတွင် ဤတောင်ကို ယေရုရှလင်မြို့အရှေ့ပိုင်းတွင်ရှိသောတောင် ဟုရည်ညွှန်းခြင်းဖြစ်သည်။
- ဓမ္မသစ်ကျမ်းတွင် ယေရှုနှင့်တပည့်တော်များ သံလွင်တောင်သို့သွား၍ အနားယူ၊ ဆုတောင်းကြောင်း များစွာဖော်ပြထားသည်။
- ယေရှုကို သံလွင်တောင် တွင်တည်ရှိသော ဂေသရေမန်ဥယျာဉ်တွင် ဖမ်းဆီးခဲ့ကြသည်။
- "သံလွင်ကုန်း" သို့မဟုတ် "သံလွင်ပင်တောင်" ဟုလည်းခေါ်ဆိုနိုင်သည်။


generated on Tue Mar 12 16:35:02 2024

## သွေး

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

သွေးဆိုသည်မှာ လူ၏ခန္ဓာကိုယ်ရှိ ဒဏ်ရာ၊ အနာ မှထွက်လာသော အနီရောင်အရည်ဖြစ်သည်။ သွေးသည် လူ့ခန္ဓာကိုယ်တစ်ခုလုံးအတွက် အသက်တမျှအရေးပါသည်။

* သွေးသည် အသက်ကိုကိုယ်စားပြုသည်။ သွေးသွန်းခြင်းသည် အသက်ဆုံးရှုံးခြင်း၊ သေဆုံးခြင်းကို ကိုယ်စားပြုပါသည်။
* ဘုရားသခင်ထံယဇ်ပူဇော်ရာတွင် တိရစ္ဆာန်ကိုသတ်ပြီး အသွေးကိုယဇ်ပလ္လင်ပေါ်တွင် သွန်းလောင်းကြသည်။ တိရစ္ဆာန်အသက်သွန်းခြင်းသည် လူ၏အပြစ်ကို ဖြေခြင်းပင်ဖြစ်ပါသည်။
* ကားတိုင်ပေါ်တွင် ယေရှုအသေခံခြင်းသည် လူတို့၏အပြစ်ကိုဖြေခြင်း၊ သန့်ရှင်းစေခြင်းအားဖြင့် စီရင်မခံရတော့ခြင်းကို ကိုယ်စားပြုပါသည်။
* အသွေးနှင့်အသား သည် လူသားကိုရည်ညွှန်းခြင်းဖြစ်ပါသည်။
* "မိမိ၏အသွေးအသား" ဆိုသည်မှာ ကိုယ်ကာယနှင့်စပ်ဆိုင်ခြင်းဖြစ်သည်။

### ဘာသာပြန်အကြံပြုချက်များ

* ရည်ညွှန်းဘာသာနှင့် သက်ဆိုင်သော သွေးဟူသော အသုံးအနှုန်းများကိုအသုံးပြုသင့်ပါသည်။
* "အသွေးနှင့် အသား" ကို လူ ဟု ဘာသာပြန်ဆိုနိုင်သည်။
* ငါ့အသွေးအသား ဟူသောစကားကို အကြောင်းအရာပေါ်မူတည်ပြီး ငါ့မိသားစု၊ ငါ့ဆွေမျိုး၊ ငါ့လူမျိုးဟု ဘာသာပြန်ဆိုနိုင်သည်။
* မိမိဘာသာပြန်မည့်ဘာသာစကားတွင် အသွေးအသား ဟူသောစကားရှိပါက ထိုစကားကိုအသုံးပြုသင့်သည်။

## ဟာမ

### အချက်အလက်

နောဧသားသုံးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။

* မြေကြီးတပြင်လုံး ရေလွှမ်းမိုးခြင်းခံရသောအချိန်၌ ဟာမသည် သူ၏ဇနီးအခြား ညီအစ်ကိုများနှင့် အတူ နောဧသင်္ဘောထဲတွင်ရှိခဲ့သည်။
* မြေကြီးပေါ်ရေခန်းခြောက်လာသောအခါ ဟာမသည်သူအဘနောဧအား အရှက်ရအောင်ပြုလုပ်သည်။ ထို့ကြောင့် နောဧသည် ဟာမ၏သား ခါနာန်ဘာကျိန်းလျက်၊ ခါနာန်လူမျိုးဟုယခုချိန်ထိဖြစ်လာသည်။

## ဟေရုဒ်မင်းကြီး

### အချက်အလက်

ဟေရုဒ်မင်းကြီးသည် ယေရှုမွေးဖွားချိန်တွင် ယုဒပြည်တစ်လျှောက်လုံးကို အုပ်ချုပ်ခဲ့သည်။ ရောမအင်ပါယာကို အုပ်ချုပ်သော ဧဒုံအမျိုး ဟေရုဒ်အမည်ရှိ အုပ်ချုပ်သူများထဲက ပထမဆုံးဟေရုဒ်ဖြစ်သည်။

* သူ၏ ဘိုးဘေးများအားဖြင့် ယုဒဘာသာဝင်ဖြစ်လာပြီး ယုဒတစ်ယောက်အနေဖြင့် ကြီးပြင်းလာခဲ့သည်။
* သူသည် ဘုရင်မဖြစ်သော်လည်း ကဲသာဘုရင် ဩဂုတ္တုက သူ့ကို ဟေရုဒ်မင်းဟုခေါ်သည်။ ယုဒပြည်တွင် ၃၃ နှစ် စိုးစံခဲ့သည်။
* ဟေရုဒ်မင်းသည် လှပသော အဆောက်အဦးများဆောက်ရန် လူသိများသည်။ ယေရုရှလင်မြို့ရှိ ယုဒဘုရားကျောင်းကိုလည်း ပြန်လည်တည်ဆောက်ခဲ့သည်။
* ဤဟေရုဒ်သည် ရက်စက်ကြမ်းကြုတ်ပြီး လူများစွာကို သတ်ခဲ့သည်။ ဗက်လင်မြို့၌ ယုဒရှင်ဘုရင်ဖွားမြင်မည်ဟု သူကြားသောအခါ ထိုမြို့ရှိ သူငယ်ယောကျ်ားလေးအားလုံးကို သတ်ဖြတ်ခဲ့သည်။
* သူ၏သားများဖြစ်သည့် ဟေရုဒ်အန္တိပ၊ ဟေရုဒ်ဖိလိပ္ပုနှင့် မြေးဖြစ်သူ ဟေရုဒ်အဂြိပ္ပတို့လည်း ရောမအုပ်ချုပ်သူများဖြစ်လာကြသည်။ သူ၏ မြစ်ဖြစ်သူ ဟေရုဒ်အဂြိပ္ပဖြစ်သော အဂြိပ္ပမင်းသည် ယုဒပြည် တခုလုံးကို အုပ်ချုပ်ခဲ့သည်။

## ဟေရောဒိ

### အချက်အလက်

ဟေရောဒိသည် ဗတ္တိဇံဆရာယောဟန်ခေတ်အချိန်က ယုဒပြည်ရှိ ဟေရုဒ်အန္တိပ၏ ဇနီးဖြစ်သည်။

* ဟေရောဒိသည် အစက ဟေရုဒ် အန္တိပ၏ညီ ဖိလိပ္ပု၏ဇနီးဖြစ်ပြီး၊ နောက်မှာ ဟေရုဒ်အန္တိပကို တရားမဝင် လက်ထပ်ခဲ့သည်။

- ဗတ္တိဇံ ယောဟန်က တရားမဝင် လက်ထပ်ကြသည့် ဟေရုဒ်နှင့် ဟေရောဒိကို ဆုံးမခဲ့သည်။ ထို့ကြောင့် ဟေရုဒ်သည် ယောဟန်ကို ထောင်ချခဲ့ပြီး နောက်ဆုံးတွင် ခေါင်းဖြတ်သတ်ခဲ့သည်။

## ဟေရှာယ

### အချက်အလက်

ဟေရှာယသည် ယုဒရှင်ဘုရင်ဩဇီမင်း၊ ယောသံမင်း၊ အခခတ်မင်း၊ ဟေဇကိမင်းများခေတ်၌ ခေတ်မှီသော ပရောဖက်တစ်ဦးဖြစ်သည်။

- အာရှုရိလူများ ဟေဇကိမင်းအားလာရောက်တိုက်ခိုက်ချိန်တွင် ယေရုရှလင်မြို့တွင် နေထိုင်သူဖြစ်ပါသည်။
- ဟေရှာယ အနာဂတ္တိကျမ်းသည် ဓမ္မဟောင်းကျမ်းတွင် အဓိကကျမ်းလည်းဖြစ်သည်။
- ဟေရှာယသည် ပရောဖက်ပြုချက်များစွာကို ရေးခဲ့သည်။ သူ့မျက်မှောက်ခေတ်တွင် သူဟောထားသည့်အတိုင်းလည်း ဖြစ်ခဲ့ပါသည်။
- နောင်အနှစ် ၇၀၀ ခန့်တွင် ပေါ်ထွန်းမည့် မေရှိယ ယေရှု အကြောင်းကို ကြိုတင်ဟောကြားထားချက်ကြောင့် အထူးထင်ပေါ်ခဲ့သည်။
- ဟေရှာယ၊ မေရှိယ အကြောင်း လူများအား သွန်သင်ထားချက်များကို ယေရှုနှင့် တပည့်တော်များပင် ဖော်ညွှန်းအသုံးပြုကြသည်ကို တွေ့ရသည်။

## အချိန်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

ကျမ်းစာထဲတွင် အချိန်ကို တိကျသည့် အချိန်နဲ့ ကာလအပိုင်းအခြားဟု အသုံးပြုလေ့ရှိသည်။ အခြားဆင်တူသောအဓိပ္ပာယ်အရ သက်တမ်း၊ ခေတ်၊ရာသီ တို့ဖြစ်သည်။

- ဒံယေလအနာဂတ္တိကျမ်းနဲ့ ဗျာဒိတ်ကျမ်းတွင် အချိန်ကို ကြီးမားသည့် ပြဿနာ သို့မဟုတ် ဆင်းရဲဒုက္ခအကြီးအကျယ် ကမ္ဘာ့ပေါ်ကို ကျရောက်မည့်အချိန်ကို ညွှန်းဆိုသည်။
- အချိန်ဟု ပြောသည်တွင် အချိန်အမျိုးမျိုး ပိုင်းခြားထားပါသည်။ အချိန်ကို နှစ်သင်္ကရာဇ် ဟုလည်း ဖော်ပြထားသည်။ ဤစကားစုသည် နောက်ဆုံးသော အချိန်ကာလတွင် ကြီးမားသော ဆင်းရဲ ဒုက္ခခံရမည့် သုံးနှစ်ခွဲအချိန်ကို ညွှန်းပြသည်။
- "ဒုတိယအချိန်" သို့မဟုတ် "အကြိမ်ဖန်များစွာ" ဆိုသော စကားစုသည် ဖြစ်စဉ် တစုံတခု ဖြစ်ပွားကြိမ်ပေါင်းကို ညွှန်းပြသည်။
- "အချိန်မှန်" ၏အဓိပ္ပာယ်မှာ နောက်မကျဘဲ ရောက်ရှိခြင်း ဖြစ်သည်။
- ဤစကားအရ အချိန်ကို " ဥတု၊ ရာသီ" သို့မဟုတ် " အချိန်ကာလတခု"သို့မဟုတ် " ခဏ" သို့မဟုတ် "အဖြစ်အပျက်" သို့မဟုတ် "ဖြစ်စဉ်"ဟု ဖွင့်ဆိုနိုင်သည်။
- "ရာသီအချိန်" သည် တူညီတဲ့ အချိန်ကို နှစ်ကြိမ်ကို ဖော်ပြခြင်းဖြစ်သည်။ တနည်းအားဖြင့် သေချာသော အချိန်ကာလတခုမှာ သေချာသော အဖြစ်အပျက်တခုဖြစ်ပျက်ခြင်းလို့လည်း ပြန်ဆိုနိုင်သည်။

## အစာရှောင်ခြင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"အစာရှောင်ခြင်း" ဟူသည်မှာ တစ်ရက် (သို့) တစ်ရက်ထက်ပိုပြီး အစာကိုအချိန်ပိုင်းတစ်ခုထိရှောင်ခြင်းကိုဆိုလိုသည်။ တစ်ခါတစ်ရံ ရေသောက်သုံးခြင်းမျိုးကိုလည်းရှောင်ကြဉ်ရပါသည်။

- အစာရှောင်ခြင်းက လူသည်ဘုရားသခင်ကို အာရုံစိုက်ဖို့နှင့်၊ အစာစားခြင်းနှင့် အစားအစာပြင်ဆင်နေခြင်းအားဖြင့် အာရုံခံခြင်းမရှိဘဲ ဆုတောင်းခြင်းကိုဆိုလိုသည်။
- မှားယွင်းသောအကြောင်းပြချက်များအပေါ် အစာရှောင်ခြင်းအတွက် ဘုရားသခင်က ယုဒဘာသာရေးခေါင်းဆောင် များကို ရှုတ်ချခဲ့သည်။ သူတို့ကို ဖြောင့်မတ်သည်ဟု အခြားသူများကထင်မှတ်ရန်တွက်သူတို့သည် အစာရှောင်ခြင်းကို ပြုလုပ်ကြသည်။
- လူတွေသည် တစ်စုံတစ်ခုကြောင့် ဝမ်းနည်းခြင်း (သို့) ဝမ်းနည်းကြေကွဲသောကြောင့် တစ်ခါတစ်ရံ အစာရှောင်သည်။
- "အစာရှောင်ခြင်း" ဟူသော ကြိယာသည် "အစာစားခြင်းကိုအောင့်ထားခြင်း" (သို့) "အစာမစားခြင်း" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်ပါသည်။
- "အစာရှောင်ခြင်း" ဟူသော နာမ်စားသည် "အစာမစားရမည့်အချိန်" (သို့) "အစာရှောင်ရမည့်အချိန်" ဟူ၍လည်း ဘာသာပြန်နိုင်ပါသည်။

## အနြွေ

### အချက်အလက်

အနြွေ သည်ယေရှုရွေးချယ်သောတပည့်တော် (၁၂) ပါးမှ တစ်ပါးအဝင်ဖြစ်သည်။ (နောက်တွင် တမန်တော်များဟုခေါ်ဆိုခံရသည်။)

- အနြွေ၏အစ်ကိုမှာ ရှိမုန်ပေတရုဖြစ်ပြီး သူတို့နှစ်ဦးလုံးသည် တံငါသည်များဖြစ်ကြသည်။
- ပေတရုနှင့် အနြွေတို့သည် ဂါလိလဲအိုင်တွင်ငါးဖမ်းနေစဉ် ယေရှုကသူ့တပည့်တော်များအဖြစ်ခေါ်ယူခဲ့သည်။
- ယေရှုနှင့်မတွေ့ခင်တွင် ပေတရုနှင့်အနြွေတို့သည် နှစ်ခြင်းဆရာယောဟန်၏တပည့်များဖြစ်ခဲ့သည်။

## အဘိယ

### အချက်အလက်

အဘိယ သည် ဘီစီ ၉၁၅-၉၁၃ တွင်ယုဒဘုရင်အဖြစ်အုပ်စိုးခဲ့သည်။ သူသည် ယေရောဗောင်မင်း၏သားဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် အဘိယ အမည်နှင့်အခြားသောသူများလည်းရှိသည်။

- ရှမွေလ၏သား အဘိယနှင့်ယောလတို့သည် ဗေရရှေဗမြို့တွင် တရားသူကြီးလုပ်ကြ၏။ သူတို့နှစ်ဦး၏ လောဘနှင့်မမှန်မကန်လုပ်ဆောင်မှုကြောင့် လူများသည် ရှမွေလအား ရှင်ဘုရင်အသစ် တင်မြှောက်ပေးရန်တောင်းဆိုခဲ့ကြသည်။
- အဘိယ နောက်တစ်ဦးမှာ ရှင်ဘုရင်ဒါဝိဒ်အုပ်စိုးစဉ်ကာလ ဗိမာန်တော်ယဇ်ပုရောဟိတ် ဖြစ်သည်။
- အဘိယ နောက်တစ်ဦးမှာရှင်ဘုရင်ရောဗောင်၏ သားဖြစ်သည်။
- နောက်ထပ်အမည်မှာ ဗာဗုလုန်တိုင်းပြည်မှ ယေရုရှလင်သို့ ဇေရုဗဗေလနှင့်အတူပြန်လာသော ယဇ်ပုရောဟိတ်မင်း အဘိယ၏ အမည်ဖြစ်သည်။

## အမင်္ဂလာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"အမင်္ဂလာ" ဟူသော အသုံးအနှုန်းသည် ပျင်းပြစွာပူဆွေးခံစားမှုကို ရည်ညွှန်းသည်။ ဤအရာသည် တစုံတယောက်မှ ပြင်းထန်သော ပြဿနာကြုံတွေ့ရမည်ဖြစ်ကြောင်းကိုလည်း သတိပေးသည်။

- "အမင်္ဂလာဖြစ်ရန်" ဟူသောဖော်ပြချက်သည် သူတို့၏ အပြစ်များကြောင့် ဒဏ်ခတ်ခံရ၍ ခံစားရမည့် လူများကို သတိပေးခြင်းက လိုက်လာသည်။
- ကျမ်းစာတော်တော်များများတွင် "အမင်္ဂလာ" ဟူသော စကားလုံးကို ထပ်ခါထပ်ခါ တွေ့ရသည်။ အထူးသဖြင့် ကြောက်စရာကောင်းသော တရားစီရင်မှုကို လေးနက်စေရန် သုံးခြင်းဖြစ်သည်။
- လူပုဂ္ဂိုလ် တစုံယောက်မှ "ငါတော့ အမင်္ဂလာကောင်" သို့မဟုတ် "ငါ့ပေါ် အမင်္ဂလာ" ရောက်ပြီဟုပြောဆိုရာတွင် ပြင်းစွာခံစားနေသော ဝမ်းနည်းမှုကို ဖော်ပြရန် သုံးခြင်းဖြစ်သည်။

### ဘာသာပြန်အကြံပြုချက်

- အကြောင်းအရာကို ကြည့်ပြီး "အမင်္ဂလာ" ကို "ကြီးမားသော ဝမ်းနည်းမှု၊ ဝမ်းနည်းခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ကြောက်စရာကောင်းသော" စသည့်ဖြင့် ဘာသာပြန်နိုင်သည်။
- အခြားတဖက်တွင် "အမင်္ဂလာခံစား" ဟုလည်း ဘာသာပြန်နိုင်သည်။

## အမွေခံ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"အမွေခံ" ဆိုသည်မှာ သေဆုံးသွားသူတစ်ယောက် ပိုင်ဆိုင်သော မြေနှင့် အိမ်ယာအဆောက်အအုံနှင့် ငွေကို ဥပဒေအရ တရားဝင်ဆက်ခံခွင့်ရှိသူဖြစ်သည်။

- သမ္မာကျမ်းစာခေတ်အချိန်က သားဦးသည် ဖခင်ထံမှ မြေ၊ အိမ်ယာအဆောက်အအုံနှင့် ငွေကိုအများဆုံး ရရှိသူဖြစ်သည်။
- သမ္မာကျမ်းစာတွင် ယုံကြည်သူများက ဘုရားသခင်ထံမှ ဝိညာဉ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များ ဆက်ခံခြင်း၌လည်း အမွေခံဟု ပုံဆောင်၍ ရေးထားသည်။
- ဘုရားသားသမီးများအနေဖြင့် ယုံကြည်သူများသည် ယေရှုခရစ်တော်နှင့်အတူ အမွေခံများ ဖြစ်ကြသည်။ "အမွေခံဘက်" (သို့) "အမွေခံရောင်းရင်း" (သို့) "အတူတူအမွေခံသူများ" ဟု ပြန်ဆိုနိုင်ပါသည်။

- "အမွေခံ" ဟူသော ဝေါဟာရသည် "အကျိုးအမြတ်များရရှိသူ" (သို့) အိမ်မြေယာအဆောက်အအုံအစရှိသော ပိုင်ဆိုင်မှုအားလုံးကို မိဘ (သို့) ဆွေမျိုးများသေဆုံးသွားသောအခါ လက်ခံရရှိသူကို ဆိုလိုသည်။

## အရိပ်

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

"အရိပ်"ဟူသော စကားလုံးသည် အလင်းကိုပိတ်သော အရာဝတ္ထုတစ်ခုအားဖြင့် မှောင်သွားသည်ကို ညွှန်ပြသည်။ ဤစကားလုံးတွင်လည်း ပုံဥပမာ၏ ဆိုလိုရင်းများ ရှိပါသည်။ သေမင်း၏အရိပ်" ဆိုလိုသည်မှာ သေခြင်းတရားသည် အနီးနားတွင် ရှိခြင်း ဖြစ်ပြီး အရိပ်ရှေ့တွင် ထိုအရာကို ညွှန်ပြရုံသာရှိသည်။ သမ္မာကျမ်းစာတွင် အကြိမ်များစွာ လူသားတွေရဲ့ အသက်ကို အဆုံးမရှိ ရှည်လျား၍ အရာဝတ္ထုမရှိသောအရိပ် နှင့် နှိုင်းယှဉ်ခဲ့သည်။ တစ်ခါတစ်လေ အမှောင်ဟူသော စကားလုံးတွင် အရိပ်ကို အသုံးပြုသည်။ ကျမ်းစာက ဘုရားသခင်၏လက်တော် (သို့) အတောင်တော် အရိပ်အောက်၌ ပုန်းကွယ်မည့်အကြောင်း ပြောပါသည်။ ဤအရာသည် အန္တရာယ်မှ ပုန်းကွယ်ခဲ့ပြီး ကာကွယ်ခဲ့သည်ကိုပုံဥပမာ အနေဖြင့် ဖော်ပြရာ၌ အသုံးပြုသည်။ ဤမှာတိကာအရ တစ်ခြားနည်းလမ်းဖြင့် "အရိပ်" ကို ဘာသာပြန်ရန် "အရိပ်အာဝါသ" (သို့) "လုံခြုံမှု" (သို့) "ကာကွယ်ခြင်း" လည်း ပါဝင်နိုင်သည်။ *"အရိပ်" ကို အကောင်းဆုံး ဘာသာပြန်ရန် ပုံဥပမာမပါသော ရိုးရှင်းသော အရိပ်ကို အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။

## အလင်း

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

သမ္မာကျမ်းစာတွင် "အလင်း" ကို တင်စားအသုံးနှုန်းအဖြစ် ကြိမ်ဖန်များစွာ သုံးနှုန်းထားသည်။ သမ္မာတရားကို တင်စားဖော်ပြလိုသောအခါ၌လည်းကောင်း၊ ဖြောင့်မတ်ခြင်း နှင့် သန့်ရှင်းခြင်းကို တင်စားဖော်ပြလိုသောအခါ၌လည်းကောင်း၊ အလင်း ဟူသောစကားလုံးကို မကြာခဏ အသုံးပြုလေ့ ရှိသည်။

- "ငါသည်လောက၏အလင်းဖြစ်သည်" ဟုယေရှုမိန့်ကြားခဲ့သောစကား၏အဓိပ္ပာယ်မှာ ငါသည်ဘုရားသခင်၏စစ်မှန်သောသတင်းကောင်းကိုလောကသို့သယ်ဆောင်လာ၍ လောကသားများကို အပြစ်တရား၏အမှောင်ထုထဲမှကယ်နှုတ်သည် ဟူ၍ဖြစ်သည်။
- ဘုရားသခင်သည် ယုံကြည်သူများအား "အလင်း၌လျှောက်လမ်း" ရန်မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ယုံကြည်သူများသည် မကောင်းမှုကိုရှောင်၍ ဘုရားသခင်အလိုတော်အတိုင်း အသက်ရှင်သင့်သည်ဟူ၍ဖြစ်သည်။
- တမန်တော်ရှင်ယောဟန်က "ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။" ဘုရားသခင်၌ အမှောင်ထုမရှိဟုဖော်ပြထားသည်။
- အလင်း နှင့် အမှောင်သည် ဆန့်ကျင်ဖက်တရားဖြစ်သည်။ အမှောင်ဟူသည် အလင်းမရှိခြင်းကို ဆိုလိုသည်။
- ယေရှုက "ငါသည် လောက၏ အလင်းဖြစ်၏" ဟုမိန့်ကြားခဲ့သည်။ ထို့ပြင် သူ့နောက်လိုက်ယုံကြည်သူများသည်လည်း လောက၌ အလင်းတော်ထွန်းလင်းရမည်ဟုမိန့်ကြားခဲ့ပြန်သည်။ ရည်ရွယ်ချက်မှာ လောကီသားများဘုရားသခင်၏ကြီးမြတ်ခြင်းကိုမြင်တွေ့စေရန်ဖြစ်သည်။
- "အလင်း၌လျှောက်လှမ်းခြင်း"သည် ကောင်းမြတ်မှန်ကန်သောအရာများကို လုပ်ဆောင်၍ ဘုရားသခင်အားကျေနပ်နှစ်သက်စေသောအသက်တာကိုကိုယ်စားပြုသည်။ အမှောင်၌လျှောက်လှမ်းခြင်းသည် မကောင်းမှုဒုစရိုက်ကိုပြု၍ ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်သောအသက်တာကိုကိုယ်စားပြုသည်။

### ဘာသာပြန်အကြံပြုချက်

- "အလင်း" နှင့် "အမှောင်" ဟူသောစကားလုံးများသည် တင်စားအသုံးနှုန်းများဖြစ်ကြသော်လည်း ဘာသာပြန်ရာတွင် "အလင်း" ၊ "အမှောင်" ဟူ၍ အရှိကိုအရှိအတိုင်းဘာသာပြန်ဆိုရန်အရေးကြီးပေသည်။
- စာပိုဒ်ပါ နှိုင်းယှဉ်ချက်တစ်ချို့ကိုရှင်းပြရန်လိုအပ်ပေသည်။ ဥပမာ- "အလင်းသားကဲ့သို့လျှောက်လှမ်းခြင်း" ကို "နေရောင်အောက်တွင်လမ်းလျှောက်နေသောသူပမာဖြောင့်မတ်သောအသက်တာကိုထင်ရှားစွာအသက်ရှင်ပြခြင်း"ဟုဘာသာပြန်ဆိုနိုင်သည်။
- "အလင်း" ဟူသောစကားလုံးကိုဘာသာပြန်ဆိုရာ၌ အလင်းထုတ်လွှင့်ပေးနိုင်သည့်မီးအိမ်ကဲ့သို့သောအရာဝတ္ထုများကို ရည်ညွှန်းခြင်းမဟုတ်ကြောင်းသေချာသိရှိထားရမည်။ အလင်းကိုဘာသာပြန်ဆိုတိုင်းအလင်းကိုသာအမြဲရည်ညွှန်းနေရမည်။

## အသွေးအသား

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

သမ္မာကျမ်းစာထဲတွင် "အသွေးအသား" ဟူသော စကားလုံးကို လူနှင့် တိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာထဲမှ နူးညံ့သောအသားစ ဟူ၍ရည်ညွှန်းဖော်ပြသည်။

- သမ္မာကျမ်းစာ၌ "အသွေးအသား"ဟူ၍အသုံးပြုသောအခါ လူသားများ (သို့) တိရစ္ဆာန်များကို တင်စားရာတွင် အသုံးပြုသည်။
- ဓမ္မသစ်ကျမ်းစာထဲတွင် "အသွေးအသား" ဟူသော စကားလုံးကို လူသားများ၏ အပြစ်သဘောသဘာဝကို ရည်ညွှန်းသည်။ တစ်နည်းအားဖြင့် နှိုင်းယှဉ်လျှင် သူတို့၏ဝိညာဉ်ရေးရာ သဘောသဘာဝကိုဖော်ပြသည်။


generated on Tue Mar 12 16:35:02 2024

- အချို့သောဖော်ပြချက်ထဲတွင် "ကိုယ်ပိုင်အသွေးအသား" ကို ဇီဝဗေဒနည်းအားဖြင့် တစ်စုံတစ်ယောက်သောသူနှင့် ဆက်နွယ်မှုရှိသည်ကိုဆိုလိုသည်။ ဥပမာ- မိဘများ၊ အမွာများ၊ ကလေးများ (သို့) မြေးများ ဆက်နွယ်မှုကို ရည်ညွှန်းသည်။
- "အသွေးအသား" ကိုဖော်ပြလျှင် တစ်စုံတစ်ယောက်သောသူ၏ မျိုးရိုး၊ ဘိုးဘေးများမှ ဆင်းသက်လာသောသူကို ရည်ညွှန်းသည်။
- "တစ်လုံးတစ်ဝတည်းသောအသွေးအသား" ဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးတို့၏ လက်ထပ်ထိမ်းမြားခြင်းတွင် ဖြစ်ပေါ်လာသော စည်းလုံးခြင်းကို ရည်ညွှန်းခြင်းလည်းဖြစ်သည်။

## အာခတ်

### အချက်အလက်

အာခတ်သည် ယုဒနိုင်ငံတော်ကို ဘီစီ ၇၃၂- ၇၁၆ အထိအုပ်စိုးခဲ့သော မင်းဆိုးတစ်ပါးဖြစ်သည်။ ၎င်းအုပ်စိုးသောအချိန်သည် ဣသရေလနှင့်ယုဒနိုင်ငံတို့ ဗာဗုလုန်လက်အောက်သို့ကျွန်အဖြစ် မရောက်ရှိမီ နှစ်ပေါင်း ၁၄၀ ခန့်ကဖြစ်သည်။

- ယုဒနိုင်ငံကိုအုပ်စိုးစဉ် အာခတ်သည် အာရှုရိနတ်ဘုရားများအတွက်ယဇ်ပလ္လင်လုပ်၊ ကိုးကွယ်ခဲ့ပြီး မိမိလူတို့ကို စစ်မှန်သောထာဝရဘုရားတပါးတည်း ထံတော်မှဝေးကွာစေခဲ့သည်။
- ယုဒနိုင်ငံကိုဘုရင်အဖြစ် နန်းတက်အုပ်စိုးစဉ်၌ အာခတ်သည် အသက် ၂၀ ရှိပြီး နိုင်ငံကို ၁၆ နှစ်တိုင်အုပ်စိုးခဲ့သည်။

## အာဏာ

### အသုံးအနှုန်းများ၏အဓိပ္ပါယ်

အာဏာ ဆိုသည်မှာ တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်အပေါ်တွင်လွှမ်းမိုးထားသော စွမ်းအားဖြစ်သည်။

- ဘုရင်နှင့် အခြားအစိုးရများသည် မိမိတို့အုပ်စိုးသောလူထုအပေါ်တွင် အာဏာရှိသည်။
- အစိုးရ ဟူသောအသုံးအနှုန်းမှာ အုပ်စိုးသောသူ၊ အဖွဲ့အစည်းကိုခေါ်ဆိုခြင်းဖြစ်သည်။
- သခင်များသည် ကျွန်နှင့်အစေခံများအပေါ်တွင် အာဏာရှိသည်။ မိဘများက သားသမီးများအပေါ်တွင် အာဏာရှိပါသည်။
- အစိုးရအနေဖြင့် မိမိတို့၏တိုင်းသူပြည်သားများကိုအုပ်ချုပ်ရန် ဥပဒေများထုတ်ပြန်ခွင့်ရှိပါသည်။

### ဘာသာပြန်အကြံပြုချက်များ

- အာဏာပိုင် ဟူသောအသုံးအနှုန်းကို ထိန်းချုပ်ခြင်း၊ အခွင့်၊ အခွင့်ရှိခြင်း ဟုဘာသာပြန်ဆိုနိုင်သည်။
- တစ်ခါတစ်ရံ စွမ်းအားဟုလည်း ဘာသာပြန်ဆိုနိုင်သည်။
- အာဏာကို လူ သို့မဟုတ် အဖွဲ့အစည်း တစ်ခုအဖြစ်အသုံးပြုရာတွင် ခေါင်းဆောင်များ၊ အုပ်ချုပ်သူများ၊ အာဏာရှိသူများဟု ဘာသာပြန်ဆိုနိုင်သည်။
- မိမိ၏အခွင့်အာဏာ ဟူသောစကားကို ဦးဆောင်ခွင့်ရှိသောမိမိ၏အခွင့်အရေး၊ မိမိ၏လုပ်ပိုင်ခွင့်ကိုအခြေခံခြင်း ဟုဘာသာပြန်ဆိုနိုင်သည်။
- အာဏာစက်အောက် ဟူသောအသုံးအနှုန်းသည် နာခံရန်လိုခြင်း၊ အခြားသူ၏အမိန့်ကို နာခံရခြင်း ဟုဘာသာပြန်ဆိုနိုင်သည်။

## အာဗေလ

### အချက်အလက်

အာဗေလ မှာအာဒံနှင့်ဧဝတို့၏ ဒုတိယမြောက်သားဖြစ်သည်။ အာဗေလသည် ကာဣန၏ ညီဖြစ်သည်။

- အာဗေလ သည်သိုးထိန်းဖြစ်သည်။
- အာဗေလ သည်မိမိ၏ တိရစ္ဆာန်အချို့ကို ထာဝရဘုရားထံပူဇော်ခဲ့သည်။
- အာဗေလ၏ ပူဇော်မှုကို ထာဝရဘုရားနှစ်သက်ခဲ့သည်။
- အာဒံနှင့် ဧဝတို့၏သားဦး ကာဣနသည် အာဗေလကိုသတ်ခဲ့သည်။

## အာသ

### အချက်အလက်

အာသ သည်ယုဒနိုင်ငံတော်ကို နှစ်ပေါင်း ၄၀ (ဘီစီ ၉၁၃-၈၇၃) အထိအုပ်စိုးသောဘုရင်ဖြစ်သည်။

- အာသမင်းသည် ရုပ်တုများကိုဖယ်ရှားပြီး ဣသရေလလူမျိုးများကို ဘုရားသခင်အားကိုးကွယ်ရန်ပြုလုပ်ခဲ့သော မင်းကောင်းတစ်ပါးဖြစ်သည်။
- အခြားနိုင်ငံများနှင့်စစ်တိုက်ရာတွင် အောင်မြင်ခွင့်ကို ဘုရားသခင်ပေးခဲ့လေသည်။


generated on Tue Mar 12 16:35:02 2024

- နောက်ပိုင်းတွင် အာသမင်းသည် ဘုရားသခင်ကိုယုံကြည်မှုကင်းမဲ့ခဲ့ပြီး ဖျားနာ၍သေဆုံးခဲ့လေသည်။

## အိပ်မက်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

အိမ်နေချိန်တွင်မြင်သောအရာ (သို့) တွေ့ကြုံသောအရာကို "အိပ်မက်" ဟုခေါ်သည်။

- အိပ်မက်သည်တကယ်ဖြစ်ပျက်နေသလိုထင်ရပေမယ့်တကယ်ဖြစ်ပျက်ခြင်းမဟုတ်ပါ။
- ဘုရားသခင်သည်တစ်ခါတရံအိပ်မက်အားဖြင့်လူတွေကိုသင်ခန်းစာပေးရန်အသုံးပြုသည်။ ဘုရာသခင်သည်အိပ်မက်အားဖြင့်တိုက်ရိုက်စကားပြောသည်။
- သမ္မာကျမ်းစာတွင်ဘုရာသခင်သည်အနာဂတ်မှာဖြစ်ပျက်မည့်အရာကိုအိပ်မက်ဖြင့်တစ်ချို့သောလူများထံသတင်းစကားကိုပေးလရှိသည်။
- အိပ်မက်သည်ဗျာဒိတ်တော်နဲ့ခြားနားသောအရာဖြစ်သည်။ အိပ်မက်သည်လူတစ်ဦးအိပ်နေချိန်တွင်ဖြစ်လျက်၊ ဗျာဒိတ်တော်သည်အိမ်ယာနိုးခါဖြစ်ပျက်လေရှိသည်။

## အိမ်

အသုံးအနှုန်းများ၏အဓိပ္ပါယ်

"အိမ်" ကို သမ္မာကျမ်းထဲမှာ ပုံဆောင်ချက်အနေဖြင့် မကြာခဏအသုံးပြုသည်။

- တစ်ခါတစ်ရံတွင် အိမ်တစ်အိမ်တွင် အတူတကွနေထိုင်သော "အိမ်သား" များကိုလည်း ဆိုလိုပါသည်။
- လူတစ်ဦး၏ ဆွေစဉ်မျိုးဆက် (သို့) ဆွေမျိုးများကိုလည်း "အိမ်" ဟု ရည်ညွှန်းလေ့ရှိသည်။ ဥပမာ- "ဒါဝိဒ်အိမ်" ဟုဆိုလျှင် ဒါဝိဒ်မင်း၏ ဆွေစဉ်မျိုးဆက်များကိုလည်း ရည်ညွှန်းသည်။
- "ဘုရားသခင်၏အိမ်တော်" နှင့် "ယာဝေဘုရား၏အိမ်တော်" ဟူသော ဝေါဟာရသည် တဲတော် (သို့) ဗိမ္မာန်တော်ကို ရည်ညွှန်းသည်။ ဤစကားလုံးများသည် ယေဘုယျအားဖြင့် ဘုရားသခင်ရှိသောနေရာ (သို့) ဘုရားကျိန်းဝပ်သောနေရာကိုလည်း ရည်ညွှန်းသည်။
- ဟေဗြဲဩဝါဒစာ အခန်းကြီး ၃ တွင် "ဘုရားသခင်၏အိမ်တော်" သည် ဘုရားသခင်၏ လူများ (သို့) ယေဘုယျအားဖြင့် ဘုရားသခင်နှင့် သက်ဆိုင်သော အရာအားလုံးကို တင်စားသုံးနှုန်းထားခြင်းဖြစ်သည်။
- "ဣသရေလလူမျိုးများ၏အိမ်တော်" ဟူသော စကားသည် ယေဘုယျအားဖြင့် ဣသရေလလူမျိုးသများ (သို့) အတိအကျအားဖြင့် ဣသရေလမြောက်ပိုင်း နိုင်ငံသားများကို ရည်ညွှန်းသည်။

ဘာသာပြန်အကြံပြုချက်များ

- အကြောင်းအရာပေါ်မူတည်၍ "အိမ်" ကို "အိမ်ထောင်စု" (သို့) "လူ" (သို့) "မိသားစု" (သို့) "ဆွေစဉ်မျိုးဆက်" (သို့) "ဗိမ္မာန်တော်" (သို့) "ကျိန်းဝပ်ရာနေရာ" ဟု ပြန်ဆိုနိုင်ပါသည်။
- "ဒါဝိဒ်၏အိမ်တော်" ကို "ဒါဝိဒ်၏ဆွေမျိုးစု" (သို့) "ဒါဝိဒ်၏မိသားစု" (သို့) "ဒါဝိဒ်၏ဆွေစဉ်မျိုးဆက် " ဟု ပြန်ဆိုနိုင်ပါသည်။ တော်စပ်မှုရှိသော အကြောင်းအရာများ အားလုံးကို ဤနည်းအတိုင်းပြန်ဆို နိုင်ပါသည်။
- "ဣသရေလအိမ်တော်" ကို အခြားနည်းဖြင့် ပြန်ဆိုမည်ဆိုလျှင် "ဣသရေလများ" (သို့) "ဣသရေလ၏ဆွေစဉ်မျိုးဆက်များ" (သို့) "ဣသရေလလူမျိုးများ" ဟု ထည့်သွင်းပြန်ဆိုနိုင်ပါသည်။
- "ယာဝေဘုရား၏အိမ်တော်" ကို "ယာဝေဘုရား၏ဗိမ္မာန်တော်" (သို့) "ထာဝရဘုရားကို ကိုးကွယ်သည့်နေရာ" (သို့) "ထာဝရဘုရားက သူ၏လူမျိုးတော်နှင့် တွေ့ဆုံသည့်နေရာ" (သို့) "ထာဝရဘုရားကျိန်းဝပ်ရာနေရာ" ဟု ပြန်ဆိုနိုင်ပါသည်။
- "ဘုရားသခင်၏အိမ်တော်" ကိုလည်း ထိုနည်းအတိုင်း ပြန်ဆိုနိုင်ပါသည်။

## ဣဇာက်

အချက်အလက်

ဣဇာက်သည် အာဗြဟံနှင့် စာရာ၏တစ်ဦးတည်းသောသားဖြစ်သည်။ သူတို့သည်အသက်ကြီးသော်လည်း ဘုရားသခင်သည်သားကိုပေးရန်ကတိတော် ပေးထားသည်။

- "ဣဇာက်" ဆိုသည်မှာ ''သူရယ်သည်'' အဓိပ္ပါယ်ဟုဆိုလိုသည်။ ဘုရာသခင်က အာဗြဟံအား သားဘွားမြင့်ရသောအခွင့်ကိုပေးမည်ဟုပြောသောအခါ နှစ်ယောက်စလုံး အသက်ကြီးရင့်ပြီးဖြစ်သောကြောင့်ရယ်၏။ စာရာသည်လည်း ထိုသတင်းကိုကြား၍ ရယ်၏။
- ဘုရားသခင်ကတိတော်ရှိသည့်အတိုင်း အသက်ကြီးပြီဖြစ်သော အာဗြဟံနှင့် စာရာတို့သည်သား
- ဣဇာက်ကို ဘွားမြင်ခြင်းဖြင့် ကတိတော်ကိုပြည့်စုံစေသည်။
- အာဗြဟံအပေါ် ဘုရားသခင်ကတိတော်ရှိသည့်အတိုင်း ဣဇာက်၏ သားသမီးများသည် အစဉ်အမြဲ တည်ရှိနေမည်ဟု ဖြစ်သတည်း။
- အာဗြဟံ၏ ယုံကြည်ခြင်းကို စုံစမ်းရန် သားဣဇာက်ကိုပူဇော်ရန်တောင်ခဲ့သည်။

* ဣဇာက်၏သား ယာကုပ်သည် သားဆယ့်နှစ်ယောက် မွေးဖွားခဲ့၍ သူတို့သည် ဣသရေလအမျိုး ဖြစ်သွားကြ၏။

## ဥပုသ်နေ့

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဥပုသ်နေ့ဟာ ရက်သတ်တပတ်၏ ခုနှစ်ရက်မြောက်နေ့ကို အထူးပြုတာဖြစ်ပြီး ထိုနေ့တွင် ဣသရေလလူမျိုးများ အလုပ်မလုပ်ဘဲ အနားယူရမည့်နေ့ကဲ့သို့ ဘုရားသခင်က မိန့်မှာထားတဲ့နေ့ဖြစ်သည်။

* ဘုရားသခင်က ခြောက်ရက်အတွင်း မြေကြီးနှင့် ကောင်းကင်ကို ဖန်ဆင်းပြီးသည့်နောက် သတ္တမနေ့တွင် အနားယူခဲ့သည်။ ထိုနည်းတူ ဘုရားသခင်က သူ့ကိုကိုးကွယ်ဖို့နှင့် အနားယူရမည့် အထူးနေ့ရက်အဖြင့် ဣသရေလလူမျိုးများကို မိန့်မှာထားခြင်းဖြစ်သည်။
* ဥပုသ်နေ့ကို သန့်ရှင်းစေပါဟူသည့် အမိန့်တော်က ပညတ်တရားဆယ်ပါး၌ တပါးအပါအဝင်ဖြစ်ပြီး ဣသရေလလူမျိုးများအတွက် မောရှေဆီမှ ဘုရားသခင်က ကျောက်ပေါ်မှာ ရေးသားထားခြင်းဖြစ်သည်။
* ဂျူးဘာသာကိုးကွယ်သူများ ရေတွက်ခြင်းအရ ဥပုသ်သည် ပဥ္စမနေ့ညနေ နေဝင်ချိန်မှစ၍ ဆဋ္ဌမနေ့ရက် နေဝင်ချိန်တိုင်အောင်ဖြစ်သည်။
* တခါတရံကျမ်းစာအုပ်ထဲမှာ ဥပုသ်ကို ဥပုသ်ဟူသောစကားလုံးထက် ဥပုသ်နေ့ ဟူ၍လည်း ခေါ်ဝေါ်လျက်ရှိသည်။

ဘာသာပြန်အကြံပြုချက်များ

* ဒီစကားလုံးဟာ အနားယူတဲ့နေ့ (သို့မဟုတ်) အနားယူရမဲ့နေ့ (သို့မဟုတ်) အလုပ်နားရမဲ့နေ့ (သို့မဟုတ်) ဘုရားသခင် အနားယူတဲ့နေ့လို့လည်း ပြန်ဆိုနိုင်ပါသည်။
* တချို့ဘာသာပြန်မှုတွေက ဥပုသ်နေ့ (သို့) အနားယူတဲ့နေ့ကဲ့သို့ နေ့ထူးနေ့မြတ်တရက်အဖြစ် ပြသဖို့ ဖော်ပြကြသည်။

## ဦးခေါင်းခွံ

အသုံးအနှုန်းများ၏အဓိပ္ပါယ်

ဦးခေါင်းခွံဟူသော စကားလုံးကို အရိုးဟူ၍ရည်ညွှန်းနိုင်ပြီး လူတစ်ဦး (သို့) တိရိစ္ဆာန် တစ်ကောင်ကောင်၏ အစိတ်အပိုင်းထဲမှ ဦးခေါင်းကို ဖော်ပြခြင်းဖြစ်သည်။

* တခါတရံ ထို "ဦးခေါင်းခွံ" ဟူသောစကားလုံးကို "ခေါင်း" ဟူ၍ ခေါ်ဆိုနိုင်ပြီး "ရိတ်ထားသောဦးခေါင်း" စသည်တို့ဖြစ်သည်။
* ထိုစကားစုဖြစ်သော "ဦးခေါင်းခွံအရပ်" ၏ အခြားအမည်မှာ ယေရှုခရစ်တော်ကို စတေးခဲ့သောနေရာ ဂေါလဂေါသ ဟူ၍လည်းခေါ်သည်။
* "ဦးခေါင်း" (သို့) "ဦးခေါင်းရိုး" ဟူ၍လည်းပြန်ဆိုနိုင်သည်။

## လေဗ

အချက်အလက်

လေဗသည် ကျမ်းစာတွင်ပါသော အမျိုးသားတချို့၏ နံမည်ဖြစ်သည်။

* လေဗသည် မောရှေ၏အစ်ကို အာရုန်၏ တတိယမြောက်သားဖြစ်သည်။ အာရုန်သေဆုံးပြီးနောက် လေဗသည် ဣသရေလတွင် ယဇ်ပုရောဟိတ်ဖြစ်လာသည်။
* လေဗသည် ဒါဝိဒ်၏အားကြီးသော စစ်သူရဲတယောက်၏ နံမည်ဖြစ်သည်။
* လေဗ အခြားတစ်ယောက်သည် ယေရှု၏ ဆွေစဉ်မျိုးဆက်တယောက်ဖြစ်သည်။

## ဧလိယ

အချက်အလက်

ဧလိယသည် ယေဟောဝါဘုရား၏ အရေးကြီးဆုံးသော ပရောဖက်တပါးဖြစ်သည်။ အာဟပ်မင်းအပါအဝင် ဣသရေနှင့် ယုဒပြည်ရှိ ဘုရင်များကို ပရောဖက်ပြုခဲ့သည်။

* ဘုရားသခင်သည် ဧလိယအားဖြင့် နမိတ်လက္ခဏာများစွာ ပြခဲ့သည်။ သေပြီးသောကလေးတယောက်ကိုလဲ ပြန်ရှင်စေခဲ့သည်။
* ဧလိယက အာဟပ်မင်းကို မှားယွင်းသောဗာလဘုရားကို ကိုးကွယ်ခြင်းကြောင့် ဆုံးမခဲ့သည်။
* ဧလိယက ဗာလပရောဖက်များကို ယေဟောဝါဘုရားသာ စစ်မှန်သောဘုရားသခင်ဖြစ်ကြောင်း သက်သေပြ စိန်ခေါ်ခဲ့သည်။
* ဧလိယကို အသက်ရှင်ရက်နှင့် ဘုရားသခင်က ကောင်းကင်သို့ ခေါ်ဆောင်သွားခဲ့သည်။


generated on Tue Mar 12 16:35:02 2024

- နှစ်ပေါင်းရာချီပြီးနောက် ဧလိယသည် မောရှေ၊ ယေရှုတို့နှင့်အတူ တောင်ပေါ်တွင် ပေါ်လာပြီး ယေရှု၏ ဆင်းရဲဒုက္ခခံရမည်အကြောင်းနှင့် ယေရုရှလင်မြို့တွင် အသေခံရမည်အကြောင်း ပြောဆိုကြသည်။

## ဧလျာကိမ်

### အချက်အလက်

ဧလျာကိမ်သည် ဓမ္မဟောင်းကျမ်းတွင်ရှိသော အမျိုးသား ၂ ယောက်၏ နံမည်ဖြစ်သည်။

- ဘုရင်ဟေဇကို လက်အောက်တွင် နန်းတော်၌ စီမံခန့်ခွဲသူတယောက်ဖြစ်သည်။
- ယောရှိမင်း၏သားနံမည်လဲ ဧလျာကိမ်ဖြစ်သည်။ အဲဂုတ္တုဖာရောဘုရင်နေခေါ်က သူ့ကို ယုဒရှင်ဘုရင်အဖြစ် တင်မြှောက်သည်။
- နေခေါက ဧလျာကိမ်ကို ယောယကိမ်ဟုအမည်ပေးသည်။

## ဧဝ

### အချက်အလက်

ဧဝ သည်ပထမဆုံးအမျိုးသမီး၏ နာမည်ဖြစ်သည်။ "အသက်" သို့မဟုတ် "အသက်ရှင်ခြင်း" ဟူ၍ အဓိပ္ပါယ်ရှိသည်။

- ဘုရားသခင်သည် ဧဝ ကို အာဒံ အထဲမှ ထုတ်ယူသော နံရိုးဖြင့် ပြုလုပ်ခဲ့သည်။
- အာဒံ ၏အကူအညီ အဖြစ် ဧဝ ကိုဖန်ဆင်းခဲ့သည်။ ဘုရားသခင်ပေးထားသောတာဝန်ကို ပြုလုပ်ရာတွင် အာဒံ ကိုကူညီဖို့သူ့ဘေးနားရောက်လာခြင်းဖြစ်သည်။
- စာတန်သည် မြွေအသွင်ဆောင်၍ ဧဝကိုစုံစမ်းခဲ့ပြီး ဘုရားသခင်ကမစားဖို့တားမြစ်ထားသော အသီးကိုစားခြင်းဖြင့် ပထမဆုံး အပြစ်ပြုလုပ်သောသူလည်းဖြစ်သည်။

---



generated on Tue Mar 12 16:35:02 2024